ရန်ကုန်မြို့

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးနှင့်

စစ်တွေမြို့အနောက်

ပေါက်တောချောင်တောရ နာဇီဘုန်းတော်ကြီးတို့၏

သဒ္ဓိဝိဟာရိကတပည့်ဖြစ်ဘူးသူ

ရွှေတောင်မြို့ အမွာရာမတိုက်ဆရာတော်

အရှင်တိက္ခိန္ဒြိယ

ရေးသားစီရင်အပ်သော

သမ္ပဇဉ်ရောဓကျမ်း

ဒုတိယတွဲ



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၀ ကောဇာ ၁၃၁၆ စက်တင်ဘာလ ၁၉၇၄

ထုတ်ဝေသူ။ ။ဒေါက်တာရွှေလှ၊ အမှတ် ၁၇၉၊ ၅၁-လမ်း၊ ရန်ကုန်မြို့။
မှတ်ပုံတင် ကင်းလွတ်ခွင့် အမှတ် ဝ၁၇၂၁။

၁၂၆၅

၂၉၄ ၇

၈၁

၁၅၁၂၉

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၅၅၂၆။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူး
ဦးလှမောင် M, A., M. S., B. L. (မှတ်ပုံတင်အမှတ် ဝ၀၇၉) က ပုံနှိပ်သည်။

ကျွတ်ထိုက်သူဝေနေယျအပေါင်းကို သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာအဖြစ် ရောက်နိုင်ရန် အမြဲမြဲသို့ လှည့်လည်၍ တရားဓမ္မ ဆုံးမသူ

ဦးတိကွိန္ဒြိယ ပုံတော်

မည်သည့်မြို့ကမဆို တရားဓမ္မကို သိလို နာခံမှတ်သား လေ့ကျက်လို၍ ပင့်ခေါ်လျှင် အကြောင်းညီညွတ်လျှင် ခွင့်ပေးပါကြောင်း၊ မြတ်စွာဘုရား သာသနာတော် ပွင့်လင်းကြဘို့ရာ အကျိုးဆောင်လျက် အစဉ်ရှိပါကြောင်း၊ သမထ ဝိပဿနာ တရားအလုပ်ကို ကျန်စွာ လုပ်လို့သူအပေါင်းတို့သည်—

ရွှေတောင်မြို့ ရှမ်းတန်းထိပ် အမွာရာမတိုက်သို့ လာရောက်၍ တရားအလှုဖ် ကြိုးစားတော်မူကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

သမုဟ်ဒါဒ နိရောဓကမ်း ဒုတိယတွဲ

နိဒါန်း

ဗုဒ္ဓ၏ အနက်နဲဆုံးတရားတော်

မြတ်ဗုဒ္ဓရှင်တော်ဘုရား ကိုယ်တော်တိုင် ထိုးထွင်းသိမြင်၍ ဟောကြားတော်မူအပ်သော တရားတော်တို့သည်ကား နက်နဲသိမ်မွေလှပေသည်။ ထိုတွင် နိဗ္ဗာန်တရားတော်သည် အလွန်အလွန်နက်နဲသိမ်မွေသည့် တရားတော်ဖြစ်ပေသည်။

အကြောင်းကား— နိဗ္ဗာန်တရားတော်မှာ အသင်္ခတနယ်ဘက်၌ တည်ရှိ၍ သတ္တဝါတို့၏ အသိဉာဏ်မှာ သင်္ခတနယ်ပယ်၌ တည်ရှိကာ အလွန်ဝေးကွာလှသောကြောင့်ပေတည်း။

ယင်းသို့ အနက်နဲ အသိမ့်မွေ့ဆုံး တရားတော် ဖြစ်သောကြောင့်ပင် နိဗ္ဗာန်အကြောင်းကို ဘုရားရှင်လက်ထက်တော်အခါမှစ၍ ယခုမျက်မှောက်ခေတ် တိုင်အောင် ဘုရားရှင်နှင့်တကွ တပည့်သာဝကအဆက်ဆက် ဟောပြောဖြေရှင်းခဲ့ကြရပေသည်။ ယင်းဖြေရှင်းချက်အချို့ကို အခွင့်သင့်ခိုက် အကျဉ်းမျှဖော်ပြပါအံ့—

ဘုရားရှင်၏ ဖြေရှင်းဟောကြားတော်မူချက်

အိုအရှင်ဂေါတမ.... "လွတ်မြောက်သောစိတ်ရှိသူ ရဟန္တာသည် ပဋိသန္ဓေအားဖြင့် ဖြစ်၏ဟုမဆို၊ မဖြစ်ဟုလည်း မဆို၊ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟုလည်း မဆို၊ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟုလည်း မဆို" ဟူသော အရှင်ဘုရား၏ စကားတော်ကို အကျွန်ုပ် နားမလည်နိုင်ပါ၊ ဝေဒလည်လည်ဖြစ်ရပါ၏—

ဟူ၍ အဂ္ဂိဝစ္ဆ ပရိဗိုဇ်က လျှောက်သောအခါ ဗုဒ္ဓရှင်တော်ဘုရားက—

အိုဝစ္ဆ.... သင်နားမလည်နိုင် ဝေဒလည်လည်ဖြစ်မည်ဆိုက ဖြစ်ထိုက်ပေ၏၊ ဤတရားသည် နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ အတွေးသမားတို့မသိနိုင်၊ သိမ်မွေ၏၊ ပညာရှင်တို့သာ သိနိုင်ပေသည်။ သင့်လို သာသနာပြင်ဘက်မှ မိစ္ဆာဒိဋ္ဌိ တဦးအတွက် သိနိုင်ရန်ကား ခက်လှပါဘိ၏—

ဟု မိန့်တော် မူပြီးလျှင်, ဆက်လက်၍—

(က) တောက်လောင်နေသောမီး,
(ခ) ထိုမီးတောက်ခြင်း အကြောင်း,
(ဂ) ထိုမီး ငြိမ်းအေးသွားခြင်း,
(ဃ) ငြိမ်းအေးသော ထိုမီးအဘယ်သို့ ရောက်သနည်း....

ဟူသော အချက် ၄-ခုကို ဥပမာပြုလျက် ရဟန္တာပုဂ္ဂိုလ်များ သေပြီးနောက် ပဋိသန္ဓေအားဖြင့် တဖန်ထပ်၍ဖြစ် မဖြစ်ဟူသော အဂ်ိဝစ္ဆပရိဗ္ဗိုဇ်၏ အမေးပုစ္ဆာကို အဂ်ိဝစ္ဆ သဘောကျသွားအောင် ဟောကြားဖြေရှင်းတော်မူသည်။

အရှင်သာရိပုတ္တြာ၏ ဖြေရှင်းချက်များ

ဇမ္ဗုခါဒကာ၏ အမေး။ ။"ငါ့ရှင်သာရိပုတ္တြာ နိဗ္ဗာန်,နိဗ္ဗာန်ဆိုသည်မှာ အဘယ်လိုဟာကို ခေါ်ပါသနည်း" ဟု ဇမ္ဗုခါဒကအမည်ရှိ ပရိဗ္ဗိုဇ်တဦးက တရားစစ်သူကြီး အရှင်သာရိပုတ္တြာအား မေးသောအခါ—

"ငါ့ရှင် တပ်မက်မှု ရာဂကုန်ကြောင်း, ပြစ်မှားကြမ်းတမ်းမှု ဒေါသ၏ ကုန်ကြောင်း, တွေဝေမိုက်မဲမှု မောဟ၏ ကုန်ကြောင်းတရားကို နိဗ္ဗာန်ဟု ဆိုအပ်ပေသည်"[၂]—

ဟု တရားစစ်သူကြီး အရှင်သာရိပုတ္တြာက ဖြေဆိုတော်မူသည်။

ဥဒါယိ၏အမေး။ ။"ငါ့ရှင်တို့ နိဗ္ဗာန်သည် ချမ်းသာလှပေ၏။ နိဗ္ဗာန်သည် ချမ်းသာလှပေ၏"—

ဟု အရှင်သာရိပုတ္တြာက ရဟန်းတော်တို့အား မိန့်ကြားတော်မူသောအခါ ဥဒါယီ အမည်ရှိ ရဟန်းတော်တပါးက—

"ငါ့ရှင်သာရိပုတ္တြာ နိဗ္ဗာန်မှာ ခံစားမှု ဝေဒနာမှမရှိဘဲ ဘယ်လိုလုပ် ချမ်းသာမှာလဲ"—

ဟု ထောက်၍ မေးလိုက်လေသော်—

"နိဗ္ဗာန်၌ ခံစားမှုဝေဒနာ မရှိခြင်းသည်ပင်လျှင် ချမ်းသာခြင်း ဖြစ်သည် ငါ့ရှင်"—

ဟူ၍ အရှင်သာရိပုတ္တြာက ပြန်လည်ဖြေရှင်းလိုက်ပေသည်။ ထိုနောက် ဆက်လက်၍ ကာမချမ်းသာ၊ ရူပဈာန်လေးပါးချမ်းသာ၊ အရူပဈာန်လေးပါး

၁။ မ-၂၊ နှာ-၁၅၀။ ၂။ သံ ၂၊ နှာ-၄၄၇။

ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို ဖော်ပြ နှိုင်းယှဉ်ကာ နိဗ္ဗာန်ချမ်းသာကို ဟောပြတော်မူသည်ဟု ဆိုနိုင်ပါသည်။

အရှင်မောဂ္ဂလိပုတ္တတိဿ၏ ဖြေရှင်းချက်များ

မြတ်စွာဘုရားသခင် နိဗ္ဗာန်စံဝင်တော်မူပြီး နှစ်ပေါင်း သုံးရာကျော်သော အခါ၌—

"ခန္ဓာတို့သည် နိဗ္ဗာန်ပုဂ္ဂိုလ်တို့မှ တမျိုးတခြား ဖြစ်သည်၊ သို့မဟုတ် အတူတူပင် ဖြစ်သည်။ နိဗ္ဗာန်သည် ခန္ဓာပုဂ္ဂိုလ်တို့မှ တမျိုးတခြား ဖြစ်သည်။ သို့မဟုတ် အတူတူပင် ဖြစ်သည်။ ပုဂ္ဂိုလ်သည် ခန္ဓာနိဗ္ဗာန်တို့မှ တမျိုးတခြား ဖြစ်သည်။ သို့မဟုတ် အတူဖြစ်သည်"[၂]—

ဟူသော အငြင်းအခုံများ ဖြစ်ကြသည်။

ထို့နောက်....နိဗ္ဗာန်ရောက်သောသူသည် နိဗ္ဗာန်၌ ရှိသေး၊ ရှိလျှင် အမြဲတည်နေသလော၊ သို့မဟုတ် ပြတ်စဲသွားသလော[၃]— ဟူသော ပြဿနာများလည်း ပေါ်ထွက်ခဲ့သည်။

တဖန်....မူလ ပဏ္ဏာသ ပါဠိတော် မူလ ပရိယာယသုတ်၌ "နိဗ္ဗာန်ကို ငါ၏ ဥစ္စာဟု ကြံ၏။ နိဗ္ဗာန်ကို ရှေးရှု နှစ်သက်၏"[၄] ဟု မြတ်စွာဘုရားဟောတော်မူသည်ကို ထောက်ဆ၍ နိဗ္ဗာန်ကို သံယောဇဉ် အကုသိုလ် တရားတို့က အာရုံပြု နိုင်သည်-[၅] ဟူသော အယူအဆလည်း ပေါ်ပေါက်ခဲ့သည်။

ယင်းသို့သော နိဗ္ဗာန်ဆိုင်ရာ ပြဿနာ အရှုပ်အထွေးများကို အရှင်မောဂ္ဂလိပုတ္တတိဿ သည် **ကထာဝတ္ထုကျမ်းကြီး၌** ဖြေရှင်းဟောကြားတော်မူသည်။

အရှင်နာဂသေန၏ ဖြေရှင်းချက်များ

သာသနာနှစ် ၅၀၀-ခန့်သို့ ရောက်သောအခါ သာဂလတိုင်းရှင် ဘုရင်မိလိန္ဒသည် သူ၏ ဆရာတော် အရှင်နာဂသေနအား....

(က) ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်ဖြစ်သလော[၆]။

(ခ) လူတိုင်းပင် နိဗ္ဗာန်ကို ရနိုင်သလော[၇]။

၁။ အံ ၃၊ နှာ-၂၁၃။ ၂။ အဘိ ၄၊ နှာ-၅၃။

၃။ အဘိ ၄၊ နှာ-၅၄။ ၄။ မ ၁၊ နှာ-၄။ ၅။ အဘိ ၄၊ နှာ-၂၉၇။

၆။ ခု ၁၁၊ နှာ-၇၇။ ၇။ ခု ၁၁၊ နှာ-၇၈။

(ဂ) နိဗ္ဗာန်ကို မရပါဘဲလျက် နိဗ္ဗာန်ချမ်းသာကို သိနိုင်သလော [၁]။
(ဃ) နိဗ္ဗာန်ကို ဖြစ်ပေါ်အောင် ပြုလုပ်သည့် အကြောင်းတရား ရှိသလော [၂]။
(င) နိဗ္ဗာန်သည် ချမ်းသာသက်သက်လော၊ ဆင်းရဲရှိသေးသလော [၃]။
(စ) နိဗ္ဗာန်မှာ အဆင်းသဏ္ဌာန် အရွယ်အစား ရှိသလော [၄]။
(ဆ) နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်သည်ဆိုလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုသူသည် အဘယ်နိဗ္ဗာန်ကို အာရုံပြုသနည်း [၅]။
(ဇ) နိဗ္ဗာန်သည် အဘယ်အရပ်၌ တည်ရှိသနည်း [၆]—

ဟူသော နိဗ္ဗာန်ဆိုင်ရာ ခက်ခဲလှသည့် မေးခွန်းများကို မေးသည်။

အရှင်နာဂသေနကလည်း မေးသမျှကို မင်းကြီးကျေနပ်သဘောကျအောင် ဖြေရှင်းပြတော်မူသည်။

အရှင်ဗုဒ္ဓဃောသ၏ ဖြေရှင်းချက်များ

သာသနာတော်နှစ်ပေါင်း ၉၀၀-ခန့်သို့ ရောက်ပြန်သော် နိဗ္ဗာန်ဟူသည် ရာဂ ဒေါသ မောဟတို့၏ကုန်ခြင်းမျှသာ ဖြစ်သည်။ ဘာမျှမရှိ အဘာဝမတ္တသာ-ဟူ၍ ယူဆသော အယူတမျိုး ပေါ်ပေါက်လာပြန်သည်။

ယင်းအယူအဆမမှန်ကန်ကြောင်းကို ထိုခေတ်က အဋ္ဌကထာသစ် ကျမ်းပြု အရှင်ဗုဒ္ဓဃောသသည် အဘိဓမ္မာဝိဘင်းကျမ်း၏အဖွင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ [၇] အကျယ်တဝင့် ဖွင့်ဆိုရေးသားတော်မူသည်။

ပဌမရွှေကျင်ဆရာတော်၏ ဖြေရှင်းချက်များ

သာသနာတော်နှစ်ပေါင်း ၂၀၀၀-ကျော်သို့ ရောက်သောအခါ မြန်မာပြည်၌ ပရိယတ် ပဋိပတ်စွယ်စုံထင်ရှား ကျော်စောတော်မူသော အရှင်ဇာဂရ အမည်တော်ရှိ ရွှေကျင်ဆရာတော်ဘုရားသည်—

(က) နိဗ္ဗာန်၌ ရုပ်နာမ်ခန္ဓာ အကြွင်းရှိသည်ဟု ယူဆလျှင် သဿတဒိဋ္ဌိ ဖြစ်လိမ့်မည်။
(ခ) နိဗ္ဗာန်၌ ရုပ်နာမ်ခန္ဓာ အကြွင်းအကျန်မရှိဟု ယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်လိမ့်မည်။

၁။ ခု ၁၁။ နှာ-၇၀။ ၂။ ခု ၁၁၊ နှာ-၂၀၁။ ၃။ ခု ၁၁၊ နှာ-၃၂၂။
၄။ ခု ၁၁၊ နှာ-၃၂၆။ ၅။ ခု ၁၁၊ နှာ-၃၃၀။ ၆။ ခု ၁၁၊ နှာ-၃၃၆။
၇။ အဘိ ဋ္ဌ ၂၊ နှာ-၄၀။

ထို့ကြောင့် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်ဘက်စွန်းမှ လွှတ်အောင် နိဗ္ဗာန်ကို ယူဆတတ်ရမည်ဟု အစချီကာ နိဗ္ဗာန်အကြောင်းကို အကျယ်တဝင့် ဖွင့်ပြသည့် **ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်း**[1] ကြီးကို ရေးသားပြုစုတော်မူသည်။

ယင်းကျမ်းကြီးကား ခမ်းနားလှပါဘိသည်၊ ရွှိုင်ဆိုက်ဖြင့် စာမျက်နှာ ၃၆၉-မျက်နှာရှိ၏၊ သခေါ်ပကတ္ထာ၊ ဝိတ္ထာရကတ္ထာ ဟု ကတ္ထာကြီး ၂-မျိုး ခွဲခြားထား၏။ ကျမ်းပေါင်း ၉၀-ကို ကိုးကားကာ အခြေခံအားဖြင့် ပြဿနာပေါင်း ၄၂-ခုကို တင်ပြ ဆုံးဖြတ်ထားပေသည်။

ဒုတိယမြို့ပြင်ကြီးဆရာတော်၏ ရှင်းလင်းချက်များ

ရွှေကျင်ဆရာတော်ကြီး၏ ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီကျမ်း ထွက်ပေါ်လာပြီးနောက် မကြာမီ နှစ်အနည်းငယ်အတွင်းမှာပင် ဒုတိယမြို့ပြင်ကြီး ဆရာတော်၏ **နိဗ္ဗာနသရူပဒီပကကျမ်း**[2] ထွက်ပေါ်လာသည်။

ဆရာတော်သည် အဘိဓမ္မတ္ထသရူပဒီပက ဟူသော အမည်ဖြင့် ကျမ်းတွဲ ၃-စောင် ပြုတော်မူသည်။

၁။ ပဌမတွဲကို – စိတ္တစေတသိကသရူပဒီပက၊

၂။ ဒုတိယတွဲကို – ရူပသရူပဒီပက၊

၃။ တတိယတွဲကို – နိဗ္ဗာနသရူပဒီပက——

ဟူ၍ ၃-တွဲ ခွဲထားပေသည်။

ဤနိဗ္ဗာန သရူပဒီပကကျမ်းကို ပြုစုရန် စာပေကြည့်ရှုနေစဉ် အချို့ဆရာတို့ ရေးသည့် ပါဠိတော်အဋ္ဌကထာဋီကာတို့နှင့် မညီညွတ် မှားယွင်းသော အဆုံးအဖြတ်များကို တွေ့ရသောကြောင့် ရှင်လူအများ အမှန်ကို သိစေခြင်းငှါ အဓိကအကြောင်းပြု၍ ဤကျမ်းကို ရေးသားခြင်း ဖြစ်သည်ဟု နိဒါန်း၌ ဖော်ပြထားပေသည်။

ဤကျမ်းတွင် အသစ်တဓာတ် ပရမတ်နိဗ္ဗာန်ဟူသည်—

(က) ဝဋ်ဆင်းရဲဟူသမျှတို့ အကြွင်းမဲ့ ချုပ်ငြိမ်းမှု နိဏ္ဍာဓနိဗ္ဗာန် ဖြစ်သလော။

၁။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်းကို ၁၉၃၄-ခုနှစ်က ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ ၁၅၀၀-ရိုက်နှိပ်ခဲ့သည်။

၂။ နိဗ္ဗာနသရူပဒီပကကျမ်းကို ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ ၁၉၆၄-ခုနှစ်က အုပ်ရေ ၂၀၀၀-ရိုက်နှိပ်ခဲ့သည်။

(ခ) ရုပ်နာမ်ခန္ဓာတို့ တဖန်အသစ်မဖြစ်သောအားဖြင့် ချုပ်ငြိမ်းပြီးမှ ပေါ်လာသည့် အနုပါဒိသေသ နိဗ္ဗာန်ဖြစ်သလော။

(ဂ) အထက်ပါ ကန္ဒင့်ခ-နိဗ္ဗာန်မျိုးမဟုတ်မူ၍ ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်မစံမီပင် မျက်မှောက် အာရုံပြုနိုင်သည့် အမြဲတည်ရှိနေသော နိစ္စဓုဝ သဿတ နိဗ္ဗာန်ဖြစ်ပါသလော—

ဟူသော ပြဿနာကြီး ၃-ရပ်ကို ဦးတည်လျက် နိဗ္ဗာန်ဆိုင်ရာ လွဲမှားနေသည့် အယူအဆများကို သုတ်သင်ရှင်းလင်းကာ နိဗ္ဗာန်၏ သဘော ပေါ်လွင် ထင်ရှားအောင် ရေးသားထားသည်။ ရှိုင်ဆိုက်ဖြင့် စာမျက်နှာပေါင်း ၄၇၂-ရှိပြီး ကျမ်းပေါင်း ၉၅-စောင်ကို ကိုးကားရေးသား ဖော်ပြထားပေသည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ ရှင်းလင်းချက်များ

မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးကား အထက်တွင် ဖော်ပြခဲ့သည့် နိဗ္ဗာန်အကြောင်း ကျမ်းဂန်ကြီး ၂-စောင်ကို ပြုစုတော်မူကြသော ရှေကျင် ဆရာတော်ကြီးနှင့် ဒုတိယ မြို့ပြင်ကြီး ဆရာတော်တို့၏ တပည့်ဖြစ်သည်။ နိဗ္ဗာန်ကျမ်းပြုဆရာတော်ကြီးများ၏ တပည့်ဖြစ်သည်အားလျော်စွာ နိဗ္ဗာန်အကြောင်းကို ကျမ်းကျင်တတ်သိတော်မူလှပေသည်၊ ဆရာတော်ပြုစုတော်မူသည့် ပရမတ္ထသရူပဘေဒနီကျမ်း[၁] ပဌမတွဲ နိဂုံးသစ္စာအဖွင့်၌—

၁။ နိဗ္ဗာန်ကို လူတိုင်းမမြင်နိုင်ပုံ၊

၂။ အဘာဝ ပညတ်မျက်ကို နိဗ္ဗာန်မခေါ်ပုံ၊

၃။ ကိလေသာကုန်မှု သာမန်ကို နိဗ္ဗာန်မခေါ်ပုံ၊

၄။ နိဗ္ဗာန်ထင်ရှားရှိပုံ—

စသည်များကို ဖော်ပြလျက် စာမျက်နှာ ၃၀၇-မှ စ၍ တိုတိုကျဉ်းကျဉ်း ရှင်းလင်းရေးသားထားပေသည်။

လယ်တီ ဆရာတော်၏ ဖြေရှင်းချက်များ

နိဗ္ဗာနဝိသဇ္ဇနာ။ ။ကောဇာသင်္ကရာဇ် ၁၂၇၉-ခုနှစ်သို့ ရောက်သောအခါ မြန်မာပြည်၌ ပရိယတ် ပဋိပတ်စွယ်စုံ ပုဂ္ဂိုလ်မြတ် **လယ်တီ ဆရာတော်**ဘုရား ထင်ရှားပေါ် ထွန်းတော်မူသည်။ ထိုလယ်

၁။ ပရမတ္ထသရူပ ဘေဒနီကျမ်းကို ၁၉၆၈-ခုနှစ်က ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ အုပ်ရေ ၂၀၀၀-ရိုက်နှိပ်ခဲ့သည်။

တီဆရာတော်အား အဘိဓမ္မတ္ထ သင်္ဂဟအမည်ရှိ သင်္ဂြိုဟ်ကျမ်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားပြီး ကာယဂ်-သမ္မာရခေါ် သတ္တဝါတို့၏ ရုပ်တရား ကိုယ်အင်္ဂါများကို ပြဆိုသည့်ကျမ်းနှင့် တက္ကနယကျမ်းများကို ပြုစုသည့် **ဦးရွှေစံအောင်** အမည်ရှိ ပုဂ္ဂိုလ်တဦးက—

၁။ ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာသည်ပင် နိဗ္ဗာန်၊ နိဗ္ဗာန်သည်ပင် ခန္ဓာဟူယူဆသင့်သည်။

၂။ ရုပ်နာမ်အကြမ်း ပျက်စီးချုပ်ငြိမ်းသွားသောအခါ နိဗ္ဗာန်အဖြစ် ရုပ်နာမ်အနုစား ကျန်ရှိနေမည်ထင်သည်။

၃။ သဉ္ဇပါဒိသေသ အနုပါဒိသေသနိဗ္ဗာန် ၂-မျိုးကို အပြင်မှ ကြည့်သူများ အတွက်သာ ဟောသည်၊ အမှန်မှာ နိဗ္ဗာန်ရသူသန္တာန်မှာ ရှိသော ရုပ်နာမ်အနုစားတမျိုးသာ ဖြစ်သင့်သည်ဟုထင်သည်—

စသည်ဖြင့် နိဗ္ဗာန်ဆိုင်ရာ ပြဿနာများကို ကျမ်းဂန် အကိုး အကားများဖြင့် ထင်မြင်သဘောပေါက်သည့်အတိုင်း လျှောက်ထားသည်။

ယင်းလျှောက်ထားချက်များကို ပုစ္ဆာ ၁၅-ချက် အသေးစိတ်ကာ ပါဠိတော်အဋ္ဌကထာ ဋီကာကျမ်းလာအတိုင်း သဘာဝကျကျ ဥပမာ ဥပမေယျတို့ဖြင့် လယ်တီဆရာတော်ဘုရားကြီးက ဖြေကြားတော်မူသည်။ ယင်းအမေးနှင့်အဖြေကိုပေါင်း၍ **နိဗ္ဗာနဝိသဇ္ဇနာကျမ်း** ဟု ကျမ်းတစောင် ရိုက်နှိပ်ထားသည်။

နိဗ္ဗာန ဒီပနီကျမ်း။ ။ထို့ပြင် လယ်တီ ဆရာတော်ဘုရားသည် နိဗ္ဗာနဒီပနီကျမ်းကိုလည်း ရေးသားစီရင်တော်မူသည်။

ယင်းနိဗ္ဗာန ဒီပနီကျမ်း၌ နိဗ္ဗာန်အကြောင်းကို—

၁။ သဉ္ဇပါဒိသေသ အနုပါဒိသေသ ၂-မျိုးခွဲ၍ ၎င်း၊

၂။ သုညတ အနိမိတ္တ အပ္ပဏိဟိတ ၃-မျိုးခွဲ၍ ၎င်း၊

၃။ ပရိညာစသော ကိစ္စကြီး ၄-ပါးဖြင့် ၎င်း၊

၄။ သန္တိသုခ ဝေဒယိတသုခ ၂-ပါးဖြင့် ၎င်း—

ခွဲခြမ်းဝေဘန်၍ နိဗ္ဗာန်ချမ်းသာကို လူတိုင်းပေါ်လွင် ထင်ရှားစွာသိနိုင်လောက်အောင် ရေးသားဖော်ပြထားပေသည်။

ယင်းသို့ နိဗ္ဗာန်သဘောကို ထင်ရှားအောင် ရေးပြနိုင်သော ကျမ်းဖြစ်သောကြောင့် မဟာဝံသဋ္ဌဝါရံ ဆရာတော်ကြီးက မိမိပြုစီရင်သော ဆိဒ္ဓိပဓာနနီကျမ်းကြီး၌ နိဗ္ဗာန် အကြောင်းရေးသားရာတွင်—

ကျမ်းဂန်ပိဋကတ် အရပ်ရပ်တို့၌ ခဲကပ်လျှို့ဝှက်သော အနက်သဘော တို့ကို အလွယ်တကူ ဗိုလ်လူအများ သိသာထင်ရှားအောင် ပြုပြုစ်ချော မောစွာ စီရင်ရေးသားနိုင်သော ဇဝနတိက္ခဂမ္ဘီရညာဏ်အထူးရှိသော လယ်တီ ဆရာတော်၏ နိဗ္ဗာန်စကားတို့ကို ထည့်သွင်းဖော်ပြဦးအံ့—

ဟု အစချီကာ နိဗ္ဗာနဒီပနီကျမ်းကို ထည့်သွင်းဖော်ပြခြင်းခံခဲ့ရလေသည်။

ဆရာတော်.ဦးတိက္ခိန္ဒြိယ၏ ဖြေရှင်းချက်များ

ဤ သမုဂ္ဂါဒ နိရောဓကျမ်း ဒုတိယတဲ့ကား အထက်တွင် ဖော်ပြခဲ့သော ထင်ရှားသည့် နိဗ္ဗာန်သဘောရှင်း ကျမ်းတို့ထက် နောက်ဆုံးကျမှ ပေါ်ထွက် လာသောကျမ်း ဖြစ်သည်။

မှန်၏ လယ်တီ-ဆရာတော်၏ နိဗ္ဗာန ဝိသဇ္ဇနာကျမ်းမှာ ၁၂၇၉-ခုနှစ်တွင် ရေး၍ ဤ သမုဂ္ဂါဒ နိရောဓကျမ်းကိုကား ၁၂၉၇-ခုနှစ်တွင် ရေးသည်ဟု သိရရာ ၁၈-နှစ်မျှ နောက်ကျပေသည်။

ထို့ကြောင့် အကြံတူ နောက်လူသားစမြဲဟူသော မြန်မာနိယံအရဆိုလျှင် ဤ ကျမ်း၌ နိဗ္ဗာန်အကြောင်းကို ပိုမိုစုံလင်စွာ ပြဆိုနိုင်လိမ့်မည်ဟု ယူဆရ ပေသည်။

ဤ ကျမ်းပြု အချင်မြတ်သည် ပရိယတ်တွင်လည်း ဆရာကောင်းများထံ နည်းခံသင်ယူခဲ့ရ၍ ထက်မြက်သူ ဖြစ်သည်။

၁။ ပရမတ္ထဒီဒဿနကျမ်း၊
၂။ ဝေဒနာနုပဿနာကျမ်း၊
၃။ နိရောဓ ဝိနိစ္ဆယကျမ်း၊
၄။ ဗုဒ္ဓါနုဿတိကျမ်း၊
၅။ ဝိညာဏာနုပဿနာကျမ်း၊
၆။ နိဗ္ဗာနတ္ထ ဝိနိစ္ဆယကျမ်း—

စသော ကျမ်းပေါင်းများစွာကိုလည်း ပြုစုတော်မူခဲ့သည်။

ပဋိပတ်တွင်လည်း ကိုယ်တိုင် နှစ်ပေါင်းများစွာ အားထုတ်ပြီး အခြား ပုဂ္ဂိုလ်များကိုလည်း—

မည်သည့်မြို့ကမဆို သမထ ဝိပဿနာတရား ပွါးများအားထုတ်လိုသူတို့ သည် ရွှေတောင်မြို့ ရှမ်းတန်းထိပ် အမွှာရာမတိုက်သို့ လာခဲ့ကြလော-ဟူ၍ ဘိတ်ကြားခေါ်ယူလောက်အောင် စွမ်းရည်ရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။

ဤကျမ်းပြု ဆရာတော်-ဦးတိက္ခိန္ဒြိယ၏ ညီအရင်းမှာ အင်္ဂလိပ်ခေတ်က မြန်မာပြည်၏ ပြည်ထဲရေးဝန်ကြီး ဆာပေါ်ထွန်း ဖြစ်သည်။ အခြားဝမ်းကွဲ ညီအကိုများမှာ—

၁။ ဖျာပုံမြို့ စက်ရှင်မင်းကြီး ဧရှစလွယ်ရ ဦးသာဇံဦး၊

၂။ တောင်ငူမြို့ ဒီစတြိတ် အရေးပိုင်မင်း ဦးစောရဖြူ၊

၃။ ပုသိမ်မြို့ အထူးရာဘက် တရားသူကြီး ဦးမောင်ထွန်းအောင်၊

၄။ ဖျာပုံမြို့ ပုလိပ်အင်စပိတ်တော် ဦးဧရှသာ—

တို့ ဖြစ်ကြ၍ မျိုးရိုးစဉ်လာအားဖြင့် မြင့်မြတ်၍ ဉာဏ်ပညာ ထက်မြက်သူ ဖြစ်ကြောင်း သိရှိနိုင်ပေသည်။

ဆရာတော်သည် ငယ်ရွယ်စဉ် အင်္ဂလိပ်စာတတ် အလွန်ရှားပါးချိန် အခါကပင် ၇-တန်းကို မြန်မာတပြည်လုံး ပထမရပြီး စကောလားရှစ်ဖြင့် အောင်မြင်ခဲ့သည်။

အိန္ဒိယနှင့် သီဟိုဠ်နိုင်ငံများဌလည်း ဂ-နှစ်ကြာ နေထိုင်ခဲ့သော ခေတ်မှီ ပုဂ္ဂိုလ် ဖြစ်သည်။

သီဟိုဠ်ကျွန်းဌ နေစဉ်ကလည်း ဒက္ခိဏာသာခါ ဘုရားကို ကြည်ညိုလွန်းလှ သောကြောင့် မိမိ၏ ဝဲဘက်လက်သုံးကိုဖြတ်ကာ ဆီဆွတ်ပြီး မီးပူဇော်ခဲ့သည်၊ မည်မျှသာသနာဌ သဒ္ဓါတရား ထက်သန်သည်ကို ဤအချက်က သက်သေခံနေ ပေသည်။

ယင်းသို့ ရှေးရေး နိဗ္ဗာန်သဘောကို ရှင်းလင်းထားသည့် ကျမ်းကြီးများကို လည်း ကြည့်ရှုခွင့်ရခဲ့ကာ ပရိယတ်နှင့် ပဋိပတ်ဌ စွယ်စုံဖြစ်သည့် သာသနာဌ သဒ္ဓါတရား ထက်သန်လှသော ပုဂ္ဂိုလ်ကြီးတဦး ပြုစုရေးသားသော ဤနိဗ္ဗာန် သဘောရှင်း သမုပ္ပါဒ နိရောဓကျမ်း ဒုတိယတွဲကား အကောင်း, အဆိုး၊ အတိမ်, အနက် မည်သို့ ရှိချိမ့်မည်နည်း စာရှုသူတို့ ဝေဘန် အကဲခပ်ကြပါကုန်။

ဤကျမ်းကို မရေးမီ သမုပ္ပါဒ နိရောဓကျမ်း ပထမတွဲတုန်းကလည်း.... နိဗ္ဗာန်ဆိုင်ရာ သိမှတ်ဖွယ် အဖြာဖြာကို စာမျက်နှာ ၃၄၉-မှ ၄၅၈-အထိ မျက်နှာ ၁၀၀-ကျော်မျှ ရေးသားပြီး ဖြစ်သည်။ သို့သော် ကျေနပ်အားရခြင်း မရှိသေးသောကြောင့် ဤ သမုပ္ပါဒ နိရောဓကျမ်း ဒုတိယတွဲကို ဆက်လက် ပြုစုသည်။

ဤကျမ်းကို ပြုစုရာတွင်လည်း ဆရာတော်မှာ လေနာရောဂါ ဖိစီးနှိပ်စက် ခံနေရသောကြောင့် တပည့် ရဟန်းတော် ဦးနာရဒအား မိမိပါးစပ်မှ ပြော သမျှကို လိုက်၍ရေးစေခြင်းဖြင့် စီရင်ပြုစုရသည်။

ဤကျမ်း၌—

၁။ နိဗ္ဗာန်သည် ရုပ်ထူး နာမ်ထူးမဟုတ်၊

၂။ နိဗ္ဗာန်သည် အရောင်အလင်းမဟုတ်၊

၃။ နိဗ္ဗာန်သည် ဘုရားရဟန္တာတို့ စုတိပြီးမှ ဖြစ်ပေါ်လာသည်မဟုတ်၊

၄။ နိဗ္ဗာန်သည် ကိလေသာကုန်ခန်းမှု ရုပ်နာမ်ခန္ဓာ ကုန်ခန်းမှုမျှသာ မဟုတ်—

စသည့် အချက်ကြီးများကို အဓိကထားကာ နိဗ္ဗာန်ဆိုင်ရာ ပြဿနာအမျိုးမျိုးကို ဖြေရှင်း၍ စာမျက်နှာ ၉၉-မှ ၄၇၃-အထိ စာမျက်နှာပေါင်း ၃၀၀-ကျော်မျှ ရှည်လျား များပြား ကျယ်ဝန်းစွာ နိဗ္ဗာန်ဆိုင်ရာ ကျမ်းကိုးပြသည့် နေရာပေါင်း ၅၈၀-ကျော်မျှရှိအောင် ပါဠိတော်၊ အဋ္ဌကထာ ဋီကာ ကျမ်းပေါင်း ၈၂-ဆူကို သက်သေထူ အကိုးပြလျက် နိဗ္ဗာန်၏အမည်ပေါင်း ၁၀၀-တိတိန့ှင့်တက္ခ နိဗ္ဗာန်၏ သဘောအဓိပ္ပါယ်များကိုဖော်ပြရေးသားထားသည်ကို စာရှုသူတို့ ဖတ်ရှုတွေ့မြင် ရပါလိမ့်မည်။

ဤမျှ နိဗ္ဗာန်အကြောင်းကို ကောင်းမွန်ပြည့်စုံစွာ ရေးသားထားသည့် သမုဗ္ဗါဒနိရောဓကျမ်း ဒုတိယတွဲမှာ ၁၂၉၇-ခုနှစ်က တကြိမ်မျှ ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ယခု ၁၃၇၄-ခုနှစ်အထိ နှစ်ပေါင်း ၇၀ ခန့်မျှအတွင်း ထပ်မံ မရိုက်နှိပ်နိုင်ဘဲ ရှိခဲ့ရာ တိမ်မြုပ် ပျောက်ကွယ်လုနီးနီး ဖြစ်နေသောကြောင့် ရန်ကုန်မြို့ ဦးတိကွိုန်ဒြိယ ဝိပဿနာအဖွဲ့ကြီးမှ ဒုတိယအကြိမ် သာသနာရေးဦးစီးဌာန ဗုဒ္ဓ သာသနာအဖွဲ့ စာပုံနှိပ်တိုက်၌ ရိုက်နှိပ်ဖြန့်ချိလိုက်ပါသည်။

စာရှုသူ သုတေသီတို့သည် ဤသမုဗ္ဗါဒနိရောဓကျမ်းကို ဖတ်ရှုလေ့လာပြီး ဗုဒ္ဓတရားတော်တို့တွင် အနက်နဲ အသိမ်မွေ့ဆုံးဖြစ်သည့် နိဗ္ဗာန်တရားတော်ဆိုင်ရာ သဘောအဓိပ္ပါယ်နှင့် ကျင့်ကြံအားထုတ်နည်းများကို တတ်သိကြလျက် နိဗ္ဗာန်၏ အရသာကို ကောင်းစွာ ခံစားနိုင်ကြပါစေသတည်း။

သမုဒ္ဒပါဒနိဂရောဓဂါထာ ဒုတိယတွဲ
ပဌမအကြိမ်ရိုက်စဉ်က
နိဒါန်း

ဤ **သမုဒ္ဒပါဒနိဂရောဓဂါထာ ဒုတိယပိုင်း** ကို ရေးသားရခြင်း၏ အကြောင်းကား – ဦးပဉ္ဇင်းတို့၏ ကျေးဇူးရှင် ဆရာဖြစ်တော်မူသော **ဦးတိက္ခိန္ဒြိယ** သည် သမုဒ္ဒပါဒနိဂရောဓဂါထာ ပဌမပိုင်းကိုစိရင်ရိုက်နှိပ်တော်မူပြီးနောက် ဒုတိယပိုင်းကို ဆက်လက်ရေးသားရန် ရည်သန်ရင်းရှိ၍ အနည်းငယ်မျှ ရေးသားတော်မူရာ လေရောဂါ စွဲကပ်ရကား၊ နောက်တဖန် ဆက်လက်၍ ရေးသားတော်မမူနိုင်ဖြစ်လေသည်၊ ထိုအခါ ထိုဆရာ၏ တပည့်ဖြစ်သော ဦးပဉ္ဇင်းက အကယ်၍ ထို ဆရာမြတ်သည် သေမင်းနှိုင်ငံ မလွန်ဆန်နိုင်၍ ပြန်လွန်တော်မူသွားပါလျှင် ၎င်းကျမ်း ဒုတိယပိုင်းသည် အဆုံးမသတ်ဘဲ ရှိရစ်တော့မည်ကို တွေးဆဆင်ခြင်၍ "ဆရာက ပြောပြရုံသာ ပြောပြတော်မူပါ၊ ဦးပဉ္ဇင်း ရေးသားပါမည်" ဟု တောင်းပန်လေရာ အခွင့်ရသဖြင့် ဆရာဦးတိက္ခိန္ဒြိယ ပြောပြတော်မူသည့် အတိုင်း ရေးသားစီရင်၍ ပြီးဆုံးခြင်းသို့ ရောက်ရှိလေသည်။

ယင်းသို့ ပြီးဆုံးခြင်းသို့ရောက်သော ဤကျမ်း၌ နိဗ္ဗာန်ဂုဏ်ပုဒ်တို့ကို မျှားစွာဖွင့်ဆိုရေးသားထားသည့်အပြင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌ တွေ့ဝေသော ပညာရှင်တို့အား မတွေ့မဝေ အလုန်ပင် သဘောကျရန် အနက်အဓိပ္ပါယ် အသွယ်သွယ်တို့ကိုပါ ဓဝဘန်ပိုင်းခြား၍ **ရေးသားရပါသတည်း**။

ဤသို့လျှင် မြတ်စွာဘုရား သာသနာတော်ကြီး စည်ပင် ပြန့်ပွါးရန် ပေါ်ထွက်လာသော ဤကျမ်းကို ကြည့်ရှုကြကုန်သော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် ဓမ္မအရသာကို ခံစားထိုက်သည်အားလျော်စွာ ခံစားကြရလတ္တံ့သည်ကား မချွတ်ကေန်ပင် ဖြစ်ပေသတည်း။

ဦးနာရဒ

ရဟန်းတော်။

သမုဟ်ပါဒ နိရောဓကမ်း

ကျမ်းကိုးများစာရင်း

၁။ အင်္ဂုတ္တရ အဋ္ဌကထာ တတိယတဲ့
၂။ အင်္ဂုတ္တရ အဋ္ဌကထာ ဒုတိယတဲ့
၃။ အင်္ဂုတ္တရ အဋ္ဌကထာ ပဌမတဲ့
၄။ အင်္ဂုတ္တရပါဠိတော် တတိယတဲ့
၅။ အင်္ဂုတ္တရပါဠိတော် ဒုတိယတဲ့
၆။ အင်္ဂုတ္တရပါဠိတော် ပဌမတဲ့
၇။ အပဒါန အဋ္ဌကထာ ဒု-တဲ့
၈။ အပဒါန အဋ္ဌကထာ ပ-တဲ့
၉။ အပဒါန ပါဠိတော် ဒု-တဲ့
၁၀။ အပဒါန ပါဠိတော် ပ-တဲ့
၁၁။ အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ
၁၂။ အဘိဓမ္မတ္ထ သင်္ဂဟ
၁၃။ အဘိဓမ္မတ္ထ သင်္ဂဟ ပေါရာဏဋီကာ
၁၄။ အဘိဓာနပ္ပဒီပိကာ
၁၅။ အဘိဓာနပ္ပဒီပိကာ ဋီကာ
၁၆။ အဘိဓာနပ္ပဒီပိကာသူစိ
၁၇။ ဣတိဝုတ္တက အဋ္ဌကထာ
၁၈။ ဣတိဝုတ္တက ပါဠိတော်
၁၉။ ဥဒါန အဋ္ဌကထာ
၂၀။ ဥဒါန ပါဠိတော်
၂၁။ ဥပရိပဏ္ဏာသ အဋ္ဌကထာ
၂၂။ ဥပရိပဏ္ဏာသ ပါဠိတော်
၂၃။ ကထာဝတ္ထု ပါဠိတော်
၂၄။ ခုဒ္ဒကပါဋ အဋ္ဌကထာ
၂၅။ ခုဒ္ဒကပါဋ ပါဠိတော်
၂၆။ စူဠနိဒ္ဒေသ အဋ္ဌကထာ

၂၇။ စူဠနိဒ္ဒေသ ပါဠိတော်
၂၈။ ဇာတက အဋ္ဌကထာ ဒု-တွဲ
၂၉။ ဇာတက အဋ္ဌကထာ ပ-တွဲ
၃၀။ ဇာတက ပါဠိတော် ပ-တွဲ
၃၁။ ထေရဂါထာ အဋ္ဌကထာ ဒု တွဲ
၃၂။ ထေရဂါထာ အဋ္ဌကထာ ပ-တွဲ
၃၃။ ထေရဂါထာ ပါဠိတော်
၃၄။ ထေရီဂါထာ ပါဠိတော်
၃၅။ ဓမ္မပဒ အဋ္ဌကထာ ဒု-တွဲ
၃၆။ ဓမ္မပဒ အဋ္ဌကထာ ပ-တွဲ
၃၇။ ဓမ္မပဒ ပါဠိတော်
၃၈။ ဓမ္မသင်္ဂဏီ ပါဠိတော်
၃၉။ နေတ္တိ အဋ္ဌကထာ
၄၀။ နေတ္တိ ပါဠိတော်
၄၁။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ ဒု-တွဲ
၄၂။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ ပ-တွဲ
၄၃။ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်
၄၄။ ပရိဝါ ပါဠိတော်
၄၅။ ပါစိတျာဒိ အဋ္ဌကထာ
၄၆။ ပါရာဇိက ကဏ္ဍ အဋ္ဌကထာ ပ-တွဲ
၄၇။ ပါရာဇိက ကဏ္ဍ ပါဠိတော်
၄၈။ ဗုဒ္ဓဝံသ ပါဠိတော်
၄၉။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ
၅၀။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်
၅၁။ မဏိသာရမဉ္ဇူသာဋီကာ ဒု-တွဲ
၅၂။ မဏိသာရမဉ္ဇူသာဋီကာ ပတွဲ
၅၃။ မဟာဋီကာ
၅၄။ မဟာနိဒ္ဒေသ အဋ္ဌကထာ
၅၅။ မဟာနိဒ္ဒေသပါဠိတော်
၅၆။ မူလဋီကာ ဒု-တွဲ

၅၃။ မူလဋ္ဌီကာ ပ-တဲ့
၅၈။ မူလပဏ္ဏာသအဋ္ဌကထာ ဒု-တဲ့
၅၉။ မူလပဏ္ဏာသအဋ္ဌကထာ ပ-တဲ့
၆၀။ မူလပဏ္ဏာသပါဠိတော်
၆၁။ ဝိနယမဟာဝဂ်ပါဠိတော်
၆၂။ ဝိဘင်္ဂပါဠိတော်
၆၃။ ဝိမာနဝတ္ထုပါဠိတော်
၆၄။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒု-တဲ့
၆၅။ သံယုတ္တအဋ္ဌကထာ တ-တဲ့
၆၆။ သံယုတ္တအဋ္ဌကထာ ဒု-တဲ့
၆၇။ သံယုတ္တအဋ္ဌကထာ ပ-တဲ့
၆၈။ သံယုတ္တပါဠိတော် တ-တဲ့
၆၉။ သံယုတ္တပါဠိတော် ဒု-တဲ့
၇၀။ သံယုတ္တပါဠိတော် ပ-တဲ့
၇၁။ သဒ္ဒနီတိဓာတုမာလာ
၇၂။ သမ္မောဟဝိနောဒနီအဋ္ဌကထာ
၇၃။ သာရတ္ထဒီပနီဋ္ဌီကာ ပ-တဲ့
၇၄။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ
၇၅။ သီလက္ခန္ဓဝဂ္ဂဋ္ဌီကာဟောင်း
၇၆။ သီလက္ခန္ဓဝဂ္ဂပါဠိတော်
၇၇။ သုတ္တနိပါတအဋ္ဌကထာ ဒု-တဲ့
၇၈။ သုတ္တနိပါတအဋ္ဌကထာ ပ-တဲ့
၇၉။ သုတ္တနိပါတပါဠိတော်
၈၀။ သုတ္တသင်္ဂဟအဋ္ဌကထာ
၈၁။ သုတ္တသင်္ဂဟပါဠိတော်
၈၂။ သုတ်မဟာဝဂါအဋ္ဌကထာ

သမုပ္ပါဒနိရောဓကျမ်း

ဒုတိယတွဲ

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ရတနတ္တယ ပဏာမဂါဒိ	....	....	၁
ဝိညာဏပစ္စယာ နာမရူပံအာဒ်း	....	....	၃
ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ	....	....	၃
အပါယ်လေးဘုံ၌ ပဋိသန္ဓေ ဝိညာဏ်သည် မိမိနှင့်အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံ	....	....	၄
ဖဿ စသော ၁၀-ပါးသောတရားတို့ နာမ်မည်ပုံ	....	....	၅
ကျန်သော တရားများလည်း နာမ်မည်ပုံ	....	....	၆
နိဗ္ဗာန်နာမ်မည်ပုံ	....	....	၇
ပထဝီသဘော	....	....	၁၀
အာပေါသဘော	....	....	၁၁
တေဇောသဘော	....	....	၁၃
ဝါယောသဘော	....	....	၁၄
စက္ခု	....	....	၁၅
သောတ	....	....	၁၆
ဃာန	....	....	၁၆
ဇိဝှါ	....	....	၁၇
ကာယ	....	....	၁၈
ဟဒယဝတ္ထု	....	....	၁၉
ဇီဝိတ	....	....	၁၈
စက္ခုဒသက	....	....	၁၉
စက္ခုဒသက ကလာပ်	....	....	၂၀
သောတဒသက ကလာပ်	....	....	၂၁
ဃာနဒသက ကလာပ်	....	....	၂၃

အကြောင်းအရာ			စာမျက်နှာ
ဇိဝှါ ဒဿက ကလာပ်	....	....	၂၄
ကာယ ဒဿက ကလာပ်	....	....	၂၆
ဣတ္ထိဘာဝ ဒဿက ကလာပ်	....	....	၂၇
ဝတ္ထု ဒဿက ကလာပ်	....	....	၃၁
ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံ	....	....	၃၆
ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံ	....	....	၄၃
အရူပ ၄-ဘုံ၌ ပဋိသန္ဓေဝိညာဏ်သည် အတူဖြစ်သောနာမ်အား အကြောင်းခံပုံ	....	....	၄၈
ထိုဝိညာဏ်နာမ်ရုပ်မှတပါး သတ္တဝါ ပုဂ္ဂိုလ်မရှိ ထိုဝိညာဏ်နာမ်ရုပ် တို့ကိုသာစွဲ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၅၀
အရူပ ၄-ဘုံ၌ ပဝတ္တိဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ	....	....	၅၂
ကာမသုဂတိဘုံ၌ ပဝတ္တိဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ	....	....	၆၁
ရူပါဝစရ ၁၀-ဘုံ၌ ပဝတ္တိဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ	....	....	၆၉
သုဒ္ဓါဝါသ ၅-ဘုံ၌ ပဝတ္တိဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ	....	....	၇၂
အရူပ ၄-ဘုံ၌ ပဝတ္တိဝိညာဏ်သည် အတူဖြစ်သော နာမ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ	....	....	၇၅
ဝိညာဏ်သည် နာမ်ရုပ်အား ပဋ္ဌာန်းပစ္စည်းဖြင့် အကြောင်းခံပုံ အဘိသင်္ခါရ ဝိညာဏ်သည် အသညသတ်ရုပ်အား အကြောင်းခံပုံ....			၈၂
အကြောင်းဝိညာဏ် အကျိုးနာမ်ရုပ်တရားတို့ကို ဝိပဿနာသုံးသပ်၍ အရဟတ္တဖိုလ်တိုင်အောင် ရောက်ပုံကိုပြခြင်း	....	....	၈၄
အသခ််တဓာတ် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိပုံ	....		၉၉
သခ််တ, အသခ််တ တရားနှစ်ပါးကို ဖော်ပြခြင်း	....	....	၁၀၂
သခ််တအပြစ်ကိုရှု၍ အသခ််တ အာရုံပြု၍ ရဟန္တာဖြစ်ပုံ	....	....	၁၀၇

အကြောင်းအရာ			စာမျက်နှာ
အသစ်တဓာတ် (ဌီ) ကို ပါဠိတော် အဋ္ဌကထာတို့ဖြင့် ပြပုံ	....		၁၁၂
နိဗ္ဗာန်သည် တပါးတည်းသာ ဖြစ်သော်လည်း သစ်တ ပဋိပက္ခ အားဖြင့် အမည်များစွာ ရှိသည်ကို ပြခြင်း	....	....	၁၁၅
နိဗ္ဗာန်ကို (နိဗ္ဗာန) ဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၁၆
နိဗ္ဗာန်ကို နိရောဓဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၁၉-၁၂၂
နိဗ္ဗာန်ကို သန္တိဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၂၂-၁၃၁
နိဗ္ဗာန်ကို သဗ္ဗသင်္ခါရ သမထဟု ခေါ်ဆိုအပ်ကြောင်း	....	....	၁၃၁-၁၃၆
နိဗ္ဗာန်ကို ရာဂက္ခယ, ဒေါသက္ခယ, မောဟက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၃၆-၁၅၄
နိဗ္ဗာန်ကို အာသဝက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၅၄-၁၅၈
နိဗ္ဗာန်ကို တဏှာက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၅၈-၁၆၂
နိဗ္ဗာန်ကို ဝိရာဂဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၆၂-၁၇၁
နိဗ္ဗာန်ကို စာဂ, ပဋိနိဿဂ္ဂဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၇၁-၁၇၄
နိဗ္ဗာန်ကို သဗ္ဗုပဓိပဋိနိဿဂ္ဂဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၇၄-၁၇၈
နိဗ္ဗာန်ကို အနာလယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၇၈-၁၈၁
နိဗ္ဗာန်ကို မုတ္တိဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၈၁-၁၈၆
နိဗ္ဗာန်ကို ဝိမုတ္တိဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၈၆-၁၈၇
နိဗ္ဗာန်ကို မောက္ခဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၈၇-၁၉၀
နိဗ္ဗာန်ကို ယောဂက္ခေမဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၉၀-၁၉၃
နိဗ္ဗာန်ကို သံယောဇနက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၉၄
နိဗ္ဗာန်ကို ဝဋ္ဋုပစ္ဆေဒဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၉၄-၁၉၉
နိဗ္ဗာန်ကို ပိပါသ ဝိနယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၁၉၉-၂၀၂
နိဗ္ဗာန်ကို အာလယသမုဃ္ဃါတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၂၀၂-၂၀၇
နိဗ္ဗာန်ကို မဒ နိမ္မဒနဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၂၀၇-၂၁၁
နိဗ္ဗာန်ကို သန္တဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၂၁၁-၂၂၀
နိဗ္ဗာန်ကို သင်္ခါရူပသမဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၂၂၀-၂၂၄
နိဗ္ဗာန်ကို ခေမဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၂၂၄-၂၂၈
နိဗ္ဗာန်ကို ဥပဓိက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၂၂၈-၂၃၁

အကြောင်းအရာ		စာမျက်နှာ
နိဗ္ဗာန်ကို ဥပဓိသခ်ယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၃၁-၂၃၃
နိဗ္ဗာန်ကို ဆန္ဒရာဂ ဝိနယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၃၃-၂၃၅
နိဗ္ဗာန်ကို ဆန္ဒရာဂပဟာနဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၃၅-၂၃၇
နိဗ္ဗာန်ကို ဒုက္ခက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၃၇-၂၄၁
နိဗ္ဗာန်ကို ဇာတိမရဏသခ်ယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၄၁-၂၄၃
နိဗ္ဗာန်ကို ပါရဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၄၃-၂၅၄
နိဗ္ဗာန်ကို နိပုဏဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၅၄-၂၅၉
နိဗ္ဗာန်ကို ဒုဒ္ဒသဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၅၉-၂၆၁
နိဗ္ဗာန်ကို သုဒုဒ္ဒသဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၆၁-၂၆၄
နိဗ္ဗာန်ကို ဒုပ္ပဿဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၆၄-၂၆၅
နိဗ္ဗာန်ကို ဂမ္ဘီရဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၆၅-၂၆၈
နိဗ္ဗာန်ကို အဇာတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၆၉-၂၇၀
နိဗ္ဗာန်ကို အဇာတိဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၇၀-၂၇၁
နိဗ္ဗာန်ကို အပပ္ပဝတ္တဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၇၁-၂၇၅
နိဗ္ဗာန်ကို အဇရဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၇၅-၂၇၈
နိဗ္ဗာန်ကို အဇဇ္ဇရဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၇၈-၂၈၀
နိဗ္ဗာန်ကို အမတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၈၀-၂၈၉
နိဗ္ဗာန်ကို အစ္ဆုတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၈၉-၂၉၃
နိဗ္ဗာန်ကို နိစ္စဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၉၃-၂၉၆
နိဗ္ဗာန်ကို သဿတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၉၆
နိဗ္ဗာန်ကို ဓုဝဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၂၉၆-၃၀၀
နိဗ္ဗာန်ကို အပလောကိနဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၀၁-၂
နိဗ္ဗာန်ကို အပလောကိတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၀၂
နိဗ္ဗာန်ကို အပလောကိယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၀၃
နိဗ္ဗာန်ကို အဝိပရိဏာမဓမ္မဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၀၄
နိဗ္ဗာန်ကို အနန္တဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၀၅-၈
နိဗ္ဗာန်ကို အဗျာဓိဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၀၈
နိဗ္ဗာန်ကို အက္ခရဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၀၉-၃၁၂

အကြောင်းအရာ		စာမျက်နှာ
နိဗ္ဗာန်ကို အဗျာပဇ္ဇဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၁၂
နိဗ္ဗာန်ကို အနိတိကဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၁၃-၃၁၆
နိဗ္ဗာန်ကို အနိတိကဓမ္မဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၁၆-၃၁၉
နိဗ္ဗာန်ကို အနုပဒဒ်ဝဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၁၉-၃၂၁
နိဗ္ဗာန်ကို အနုပသဋ္ဌဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၂၁-၃၂၂
နိဗ္ဗာန်ကို အဘယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၂၂-၃၂၅
နိဗ္ဗာန်ကို သိဝဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၂၅-၃၃၀
နိဗ္ဗာန်ကို ပဒဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၃၀-၃၃၄
နိဗ္ဗာန်ကို သုခဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၃၄-၃၄၀
နိဗ္ဗာန်ကို အနုတ္တရဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၄၀-၃၄၂
နိဗ္ဗာန်ကို ပဏီတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၄၂-၃၄၅
နိဗ္ဗာန်ကို သုဒ္ဓိဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၄၅-၃၄၈
နိဗ္ဗာန်ကို လေဏဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၄၈-၃၅၃
နိဗ္ဗာန်ကို တာဏဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၅၃-၃၅၈
နိဗ္ဗာန်ကို သရဏဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၅၈-၃၆၁
နိဗ္ဗာန်ကို ပရာယဏဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၆၁-၃၆၅
နိဗ္ဗာန်ကို အဘ္ဘုတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၆၅-၃၆၇
နိဗ္ဗာန်ကို အစ္ဆရိယဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၆၇-၃၆၉
နိဗ္ဗာန်ကို ဥတ္တရဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၆၉
နိဗ္ဗာန်ကို လောကုတ္တရဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၇၀
နိဗ္ဗာန်ကို နိဿရဏဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၇၂-၃၇၈
နိဗ္ဗာန်ကို အစလဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၇၈
နိဗ္ဗာန်ကို ဒိသာဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၇၉-၃၈၃
နိဗ္ဗာန်ကို ဒီပဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၈၃-၃၈၆
နိဗ္ဗာန်ကို ပတိဋ္ဌာဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၈၆-၇
နိဗ္ဗာန်ကို အသမဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၈၇-၈
နိဗ္ဗာန်ကို ဇေဋ္ဌဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	၃၈၈-၉

အကြောင်းအရာ			စာမျက်နှာ
နိဗ္ဗာန်ကို ကောဝလဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၃၈၉-၉၁
နိဗ္ဗာန်ကို အပဝဂ္ဂဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၃၉၁-၂
နိဗ္ဗာန်ကို ဝိဝဋ္ဋဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၃၉၂-၃
နိဗ္ဗာန်ကို နိဗ္ဗုတိဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၃၉၃-၅
နိဗ္ဗာန်ကို အနင်္ဂဏဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၃၉၅-၆
နိဗ္ဗာန်ကို အရဏဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၃၉၆-၇
နိဗ္ဗာန်ကို အပပ္ပမာဏဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၃၉၇-၈
နိဗ္ဗာန်ကို အကာစဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၃၉၈-၉
နိဗ္ဗာန်ကို ဝိမလဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၃၉၉-၄၀၀
နိဗ္ဗာန်ကို အကိဉ္စနဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၀၀
နိဗ္ဗာန်ကို နိပ္ပပဉ္စဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၀၁
နိဗ္ဗာန်ကို အကတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၀၂-၄၀၅
နိဗ္ဗာန်ကို သစ္စဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၀၅-၄၀၈
နိဗ္ဗာန်ကို အနတဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၀၈-၄၁၀
နိဗ္ဗာန်ကို အနိဒဿနဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၁၀-၄၁၂
နိဗ္ဗာန်ကို ဝိသခ်ါရဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၁၂-၄၁၄
နိဗ္ဗာန်ကို သဗ္ဘိဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၁၄-၄၁၆
နိဗ္ဗာန်ကို သဗ္ဗဂန္ထပမောစနဟူ၍ ခေါ်ဆိုအပ်ကြောင်း	....		၄၁၆
နိဗ္ဗာန်ကို အန္တဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၁၇-၄၂၀
နိဗ္ဗာန်ကို ဝိဝေကဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၂၀-၄၂၃
နိဗ္ဗာန်ကို ဝိရဇ်ဟူ၍ ခေါ်ဆိုအပ်ကြောင်း	....	....	၄၂၃-၄၂၄
ရုပ်ထူး နာမ်ထူးသည် နိဗ္ဗာန် မဟုတ်၊ ထိုရုပ်ထူး နာမ်ထူးကို နိဗ္ဗာန်ဟု အာရုံပြု၍ မဂ္ဂဝိထိဖြစ်မှု မရှိပုံကို ပြခြင်း			၄၂၄
အသခ််တဓာတ်၌ ရုပ်ထူး မရှိကြောင်း	....	....	၄၂၄-၄၃၅
အသခ််တဓာတ်၌ နာမ်ထူး မရှိကြောင်း	....	....	၄၃၅-၄၄၀
အသခ််တဓာတ်၌ ရုပ်ထူး နာမ်ထူး မရှိကြောင်း	....	....	၄၄၀-၄၄၄

အကြောင်းအရာ	စာမျက်နှာ
နိဗ္ဗာန်ကို ဂေါတြဘူ, မင်္ဂတို့ ပြိုးပြိုးပြက်ပြက် စသော အရောင် အဆင်းဖြင့် အာရုံ မပြုနိုင်၊ ထို့ကဲ့သို့ အာရုံပြု၍ မဂ္ဂဝီထိဖြစ်မှု မရှိပုံကို ပြခြင်း	၄၄၄-၄၅၂
ဂေါတြဘူ, မင်္ဂတို့သည် ရဟန္တာစုတိနောင်ဖြစ်ပေါ်လာသော နိဗ္ဗာန်ကို အာရုံမပြု၊ ထို့ကဲ့သို့ အာရုံပြု၍ မဂ္ဂဝီထိဖြစ်မှု မရှိပုံကိုပြခြင်း	၄၅၂-၄၅၉
ဂေါတြဘူ, မင်္ဂတို့သည် ကိလေသာကုန်မှု, ခန္ဓာကုန်မှု နိဗ္ဗာန်ကို အာရုံမပြု၊ ထို့ကဲ့သို့ အာရုံပြု၍ မဂ္ဂဝီထိဖြစ်မှု မရှိပုံကို ပြခြင်း	၄၅၉-၄၇၃
လကို ကြည့်၍ လထဲ၌ ဘုရားထင်ခြင်းကြောင့် မဂ္ဂဝီထိဖြစ်မှု မရှိပုံကို ပြခြင်း	၄၇၃-၄၇၉

မာတိကာ ပြီး၏။

သမုပ္ပါဒနိဒ္ဒေဝကထာ

ဒုတိယဘဏ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယပဏာမဂါထာ

၁။ နာနာပစ္စယဒေသေန္တံ၊ ဂမ္ဘီရဓမ္မဂေါစရံ။
ဗုဒ္ဓဥ္စ အတုလံ ဉာဏံ၊ ဓမ္မံ ဗုဒ္ဓေဟိ ပူဇိတံ။

၂။ ဝိသုဒ္ဓမာနသံ သံဃံ၊ တိဓေ နတ္ထာန အာဒရံ။
ဥပဇ္ဈာယေ စ အာစေရေ၊ ဗဟူပကာရကေ မမ။

၃။ နတ္ထာန သိရသာ တဿ၊ သမုပ္ပါဒနိရောဓကံ။
ကရိဿံ ဒုတိယံ ကဏ္ဍံ၊ ဝိဇောတေတုံဝ သာသနံ။

၁။ အဟံ၊ ငါဟုသမုတ် နာမ်, ရုပ်အစုသည်။ နာနာပစ္စယဒေသေန္တံ၊ အထူးထူး အပြားပြားသော အကြောင်းတရား ပစ္စည်းတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူတတ်ထသော။ ဂမ္ဘီရဓမ္မဂေါစရံ၊ နက်နဲသောတရားအပေါင်းတည်းဟူသော ကျက်စားရာအာရုံလည်းရှိတော်မူထသော။ အတုလံ၊ မနှိုင်းယှဉ်အပ်သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန-စသော ဂုဏ်တော် အပေါင်းလည်းရှိတော်မူထသော။ ဉာဏံ၊ အလုံးစုံသိထိုက်သော တရားဟူသမျှတို့ကို အကြွင်းမရှိ သိတော်မူတတ်သော သဗ္ဗညုတဉာဏ်တော်လည်း ရှိတော်မူထသော။ ဗုဒ္ဓဥ္စ၊ သစ္စာလေးပါးတရားတို့ကို မိမိလည်းသိ, သူတပါးတို့ကိုလည်း သိစေတော်မူတတ်သော ဘုရားဟု သမုတ်အပ်သော အစဉ်မပြတ် ဖြစ်တော်မူခဲ့ပြီးသော ပရမတ္ထဓန္ဓာတော် အပေါင်းကိုလည်း။ တိဓာ၊ သုံးပါးသော ဒွါရတို့ဖြင့်။ အာဒရံ၊ ရှိသေစွာ။ နတ္ထာန-နမာမိ၊ ရှိခိုးပါ၏။ နတ္ထာန၊ ရှိခိုးပြီး၍။ ဗုဒ္ဓေဟိ၊ ဘုရားရှင်တို့သည်။ ပူဇိတံ၊ ပူဇော်အပ်တော်မူထသော။ ဓမ္မဥ္စ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိ တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ တိဓာ၊ သုံးပါးသော ဒွါရတို့ဖြင့်။ အာဒရံ၊ ရှိသေစွာ။ နတ္ထာန-နမာမိ၊ ရှိခိုးပါ၏။ နတ္ထာန၊ ရှိခိုးပြီး၍—

၂။ ဝိသုဒ္ဓမာနသံ၊ အထူးသဖြင့် ကိလေသာတို့မှ စင်ကြယ်သော စိတ်တော်လည်း ရှိတော်မူထသော။ သံဃဥ္ဇ၊ ရှစ်ယောက်သော ပရမတ္ထ သံဃာတော်အပေါင်းကိုလည်း။ တိဓာ၊ သုံးပါးသော ဒ္ဒါရတို့ဖြင့်။ အာဒရံ၊ ရှိသေစွာ။ နတ္ဝာန–နမာမိ၊ ရှိခိုးပါ၏။ နတ္ဝာန၊ ရှိခိုးပြီး၍။ မမ၊ ငါ့အား။ ဗဟူပကာ-ရကော၊ သာသနာတော်၌ များစွာကျေးဇူးကိုပြုတတ်ကုန်သော။ ဥပဇ္ဈာယေ စ၊ **ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင် ဆရာတော်ဘုရားကြီး, စစ်တွေမြို့ အနောက် ပေါက်တောချောင်တောရ နာဇီဘုန်းတော်ကြီးဟု** ဆိုအပ်ကုန်သော ဥပဇ္ဈာယ် ဆရာတို့ကိုလည်းကောင်း။ အာစရေ စ၊ ဥပဇ္ဈာယ်ဆရာတို့မှ ကြွင်းကုန်သော ဆရာတို့ကိုလည်းကောင်း—

၃။ သိရသာ၊ ဦးခေါင်းဖြင့်။ နတ္ဝာန–နမာမိ၊ ရှိခိုးပါ၏။ နတ္ဝာန၊ ရှိခိုးပြီး၍။ ယံသမုပ္ပါဒနိရောဓံ၊ အကြင်သမုပ္ပါဒနိရောဓ ကျမ်းသည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထို သမုပ္ပါဒနိရောဓ ကျမ်း၏။ ဒုတိယံ၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ကဏ္ဍံ၊ ကဏ္ဍကို။ ဝါ၊ အပိုင်းကို။ သာသနံ၊ ဘုရားရှင်၏ အလိုတော်အတိုင်း ဆုံးမရာ, ဆုံးမကြောင်းဖြစ်သော သာသနာတော်ကို။ ဝိဇော-တေတုံဝ–ဝိဇောတေတုံ ဇဝ၊ အထူးသဖြင့် ထွန်းလင်း တောက်ပ စေခြင်းငှါ သာလျှင်။ ကရိဿံ–ကရိဿာမိ၊ ပြုပေတော့အံ့။

ရတနတ္တယာဒိ ပဏာမဓာတ်း ပြီး၏။

ဝိညာဏပစ္စယာ နာမရူပံအဓိကာနိ

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ

ဤသို့ ဝန်ခံအပ်သည်နှင့်အညီ သမုပ္ပါဒနိရောဓက ကျမ်း၏ ပဌမပိုင်းဌ် သခ်ါရကြောင့် ဝိညာဏ်ဖြစ်သည်ကို ဖော်ထုတ်ပြဆိုအပ်ပြီး၍ ယခုအခါ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံကို ဖော်ထုတ်ပြပေအံ့။ ဝိညာဏ်သည် သခ်ါရ ကြောင့် ဖြစ်သော အကျိုးပဋိစ္စသမုပ္ပန္န တရားသာ ဖြစ်သည် မဟုတ်သေး။ နာမ်, ရုပ် တရားတို့၏ အကြောင်းဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်တရားလည်း ဖြစ်သေးသည်သာလျှင်တည်း။ ထိုသို့ ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒဝိဘင်း စသည်တို့ကို ဝေဘန်၍ ဟောတော်မူရာတို့ဌ်“ဝိညာဏပစ္စယာနာမရူပံ”ဟူ၍ဟောတော်မူအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ဝိညာဏပစ္စယာ၊ အာရုံကို ရှေသွားပြု၍ သိတတ်သော ဝိညာဏ်ဟူသော အကြောင်းကြောင့်။နာမရူပံ၊ အာရုံသို့ ရှေးရှုညွတ်တတ်သော သဘောလက္ခဏာရှိသော နာမ်, ထင်ရှားဖောက်ပြန်တတ်သော သဘောလက္ခဏာရှိသောရုပ်, ဤဆိုအပ်ပြီးသော နာမ်, ရုပ် တရားနှစ်ပါးသည်။ သမ္ဘဝတိ၊ ထင်ရှားဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်ကို ထောက်၍ ဝိညာဏ်တည်းဟူသော အသိသဘောသည် နာမ်, ရုပ် တရားနှစ်ပါးတို့၏ အကြောင်းတရား အမှန်ဖြစ်သည်ကို ထင်ရှားသိကြကုန်။

ဝိညာဏ်နှစ်ပါး။ ။ထို နာမ်, ရုပ်တို့၏ အကြောင်းဖြစ်သော ဝိညာဏ်သည် လည်း ပဋိသန္ဓေအခါ၌ ဖြစ်သော ဝိညာဏ်, ပဝတ္တိအခါ၌ ဖြစ်သော ဝိညာဏ်ဟူ၍ နှစ်ပါးရှိ၏။ ထို နှစ်ပါးသော ဝိညာဏ်ကို (သမုပ္ပါဒနိရောဓကျမ်း၏ ပဌမပိုင်းဌ်) ဖော်ပြအပ်ခဲ့လေပြီ။ ထို နှစ်ပါးသော ဝိညာဏ်တို့တွင် အဘယ်ဝိညာဏ်သည် နာမ်, ရုပ် တို့၏အကြောင်း ဖြစ်လေသနည်းဟူမူ—နှစ်ပါးစလုံးသော ဝိညာဏ်သည်ပင် နာမ်, ရုပ်တရားနှစ်ပါးတို့၏ အကြောင်းဖြစ်လေသည်သာတည်း။ ထိုသို့ပင် နာမ်, ရုပ် တို့၏ အကြောင်း ဖြစ်သော်လည်း ပဋိသန္ဓေအခါ၌ဖြစ်သော ပဋိသန္ဓေ ဝိညာဏ်သည် ပဋိသန္ဓေအခါ၌ အတူဖြစ်ကုန်သော နာမ်, ရုပ် တရားတို့၏ အကြောင်းတရားဖြစ်၏။ ပဝတ္တိအခါ၌ဖြစ်သော ဝိညာဏ်သည် ပဝတ္တိအခါ၌ အတူဖြစ်ကုန်သော နာမ်, ရုပ် တရားတို့၏ အကြောင်းတရား ဖြစ်၏။

အပါယ်လေးဘုံ၌ ပဋိသန္ဓေဝိညာဏ်သည် မိမိနှင့်အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံ

ထို အကြောင်းဖြစ်ကုန်သော ဝိညာဏ်တရားနှစ်ပါးတို့တွင် ပဋိသန္ဓေအခါ၌ ဖြစ်သော ဝိညာဏ်သည် ပဋိသန္ဓေအခါ၌ အတူဖြစ်ကုန်သော နာမ်, ရုပ် တရားနှစ်ပါးတို့၏ အကြောင်းခံ ဘယ်ကဲ့သို့ ဖြစ်သနည်းဟူမူ–ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်တည်းဟူသော အပါယ်လေးဘုံတို့တွင် တဘုံဘုံ၌ ပဋိသန္ဓေနေသော သူအား သတ္တဝါမပေါ်ဘဲ အသိဝိညာဏ်သည်သာလျှင် (သမုဗ္ဗပါဒ–နိဒေါဓကကျမ်း) ပဌမပိုင်း၌ ဖော်ပြအပ်ခဲ့ပြီးသည်အတိုင်း ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ထို ပဋိသန္ဓေဝိညာဏ်စိတ်သဘော ဖြစ်ပေါ်လာသည် တပြိုင်နက် ထို ပဋိသန္ဓေဝိညာဏ်စိတ်သဘောသည် ယူအပ်သော ၎င်းအာရုံကိုသာလျှင် အာရုံပြု၍ ၎င်းအာရုံသို့ ရှေးရှုညွတ်ကိုင်းလျက် အာရုံကို တွေ့တတ်သောသဘော ဖဿ၊ ခံစားတတ်သော သဘော ဥပေက္ခာဝေဒနာ၊ မှတ်တတ်သောသဘော သညာ၊ ၎င်း အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်တတ်သောသဘော စေတနာ၊ ၎င်း အာရုံ၌ သမ္ပယုတ်တရားတို့ကို မပုံ့မလွှင့်တည့်စေတတ်သောသဘော ဧကဂ္ဂတာ၊ ၎င်း အာရုံ၌ သမ္ပယုတ်တရားတို့ကို စောင့်ရှောက်တတ်, အစိုးရသည်၏ အဖြစ်ကို ပြုတတ်သောသဘော ဇီဝိတိန္ဒြေ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို စိုင်းနှင်တတ်, ရှေးရှုဖြစ်စေတတ်သောသဘော မနသိကာရ၊ ၎င်းအာရုံသို့ သမ္ပယုတ်တရားတို့ကိုရောက်အောင် တင်တတ်သောသဘော ဝိတက်၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို တရစ်ဝဲဝဲသုံးသပ်စေတတ်သောသဘော ဝိစာရ၊ ၎င်း အာရုံကို ဆုံးဖြတ်တတ်သောသဘော အဓိမောက္ခ၊ ဤ ဆိုအပ်ခဲ့ပြီးသော စေတသိက် (ဆယ်ပါး) တို့သည် ၎င်း ပဋိသန္ဓေ ဝိညာဏ်စိတ်နှင့် အညီအညွတ် အပြားတို့ဖြင့်ယှဉ်ပြီးလျှင် မရှေးမနှောင်း အတူတကွ ဖြစ်ပေါ်ကြလေကုန်၏။ ထို ပဋိသန္ဓေဝိညာဏ်စိတ်နှင့် အတူဖြစ်ပေါ်ကုန်သော ၎င်း ပရမတ္ထတရားဆယ်ပါးတို့ကို စေတသိက်ဟူ၍လည်းကောင်း၊ နာမဟူ၍လည်းကောင်း ခေါ်ဆိုအပ်ကုန်သည်။ အဘယ်ကြောင့် ၎င်းဆယ်ပါးကုန်သော ပရမတ္ထတရားတို့ကို စေတသိက်ဟု ခေါ်ဆိုအပ်ကုန်သနည်းဟူမူ—၎င်းပရမတ္ထတရားတို့သည် အာရုံကို သိတတ်သော သဘောဟုဆိုအပ်သော စိတ်နှင့် မကွေမကွာ အမြဲယှဉ်သည်၏ အစွမ်းဖြင့် ဖြစ်တတ်ကုန်၏။ ထိုကြောင့် ၎င်းဆယ်ပါးကုန်သော ပရမတ္ထသဘောတရားတို့ကို စေတသိက်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိစေလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် စိတ္တုပ္ပါဒကဏ္ဍ-ဒုကမာတိကာ အဖွင့် မျက်နှာနုံပါတ် (၉၂) ၌—

အဝိပ္ပယောဂဝသေန စေတသိ နိယုတ္တာတိ စေတသိကာ။

ဟူ၍ မိန့်ဆိုလေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ယေ ဓမ္မာ၊ အကြင်သဘောတရားတို့သည်။ အဝိပ္ပယောဂဝသေန၊ မကွေ မကွာ အမြဲယှဉ်သည်၏အစွမ်းဖြင့်။ စေတသိ၊ အာရုံကိုသိတတ်သောသဘောဟု ဆိုအပ်သောစိတ်၌။ နိယုတ္တာ၊ ယှဉ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ တေ ဓမ္မာ၊ ထိုတရားတို့သည်။ စေတသိကာ၊ စေတသိက်မည်ကုန်၏။ ဝါ၊ စိတ်၌ မကွေမကွာ မြဲသောအစွမ်းဖြင့် ယှဉ်ကုန်သော သဘောတရားတို့ မည်ကုန်၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍ မကွေမကွာမြဲသည်၏ အစွမ်းဖြင့် စိတ်၌ယှဉ်၍ဖြစ်တတ်ကုန်သော ဖဿ အစရှိကုန်သော သဘောတရားတို့ကို စေတသိက်ဟု ခေါ်ဆိုအပ်ကုန်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဖဿစသော ၁၀-ပါးသောတရားတို့ နာမ်မည်ပုံ

၎င်းဖဿစသော ဆယ်ပါးသော ပရမတ္ထသဘောတရားတို့ကို အဘယ်ကြောင့် နာမဟု ခေါ်ဆိုအပ်ကုန်သနည်းဟူမူ—မိမိ၏အမည်ကို ပြုတတ်ကုန်သောကြောင့်လည်းကောင်း၊ အာရုံသို့ ရှေးရှုညွတ်တတ်ကုန်သောကြောင့် လည်းကောင်း၊ အချင်းချင်းအာရုံသို့ ညွတ်စေကုန်သောကြောင့်လည်းကောင်း နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိစေလိုတော်မူသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် သုတ္တန္တိက ဒုကမာတိကာ နာမရူပဒုက်အဖွင့် စာမျက်နှာ (၉၄) ၌—

နာမကရဏဋ္ဌေန, နမနဋ္ဌေန, နာမနဋ္ဌေန စ နာမံ။

ဟူ၍ မိန့်ဆိုတော်မူလေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

နာမကရဏဋ္ဌေန စ၊ အမည်ကို ပြုတတ်သည်၏ အဖြစ်ဟူသော သဘောကြောင့်လည်း။ ဝါ၊ အမည်ကို ပြုတတ်သည်၏ အဖြစ်ဟူသော သကတ်အနက်ကြောင့်လည်း။ နာမံ၊ နာမမည်၏။ နမနဋ္ဌေန စ၊ အာရုံသို့ ရှေးရှုညွတ်တတ်သည်၏ အဖြစ်ဟူသော သဘောကြောင့်လည်း။ ဝါ၊ အာရုံသို့ ရှေးရှုညွတ်တတ်သည်၏ အဖြစ်ဟူသော သကတ်ကြောင့်လည်း။ နာမံ၊ နာမမည်၏။ နာမနဋ္ဌေန စ၊ အချင်းချင်း အာရုံသို့ ညွတ်စေတတ်သည်၏ အဖြစ်ဟူသော သဘောကြောင့်လည်း။ ဝါ၊ အချင်းချင်းအာရုံသို့ ညွတ်စေတတ်သည်၏ အဖြစ်ဟူသော သကတ်ကြောင့်လည်း။ နာမံ၊ နာမမည်၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားဧတာ်ကိုထောက်၍ မိမိတို့၏အမည်ကို ပြုတတ်သောကြောင့် လည်းကောင်း၊ အာရုံသို့ ညွတ်တတ်သောကြောင့် လည်းကောင်း၊ အချင်းချင်း အာရုံသို့ ညွတ်စေတတ်သောကြောင့်လည်းကောင်း နာမဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ အကျယ်ကို ၎င်းအဋ္ဌကထာ နိဂ္ဂေပကဏ္ဍ နာမအဖွင့်၌ ယူကြကုန်။

ကျန်သောတရားများလည်း နာမ်မည်ပုံ

ထိုပြဆိုအပ်ပြီးသော ဖဿ စသော သဘောဆယ်ခုတို့ကိုသာ နာမဟု ခေါ်ဆိုအပ်ကုန်သည်မဟုတ်သေး။ ၎င်းဆယ်ခုတို့မှကြွင်းကုန်သော ကျန်သောစေတသိက်လေးဆယ့်နှစ်ပါးတို့ကိုလည်းကောင်း၊ အလုံးစုံသော ဝိညာဏ်စိတ်တို့ကို လည်းကောင်း၊ အသင်္ခတဓာတ် နိဗ္ဗာန်ကိုလည်းကောင်း နာမ-ဟူ၍ပင် ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ခေါ်ဆိုအပ်ကုန်သည်၏ အဖြစ်ကိုလည်း ဘုရားရှင်သည် ဓမ္မသင်္ဂဏီပါဠိတော် နိဂ္ဂေပကဏ္ဍ သုတ္တန္တိက နာမရူပဒုက် စာမျက်နှာ (၂၅၆)၌—

> တတ္ထ ကတမံ နာမံ။ ဝေဒနာက္ခန္ဓော, သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော, အသင်္ခတာ စ ဓာတု။ ဣဒံ ဝုစ္စတိ နာမံ။

ဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍ သိကြကုန်။

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ၊ ထိုသုတ္တန္တိက မာတိကာ၌။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ နာမံ၊ နာမမည်သောတရားသည်။ တနည်းကား။ တတ္ထ၊ ထိုနာမ်ရုပ် နှစ်ပါးတို့တွင်။ နာမံ၊နာမဟု ဆိုအပ်သော တရားသည်။ ကတမံ၊အဘယ်နည်း။ဝေဒနာက္ခန္ဓော စ၊ ဝေဒနာက္ခန္ဓာသည်လည်းကောင်း။ သညာက္ခန္ဓော စ၊ သညာက္ခန္ဓာသည်လည်းကောင်း။သင်္ခါရက္ခန္ဓော စ၊ သင်္ခါရက္ခန္ဓာသည်လည်းကောင်း။ဝိညာဏက္ခန္ဓော စ၊ ဝိညာဏက္ခန္ဓာသည်လည်းကောင်း။ အသင်္ခတာ၊ သင်္ခတ တရား၏ ပဋိပက္ခ ဖြစ်သော။ ဓာတု စ၊ မဖြစ် မပျက်သော လက္ခဏာကို ဆောင်တတ်သော သဘောသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤဆိုအပ်ပြီးသော သဘောတရားဟူသမျှကို။ နာမံ၊ နာမဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ ကြွင်းသောစေတသိက်နှင့်တကွ အလုံးစုံသော ဝိညာဏ်စိတ်, အသင်္ခတဓာတ်နိဗ္ဗာန် ဤဆိုအပ်ပြီးသော သဘောတရားဟူသမျှကိုပင် နာမ-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြကုန်။ ထိုပြဆိုအပ်ကုန်ပြီးသော စိတ်, စေတသိက်, အသင်္ခတဓာတ် နိဗ္ဗာန် ဤတရားတို့တွင် စိတ်, စေတသိက်တရားတို့ကို နာမ-ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ရှေးဦးပြဆိုအပ်ပြီးသောနည်းအတိုင်း သိကြကုန်။

နိဗ္ဗာန် နာမ်မည်ပုံ

အသခ်ံတဓာတ် နိဗ္ဗာန်ကို အဘယ်ကြောင့် နာမ ဟု ခေါ်ဆိုအပ်သနည်း ဟူမူ– မိမိ၏အမည်နာမကို ပြုတတ်သောကြောင့်လည်းကောင်း၊ အာရမ္မဏာဓိပတိ ပစ္စည်းဖြစ်သောကြောင့် အပြစ်မရှိသော မဂ်, ဖိုလ် စသောတရားတို့ကို မိမိသို့ ညွတ်စေတတ်သောကြောင့် လည်းကောင်း နာမ–ဟု ခေါ်ဆိုအပ်လေသည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် နိဂ္ဂေပကဏ္ဍ မျက်နှာနံပါတ် (၄၂၂)၌—

နိဗ္ဗာနံ ပန သဒ္ဒါပိ နိဗ္ဗာနမေဝါတိ နာမကရဏဋ္ဌေန နာမံ။ ပ။ နိဗ္ဗာနံ အာရမ္မဏာဓိပတိပစ္စယတာယ အတ္တနိ အနဝဇ္ဇဓမ္မေ နာမေတိ။

ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍ သိကြကုန်။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အထူးကို ဆိုဦးအံ့။ နိဗ္ဗာနံ၊ အသခ်ံတဓာတ် နိဗ္ဗာန်သည်။ သဒ္ဒါပိ၊ အခါခပ်သိမ်းလည်း။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်မည်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ နာမကရဏဋ္ဌေန၊ အမည်ကို ပြုတတ်သော သဘောကြောင့်။ နာမံ၊ နာမမည်၏ ။ ပ ။ နိဗ္ဗာနံ၊ အသခ်ံတဓာတ် နိဗ္ဗာန်သည်။ အာရမ္မဏာဓိပတိပစ္စယတာယ၊ အာရမ္မဏာဓိပတိ ပစ္စည်း၏အဖြစ်ကြောင့်။ အတ္တနိ၊ မိမိ၌။ ဝါ၊ မိမိသို့။ အနဝဇ္ဇဓမ္မေ၊ အပြစ်ကင်းသော မဂ်, ဖိုလ် စသော တရားတို့ကို။ နာမေတိ၊ ညွတ်စေတတ်၏။ ဣတိနာမဋ္ဌေန၊ (ထည့်) ဤသို့ အပြစ်မရှိသော တရားတို့ကို ညွတ်စေတတ်သော သဘောကြောင့်။ နာမံ၊ နာမ မည်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာစကားတော်ကို ထောက်၍ မိမိအမည်ကို ပြုတတ်သော သဘောကြောင့်လည်းကောင်း၊ အပြစ်မရှိသော မဂ်,ဖိုလ် စသော တရားတို့ကို မိမိသို့ ညွတ်စေတတ်သော သဘောကြောင့်လည်းကောင်း နာမ-ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိကြကုန်။

ဤ ပြဆိုအပ်ကုန်ပြီးသော နာမ–အမည်ကို ရကုန်သော စိတ်, စေတသိက်, နိဗ္ဗာန်တရားတို့တွင် စိတ်တည်းဟူသော ဝိညာဏ်ဟု ခေါ်အပ်သော ပရမတ္ထသဘောတရားသည် စင်စစ် အာရုံသို့ ညွတ်တတ်, အချင်းချင်း ညွတ်စေတတ်သောကြောင့် နာမ–ဟူသော အမည်ကိုရပါလျက် အဘယ်ကြောင့် ပဋ္ဌာန-သမုဂ္ဂါဒဝိဘင်းပါဠိတော် (၁၄၆)၌—

ဝိညာဏပစ္စယာ နာမံ။

ဟူ၍ အတူဖြစ်သော သမ္မယုတ်တရားကိုသာလျှင် နာမ–ဟု အမည်တပ်၍ ဟောတော်မူအပ်လေသနည်း ဟူမူ– ၎င်းဝိညာဏ် စိတ်သည် မိမိနှင့်အတူ ဖြစ်

သော နာမ်, ရုပ်တရားတို့၏ ရှေ့ဆောင် ရှေ့သွား အကြောင်းခံတရားဖြစ်၏ဟု သိစေခြင်းငှါ လည်းကောင်း၊ ၎င်းနာမ်ရုပ်တရားတို့၏ ဖြစ်မှုသည် ၎င်းဝိညာဏ် စိတ်နှင့်သာ စပ်၏ဟု သိစေခြင်းငှါ လည်းကောင်း ဝိညာဏပစ္စယာ နာမံ-ဟူ၍ ဟောတော် မူအပ်လေသည်ဟု သိကြကုန်။

၎င်းအကြောင်းခံဖြစ်သော အပါယ်လေးဘုံ၌ ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် မိမိနှင့်အတူ ဖြစ်ကုန်သော နာမ-ဟု ခေါ်ဆိုအပ်ကုန်သော သမ္မယုတ်တရားတို့အား အဘယ်သို့ အကြောင်းခံလေသနည်း ဟူမူ—

၎င်းပဋိသန္ဓေ ဝိညာဏ်သည် မိမိနှင့်အတူ ဖြစ်ကုန်သော နာမ-ဟု ခေါ်ဆိုအပ်ကုန်သော သမ္မယုတ်တရားတို့အား မိမိ ဖြစ်ပေါ်သော အခါ အတူတကွ ဖြစ်ပေါ်စေရန် ကျေးဇူးပြုတတ်သောကြောင့် သဟဇာတ ပစ္စည်းဖြင့်လည်း အကြောင်းခံပေ၏။ ၎င်းပဋိသန္ဓေဝိညာဏ်သည် ၎င်းသမ္မယုတ်တရားတို့အား အတူတကွ ဖြစ်စေရန် ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် အညမညပစ္စည်းဖြင့်လည်း အကြောင်းခံပေ၏။ ၎င်းပဋိသန္ဓေဝိညာဏ်သည် ၎င်းသမ္မယုတ်တရားတို့အား မိမိကိုမှီ၍ ဖြစ်ပေါ်စေရန် ကျေးဇူးပြုတတ်သောကြောင့် နိဿယပစ္စည်းဖြင့်လည်း အကြောင်းခံပေ၏။ ၎င်းပဋိသန္ဓေ ဝိညာဏ်သည် ၎င်းသမ္မယုတ်တရားတို့အား အကျိုးဝိပါက်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဝိပါကပစ္စည်းဖြင့်လည်း အကြောင်းခံပေ၏။၎င်းပဋိသန္ဓေဝိညာဏ်သည် ၎င်းသမ္မယုတ်တရားတို့အား အတူဖြစ်အောင် ဆောင်သောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရ ပစ္စည်းဖြင့်လည်း အကြောင်းခံပေ၏၊ ၎င်းပဋိသန္ဓေ ဝိညာဏ်သည် ၎င်းသမ္မယုတ်တရားတို့အား သိခြင်းလက္ခဏာအရာဌ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောကြောင့် ဣန္ဒြိယပစ္စည်းဖြင့်လည်း အကြောင်းခံပေ၏၊ ၎င်းပဋိသန္ဓေဝိညာဏ်သည် ၎င်းသမ္မယုတ်တရားတို့အား သမ္မယုတ္တလက္ခဏာလေးပါးတို့နှင့် ယှဉ်စေသောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် သမ္မယုတ္တပစ္စည်းဖြင့်လည်း အကြောင်းခံပေ၏။ ၎င်းပဋိသန္ဓေဝိညာဏ်သည် ၎င်းသမ္မယုတ်တရားတို့အား အတူဖြစ်ပေါ်ဆဲအားဖြင့် ရှိခိုက် ကျေးဇူးပြုတတ်သောကြောင့် အတ္ထိပစ္စည်းဖြင့်လည်း အကြောင်း ခံပေ၏။ ၎င်းပဋိသန္ဓေ ဝိညာဏ်သည် ၎င်းသမ္မယုတ်တရားတို့အား အတူဖြစ်ပေါ်ခိုက် မကင်းသောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် အဝိဂတ ပစ္စည်းဖြင့်လည်း အကြောင်းခံပေ၏။

ဤသို့လျှင် ပဋိသန္ဓေ ဝိညာဏ်သည် မိမိနှင့် အတူတကွ သမ္မယုတ္တ လက္ခဏာအားဖြင့် ယှဉ်၍ ဖြစ်ကုန်သော နာမ-တရား တို့အား ကိုး ပစ္စယသတ္တိဖြင့် အကြောင်းခံ၍ ကျေးဇူးပြုသည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ထိုနည်းအတူ ပဝတ္တိအခါ၌ဖြစ်သော ဝိပါက်ဖြစ်သော ဝိညာဏ်သည်လည်း မိမိနှင့်အတူဖြစ်သော သမ္မယုတ်တရားတည်းဟူသော စေတသိက်ဟု ဆိုအပ်သော နာမ်တရားအား ပဋိသန္ဓေဝိညာဏ်၌ ပြဆိုအပ်ပြီးသော ကိုး ပစ္စည်းဖြင့်သာလျှင် ကျေးဇူးပြုသောအားဖြင့် အကြောင်းခံပေ၏။ ထိုသို့ အကြောင်းခံသည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော သမ္မာဟဝိနောဒနီအဋ္ဌကထာရှင် သည် ပဋိစ္စသမုပ္ပါဒဝိဘင်းအဖွင့် မျက်နှာနံပါတ် (၁၆၃) ၌—

> ယဉ္စေတံ ပဋိသန္ဓိယံ ပဝတ္တိယံ ဝါ ဝိပါကသဒ္ဒါတံ နာမံ၊ တဿ ရူပ-မိဿဿ ဝါ ရူပအမိဿဿ ဝါ ပဋိသန္ဓိကံ ဝါ အညံ ဝါ ဝိပါကဝိညာဏံ သဟဇာတ အညမညု နိဿယ သမ္မယုတ္တ ဝိပါက အာဟာရ ဣန္ဒြိယ-အတ္ထိ အဝိဂတ ပစ္စယေဟိ နဝဓာ ပစ္စယော ဟောတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

မြန်မာပြန်ကား—

ဟိ-ဝိတ္ထာရေမိ၊ ထိုစကားကို ခဲ့ပြီးအံ့။ ပဋိသန္ဓိယံ ဝါ၊ ပဋိသန္ဓေ အခါ၌လည်းကောင်း။ ပဝတ္တိယံ ဝါ၊ ပဝတ္တိအခါ၌လည်းကောင်း။ ဝိပါကသဒ္ဒါတံ၊ အကျိုးဝိပါက်ဟု ဆိုအပ်သော။ယံ နာမံ၊အကြင်အာရုံသို့ညွတ်တတ် အချင်းချင်း ညွတ်စေတတ်သောကြောင့် နာမ-ဟု ဆိုအပ်သော စေတသိက် သဘောသည်။ အတ္ထိ၊ ရှိ၏။ ရူပမိဿဿ ဝါ၊ ရုပ်နှင့်ရောနှောသည်လည်းဖြစ်သော။ ရူပ-အမိဿဿ ဝါ၊ ရုပ်နှင့်မရောနှောသည်လည်းဖြစ်သော။ တဿ၊ ထို နာမ်အမည်ကို ရခြင်းရှိသော စေတသိက်တရားအား။ ပဋိသန္ဓိကံ၊ ပဋိသန္ဓေဖြစ်၍ဖြစ်သော။ ဝါ၊ ဘဝန္တရ်ပါးကို စပ်သည်ဖြစ်၍ဖြစ်သော။ ဧတံ ဝိညာဏံ ဝါ၊ ထို ဝိညာဏ်သည်လည်းကောင်း။ အညံ၊ ထို ပဋိသန္ဓေဝိညာဏ်မှ တပါးသော။ ဝိပါက ဝိညာဏံ ဝါ၊ ပဝတ္တိအခါ၌ဖြစ်သော ဝိပါက်ဝိညာဏ်သည်လည်းကောင်း။ သဟ-ဇာတ အညမည နိဿယ သမ္မယုတ္တ ဝိပါက အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ-ပစ္စယေဟိ၊ သဟဇာတပစ္စည်း, အညမညပစ္စည်း, နိဿယပစ္စည်း, သမ္မယုတ္တ ပစ္စည်း, ဝိပါကပစ္စည်း, အာဟာရပစ္စည်း, ဣန္ဒြိယပစ္စည်း, အတ္ထိပစ္စည်း, အဝိဂတပစ္စည်း-တို့ဖြင့်။ နဝဓာ၊ ကိုးပါးသော အခြင်းအရာအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ စကားတော်ကို ထောက်၍ ပဋိသန္ဓေ အခါ၌ဖြစ်သော ဝိညာဏ်သည်လည်းကောင်း၊ ပဝတ္တိအခါ၌ဖြစ်သော ဝိပါက ဝိညာဏ်သည်လည်းကောင်း မိမိနှင့်အတူဖြစ်သော ဖဿအစရှိသော သမ္မယုတ္တ-ဖြစ်သော နာမ်တရားအား ကိုး ပစ္စည်းဖြင့် ကျေးဇူး ပြုသည်၏ အဖြစ်ကို ထင်ရှား သိကြကုန်။ ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ပညာဘူမိအဖွင့် စာမျက်နှာ(၁၉၅)၌လည်း ထိုနည်းအတူပင် ဆိုအပ်သည်၏အဖြစ်ကို သိကြကုန်။

ထို ပဋိသန္ဓေ ဝိညာဏ်သည် မိမိနှင့်အတူဖြစ်သော နာမ်အားသာလျှင် အကြောင်းခံသည် မဟုတ်သေး။ အတူဖြစ်သော ရုပ်အားလည်း အကြောင်းခံသေးသည်သာတည်း။ အကြောင်းခံပုံကို ထင်စွာပြဦးအံ့။ ထို ပဋိသန္ဓေဝိညာဏ်၏ ဖြစ်ရာဌာနဖြစ်သော အပါယ်လေးဘုံတို့တွင် အကယ်၍ ငရဲဘုံ၌သာလျှင် ဖြစ်ခဲ့သည်ဖြစ်အံ့။ ဥပပါတ်ပဋိသန္ဓေအားဖြင့် ဖြစ်၏။ ကျန်သော ပြိတ္တာ, အသုရကာယ်, တိရစ္ဆာန်ဘုံတို့၌သာလျှင် ပဋိသန္ဓေအားဖြင့် ဖြစ်ခဲ့သည်ဖြစ်အံ့။ ဥပပါတ်, သံသေဒဇ, အဏ္ဍဇ, ဇလာဗုဇ-ဟု ဆိုအပ်ကုန်သော ပဋိသန္ဓေလေးမျိုးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော ပဋိသန္ဓေအားဖြင့် ဖြစ်ကြရလေ၏။ ထိုဖြစ်ကြရကုန်သော ပဋိသန္ဓေလေးမျိုးတို့တွင် အကယ်၍ ငရဲ, ပြိတ္တာ, အသုရကာယ်, တိရစ္ဆာန်ဘုံတို့တွင် တဘုံဘုံ၌ ၎င်း ပဋိသန္ဓေဝိညာဏ်သည် ဥပပါတ်ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ ထို ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်သည်နှင့် တပြိုင်နက် အဂဟိတဂ္ဂဟဏကာရဏနည်းဖြင့် အပြည့်အစုံဖြစ်သော သတ္တဝါတို့အား စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက တို့၏ အစွမ်းဖြင့် ကလာပ်ခုနစ်စည်း၊ ရုပ်ခုနစ်ဆယ်တို့သည် ထင်ရှား ဖြစ်ကုန်၏။ အဘယ်သို့ ဖြစ်ကုန်သနည်းဟူမူ—စက္ခုဒသက ကလာပ်၌ စက္ခုဖြစ်ပေါ်သည်တပြိုင်နက် ၎င်းစက္ခုသည် မဟာဘုတ်လေးပါးတို့ကို မှီ၍သာလျှင် ဖြစ်ပေါ်၏။ မဟာဘုတ်လေးပါးဟူသည်ကား ပထဝီ, အာပေါ, တေဇော, ဝါယော-ဟူသည်တည်း။

ပထဝီသဘော။ ။ထို လေးပါးတို့တွင် ပထဝီ-ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ အထည်ခြဗ်သဏ္ဌာန်မရှိသော အတူဖြစ်ကုန်သော ရုပ်တို့၏ တည်ရာသဘောကို ဆိုအပ်သည်၊ ထိုသို့ဆိုအပ်သည်၏ အဖြစ်ကိုလည်း သမ္မောဟ ဝိနောဒနီအဋ္ဌကထာ-ဓာတုဝိဘင်းအဖွင့်(၅၂)၌ —

ပထဝီဓာတ္ဝတိ ပတိဋ္ဌာနဓာတု။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ သိကြကုန်။

မြန်မာပြန်ကား—

ပထဝီဓာတ္ဝတိ၊ ပထဝီဓာတုဟူသည်ကား။ ပတိဋ္ဌာနဓာတု၊ သဟဇာတ်ဖြစ်ကုန်သော ရုပ်တို့၏ တည်ရာဖြစ်သော သဘောပေတည်း။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ သဟဇာတ် ဖြစ်ကုန်သော ရုပ်တို့၏ တည်ရာ သဘောကိုပင် ပထဝီ-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး။ ဋီကာကျော်ကျမ်း ရူပပရိစ္ဆေဒ စာမျက်နှာ(၁၉၅)၌ —

ပထနဋ္ဌေန ပထဝီ၊ တရုပဇ္ဇတာဒီနံ ပကတိပထဝီ ဝိယ သဟဇာတရူပါနံ ပတိဋ္ဌာနဘာဝေန ပက္ခာယတိ၊ ဥပဋ္ဌာတီတိ ဝုတ္တံ ဟောတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိအပ်သေးသည်သာတည်း။

မြန်မာပြန်ကား—

ပထနဋ္ဌေန၊ သဟဇာတ် ဖြစ်ကုန်သော ရုပ်တို့၏ တည်ရာဟူသော အနက်ကြောင့်။ ပထဝီ၊ ပဿဒ္ဓိမည်၏။ ပကတိပထဝီ၊ ပြကတေ့ဖသောမြေသည်။ တရုပဇ္ဇတာဒီနံ၊ သစ်ပင်, တောင် အစရှိသည်တို့၏။ ပတိဋ္ဌာနဘာဝေန၊ တည်ရာ၏ အဖြစ်ဖြင့်။ ပက္ခာယတိ-ဥပဋ္ဌာတိ ဝိယ၊ ထင်ရှားသကဲ့သို့။ တထာ၊ ထို့ဥပမာအတူ။ ယာ ရူပဓာတု၊ အကြင်ရုပ်ဓာတ်သည်။ သဟဇာတရူပါနံ၊ မိမိနှင့် အတူတကွ ဖြစ်ကုန်သော ရုပ်တို့၏။ ပတိဋ္ဌာနဘာဝေန၊ တည်ရာ၏အဖြစ်ဖြင့်။ ပက္ခာယတိ-ဥပဋ္ဌာတိ၊ ထင်ရှား၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ ရူပဓာတု၊ ထို ရုပ်ဓာတ်သည်။ ပထဝီ၊ ပထဝီမည်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တောဘာ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား—

ပထဝီဟု ခေါ်အပ်သည်မှာ တခြားကြောင့် ခေါ်အပ်သည်မဟုတ်၊ စင်စစ် တည်ရာသဘောကိုစွဲ၍သာ ခေါ်ဆိုအပ်လေသည် ဟူလို။

ဥပမာ—ပြကတေ့ မြေသည် သစ်ပင်, တော, တောင် စသည်တို့၏ တည်ရာဌာန၏ အဖြစ်ဖြင့် ထင်ရှားသကဲ့သို့ ထိုအတူ သဟဇာတ် ဖြစ်ကုန်သော ရုပ်တို့၏ တည်ရာ အဖြစ်ဖြင့် ထင်ရှားသည်၊ ထိုသို့တည်ရာအဖြစ်ဖြင့် ထင်ရှားသည်၏ အဖြစ်ကြောင့်သာလျှင်ဇင်းတည်ရာသဘောကို ပထဝီ-ဟု ခေါ်ဆိုအပ်လေသည်။

ဤသို့ ပြဆိုအပ်သော ဋီကာကျော် စကားကို ထောက်၍လည်း သဟဇာတ် ဖြစ်ကုန်သော ရုပ်တို့၏ တည်ရာသဘောကိုသာလျှင် ပထဝီ-ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

အာပေါ သဘော။ ။အာပေါ-ဟု ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ စင်စစ် အထည် ဒြဗ် သဏ္ဌာန် စသည် မရှိသော မိမိနှင့်အတူတကွ ဖြစ်ကုန်သော ပထဝီ အစရှိကုန်သော ရုပ်တို့ကို တလုံးတစည်းတည်း မကွေမကွာ စေခြင်းငှါ ဖွဲ့ကပ်တတ်သော အစေး သတ္တိဟု ဆိုအပ်သော ပရမတ္ထသဘောကို ဆိုအပ်သည်။ ဥပမာအားဖြင့် ဆိုအပ်သည်ရှိသော် လောက၌ ထိုထို

သို့သော ဝတ္ထုဒြဗ္ယများကို အချင်းချင်း ကပ်စေလိုသော် ကောဇဉ်စေးဖြင့် သုတ်လိမ်း၍ ကပ်အပ်သည်ရှိသော် ၎င်းဝတ္ထုဒြဗ္ယတို့သည် တခုနှင့် တခု မကွေ့ မကွာ တပေါင်းတည်း ကပ်ခြင်းသို့ရောက်ကုန်သကဲ့သို့ ထိုအတူ တခု, တခုသော ရုပ်ကလာပ်၌ တည်ရှိသော ပထဝီ အစရှိကုန်သော ရုပ်သဘောတို့သည်လည်း အချင်းချင်း တခုနှင့်တခု မကွေ့မကွာ စည်းလုံးပေါင်းကပ်နေခြင်းတို့သည်လည်း ကောဇဉ်စေးနှင့် တူသော အာဗန္ဓနသတ္တိရှိသော အာပေါဟု ဆိုအပ်သော ပရမတ္ထသဘော အစေးသတ္တိကြောင့်ပင် ဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည် ဓမ္မသင်္ဂဏိပါဠိတော်(၂၀၁)၌—

ကတမံ တံ ရူပံ အာပေါဓာတု ယံ။ပ။ သိနေဟော သိနေဟဂတံ ဗန္ဓနတ္တံ ရူပဿ။ ဣဒံ တံ ရူပံ အာပေါဓာတု။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အာပေါဓာတု၊ အာပေါဓာတ်မည်သော။ တံ ရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်သည်။ ဟောတိ၊ ဖြစ်သနည်း။ပ။ ယော သိနေဟော၊ အကြင် ပရမတ္ထသဘော အစေးသတ္တိသည်။ ယံ သိနေဟဂတံ၊ အကြင် ပရမတ္ထသဘော အစေးသတ္တိသည်သာလျှင်။ ရူပဿ၊ မိမိနှင့်အတူတကွဖြစ်သော ပထဝီ အစရှိသော ကလာပ်ရုပ်ကို။ ယံ ဗန္ဓနတ္တံ၊ အကြင် တလုံးတပေါင်းတည်း မကွေ့မကွာရအောင် ဖွဲ့ကပ်သည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤသို့ သဘောရှိသော။ တံ ရူပံ၊ ထို့သို့ဖွဲ့ကပ်တတ်သော အစေးဟု ဆိုအပ်သော ပရမတ္ထသဘောရုပ်သည်။ အာပေါဓာတု၊ အာပေါဓာတ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ ပထဝီ အစရှိသော သဟဇာတ် ရုပ်ကလာပ်တို့ကို တလုံးတစည်းတည်းဖြစ်အောင် ဖွဲ့ကပ်တတ်သော အစေးသတ္တိ ပရမတ္ထသဘောကိုသာလျှင် အာပေါရုပ်-ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤသို့ ပြဆိုအပ်ပြီးသော ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ၎င်း ပါဠိတော်ကို ဖွင့်ပြသော အဋ္ဌကထာ (၃၇၀)၌—

အာပေါဓာတုနိဒ္ဒေသေ အာပေါတိ သဘာဝနိဒ္ဒေသော၊ အာပေါဝ အာပေါဂတံ၊ သိနေဟဝသေန သိနေဟော၊ သိနေဟောဝ သိနေဟဂတံ၊ ဗန္ဓနတ္တံ ရူပဿာတိ ပထဝီဓာတုအာဒိကဿ ဘူတရူပဿ ဗန္ဓနဘာဝေါ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်သဖြင့်လည်း သိအပ်သည်သာတည်း။

မြန်မာပြန်ကား—

အာပေါဓာတုနိဒ္ဒေသ၊ အာပေါဓာတ်ကို ညွှန်းပြရာ၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ထည့်သည်)။ အာပေါတိ-ဧသော သဒ္ဒေါ၊ အာပေါ ဟူသော ဤသဒ္ဒါသည်။ သဘာဝနိဒ္ဒေသော၊ သဘောကို ညွှန်းပြကြောင်း ဖြစ်သော သဒ္ဒါတည်း။ အာပေါ၀၊ အာပေါသည်သာလျှင်။ အာပေါဂတံ၊ အာပေါဂတ မည်၏။ သိနေဟ၀သေန၊ စေးကပ်သည်၏ အစွမ်းကြောင့်။ သိနေဟော၊ သိနေဟ မည်၏။ သိနေဟော၀၊ စေးကပ်တတ်သော အစွမ်းသည်သာလျှင်။ သိနေဟဂတံ၊ သိနေဟဂတ မည်၏။ ဗန္ဓနတ္တံ ရူပဿာတိ၊ ဗန္ဓနတ္တံ ရူပဿ ဟူသည်ကား။ ပထ၀ီဓာတု အာဒိကဿ၊ ပထ၀ီ အစရှိသော။ ဘူတရူပဿ၊ ဘူတရုပ်ကို။ ဝါ၊ ဘူတရုပ်၏။ ဗန္ဓနဘာ၀ေါ၊ ဖွဲ့ကပ်တတ်သည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ပထ၀ီ အစရှိသော သဟဇာတ်ရုပ်တို့ကို ဖွဲ့ကပ်တတ်သော အစေးသတ္တိဟု ဆိုအပ်သော ပရမတ္ထသဘောကိုသာလျှင် အာပေါရုပ်-ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

တေဇော သဘော။ ။တေဇော-ဟု ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ စင်စစ် အထည် ဒြဗ္ဗ သဏ္ဌာန်မရှိသော ရုပ်ကလာပ်တို့၌ ပါရှိသော ပူနွေးတတ်သော သဘော၏ အဖြစ်သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အပူပရမတ္ထ သဘောကို ဆိုအပ်သည်။ ထိုသို့ ဆိုအပ်သည်၏ အဖြစ်ကို သိစေလိုသော အဋ္ဌသာလိနီအဋ္ဌကထာ ရှင်သည် မျက်နှာနံပါတ် (၃၆၈)၌—

တေဇောဓာတု ဥဏှတ္တလက္ခဏာ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

တေဇောဓာတု၊ တေဇော ဓာတ်သည်။ ဥဏှတ္တလက္ခဏာ၊ ပူတတ်သော သဘော၏ အဖြစ်သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိပေ၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရုပ်ကလာပ်တို့၌ ပါရှိသော ပူနွေးတတ်သော သဘော၏အဖြစ်သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အပူပရမတ္ထ-သဘောကိုသာလျှင် တေဇောဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဝိသုဒ္ဓိမဂ် အဋ္ဌ-ကထာ–သမာဓိနိဒ္ဒေသ မျက်နှာ နံပါတ် (၃၄၇)၌—

ဥဏ္ဏာဘာဝေါ ဝါ တေဇောဓာတု–ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိအပ်သည်သာလျှင်တည်း။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ဤမသို့ ကာဒယော၊ ဤပရမတ္ထသဘော အစုအဝေါင်း၌။ ယော ဥဏ္ဏာဘာဝေါ၊ အကြင် ပူတတ်သော သဘော၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အဿံ၊ ဤပူတတ်သော သဘော၏ အဖြစ်သည်။ တေဇောဓာတု၊ တေဇောဓာတ်မည်၏။

ဤသို့ ပြဆိုအပ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ထောက်၍လည်း ရုပ်ကလာပ်တို့၌ ပါရှိသော ပူနွေးတတ်သော သဘော၏ အဖြစ်သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော အပူပရမတ္ထ သဘောကိုသာလျှင် တေဇော–ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဝါယော သဘော။ ။ဝါယော-ဟု ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည်မရှိသော မိမိနှင့်အတူတကွဖြစ်ကုန်သောရုပ်တို့ကို ထောက်ပံ့တတ်, တွန်းကန်တတ်, တောင့်တင်းစေတတ်သော သဘောသတ္တိကိုသာ ဆိုအပ်သည်။ ထိုသို့ဆိုအပ်သည်၏အဖြစ်ကိုလည်း အဋ္ဌသာလိနီ အဋ္ဌကထာ ရှင်သည် (နှာ ၃၆၈) ၌—

ဝိတ္ထမ္ဘနလက္ခဏာ ဝါယောဓာတု။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဝါယောဓာတု၊ ဝါယော ဓာတ်သည်။ ဝိတ္ထမ္ဘနလက္ခဏာ၊ မိမိနှင့်အတူတကွဖြစ်ကုန်သော ရုပ်တို့ကို ထောက်ပံ့တတ်, တွန်းကန်တတ်, တောင့်တင်းစေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိပေ၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာကို ထောက်၍လည်းကောင်း၊ ထိုမှတပါး ဝိသုဒ္ဓိမဂ်အဋ္ဌကထာ–သမာဓိနိဒ္ဒေသ မျက်နှာ နံပါတ် (၃၄၆) ၌—

ယံ ဝိတ္ထမ္ဘနလက္ခဏံ၊ အယံ ဝါယောဓာတု။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိအပ်၏။

မြန်မာပြန်ကား—

ယံ ဝိတ္ထမ္ဘနလက္ခဏံ–ယော ဝိတ္ထမ္ဘနဘာဝေါ၊ အကြင်အတူဖြစ်သော ရုပ်တို့ကို ထောက်ပံ့တတ်, တွန်းကန်တတ်, တောင့်တင်းစေတတ်သော သဘော၏

အဖြစ်သည်။ အဘို့၊ ရှိ၏။ အသံ၊ ဤသဒ္ဒါသည်။ ဝါယောဓာတု၊ ဝါယောဓာတ် မည်၏။

ဤပြဆိုအပ်သော အဋ္ဌကထာတို့ကို ထောက်၍ အတူဖြစ်ကုန်သော ရုပ်တို့ကို ထောက်ပံ့တတ်, တွန်းကန်တတ်, တောင့်တင်းစေတတ်သော သဘော-သဘောကိုသာလျှင် ဝါယော-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤ ပြဆိုအပ်ကုန်ပြီးသော ပထဝီ, အာပေါ, တေဇော, ပါယော-တို့သည် စင်စစ် စက္ခုမှီရာဖြစ်သော မဟာဘုတ်တို့ပေတည်း။ ထို မဟာဘုတ် လေးပါးတို့ကိုသာလျှင် စက္ခုပသာဒသည် ဖြစ်ပေါ်လာသောအခါ မှီတွယ်၍ ဖြစ်ရပေ၏ဟု မှတ်ကြကုန်။ ၎င်းစက္ခု၏ မှီရာဖြစ်ကုန်သော မဟာဘုတ်လေးပါးတို့ ဖြစ်ပေါ်ကုန်လျှင်လည်း ၎င်း မဟာဘုတ်လေးပါးတို့ကိုမှီ၍ ဝဏ္ဏ, ဂန္ဓ, ရသ, သဋ္ဌော, ဇီဝိတ, စက္ခု-တို့သည်လည်း တပြိုင်နက် တချက်တည်း တပေါင်းတည်းပြု၍ ဖြစ်ပေါ်ကြကုန်၏။

ထိုသို့ ဖြစ်ပေါ်ကုန်သော ဝဏ္ဏစသော ရုပ်တို့တွင်—

ဝဏ္ဏ။ ။ဝဏ္ဏ-ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ ၎င်းစက္ခုပသာဒကလာပ်၌ ပါရှိသော အဆင်းသဘောကို ဆိုအပ်သည်၊ ထို အဆင်းသဘောသည် စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည်မရှိသော မိမိနှင့်ရှေးရှုနေသော စက္ခု-ပသာဒ၌ ထိခိုက်တတ်သော သဘောသတ္တိမျှသာ ဖြစ်၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေလိုတော်မူသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာ (၃၅၅) ၌—

စက္ခုပဋိဟနနလက္ခဏံ ရူပံ။

ဟူ၍ မိန့်ဆိုတော်မူအပ်လေပြီ။

မြန်မာပြန်ကား—

ရူပံ၊ အဆင်းဟု ဆိုအပ်သော သဘောသတ္တိသည်။ စက္ခုပဋိဟနန-လက္ခဏံ၊ စက္ခုပသာဒ၌ ထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ ရှိပေ၏။ ။ (ဤ အဆင်းအရာ၌ ရူပ-ဟု ဆိုအပ်သော်လည်း ဝဏ္ဏ၏ ပရိယာယ်ဟူ၍သာ မှတ်ကြကုန်။ ဤကား အမှာတည်း)။

ဤ ပြဆိုအပ်သော အဋ္ဌကထာ စကားကိုထောက်၍ အဆင်းသဘောသည် စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည်မရှိသော မိမိနှင့် ရှေးရှုနေသော စက္ခု-ပသာဒ၌ ထိခိုက်တတ်သော သဘောသတ္တိမျှသာ ဖြစ်သည်၏အဖြစ်ကို ထင်ရှား သိကြကုန်။ ထိုနည်းအတူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ခန္ဓနိဒ္ဒေသ၌လည်း ဆိုအပ်သေး၏။

၈၌။ ။ဂန္ဓ-ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ ၎င်း စကျွဒသက ကလာပ်၌ ပါရှိသော အနံ့ဟု ခေါ်ဆိုအပ်သော ပရမတ္ထ သဘောကို ဆိုအပ်သည်။ ထိုအနံ့ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်လည်း စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည် မရှိသော နှာခေါင်းအကြည်၌ ထိခိုက်တတ်သော သဘောသတ္တိမျှသာ ဖြစ်၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာ ရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာ (၃၅၆) ၌—

ဃာနပဋိဟနနလက္ခဏော ဂန္ဓော။

ဟူ၍ မိန့်ဆိုတော်မူအပ်လေပြီ။

မြန်မာပြန်ကား—

ဂန္ဓော၊ အနံ့ဟု ခေါ်ဆိုအပ်သော ပရမတ္ထ သဘောသည်။ ဃာနပဋိဟနန-လက္ခဏော၊ ဃာနပသာဒ၌ ထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိပေ၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ စကားတော်ကို ထောက်၍ အနံ့ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည် စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည် မရှိသော နှာခေါင်းအကြည်၌ ထိခိုက်တတ်သော သဘောသတ္တိမျှသာ ကောန် ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ ထိုနည်းအတူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ခန္ဓနိဒ္ဒေသ၌လည်း ဆိုအပ်လေသေး၏။

ရသ။ ။ရသ-ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ ၎င်းစကျွဒသက ကလာပ်၌ ပါရှိသော အရသာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောကို ဆိုအပ်သည်။ ထို အရသာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်လည်း စင်စစ် အထည် ဒြပ် သဏ္ဌာန်စသည်မရှိသော လျှာအကြည်၌ ထိခိုက်တတ်သော သဘောသတ္တိမျှသာ ဖြစ်၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာ ၃၅၇-၌၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် ခန္ဓနိဒ္ဒေသအဖွင့် စာမျက်နှာ(၇၇)၌—

ဇိဝှါပဋိဟနနလက္ခဏော ရသော။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ရသော၊ အရသာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်။ ဇိဝှါ ပဋိဟနန-လက္ခဏော၊ လျှာအကြည်ဟု ဆိုအပ်သော ဇိဝှါပသာဒ၌ ထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ ရှိပေ၏။

ဤသို့ ပြဆိုအပ်ကုန်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကို ထောက်၍ အရသာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည် စင်စစ် အထည် ခြင်္ဂါ သဏ္ဌာန်စသည် မရှိသော လျှာအကြည်၌ ထိခိုက်တတ်သော သဘောသတ္တိမျှသာ ကောန်ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဩဇာ။ ။ဩဇာ-ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ ၎င်း စက္ခုဒသက ကလာပ်၌ ပါရှိသော မိမိနှင့်အတူဖြစ်သော ရုပ်တို့ကို စောင့်ရှောက်တတ်, အာဟာရဇရုပ်တို့ကို ဖြစ်ပွါးစေတတ်သော ပရမတ္ထသဘောကို ဆိုအပ်သည်။ ထိုဩဇာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်လည်း စင်စစ် အထည် ခြင်္ဂါ သဏ္ဌာန်စသည် မရှိသော မိမိနှင့်အတူဖြစ်သော ရုပ်တို့ကို စောင့်ရှောက်တတ်, အာဟာရဇရုပ်တို့ကို ဖြစ်ပွါးစေတတ်သော သဘောသတ္တိမျှသာ ဖြစ်၏။ ထိုသို့ဖြစ်သော သတ္တိနှစ်ပါးတို့တွင် မိမိနှင့်အတူဖြစ်သော ရုပ်တို့ကို စောင့်ရှောက်တတ်သည်၏အဖြစ်ကို နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ အာဟာရဝဂ် အဖွင့်စာမျက်နှာ (၂၃)၌—

ပဋိသန္ဓိစိတ္တေနေဝ သဟဇာတာ ကမ္မဇဩဇာ နာမ အတ္ထိ။ သာ ယာဝ သတ္တမဒိဝသာ အနုပါလေတိ။

ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍ သိကြကုန်။

မြန်မာပြန်ကား—

ပဋိသန္ဓိစိတ္တေနေဝ၊ ပဋိသန္ဓေစိတ်နှင့်သာလျှင်။ သဟ၊ တက္ခဏ။ ဇာတာ၊ ဖြစ်သော။ ကမ္မဇဩဇာ နာမ၊ ကံကြောင့်ဖြစ်သော ဩဇာမည်သည်။ အတ္ထိ၊ ရှိ၏။ သာ ဩဇာ၊ ထိုဩဇာသည်။ ယာဝ သတ္တမဒိဝသာ၊ ခုနစ်ရက်မြောက်သော နေ့တိုင်အောင်။ အနုပါလေတိ၊ စောင့်ရှောက်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍ စက္ခုဒသကကလာပ်၌ပါရှိသော ဩဇာသည် မိမိနှင့်အတူဖြစ်သော ရုပ်တို့ကို စောင့်ရှောက်တတ်သော သဘောသတ္တိရှိသည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ ၎င်း ဩဇာကိုသာလျှင် ဥပါဒိဏ္ဏကအာဟာရဟူ၍ ခေါ်ဆိုအပ်သည်။ ထိုကြောင့် ၎င်းအဋ္ဌကထာရှင်သည်—

အယမေဝ ဥပါဒိဏ္ဏကကဗဠီကာရာဟာရော တိ ဝေဒိတဗ္ဗော။

ဟူ၍ မိန့်ဆိုလေသည်။

မြန်မာပြန်ကား—

အယမေဝ၊ ဤကံကြောင့်ဖြစ်သော ဩဇာကိုသာလျှင်။ ဥပါဒိဏ္ဏကကဗဠီကာရာဟာရော တိ၊ ဥပါဒိဏ္ဏက ကဗဠီကာရ အာဟာရဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤသို့ပြဆိုအပ်သော သံယုတ်အဋ္ဌကထာစကားကို ထောက်၍ ကမ္မဇ ကလာပ်၌ပါရှိသော ဩဇာကိုသာလျှင် ဥပါဒိဏ္ဏကာဟာရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဌင်းဩဇာသည် အာဟာရဇ ရုပ်ကလာပ်တို့ကို ဖြစ်ပွါးစေတတ်သည်၏ အဖြစ်ကိုလည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဖွင့် စာမျက်နှာ (၂၅၀)၌—

ကမ္မသမုဋ္ဌာနရူပေသု ဌာနပတ္တာ ဩဇာ အညံ ဩဇဋ္ဌမကံ သမုဋ္ဌာ-ပေတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ သိကြကုန်။

မြန်မာပြန်ကား—

ကမ္မသမုဋ္ဌာနရူပေသု၊ ကံကြောင့်ဖြစ်ကုန်သော ရုပ်တို့တွင်။ ဌာနပတ္တာ၊ ဌိသို့ရောက်သော။ ဩဇာ၊ ဩဇာသည်။ အညံ၊ တပါးသော။ ဩဇဋ္ဌမကံ၊ဩဇာသာလျှင် ရှစ်ခုမြောက်သော အာဟာရဇရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

ဤသို့ပြဆိုအပ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍ စက္ခုဒသက ကလာပ်၌ ရှိသော ဩဇာသည် ဩဇာသာလျှင် ရှစ်ခုမြောက်ရှိသော အာဟာရဇရုပ်တို့ကိုလည်း ဖြစ်ပွါးစေတတ်သည်၏အဖြစ်ကို သိကြကုန်။ ထိုသို့ သိကြလျှင်လည်း ဌင်းဩဇာသည် စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည်မရှိသော မိမိနှင့်အတူဖြစ်သောရုပ်တို့ကို စောင့်ရှောက်တတ်, အာဟာ-ရဇရုပ်တို့ကို ဖြစ်ပွါးစေတတ်သော သဘော သတ္တိမျှသာ ဇကန်ဖြစ်သည်၏အဖြစ်ကို စင်စစ် သိအပ်, သိထိုက်သည်သာလျှင်တည်း။

ဇီဝိတ။ ။ဇီဝိတ-ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ ဌင်း စက္ခုဒသက ကလာပ်၌ပါရှိသော အတူဖြစ်သော ရုပ်တို့ကို စောင့်ရှောက်တတ်သည်၏အဖြစ်ဟုဆိုအပ်သော ပရမတ္ထသဘောကို ဆိုအပ်သည်။ ထို ပရမတ္ထသဘောသည်လည်း စင်စစ် အထည် ဒြပ် သဏ္ဌာန်စသည် မရှိသော အတူဖြစ်သောရုပ်တို့ကို စောင့်ရှောက်တတ်သော သဘော သတ္တိမျှသာ ဖြစ်ပေ၏။ ထိုသို့ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌ-ကထာရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာ (၃၅၉)၌—

သဟဇာတရူပါနုပါလနလက္ခဏံ ဇီဝိတိန္ဒြိယံ–ဟူ၍ လည်းကောင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် ခန္ဓနိဒ္ဒေသအဖွင့်စာမျက်နှာ (၇၇)၌—

သဟဇရူပါနုပါလနလက္ခဏံ ဇီဝိတိန္ဒြိယံ – ဟူ၍လည်းကောင်း မိန့်ဆိုအပ်ကုန်ပြီ။

မြန်မာပြန်ကား—

ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ သဟဇာတရူပါနုပါလနလက္ခဏံ၊ အတူ ဖြစ်ကုန်သောရုပ်တို့ကို စောင့်ရှောက်တတ်သော သဘော ဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိပေ၏။ ဝိသုဒ္ဓိမဂ်ပါဠ်၏ မြန်မာပြန်လည်း အထူးမရှိထပ်တူသာတည်း။

ဤပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏စကားတော်ကို ထောက်၍ ဇီဝိတဟူဆိုအပ်သော ပရမတ္ထသဘောသည် စင်စစ် အထည် ခြဗ် သဏ္ဌာန် စသည် မရှိသော အတူဖြစ်သော ရုပ်တို့ကို စောင့်ရှောက်တတ်သော သဘောမျှသာ ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

စက္ခု။ ။စက္ခု-ဆိုအပ်သည်မှာ တခြားကို မဆိုအပ်၊ ၎င်း စက္ခုဒသကကလာပ်၌ ပါရှိသော မဟာဘုတ်တို့ကို မှီ၍ဖြစ်သော မျက်စိဟု ဆိုအပ်သော အကြည်သဘောကို ဆိုအပ်သည်။ ထိုသို့ ဆိုအပ်သည်၏ အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည် ဓမ္မသင်္ဂဏိပါဠိတော်-ရူပကဏ္ဍ စာမျက်နှာ (၁၅၇)၌—

ယံ စက္ခု စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ။

ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

ယံ စက္ခု၊ အကြင်စက္ခုဒသကကလာပ်၌ အကျုံးဝင်သော မျက်စိအကြည်ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ပဝတ္တော၊ ဖြစ်သော။ ပသာဒေါ၊ မှီရာဘုတ်တို့ကို ကြည်စေတတ်သော အကြည်သဘောပေတည်း။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ မဟာဘုတ်တို့ကို မှီ၍ဖြစ်သော မျက်စိဟု ဆိုအပ်သော အကြည်သဘောကိုသာလျှင် စက္ခုဟုခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ၎င်းစက္ခုဟုဆိုအပ်သော အကြည်ပရမတ္ထသဘောသည်လည်း စင်စစ် အထည် ခြဲဗ် သဏ္ဌာန်စသည်မရှိသော ဘုတ်တို့ကို ကြည်စေတတ်သော အကြည်သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဘောမျှသာ ဖြစ်ပေ၏။ ထိုသို့ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီအဋ္ဌကထာရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာ (၃၄၉)၌—

ရူပါဘိဃာတာရဟဘူတပဗ္ဗသာဒလက္ခဏံ၊ ဒဋ္ဌုကာမတာ နိဒါနကမ္မသမုဋ္ဌာနဘူတပဗ္ဗသာဒလက္ခဏံ ဝါ စက္ခု-ဟူ၍လည်းကောင်း၊

ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ခန္ဓနိဒ္ဒေသအဖွင့် စာမျက်နှာ (၇၄)၌—

ရူပါဘိဃာတာရဟာဘူတပွဿာဒလက္ခဏံ၊ ဒဋ္ဌုကာမတာ နိဒါနကမ္မ-သမုဋ္ဌာနဘူတပွဿာဒလက္ခဏံ ဝါ စက္ခု–ဟူ၍လည်းကောင်း မိန့်ဆို အပ်ကုန်ပြီ။

မြန်မာပြန်ကား—

စက္ခု၊ စက္ခုသည်။ ရူပါဘိဃာတာရဟာဘူတပွဿာဒလက္ခဏံ၊ ရူပါရုံ၌၊ ဝါ၊ ရူပါရုံသို့ ရှေးရှုထိခိုက်ခြင်းငှါ ထိုက်သော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိပေ၏။ ဝါ၊ တနည်းကား။ ဒဋ္ဌုကာမတာ၊ အဆင်းကို ရှုလိုသောတဏှာသည်သာလျှင်။ နိဒါန၊ အကြောင်း ခံရှိသော။ ကမ္မသမုဋ္ဌာန၊ ကံသည်ဖြစ်စေအပ်သော။ ဝါ၊ ကံသည်သာလျှင် ဖြစ်ကြောင်းရှိသော။ ဘူတပွဿာဒလက္ခဏံ၊ ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိပေ၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကိုထောက်၍ စက္ခု ဟုဆိုအပ်သော အကြည်ပရမတ္ထသဘောသည် စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည်မရှိသော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အကြည်သဘောမျှသာ ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

စက္ခုဒသကကလာပ်။ ။ဤပြဆိုအပ်ပြီးသော ပထဝီ, အာပေါ, တေဇော, ဝါယော တည်းဟူသော မဟာဘုတ်လေးပါး၊ ထို မဟာဘုတ်တို့ကိုမှီ၍ဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတ, စက္ခုပသာဒ တည်းဟူသော ရုပ်ဆယ်ခုအပေါင်းကို စက္ခုဒသက-ဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်းအဖွင့် စာမျက်နှာနံပါတ် (၁၅၃) ၌—

ဝဏ္ဏော ဂန္ဓော ရသော သြဇာ စတသော စာပိ မာတုယော၊ စက္ခုပသာဒေါ ဇီဝိတိန္ဒြိယန္တိ အယံ ဒသရူပပရိမာဏော ရူပပုဉ္ဇော စက္ခုဒသကော နာမ။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍ သိကြကုန်။

မြန်မာပြန်ကား—

ဝဏ္ဏော စ၊ အဆင်းလည်းကောင်း။ ဂန္ဓော စ၊ အနံ့လည်းကောင်း။ ရသော စ၊ အရသာလည်းကောင်း။ သြဇာ စ၊ အာဟာရဇရုပ်ကို ဖြစ်ပွါးစေတတ်သော

သြဇာလည်းကောင်း။ စတဿော၊ လေးပါးကုန်သော။ ဓာတုယောစာပိ၊ ပထဝီ,အာပေါ, တေဇော, ဝါယော ဓာတ်တို့လည်းကောင်း။ စက္ခုပသာဒေါ စ၊ မျက်စိအကြည်လည်းကောင်း။ ဇီဝိတိန္ဒြိယဉ္စ၊ စောင့်ရှောက်တတ်သော ဇီဝိတိန္ဒြိယရုပ်လည်းကောင်း။ ဣတိအယံ၊ ဤဆိုအပ်ပြီးသော။ ဒဿ၊ ဆယ်ပါးသော။ ရူပပရိမာဏော၊ ရုပ်တို့၏ အတိုင်းအရှည်မျှဖြစ်သော။ ရူပပုဉ္ဇော၊ ရုပ်တို့၏ အပေါင်းသည်။ စက္ခုဒသကော နာမ၊ စက္ခုဒသကမည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍ စက္ခုဒသကကလာပ်ကို သိကြကုန်။ ထို စက္ခုဒသကကလာပ်ဟု ဆိုအပ်သော ရုပ်ဆယ်ခုတို့သည် စက္ခုဖြစ်ပေါ် သည်နှင့်တပြိုင်နက် တချက်တည်း မကွေမကွာ အတူတကွ ပေါင်းဖွဲ့၍သာလျှင် ဖြစ်ပေါ် သည်၏အဖြစ်ကို ရှေးက ပြဆိုအပ်ခဲ့ပြီးသည့် အတိုင်း ထင်ရှားသိကြကုန်။

သောတဒသက ကလာပ်။ ။သောတဒသက ဖြစ်ရာ၌လည်း စက္ခုဒသက ကလာပ်ဖြစ်သကဲ့သို့ သောတ၏မှီရာ မဟာဘုတ် လေးပါး၊ ထိုမဟာဘုတ်တို့ကို မှီ၍ဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတသောတပသာဒ-ဟု ဆိုအပ်သော ရုပ်ဆယ်ခုတို့သည် တလုံးတစည်းတည်း မကွေမကွာ တပြိုင်နက် တချက်တည်း ဖြစ်ပေါ် ကြကုန်၏။ ထိုဖြစ်ပေါ် ကြကုန်သော ရုပ်ဆယ်ခုတို့တွင် သောတ-ဆိုအပ်သည်မှာ အသံကို ကြားကြောင်းဖြစ်သော နားတွင်း၌ရှိသော မိမိနှင့်အတူတကွ မကွေမကွာဖြစ်သော ဘုတ်တို့ကို မှီ၍ဖြစ်သော အကြည်သဘောကို ဆိုအပ်သည်။ ထိုသို့ ဆိုအပ်သည်၏အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည် ဓမ္မသင်္ဂဏိပါဠိတော်-ရူပကဏ္ဍ စာမျက်နှာ (၁၅၈)၌—

ယံ သောတံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ။

ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

ယံ သောတံ၊ အကြင် သောတဒသကကလာပ်၌ အကျုံးဝင်သော နားအကြည်ဟု ဆိုအပ်သော ပရမတ္ထ သဘောသည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စဲ့မှီ၍။ ပဝတ္တော၊ ဖြစ်သော။ ပသာဒေါ၊ မှီရာဘုတ်တို့ကို ကြည်စေတတ်သော အကြည်သဘောပေတည်း။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ မဟာဘုတ်တို့ကိုမှီ၍ ဖြစ်သော နားတွင်း၌ဖြစ်သော အကြည်သဘောကိုသာလျှင် သောတဟု

ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ ၎င်းသောတဟု ဆိုအပ်သော အကြည် ပရမတ္ထ သဘောသည်လည်း စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည် မရှိသော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော အကြည်သဘောမျှသာ ဖြစ်ပေ၏။ ထိုသို့ဖြစ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် ရူပကဏ္ဍ အဖွင့် စာမျက်နှာ (၃၄၉)၌—

သဒ္ဒါဘိဃာတာရဟာဘူတပ္ပသာဒလက္ခဏံ။ သောတုကာမတာ နိဒါန-
ကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏံ ဝါ သောတံ။

ဟူ၍လည်းကောင်း၊

ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ခန္ဓနိဒ္ဒေသအဖွင့် စာမျက်နှာ(၃၄)၌—

သဒ္ဒါဘိဃာတာရဟာဘူတပ္ပသာဒလက္ခဏံ။ သောတုကာမတာ နိဒါန-
ကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏံ ဝါ သောတံ။

ဟူ၍လည်းကောင်း မိန့်ဆိုအပ်ကုန်ပြီ။

မြန်မာပြန်ကား—

သောတံ၊ သောတသည်။ သဒ္ဒါဘိဃာတာရဟာဘူတပ္ပသာဒလက္ခဏံ၊ သဒ္ဒါရုံ၌၊ ဝါ၊ သဒ္ဒါရုံသို့ ရှေးရှုထိခိုက်ခြင်းငှါ ထိုက်သော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိပေ၏။ ဝါ၊ တနည်းကား။ သောတုကာမတာ၊ အသံကိုကြားလိုသော တဏှာသည်သာလျှင်။ နိဒါန၊ အကြောင်းခံရှိသော။ ကမ္မသမုဋ္ဌာန၊ ကံသည် ဖြစ်စေအပ်သော။ ဝါ၊ ကံသည်သာလျှင် ဖြစ်ကြောင်းရှိသော။ ဘူတပ္ပသာဒလက္ခဏံ၊ ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ ရှိပေ၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကို ထောက်၍ သောတဟု ဆိုအပ်သော အကြည် ပရမတ္ထ သဘောသည် စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည်မရှိသော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အကြည်သဘောမျှသာ ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤပြဆိုအပ်ပြီးသော သောတပသာဒနှင့်တကွဖြစ်သော ပထဝီ စသော ရုပ်ဆယ်ခုတို့၏ အပေါင်းအစုမျှကိုသာလျှင် သောတဒသက ကလာပ်ဟု ခေါ်ဆိုအပ်သည်။ ခေါ်ဆို အပ်ကြောင်း ကိုလည်း စက္ခုဒသက ကလာပ်၌ ပြဆိုအပ်သော နည်းအတိုင်း သိကြကုန်။

ဃာနဒဿကကလာပ်။ ။ဃာနဒဿက ကလာပ်-ဖြစ်ပေါ်ရာ၌လည်း ဃာန-ပသာဒ၏ မှီရာ မဟာဘုတ်လေးပါး၊ ထိုမဟာဘုတ်တို့ကို မှီ၍ဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ, ဃာနပသာဒ-ဟု ဆိုအပ်သော ရုပ်ဆယ်ခုတို့သည် တလုံးတစည်းတည်း မကွေမကွာ တပြိုင်နက် တချက်တည်း ဖြစ်ပေါ်ကြကုန်၏။

ထိုသို့ဖြစ်ပေါ်ကြကုန်သော ရုပ်ဆယ်ခုတို့တွင်—

ဃာန-ဆိုအပ်သည်မှာ အနုံကိုသိကြောင်းဖြစ်သော နှာခေါင်းအတွင်း၌ဖြစ်သော မိမိနှင့်အတူတကွ မကွေမကွာဖြစ်သော ဘုတ်တို့ကိုမှီ၍ဖြစ်သော အကြည်သဘောကို ဆိုအပ်သည်။ ထိုသို့ဆိုအပ်သည်၏အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည် ဓမ္မသင်္ဂဏိပါဠိတော်-ရူပကဏ္ဍစာမျက်နှာ(၁၅၉)၌—

ယံ ဃာနံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ။

ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

ယံ ဃာနံ၊ အကြင်ဃာနဒဿက ကလာပ်၌ အကျုံးဝင်သော နှာခေါင်းအကြည်ဟုဆိုအပ်သော ပရမတ္ထ သဘောသည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စဲမှီ၍။ ပဝတ္တော၊ ဖြစ်သော။ ပသာဒေါ၊ မိမိမှီရာဘုတ်တို့ကို ကြည်စေတတ်သော အကြည်သဘောပေတည်း။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ မဟာဘုတ်တို့ကို မှီ၍ဖြစ်သော နှာခေါင်းတွင်း၌ဖြစ်သော အကြည်သဘောကိုသာလျှင် ဃာနဟု ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

၎င်းဃာနဟု ဆိုအပ်သော အကြည်ပရမတ္ထသဘောသည်လည်း စင်စစ်အထည်ဒြပ် သဏ္ဌာန် စသည်မရှိသော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အကြည်သဘောမျှသာဖြစ်ပေ၏။ ထိုသို့ ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာ ရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာ (၃၄၉)၌—

ဂန္ဓာဘိဃာတာရဟဘူတပဗ္ဗသာဒလက္ခဏံ။ ဃာယိတုကာမတာ နိဒါနကမ္မသမုဋ္ဌာနဘူတပဗ္ဗသာဒ လက္ခဏံ ဝါ ဃာနံ-ဟူ၍လည်းကောင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ရှင်သည် ခန္ဓနိဒ္ဒေသအဖွင့် စာမျက်နှာ (၇၄)၌ —

ဂန္ဓာဘိဃာတာရဟဘူတပဗ္ဗသာဒလက္ခဏံ။ဃာယိတုကာမတာ နိဒါန-ကမ္မသမုဋ္ဌာနဘူတပဗ္ဗသာဒလက္ခဏံ ဝါ ဃာနံ ဟူ၍လည်းကောင်း မိန့်ဆိုအပ်ကုန်ပြီ။

မြန်မာပြန်ကား—

ဃာနံ၊ ဃာနသည်။ ဂန္ဓာဘိဃာတာရဟာဘူတပွဿာဒလက္ခဏံ၊ ဂန္ဓာရုံဠ်၊ ဝါ၊ ဂန္ဓာရုံသို့ ရှေးရှုထိုခိုက်ခြင်းငှါထိုက်သော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိပေ၏။ ဝါ၊ တနည်းကား။ ဃာယိတုကာမတာ၊ အနံ့ကို နမ်းလိုသော တဏှာသည်သာလျှင်။ နိဒါန၊ အကြောင်းခံရှိသော။ ကမ္မသမုဋ္ဌာန၊ ကံသည် ဖြစ်စေအပ်သော။ ဝါ၊ ကံသည်သာလျှင် ဖြစ်ကြောင်းရှိသော။ ဘူတပွဿာဒလက္ခဏံ၊ ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိပေ၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကို ထောက်၍ ဃာနဟု ဆိုအပ်သော အကြည်ပရမတ္ထသဘောသည် စင်စစ် အထည် ဒြဗ် သဏ္ဌာန် စသည် မရှိသော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အကြည်သဘောမျှသာ ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤ ပြဆိုအပ်ပြီးသော ဃာနပသာဒနှင့်တကွဖြစ်သော ပထဝီ စသော ရုပ်ဆယ်ခုတို့၏ အပေါင်းအစုမျှကိုသာလျှင် ဃာနဒသက ကလာပ်ဟု ခေါ်ဆိုအပ်သည်။ ခေါ်ဆိုအပ်ကြောင်းကိုလည်း စက္ခုဒသက ကလာပ်၌ ပြဆိုအပ်သော နည်းအတိုင်း သိကြကုန်။

ဇိဝှါဒသက ကလာပ်။ ။ဇိဝှါဒသက ကလာပ်-ဖြစ်ပေါ်ရာ၌လည်း ဇိဝှါပသာဒ-၏မှီရာ မဟာဘုတ်လေးပါး၊ ထိုမဟာဘုတ်တို့ကို မှီ၍ဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတ, ဇိဝှါပသာဒ–ဟု ဆိုအပ်သော ရုပ်ဆယ်ခုတို့သည် တလုံးတစည်းတည်း ဖြစ်ပေါ်ကြကုန်၏။

ထိုသို့ ဖြစ်ပေါ်ကြကုန်သော ရုပ်ဆယ်ခုတို့တွင်—

ဇိဝှါ-ဆိုအပ်သည်မှာ အရသာကို သိကြောင်း ဖြစ်သော လျှာ၌ဖြစ်သော မိမိနှင့်အတူတကွမကွေမကွာဖြစ်သော ဘုတ်တို့ကို မှီ၍ဖြစ်သော အကြည်သဘောကို ဆိုအပ်သည်။ ထိုသို့ ဆိုအပ်သည်၏ အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည် ဓမ္မသင်္ဂဏီ ပါဠိတော် ရူပကဏ္ဍ စာမျက်နှာ (၁၆၀)၌—

ယာ ဇိဝှါ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ။

ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

ယာ ဇိဝှါ၊ အကြင် ဇိဝှါဒသက ကလာပ်၌ အကျုံးဝင်သော လျှာအကြည်ဟု ဆိုအပ်သော ပရမတ္ထ သဘောသည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊

မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ပဝတ္တော၊ ဖြစ်သော။ ပသာဒေါ၊ မိမိမှီရာ ဘုတ်တို့ကို ကြည်စေတတ်သော အကြည်သဘောပေတည်း။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ မဟာဘုတ်တို့ကို မှီ၍ဖြစ်သော လျှာ၌ဖြစ်သော အကြည်သဘောကို သာလျှင် ဇိဝှါဟု ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ ၎င်း ဇိဝှါဟု ဆိုအပ်သော အကြည် ပရမတ္ထ သဘောသည်လည်း စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည် မရှိသော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိသော အကြည်သဘောမျှသာ ဖြစ်ပေ၏။ ထိုသို့ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာ (၃၄၉) ၌—

ရသာဘိဃာတာရဟာ ဘူတပ္ပသာဒလက္ခဏာ၊ သာယိတုကာမတာ နိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏာ ဝါ ဇိဝှါ။

ဟူ၍လည်းကောင်း၊

ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် ခန္ဓနိဒ္ဒေသအဖွင့် စာမျက်နှာ (၂၄)၌—

ရသာဘိဃာတာရဟာဘူတပ္ပသာဒလက္ခဏာ၊ သာယိတုကာမတာ နိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏာ ဝါ ဇိဝှါ။

ဟူ၍လည်းကောင်း မိန့်ဆိုအပ်ကုန်ပြီ။

မြန်မာပြန်ကား—

ဇိဝှါ၊ ဇိဝှါသည်။ ရသာဘိဃာတာရဟာဘူတပ္ပသာဒလက္ခဏာ၊ ရသာရုံ၌၊ ဝါ၊ ရသာရုံသို့ ရွေးရွယ်ထိခိုက်ခြင်းငှါထိုက်သော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာရှိပေ၏။ ဝါ၊ တနည်းကား။ သာယိတုကာမတာ၊ အရသာကို လျက်လိုသော တဏှာသည်သာလျှင်။ နိဒါန်၊ အကြောင်းခံရှိသော။ ကမ္မသမုဋ္ဌာန်၊ ကံသည် ဖြစ်စေအပ်သော။ ဝါ၊ ကံသည် သာလျှင် ဖြစ်ကြောင်း ရှိသော။ ဘူတပ္ပသာဒလက္ခဏာ၊ ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိပေ၏။

ဤသို့ပြဆိုအပ်ကုန်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကို ထောက်၍ ဇိဝှါဟုဆိုအပ်သော အကြည်ပရမတ္ထ သဘောသည် စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည်မရှိသော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အကြည်သဘောမျှသာဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤပြဆိုအပ်ပြီးသော ဇီဝဂါပသာဒနှင့်တကွဖြစ်သော ပထဝီစသော ရုပ်ဆယ်ခု တို့၏ အပေါင်းအစုမျှကိုသာလျှင် ဇီဝဂါဒသက ကလာပ်ဟု ခေါ်ဆိုအပ်သည်၊ ခေါ်ဆိုအပ်ကြောင်းကိုလည်း စက္ခုဒသကကလာပ်၌ပြဆိုအပ်သောနည်းအတိုင်း သိကြကုန်။

ကာယဒသကကလာပ်။ ။ကာယဒသက ကလာပ်-ဖြစ်ပေါ်ရာ၌လည်း ကာယ-ပသာဒ၏မှီရာ မဟာဘုတ်လေးပါး၊ ထိုမဟာဘုတ်တို့ကို မှီ၍ဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ, ကာယပသာဒ-ဟု ဆိုအပ်သော ရုပ်ဆယ်ခုတို့သည် တလုံးတစည်းတည်း ဖြစ်ပေါ်ကြကုန်၏။

ထိုသို့ ဖြစ်ပေါ်ကြကုန်သော ရုပ်ဆယ်ခုတို့တွင်—

ကာယ–ဆိုအပ်သည်မှာ အတွေ့ဖောဋ္ဌဗ္ဗကို သိကြောင်းဖြစ်သော ကိုယ်၌ဖြစ်သော မိမိနှင့်အတူဟက္ခ မကွေမကွာ ဖြစ်သော ဘုတ်တို့ကို မှီ၍ဖြစ်သော အကြည်သဘောကို ဆိုအပ်သည်။ ထိုသို့ ဆိုအပ်သည်၏အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည် ဓမ္မသင်္ဂဏိပါဠိတော်-ရူပကဏ္ဍ စာမျက်နှာ (၁၆၁)၌–

ယော ကာယော စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ။

ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

ယော ကာယော၊ အကြင် ကာယဒသက ကလာပ်၌ အကျုံးဝင်သော ကာယ အကြည်ဟု ဆိုအပ်သော ပရမတ္ထသဘောသည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စဲ့မှီ၍။ ပဝတ္တော၊ ဖြစ်သော။ ပသာဒေါ၊ မိမိမှီရာဘုတ်တို့ကို ကြည်စေတတ်သောအကြည်သဘောပေတည်း။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ မဟာဘုတ်တို့ကို မှီ၍ဖြစ်သော ကိုယ်၌ဖြစ်သော အကြည်သဘောကိုသာလျှင် ကာယဟု ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဥင်းကာယဟုဆိုအပ်သော အကြည် ပရမတ္ထသဘောသည်လည်း စင်စစ်အထည် ဒြပ် သဏ္ဌာန်စသည်မရှိသော ဘုတ်တို့ကိုကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အကြည်သဘောမျှသာ ဖြစ်ပေ၏။

ထိုသို့ ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာ (၃၅၀)၌—

ဖောဋ္ဌဗ္ဗာဘိဃာတာရဟာဘူတပဋိသဒ္ဒလက္ခဏော။ ဖုသိတုကာမတာ နိဒါန ကမ္မသမုဋ္ဌာန ဘူတပဋိသဒ္ဒ လက္ခဏော ဝါ ကာယော။ ဟူ၍ လည်းကောင်း၊

ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ခန္ဓနိဒ္ဒေသအဖွင့် စာမျက်နှာ(၃၄)၌—

ဖောဋ္ဌဗ္ဗာဘိဃာတာရဟာဘူတပဋသာဒလက္ခဏော။ ဖုသိတုကာမတာ နိဒါနကမ္မသမုဋ္ဌာနဘူတပဋသာဒလက္ခဏော ဝါ ကာယော။

ဟူ၍လည်းကောင်း မိန့်ဆိုအပ်ကုန်ပြီ။

မြန်မာပြန်ကား—

ကာယော၊ ပသာဒကာယသည်။ ဖောဋ္ဌဗ္ဗာဘိဃာတာရဟာ ဘူတပဋသာဒ-လက္ခဏော၊ ဖောဋ္ဌဗ္ဗာရုံ၌၊ ဝါ၊ ဖောဋ္ဌဗ္ဗာရုံသို့ ရှေးရှုထိခိုက်ခြင်းဌါထိုက်သော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိပေ၏။ ဝါ၊ တနည်းကား။ ဖုသိတုကာမတာ၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလိုသော တဏှာသည်သာလျှင်။ နိဒါန၊ အကြောင်းခံရှိသော။ ကမ္မသမုဋ္ဌာန၊ ကံသည် ဖြစ်စေအပ်သော။ ဝါ၊ ကံသည်သာလျှင် ဖြစ်ကြောင်းရှိသော။ ဘူတပဋသာဒ-လက္ခဏော၊ ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိပေ၏။

ဤသို့ ပြဆိုအပ်ကုန်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကိုထောက်၍ ကာယဟု ဆိုအပ်သော အကြည်ပရမတ္ထသဘောသည် စင်စစ် အထည် ဒြပ်သဏ္ဌာန် စသည်မရှိသော ဘုတ်တို့ကိုကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အကြည်သဘောမျှသာ ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤပြဆိုအပ်ပြီးသော ကာယပသာဒနှင့် တကွဖြစ်သော ပထဝီစသော ရုပ်ဆယ်ခုတို့၏အပေါင်းအစုမျှကိုသာလျှင် ကာယဒသကကလာပ်ဟု ခေါ်ဆိုအပ်သည်။ ခေါ်ဆိုအပ်ကြောင်းကိုလည်း စက္ခုဒသကကလာပ်၌ ပြဆိုအပ်သောနည်း အတိုင်း သိကြကုန်။

ဣတ္ထိဘာဝဒသကကလာပ်။ ။ဘာဝဒသကကလာပ်-တို့ ဖြစ်ပေါ်ရာ၌ ဣတ္ထိ-ဘာဝဒသကကလာပ်ဖြစ်ပေါ်မူ, ပုမ္ဘာဝဒသက ကလာပ် ဖြစ်ပေါ်မူ အားဖြင့် နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် ဣတ္ထိဘာဝဒသကကလာပ်ဖြစ်ပေါ်ရာ၌ ဣတ္ထိဘာဝ၏ မိုရာမဟာဘုတ်လေးပါး၊ ထိုမဟာဘုတ်တို့ကိုမှီ၍ဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ, ဣတ္ထိဘာဝ-ဟု ဆိုအပ်သော ရုပ်ဆယ်ခုတို့သည် တလုံး တစည်းတည်း ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ ဖြစ်ပေါ်ကြကုန်သော ရုပ်ဆယ်ခုတို့တွင် ဣတ္ထိဘာဝဟု ဆိုအပ်သည်မှာ ဣတ္ထိလိင်္ဂ, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပ-တို့၏အကြောင်းဖြစ်သော မိန်းမ၏အဖြစ်သဘောကို ဆိုအပ်သည်။

ထိုသို့ ဆိုအပ်သည်၏ အဖြစ်ကိုလည်း ဓမ္မသင်္ဂဏိပါဠိတော် ရူပကဏ္ဍစာမျက်နှာ (၁၆၇)၌—

> ကတမံ တံ ရူပံ ဣတ္ထိန္ဒြိယံ။ ယံ ဣတ္ထိယာ ဣတ္ထိလိင်္ဂံ ဣတ္ထိနိမိတ္တံ ဣတ္ထိကုတ္တံ ဣတ္ထာကပ္ပေါ ဣတ္ထတ္တံ ဣတ္ထိဘာဝေါ။ ဣဒံ တံ ရူပံ ဣတ္ထိန္ဒြိယံ။

ဟူ၍ ဟောတော်မူသည်ကို ထောက်၍ သိအပ်၏။

မြန်မာပြန်ကား—

ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေ မည်သော။ တံ ရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ယံ-ယေန ကာရဏေန၊ အကြင် အကြောင်းကြောင့်။ ဣတ္ထိယာ၊ မိန်းမ၏။ ယံ ဣတ္ထိလိင်္ဂံ၊ အကြင် လက်,ခြေစသော မိန်းမသဏ္ဌာန်သည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ယံ ဣတ္ထိနိမိတ္တံ၊ အကြင် မုတ်ဆိတ်, ကြင်စွယ်မရှိခြင်း, အသားမြတ် စသည်ရှိခြင်းစသော မိန်းမဟု သိကြောင်းသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ယံ ဣတ္ထိကုတ္တံ၊ အကြင် ငယ်ရွယ်သောအခါ၌ ဗန်းငယ်, စကောငယ်တို့ဖြင့် ဆန်ပြာ၍ ကစားခြင်းစသော အပြုအမူသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ယော ဣတ္ထာကပ္ပေါ၊ အကြင် မသန့်ရှင်းသော သွားခြင်း, ရပ်ခြင်းစသော မိန်းမ၏ အခြင်းအရာသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ယံ ဣတ္ထတ္တံ၊ အကြင် မိန်းမ၏အဖြစ်သည်။ ယော ဣတ္ထိဘာဝေါ အကြင် မိန်းမ၏အဖြစ်ဟုဆိုအပ်သော မှတ်ကြောင်း လက္ခဏာ သဘောသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။ ဣဒံ၊ ဤသို့ သဘောရှိသော။ တံ ရူပံ၊ ထိုရုပ်သည်။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေ မည်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ ဣတ္ထိလိင်္ဂံ, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပ-တို့၏ အကြောင်းဖြစ်သော မိန်းမ၏ အဖြစ် သဘောလက္ခဏာကိုပင် ဣတ္ထိဘာဝ-ဟု ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ထိုမှတပါး ဣတ္ထိဘာဝ-ဟု ဆိုအပ်သော ပရမတ္ထ သဘောသည်လည်း စင်စစ်အထည် ဒြပ် သဏ္ဌာန် စသည်မရှိသော မိန်းမ၏ အဖြစ်မျှကို သိစေတတ်သော သဘော လက္ခဏာမျှသာ ရှိပေ၏။ ထိုသို့ ရှိသည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာ နံပါတ်(၃၅၇)၌—

ဣတ္ထိဘာဝလက္ခဏံ ဣတ္ထိန္ဒြိယံ။

ဟူ၍ မိန့်ဆိုအပ်သည်။ ထိုနည်းအတူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ခန္ဓနိဒ္ဒေသ၌လည်း မိန့်ဆိုအပ်သည်သာတည်း။

မြန်မာပြန်ကား—

ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေသည်။ ဣတ္ထိဘာဝလက္ခဏံ၊ မိန်းမအဖြစ်သည်သာလျှင် မှတ်ကြောင်း လက္ခဏာ ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍ ဣတ္ထိဘာဝဟု ဆိုအပ်သော ပရမတ္ထ သဘောသည် စင်စစ် အထည် ဒြပ် သဏ္ဌာန် စသည်မရှိသော မိန်းမအဖြစ်မျှကို သိစေတတ်သော သဘော လက္ခဏာမျှသာ ရှိသည်၏ဒုဖြစ်ကို ထင်ရှား သိကြကုန်။

ဤပြဆိုအပ်ပြီးသော ဣတ္ထိဘာဝနှင့်တကွဖြစ်သော ပထဝီ စသော ရုပ်ဆယ်ခုတို့၏ အပေါင်းအစုမျှကိုသာလျှင် ဣတ္ထိဘာဝဒသကကလာပ်ဟု ခေါ်ဆိုအပ်သည်။ ခေါ်ဆိုအပ်ကြောင်းကိုလည်း စကျဒသကကလာပ်၌ ပြဆိုအပ်သောနည်းအတိုင်း သိကြလေကုန်။

ပုမ္ဘာဝဒသကကလာပ်။ ။ပုမ္ဘာဝဒသက-ဖြစ်ပေါ်ရာ၌ ပုမ္ဘာဝ၏ မှီရာမဟာဘုတ် လေးပါး၊ ထို မဟာဘုတ်တို့ကိုမှီ၍ ဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတ, ပုမ္ဘာဝ-ဟုဆိုအပ်သော ရုပ်ဆယ်ခုတို့သည် တလုံးတစည်းတည်း ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ ဖြစ်ပေါ်ကြကုန်သော ရုပ်ဆယ်ခုတို့တွင် ပုမ္ဘာဝ-ဟုဆိုအပ်သည်မှာ ပုရိသလိင်္ဂ, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသအာကပ္ပတို့၏ အကြောင်း ဖြစ်သော ယောကျ်ား၏ အဖြစ် သဘောကို ဆိုအပ်သည်။ ထိုသို့ ဆိုအပ်သည်၏အဖြစ်ကိုလည်း ဓမ္မသင်္ဂဏိပါဠိတော် ရူပကဏ္ဍ စာမျက်နှာ နံပါတ် (၁၆၇-၌)—

> ကတမံ တံ ရူပံ ပုရိသိန္ဒြိယံ၊ ယံ ပုရိသဿ ပုရိသလိင်္ဂံ ပုရိသနိမိတ္တံ ပုရိသကုတ္တံ ပုရိသာကပ္ပေါ ပုရိသတ္တံ ပုရိသဘာဝေါ၊ ဣဒံ တံ ရူပံ ပုရိသိန္ဒြိယံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိအပ်၏။

မြန်မာပြန်ကား—

ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေ မည်သော။ တံ ရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ယံ ယေန ကာရဏေန၊ အကြင် အကြောင်းကြောင့်။ ပုရိသဿ၊ ယောကျ်း၏။ ယံ ပုရိသလိင်္ဂံ၊ အကြင်လက်, ခြေစသော ယောကျ်း၏ သဏ္ဌာန်သည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ယံ

ပုရိသနိမိတ္တံ၊ အကြင်မုတ်ဆိတ်, ကြင်စုယ်ရှိခြင်း အစရှိသော ယောကျ်ားဟု သိကြောင်းသည်။ ပါကဋ္ဌံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ယံ ပုရိသကုတ္တံ၊ အကြင် ငယ်ရွယ်စဉ်အခါ၌ ရထားငယ်ဖြင့် ကစားခြင်း, လယ်ထွန်၍ ကစားခြင်း အစရှိသော အပြုအမူသည်။ ပါကဋ္ဌံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ယော ပုရိသဝါကပ္ပေါ၊ အကြင် သန့်သန့်ရှင်းရှင်း သွားခြင်း, ရပ်ခြင်း, စားခြင်းစသော ယောကျ်း၏အခြင်းအရာသည်။ ပါကဋ္ဌံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ယံ ပုရိသတ္တံ၊ အကြင်ယောကျ်း၏ အဖြစ်သည်။ ယော ပုရိသဘာဝေါ၊ အကြင်ယောကျ်း၏ အဖြစ်ဟုဆိုအပ်သော မှုတ်ကြောင်း လက္ခဏာသဘောသည်။ ပါကဋ္ဌံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။ ဣဒံ၊ ဤသို့ သဘောရှိသော။ တံ ရူပံ၊ ထိုရူပ်သည်။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေမည်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ ပုရိသလိင်္ဂ်, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသဝါကပ္ပ-တို့၏ အကြောင်းဖြစ်သော ယောကျ်း၏အဖြစ်သဘောလက္ခဏာကိုပင် ပုရိသဘာဝ-ဟု ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဂုဏ်းပုရိသဘာဝဟုဆိုအပ်သော ပရမတ္ထသဘောလည်း စင်စစ် အထည် ဒြဗ်သဏ္ဌာန် စသည်မရှိသော ယောကျ်း၏အဖြစ်မျှကို သိစေတတ်သော လက္ခဏာမျှသာ ရှိပေ၏။ ထိုသို့ရှိသည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌသာလိနီအဋ္ဌကထာရှင်သည် ရူပကဏ္ဍအဖွင့် စာမျက်နှာနံပါတ် (၃၅၀) ၌-

ပုရိသဘာဝလက္ခဏံ ပုရိသိန္ဒြိယံ။

ဟူ၍ မိန့်ဆိုအပ်လေသည်။ ထိုနည်းအတူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-ခန္ဓနိဒ္ဒေသ၌လည်း မိန့်ဆိုအပ်သည်သာတည်း။

မြန်မာပြန်ကား—

ပုရိသိန္ဒြိယံ၊ ပုရိသဖြစ်သည်။ ပုရိသဘာဝလက္ခဏံ၊ ယောကျ်း၏အဖြစ်သည်သာလျှင် မှုတ်ကြောင်းလက္ခဏာရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကိုထောက်၍ ပုရိသဘာဝဟု ဆိုအပ်သော ပရမတ္ထသဘောသည် စင်စစ် အထည် ဒြဗ် သဏ္ဌာန် စသည်မရှိသော ယောကျ်း၏အဖြစ်မျှကို သိစေတတ်သော သဘောလက္ခဏာမျှသာရှိသည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ပုဗ္ဗာဝန့်တကဖြစ်သော ပဏဝိအစရှိသော ရုပ်ဆယ်ခုတို့၏ အပေါင်းအစုမျှကိုသာလျှင် ပုဗ္ဗာဝဒသကကလာပ်-ဟု ခေါ်ဆိုအပ်သည်၊

ခေါ်ဆိုအပ်ကြောင်းကိုလည်း စက္ခုဒသကကလာပ်၌ ပြဆိုအပ်သော နည်းအတိုင်း သိကြကုန်။

ဝတ္ထုဒသကကလာပ်။ ။ဝတ္ထုဒသကကလာပ်၌ ဝတ္ထု-ဆိုအပ်သည်မှာ တခြားကိုမဆို၊ ဟဒယဟု ခေါ်ဆိုအပ်သော မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာသဘောရုပ်ကို ဆိုအပ်သည်။ ထိုကြောင့် ဋ္ဌီကာကျော်ဆရာသည် ရုပ်ပိုင်းအဖွင့်၌—

ဟဒယမေဝ မနောဓာဟု မနောဝိညာဏဓာတူနံ နိဿယတ္တာ ဝတ္ထု။ ဟူ၍ မိန့်ဆိုလေသည်။

မြန်မာပြန်ကား—

ဟဒယမေဝ၊ ဟဒယရုပ်သည်သာလျှင်။ မနောဓာတု မနောဝိညာဏဓာတူနံ၊ မနောဓာတ်, မနောဝိညာဏဓာတ်တို့၏။ နိဿယတ္တာ၊ မှီရာဖြစ်သည်၏အဖြစ်ကြောင့်။ ဝတ္ထု၊ ဝတ္ထုမည်၏။

ဤသို့ပြဆိုအပ်သော ဋ္ဌီကာရှင်၏စကားရပ်ကိုထောက်၍ မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်သော ဟဒယရုပ်ကိုပင် ဝတ္ထု-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ထိုဝတ္ထုဒသကကလာပ် ဖြစ်ပေါ်ရာ၌ ဝတ္ထု၏မှီရာမဟာဘုတ်လေးပါး၊ ထိုမဟာဘုတ်လေးပါးတို့ကို မှီ၍ဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတ, ဟဒယဝတ္ထု-ဟုဆိုအပ်သော ရုပ်ဆယ်ခုတို့သည် တလုံးတစည်းတည်း ဖြစ်ပေါ်ကြကုန်၏။ ထိုဆယ်ပါးတို့တွင် ဟဒယတည်းဟူသော မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်သော ဝတ္ထုရုပ်ဟုဆိုအပ်သော ပရမတ္ထသဘောသည်လည်း စင်စစ် အထည် ခြဗ် သဏ္ဌာန်စသည်မရှိသော မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော သဘောမျှသာ ဖြစ်ပေ၏။ ထိုသို့ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ခန္ဓနိဒ္ဒေသ မျက်နှာနံပါတ် (၇၇) ၌—

မနောဓာတု မနောဝိညာဏဓာတူနံ နိဿယလက္ခဏံ ဟဒယဝတ္ထု-ဟု မိန့်လေသည်။

မြန်မာပြန်ကား—

ဟဒယဝတ္ထု၊ ဟဒယဝတ္ထုရုပ်သည်။ မနောဓာတု မနောဝိညာဏဓာတူနံ၊ မနောဓာတ် မနောဝိညာဏဓာတ်တို့၏။ နိဿယလက္ခဏံ၊ မှီရာသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင် စကားတော်ကိုထောက်၍ ဟဒယဟုဆိုအပ်သော ဝတ္ထုရုပ်သည် စင်စစ် အထည် ခြဗ် သဏ္ဌာန်စသည်မရှိသော မနော

ဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာသဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာရှိပေ၏ဟု ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ဟဒယဝတ္ထုနှင့်တကွဖြစ်သော ပထဝီအစရှိသော ရုပ်ဆယ်ခုတို့၏ အပေါင်းအစုမျှကိုသာလျှင် ဝတ္ထုဒသက ကလာပ်-ဟု ခေါ်ဆိုအပ်သည်၊ ခေါ်ဆိုအပ်ကြောင်းကိုလည်း စက္ခုဒသက ကလာပ်၌ ပြဆိုအပ်သော နည်းအတိုင်း သိကြကုန်။

ဤသို့လျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဘုံတို့တွင် တဘုံဘုံ၌ ဥပပါတ်ပဋိသန္ဓေဖြစ်ခဲ့အံ့။ ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်သည်တပြိုင်နက် ဤပြဆိုအပ်ပြီးသော စက္ခုဒသက ကလာပ်, သောတဒသက ကလာပ်, ဃာနဒသက ကလာပ်, ဇိဝှါဒသက ကလာပ်, ကာယဒသက ကလာပ် အကယ်၍ ယောကျ်ားဖြစ်အံ့ ပုမ္ဘာဝဒသကကလာပ်, မိန်းမဖြစ်အံ့ ဣတ္ထိဘာဝ ဒသက ကလာပ်, ဝတ္ထုဒသက ကလာပ် ဤကလာပ်ခုနစ်စည်းတို့သည်လည်း အတူတကွ ဖြစ်ပေါ်ကြလေကုန်၏။ ဥပပါတ်ပဋိသန္ဓေနေသောသူအား၌သာ ပဋိသန္ဓေဖြစ်ပေါ်သည်တပြိုင်နက် ဤဆိုအပ်ပြီးသော ကလာပ်ခုနစ်စည်းတို့သည် ဖြစ်ပေါ်သည်မဟုတ်ကုန်သေး။ သံသေဒဇ ပဋိသန္ဓေနေသောသူတို့အား၌လည်း ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်သည်တပြိုင်နက် ဤဆိုအပ်ပြီးသော ရုပ်ကလာပ်ခုနစ်စည်း ရုပ်ခုနစ်ဆယ်တို့သည် အတူတကွဖြစ်ပေါ်ကြကုန်သည်သာတည်း။ ဤပြဆိုအပ်သောနည်းသည် အပြည့်အစုံဖြစ်သောသူတို့ကို ပြဆိုအပ်သော နည်းတည်း။ ထိုကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဖွင့် မျက်နှာနံပါတ် (၁၅၃) ၌လည်းကောင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ·ပညာဘူမိအဖွင့် မျက်နှာနံပါတ် (၁၈၅) ၌လည်းကောင်း။

ရူပီ ဗြဟ္မေ ပန ဒ္ဝေတ္ဝာ အညေသု သံသေဒဇဩပပါတိကေသု ဥက္ကံသတော စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသကာနံ ဝသေန သတ္တတိ-ဟူ၍ မိန့်ဆိုအပ်ပြီ။

မြန်မာပြန်ကား—

ပန၊ ဗြဟ္မာ့ပြည်၌ ရုပ်ကလာပ်ဖြစ်သည်မှတပါး ကာမဘုံ၌ ရုပ်ကလာပ်ဖြစ်ပုံကို ဆိုဦးအံ့။ ရူပီဗြဟ္မေ၊ ရုပ်ရှိသောဗြဟ္မာတို့ကို။ ဒ္ဝေတ္ဝာ၊ ထား၍။ အညေသု၊ တပါးကုန်သော။ သံသေဒဇဩပပါတိကေသု၊ သံသေဒဇ, ဥပပါတ်ဖြစ်ကုန်သောသူတို့၌။ ဥက္ကံသတော၊ အလွန်အားဖြင့်။ စက္ခု သောတ ဃာန-ဇိဝှါကာယဘာဝဝတ္ထုဒသကာနံ၊ စက္ခုဒသက ကလာပ်, သောတဒသက ကလာပ်, ဃာနဒသက ကလာပ်, ဇိဝှါဒသက ကလာပ်, ကာယဒသက ကလာပ်, ဘာဝဒသက ကလာပ်, ဝတ္ထုဒသက ကလာပ်-တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ သတ္တတိ၊ ခုနစ်ဆယ်သောရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားကိုထောက်၍ သံသေဒဇ, ဥပပါတ်တို့အား ပဋိသန္ဓေဝိညာဏ်ဖြစ်သည်နှင့်တပြိုင်နက် တချက်တည်း ရုပ်ကလာပ် ခုနစ်စည်း-ရုပ်ခုနစ်ဆယ်ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

အကယ်၍ ပဋိသန္ဓေအခါ၌ စက္ခုခ္ဆိုလျှင် စက္ခုဒသကကိုနုတ်၍ သောတခ္ဆိုလျှင် သောတဒသကကိုနုတ်၍ ဃာနခ္ဆိုလျှင် ဃာနဒသကကို နုတ်၍ ဘာဝခ္ဆိုလျှင် ဘာဝဒသကကိုနုတ်ပယ်၍ ကျန်သောကလာပ်ကို့ဖြစ်မှုကို သိကြလေကုန်။ ထို့သို့သိအပ်သည်၏ အဖြစ်ကိုလည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ-ပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဖွင့် မျက်နှာ နံပါတ် (၁၅၃) ၌လည်းကောင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ပညာဘူမိအဖွင့် မျက်နှာနံပါတ် (၁၈၆) ၌လည်းကောင်း၊

> အဝကံသတော ပန ဇစ္စန္ဓ ဗဓိရ အဃာနက နပုံသကဿ ဇိဝှါကာယ-ဝတ္ထုဒသကာနံ ဝသေန တိ ံသ ရူပါနိ ဥပ္ပဇ္ဇန္တိ။ ဥက္ကံသာဝကံသာနံ ပန အန္တရေ အနူရူပတော ဝိကပ္ပေါ ဝေဒိတဗ္ဗော။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

အဝကံသတော ပန၊ ယုတ်သောကလာပ်စုအားဖြင့်ကား။ ဇစ္စန္ဓ၊ ပဋိသန္ဓေအားဖြင့် ကန်းသောပုဂ္ဂိုလ်။ ဗဓိရ၊ ပဋိသန္ဓေအားဖြင့် သောတပသာဒခ္ဆိုတဲ့၍ နားပင်းသောပုဂ္ဂိုလ်။ အဃာနက၊ ပဋိသန္ဓေအားဖြင့် ဃာနပသာဒခ္ဆိုတဲ့သော ပုဂ္ဂိုလ်။ နပုံသကဿ၊ နပုန်းပုဂ္ဂိုလ်အား။ ဇိဝှါကာယဝတ္ထုဒသကာနံ၊ ဇိဝှါဒသက ကာယဒသက ဝတ္ထုဒသက-တို့၏။ ဝသေန၊ အစွမ်းဖြင့်။ တိ ံသ ရူပါနိ၊ သုံးဆယ်သောရုပ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥက္ကံသာဝကံသာနံ ပန၊ အလွန်, အယုတ် တို့၏ကား။ အန္တရေ၊ အတွင်း၌။ အနူရူပတော၊ သင့်လျော်ပတ်သောအားဖြင့်။ ဝိကပ္ပေါ၊ အထူးဖြစ်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ စက္ခုစသည် ခ္ဆိုတဲ့လျှင် ခ္ဆိုတဲ့သော ကလာပ်တို့ကိုနုတ်၍ ကျန်သောရုပ်ကလာပ်တို့ ဖြစ်မှုကို သိကြကုန်။

အကယ်၍ အဏ္ဍဇ, ဇလာဗုဇသတ္တဝါဖြစ်အံ့။ ဘာဝခ္ဆိုတဲ့လျှင် ကာယဒသက ကလာပ်, ဝတ္ထုဒသက ကလာပ် ဤနှစ်စည်းတို့သည်သာလျှင် ပဋိသန္ဓေစိတ်နှင့် အတူတကွ မရှေး,မနှောင်း တပြိုင်နက်ဖြစ်ကုန်၏။ အကယ်၍ ဘာဝမခ္ဆိုဘဲ အပြည့်အစုံဖြစ်လျှင် ကာယဒသက ကလာပ်,ဘာဝဒသက ကလာပ်,ဝတ္ထုဒသက ကလာပ်အားဖြင့် ရုပ်ကလာပ်သုံးစည်း ရုပ်သုံးဆယ်တို့သည် ပဋိသန္ဓေစိတ်နှင့်

တပြိုင်နက် တချက်တည်း ဖြစ်ကုန်၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ မျက်နှာနံပါတ် (၁၅၃) ၌ လည်းကောင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘူမိအဖွင့် မျက်နှာနံပါတ်(၁၈၅)၌ လည်းကောင်း၊

တေန သဟ ဝတ္ထုကာယဒသကဝသေန ဒ္ဒေ ဝါ, ဝတ္ထုကာယဘာဝဒသကဝသေန တယော ဝါ ဒသကာ သြမကတော ဥပ္ပဇ္ဇန္တိ၊ နတ္ထိ ဣတော ပရံ ရူပပရိဟာနီတိ။ တံ ပနေတံ ဧဝံ သြမကပရိမာဏံ ဥပ္ပဇ္ဇမာနံ အဣ္ဇဇလာပုဇ္ဇနာမိကာသု ဒ္ဝိသု ယောနီသု ဇာတိဥဏ္ဏာယ ဧကေန အံသုနာ ဥဒ္ဓတတေလသပ္ပိမဏ္ဍပမာဏံ ကလလန္တိ လဒ္ဓသဒ္ဒံ ဟုတ္ဝာ ဥပ္ပဇ္ဇတိ။

ဟူ၍ မိန့်ဆိုအပ်ပြီ။

မြန်မာပြန်ကား—

တေန၊ ထို ပဋိသန္ဓေဝိညာဏ်နှင့်။ သဟ၊ တကွ။ ဝတ္ထုကာယဒသကဝသေန၊ ဝတ္ထု ဒသက ကလာပ်, ကာယဒသက ကလာပ်-တို့၏ အစွမ်းဖြင့်။ ဒ္ဒေ ဝါ၊ နှစ်စည်းတို့လည်းကောင်း။ ဝတ္ထုကာယဘာဝဒသကဝသေန၊ ဝတ္ထု ဒသက ကလာပ်, ကာယဒသက ကလာပ်, ဘာဝဒသက ကလာပ်-တို့၏ အစွမ်းဖြင့်။ တယော ဝါ၊ သုံးစည်းတို့လည်းကောင်း။ ဒသကာ၊ ဒသကတို့သည်။ သြမကတော၊ အယုတ်အားဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတော၊ ဤနှစ်စည်း, သုံးစည်းသော ဒသက ကလာပ်မှ။ ပရံ၊ တပါးသော။ ရူပပရိဟာနိ၊ ရုပ်၏ ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဧဝံ၊ ဤသို့။ သြမကပရိမာဏံ၊ ယုတ်သောအတိုင်း အရှည်ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ တံ ပနေတံ-တံ ပနဧတံ ရူပံ၊ ထို ကလာပ်ရုပ်သည်။ အဣ္ဇဇလာပုဇ္ဇနာမိကာသု၊ အဣ္ဇဇ, ဇလာပုဇ္ဇ အမည်ရှိကုန်သော။ ဒ္ဝီသု၊ နှစ်ပါးကုန်သော။ ယောနီသု၊ ယောနိတို့၌။ ဇာတိဥဏ္ဏာယ၊ အမိဝမ်းတွင်း၌ ဖြစ်ဆဲ တည်ဆဲ ဖြစ်သော သားကောင်၏။ ဧကေန၊ တခုသော။ အံသုနာ၊ အမွှေးဖြင့်။ ဥဒ္ဓတ တေလသပ္ပိမဏ္ဍပမာဏံ၊ နှစ်၍ ထုတ်ဆယ်အပ်သော အမွှေးဖျော်၌တည်သော နှမ်းဆီ, ထောပတ်ဆီကြည်ခန့်မျှ အတိုင်းအရှည် ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ကလလန္တိ၊ ရေကြည်ဟူ၍။ လဒ္ဓသဒ္ဒံ၊ ရအပ်သော ခေါ်ဝေါ်ခြင်း ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားကိုထောက်၍ အဣ္ဇဇ, ဇလာပုဇ္ဇ-တို့အား အပြည့်အစုံဖြစ်လျှင် ကာယ, ဘာဝ, ဝတ္ထု ဒသက-အားဖြင့် သုံးစည်း၊ ဘာဝယုတ်လျှင် နှစ်စည်းမျှသာ ဖြစ်သည်၏ အဖြစ်ကို သိကြကုန်။ ထို အောက်ယုတ်၍ ဖြစ်မှု မရှိပြီ။

ဤသို့လျှင် အပါယ်လေးဘုံတို့တွင် တဘုံဘုံ၌ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတို့တွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်လျှင် ရှေးက ပြဆိုခဲ့ပြီးသော နည်းအတိုင်း ၎င်း ပဋိသန္ဓေဝိညာဏ်နှင့် အတူတက္က ၎င်း ပဋိသန္ဓေဝိညာဏ်၏ အာရုံကို အာရုံပြု၍ တွေ့တတ်သောသဘော ဖဿ၊ ၎င်းအာရုံကို ခံစားတတ်သောသဘော ဥပေက္ခာဝေဒနာ၊ ၎င်းအာရုံကို မှတ်တတ်သောသဘော သညာ၊ ၎င်း အာရုံ၌ သမ္မယုတ် တရားတို့ကို စေ့ဆော်ပြုလုပ်တတ်သောသဘော စေတနာ၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို မပျံ့မလွင့် တည်စေတတ်သောသဘော ဧကဂ္ဂတာ၊ ၎င်းအာရုံ၌ သမ္မယုတ် တရားတို့ကို စောင့်ရှောက်တတ်, အစိုးရသည်၏ အဖြစ်ကို ပြုတတ်သောသဘော ဇီဝိတိန္ဒြေ၊ ၎င်းအာရုံ၌ သမ္မယုတ် တရားတို့ကို စိုင်းနှင်တတ်, ရှေးရှုဖြစ်စေတတ်သော သဘော မနသိကာရ၊ ၎င်းအာရုံသို့ သမ္မယုတ် တရားတို့ကိုရောက်အောင် တင်တတ်သောသဘော ဝိတက်၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို တရစ်ဝဲဝဲ သုံးသပ်စေတတ်သောသဘော ဝိစာရ၊ ၎င်းအာရုံကို ဆုံးဖြတ်တတ်သော သဘော အဓိမောက္ခ၊ ဤဆိုအပ်ပြီးသော စေတသိက် တည်းဟူသောနာမ်၊ ဥပပါတ်, သံသောဒဇ ဖြစ်အံ့၊ အပြည့်အစုံဖြစ်လျှင် ရှေးက ပြဆိုခဲ့သည်အတိုင်း စက္ခုဒသက ကလာပ်စသော ရုပ်ကလာပ် ခုနစ်စည်း၊ ဝါ၊ ခုနစ်ဆယ်သော ရုပ်သည် ဖြစ်ပေါ်၏။ အကယ်၍ စက္ခုစသည် ယုတ်ခဲ့လျှင်လည်း ရှေးက ပြဆိုခဲ့သည်အတိုင်း ထို စက္ခုစသော ရုပ်ကလာပ်ကို နုတ်၍ ကျန်သော ရုပ်ကလာပ်တို့ ဖြစ်ပေါ်ကြသည်ကို သိကြကုန်။

အကယ်၍ ဂဗ္ဘသေယျ ပဋိသန္ဓေ ဖြစ်ခဲ့အံ့၊ ရှေးက ပြဆိုခဲ့ပြီးသောအတိုင်း ကာယ, ဘာဝ, ဝတ္ထု ကလာပ်သုံးစည်းတို့သည် ဖြစ်ပေါ်ကုန်၏။ ဘာဝယုတ်လျှင် ကလာပ် နှစ်စည်းတို့သည် ဖြစ်ပေါ်ကုန်၏။ ဤသို့လျှင် အပါယ်လေးဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်လျှင် စင်စစ် ပြဆိုအပ်ပြီးသော စေတသိက် တဆယ် တည်းဟူသောနာမ်, ပြဆိုအပ်ပြီးသောရုပ်၊ ဤ နာမ်, ရုပ် နှစ်ပါးတို့သည်သာလျှင် သတ္တဝါ,ပုဂ္ဂိုလ်မဟုတ်ကုန်ဘဲလျက် ထင်ရှားဖြစ်ပေါ်ကုန်၏။ ထိုသို့ ဖြစ်ပေါ်ကြရာ၌ ပဋိသန္ဓေဝိညာဏ်သည် စင်စစ် အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏။ နာမ်, ရုပ် နှစ်ပါးသည် ထို ပဋိသန္ဓေဝိညာဏ်တည်းဟူသော အကြောင်းကိုရ၍ ဖြစ်ပေါ်ကြသော အကျိုးတရားဟူ၍ နှလုံးသွင်းကြကုန်။ ထိုအကျိုးတရားကို ပဋိစ္စသမုပ္ပန္နတရားဟု ဘုရားရှင်သည် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ ဟောတော်မူအပ်သည်။

ဤတွင် အပါယ်လေးဘုံ၌ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်, ရုပ် ဖြစ်ပုံကို ပြချက်သည် ပြီး၏။

ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံ

လူ့ပြည်, နတ်ပြည်ခြောက်ထပ်တည်း ဟူသော ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ အကယ်၍ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ သံသေဒဇ, ဥပပါတ် တိဟိတ်ဖြစ်သော သောမနဿသဟဂုတ် ဉာဏ-သမ္ပယုတ် ပဋိသန္ဓေဝိညာဏ်သည် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ ထို ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ မရှေး, မနှောင်း တပြိုင်နက် ထိုပဋိသန္ဓေဝိညာဏ်ကို မှီတွယ်၍ ၎င်းပဋိသန္ဓေဝိညာဏ်၏အာရုံကို အာရုံပြု၍ တွေ့တတ်သောသဘော ဖဿ၊ ၎င်း အာရုံကို ခံစားတတ်သောသဘော သောမနဿဝေဒနာ၊ ၎င်းအာရုံကို မှတ်တတ်သောသဘော သညာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်တတ်သောသဘော စေတနာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို မပျံ့မလွင့်တည်စေတတ်သော သဘော ဧကဂ္ဂတာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို စောင့်ရှောက်တတ်, အစိုးရသည်၏အဖြစ်ကို ပြုတတ်သော သဘော ဇီဝိတိန္ဒြေ၊ ၎င်း အာရုံ၌ သမ္ပယုတ်တရားတို့ကို စိုင်းနှင်တတ်, ရှေးရှုဖြစ်စေတတ်သောသဘော မနသိကာရ၊ ၎င်းအာရုံသို့ သမ္ပယုတ်တရားတို့ကို ရောက်အောင် တင်တတ်သော သဘော ဝိတက္က၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို တရစ်ဝဲဝဲသုံးသပ်စေတတ်သော သဘော ဝိစာရ၊ ၎င်းအာရုံကို ဆုံးဖြတ်တတ်သော သဘော အဓိမောက္ခ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကိုဖြစ်စေရန်အားထုတ်တတ်သောသဘော ဝီရိယ၊ ၎င်းအာရုံကို နှစ်သက်တတ်သောသဘော ပီတိ၊ ၎င်းအာရုံ၌ ပြုလုပ်လိုကာမတ္တာ ဖြစ်သောသဘော ဆန္ဒ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်လင် စေတတ်သောသဘော သဒ္ဓါ၊ ၎င်းအာရုံကို အောက်မေ့တတ်သော သဘော သတိ၊ ၎င်းအာရုံကို အာရုံပြု၍ ဒုစရိုက်တို့ကို စက်ဆုပ်တတ်သောသဘော ဟိရီ၊ ၎င်း အာရုံကို အာရုံပြု၍ မကောင်းသော ဒုစရိုက်တို့ကြောင့် ကြောက်ထိတ်လန့်တတ်သော သဘော ဩတ္တပ္ပ၊ ၎င်းအာရုံ၌ မမက်မောတတ်သောသဘော အ-လောဘ၊ ၎င်းအာရုံ၌ မပြစ်မှားတတ်သောသဘော အဒေါသ၊ ၎င်း အာရုံ၌ သမ္ပယုတ်တရားတို့ကို ဖြောင့်မတ်စွာ အလယ်အလတ်အဖြစ်ဖြင့် ကျရောက်စေသည်၏အဖြစ်သဘော တတြမဇ္ဈတ္တတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ကိုလေသာ အပူအလောင်မှ ငြိမ်းခြင်းသဘော ကာယပဿဒ္ဓိ၊ ၎င်းအာရုံ၌ စိတ်၏ ကိုလေသာ အပူအလောင်မှ ငြိမ်းခြင်းသဘော စိတ္တပဿဒ္ဓိ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ပေါ့ပါးသည်၏အဖြစ်သဘော ကာယလဟုတာ၊ ၎င်း အာရုံ၌ စိတ်၏ ပေါ့ပါးသည်၏အဖြစ်သဘော စိတ္တလဟုတာ၊ ၎င်း အာရုံ၌ စေတသိက်အပေါင်း၏ နူးညံ့သည်၏ အဖြစ်သဘော ကာယမုဒုတာ၊ ၎င်းအာရုံ၌ စိတ်၏ နူးညံ့သည်၏ အဖြစ်သဘော စိတ္တမုဒုတာ၊ ၎င်းအာရုံ၌ စေတသိက်

အပေါင်း၏အမှု၌ ခံသည်၏အဖြစ်သဘော ကာယကမ္မညတာ၊ ၎င်းအာရုံ၌ စိတ်၏အမှု၌ ခံသည်၏အဖြစ်သဘော စိတ္တကမ္မညတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ကိလေသာဖြင့် မနာမကျင်သည်၏ အဖြစ်သဘော ကာယပါဂုညတာ၊ ၎င်းအာရုံ၌ စိတ်၏ ကိလေသာဖြင့် မနာမကျင်သည်၏ အဖြစ်သဘော စိတ္တပါဂုညတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ဖြောင့်မတ်သည်၏ အဖြစ်သဘော ကာယုဇုကတာ၊ ၎င်းအာရုံ၌ စိတ်၏ ဖြောင့်မတ်သည်၏အဖြစ်သဘော စိတ္တုဇုကတာ၊ ၎င်းအာရုံကို အာရုံပြု၍ ဟုတ်မှန်သော သဘောကို သိတတ်သော သမ္မယုတ်တရားတို့ကို အစိုးရသည်၏ အဖြစ်ကို ပြုတတ်သော သဘော ပညိန္ဒြေစေတသိက်တည်းဟူသော သုံးဆယ့်သုံးပါးသော စေတသိက်တို့သည်လည်း ဖြစ်ပေါ်ကြကုန်၏။

အကယ်၍ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သံသေဒဇ, ဥပပါတ် တိဟိတ် ပဋိသန္ဓေ ဝိညာဏ် ဖြစ်ပေါ်ခဲ့အုံး။ ရှေးက ပြဆိုအပ်သော စေတသိက် သုံးဆယ့်သုံးပါးတို့တွင် ပီတိစေတသိက်ကိုနုတ်၍ သုံးဆယ့်နှစ်ပါးသောစေတသိက်တို့သည် တပြိုင်နက် ဖြစ်ပေါ်ကြကုန်၏။ အကယ်၍ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သံသေဒဇ, ဥပပါတ် ဒ္ဒိဟိတ် ပဋိသန္ဓေ ဝိညာဏ်ဖြစ်ပေါ်ခဲ့အုံး၊ ရှေးက ပြဆိုအပ်ပြီးသော စေတသိက် သုံးဆယ့်သုံးပါ.တို့တွင် ပညိန္ဒြေကိုနုတ်၍ ကျန်သော သုံးဆယ့်နှစ်ပါးကုန်သော စေတသိက်တို့သည် ထိုပဋိသန္ဓေဝိညာဏ်နှင့်တပြိုင်နက် တချက်တည်း ထိုပဋိသန္ဓေဝိညာဏ်၏ အာရုံကို အာရုံပြု၍ ထိုပဋိသန္ဓေဝိညာဏ်ကိုသာလျှင် မှီတွယ်၍ ဖြစ်ပေါ်ကြကုန်၏။

အကယ်၍ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သံသေဒဇ, ဥပပါတ်ဒ္ဒိဟိတ် ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်ခဲ့အုံး။ ရှေးကပြဆိုအပ်သော စေတသိက် သုံးဆယ့်သုံးပါးတို့တွင် ပီတိစေတသိက်, ပညိန္ဒြေစေတသိက် နှစ်ပါးကိုနုတ်၍ ကျန်သော စေတသိက် သုံးဆယ့်တပါးတို့သည် ထိုပဋိသန္ဓေဝိညာဏ်နှင့် တပြိုင်နက် တချက်တည်း ထိုပဋိသန္ဓေဝိညာဏ်၏ အာရုံကို အာရုံပြု၍ ထိုပဋိသန္ဓေဝိညာဏ်စိတ်ကိုသာလျှင် မှီတွယ်၍ ဖြစ်ပေါ်ကြကုန်၏။

ထိုပဋိသန္ဓေဝိညာဏ်နှင့် အတူတကွဖြစ်ကုန်သော စေတသိက်တို့ကို အာရုံသို့ရှေးရှုညွတ်တတ်, အချင်းချင်း ညွတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်၊ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို ရှေးကပြဆိုခဲ့ပြီ။ ထို ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်သည်နှင့်တပြိုင်နက် ထိုဆိုအပ်ပြီးသော စေတသိက် တည်းဟူသော နာမ်သာလျှင် ဖြစ်ပေါ်သည်မဟုတ်သေး၊ ရှေးကပြဆိုအပ်ပြီးသော စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်၊ အကယ်၍ ယောကျ်ားဟု သမုတ်အပ်သော ခန္ဓာဖြစ်အုံး၊ ပုမ္ဘာဝဒသကကလာပ်၊ အကယ်၍ မိန်းမဟု သမုတ်အပ်သော ခန္ဓာ

ဖြစ်အံ့၊ ဣတ္ထိဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်-အားဖြင့် ရုပ်ကလာပ် ခုနစ်စည်း၊ ရုပ်ခုနစ်ဆယ်တို့သည်လည်း ထိုပဋိသန္ဓေဝိညာဏ်နှင့်အတူ ဖြစ်ပေါ် ကြကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပေါ်ပုံကို ရှေးကပြဆိုအပ်ခဲ့ပြီ။

အကယ်၍သာလျှင် ကာမသုဂတိဘုံ၌ ဂဗ္ဘသေယျ ပဋိသန္ဓေ ဖြစ်ခဲ့အံ့။ ပဋိသန္ဓေဖြစ်သည်တပြိုင်နက် စေတသိက်တည်းဟူသော နာမ်ဖြစ်ပုံမှာ-ရှေးနည်းအတိုင်း။ ရုပ်ဖြစ်ရာ၌မူကား – ဒိဟိတ်, တိဟိတ် ပဋိသန္ဓေတို့၌ ဘာဝရုပ် မချို့တဲ့သောကြောင့် ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်- အားဖြင့် ရုပ်ကလာပ် သုံးစည်း ရုပ်သုံးဆယ်တို့သည် တပြိုင်နက် ဖြစ်ပေါ်ကြလေကုန်၏။ ထိုဖြစ်ပေါ်ကုန်သော ဝိညာဏ်, နာမ်, ရုပ်တို့တွင် ပဋိသန္ဓေဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏။ နာမ်, ရုပ် နှစ်ပါးသည် အကျိုးပဋိစ္စသမုပ္ပန္နတရားဖြစ်၏။

ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ–ဟူ၍ ဝိညာဏ်ကိုအကြောင်း၊ နာမ်, ရုပ်ကို အကျိုး-ထား၍ ဟောတော်မူအပ်သည်ဟု သိကြကုန်။

အကယ်၍ လူနှင့် စာတုမဟာရာဇ်အဝင် ဘုမ္မနိဿိတနတ်တို့အား သံသေဒဇ, ဥပပါတ်သုဂတိအဟိတ် ပဋိသန္ဓေဟု ဆိုဒူးပ်သော ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဝိညာဏ်သည် ဖြစ်ပေါ်ခဲ့အံ့။ ထိုပဋိသန္ဓေ ဝိညာဏ်ကိုပင် မှီတွယ်၍ ၎င်းပဋိသန္ဓေဝိညာဏ်၏အာရုံဖြစ်သော ကံ စသော အာရုံကိုပင် အာရုံပြု၍ တွေ့တတ်သောသဘော ဖဿ၊ ၎င်းအာရုံကို ခံစားတတ်သောသဘော ဝေဒနာ၊ ၎င်းအာရုံကို မှတ်တတ်သောသဘော သညာ၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို စေ့ဆော်တတ်သောသဘော စေတနာ၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို မပျံ့မလွင့် တည်စေတတ်သောသဘော ဧကဂ္ဂတာ၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို စောင့်ရှောက်တတ်, အစိုးရသည်၏အဖြစ်ကို ပြုတတ်သောသဘော ဇီဝိတိန္ဒြေ၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို စိုင်းနှင်တတ်, ရှေးရှုဖြစ်စေတတ်သောသဘော မနသိကာရ၊ ၎င်းအာရုံသို့ သမ္မယုတ်တရားတို့ကို ရောက်အောင် တင်တတ်သော သဘော ဝိတက္က၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို တရစ်ဝဲဝဲ သုံးသပ်စေတတ်သော သဘော ဝိစာရ၊ ၎င်းအာရုံကို ဆုံးဖြတ်တတ်သောသဘော အဓိမောက္ခ။ ဤ ဆယ်ပါးသော စေတသိက် တည်းဟူသော နာမ်တရားတို့သည် ထိုပဋိသန္ဓေဝိညာဏ်နှင့်တပြိုင်နက် တချက်တည်း ဖြစ်ပေါ်ကြကုန်၏။

ရုပ်ကလာပ်ဖြစ်နည်းမှာမူကား–အကယ်၍ စက္ခုကလာပ် ချို့ခဲ့အံ့၊ ကျန်သော သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်–အားဖြင့် ရုပ်

ကလာပ် ခြောက်စည်း – ရုပ်ခြောက်ဆယ်တို့သည် ဖြစ်ကုန်၏။ ။အကယ်၍ သောတ ကလာပ် ချို့ခဲ့အံ့၊ သောတဒသကကလာပ်ကို နုတ်၍ ကျန်သော ကလာပ် ခြောက်စည်း – ရုပ်ခြောက်ဆယ်တို့သည် ဖြစ်ကုန်၏။ အကယ်၍ ဃာန ကလာပ် ချို့ခဲ့အံ့။ ဃာနကိုနုတ်၍ ရှေးနည်းအတိုင်းပင် သိအပ်၏။ အကယ်၍ စက္ခု, သောတ နှစ်စည်းလုံးချို့လျှင် ကျန်ငါးစည်းသာ ဖြစ်ကုန်၏။ အကယ်၍ ဘာဝချို့လျှင် ဘာဝဒသကကလာပ်ကို နုတ်၍ ရှေးနည်းကိုမှီ၍ သိကြကုန်။ ။ ကာမဘုံ၌ ဖြစ်ကြသော ဥပပါတ် ပဋိသန္ဓေ ပုဂ္ဂိုလ်တို့အား ဃာနချို့သည် ဟူ၍ မရှိ။ ထိုကြောင့် အာယတနယမိုက်အဋ္ဌကထာ မျက်နှာနံပါတ် (၃၀၉) ၌—

ကာမဓာတုယံ ပန အဃာနကော ဩပပါတိကော နတ္ထိ။

ဟူ၍ မိန့်အပ်လေသည်။

မြန်မာပြန်ကား—

ပန၊ အထူးကိုဆိုဦးအံ့။ ကာမဓာတုယံ၊ ကာမဓာတ်၌။ အဃာနကော၊ ဃာနပသာဒချို့တဲ့သော။ ဩပပါတိကော၊ ဥပပါတ်ပဋိသန္ဓေနေသောသူသည်။ နတ္ထိ၊ မရှိ။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ကာမဘုံ၌ဖြစ်သော ဥပပါတ်ပဋိသန္ဓေနေသော သူတို့အား ဃာနပသာဒ မချို့တဲ့ကြောင်းကို သိကြကုန်။ ။အကယ်၍ ဂဗ္ဘသေယျ သုဂတိအဟိတ် ပဋိသန္ဓေ ဝိညာဏ်ဖြစ်ပေါ်ခဲ့အံ့။ အကယ်၍ဘာဝ ချို့လျှင် ဘာဝကိုနုတ်၍ ကာယ, ဝတ္ထု၊ ဤကလာပ်နှစ်စည်းတို့သည် ဖြစ်ကုန်၏။ မချို့တဲ့လျှင် သုံးစည်းဖြစ်ကုန်၏။ ထိုသို့ ဖြစ်ပုံသာဓကတို့ကို ရှေးကပြဆို၍ ထားခဲ့ပြီ။

ဤဂဗ္ဘသေယျကပဋိသန္ဓေနေသူတို့အား ပဋိသန္ဓေဖြစ်စအခါ ကာယဒသက ကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသက ကလာပ်၊ ဤသုံးစည်းတို့သည် ပဋိသန္ဓေဝိညာဏ်နှင့် အတူတကဖြစ်ပေါ်ပြီး၍ ကျန်သော စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသက ကလာပ်, ဇိဝှါ ဒသက ကလာပ်၊ ဤကလာပ် လေးစည်းတို့သည် ပဋိသန္ဓေနေပြီးသည်မှ ရက်ပေါင်း ခုနစ်ဆယ့်ခုနစ် ရက်ညဉ့်၌ တပြိုင်နက် ဖြစ်ကြကုန်၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကို သိစေတော်မူလိုသော ကထာဝတ္ထု အဋ္ဌကထာရှင်သည် မျက်နှာနံပါတ်(၂၄၀) သဠာယတ-နုပ္ပတ္တိကထာ၌—

ဂဗ္ဘသေယျကာနံ အဇ္ဈတ္တိကာယတနေသု မနာယတနကာယာယ-တနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ။ သေသာနိ စတ္တာရိ သတ္တသတ္တတိ-ရတ္တိမ္ပိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဂဗ္ဘသေယျကာနံ၊ ဂဗ္ဘသေယျပဋိသန္ဓေနေသောသူတို့အား။ အဇ္ဈတ္တိကာယ-တနေသု၊ အဇ္ဈတ္တိက အာယတန ခြောက်ပါးတို့တွင်။ မနာယတနကာယာယ-တနာနေဝ၊ မနာယတန, ကာယာယတန တို့သည်သာလျှင်။ ပဋိသန္ဓိကွဏော၊ ပဋိသန္ဓေခဏာဠ်။ ဥပပဇ္ဇန္တိ၊ တပေါင်းတည်း ဖြစ်ကြကုန်၏။ သေသာနိ၊ ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော။ စတ္တာရိ၊ လေးပါးကုန်သော စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန–တို့သည်။ သတ္တ သတ္တတိ ရတ္တိမှိ၊ ခုနစ်ဆယ့်ခုနစ်ရက်သော ညဉ့်၌။ ဥပပဇ္ဇန္တိ၊ တပြိုင်နက် ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကိုထောက်၍ စက္ခာ-ယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန၊ ဤ လေးပါးတို့သည် ခုနစ်ဆယ့်ခုနစ်ရက် ညဉ့်၌ တပြိုင်နက် ဖြစ်ကြကုန်သည်၏အဖြစ်ကို သိကြကုန်။

ဤသို့လျှင် ကာမသုဂတိခုနစ်ဘုံ၌ ပဋိသန္ဓေဝိညာဏ် ကိုးပါးတို့တွင် တပါး ပါးဖြစ်ပေါ်လျှင် စင်စစ်ပြဆိုအပ်ပြီးသော စေတသိက်တည်းဟူသော နာမ်တရား တို့သည် ဆိုင်ရာ, ဆိုင်ရာ ၎င်းပဋိသန္ဓေဝိညာဏ်ကို မှီတွယ်၍ ဖြစ်ပေါ်ကြကုန်၏။ ပြဆိုအပ်ပြီးသော ရုပ်ကလာပ်တို့သည်လည်း ဥပပါတ်, သံသေဒဇ, ဂဗ္ဘသေယျ စသည်တို့အားလျော်စွာ ပဋိသန္ဓေဝိညာဏ်နှင့်အတူတကွ ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ဖြစ်ပေါ်ကြကုန်သော ဝိညာဏ်, နာမ်, ရုပ်–တို့တွင် ပဋိသန္ဓေဝိညာဏ်သည် စင်စစ် အကြောင်းပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏။ နာမ်, ရုပ်နှစ်ပါးသည် ထို ပဋိသန္ဓေ ဝိညာဏ် တည်းဟူသော အကြောင်းကိုစဲ့၍ ဖြစ်ပေါ်ကြသော အကျိုးတရား ဟူ၍ နှလုံးသွင်းကြကုန်။ ထို အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန္နတရားဟူ၍ ဘုရားရှင်သည် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူအပ်သည်။

ထို ဝိညာဏ်, နာမ်, ရုပ်တို့တွင် ပဋိသန္ဓေဝိညာဏ်သည် ဝိညာဏကွန္ဓာဖြစ်၏။ နာမ်တရား တည်းဟူသော စေတသိက်တို့တွင် ဝေဒနာသည် ဝေဒ-နာက္ခန္ဓာ ဖြစ်၏။ သညာသည် သညာက္ခန္ဓာဖြစ်၏။ ဝေဒနာ, သညာတို့မှ ကြွင်းသော စေတသိက်တို့သည် သင်္ခါရက္ခန္ဓာ ဖြစ်၏။ ရုပ်ကလာပ်စုသည် ရူပက္ခန္ဓာ-ဖြစ်၏။ ဤသို့လျှင် လူ, နတ်သတ္တဝါ မဟုတ်ဘဲလျက် ပရမတ္ထသဘောအား ဖြင့် ခန္ဓာငါးပါး တရားအပေါင်းတို့သည်သာလျှင် စင်စစ် ဖြစ်ပေါ်ကြကုန်၏။ ထိုဖြစ်ပေါ်ကြကုန်သော ခန္ဓာငါးပါးတရားတို့သည် ဖြစ်ပေါ်စဉ်လည်းကောင်း၊ ဖြစ်ပေါ်၍ တည်နေဆဲဌာန လည်းကောင်း ထင်ရှားရှိကုန်၏။ ထိုသို့ ထင်ရှားရှိသော ခန္ဓာငါးပါး အပေါင်းကိုသာလျှင် လူ, နတ် စသော သတ္တဝါဟု ခေါ်ဆိုသမုတ်အပ်လေသည်၊ ထို ခန္ဓာငါးပါးအပေါင်းအစုမှ တပါး လူ, နတ် စသော

သတ္တဝါကို မရဒအပ်ဟုမှတ်၊ ထိုသို့ ခေါ်ဆိုအပ်, မရအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်-ဝဇိရာဘိက္ခုနီသံယုတ် မျက်နှာနံပါတ် (၁၃၇) ၌—

ကိ ံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌဂတံ နု တေ။
သုဒ္ဓသဓ်ါရပုဉ္ဇောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။
ဃထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

ဟူ၍ ဝဇိရာဘိက္ခုနီရဟန္တာမက မာရ်နတ်ကို ပြန်ပြောလေသည်။

မြန်မာပြန်ကား—

မာရ၊ မာရ်နတ်။ တေ တယာ၊ သင်သည်။ သတ္တောတိ၊ သတ္တဝါ ဟူ၍။ ဒိဋ္ဌဂတံ၊ မိစ္ဆာအယူကို။ ကိ ံ နု၊ အဘယ်ကြောင့်။ ပစ္စေသိ နု၊ ယုံကြည်သဖြင့် ယူဘိသနည်း။ အယံ၊ ဤသတ္တဝါဟု ခေါ်ဝေါ်အပ်သော တရားသည်။ သုဒ္ဓ-သဓ်ါရပုဉ္ဇော၊ သတ္တဝါနှင့်မရော, သက်သက်သော သဓ်ါရတရားအစုမျှသာ လျှင်တည်း။ ဣဓ၊ ဤသက်သက်သော သဓ်ါရ တရားအစု၌။ သတ္တော၊ သတ္တဝါကို။ န ဥပလဗ္ဘတိ၊ မရအပ်။ (နယိဓ သတ္တုပလဗ္ဘတိတိ ဣမသ္မိ ံ သုဒ္ဓ-သဓ်ါရပုဉ္ဇေ ပရေမတ္ထတော သတ္တော နာမ န ဥပလဗ္ဘတိ။ ဟူ၍ ဖွင့်ပြသော သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာကို ထောက်လေ။) အင်္ဂသမ္ဘာရာ၊ အစိတ်, အစိတ်သော အဆောက်အဦရှိသောကြောင့်။ ရထော ဣတိ၊ ရထားဟူ၍။ သဒ္ဒေါ၊ ခေါ်ဝေါ်သမုတ်ခြင်းသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ-တထာ၊ ထိုအတူ။ ခန္ဓေသု၊ ခန္ဓာငါးပါးတရားတို့သည်။ သန္တေသု၊ ထင်ရှားရှိကုန်သည် ရှိသော်။ သတ္တောတိ၊ သတ္တဝါဟူ၍။ သမ္မုတိ၊ သမုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ပြဆိုအပ်သော ပါဠိတော် စကားရပ်တို့ကို ထောက်၍ ထင်ရှားရှိသော ခန္ဓာငါးပါး အပေါင်းကိုသာလျှင် လူ, နတ်, သတ္တဝါဟု သမုတ်၍ ခေါ်ဝေါ်ခြင်းမျှသာ ဖြစ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ထို ခန္ဓာငါးပါးမှလွဲ၍ သတ္တဝါဟူ၍ မရအပ်၊ သတ္တဝါဟူ၍ မရှိသည်၏ အဖြစ်ကိုလည်းကောင်း သိကြကုန်။ နောက်နောက်ကိုလည်း ဤနည်းအတိုင်း သိကြကုန်။

ဤပြဆိုအပ်ပြီးသောအပါယ်လေးဘုံ၌ အဟိတ် အကုသလဝိပါက် ဥပေက္ခာ-သဟဂုတ် သန္တီရဏဝိညာဏ်ဖြင့် ပဋိသန္ဓေနေခြင်းတပါး၊ ကာမသုဂတိဘုံ၌ မဟာဝိပါက်ဝိညာဏ် ရှစ်ပါးတို့ဖြင့် ပဋိသန္ဓေနေခြင်းရှစ်ပါး၊ အဟိတ်ကုသလ-ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဝိညာဏ်ဖြင့် ပဋိသန္ဓေ နေခြင်းတပါး ဤဆယ်ပါးသော ပဋိသန္ဓေတို့ကို ကာမဘဝစရ ပဋိသန္ဓေဟု ခေါ်ဆိုအပ်ကုန်သည်။

ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဘိဓမ္မတ္ထ-သင်္ဂဟ လက်သန်းအဋ္ဌကထာရှင်သည် ဝိထိမုတ္တပရိစ္ဆေဒစာမျက်နှာ (၂၆)၌—

သာ ပနာယံ ဒဿဝိဓာပိ ကာမာဝစရပဋိသန္ဓိစေဝ သဒ္ဒံ ဂစ္ဆတိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ပန၊ အစိတ်မှတပါး အပေါင်းကိုဆိုဦးအံ့။ ဒဿဝိဓာပိ၊ ဆယ်ပါးအပြားရှိသည်လည်းဖြစ်သော။ သာ အယံ၊ ထိုပဋိသန္ဓေသည်။ ကာမာဝစရပဋိသန္ဓိစေဝ၊ ကာမာဝစရ ပဋိသန္ဓေဟူ၍သာလျှင်။ သဒ္ဒံ၊ ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဤသို့ ပြဆိုအပ်သော လက်သန်း အဋ္ဌကထာကို ထောက်၍ ကာမာဝစရပဋိသန္ဓေဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤ ပြဆိုအပ်သော ပဋိသန္ဓေဝိညာဏ်ဖြင့် ပဋိသန္ဓေဖြစ်ကြရာတို့တွင် ငရဲသူတို့အားလည်းကောင်း၊ ဘုမ္မဇိုဝ်းနတ်ကိုကြဉ်၍ အထက် နတ်ပြည်ခြောက်ထပ်၌ဖြစ်သော နတ်တို့အားလည်းကောင်း၊ နိဇ္ဈာမတဏှိက ပြိတ္တာတို့အားလည်းကောင်း ဥပပါတ် ပဋိသန္ဓေတပါးသာ ဖြစ်ပေ၏။ ထိုမှကျန်သော ပြိတ္တာ, တိရစ္ဆာန်, အသုရကာယ်, လူ, ဘုမ္မဇိုဝ်း နတ်တို့အားကား ဥပပါတ်, သံသေဒဇ, ဂဗ္ဘသေယျ, အဏ္ဍဇ ဤလေးမျိုးသော ပဋိသန္ဓေတို့ပင် ဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် မျက်နှာနံပါတ် (၁၅၃) ၌ လည်းကောင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် ပညာဘူမိနိဒ္ဒေသ မျက်နှာနံပါတ် (၁၈၅) ၌ လည်းကောင်း၊

နိရယေ စ ဘုမ္မဝဇ္ဇေသု စ ဒေဝေသု၊ ဧဝံ နိဇ္ဈာမတဏှိကပေတေသု စ။ပ။ တိဿော ယောနိယော နာမ တီဟိ ဝေဒိတဗ္ဗာ။ ဩပပါတိကာ ဧဝ ဟိ တေ ဟောန္တိ။ သေသေ ပန တိရစ္ဆာနပေတ္တိဝိသယမနုဿသခ်ီတေ ဂတိတ္တယေ ပုဗ္ဗေ ဝုတ္တဘုမ္မဒေဝေသု စ စတသ္သော ယောနိယော ဟောန္တိ။

ဟူ၍ မိန့်ပြီ။

မြန်မာပြန်ကား—

နိရယေ စ၊ ငရဲ၌လည်းကောင်း။ ဘုမ္မဝဇ္ဇေသု၊ ဘုမ္မဇိုဝ်းနတ်သည် ကြဉ်အပ်ကုန်သော။ ဒေဝေသု စ၊ နတ်တို့၌လည်းကောင်း ။ပ။ တိဿော၊ သုံးပါးကုန်

သော။ ယောနိယော၊ သံသေဒဇ, ဇလာဗုဇ, အဏ္ဍဇ-ဟု ဆိုအပ်ကုန်သော ယောနိတို့သည်။ န သန္တိ ယထာ၊ မရှိကုန်သကဲ့သို့။ ဧဝံ-တထာ၊ ထိုအတူ။ နိဗ္ဗာမ-တဏှိကပေတသု စ၊ ပူလောင်ခြင်းဖြင့် ပြင်းစွာနှိပ်စက်ခြင်းရှိကုန်သော ပြိတ္တာ မျိုး တို့၌လည်း။ တိဿော၊ သုံးပါးကုန်သော။ ယောနိယော၊ သံသေဒဇ, ဇလာဗုဇ, အဏ္ဍဇ-ဟု ဆိုအပ်ကုန်သော ယောနိတို့သည်။ န သန္တိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်။ န သန္တိ၊ မရှိကုန်သနည်း။ တေ၊ ထို ဆိုအပ်ပြီးသော သူတို့သည်။ ဩပပါတိကာဝေ၊ ဥပပါတ် ပဋိသန္ဓေရှိကုန်သည်သာလျှင်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ န သန္တိ၊ မရှိကုန်။ ပန၊ မရှိသည်မှတပါး ရှိသည်ကိုဆိုမူ၏။ သေသေ၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းသော။ တိရစ္ဆာနပေတ္တိ-ဝိသယမနုဿသခ်ါတေ၊ တိရစ္ဆာန်တို့၏ဖြစ်ရာ, ပြိတ္တာတို့၏ဖြစ်ရာ, လူတို့၏ဖြစ်ရာ-ဟု ဆိုအပ်သော။ ဂတိတ္တယေ စ၊ ဂတိတို့၏ သုံးပါးအပေါင်း၌လည်းကောင်း။ ပုဗ္ဗေ၊ ရှေး၌။ ဝဇ္ဇီတဘုမ္မဒေဝေသု စ၊ ကြဉ့်အပ်သော ဘုမ္မဇိုင်းနတ်တို့၌လည်းကောင်း။ စတသ္ဿော၊ လေးပါးကုန်သော။ ယောနိယော။ ယောနိတို့သည်၊ ဝါ၊ ဖြစ်ကုန်သော ပဋိသန္ဓေတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားတို့ကိုထောက်၍ ရှေးကပြအပ်သော ပဋိသန္ဓေတို့ကို သိကြကုန်။ ဤမျှဖြင့် ကာမပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်, ရုပ်ဖြစ်ပေါ်ပုံကို ပြချက်သည်ပြီး၏။

ရူပတဆယ့်ငါးဘုံ၌ ပဋိသန္ဓေဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံ

ဗြဟ္မပါရိသဇ္ဇာဘုံ, ဗြဟ္မပုရောဟိတာဘုံ, မဟာဗြဟ္မာဘုံတည်းဟူသော ပဌမစျာန်သုံးဘုံတို့တွင် တဘုံဘုံ၌ အကယ်၍ ဒုက္ခိတသတ္တဝါပညတ်, သုခိတသတ္တဝါပညတ်အာရုံမှ တပါးသော ကသိုဏ်းပညတ်အစရှိသော ပညတ်ကမ္မနိမိတ်အာရုံကို အာရုံပြု၍ ဥပပါတ်ရူပါဝစရပဋိသန္ဓေ-ပဌမစျာန်ဝိပါက်ဝိညာဏ်သည် သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ ထိုပဋိသန္ဓေဝိညာဏ်နှင့်အတူတက္ကဲ့ မရှေး, မနှောင်း တပြိုင်နက် ထိုပဋိသန္ဓေဝိညာဏ်ကို မှီတွယ်၍ ထိုပဋိသန္ဓေဝိညာဏ်၏ အာရုံကို အာရုံပြု၍ တွေ့တတ်သောသဘော ဖဿ၊ ခံစားတတ်သော သဘော သောမနဿဝေဒနာ၊ မှတ်တတ်သောသဘောသညာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရား တို့ကို စေ့စေ့တတ်သောသဘော စေတနာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို မပျံ့မလွင့် တည်စေတတ်သောသဘော ဧကဂ္ဂတာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရား တို့ကို စောင့်ရှောက်တတ်, အစိုးရသည်၏အဖြစ်ကို ပြုတတ်သောသဘော ဇီဝိ

တိန္ဒြေ၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို စိုင်းနှင်တတ်, ရှေးရှုဖြစ်စေတတ်သော သဘော မနသိကာရ၊ ၎င်းအာရုံသို့ သမ္မယုတ်တရားတို့ကို ရောက်အောင် တင်တတ်သောသဘော ဝိတက်၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို တရစ်ဝဲဝဲ သုံးသပ်စေတတ်သော သဘော ဝိစာရ၊ ၎င်းအာရုံကို ဆုံးဖြတ်တတ်သော သဘော အဓိမောက္ခ၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို ဖြစ်စေရန် အားထုတ်တတ်သောသဘော ဝီရိယ၊ ၎င်းအာရုံကိုနှစ်သက်တတ်သော သဘော ပီတိ၊ ၎င်းအာရုံ၌ ပြုလုပ်လိုကာမတ္တဖြစ်သော သဘော ဆန္ဒ၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို ကြည်လင်စေတတ်သောသဘော သဒ္ဓါ၊ ၎င်းအာရုံကို အောက်မေ့တတ်သောသဘော သတိ၊ ၎င်းအာရုံကို အာရုံပြု၍ ဒုစရိုက်တို့ကို စက်ဆုပ်တတ်သောသဘော ဟိရီ၊ ၎င်းအာရုံကို အာရုံပြု၍ မကောင်းသော ဒုစရိုက်တို့ကြောင့် ထိတ်လန့်တတ်သော သဘော ဩတ္တပ္ပ၊ ၎င်းအာရုံ၌ မမက်မောတတ်သောသဘော အလောဘ၊ ၎င်းအာရုံ၌ မပြစ်မှားတတ်သော သဘော အဒေါသ၊ ၎င်းအာရုံ၌ သမ္မယုတ်တရားတို့ကို ဖြောင့်မတ်စွာ အလယ်အလတ်၏အဖြစ်ဖြင့် ကျရောက်စေသည်၏အဖြစ်သဘော တတြမဇ္ဈတ္တတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ကိုလေသာအပူအလောင်မှ ငြိမ်းခြင်းသဘော ကာယပဿဒ္ဓိ၊ ၎င်းအာရုံ၌ စိတ်၏ ကိလေသာအပူအလောင်မှ ငြိမ်းခြင်းသဘော စိတ္တပဿဒ္ဓိ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ပေါ့ပါးသည်၏အဖြစ်သဘော ကာယလဟုတာ၊ ၎င်းအာရုံ၌ စိတ်၏ပေါ့ပါးသည်၏ အဖြစ်သဘော စိတ္တလဟုတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ နူးညံ့သည်၏အဖြစ်သဘော ကာယမုဒုတာ၊ ၎င်းအာရုံ၌ စိတ်၏နူးညံ့သည်၏ အဖြစ်သဘော စိတ္တမုဒုတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ အမှုဋ္ဌ ခုံသည်၏အဖြစ်သဘော ကာယကမ္မညတာ၊ ၎င်းအာရုံ၌ စိတ်၏အမှုဋ္ဌ ခုံသည်၏အဖြစ်သဘော စိတ္တကမ္မညတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ကိလေသာဖြင့် မနာကျင်သည်၏ အဖြစ်သဘော ကာယပါဂုညတာ၊ ၎င်းအာရုံ၌ စိတ်၏ကိလေသာဖြင့် မနာကျင်သည်၏အဖြစ်သဘော စိတ္တပါဂုညတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ဖြောင့်မတ်သည်၏အဖြစ်သဘော ကာယုဇုကတာ၊ ၎င်းအာရုံ၌ စိတ်၏ဖြောင့်မတ်သည်၏အဖြစ်သဘော စိတ္တုဇုကတာ၊ ၎င်းအာရုံကို အာရုံပြု၍ ဟုတ်မှန်သောသဘောကို သိတတ်သော အစိုးရသည်၏အဖြစ်ကို ပြုတတ်သောသဘော ပညိန္ဒြေစေတသိက်တည်းဟူသော သုံးဆယ့်သုံးပါးသော စေတသိက်တို့သည် လည်း ဖြစ်ပေါ်ကြကုန်၏။

အကယ်၍ ဒုက္ခိတသတ္တဝါ ပညတ်ကိုသာ အာရုံပြု၍ ၎င်းပဋိသန္ဓေဝိညာဏ်သည် ဖြစ်ပေါ်ခဲ့အံ့။ ၎င်းသုံးဆယ့်သုံးပါးကုန်သော စေတသိက်တို့၌ ကရုဏာကို ထည့်၍ သုံးဆယ့်လေးပါးကုန်သော စေတသိက်တို့သည် ထိုပဋိသန္ဓေဝိညာဏ်နှင့်

မရှေးမနှောင်း တပြိုင်နက်တချက်တည်း ဖြစ်ပေါ်ကုန်၏။ အကယ်၍ သုခိတသတ္တဝါပညတ်ကိုသာလျှင် အာရုံပြု၍ ၎င်းပဋိသန္ဓေဝိညာဏ်သည် ဖြစ်ပေါ်ခဲ့အံ့။ ၎င်းသုံးဆယ့်သုံးပါးကုန်သော စေတသိက်တို့၌ မုဒိတာစေတသိက်ကို ထည့်၍ သုံးဆယ့်လေးပါးကုန်သော စေတသိက်တို့သည် ထိုပဋိသန္ဓေဝိညာဏ်နှင့် မရှေးမနှောင်း တပြိုင်နက် ဖြစ်ပေါ်ကုန်၏။ ထိုပဋိသန္ဓေဝိညာဏ်နှင့် အတူဖြစ်ပေါ်ကုန်သော စေတသိက်တို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင်း ညွတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ ခေါ်ဆိုအင်သည်၏ အဖြစ်ကို ၎ရှေးက ပြဆိုအပ်ခဲ့ပြီ။ ထိုပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်သည်နှင့် တပြိုင်နက် ထိုဆိုအပ်ခဲ့ပြီးသော စေတသိက်တည်းဟူသော နာမ်တရားသာလျှင် ဖြစ်ပေါ်သည် မဟုတ်သေး။ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဝတ္ထု-ဒသကကလာပ်, ဇီဝိတနဝကကလာပ်-တည်းဟူသော ရုပ်ကလာပ်လေးစည်း၊ သုံးဆယ့်ကိုးပါးသော ရုပ်တို့သည်လည်း ထိုပဋိသန္ဓေဝိညာဏ်နှင့်အတူ ဖြစ်ပေါ်ကုန်သည်သာလျှင်ကတည်း။

ထိုသို့ ဖြစ်ပေါ်ကုန်သော ဝိညာဏ်, နာမ်, ရုပ်တို့တွင် ပဋိသန္ဓေဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ နာမ်, ရုပ် နှစ်ပါးသည် အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဝိညာဏ်ကို အကြောင်း၊ နာမ်, ရုပ်ကို အကျိုးထား၍ ဟောတော်မူအပ်သည်ဟု သိကြကုန်။

အကယ်၍ ပရိတ္တာဘာဘံ, အပ္ပမာဏာဘာဘံ, အာဘဿရဘုံတည်းဟူသော ဒုတိယစျာန်သုံးဘုံတို့တွင် တဘုံဘုံ၌ ဒုက္ခိတသတ္တဝါပညတ်, သုခိတသတ္တဝါပညတ် အာရုံမှတပါးသော ကသိုဏ်းပညတ် အစရှိသော ကမ္မနိမိတ် အာရုံကို အာရုံပြု၍ ဥပပါတ် ရူပါဝစရပဋိသန္ဓေ ဒုတိယစျာန် ဝိပါက် ဝိညာဏ်သည်သာလျှင် ဖြစ်ပေါ်ခဲ့အံ့။ ထိုပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ မရှေးမနှောင်း တပြိုင်နက် ရှေးက ပြဆိုခဲ့သော စေတသိက်သုံးဆယ့်သုံးပါးတို့တွင် ဝိတက်ကို နုတ်၍ ကျန်သောစေတသိက်သုံးဆယ့်နှစ်ပါးတို့သည် ဖြစ်ပေါ်ကုန်၏။အကယ်၍ ဒုက္ခိတ-သတ္တဝါပညတ်ကိုသာ ထိုပဋိသန္ဓေဝိညာဏ်သည် အာရုံပြု၍ ဖြစ်ပေါ်ခဲ့အံ့။ ကရုဏာကို ထည့်၍ သုံးဆယ့်သုံးပါးကုန်သော စေတသိက်တို့သည် ဖြစ်ပေါ်ကုန်၏။ အကယ်၍ သုခိတသတ္တဝါပညတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်ခဲ့အံ့။ မုဒိတာစေတသိက်ကိုထည့်၍ သုံးဆယ့်သုံးပါးကုန်သော စေတသိက်တို့သည် ဖြစ်ပေါ်ကုန်၏။ အကယ်၍ တတိယစျာန် ဝိပါက် ဝိညာဏ်သာလျှင် သတ္တဝါပညတ် အာရုံမှတပါးသော ကသိုဏ်းပညတ်အစရှိသော ကမ္မနိမိတ်အာရုံကို အာရုံပြု၍ ဖြစ်ပေါ်ခဲ့အံ့။ ဝိတက်, ဝိစာရ နှစ်ပါးကို နုတ်၍ သုံးဆယ့်တပါးသော စေတသိက်

တရားတို့သည် ဖြစ်ပေါ်ကုန်၏။ ဒုက္ခိတသတ္တဝါပညတ်အာရုံဖြစ်လျှင် ကရုဏာကို ထည့်၊ သုခိတသတ္တဝါပညတ်အာရုံဖြစ်လျှင် မုဒိတာကို ထည့်လေ။ ထို ဖြစ်ပေါ်ကုန်သော စေတသိက်တို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင်း ညွတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ရှေးနည်းအတိုင်း သိကြကုန်။ ထိုပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်သည် တပြိုင်နက် ထိုဆိုအပ်ပြီးသော စေတသိက်တည်းဟူသော နာမ်တရားသာလျှင် ဖြစ်ပေါ်သည် မဟုတ်သေး။ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါတနုဝကကလာပ် တည်းဟူသော ရုပ်ကလာပ် လေးစည်း၊ သုံးဆယ့်ကိုးပါးသော ရုပ်တို့သည်လည်း ထို ပဋိသန္ဓေဝိညာဏ်နှင့်အတူ ဖြစ်ပေါ်ကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပေါ်ကုန်သော ဝိညာဏ်, နာမ်, ရုပ်တို့တွင် ပဋိသန္ဓေဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ နာမ်, ရုပ် နှစ်ပါးသည် အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဝိညာဏ်ကို အကြောင်း၊ နာမ်, ရုပ်ကို အကျိုးထား၍ ဟောတော်မူအပ်သည်ဟု သိကြကုန်။

အကယ်၍ ပရိတ္တာသုဘာဘံ, အပ္ပမာဏာသုဘာဘံ, သုဘကိဏှာဘံ တည်းဟူသော တတိယစျာန်သုံးဘုံတို့တွင် တဘုံဘုံ၌ ဒုက္ခိတသတ္တဝါပညတ်, သုခိတသတ္တဝါပညတ်အာရုံမှတပါးသော ကသိုဏ်းပညတ် အစရှိသော ကမ္မနိမိတ်အာရုံကို အာရုံပြု၍ ဥပပါတ် ရူပါဝစရပဋိသန္ဓေ စတုတ္ထစျာန်ဝိပါက်ဝိညာဏ်သည်သာလျှင် ဖြစ်ပေါ်ခဲ့အံ့။ ထိုပဋိသန္ဓေဝိညာဏ်နှင့်အတူတကွ မရှေးမနှောင်း တပြိုင်နက် ရှေးကပြဆိုအပ်ခဲ့ပြီးသော စေတသိက်သုံးဆယ့်သုံးပါးတို့တွင် ဝိတက်, ဝိစာရ, ပီတိ သုံးပါးကိုနုတ်၍ သုံးဆယ်ကုန်သော စေတသိက်တရားတို့သည် ဖြစ်ပေါ်ကုန်၏။အကယ်၍ ဒုက္ခိတသတ္တဝါပညတ်ကိုသာလျှင် အာရုံပြု၍ဖြစ်ပေါ်ခဲ့အံ့။ ကရုဏာစေတသိက်ကို ထည့်၍ သုံးဆယ့်တပါးကုန်သော စေတသိက်တရားတို့သည် ဖြစ်ပေါ်ကုန်၏။ အကယ်၍ သုခိတသတ္တဝါ ပညတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်ခဲ့အံ့။ မုဒိတာစေတသိက်ကိုထည့်၍ သုံးဆယ့်တပါးကုန်သော စေတသိက်တရားတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုဖြစ်ပေါ်ကုန်သော စေတသိက်တရားတို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင်းညွတ်စေတတ်သောကြောင့် နာမ် ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ခေါ်ဆိုအပ်သည်၏ အဖြစ်ကိုလည်း ရှေးနည်းအတိုင်း သိကြကုန်။ ထိုပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်သည်တပြိုင်နက် ထိုဆိုအပ်ပြီးသော စေတသိက်တည်းဟူသော နာမ်တရားသာလျှင် ဖြစ်ပေါ်သည် မဟုတ်သေး။ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသက

ကလာပ်, ဇီဝိတနဝကကလာပ်တည်းဟူသော ရုပ်ကလာပ် လေးစည်း၊ သုံးဆယ့်ကိုးပါးသောရုပ်တို့သည်လည်း ထိုပဋိသန္ဓေဝိညာဏ်နှင့်အတူ ဖြစ်ပေါ်ကုန်သည်သာလျှင်တည်း။ ထိုသို့ ဖြစ်ပေါ်ကုန်သော ဝိညာဏ်, နာမ်, ရုပ်တို့တွင် ပဋိသန္ဓေဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏။ နာမ်, ရုပ်နှစ်ပါးသည် အကျိုး ပဋိစ္စသမုပ္ပန္နတရားဖြစ်၏။ ထို့ကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဝိညာဏ်ကို အကြောင်း၊ နာမ်,ရုပ်ကို အကျိုးထား၍ ဟောတော်မူအပ်သည်ဟု သိကြကုန်။

အကယ်၍ ဝေဟပ္ဖိုလ်ဘုံ၌လည်းကောင်း၊ သုဒ္ဓါဝါသငါးဘုံတို့တွင် တဘုံဘုံ၌လည်းကောင်း ကသိုဏ်းဆယ်ပါး, အာနာပါနဿတိတည်းဟူသော ပညတ်ကမ္မနိမိတ် တဆယ့်တပါးတို့တွင် ဈာပါးပါးသော ပညတ်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ပဥ္စမစျာန်ဝိပါက် ဝိညာဏ်သည်သာလျှင် ဖြစ်ပေါ်ခဲ့အုံ။ ထိုပဋိသန္ဓေဝိညာဏ်နှင့်အတူတက္ခ မရွေး, မနှောင်း တပြိုင်နက် ရွေးက ပြဆိုအပ်ခဲ့ပြီးသော စေတသိက် သုံးဆယ့်သုံးပါးတို့တွင် ဝိတက်,ဝိစာရ,ပီတိသုံးပါးကိုနုတ်၍ သုံးဆယ်ကုန်သော စေတသိက်တရားတို့သည် ဖြစ်ပေါ်ကုန်၏။ အကယ်၍ သတ္တဝါပညတ်ကိုသာလျှင် ကမ္မဿကာအားဖြင့် အာရုံပြု၍ ဖြစ်ပေါ်ခဲ့အုံ။ ၎င်းသုံးဆယ်သော စေတသိက်တို့သည်သာလျှင် ဖြစ်ပေါ်ကုန်၏။ အထူးမရှိပြီ။ အဘယ်ကြောင့်ဆိုသော် တတြမဇ္ဈတ္တတာစေတသိက်သည်ပင် ဥပေက္ခာဗြဟ္မဝိဟာရဖြစ်သောကြောင့်တည်း။ ထိုဖြစ်ပေါ်ကုန်သော စေတသိက်တရားတို့ကို အာရုံသို့ ရွေးရှုညွှတ်တတ်, အချင်းချင်း ညွှတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ရွေးနည်းအတိုင်း သိကြကုန်။ ထိုပဋိသန္ဓေ ဝိညာဏ်ဖြစ်ပေါ်သည် ကပြိုင်နက် ထိုဆိုအပ်ပြီးသော စေတသိက်တည်းဟူသော နာမ်တရားသာလျှင် ဖြစ်ပေါ်သည် မဟုတ်သေး။ စက္ခုဒသက ကလာပ်, သောတဒသက ကလာပ်, ဃာနဒသက ကလာပ်, ဇီဝိတနဝကကလာပ်တည်းဟူသော ရုပ်ကလာပ်လေးစည်း၊ သုံးဆယ့်ကိုးပါးသော ရုပ်တရားတို့သည်လည်း ထိုပဋိသန္ဓေဝိညာဏ်နှင့်အတူ ဖြစ်ပေါ်ကုန်သည်သာလျှင်တည်း။ ထိုသို့ ဖြစ်ပေါ်ကုန်သော ဝိညာဏ်, နာမ်, ရုပ် တို့တွင် ပဋိသန္ဓေဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏။ နာမ်, ရုပ်နှစ်ပါးသည် အကျိုးပဋိစ္စသမုပ္ပန္န တရားဖြစ်၏။ ထို့ကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဝိညာဏ်ကို အကြောင်း၊ နာမ်ရုပ်ကို အကျိုးထား၍ ဟောတော်မူအပ်သည်ဟု သိကြကုန်။

အရူပလေးဘုံ၌ ပဋိသန္ဓေဝိညာဏ်သည် အတူဖြစ်သော နာမ်အား အကြောင်းခံပုံ

အကယ်၍ အာကာသာနဉ္စာယတနဘုံ၌ ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ အာကာသာနဉ္စာယတနဝိပါက်ဝိညာဏ်သည်လည်းကောင်း၊ အကယ်၍ ဝိညာဏဉ္စာယတနဘုံ၌ ပဌမာရုပ္ပဝိညာဏ်တည်းဟူသော ပရိမတ္တသဘောကိုသာလျှင် အာရုံပြု၍ ဝိညာဏဉ္စာယတန ဝိပါက် ဝိညာဏ်သည်လည်းကောင်း၊ အကယ်၍ အာကိဉ္စညာယတနဘုံ၌ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ အာကိဉ္စညာယတနဝိပါက်ဝိညာဏ်သည်လည်းကောင်း၊ အကယ်၍ နေဝသညာနာသညာယတနဘုံ၌ တတိယာရုပ္ပဝိညာဏ်တည်းဟူသော ပရိမတ္တသဘောကို အာရုံပြု၍ နေဝသညာနာသညာယတန ဝိပါက် ဝိညာဏ်သည်လည်းကောင်း ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်ခဲ့အံ့။ ထိုပဋိသန္ဓေဝိညာဏ်နှင့်အတူတကွ မရှေး, မနှောင်း တပြိုင်နက် ပဋိသန္ဓေ၏ အာရုံကို အာရုံပြု၍ တွေ့တတ်သောသဘော ဖဿ၊ ၎င်းအာရုံကို ခံစားတတ်သောသဘော ဥပေက္ခာဝေဒနာ၊ ၎င်းအာရုံကို မှတ်တတ်သောသဘော သညာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ပြုလုပ်တတ်သောသဘော စေတနာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို မပျံ့မလွင့် တည်စေတတ်သော သဘော ဧကဂ္ဂတာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို စောင့်ရှောက်တတ်, အစိုးရသည်၏ အဖြစ်ကိုပြုတတ်သောသဘော ဇီဝိတိန္ဒြေ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို စိုင်းနှင်တတ်, ရှေးရှုဖြစ်စေတတ်သောသဘော မနသိကာရ၊ ၎င်းအာရုံကို ဆုံးဖြတ်တတ်သော သဘော အဓိမောက္ခ၊ ၎င်းအာရုံ၌ သမ္ပယုတ် တရားတို့ကို ဖြစ်စေရန် အားထုတ်တတ်သောသဘော ဝီရိယ၊ ၎င်းအာရုံ၌ ပြုလုပ်လိုကာ မတ္တဖြစ်သော သဘော ဆန္ဒ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်လင်စေတတ်သောသဘော သဒ္ဓါ၊ ၎င်းအာရုံကို အောက်မေ့တတ်သော သဘော သတိ၊ ၎င်းအာရုံကိုအာရုံပြု၍ ဒုစရိုက်တို့ကို စက်ဆုပ်တတ်သောသဘော ဟိရီ၊ ၎င်းအာရုံကို အာရုံပြု၍ ဒုစရိုက်တို့ကြောင့် ကြောက်ထိတ်လန့်တတ်သော သဘော ဩတ္တပ္ပ၊ ၎င်းအာရုံ၌ မမက်မောတတ်သောသဘော အလောဘ၊ ၎င်းအာရုံ၌ မပြစ်မှားတတ်သောသဘော အဒေါသ၊ ၎င်းအာရုံ၌ သမ္ပယုတ် တရားတို့ကို ဖြောင့်မတ်စွာ အလယ်အလတ် အဖြစ်ဖြင့် ကျရောက်စေသည်၏အဖြစ်သဘော တတြမဇ္ဈတ္တတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ကိလေသာအပူအလောင်မှငြိမ်းခြင်းသဘော ကာယပဿဒ္ဓိ၊ ၎င်းအာရုံ၌ စိတ်၏ ကိလေသာအပူအလောင်မှငြိမ်းခြင်းသဘော စိတ္တပဿဒ္ဓိ၊ ၎င်းအာရုံ၌ စေတသိက် အပေါင်း၏ ပေါ့ပါးသည်၏ အဖြစ်သဘော ကာယလဟုတာ၊ ၎င်းအာရုံ၌ စိတ်၏ပေါ့ပါးသည်၏

အဖြစ်သဘော စိတ္တ လဟုတာ၊ ၎င်းအာရုံ၌ စေတသိက် အပေါင်း၏ နူးညံ့သည်၏ အဖြစ်သဘော ကာယမုဒုတာ၊ ၎င်းအာရုံ၌ စိတ်၏ နူးညံ့သည်၏ အဖြစ်သဘော စိတ္တမုဒုတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ အမှု၌ ခုံသည်၏ အဖြစ်သဘော ကာယကမ္မညတာ၊ ၎င်းအာရုံ၌ စိတ်၏ အမှု၌ ခုံသည်၏ အဖြစ်သဘော စိတ္တကမ္မညတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ကိလေသာဖြင့် မနာမကျင်သည်၏ အဖြစ်သဘော ကာယပါဂုညတာ၊ ၎င်းအာရုံ၌ စိတ်၏ ကိလေသာဖြင့် မနာမကျင်သည်၏ အဖြစ်သဘော စိတ္တပါဂုညတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏ ဖြောင့်မတ်သည်၏ အဖြစ်သဘော ကာယုဇုကတာ၊ ၎င်းအာရုံ၌ စိတ်၏ ဖြောင့်မတ်သည်၏ အဖြစ်သဘော စိတ္တုဇုကတာ၊ ၎င်းအာရုံကို အာရုံပြု၍ ဟုတ်မှန်သော သဘောကို သိတတ်သော သမ္မယုတ် တရားတို့ကို အစိုးရသည်၏ အဖြစ်ကို ပြုတတ်သောသဘော ပညိန္ဒြေ စေတသိက် တည်းဟူသော သုံးဆယ်ကုန်သော စေတသိက်တို့သည် ဖြစ်ပေါ်ကုန်၏။

ထိုပဋိသန္ဓေ ဝိညာဏ်နှင့်အတူတက္က ဖြစ်ကုန်သော စေတသိက်တို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင်း ညွတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ရှေးကပြဆိုခဲ့ပြီးသော နည်းအတိုင်း သိကြကုန်။ ထိုသို့ ဖြစ်ပေါ်ကုန်သော ဝိညာဏ်, နာမ်တို့တွင် ပဋိသန္ဓေဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏။ နာမ်တရားသည် အကျိုး ပဋိစ္စသမုပ္ပန္န တရားဖြစ်၏။

ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမံ။

ဟူ၍ ဝိညာဏ်ကို အကြောင်း၊ နာမ်ကို အကျိုးထား၍ ဟောတော်မူအပ်သည်ဟု သိကြကုန်။

ထိုပြဆိုအပ်ကုန်ပြီးသော အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ငြဟ္မာဘုံတို့၌ ပဋိသန္ဓေအားဖြင့် ဖြစ်ကုန်သော ဝိညာဏ်, နာမ်, ရုပ်တို့တွင် ပဋိသန္ဓေကိစ္စ တပ်သော ဝိညာဏ်, နာမ် တို့သည် ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်ပြီး၍ ပဋိသန္ဓေဝိညာဏ်, နာမ်တို့ ချုပ်ပြီးနောက် ပဝတ္တိအခါတိုင်း၌ ဘဝင်ကိစ္စအားဖြင့် ဖြစ်ကြကုန်၏။ အဆုံး၌လည်း စုတိကိစ္စအားဖြင့် ဖြစ်ကြကုန်၏။ ကံကြောင့် ဖြစ်ကုန်သော ပြဆိုအပ်ပြီးသော စက္ခုဒသကကလာပ် စသော ရုပ်ကလာပ်တို့သည်ကား ပဋိသန္ဓေဖြစ်စဟု ဆိုအပ်သော စိတ်၏ ဥပါဒ်အခါကစ၍ စိတ်တို့၏ ဥပါဒ်တိုင်း, ဌီတိုင်း, ဘင်တိုင်း ဖြစ်ကြကုန်ပြီးလျှင် စိတ္တက္ခဏ တဆယ့်ခုနစ်ချက်မျှ တည်၍ ချုပ်ကွယ်ကြကုန်၏။ စိတ္တက္ခဏ တဆယ့်ခုနစ်ချက်ထက်ပို၍ တည်ခြင်းမရှိ။ ဤသို့လျှင် အစဉ်မပြတ် ဖြစ်, ပျက်ကြပြီးလျှင် အဆုံးစွန်သော စုတိစိတ်မှ ပြန်၍

ရေသည်ရှိသော် တဆယ့်ခုနစ်ချက်မြောက်ဖြစ်သော စိတ်၏ဥပါဒ်အခါ၌သာ ဖြစ်ကုန်၍ စုတိစိတ်၏ ဘင်ခဏ၌ အလုံးစုံသောကမ္မဇရုပ်တို့သည် ပျက်ကွယ် ချုပ်ကြလေကုန်သည်ဟု သိကြကုန်။

ထို ဝိညာဏ်, နာမ်, ရုပ်မှတပါး သတ္တဝါ, ပုဂ္ဂိုလ် မရှိ
ထို ဝိညာဏ်, နာမ်, ရုပ်တို့ကိုသာ စွဲ၍ ခေါ်ဆိုအပ်ကြောင်း

ဤပြဆိုအပ်ပြီးသော နည်းကို အစဉ်မှီးသဖြင့် အပါယ်လေးဘုံမှ စုတေ၍ အပါယ်၌လေးဘုံ၌ ဖြစ်ပေါ်ကြကုန်သော အခါတိုင်း၌လည်းကောင်း၊ လူ့ပြည်, နတ်ပြည်မှ စုတေ၍ အပါယ်လေးဘုံ၌ ဖြစ်သော အခါတိုင်း၌လည်းကောင်း၊ ရှေး၌ပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်, နာမ်, ရုပ်တို့သည်သာလျှင် ဖြစ်ပေါ်ကုန်၏။ ထိုပဋိသန္ဓေဝိညာဏ်, နာမ်, ရုပ်မှတပါး ငရဲသူသတ္တဝါ, တိရစ္ဆာန်သတ္တဝါ, ပြိတ္တာသတ္တဝါ, အသုရကာယ်သတ္တဝါ – ဖြစ်ပေါ် သည်ဟူ၍ မရှိဟုမှတ်။ အကယ်၍ အပါယ်လေးဘုံတို့တွင် တဘုံဘုံက စုတေ၍ လူ့ဘုံ, နတ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်သောအခါတိုင်း၌လည်းကောင်း၊ လူ့ဘုံ, နတ်ဘုံတို့မှစုတေ၍ တဖန် လူ့ဘုံ, နတ်ဘုံတို့တွင် တဘုံဘုံ၌ဖြစ်သောအခါတိုင်း၌လည်းကောင်း၊ သုဒ္ဓါဝါသငါးဘုံကြဉ်၍ ကျန်သောရူပ, အရူပဘုံတို့မှ စုတေ၍ လူ့ဘုံနတ်ဘုံတို့တွင် တဘုံဘုံ၌ဖြစ်သော အခါတိုင်း၌လည်းကောင်း၊ ရှေးကဖော်ပြခဲ့ပြီးသော ပဋိသန္ဓေဝိညာဏ်, နာမ်, ရုပ် တို့သည်သာလျှင် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကုန်၏။ ထိုပဋိသန္ဓေဝိညာဏ်, နာမ်, ရုပ်တို့မှ တပါး လူသတ္တဝါ, နတ်သတ္တဝါဖြစ်ပေါ် သည်ဟူ၍ မရှိလေပြီ။ အကယ်၍ လူ့ဘုံနတ်ဘုံတို့တွင် တဘုံဘုံမှ စုတေ၍ ရူပဗြဟ္မာဘုံတို့၌ ထိုက်သည်အားလျော်စွာ ဖြစ်ကုန်သော အခါတိုင်း၌လည်းကောင်း၊ အသညသတ်, သုဒ္ဓါဝါသကြဉ်သော ရူပါဝစရဆယ်ဘုံတို့တွင် တဘုံဘုံမှစုတေ၍ ရူပါဝစရ ဆယ်ဘုံ, သုဒ္ဓါဝါသ ငါးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်ကြကုန်သော အခါတိုင်း၌လည်းကောင်း အောက်ဖြစ်သော သုဒ္ဓါဝါသဘုံတို့တွင် တဘုံဘုံမှစုတေ၍ အထက်ဖြစ်သော သုဒ္ဓါဝါသလေးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်သော အခါတိုင်း၌ လည်းကောင်း ထိုရှေးကပြဆိုအပ်ပြီးသော ရူပါဝစရပဋိသန္ဓေဝိညာဏ်, နာမ်, ရုပ် တို့သည်သာလျှင် ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။ ထို ပဋိသန္ဓေဝိညာဏ်, နာမ်, ရုပ်မှ တပါး ဗြဟ္မာသတ္တဝါ ဖြစ်သည်ဟူ၍ မရှိလေပြီ။

လူ့ဘုံ, နတ်ဘုံမှ စုတေ၍လည်းကောင်း၊ အသညသတ်, သုဒ္ဓါဝါသကိုကြဉ်သော ဗြဟ္မာဆယ်ဘုံတို့တွင် တဘုံဘုံမှစုတေ၍လည်းကောင်း၊ အရူပလေးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကြသော အခါတိုင်း၌ ရှေးကပြဆိုခဲ့သော အရူပ ပဋိသန္ဓေဝိညာဏ်, နာမ်တို့သည်သာလျှင် ထိုက်သည်

အားလျော်စွာ ဖြစ်ပေါ်ကုန်၏။ ထိုပဋိသန္ဓေဝိညာဏ်, နာမ်မှ တပါးသော အရူပ ဖြဟ္မာဖြစ်ပေါ်သည်ဟူ၍ မရှိလေပြီ၊ စင်စစ်မှာ ပြဆိုအပ်ပြီးသော ဝိညာဏ်, နာမ်, ရုပ်တို့သည်သာလျှင် ဆိုင်ရာ, ဆိုင်ရာ ဘုံ, ဘဝတို့၌ ထိုက်သည်အား လျော်စွာ အချင်းချင်း ကျေးဇူးပြု၍ ဆက်ကာ, ဆက်ကာ ဖြစ်ပေါ်ကုန်၏။ ထိုသို့ ဖြစ်ပေါ်ကုန်သော ဝိညာဏ်, နာမ်, ရုပ်တို့ကိုသာလျှင် အစဲပြု၍ ငရဲသူ သတ္တဝါ ဖြစ်သည်၊ တိရစ္ဆာန်သတ္တဝါ ဖြစ်သည်၊ ပြိတ္တာသတ္တဝါ ဖြစ်သည်၊ အသုရကာယ် သတ္တဝါဖြစ်သည်၊ လူသတ္တဝါဖြစ်သည်၊ နတ်သတ္တဝါဖြစ်သည်၊ ရူပဖြဟ္မာသတ္တဝါ ဖြစ်သည်၊ အရူပဖြဟ္မာသတ္တဝါ ဖြစ်သည်ဟု လောကသင်္ကေတ အထိမ်းအမှတ် အားဖြင့် ခေါ်ဝေါ်အပ်လေကုန်သည်။ ထိုသို့ပင် ခေါ်ဝေါ်အပ်ကုန်သော်လည်း ၎င်းလူ, နတ်, ဖြဟ္မာသတ္တဝါကား ထင်ရှားမရှိသော ဝေါဟာရပညတ်တရားတည်း။ ထိုသို့ ထင်ရှားမရှိသော ဝေါဟာရပညတ် တရား၏ အဖြစ်ကိုလည်း ပုဂ္ဂလပညတ် အဋ္ဌကထာရှင်သည် မာတိကာအဖွင့် မျက်နှာနံပါတ် (၂၆) ၌—

ပုဂ္ဂလော အဝိဇ္ဇမာနော။ပ။ ဣတ္ထိပုရိသာ အဝိဇ္ဇမာနာ ။ပ။ ခတ္တိယပုတ္တော ဗြာဟ္မဏပုတ္တော သေဋ္ဌိပုတ္တောတိအာဒီသု ခတ္တိယာဒယောပိ အဝိဇ္ဇမာနာ၊ ပုတ္တောပိ။

ဟူ၍ မိန့်ဆိုအပ်သည်။

မြန်မာပြန်ကား—

ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဝါ၊ ပုဂ္ဂိုလ်ဟု ခေါ်ဝေါ်အပ်သော သတ္တဝါသည်။ အဝိဇ္ဇမာနော၊ ထင်ရှားမရှိ။ ဣတ္ထိပုရိသာ၊ မိန်းမ, ယောကျ်ား သတ္တဝါတို့သည်။ အဝိဇ္ဇမာနာ၊ ထင်ရှားမရှိကုန်။ ခတ္တိယပုတ္တော၊ လယ်မြေကို အစိုးရသော ရှင်ဘုရင်၏ သားတော်။ ဗြာဟ္မဏပုတ္တော၊ ပုဏ္ဏား၏သား။ သေဋ္ဌိပုတ္တော၊ သူဌေး၏ သား။ ဤတိ အာဒီသု၊ ဤသို့ အစရှိသော စကားရပ်ဘို့၌။ ခတ္တိယာဒယောပိ၊ လယ်မြေကို အစိုးရသော ရှင်ဘုရင် အစရှိသော သူတို့သည်လည်း။ အဝိဇ္ဇမာနာ၊ ထင်ရှားမရှိကုန်။ ပုတ္တောပိ၊ သားဖြစ်သောသူသည်လည်း။ အဝိဇ္ဇမာနော၊ ထင်ရှားမရှိသည် သာလျှင်တည်း။

အဓိပ္ပါယ်ကား — ဝိညာဏ်, နာမ်, ရုပ်ဟု ဆိုအပ်သော ခန္ဓာငါးပါး အပေါင်းကိုစဲ၍ ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား, မင်း, ပုဏ္ဏား, သူဌေး, သူကြွယ် စသည်ဖြင့် လောက၌ ခေါ်ဝေါ်သမုတ် ပညတ်ကုန်၏၊ ထိုသို့ပင် လောက၌ ခေါ်ဝေါ်သမုတ် ပညတ်ကုန်သော်လည်း ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား, မင်း, ပုဏ္ဏား, သူဌေး, သား စသောသူကား စင်စစ် ခန္ဓာငါးပါး အပေါင်း၌ ထင်ရှားမရှိ ဟူလို။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ စင်စစ် ခန္ဓာငါးပါးအပေါင်း၌ ထင်ရှားမရှိသည်၏အဖြစ်ကို သိကြကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ မူလပဏ္ဏာသပါဠိတော်-အလင်္ကာ။ ပမသုတ် စာမျက်နှာ (၁၉၃) ၌—

ဒိဋ္ဌေဝါဟံ ဘိက္ခဝေ ဓမ္မေ တထာဂတံ အနနုဝိဇ္ဈော်တိ ဝဒါမိ။

ဟူ၍ ဘုရားရှင်သည် ဟောတော်မူအပ်သော စကားကို ထောက်၍လည်း သိအပ်သေး၏။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ဒိဋ္ဌေဝ ဓမ္မေ၊ ဤမျက်မှောက်၌ ဖြစ်သော ခန္ဓာငါးပါး အပေါင်းတည်းဟူသော အတ္တဘောဌာန်။ တထာဂတံ၊ သတ္တဝါကို။ အနနုဝိဇ္ဈော်တိ၊ ထင်ရှား မရှိဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ ။(အနနုဝိဇ္ဈော်တိ အသံဝိဇ္ဇမာနော ဟူ၍ အဋ္ဌကထာဖွင့်ပြသည်ကို ထောက်လေ။)

ဤ ပြဆိုအပ်ပြီးသော ပါဠိတော်, အဋ္ဌကထာတို့ကို ထောက်၍လည်း လူ, နတ်, ဗြဟ္မာ သတ္တဝါဟူ၍ စင်စစ် ထင်ရှားမရှိသည်၏အဖြစ်ကို သိကြလေကုန်။ ထို ထင်ရှားမရှိသော လူ, နတ်, ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါဟူသည် စင်စစ် ဝိညာဏ်, နာမ်, ရုပ်ဟု ဆိုအပ်သော ခန္ဓာငါးပါးတရားကို အစဲပြု၍ လောက၌ အထိမ်းအမှတ်အားဖြင့် သိစေအပ်သော ဝေါဟာရပညတ်တရားမျှသာဖြစ်ပေ၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကိုလည်း ကထာဝတ္ထုပါဠိတော်-ကလျာဏဝဂ် စာမျက်နှာ (၃၇) ၌—

ရူပံ ဥပါဒါယ ပုဂ္ဂလော ပညတ္တီတိ အာမန္တာ။ပ။ ဝေဒနံ ဥပါဒါယ၊ သညံ ဥပါဒါယ၊ သင်္ခါရေ ဥပါဒါယ၊ ဝိညာဏံ ဥပါဒါယ ပုဂ္ဂလော ပညတ္တီတိ အာမန္တာ။

ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာမြန်ကား—

ရူပံ၊ ရုပ်တရားကို။ ဥပါဒါယ၊ အစဲပြု၍။ ပုဂ္ဂလော၊ သတ္တဝါ ပုဂ္ဂိုလ်ကို။ ပညတ္တီ၊ သိစေကာမတ္တမျှသာလျှင် မဟုတ်လော။ ဣတိ၊ ဤသို့ သကဝါဒီက မေးအပ်သည်ရှိသော်။ အာမန္တာ၊ အိမ်းဟုတ်ပါ၏။ ဣတိ၊ ဤသို့။ ဗျာကရောတိ၊ ပရဝါဒီပုဂ္ဂိုလ်ဖြေလေ၏။ ဝေဒနံ၊ ခံစားတတ်သော ဝေဒနာကို။ ဥပါဒါယ၊ အစဲပြု၍။ သညံ၊ မှတ်တတ်သော်သညာကို။ ဥပါဒါယ၊ အစဲပြု၍။ သင်္ခါရေ၊

ပြုပြင်တတ်ကုန်သော ဖဿ အစရှိကုန်သော သခ်ါရတရားတို့ကို။ ဥပါဒါယ၊ အစဲပြု၍။ ဝိညာဏ်၊ သိတတ်သော ဝိညာဏ်ကို။ ဥပါဒါယ၊ အစဲပြု၍။ ပုဂ္ဂလဿ၊ သတ္တဝါ ပုဂ္ဂိုလ်ကို။ ပညတ္တိ၊ သိစေကာမတ္တာမျှသာလျှင် မဟုတ်လော။ ဣတိ၊ ဤသို့ သကဝါဒီက မေးအပ်သည်ရှိသော်။ အာမန္တာ၊ အိမ်း ဟုတ်ပါ၏။ ဣတိ၊ ဤသို့။ ဗျာကရောတိ၊ ပရဝါဒီပုဂ္ဂိုလ် ဖြေဆိုလေ၏။

ဤသို့ ဟောတော်မူအပ်သော ကထာဝတ္ထု ပါဠိတော်ကို ထောက်၍လည်း လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ် သတ္တဝါ ဟူသည်မှာ စင်စစ် ဝေါဟာရ ပညတ်တရားမျှသာ ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သုတ်သီလကွန် ပါဠိတော် ပေါဠပါဒသုတ် စာမျက်နှာ(၁၈၆)၌လည်း—

> ဣမာ ခေါ စိတ္တ လောကသမညာ လောကနိရုတ္တိယော လောက-ဝေါဟာရ လောကပညတ္တိယော။

ဟူ၍ ဘုရားရှင်ကိုယ်တိုင် နှုတ်တော်မြွက်၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိအပ်သေး၏။

မြန်မာပြန်ကား—

စိတ္တ၊ စိတ်အလိုလိုက်၍ လူထွက်တတ်သောစိတ္တ။ ဣမာ၊ ဤ သြဠာရိက အတ္တပဋိလာဘပုဂ္ဂိုလ် စသည်ဖြင့် ဟောတော်မူခြင်းတို့သည်။ လောကသမညာ၊ လောက ဝေါဟာရအားဖြင့် သိစေ အပ်သော အမည်တို့သာလျှင်တည်း။ လောကနိရုတ္တိယော၊ လောကဝေါဟာရအားဖြင့် ထုတ်၍ ပြောဆိုခြင်းတို့ သာလျှင်တည်း။ လောကဝေါဟာရ၊ လောကဝေါဟာရအားဖြင့် ခေါ်ဝေါ်မှုတို့သာလျှင်တည်း။ လောကပညတ္တိယော၊ လောကဝေါဟာရအားဖြင့် သိစေကာမတ္တာမျှတို့သာလျှင်တည်း။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင် စကားတော်ကို ထောက်၍လည်း လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ဟူသည်မှာ စင်စစ် ဝေါဟာရပညတ် တရားမျှသာ ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ထိုသိအပ်သော လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ စသော ဝေါဟာရပညတ်သည်လည်း ပရမတ္ထတရား ဖြစ်သော ဝိညာဏ်, နာမ်, ရုပ်တို့ အချင်းချင်း ကျေးဇူးပြု၍ ဖြစ်ပေါ်လာသော အခါ၌သာလျှင် ထိုတရားတို့ကို အစဲပြု၍ လောကအထိမ်းအမှတ် ဝေါဟာရအားဖြင့် ပြီးပေ၏။ ထိုသို့ ပြီးသည်၏ အဖြစ်ကိုလည်း ပုဂ္ဂလပညတ်ဩဝါဒကထာရှင်သည် မာတိကာအဖွင့် စာမျက်နှာ (၂၆) ၌—

အဝိဇ္ဇမာနဿ လောကနိရုတ္တိမတ္တာသိဒ္ဓဿ ဣတ္ထိပုရိသာဒိကဿ ပညာပနာ အဝိဇ္ဇမာနပညတ္တိ နာမ။

ဟူ၍ မိန့်ဆိုအပ်သည်။

မြန်မာပြန်ကား—

အဝိဇ္ဇမာနဿ၊ ထင်ရှားမရှိသော။ လောကနိရုတ္တိမတ္တာသိဒ္ဓဿ၊ လောက၌ ထိုထိုသို့သော အနက်ကိုစဲ့၍ ထုတ်ဆိုပြောဟောကာမတ္တာမျှဖြင့်ပြီးသော။ ဣတ္ထိ-ပုရိသာဒိကဿ၊ မိန်းမ, ယောကျ်ား အစရှိသည်ကို။ ပညာပနာ၊ အပြားအား ဖြင့် သိစေခြင်းသည်။ အဝိဇ္ဇမာနပညတ္တိ နာမ၊ အဝိဇ္ဇမာနပညတ်မည်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ စကားရပ်တို့တွင် လောက နိရုတ္တိမတ္တာ-သိဒ္ဓဿ ဣတ္ထိပုရိသာဒိကဿ ဟူသော ပါဠ်တို့ကိုထောက်၍ မိန်းမ, ယောကျ်ား, လူ, နတ်, ဗြဟ္မာ, ပဋိဂ္ဂိုလ် သတ္တဝါ–ဟူသော ပညတ်သည် လောက၌ ပေါဟာရ အားဖြင့်သာလျှင် ပြီးသည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ထို လောက ဝေါဟာရအားဖြင့်ပြီးသော မိန်းမ, ယောကျ်ား, လူ, နတ်, ဗြဟ္မာ, ပဋိဂ္ဂိုလ် သတ္တဝါ ဟူသော အမည်နာမ ဝေါဟာရ ပညတ်သည်လည်း စင်စစ် ဝိညာဏ်, နာမ်, ရုပ်ကိုစဲ့၍သာလျှင် ခေါ်ဝေါ်ပညတ်ခြင်းဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ထင်ရှား ဖြစ်ပေါ်နေသော ဝိညာဏ်, နာမ်, ရုပ်သည် ထိုထိုသို့သော အမည်နာမ ဝေါဟာရ ပညတ်တို့၏ အကြောင်းတရား ဖြစ်ပေ၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကိုလည်း ဘုရားရှင်သည် သုတ်မဟာဝါပါဠိတော်-မဟာနိဒါနသုတ် စာမျက်နှာ(၅၄)၌—

> တတ္ထာဝတာ အဓိဝစနပထော၊ တတ္ထာဝတာ နိရုတ္တိပထော၊ တတ္ထာ-ဝတာ ပညတ္တိပထော၊ တတ္ထာဝတာ ပညာဝစရံ၊ တတ္ထာဝတာ ဝဋ္ဋံ ဝတ္တတိ ဣတ္ထတ္တံ ပညာပနာယ ယဒိဒံ နာမရူပံ သဟ ဝိညာဏေန အည-မညပစ္စယတာ ပဝတ္တတိ။

ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

ယဒိဒံ-ယံ ဣဒံ နာမရူပံ၊ အကြင် နာမ်, ရုပ်သည်။ ဝိညာဏေန၊ ဝိညာဏ်နှင့်။ သဟ၊ တကွ။ အညမညပစ္စယတာ၊ အချင်းချင်း ကျေးဇူးပြုသည်၏ အဖြစ်ဖြင့်။ ဝတ္တတိ၊ ဖြစ်၏။ တတ္ထာဝတာ၊ ဤမျှ အတိုင်းအရှည်ဖြင့်။ အဓိဝစန-ပထော၊ အကြောင်းကို မကြည့်ရှုမူ၍ သိရိဝဏ်က, ဓနဝဏ်က, တိဿ, ဖုဿ စသော အမည်နာမဝေါဟာရအားဖြင့် ခေါ်ဝေါ်ခြင်း၏ အကြောင်းသည်။ ဝတ္တတိ၊ ဖြစ်၏။

အဓိဝစနပထောတိ သိရိဝစုကော ဓနဝစုကောတိ အာဒိကဿ အတ္ထံ အဒိသ္ဝာ ဝစနမတ္တမေဝ အဓိကိစ္စ ပဝတ္တာဿ ဝေါဟာရဿ ပထော။ ဟူ၍ မိန့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်လေ။

အဓိဝစနပထောတိ၊ အဓိဝစနပထော ဟူသည်ကား။ သိရိဝစုကော၊ သိရိ-ဝစုက။ ဓနဝစုကော၊ ဓနဝစုက။ ဣတိ အာဒိကဿ၊ ဤသို့ အစရှိသော။ အတ္ထံ၊ အနက်ကို။ အဒိသ္ဝာ၊ မရှုမူ၍။ဝါ၊မမြင်မူ၍။ ဝါ၊မရည်ညွှန်းမူ၍။ ဝစနမတ္တမေဝ၊ သဒ္ဒါမျှကိုသာလျှင်။ အဓိကိစ္စ၊ အကြီးအကဲပြု၍။ ဝါ၊ စွဲ၍။ ပဝတ္တာဿ၊ ဖြစ်သော။ ဝေါဟာရဿ၊ ခေါ်ဝေါ်ခြင်း၏။ ပထော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဇော်ဘာဝတော၊ ဤမျှ အတိုင်းအရှည်ဖြင့်။ နိရုတ္တိပထော၊ ထိုထိုသို့သော အနက်ကိုစွဲ၍ ကြည်ညိုတတ်သောသူ, အောက်မေ့တတ်သောသူ, ဟုတ်တိုင်း မှန်စွာ သိတတ်သောသူ–အစရှိသည်ဖြင့် ခေါ်ဝေါ်ခြင်း၏ အကြောင်းသည်။ ဝတ္တတိ၊ ဖြစ်၏။

နိရုတ္တိပထောတိ သရတီတိ သတော၊ သမ္ဗဇာနာတီတိ သမ္ဗဇာ-နောတိအာဒိကဿ ကာရဏောပဒေသဝသေန ပဝတ္တာဿ ဝေါဟာ-ရဿ ပထော။

ဟူ၍ မိန့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်လေ။

နိရုတ္တိပထောတိ၊ နိရုတ္တိပထော ဟူသည်ကား။ ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ သရတိ၊ အောက်မေ့တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ အောက်မေ့တတ်သော သတ္တိကြောင့်။ သော ပုဂ္ဂလော၊ ထို ပုဂ္ဂိုလ်သည်။ သတော၊ သတမည်၏။ ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ သမ္ဗဇာနာတိ၊ ကောင်းစွာ အပြားအ ားဖြင့် သိတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ သိတတ်သော သတ္တိကြောင့်။ သော ပုဂ္ဂလော၊ ထို ပုဂ္ဂိုလ်သည်။ သမ္ဗဇာနော၊ သမ္ဗဇာန့ မည်၏။ ဣတိအာဒိ-ကဿ၊ ဤသို့ အစရှိသော။ ကာရဏောပဒေသဝသေန၊ အောက်မေ့ခြင်း ကြီယာ, ကောင်းစွာ အပြားအားဖြင့် သိခြင်းကြီယာ–ဟူသော အကြောင်းကို ညွှန်းခြင်း၏ အစွမ်းဖြင့်။ ပဝတ္တာဿ၊ ဖြစ်သော။ ဝေါဟာရဿ၊ ခေါ်ဝေါ် ခြင်း၏။ ပထော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အဋ္ဌကထာ ပါဠ်၏ မြန်မာပြန်တည်း။

ဇော်ဘာဝတော၊ ဤမျှ အတိုင်းအရှည်ဖြင့်။ ပညတ္တိပထော၊ ပညာရှိသောသူ ထက်မြက်သောသူ, သိမ်မွေ့သောသူ–အစရှိသော အထူးထူး အပြားပြား

အားဖြင့် ပညတ်ခြင်း၏ အကြောင်းသည်။ ဝါ၊ သိစေခြင်း၏ အကြောင်းသည်။ ဝတ္ထုတိ၊ ဖြစ်၏။

ပညတ္တိပထောတိ ပဏ္ဍိတော ဗျတ္တော မေဓာဝီ နိပုဏော ကတပရပ္ပ-ဝါဒေါတိအာဒိကဿ နာနုပ္ပကာရတော ဉာပနဝသေန ပဝတ္တဿ ဝေါဟာရဿ ပထော။

ဟူ၍ မိန့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်လေ။

ပညတ္တိပထောတိ၊ ပညတ္တိ ပထော ဟူသည်ကား။ ပဏ္ဍိတော၊ ပညာရှိ၏။ ဗျတ္တော၊ လိမ်မာ၏။ မေဓာဝီ၊ ထက်မြက်သော ပညာရှိ၏။ နိပုဏော၊ သိမ်မွေ့သော ပညာရှိ၏။ ကတပရပ္ပဝါဒေါ၊ သူတပါးတို့၏ အယူဝါဒကို သိတတ်၏။ ဝါ၊ သိအပ်ပြီးသော သူတပါးတို့၏ အယူဝါဒ ရှိ၏။ ဣတိ အာဒိကဿ၊ ဤသို့ အစရှိသော။ နာနုပ္ပကာရတော၊ အထူးထူး အပြားပြားအားဖြင့်။ ဉာပနဝသေန၊ သိစေခြင်း၏ အစွမ်းဖြင့်။ ပဝတ္တဿ၊ ဖြစ်သော။ ဝေါဟာရဿ၊ ခေါ်ဝေါ်ခြင်း၏။ ပထော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဇော်ဘာဝတော၊ ဤမျှ အတိုင်းအရှည်ဖြင့်။ ပညာဝစရံ၊ ပညာဖြင့် သိအပ်သော ဝိညာဏ်, နာမ်, ရုပ်–တည်းဟူသော ခန္ဓာငါးပါး အပေါင်းသည်။ ဝတ္ထုတိ၊ ဖြစ်၏။

ပညာဝစရန္တိ ပညာယ အဝစရိတဗ္ဗံ ဇာနိတဗ္ဗံ။

ဟူ၍ မိန့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်လေ။

ပညာဝစရန္တိ၊ ပညာဝစရံ ဟူသည်ကား။ ပညာယ၊ ပညာဖြင့်။ အဝစရိ-တဗ္ဗံ ဇာနိတဗ္ဗံ၊ သိအပ်သော ဝိညာဏ်, နာမ်, ရုပ်အပေါင်းသည်။ ဤကား အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဇော်ဘာဝတော၊ ဤမျှ အတိုင်းအရှည်ဖြင့်။ ဣတ္ထတ္တံ၊ ဤခန္ဓာငါးပါး၏ အဖြစ်ကို။ ပညာပနာယ၊ ဝေဒနာ, သညာ အစရှိသော အမည်နာမဖြင့် ပညတ်ခြင်းငှါ။ ဝါ၊ သိစေခြင်းငှါ။ ဝတ္ထုတိ၊ ဖြစ်၏။

ဣတ္ထတ္တန္တိ ဣတ္ထဘာဝေါ၊ ခန္ဓပဉ္စကသ္သေတံ နာမံ၊ ပညာပနာယာတိ နာမဝသေန ပညတ္တတ္ထာယ၊ ဝေဒနာသညာတိအာဒိနာနာမပညတ္တတ္ထာယ ခန္ဓပဉ္စကမ္ပိ ဇော်ဘာဝတော ပညာယတီတိ အတ္ထော။

ဟူ၍ မိန့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်လေ။

ဣတ္ထတ္တန္တိ၊ ဣတ္ထတ္တံ ဟူသည်ကား။ ဣတ္ထဘာဝေါ၊ ဤသို့သော ခန္ဓာငါးပါး၏ အပေါင်းသည်။ ဧတံ၊ ဤဣတ္ထတ္တံ ဟူသော အမည်သည်။ ခန္ဓပဉ္စကဿ၊ ခန္ဓာငါးပါးအပေါင်း၏။ နာမံ၊ အမည်တည်း။ ပညာပနာယာတိ၊ ပညာပနာယ ဟူသည်ကား။ နာမဝသေန၊ ဣတ္ထိ, ပုရိသ, ပဏ္ဍလ–စသော အမည်၏အစွမ်းဖြင့်။ ပညတ္တတ္ထာယ၊ ပညတ်ခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ဝေဒနာသညာတိ-အာဒိနာ၊ ဝေဒနာ, သညာ အစရှိသော အားဖြင့်။ နာမပညတ္တတ္ထာယ၊ အမည်နာမကို ပညတ်ခြင်း အကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ခန္ဓပဉ္စကမ္ပိ၊ ခန္ဓာငါးပါး အပေါင်းကိုလည်း။ တ္ထာဝတာ၊ ဤဝိညာဏ်, နာမ်, ရုပ်တို့ အချင်းချင်းကျေးဇူး ပြုကာမျှဖြင့်။ ပညာယတိ၊ သိအပ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဤကား အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

တ္ထာဝတာ၊ ဤမျှ အတိုင်းအရှည်ဖြင့်။ ဝဋ္ဋံ၊ သံသရာဝဋ်သည်။ ဝတ္တတိ၊ ဖြစ်၏။

ဤသို့ဟောတော်မူအပ်သော မဟာနိဒါနသုတ်ပါဠိတော်၌လာရှိသော တ္ထာဝတာ အဓိဝစနပထော၊ တ္ထာဝတာ နိရုတ္တိပထော၊ တ္ထာဝတာ ပညတ္တိပထော ဟူသော ပါဠိတို့ကို ထောက်၍ ဝိညာဏ်, နာမ်, ရုပ်တို့ အချင်းချင်း ကျေးဇူးပြု၍ ဆက်ကာ, ဆက်ကာ ဖြစ်ပေါ်နေသည်ကိုပင် အစဲပြု၍ လူ, နတ်, ငြဟ္မာ သတ္တဝါဟူ၍လည်းကောင်း၊ တိဿ, ဖုဿ–စသည်ဖြင့် လည်းကောင်း၊ ကြည်ညိုသောသူ, ဟုတ်မှန်သော တရားတို့ကို သိတတ်သောသူ, ပညာရှိသောသူ, ပညာမရှိသောသူ, သူတပါးတို့၏အကျိုးစီးပွါးကို ကျင့်သောသူ, သူတပါးတို့၏ အကျိုးစီးပွါးကို မကျင့်သောသူ·စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ပြောဆိုအပ်ကုန်သည်။ ထို့ကြောင့် ဝိညာဏ်,နာမ်, ရုပ်တို့ ဆက်ကာ,ဆက်ကာ ဖြစ်ပေါ်မှုသည် လူ,နတ်, ငြဟ္မာ သတ္တဝါစသည်ဖြင့် အမျိုးမျိုးသော အခေါ် အဝေါ် အမည်နာမ ဝေါဟာရပညတ်တို့၏ အကြောင်းတရား ဧကန် ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

အပါယ်လေးဘုံ၌ ပဝတ္တိဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ

ထို အမျိုးမျိုးသော အခေါ်အဝေါ် အမည်နာမ ဝေါဟာရ ပညတ်တို့၏ အကြောင်းဖြစ်သော ဝိညာဏ်, နာမ်, ရုပ် သည်သာလျှင် ပဋိသန္ဓေကစ၍ ဖြစ်ပေါ်ပြီးလျှင် အစဉ်မပြတ် ဖြစ်, ပျက် နေကြပေ၏။ ထိုသို့ ဖြစ်, ပျက်နေပုံကို ထင်ရှားပြဆိုဦးအံ့။ အပါယ်လေးဘုံ၌ ပဋိသန္ဓေ ဖြစ်သော အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တည်းဟူသော ဝိညာဏ်သည် မိမိနှင့် အတူဖြစ်ဖော် ဖြစ်ဖက် ဖြစ်သော နာမ်တည်းဟူသော သမ္ပယုတ္တဓမ္မစေတသိက် ဆယ်ခု

တို့နှင့်တကွ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်–သုံးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါ။ပါးကို အာရုံပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီသို့ ရောက်သောအခါ၌ ဇရာ၏အနှိပ်အစက်ကို ခံပြီးလျှင် ဘင်တည်းဟူသော မရဏသို့ ရောက်၍ ချုပ်ပျက်လေ၏။ ထို ပဋိသန္ဓေ ဝိညာဏ်စိတ်၏ ဘင် ခဏတည်းဟူသော အပျက်ကိုမှီ၍ ၎င်းအကုသလ ဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ စိတ်သည်ပင်လျှင် ထို ပဋိသန္ဓေစိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ–တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံလျက် ဆက်၍တဖန် ပဌမဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီခဏ၌ ဇရာ၏အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ထို ပဌမ ဘဝင်စိတ်၏ ဘင် ခဏတည်းဟူသော အပျက်ကိုမှီ၍ ၎င်းအကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ထို ပဌမဘဝင်စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ–တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍တဖန် ဒုတိယဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီခဏ၌ ဇရာ၏ အနှိပ်အစက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။

ဤနည်းကိုမှီ၍ စုတိကျသည် တိုင်အောင် အပါယ်လေးဘုံ၌ ဘဝင်ကိစ္စကို ပြုပြီးလျှင် အဆုံးစွန်၌ စုတိကိစ္စကိုပြု၍ ချုပ်လေ၏။

ထိုဘဝင်တို့၏ အကြား, အကြား၌ ဝီထိစိတ်တို့သည်လည်း ဖြစ်, ပျက်ကြကုန်၏။ ထို ဝီထိစိတ်တို့လည်း နှစ်ခုမဖြစ်ကုန်။ စိတ်တခုစီသာလျှင် မိမိတို့နှင့် ဖြစ်ဖော် ဖြစ်ဖက်ဖြစ်သော သမ္မယုတ္တဓမ္မ စေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာ အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ပေါ်ကုန်ပြီးလျှင် ချုပ်ပျက်ကြလေ၏။ ထိုသို့ဖြစ်, ပျက်ပုံကို အနည်းငယ်ပြဆိုဦးအံ့။ အကြင်အခါ ရူပါရုံသည် မိမိနှင့်အတူ ဖြစ်ပေါ်သော မျက်စိအကြည်ဟုဆိုအပ်သော စက္ခုပသာဒအားလည်းကောင်း၊ ဘဝင်မနောအားလည်းကောင်း ထင်ခြင်းသို့ ရောက်ခဲ့သည်ဖြစ်အံ့၊ ထိုအခိုက် ဘဝင်စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ နှစ်ကြိမ်ဖြစ်၍ ပြတ်၏။ ထိုဘဝင်စိတ်နှစ်ကြိမ်တို့တွင် ပဌမတကြိမ်ဖြစ်သော ဘဝင်စိတ်ကို ပြတ်ရန် အားယူ၍ မငြိမ်သက်သောကြောင့် ဘဝင်္ဂစလနဟု ဆိုအပ်သည်။ ဒုတိယတကြိမ်ဖြစ်သော ဘဝင်စိတ်ကို ၎င်းနောက် ဘဝင်စိတ်အဆက်မရှိဘဲ ပြတ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ဆိုအပ်သည်။ ထိုဘဝင်စိတ်တို့ပြတ်ပြီးနောက် ထိုစက္ခုဒွါရ၌ ထင်သော ရူပါရုံကို အာရုံပြု၍ နှလုံးသွင်းတတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ အာဝဇ္ဇန်းကိစ္စတကြိမ် ဖြစ်၍ချုပ်၏။ ထိုနောင် ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ မြင်ခြင်းတည်းဟူသော ဒဿနကိစ္စကိုပြု၍ ချုပ်၏။ ထိုနောင် စက္ခုဒွါရထင်သော ရူပါရုံကို အာရုံပြု၍ ခံလင့်သကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ ခံလင့်

သက္ခဲသို့သော သမ္ပဋိစ္ဆိုင်းကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဠာထင်သော ရူပါရုံကို အာရုံပြု၍ စုံစမ်းတတ်သော သန္ဋီရဏစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ စုံစမ်းခြင်း သန္ဋီရဏကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဠာဆင်သော ရူပါရုံကို မှတ်တတ်သော ဝုဋ္ဌေဘဟု ဆိုအပ်သော မနောဒ္ဒါရာဝဇ္ဇန်း စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ မှတ်ခြင်းတည်းဟူသော ဝုဋ္ဌေ ကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဠာထင်သော ရူပါရုံကို အာရုံပြု၍ လျင်စွာအဟုန်ဖြင့် ဖြစ်တတ်သော အကုသိုလ်ဇော ၁၂, မဟာကုသိုလ်ဇောရှစ်ပေါင်း နှစ်ဆယ်သော ဇောတို့တွင် တခုခုသည် သမ္မယုတ္တဓမ္မနှင့်တကွ ဖြစ်သင့်သည်အားလျော်စွာ မျှားသောအားဖြင့် ဇော ခုနစ်ကြိမ်မီ ဖြစ်၍ ချုပ်၏။ အကယ်၍ တဒါရုံဖြစ်ထိုက်အံ့။ အဟိတ် တဒါရုံဝိပါက် သုံးခုတို့တွင် တခုခုသည် ဖြစ်သင့်သည်အားလျော်စွာ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် အကုသလဝိပါက် ဥပေက္ခာသန္ဋီရဏစိတ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။ အကယ်၍ တဒါရုံဖြစ်ခြင်းငှါ မထိုက်ခဲ့အံ့၊ ဇော၏အဆုံး၌ ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။ သမ္မယုတ္တဓမ္မဆိုအပ်သည်မှာ ၎င်းစိတ်တို့နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော စေတသိက် တည်းဟူသော နာမ်တရားကို ဆိုအပ်သည်။ နောက်နောက်၌ ဤနည်းအတူ မှတ်ကြကုန်။

ထိုသို့ ဆိုအပ်ပြီးသော ရူပါရုံကို အာရုံပြု၍ ဖြစ်သော ပဥ္စဒ္ဒါရာဝဇ္ဇန်းအစ တဒါရုံ အဆုံးတိုင်အောင် အစဉ်မပြတ် ဆက်ကာ,ဆက်ကာ ဖြစ်ပေါ်သောစိတ် အစဉ်ကို ဝီထိစိတ်ဟု ဆိုအပ်သည်။ ထိုဝီထိစိတ်တို့တွင် စက္ခုဝိညာဏ် စိတ်သည် မိမိအာရုံပြုအပ်သော ရူပါရုံနှင့်အတူဖြစ်သော စက္ခုပသာဒကိုမှီ၍ ဖြစ်၏။ ကျန် ဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုသာမှီ၍ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကုန်သော ဝီထိစိတ်တို့သည်လည်း စိတ်နှစ်ခုပြိုင်တူ ဖြစ်မှုမရှိဘဲ တခုပြီးမှသာ တခုစီဖြစ်ကုန်၏။ ထိုဖြစ်ပေါ်သော စိတ်တို့သည်လည်း ဖြစ်ပေါ်ပြီး၍ ဌီသို့ ရောက်တိုင်း, ရောက်တိုင်း ဇရာအနှိပ်စက်ကိုခံကြ၍ ဘင်းတည်းဟူသော မရဏသို့ ရောက်ပြီးလျှင် ချုပ်ကွယ်ကြကုန်၏ဟု သိကြကုန်။ ထိုသို့ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်စိတ်တို့ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း စေတသိက် တည်းဟူသော သမ္မယုတ္တဓမ္မသည် အမြဲထိုက်သည်အားလျော်စွာ ယှဉ်တွယ်၍ ပါကြကုန်၏။ ထိုဖြစ်ပေါ်ကြကုန်သော စေတသိက်တည်းဟူသော သမ္မယုတ္တဓမ္မတို့ကို အာရုံသို့ ရှေးရှည်တတ်တတ်, အချင်းချင်း ညှိတ်စေတတ်သောကြောင့် နာမဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏။ စေတသိက် တည်းဟူသော သမ္မယုတ္တဓမ္မ နာမ်သည် အကျိုး

ပဋိစ္စသမုပ္ပန္နတရားဖြစ်၏ဟု သိကြကုန်။ ထိုဆိုအပ်ပြီးသော ပဝတ္တိဝိညာဏ်တည်း ဟူသော ဝိထိစိတ်တို့ ဖြစ်တိုင်းဦးလည်း စက္ခုဝိညာဏ်မှ တပါးသော ဝိထိစိတ်တို့ ဖြစ်တိုင်း,ဖြစ်တိုင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ထိုစိတ္တဇ ရုပ်ကလာပ်တို့သည် အကျိုး ပဋိစ္စသမုပ္ပန္နတရား ဖြစ်ကုန်၏။ စိတ်ဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ် တရား ဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဝိညာဏ်ကိုအကြောင်းထား၍ ဟောတော်မူအပ်သည်ဟု မှတ်ကြကုန်။

ဤ စက္ခုဒ္ဒ ရူပါရုံ ထင်ခြင်းကြောင့် ရူပါရုံကို အာရုံပြု၍ ဖြစ်သော ဝိထိစိတ်ကို ပြဆိုအပ်သောနည်းကို မှီ၍ သောတပသာဒဒ္ဒ သဒ္ဒါရုံ ထင်သော အခါတိုင်းဦးလည်း ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌေ, ဇောခုနစ်ကြိမ်၊ အကယ်၍ တဒါရုံကျခဲ့အုံ့။ ဇောနောင် တဒါရုံ ၂-ကြိမ်၊ ထိုနောင် ဘဝင် ကျမြဲကျလေသည်၏ အဖြစ်ကိုလည်းကောင်း၊

ဃာနပသာဒဒ္ဒ ဂန္ဓာရုံ ထင်သောအခါတိုင်းဦးလည်း ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်,ဃာနဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌေ, ဇောခုနစ်ကြိမ်၊ အကယ်၍ တဒါရုံကျခဲ့အုံ့၊ တဒါရုံနှစ်ကြိမ် ထိုနောင် ဘဝင် ကျမြဲကျလေသည်၏ အဖြစ်ကိုလည်းကောင်း၊

ဇိဝှါပသာဒဒ္ဒ ရသာရုံထင်သော အခါတိုင်းဦးလည်း ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်, ဇိဝှါဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌေ, ဇောခုနစ်ကြိမ်၊ အကယ်၍ တဒါရုံ ကျခဲ့အုံ့၊ တဒါရုံနှစ်ကြိမ်၊ ထိုနောင် ဘဝင်ကျမြဲကျလေသည်၏ အဖြစ်ကိုလည်းကောင်း၊

ကာယပသာဒဒ္ဒ ဖောဋ္ဌဗ္ဗာရုံထင်သော အခါတိုင်းဦးလည်း ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်,ကာယဝိညာဏ်,သမ္ပဋိစ္ဆိုင်း, သန္တီရဏ,ဝုဋ္ဌေ, ဇော ခုနစ်ကြိမ်၊ အကယ်၍ တဒါရုံကျခဲ့အုံ့၊ တဒါရုံနှစ်ကြိမ်၊ ထိုနောင် ဘဝင် ကျမြဲကျလေသည်၏ အဖြစ်ကို လည်းကောင်း ထင်ရှားသိကြကုန်။

အကယ်၍ ဘဝင်မနောတည်းဟူသော မနောဒ္ဒါရဒ္ဒသာ အာရုံခြောက်ပါးတို့တွင် တပါးပါးသော အာရုံသည် ထင်ခဲ့သည်ဖြစ်အုံ့၊ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒ္ဒါရာဝဇ္ဇန်း, ဇော ခုနစ်ကြိမ်၊ အကယ်၍ ဝိဘူတာရုံဖြစ်ခဲ့အုံ့၊ တဒါရုံနှစ်ကြိမ် ဖြစ်၏။

အကယ်၍ အဝိဘူတာရုံ ဖြစ်ခဲ့အုံ့၊ တဒါရုံ ဖြစ်မှုမရှိဘဲ ဇောနောင် ဘဝင်ကျ၏။ ဝိဘူတာရုံဖြစ်ခဲ့သော် တဒါရုံနောင် ဘဝင်ကျသည်၏ အဖြစ်ကိုသိကြကုန်။

ဤသို့လျှင် အစဉ်မပြတ် စုတေစိတ်ကျသည်တိုင်အောင် ဘဝင်ခြားလျက်, ခြားလျက် ဝီထိစိတ်အစဉ်သည် မပြတ်မလပ် ဆိုင်ရာ,ဆိုင်ရာ ယှဉ်ဘော် ယှဉ်ဘက် ဖြစ်သော သမ္မယုတ္တဓမ္မတည်းဟူသော စေတသိက် နာမ်တရားတို့နှင့် အတူတကွ အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြုလျက် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်၍ ဌီသို့ ရောက်တိုင်း, ရောက်တိုင်း ဇရာ၏ အနှိပ်စက်ကို ခံပြီးလျှင် ဘင်တည်းဟူသော မရဏသို့ရောက်၍ ချုပ်ကွယ် ပျက်စီးလေ၏။ ထိုသို့ အစဉ်မပြတ်ဖြစ်သောစိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်တို့နှင့် ယှဉ်ဘော် ယှဉ်ဘက် ဖြစ်သော သမ္မယုတ္တဓမ္မစေတသိက် တရားကိုတို့ အာရုံသို့ ရှေးရှည်တတ်,အချင်းချင်းညှိတ်စေတတ်သောကြောင့် နာမဟု ခေါ်ဆိုအပ်ကုန်သည်။ ထို ဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ နာမ်တရားသည် အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်၏ဟု သိကြကုန်။ ထို ဆိုအပ်ပြီးသော ပဝတ္တိဝိညာဏ် တည်းဟူသော ဝီထိစိတ်တို့ ဖြစ်တိုင်း၌လည်း သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့မှ တပါးသော ဝီထိစိတ်တို့ ဖြစ်တိုင်းဖြစ်တိုင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့သည်လည်း ဖြစ်ပေါ်ကြကုန်၏။ ထို စိတ္တဇရုပ်ကလာပ်တို့သည်လည်း အကျိုး ပဋိစ္စသမုပ္ပန္နတရား ဖြစ်ကုန်၏။ စိတ်ဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဟောတော်မူသည်ဟု မှတ်ကြကုန်။

ကာမသုဂတိဘုံ၌ ပဝတ္တိဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ

ကာမသုဂတိဘုံတို့၌လည်း ထိုနည်းအတူ ဖြစ်ပျက်နေကြသည်သာလျှင်တည်း။ ထိုသို့ ဖြစ်ပျက်ပုံကို ထင်စွာပြဆိုဦးအံ့၊ အကြင်အခါ လူ့ဘုံ၌လည်းကောင်း၊ ဘုမ္မဇိဝ်းတည်းဟူသော စာတုမဟာရာဇ် အပါအဝင်၌လည်းကောင်း၊ ပဋိသန္ဓေကိစ္စတပ်သော ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တည်းဟူသော ဝိညာဏ်သည် မိမိနှင့်အတူ ဖြစ်ဖော် ဖြစ်ဖက်ဖြစ်သော နာမ်တည်းဟူသော သမ္မယုတ္တဓမ္မ စေတသိက်ဆယ်ခုနှင့်တကွ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးကို အာရုံပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီသို့ ရောက်သောအခါ၌ ဇရာ၏ အနှိပ်စက်ကို ခံပြီးလျှင် ဘင်တည်းဟူသော မရဏသို့ရောက်၍ ချုပ်ပျက်လေ၏။ ထို ပဋိသန္ဓေ ဝိညာဏ်စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကိုမှီ၍ ၎င်း ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်သာလျှင် ထို ပဋိသန္ဓေစိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ,

နတ္ထိ, ဝိဂတ-တည်းဟူသော ငါး ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကိုခံလျက် ဆက်၍ တဖန် ပဌမဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီခဏ၌ ဇရာ၏ အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ထို ပဌမဘဝင်စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကိုမှီ၍ ၎င်း ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ထို ပဌမဘဝင်စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍ တဖန် ဒုတိယဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီခဏ၌ ဇရာ၏အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ဤနည်းကိုမှီ၍ စုတိကျသည်တိုင်အောင် ကာမသုဂတိဘုံ၌ ဘဝင်ကိစ္စကိုပြုပြီးလျှင် အဆုံးစွန်၌ စုတိကိစ္စကိုပြု၍ ချုပ်လေ၏။

ထိုဘဝင်တို့၏ အကြား အကြား၌ ဝိထိစိတ်တို့သည်လည်း ဖြစ်ပျက်ကြကုန်၏။ ထိုဝိထိစိတ်တို့သည်လည်း နှစ်ခုပြိုင်၍ ဖြစ်မှုမရှိကုန်။ စိတ်တခုစီသာလျှင် မိမိတို့နှင့် ဖြစ်ဖော်ဖြစ်ဖက်ဖြစ်သော သမ္ပယုတ္တဓမ္မစေတသိက်တို့နှင့် ထိုက်သည် အာဝဇ္ဇန်းစသော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ပေါ်ကုန်ပြီးလျှင် ချုပ်ပျက်ကြလေကုန်၏။ ထိုသို့ ဖြစ်ပျက်ပုံကို အနည်းငယ် ပြဆိုဦးအံ့။ အကြင်အခါ ရူပါရုံသည် မိမိနှင့်အတူဖြစ်ပေါ်သော မျက်စိ အကြည်ဟူဆိုအပ်သော စက္ခုပသာဒအားလည်းကောင်း၊ ဘဝင်မနောအားလည်းကောင်း ထင်ခြင်းသို့ ရောက်ခဲ့သည် ဖြစ်အံ့။ ထိုအခိုက် ဘဝင်စိတ်သည် သမ္ပယုတ္တဓမ္မနှင့်တကွ နှစ်ကြိမ်ဖြစ်၍ ပြတ်၏။ ထိုဘဝင်စိတ် နှစ်ကြိမ်တို့တွင် ပဌမတကြိမ်ဖြစ်သော ဘဝင်စိတ်ကို ပြတ်ရန်အားယူ၍ မငြိမ်သက်သောကြောင့် ဘဝင်္ဂစလနဟု ဆိုအပ်သည်။ ဒုတိယတကြိမ်ဖြစ်သော ဘဝင်စိတ်ကို ၎င်းနောက် ဘဝင်စိတ် အဆက်မရှိဘဲပြတ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်ဆိုအပ်သည်။ ထိုဘဝင်စိတ်တို့ ပြတ်ပြီးနောက် ထိုစက္ခုဒ္ဒါရဝီထင်သော ရူပါရုံကို အာရုံပြု၍ နှလုံးသွင်းတတ်သော ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်သည် သမ္ပယုတ္တဓမ္မနှင့်တကွ အာဝဇ္ဇန်းကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ရူပါရုံကိုမြင်တတ်သော စက္ခုဝိညာဏ်စိတ်သည် သမ္ပယုတ္တဓမ္မနှင့်တကွ မြင်ခြင်းတည်းဟူသော ဒဿနကိစ္စကိုပြု၍ ချုပ်၏။ ထိုနောင် စက္ခုဒ္ဒါ ထင်သော ရူပါရုံကို အာရုံပြု၍ ခံလင့်သကဲ့သို့ဖြစ်သော သမ္ပ-ဋိစ္ဆိုင်းစိတ်သည် သမ္ပယုတ္တဓမ္မနှင့်တကွ ခံလင့်သကဲ့သို့သော သမ္ပဋိစ္ဆိုင်းကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဒ္ဒါထင်သောရူပါရုံကို အာရုံပြု၍ စုံစမ်းတတ်သော သန္တီရဏစိတ်သည် သမ္ပယုတ္တဓမ္မနှင့်တကွ စုံစမ်းခြင်းသန္တီရဏကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဒ္ဒါ ထင်သော ရူပါရုံကို မှတ်တတ်သော ဝုဋ္ဌောဟု ခေါ်ဆိုအပ်သော မနောဒ္ဒါရာဝဇ္ဇန်းစိတ်သည် သမ္ပ-ယုတ္တဓမ္မနှင့်တကွ မှတ်ခြင်းတည်းဟူသော ဝုဋ္ဌောကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍

ချုပ်၏။ ထိုနောင် စက္ခုဠာ ထင်သော ရူပါရုံကို အာရုံပြု၍ လျင်စွာ အဟုန်ဖြင့် ဖြစ်တတ်သော အကုသိုလ်ဇော တဆယ့်နှစ်, မဟာကုသိုလ်ဇော ရှစ်၊ ပေါင်းနှစ်ဆယ်သော ဇောတို့တွင် တခုခုသည် သမ္မယုတ္တဓမ္မနှင့်တကွ ဖြစ်သင့်သည် **အာ**းလျော်စွာ များသောအားဖြင့် ဇောခုနစ်ကြိမ်စီဖြစ်၍ ချုပ်၏။ အကယ်၍ တဒါရုံကျထိုက်အံ့၊ အဟိတ်တဒါရုံဝိပါက်သုံးခု, သဟိတ် ဉာဏဝိပ္ပယုတ် တဒါရုံ လေးခုတို့တွင် တခုခုသည် ဖြစ်သင့်သည်အားလျော်စွာ နှစ်ကြိမ်ဖြင့်၍ ချုပ်၏။ ထိုနောင် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်သည် ကံ, ကမ္မနိမိတ်, ဂတိ-နိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ ဖြစ်၏။ အကယ်၍ တဒါရုံဖြစ်ခြင်းငှါ မထိုက်ခဲ့အံ့၊ ဇော၏အဆုံး၌ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ ဆိုအပ်ပြီးသော ရူပါရုံကို အာရုံပြု၍ဖြစ်သော ပဥ္စဒ္ဒါရာဝဇ္ဇန်းအစ, တဒါရုံအဆုံးတိုင်အောင် အစဉ်မပြတ် ဆက်ကာ, ဆက်ကာ ဖြစ်ပေါ်သော စိတ်အစဉ်ကို ဝီထိစိတ်ဟု ဆိုအပ်သည်။ ထိုဝီထိစိတ်တို့တွင် စက္ခုဝိညာဏ်စိတ်သည် မိမိအာရုံပြုအပ်သော ရူပါရုံနှင့်အတူဖြစ်သော စက္ခုပသာဒကို မှီ၍ ဖြစ်၏။ ကျန်ဝီထိစိတ်တို့သည် ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကိုသာ မှီ၍ ဖြစ်ကြကုန်၏။ ထိုသို့ ဖြစ်ကုန်သော ဝီထိစိတ်တို့သည်လည်း စိတ်နှစ်ခု ပြိုင်တူ ဖြစ်မူ မရှိကြဘဲ တခုပြီးမှသာ တခုစီဖြစ်ကုန်၏။ ထိုဖြစ်ပေါ်သော စိတ်တို့သည်လည်း ဖြစ်ပေါ်ပြီး၍ ဌီသို့ ရောက်တိုင်း, ရောက်တိုင်း ဇရာ အနိုပ်စက်ကို ခံ၍ ၍ ဘင်တည်းဟူသော မရဏသို့ ရောက်ပြီးလျှင် ချုပ်ကွယ်ကြကုန်၏ဟု သိကြကုန်။ ထိုသို့ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်တို့ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း စေတသိက်တည်းဟူသော သမ္မယုတ္တ-ဓမ္မတို့သည် အမြဲ ထိုက်သည်အားလျော်စွာ ယှဉ်တွယ်၍ ပါကြကုန်၏။ ထို ဖြစ်ပေါ်ကြကုန်သော စေတသိက်တည်းဟူသော သမ္မယုတ္တဓမ္မတို့ကို အာရုံသို့ ရှေးရှု ညွတ်တတ်, အချင်းချင်း ညွတ်စေတတ်သောကြောင့် နာမဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ စေတသိက် တည်းဟူသော သမ္မယုတ္တဓမ္မနာမ်သည် အကျိုး ပဋိစ္စ-သမုပ္ပန္နတရားဖြစ်၏ဟု သိကြကုန်။ ထိုဆိုအပ်ပြီးသော ပဝတ္တိဝိညာဏ်တည်း ဟူသော ဝီထိစိတ်တို့ဖြစ်တိုင်းခဏလည်း စက္ခုဝိညာဏ်မှ တပါးသော ဝီထိစိတ်တို့ ဖြစ်တိုင်း, ဖြစ်တိုင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့သည်လည်း ဖြစ်ပေါ်ကြကုန်၏။ ထိုစိတ္တဇရုပ်ကလာပ်တို့သည်လည်း အကျိုးပဋိစ္စသမုပ္ပန္န တရားဖြစ်ကုန်၏။ စိတ်ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏။

ထိုကြောင့် ဘုရားရှင်သည် ဝိညာဏပစ္စယာ နာမရူပံ–ဟူ၍ ဝိညာဏ်ကို အကြောင်းထား၍ ဟောတော်မူအပ်သည်ဟု မှတ်လေ။

ဤစကၠုဒ္ဒ ရူပါရုံဆင်ခြင်းကြောင့် ရူပါရုံကို အာရုံပြု၍ဖြစ်သော ဝီထိစိတ်ကို ပြဆိုအပ်သော နည်းကိုမှီ၍ သောတပသာဒဒ္ဒ သဒ္ဒါရုံထင်သော အခါတိုင်း ဒ္ဒလည်း ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇောခုနစ်ကြိမ်၊ အကယ်၍ တဒါရုံကျခဲ့အံ့၊ ဇောနောင်တဒါရုံနှစ်ကြိမ်၊ ထိုနောင်ဘဝင်ကျမြဲ ကျလေသည်၏အဖြစ်ကိုလည်းကောင်း၊

ဃာနပသာဒဒ္ဒ ဂန္ဓာရုံထင်သောအခါတိုင်းဒ္ဒလည်း ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်, ဃာနဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇောခုနစ်ကြိမ်၊ အကယ်၍ တဒါရုံကျခဲ့အံ့၊ တဒါရုံနှစ်ကြိမ်၊ ထိုနောင် ဘဝင်ကျမြဲ ကျလေသည်၏ အဖြစ်ကိုလည်းကောင်း၊

ဇိဝှါပသာဒဒ္ဒ ရသာရုံထင်သောအခါတိုင်းဒ္ဒလည်း ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်, ဇိဝှါဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇောခုနစ်ကြိမ်၊ အကယ်၍ တဒါရုံကျခဲ့အံ့၊ တဒါရုံနှစ်ကြိမ်၊ ထိုနောင် ဘဝင်ကျမြဲ ကျလေသည်၏အဖြစ်ကိုလည်းကောင်း၊

ကာယပသာဒဒ္ဒ ဖောဋ္ဌဗ္ဗာရုံထင်သောအခါတိုင်းဒ္ဒလည်း ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်, ကာယဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇောခုနစ်ကြိမ်၊ အကယ်၍ တဒါရုံကျခဲ့အံ့၊ တဒါရုံနှစ်ကြိမ်၊ ထိုနောင် ဘဝင်ကျမြဲကျလေသည်၏အဖြစ်ကိုလည်းကောင်း ထင်ရှားသိကြကုန်။

အကယ်၍ ဘဝင်မဇနာတည်းဟူသော မနောဒ္ဒါရဒ္ဒသာ အာရုံခြောက်ပါး တို့တွင် တပါးပါးသော အာရုံသည် ထင်ခဲ့သည်ဖြစ်အံ့။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒ္ဒါရာဝဇ္ဇန်း, ဇောခုနစ်ကြိမ်၊ အကယ်၍ အဝိဘူတာရုံဖြစ်ခဲ့အံ့၊ တဒါရုံဖြစ်မှုမရှိဘဲ၊ ဇောနောင် ဘဝင်ကျ၏။ ဝိဘူတာရုံဖြစ်ခဲ့သော် တဒါရုံနောင် ဘဝင်ကျသည်၏အဖြစ်ကို သိကြကုန်။ ဤသို့လျှင် အစဉ်မပြတ် စုတိစိတ်ကျသည်တိုင်အောင် ဘဝင်ခြားလျက် ဝီထိစိတ်အစဉ်သည် မပြတ်မလပ် ဆိုင်ရာ, ဆိုင်ရာ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္ပယုတ္တဓမ္မတည်းဟူသော စေတသိက်နာမ်တရားတို့နှင့်အတူတကွ အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြုလျက် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်၍ ဌိသို့ရောက်တိုင်း, ရောက်တိုင်း ဇရာ၏ အနှိပ်စက်ကိုခံပြီးလျှင် ဘင်္ဂတည်းဟူသော မရဏသို့ရောက်၍ ချုပ်ကွယ် ပျက်စီးလေ၏။ ထိုသို့ အစဉ်မပြတ်ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်တို့နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္ပယုတ္တဓမ္မ စေတသိက်တရားတို့ကို အာရုံသို့ရှေး၍ညွှတ်တတ်, အချင်းချင်းညွှတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏။ နာမ်တရားသည် အကျိုး

ပဋိစ္စသမုပ္ပန္နတရားဖြစ်၏ဟု သိကြကုန်။ ထိုဆိုအပ်ပြီးသော ပဝတ္တိဝိညာဏ်တည်းဟူသော ဝိထိစိတ်တို့ဖြစ်တိုင်း၌လည်း သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့မှ တပါးသော ဝိထိစိတ်တို့ ဖြစ်တိုင်း, ဖြစ်တိုင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ထို စိတ္တဇရုပ်ကလာပ်တို့သည်လည်း အကျိုးပဋိစ္စသမုပ္ပန္နတရားဖြစ်ကုန်၏။ စိတ်ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည် ဝိညာဏပစ္စယာ နာမရူပံ—ဟူ၍ ဟောတော်မူလေသည်ဟု မှတ်ကြကုန်။

ထိုအကြောင်း, အကျိုးဖြစ်သော ဝိညာဏ်, နာမ်, ရုပ် တရားတို့သည်သာလျှင် ပဋိသန္ဓေကစ၍ စုတိကျသည်တိုင်အောင် အစဉ်မပြတ် ဖြစ် ပျက်နေသည်၏ အဖြစ်ကို ရှေးဦးပြဆိုအပ်ပြီးသောနည်းအတိုင်း သိကြကုန်။

အကြင်အခါ လူ့ဘုံ၌လည်းကောင်း၊ နတ်ပြည်ခြောက်ထပ်၌လည်းကောင်း ပဋိသန္ဓေကိစ္စတပ်သော မဟာဝိပါက်စိတ် ဂ-ခုတို့တွင် တခုခုသော စိတ်ဝိညာဏ်သည် ထိုက်သည်အားလျော်စွာ မိမိနှင့်အတူတကွ ဖြစ်ဖော်ဖြစ်ဘက် ဖြစ်သော နာမ်တည်းဟူသော သမ္မယုတ္တဓမ္မစေတသိက်နှင့်တကွ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်ပြီးလျှင် ဌီသို့ရောက်သောအခါ၌ ဇရာ၏ အနှိပ်အစက်ကို ခံပြီးလျှင် ဘင်တည်းဟူသော မရဏသို့ ရောက်၍ ချုပ်ပျက်လေ၏။ ထိုပဋိသန္ဓေဝိညာဏ်စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကိုမှီ၍ ၎င်းပဋိသန္ဓေကိစ္စတပ်သော မဟာဝိပါက်စိတ် ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထိုပဋမဘဝင်စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ-တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကိုခံယူလျက် ဆက်၍တဖန် ဒုတိယဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီခဏ၌ ဇရာ၏အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ထိုပဋမဘဝင်စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကိုမှီ၍ ၎င်းပဋိသန္ဓေကိစ္စတပ်သော မဟာဝိပါက်စိတ် ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထိုပဋမဘဝင်စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ-တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍တဖန် ဒုတိယဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီခဏ၌ ဇရာ၏အနှိပ်စက်ကိုခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ဤနည်းကိုမှီ၍ စုတိကျသည်တိုင်အောင် လူ့ဘုံ, နတ်ဘုံ၌ ဘဝင်ကိစ္စကိုပြုပြီးလျှင် အဆုံးစွန်၌ စုတိကိစ္စကိုပြု၍ ချုပ်လေ၏။

ထိုဘဝင်တို့၏ အကြား, အကြား၌ ဝိထိစိတ်တို့သည်လည်း ဖြစ်ပျက်ကြကုန်၏။ ထိုဝိထိစိတ်တို့သည်လည်း နှစ်ခုပြိုင်၍ဖြစ်မှု မရှိကုန်ဘဲ တခုစီသာလျှင် မိမိတို့နှင့် ဖြစ်ဖော်ဖြစ်ဖက်ဖြစ်ကုန်သော သမ္မယုတ္တဓမ္မစေတသိက်တို့နှင့် ထိုက်

သည်အားလျော်စွာ အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ပေါ်ကုန်ပြီးလျှင် ချုပ်ပျက်လေကုန်၏။ ထိုသို့ဖြစ်ပျက်ပုံကို အနည်းငယ်ပြဆိုဦးအံ့။

အကြင်အခါ ရူပါရုံသည် မိမိနှင့်အတူဖြစ်ပေါ်သော မျက်စိအကြည်ဟုဆို အပ်သော စက္ခုပသာဒအားလည်းကောင်း၊ ဘဝင်မနောအားလည်းကောင်း ထင်ခြင်းသို့ရောက်ခဲ့သည်ဖြစ်အံ့၊ ထိုအခိုက် ဘဝင်စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ နှစ်ကြိမ်ဖြစ်၍ ပြတ်၏။ ထိုဘဝင်စိတ်နှစ်ကြိမ်တို့တွင် ပဌမတကြိမ်ဖြစ်သော ဘဝင်စိတ်ကို ပြတ်ရန်အားယူ၍ မငြိမ်မသက်သောကြောင့် ဘဝင်္စလနဟုဆိုအပ်သည်။ ဒုတိယတကြိမ်ဖြစ်သော ဘဝင်စိတ်ကို ၎င်းနောက် ဘဝင်စိတ်အဆက်မရှိဘဲ ပြတ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်ဆိုအပ်သည်။ ထို ဘဝင်စိတ်တို့ ပြတ်ပြီးနောက် ထိုစက္ခုဋ္ဌာဆင်သော ရူပါရုံကို အာရုံပြု၍ နှလုံးသွင်းတတ်သော ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ အာဝဇ္ဇန်းကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ မြင်ခြင်းတည်းဟူသော ဒဿနကိစ္စကိုပြု၍ ချုပ်၏။ ထိုနောင် စက္ခုဋ္ဌာဆင်သော ရူပါရုံကို အာရုံပြု၍ ခံလင့်သကဲ့သို့သော သမ္ပဋိစ္ဆိုင်းစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ ခံလင့်သကဲ့သို့သော သမ္ပဋိစ္ဆိုင်းကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဋ္ဌာဆင်သော ရူပါရုံကို အာရုံပြု၍ စုံစမ်းတတ်သော သန္တီရဏစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ စုံစမ်းခြင်းသန္တီရဏကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဋ္ဌာဆင်သော ရူပါရုံကို အာရုံပြု၍ မှတ်တတ်သော ဝုဋ္ဌေဘဟုခေါ်ဆိုအပ်သော မနောဒ္ဒါရာဝဇ္ဇန်းစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ မှတ်ခြင်းတည်းဟူသော ဝုဋ္ဌေကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဋ္ဌာဆင်သော ရူပါရုံကိုအာရုံပြု၍ လျင်စွာအဟုန်ဖြင့်ဖြစ်တတ်သော အကုသိုလ်ဇော ၁၂, ဟသိတုပ္ပါဒ်ဇောတစ်, မဟာကုသိုလ်ဇော ၈, မဟာကြိယာဇော ၈၊ ပေါင်းကာမဇော ၂၉-ခုတို့တွင် တခုခုသောဇောသည် သမ္မယုတ္တဓမ္မနှင့်တကွ ဖြစ်သင့်သည်အားလျော်စွာ မျှားသောအားဖြင့် ဇော ၇-ကြိမ်ဖြစ်၍ ချုပ်၏။ အကယ်၍ တဒါရုံကျထိုက်အံ့။ တဒါရုံဝိပါက် ၁၁-ခုတို့တွင် တခုခုသည် ဖြစ်သင့်သည်အားလျော်စွာ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မဟာဝိပါက်စိတ်ရှစ်ခုတို့ဘွင် တခုခုသောစိတ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ ဖြစ်၏။ အကယ်၍ တဒါရုံဖြစ်ခြင်းငှါ မထိုက်ခဲ့အံ့၊ ဇော၏အဆုံး၌ ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဆိုအပ်ပြီးသော ရူပါရုံကို အာရုံပြု၍ဖြစ်သော ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်အစ တဒါရုံအဆုံးတိုင်အောင် အစဉ်မပြတ် ဆက်ကာ, ဆက်ကာဖြစ်ပေါ်သော စိတ်အစဉ်ကို ဝီထိစိတ်ဟု ခေါ်ဆိုအပ်သည်။ ထိုဝီထိစိတ်တို့တွင် စက္ခုဝိညာဏ်စိတ်

သည် မိမိအာရုံပြုအပ်သော ရူပါရုံနှင့်အတူဖြစ်သော စက္ခုပသာဒကိုမှီ၍ ဖြစ်၏။ ကျန်ဝိထိစိတ်တို့သည် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ကုန်သော ဝိထိစိတ်တို့သည်လည်း စိတ်နှစ်ခုပြိုင်တူဖြစ်မှု မရှိကြဘဲ တခုပြီးမှသာ တခုဖြစ်ကုန်၏။ ထိုဖြစ်ပေါ်သောစိတ်တို့သည်လည်း ဖြစ်ပေါ်ပြီး၍ ငြိသို့ရောက်ကုန်တိုင်း ရောက်ကုန်တိုင်း ဇရာ၏အနှိပ်စက်ကို ခံကုန်၍ ဘင်တည်းဟူသော မရဏသို့ရောက်ကုန်ပြီးလျှင် ချုပ်ကွယ်လေကုန်၏ ဟု သိကြကုန်။ ထိုသို့ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထို ပဝတ္တိဝိညာဏ်တို့ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း စေတသိက် တည်းဟူသော သမ္ပယုတ္တဓမ္မတို့သည် အမြဲထိုက်သည်အားလျော်စွာ ယှဉ်တွဲယှဉ်၍ပါကြကုန်၏။ ထိုဖြစ်ပေါ်ကြကုန်သော စေတသိက်တည်းဟူသော သမ္ပယုတ္တဓမ္မဘို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင်းသွတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ စေတသိက်တည်းဟူသော သမ္ပယုတ္တဓမ္မ နာမ်သည် အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်၏ဟု သိကကုန်။ ထိုဆိုအပ်ခဲ့ပြီးသော ပဝတ္တိဝိညာဏ်တည်းဟူသော ဝိဆိစိတ်တို့ ဖြစ်တိုင်းဌိလည်း စက္ခုဝိညာဏ်မှတပါးသော ဝိထိစိတ်ဘို့ ဖြစ်တိုင်း ဖြစ်တိုင်း စိတ်ခကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့ သည်လည်း ဖြစ်ပေါ်ကြကုန်၏။ ထိုစိတ္တဇရုပ်ကလာပ်တို့သည်လည်း အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်ကုန်၏။ စိတ်ဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏။ ထိုခကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဝိညာဏ်ကိုအကြောင်းထား၍ ဟောတော်မူအပ်သည်ဟု မှတ်ကြကုန်။

ဤစက္ခုဌ္ဌ ရူပါရုံ ထင်ခြင်းကြောင့် ရူပါရုံကို အာရုံပြု၍ ဖြစ်ကြသော ဝိထိစိတ်ကို ပြဆိုအပ်သောနည်းကိုမှီ၍ သောတပသာဒဌ္ဌ သဒ္ဒါရုံထင်သော အခါတိုင်း ဌ္ဌလည်း ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒ္ဒါရာဝဇ္ဇန်းသောတဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ၇-ကြိမ်၊ အကယ်၍ တဒါရုံကျခဲ့အုံ၊ ဇောနောင် တဒါရုံ နှစ်ကြိမ်၊ ထိုနောင် ဘဝင်ကျမြဲကျလေသည်၏ အဖြစ်ကို လည်းကောင်း၊ ဃာနပသာဒဌ္ဌ ဂန္ဓာရုံထင်သောအခါတိုင်းဌ္ဌလည်း ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒ္ဒါရာဝဇ္ဇန်း ဃာနဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ၇-ကြိမ်၊ အကယ်၍ တဒါရုံကျခဲ့အုံ၊ တဒါရုံ နှစ်ကြိမ်၊ ထိုနောင် ဘဝင်ကျမြဲ ကျလေသည်၏ အဖြစ်ကိုလည်းကောင်း၊ ဇိဝှါပသာဒဌ္ဌ ရသာရုံထင်သော အခါတိုင်းဌ္ဌလည်း ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒ္ဒါရာဝဇ္ဇန်း ဇိဝှါဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ၇-ကြိမ်၊အကယ်၍ တဒါရုံကျခဲ့အုံ၊ တဒါရုံ နှစ်ကြိမ်၊ ထိုနောင် ဘဝင်

ကျမြဲကျလေသည်၏ အဖြစ်ကိုလည်းကောင်း၊ ကာယပသာဒဌ် ဖောဋ္ဌဗ္ဗာရုံထင်သော အခါတိုင်းဌ်လည်း ဘဝင်္ဂစလန ဘဝဂ္ဂုပစ္ဆေဒ ပဥ္စဒ္ဒါရာဝဇ္ဇန်း ကာယဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ၇-ကြိမ်၊ အဂယ်၍ တဒါရုံကျခဲ့အုံ၊ တဒါရုံနှစ်ကြိမ်၊ ထိုနောင် ဘဝင်ကျမြဲ ကျလေသည်၏ အဖြစ်ကို လည်းကောင်း သိကြကုန်။

အကယ်၍ ဘဝင်မနော တည်းဟူသော မနောဒ္ဒါရဌ်သာ အာရုံ ခြောက်ပါး တို့တွင် တပါးပါးသော အာရုံသည် ထင်ခဲ့သည် ဖြစ်အုံ၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ မနောဒ္ဒါရာဝဇ္ဇန်း ဇော ၇-ကြိမ်၊ အကယ်၍ အဝိဘူတာရုံ ဖြစ်ခဲ့အုံ၊ တဒါရုံ ဖြစ်မှုမရှိဘဲ ဇောနောင် ဘဝင်ကျ၏။ ဝိဘူတာရုံ ဖြစ်ခဲ့သော် ဇော နောင် တဒါရုံနှစ်ကြိမ်၊ ထိုတဒါရုံနောင် ဘဝင်ကျသည်၏အဖြစ်ကို သိကြကုန်။

ဤသို့လျှင် အစဉ်မပြတ် ဆိုင်ရာ, ဆိုင်ရာ ယှဉ်ဘော် ယှဉ်ဘက် ဖြစ်သော သမ္မယုတ္တဓမ္မတည်းဟူသော စေတသိက် နာမ်တရားတို့နှင့် အတူတကွ အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြုလျက် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်၍ ဌိသို့ရောက်တိုင်း ရောက်တိုင်း ဇရာ၏ အနုပ်စက်ကိုခံပြီးလျှင် ဘင်္ဂ တည်းဟူသော မရဏသို့ရောက်၍ ချုပ်ကွယ်ပျက်စီးလေ၏။ ထိုသို့ အစဉ်မပြတ် ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟုခေါ်ဆိုအပ်သည်။ထိုပဝတ္တိ ဝိညာဏ်နှင့် ယှဉ်ဘော်ယှဉ်ဘက် ဖြစ်သော သမ္မယုတ္တဓမ္မစေတသိက်တရားတို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင်း ညွတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ထိုဝိညာဏ်,နာမ်တို့တွင် ဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏။ နာမ်တရားသည် အကျိုးပဋိစ္စသမုပ္ပန္နတရားဖြစ်၏ဟု သိကြကုန်။ ထိုဆိုအပ်ခဲ့ပြီးသော ပဝတ္တိဝိညာဏ် တရားတည်းဟူသောဝိထိစိတ်တို့ ဖြစ်တိုင်းဌ် လည်း သောတဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့မှ တပါးသော ဝိထိစိတ်တို့ ဖြစ်တိုင်း, ဖြစ်ဘိုင်း စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ထိုစိတ္တဇ ရုပ်ကလာပ် တို့သည်လည်း အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်ကုန်၏။ စိတ်ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရားဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဟောတော်မူအပ်လေသည်ဟု မှတ်ကြကုန်။ ထိုအကြောင်းအကျိုးဖြစ်သော ဝိညာဏ်, နာမ်, ရုပ် တရားတို့သည် သာလျှင် ပဋိသန္ဓေကစ၍ စုတိကျသည်တိုင်အောင် အစဉ်မပြတ် ဖြစ်ပျက်လျက်နေသည်၏အဖြစ်ကို ရှေးဌ်ပြဆိုအပ်ပြီးသောနည်းအတိုင်း သိကြကုန်။

ရူပါဝစရဆယ်ဘုံ၌ ပဝတ္တိဝိညာဏ်သည် အတူဖြစ်သော နာမ်ရုပ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ

ကာမသုဂတိ ၇-ဘုံ၌သာ ထိုတရားတို့ ဖြစ်ပျက်နေသည် မဟုတ်သေး။ ပဌမစျာန်သုံးဘုံ, ဒုတိယစျာန်သုံးဘုံ, တတိယစျာန်သုံးဘုံ, ဝေဟပ္ဖိုလ် တည်းဟူသော စတုတ္ထစျာန်ဘုံ၊ ဤ ၁၀-ဘုံတို့၌လည်း ထိုနည်းအတူ ဖြစ်ပျက်နေကြသည်သာတည်း။ ထိုဖြစ်ပျက်နေပုံကို ထင်စွာ ပြဆိုဦးအံ့။ အကြင်အခါ ပဌမစျာန်သုံးဘုံ၌ ပဋိသန္ဓေကပ်စွဲဘပ်သော ရူပါဝစရ ပဌမစျာန် ဝိပါက်စိတ်သည်လည်း ကောင်း၊ ဒုတိယစျာန်သုံးဘုံ၌ ပဋိသန္ဓေကိစ္စတပ်သော ရူပါဝစရ ဒုတိယစျာန် ဝိပါက်စိတ်, တတိယစျာန် ဝိပါက်စိတ်သည်လည်းကောင်း၊ တတိယစျာန်သုံးဘုံ၌ ပဋိသန္ဓေကိစ္စတပ်သော ရူပါဝစရ စတုတ္ထစျာန် ဝိပါက်စိတ်သည်လည်းကောင်း၊ ဝေဟပ္ဖိုလ်ဘုံ၌ ပဋိသန္ဓေကိစ္စ တပ်သော ရူပါဝစရ ပဉ္စမစျာန် ဝိပါက်စိတ်သည်လည်းကောင်း မိမိနှင့်အတူတက္ခ ဖြစ်ဖော် ဖြစ်ဖက် ဖြစ်သော (ရှေးပဋိသန္ဓေဖြစ်ပုံ၌ ပြဆိုခဲ့ပြီးသော) နာမ်တည်းဟူသော သမ္မယုတ္တဓမ္မနှင့်တကွ ပထဝီကသိုဏ်းပညတ် စသော ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စအားဖြင့် ဖြစ်ပေါ်ပြီးလျှင် ဌီသို့ ရောက်သောအခါ၌ ဇရာ၏ အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ ရောက်ပြီးလျှင် ချုပ်ပျက်လေ၏။ ထိုပဋိသန္ဓေဝိညာဏ် စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကိုမှီ၍ ၎င်းရူပါဝစရဝိပါက်ငါးခုတို့တွင် တခုခုသော စိတ်သည် ထိုပဋိသန္ဓေစိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍တဖန် ပဌမဘဝင်ကိစ္စကို ပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီခဏ၌ ဇရာ၏ အနှိပ် စက်ကိုခံပြီး၍ ဘင်တည်းဟူသောမရဏသို့ ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ထို ပဌမဘဝင်စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကို မှီ၍ ၎င်းပဋိသန္ဓေကိစ္စတပ်သော ရူပါဝစရ ဝိပါက်စိတ်ငါးခုတို့တွင် တခုခုသော စိတ်သည် ပဌမဘဝင် စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ – တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူပြီးလျှင် ဆက်၍တဖန် ဒုတိယဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီခဏ၌ ဇရာ၏ အနှိပ်စက်ကိုခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ဤနည်းကိုမှီ၍ စုတိကျသည်တိုင်အောင် ရူပါဝစရ ၁၀-ဘုံ၌ ဘဝင်ကိစ္စကိုပြုပြီးလျှင် အဆုံးစွန်၌ စုတိကိစ္စကိုပြု၍ ချုပ်လေ၏။

ထိုဘဝင်တို့၏ အကြား, အကြား၌ ဝီထိစိတ်တို့သည်လည်း ဖြစ်ပျက်ကြကုန်၏။ ထိုဝီထိစိတ်ကိုသည်လည်း နှစ်ခုပြိုင်၍ ဖြစ်မှုမရှိကုန်ဘဲ တခုစီသာလျှင် မိမိတို့နှင့် ဖြစ်ဖော် ဖြစ်ဖက် ဖြစ်သော သမ္မယုတ္တဓမ္မ စေတသိက် တရားတို့နှင့် ထိုက်သည်အားလျော်စွာ အာရုံသုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဖြစ်ပေါ်ကုန်ပြီးလျှင် ချုပ်ပျက်ကြကုန်၏။ ထိုသို့ဖြစ်ပျက်ပုံကို အနည်းငယ် ပြဆိုဦးအံ့။

အကြင်အခါ ရူပါရုံသည် မိမိနှင့် အတူဖြစ်ပေါ်သော မျက်စိအကြည်ဟု ဆိုအပ်သောစက္ခုပသာဒအားလည်းကောင်း၊ဘဝင်မနောအားလည်းကောင်း ထင်ခြင်းသို့ ရောက်ခဲ့သည်ဖြစ်အံ့။ထိုအခိုက် ဘဝင်စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ နှစ်ကြိမ်ဖြစ်၍ ပျက်၏။ ထိုဘဝင်စိတ်နှစ်ကြိမ်တို့တွင် ပဌမတကြိမ်ဖြစ်သော ဘဝင်စိတ်ကို ပြတ်ရန်အားယူ၍ မငြိမ်မသက်သောကြောင့် ဘဝင်္ဂစလနဟု ခေါ်ဆိုအပ်သည်။ ဒုတိယတကြိမ်ဖြစ်သော ဘဝင်စိတ်ကို ၎င်းနောက် ဘဝင်စိတ် အဆက်မရှိဘဲ ပြတ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်ဆိုအပ်သည်။ ထိုဘဝင်စိတ်ပြတ်ပြီးနောက် ထိုစက္ခုဋ္ဌာဏသော ရူပါရုံကို အာရုံပြု၍ နှလုံးသွင်းတတ်သော ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ အာဝဇ္ဇန်းကိစ္စ တကြိမ် ဖြစ်၍ချုပ်၏။ ထိုနောင် ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်သည် သမ္မယုတ္တဓမ္မနှင့် တကွ မြင်ခြင်းတည်းဟူသော ဒဿနကိစ္စကိုပြု၍ ချုပ်၏။ထိုနောင် စက္ခုဋ္ဌာဏသော ရူပါရုံကို အာရုံပြု၍ ခံလင့်သကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်း စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ ခံလင့်သကဲ့သို့သော သမ္ပဋိစ္ဆိုင်းကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဋ္ဌာဏသော ရူပါရုံကို အာရုံပြု၍ စုံစမ်းတတ်သော သန္တီရဏစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ စုံစမ်းခြင်း သန္တီရဏကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် စက္ခုဋ္ဌာဏသော ရူပါရုံကို အာရုံပြု၍ မှတ်တတ်သောဝုဋ္ဌောဟုခေါ်ဆိုအပ်သော နောဒ္ဓါရာဝဇ္ဇန်းစိတ်သည်သမ္မယုတ္တဓမ္မနှင့်တကွ မှတ်ခြင်းတည်းဟူသော ဝုဋ္ဌောကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဋ္ဌာဏသော ရူပါရုံကို အာရုံပြု၍ လျင်စွာအဟုန်ပြင့် ဖြစ်တတ်သော ဇဒါသမူဒ္ဒေကြည့်သော အကုသိုလ်ဇော ၁၀၊ မဟာကုသိုလ်ဇော ၈၊ မဟာကြိယာဇော ၈၊ ဟသိတုပ္ပါဒ်ဇော ၁၊ ပေါင်း ကာမဇော ၂၇-ခုတို့တွင် တခုခုသော ဇောသည် သမ္မယုတ္တဓမ္မနှင့်တကွ ဖြစ်သင့်သည်အားလျော်စွာ များသောအားဖြင့် ဇော ၇-ကြိမ် ဖြစ်၍ချုပ်၏။ ထိုနောင် ရူပါဝစရဝိပါက်စိတ် ငါးခုတို့တွင် တခုခုသောစိတ်သည် ပထဝီကသိုဏ်းပဋိဘာဂနိမိတ် စသော ပညတ်ကမ္မနိမိတ်ကိုအာရုံပြု၍ ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုဆိုအပ်ခဲ့ပြီးသော ရူပါရုံကို အာရုံပြု၍ ဖြစ်သော ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်အစဇောအဆုံးတိုင်အောင် အစဉ်မပြတ်ဆက်ကာ ဆက်ကာ ဖြစ်ပေါ်သောစိတ်အစဉ်ကို ဝီထိစိတ်ဟု ဆိုအပ်သည်။ထိုဝီထိစိတ်တို့တွင် စက္ခုဝိညာဏ်စိတ်သည် မမအာရုံပြုအပ်သော ရူပါရုံနှင့်အတူ ဖြစ်သော စက္ခုပသာဒကိုမှီ၍ ဖြစ်၏။ ကျန်ဝီထိစိတ်တို့သည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုသာမှီ၍ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ကုန်သော ဝီထိစိတ်တို့သည်လည်း စိတ်နှစ်ခုပြိုင်တူဖြစ်မှု မရှိကုန်ဘဲ တခုပြီးမှတခုသာ ဖြစ်ကုန်၏။ ထိုဖြစ်ပေါ်ကြသော စိတ်တို့သည်လည်း ဖြစ်ပေါ်ပြီး၍ ငှိသို့ ရောက်ကုန်တိုင်း, ရောက်ကုန်တိုင်း ဇရာ၏အနှိပ်စက်ကိုခံ

ကြ၍ ဘင်တည်းဟူသော မရဏာသို့ရောက်ကုန်ပြီးလျှင် ချုပ်ကွယ်ကုန်၏ဟု သိကြကုန်။ ထိုသို့ ဖြစ်ပေါ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်တို့ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း စေတသိက်တည်းဟူသော သမ္မယုတ္တဓမ္မတို့သည် အမြဲထိုက်သည်အားလျော်စွာ ယှဉ်တွယ်၍ပါကုန်၏။ ထို ဖြစ်ပေါ်ကုန်သော စေတသိက်တရား တည်းဟူသော သမ္မယုတ္တဓမ္မတို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင် ညွတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုဒေပ်ကုန်သည်။ ထိုဝိညာဏ်နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏၊ စေတသိက်တည်းဟူသော သမ္မယုတ္တဓမ္မ နာမ်သည် အကျိုးပဋိစ္စသမုပ္ပန္နတရားဖြစ်၏ဟု သိကြကုန်။ ထိုဆိုအပ်ခဲ့ပြီးသော ပဝတ္တိဝိညာဏ် တည်းဟူသော ဝီထိစိတ်တို့ ဖြစ်ရာတိုင်းဦးလည်း စက္ခုဝိညာဏ်မှ တပါးသော ဝီထိစိတ်တို့ ဖြစ်တိုင်း, ဖြစ်ဘိုင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ထိုစိတ္တဇရုပ်ကလာပ်တို့သည်လည်း အကျိုးပဋိစ္စသမုပ္ပန္နတရားဖြစ်ကုန်၏။ စိတ်ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ-ဟူ၍ ဝိညာဏ်ကို အကြောင်းထား၍ ဟောတော်မူအပ်သည်ဟု မှတ်ကြကုန်။

ဤစကွဲ၌ ရူပါရုံထင်ခြင်းကြောင့် ရူပါရုံကိုအာရုံပြု၍ ဖြစ်ကြသော ဝီထိစိတ်တို့ကို ပြဆိုအပ်သောနည်းကိုမှီ၍ သောတပသာဒ၌ သဒ္ဒါရုံထင်သော အခါတိုင်း၌လည်း ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်၊ ထိုနောင် ဘဝင်ကျမြဲ ကျလေသည်၏အဖြစ်ကိုလည်း သိကြကုန်။ အကယ်၍ ဘဝင်မနောတည်းဟူသော မနောဒ္ဓါရ၌သာ အာရုံသုံးပါးတို့တွင် တပါးပါးသော အာရုံသည် ထင်ခဲ့သည်ဖြစ်အံ့၊ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒ္ဓါရာဝဇ္ဇန်း, ဇော ၇ ကြိမ်၊ ထိုနောင် ဘဝင်ကျသည်၏အဖြစ်ကို သိကြကုန်။ ဤသို့လျှင် အစဉ်မပြတ် ဝီထိစိတ် အစဉ်သည် ဆိုင်ရာ, ဆိုင်ရာ ယှဉ်ဘော် ယှဉ်ဘက် ဖြစ်သော သမ္မယုတ္တဓမ္မ တည်းဟူသော စေတသိက် နာမ်ဘရားတို့နှင့်တကွ အာရုံသုံးပါးတို့တွင် တပါးပါးသော အာရုံကိုအာရုံပြု၍ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်၍ ဌီသို့ရောက်တိုင်း, ရောက်တိုင်း ဇရာ၏အနှိပ်စက်ကို ခံပြီးလျှင် ဘင်တည်းဟူသော မရဏာသို့ရောက်၍ ချုပ်ကွယ်ပျက်စီးလေ၏။ ထိုသို့ အစဉ်မပြတ် ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်တို့နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္မယုတ္တဓမ္မစေတသိက်တရားတို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင်းညွတ်စေတတ်သောကြောင့်နာမ်ဟုခေါ်ဆိုအပ်ကုန်သည်။ထိုဝိညာဏ်နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏။ နာမ်တရား

သည် အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်၏ဟု သိကြကုန်။ ထို ဆိုအပ်ပြီးသော ပဝတ္တိဝိညာဏ်တည်းဟူသော ဝိထိစိတ်တို့ ဖြစ်တိုင်းဌိလည်း စက္ခုဝိညာဏ်, သောတဝိညာဏ်မှ တပါးသော ဝိထိစိတ်တို့ ဖြစ်တိုင်း, ဖြစ်တိုင်းစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ထို စိတ္တဇရုပ်ကလာပ်တို့သည်လည်း အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်ကုန်၏။ စိတ် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဟောတော်မူအပ်လေသည်ဟု သိကြကုန်။ ထို အကြောင်းအကျိုးဖြစ်သော ဝိညာဏ်, နာမ်, ရုပ်တရားတို့သည်သာလျှင် ပဋိသန္ဓေကစ၍ စုတိကျသည်တိုင်အောင် အစဉ်မပြတ် ဖြစ်ပျက်လျက်နေသည်၏ အဖြစ်ကို ရှေးဦးပြဆိုအပ်ပြီးသောနည်းအတိုင်း သိကြကုန်။

သုဒ္ဓါဝါသငါးဘုံဌ် ပဝတ္တိဝိညာဏ်သည် အတူဖြစ်သော
နာမ်ရုပ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ

ရှုပါဝစရ ၁၀-ဘုံဌ်သော ထိုတရားတို့ ဖြစ်ပျက်နေကြသည်မဟုတ်သေး။ သုဒ္ဓါဝါသငါးဘုံဌ်လည်း ထိုနည်းအတူ ဖြစ်ပျက်နေကြသည်သာတည်း။ ထိုသို့ ဖြစ်ပျက်နေပုံကို ထင်စွာ ပြဦးအံ့။ အကြင်အခါ သုဒ္ဓါဝါသငါးဘုံဌ် ပဋိသန္ဓေကိစ္စတပ်သော ရူပါဝစရပဋ္ဌမစျာန်ဝိပါက်စိတ်သည် မိမိနှင့် အတူတက္ခဏ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော (ရှေးပဋိသန္ဓေဖြစ်ပုံဌ် ပြဆိုအပ်ပြီးသော)နာမ်တည်းဟူသော သမ္မယုတ္တဓမ္မနှင့်တကွ ကသိုဏ်းပဋိဘာဂ နိမိတ်စသော ပညတ်ကမ္မနိမိတ်ကိုအာရုံပြု၍ ပဋိသန္ဓေကိစ္စအားဖြင့် ဖြစ်ပေါ်ပြီးလျှင် ဌိသို့ ရောက်သောအခါဌ် ဇရာ၏ အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ ရောက်ပြီးလျှင် ချုပ်ပျက်လေ၏။ ထို ပဋိသန္ဓေဝိညာဏ်စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကိုမှီ၍ ရူပါဝစရပဋ္ဌမစျာန်ဝိပါက်စိတ်သည် ထိုပဋိသန္ဓေစိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ-တည်းဟူသော ငါး ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍ တဖန် ပဌမဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌိခဏဌ် ဇရာ၏ အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ထိုပဌမဘဝင်စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကိုမှီ၍ ၎င်း ပဋိသန္ဓေကိစ္စတပ်သော ရူပါဝစရပဋ္ဌမစျာန်ဝိပါက်စိတ်သည် ထိုပဌမဘဝင်စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ-တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍ တဖန် ဒုတိယဘဝင်ကိစ္စကို ပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌိခဏဌ် ဇရာ၏အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်

ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ဤနည်းကိုမှီ၍ စုတိကျသည်တိုင်အောင် သုဒ္ဓါဝါသငါးဘုံ၌ ဘဝင်ကိစ္စကိုပြုပြီးလျှင် အဆုံးစွန်၌ စုတိကိစ္စကိုပြု၍ ချုပ်လေ၏။

ထိုဘဝင်တို့၏ အကြား, အကြား၌ ဝီထိစိတ်တို့သည်လည်း ဖြစ်ပျက်ကြကုန်၏။ ထိုဝီထိစိတ်တို့သည်လည်း နှစ်ခုပြိုင်၍ဖြစ်မှုမရှိကုန်ဘဲ တခုစီသာလျှင် မိမိတို့နှင့် ဖြစ်ဖော်ဖြစ်ဖက် ဖြစ်ကုန်သော သမ္မယုတ္တဓမ္မစေတသိက်တို့နှင့်တကွ ထိုက်သည်အားလျော်စွာ အာရုံသုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဖြစ်ပေါ်ကုန်ပြီးလျှင် ချုပ်ပျက်လေကုန်၏။ ထိုသို့ဖြစ်ပျက်ပုံကို အနည်းငယ် ပြဆိုဦးအံ့။ အကြင်အခါ ရူပါရုံသည် မိမိနှင့်အတူဖြစ်ပေါ်သော မျက်စိအကြည်ဟု ဆိုအပ်သော စက္ခုပသာဒအားလည်းကောင်း၊ ဘဝင်မနောအားလည်းကောင်း ထင်ခြင်းသို့ရောက်ခဲ့သည်ဖြစ်အံ့။ ထိုအခိုက် ဘဝင်စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ နှစ်ကြိမ်ဖြစ်၍ ပြတ်၏။ ထိုဘဝင်စိတ်နှစ်ကြိမ်တို့တွင် ပဌမအကြိမ်ဖြစ်သော ဘဝင်စိတ်ကို ပြတ်ရန်အားယူ၍ မငြိမ်မသက်သောကြောင့် ဘဝင်္ဂစလနဟု ခေါ်ဆိုအပ်သည်။ ဒုတိယအကြိမ်ဖြစ်သော ဘဝင်စိတ်ကို ၎င်းနောက် ဘဝင်စိတ်အဆက်မရှိဘဲပြတ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်ဆိုအပ်သည်။ ထိုဘဝင်စိတ်တို့ပြတ်ပြီးနောက် ထိုစက္ခုဒွါရထင်သော ရူပါရုံကိုအာရုံပြု၍ နှလုံးသွင်းတတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် သမ္မယုတ္တဓမ္မနှင့် တကွ အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ရူပါရုံကိုမြင်တတ်သော စက္ခုဝိညာဏ်စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ မြင်ခြင်း တည်းဟူသော ဒဿနကိစ္စကိုပြု၍ ချုပ်၏။ ထိုနောင် စက္ခုဒွါရထင်သော ရူပါရုံကို အာရုံပြု၍ ခံလင့်သက့ဲသို့သော သမ္ပဋိစ္ဆိုင်းစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ ခံလင့်သက့ဲသို့သော သမ္ပဋိစ္ဆိုင်းကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဒွါရထင်သော ရူပါရုံကိုအာရုံပြု၍ စုံစမ်းတတ်သော သန္တီရဏစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ စုံစမ်းခြင်း သန္တီရဏကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဒွါရထင်သောရူပါရုံကို အာရုံပြု၍မှတ်တတ်ခသော ဝုဋ္ဌဘဟု ခေါ်ဆိုအပ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ မှတ်ခြင်းတည်းဟူသော ဝုဋ္ဌဘကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် စက္ခုဒွါရထင်သော ရူပါရုံကို အာရုံပြု၍ လျင်စွာအဟုန်ဖြင့်ဖြစ်တတ်သော အကုသိုလ်ဒိဋ္ဌဂတဝိပ္ပယုတ်ဇော ၄၊ ဥဒ္ဓစ္စသမ္ပယုတ်ဇော ၁၊ မဟာကုသိုလ်ဇော ဂ၊ မဟာကြိယာဇော ဂ၊ ဟသိတုပ္ပါဒ်ဇော ၁၊ ပေါင်း ကာမဇော ၂၂-ခုတို့တွင် တခုခုသောဇောသည် သမ္မယုတ္တဓမ္မနှင့်တကွ ဖြစ်သင့်သည်အားလျော်စွာ များသောအားဖြင့် ဇော ၇-ကြိမ်စီဖြစ်၍ ချုပ်၏။ ထိုနောင် ရူပါဝစရပဉ္စမစျာန်ဝိပါက်စိတ်သည် ကသိုဏ်း ပဋိဘာဂနိမိတ်စသော ပညတ်ကမ္မနိမိတ်ကိုအာရုံပြု၍ ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုဆိုအပ်ပြီးသော ရူပါရုံကို အာရုံပြု၍ဖြစ်သော မနောဒွါရာဝဇ္ဇန်း စိတ်အစ ဧဇောအဆုံးတိုင်အောင် အစဉ်မပြတ် ဆက်ကာ, ဆက်ကာဖြစ်ပေါ်သော စိတ်အစဉ်ကို ဝီထိစိတ်ဟု ခေါ်ဆို၏။ ထိုဝီထိစိတ်တို့တွင် စက္ခုဝိညာဏ်စိတ်သည် မိမိအာရုံပြုအပ်သော ရူပါရုံနှင့်အတူဖြစ်သော စက္ခုပသာဒကိုမှီ၍ ဖြစ်၏။ ကျန်ဝီထိစိတ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုသာ မှီ၍ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ကုန်သော ဝီထိစိတ်တို့သည်လည်း စိတ်နှစ်ခုပြိုင်တူ ဖြစ်မှုမရှိကုန်ဘဲ တခုပြီးမှ တခုသာ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ပေါ်သော စိတ်တို့သည်လည်း ဖြစ်ပေါ်ကုန်ပြီး၍ ဌိသို့ ရောက်တိုင်း, ရောက်တိုင်း ဇရာ၏ အနှိပ်စက်ကို ခံကုန်၍ ဘင်တည်းဟူသော မရဏသို့ ရောက်ကုန်ပြီးလျှင် ချုပ်ကွယ်လေကုန်၏ ဟု သိကြကုန်။ ထိုသို့ဖြစ်ပေါ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထို ပဝတ္တိဝိညာဏ်တို့ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း စေတသိက်တည်းဟူသော သမ္ပယုတ္တဓမ္မတို့သည်လည်း အမြဲထိုက်သည်အားလျော်စွာ ယှဉ်တွယ်၍ ပါကုန်၏။ ထို ဖြစ်ပေါ်ကုန်သော စေတသိက် တည်းဟူသော သမ္ပယုတ္တဓမ္မတို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင်း ညွတ်စေတတ်သော ကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထို ဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ စေတသိက်တည်းဟူသော သမ္ပယုတ္တဓမ္မ နာမ်သည် အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်၏ဟု သိကြကုန်။ ထို ဆိုအပ်ပြီးသော ပဝတ္တိဝိညာဏ်တည်းဟူသော ဝီထိစိတ်တို့ဖြစ်တိုင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇ-ရုပ်ကလာပ်တို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ထို စိတ္တဇရုပ်ကလာပ်တို့သည်လည်း အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်ကုန်၏။ စိတ်ဝိညာဏ်သည် အကြောင်း ပဋိစ္စ-သမုပ္ပါဒ်တရားဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ဝိညာဏ်ကို အကြောင်းထား၍ ဟောတော်မူအပ်သည်ဟု မှတ်ကြကုန်။

ဤ စက္ခုဒ္ဒ် ရူပါရုံထင်ခြင်းကြောင့် ရူပါရုံကို အာရုံပြု၍ ဖြစ်ကြသော ဝီထိစိတ်တို့ကို ပြဆိုအပ်သောနည်းကိုမှီ၍ သောတပသာဒဒ္ဒ် သဒ္ဒါရုံထင်သော အခါ တိုင်းဒ္ဒ်လည်း ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌေ, ဇော ၇-ကြိမ်၊ ထို နောင် ဘဝင် ကျမြဲ ကျလေသည်၏ အဖြစ်ကိုလည်း သိကြကုန်။ အကယ်၍ ဘဝင်မနောတည်းဟူသော မနောဒွါရဒ္ဒ်သာ အာရုံသုံးပါးတို့တွင် တပါးပါးသော အာရုံသည် ထင်ခဲ့သည် ဖြစ်အံ့၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်၊ ထိုနောင် ဘဝင်ကျသည်၏ အဖြစ်ကို သိကြကုန်။

ဤသို့လျှင် အစဉ်မပြတ် ဆိုင်ရာ ဆိုင်ရာ ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော သမ္ပယုတ္တဓမ္မတည်းဟူသော စေတသိက် နာမ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်

ကြ၍ ဌိသို့ရောက်တိုင်း ရောက်တိုင်း ဇရာ၏ အနှိပ်စက်ကိုခံပြီး ယျင် ဘင်တည်းဟူသော မရဏသို့ ရောက်၍ ချုပ်ကွယ် ပျက်စီးလေကုန်၏။ ထိုသို့ အစဉ်မပြတ် ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထို ပဝတ္တိဝိညာဏ်တို့နှင့် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော သမ္ပယုတ္တဓမ္မ စေတသိက် တရား တို့ကို အာရုံသို့ ရှေးရှုညွှတ်တတ်, အချင်းချင်း ညွှတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထို ဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ နာမ်တရားသည် အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်၏ဟု သိကြကုန်။ ထို ဆိုအပ်ပြီးသော ပဝတ္တိဝိညာဏ်ဟု ဆိုအပ်သော ဝိထိစိတ်တို့ ဖြစ်တိုင်းဦးလည်း စက္ခုဝိညာဏ်, သောတဝိညာဏ်မှတပါးသော ဝိထိစိတ်တို့ ဖြစ်တိုင်း, ဖြစ်တိုင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့သည်လည်း ဖြားပေါ်ကုန်၏။ ထို စိတ္တဇရုပ်ကလာပ်တို့သည်သည်း အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်ကုန်၏။ စိတ်ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ ထို ကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမရူပံ။

ဟူ၍ ဝိညာဏ်ကို အကြောင်းထား၍ ဟောတော်မူအပ်လေသည်ဟု မှတ်ကြကုန်။

ထိုအကြောင်းအကျိုးဖြစ်သော ဝိညာဏ်, နာမ်, ရုပ်တရားတို့သည်သာလျှင် ပဋိသန္ဓေကစ၍ စုတိကျသည်တိုင်အောင် အစဉ်မပြတ် ဖြစ်, ပျက် နေကြသည်၏ အဖြစ်ကို ရှေးဦး ပြဆိုအပ်ပြီးသော နည်းအတိုင်း သိကြကုန်။

အရှုပဓလေးဘုံ၌ ပဝတ္တိဝိညာဏ်သည် အတူဖြစ်သောနာမ်အား အကြောင်းခံပုံနှင့် ဖြစ်ပျက်ပုံ

ရူပါဝစရ ၁၅-ဘုံ၌သာ ထို ဝိညာဏ်, နာမ်, ရုပ် တရားတို့သည် ဖြစ်, ပျက် နေကြသည် မဟုတ်သေး၊ အရှုပါဝစရလေးဘုံ၌လည်း ထို အတူ ဖြစ်ပျက် နေကြသည်သာတည်း။ ထိုသို့ ဖြစ်ပျက်ပုံကို ထင်စွာပြဆိုဦးအံ့။ အကြင်အခါ အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေကိစ္စတပ်သော အာကာသာနဉ္စာယတန-ဝိပါက်စိတ်သည် မိမိနှင့်အတူတကွ ဖြစ်ဖော် ဖြစ်ဖက် ဖြစ်သော သမ္ပယုတ္တဓမ္မ နှင့် တကွ ကသိုဏ်းပဋိဘာဂနိမိတ်ကို ခွါ၍ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စအားဖြင့် ဖြစ်ပေါ်ပြီးလျှင် ဌိသို့ရောက် သောအခါ၌ ဇရာ၏ အနှိပ်စက်ကိုခံပြီး၍ ဘင် တည်းဟူသော မရဏသို့ရောက်ပြီး လျှင် ချုပ်ပျက်လေ၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကိုမြို၍ အာကာသာနဉ္စာယတနဝိပါက်စိတ်သည် ထိုပဋိသန္ဓေစိတ်၏ အနန္တရ, သမနန္တရ, ဥပ

နိဿယ, နတ္ထိ, ဝိဂတ,-တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူပြီးလျှင် ဆက်၍တဖန် ပဌမဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဋ္ဌိဓာဉ် ဇရာ၏ အနှိပ်စက်ကိုခံပြီး၍ ဘင်္ဂတည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏၊ ထိုပဌမဘဝင်စိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကို မှီ၍ ၎င်းပဋိသန္ဓေကိစ္စတပ်သော အာကာသာနဉ္စာယတနဝိပါက်စိတ်သည် ထိုပဌမဘဝင်စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတတည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍တဖန် ဒုတိယဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဋ္ဌိဓာဉ် ဇရာ၏အနှိပ်စက်ကို ခံပြီး၍ ဘင်္ဂတည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ဤနည်းကိုမှီ၍ စုတိကျသည်တိုင်အောင် အာကာသာနဉ္စာယတန ဘုံ၌ ဘဝင်ကိစ္စကိုပြုပြီးလျှင် အဆုံးစွန်၌ စုတိကိစ္စကိုပြု၍ ချုပ်လေ၏။

ထိုဘဝင်တို့၏အကြား, အကြား၌ ဝိထိစိတ်တို့သည်လည်း ဖြစ်ပျက်ကြကုန်၏။ ထိုဝိထိစိတ်တို့သည်လည်း စိတ်နှစ်ခုပြိုင်၍ ဖြစ်မှုမရှိကုန်ဘဲ တခုစီသာလျှင် မိမိတို့နှင့် ဖြစ်ဖော်ဖြစ်ဖက်ဖြစ်သော သမ္မယုတ္တမွေစေတသိက်တို့နှင့် ထိုက်သည် အာဇဝေါ်စ္စာ မမ္မာရုံကိုအာရုံပြု၍ ဖြစ်ပေါ်ကုန်ပြီးလျှင် ချုပ်ပျက်လေကုန်၏။ ထို ဖြစ်,ပျက်ပုံကို အနည်းငယ်ပြဆိုဦးအံ့။ အကြင်အခါ ဘဝင်မနောတည်းဟူသော မနောဒ္ဓါရဋ္ဌာသာ ဓမ္မာရုံသည် ထင်ခဲ့သည်ဖြစ်အံ့။ ထိုအခိုက် ဘဝင်စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ နှစ်ကြိမ်ဖြစ်၍ပြတ်၏။ ထိုဘဝင်စိတ်နှစ်ကြိမ်တို့တွင် ပဌမအကြိမ်ဖြစ်သော ဘဝင်စိတ်ကို ပြတ်ရန် အားယူ၍ မငြိမ်မသက်သော ကြောင့် ဘဝင်္ဂစလနဟု ဆိုအပ်သည်။ ဒုတိယအကြိမ်ဖြစ်သော ဘဝင်စိတ်ကို ၎င်းနောက် ဘဝင်စိတ်အဆက်မရှိဘဲ ပြတ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်ဆိုအပ်သည်။ ထိုဘဝင်စိတ်ပြတ်ပြီးနောက် မမ္မာရုံကိုအာရုံပြု၍ မနောဒ္ဓါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဒေါသမူဒ္ဓ, ဟသိတုပ္ပါဒ်ကြဉ်သော အကုသိုလ်ဇော ၁၀၊ မဟာကုသိုလ်ဇော ၈၊ မဟာကြိယာဇော ၈၊ ပေါင်း ကာမဇော ၂၆-ခုတို့တွင် တခုခုသောဇောသည် မျှားသော အားဖြင့် ဇော ၇-ကြိမ် ဖြစ်၍ချုပ်၏။ ထိုနောင် အာကာသာနဉ္စာယတန ဝိပါက်စိတ်သည် ကသိုဏ်းပဋိဘာဂနိမိတ်ကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဤသို့လျှင် အစဉ်မပြတ် ဆိုင်ရာ, ဆိုင်ရာ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္မယုတ္တဓမ္မတည်းဟူသော စေတသိက်နာမ်တရားတို့နှင့်အတူတကွ ဓမ္မာရုံကို အာရုံပြုလျက် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကြ၍ ဋ္ဌိသို့ရောက်တိုင်း, ရောက်တိုင်း ဇရာ၏ အနှိပ်စက်ကို ခံပြီးလျှင် ဘင်္ဂတည်းဟူသော မရဏသို့ရောက်၍ ချုပ်ကွယ်ပျက်စီးကြလေ၏။

ထိုသို့ အစဉ်မပြတ်ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်တို့နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္ပယုတ္တဓမ္မစေတသိက်တရားတို့ကို အာရုံသို့ ရှေးရှုညွှတ်တတ်, အချင်းချင်းညွှတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုဝိညာဏ် နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏။ နာမ်တရားသည် အကျိုးပဋိစ္စသမုပ္ပန္နတရားဖြစ်၏ဟု သိကြကုန်။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညဏပစ္စယာ နာမံ။

ဟူ၍ ဟောတော်မူလေသည်ဟု မှတ်ကြကုန်။ ထိုအကြောင်း, အကျိုးဖြစ်သော ဝိညာဏ်, နာမ်တရားတို့သည်သာလျှင် ပဋိသန္ဓေကစ၍ စုတိကျသည်တိုင်အောင် အစဉ်မပြတ်ဖြစ်ပျက်လျက်နေသည်၏ အဖြစ်ကို ရှေးဦးပြုဆိုအပ်ပြီးသော နည်းအတိုင်း သိကြကုန်။

အာကာသာနဉ္စာယတနဘုံ၌သာ ထိုတရားတို့ ဖြစ်ပျက်နေကြသည်မဟုတ်သေး၊ ဝိညာဏဉ္စာယတနဘုံ၌လည်း ထိုအတူ ဖြစ်ပျက်နေကြသည်သာတည်း။ ထိုသို့ဖြစ်ပျက်နေပုံကို ပြဆိုဦးအံ့။ အကြင်အခါ ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေကိစ္စတပ်သော ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် မိမိနှင့်အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော (ရှေးပဋိသန္ဓေဖြစ်ပုံ၌ ပြဆိုအပ်ပြီးသော) နာမ်တည်းဟူသော သမ္ပယုတ္တဓမ္မတို့နှင့်တကွ ဥပါဒ်, ဌိ, ဘင်အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်အာရုံကို အာရုံပြု၍ဖြစ်သော ပဌမာရုပ္ပဝိညာဏ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စအားဖြင့် ဖြစ်ပေါ်ပြီးလျှင် ဌိသို့ရောက်သောအခါ၌ ဇရာ၏ အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ ရောက်ပြီးလျှင် ချုပ်ပျက်လေ၏၊ ထိုပဋိသန္ဓေစိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကို မှီ၍ ၎င်း ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် ထိုပဋိသန္ဓေစိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ–တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ပဌမဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌိခဏ၌ ဇရာ၏ အနှိပ်စက်ကို ခံပြီ၍ ဘင်တည်းဟူသော မရဏသို့ရောက်၍ ချုပ်ပျက်ပြန်လေ၏။ ထိုပဌမဘဝင်စိတ်၏ ဘင်တည်းဟူသော အပျက်ကိုမှီ၍ ၎င်းပဋိသန္ဓေကိစ္စတပ်သော ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် ထိုပဌမဘဝင်စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ–တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍တဖန် ဒုတိယဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌိခဏ၌ ဇရာ၏အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ဤနည်းကိုမှီ၍ စုတိကျသည်တိုင်အောင် ဝိညာဏဉ္စာယတနဘုံ၌ ဘဝင်ကိစ္စကိုပြုပြီးလျှင် အဆုံးစွန်၌ စုတိကိစ္စကိုပြု၍ ချုပ်လေ၏။

ထိုဘဝင်တို့၏ အကြား,အကြား၌ ဝိထိစိတ်တို့သည်လည်း ဖြစ်ပျက်ကုန်၏။ ထိုဝိထိစိတ်တို့သည်လည်း စိတ်နှစ်ခုပြိုင်၍ ဖြစ်မှုမရှိကုန်ဘဲ တခုစီသာလျှင် မိမိတို့နှင့် ဖြစ်ဖော်ဖြစ်ဖက် ဖြစ်ကုန်သော သမ္မယုတ္တမမ္မစေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာ ဓမ္မာရုံကိုအာရုံပြု၍ ဖြစ်ပေါ်ကြကုန်ပြီးလျှင် ချုပ်ပျက်ခဲလကုန်၏။ ထိုသို့ဖြစ်ပျက်ပုံကို အနည်းငယ် ပြဆိုဦးအံ့။ အကြင်အခါ ဘဝင်မနောတည်းဟူသော မနောဒွါရဋ္ဌသာ ဓမ္မာရုံသည် ထင်ခဲ့သည်ဖြစ်အံ့။ ထိုအခိုက် ဘဝင်စိတ်သည် သမ္မယုတ္တဓမ္မနှင့်တကွ နှစ်ကြိမ်ဖြစ်၍ ပြတ်၏။ ထိုဘဝင်စိတ်နှစ်ကြိမ်တို့တွင် ပဌမအကြိမ်ဖြစ်သော ဘဝင်စိတ်ကို ပြတ်ရန် အားယူ၍ မငြိမ်မသက်သောကြောင့် ဘဝင်္ဂစလနဟု ခေါ်ဆိုအပ်သည်။ ဒုတိယအကြိမ်ဖြစ်သော ဘဝင်စိတ်ကို ၎င်းနောက် ဘဝင်စိတ်အဆက်မရှိဘဲပြတ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်ဆိုအပ်သည်။ ထိုဘဝင်စိတ်ပြတ်ပြီးနောက် ဓမ္မာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဒေါသမူဋ္ဌေ, ဟသိတုပ္ပါဒ်ကြဉ်သော အကုသိုလ်ဇော ၁၀၊ မဟာကုသိုလ်ဇော ၈၊ မဟာကြိယာဇော ၈ ပေါင်း ကာမဇော ၂၆-ခုတို့တွင် တခုခုသော ဇောသည် များသောအားဖြင့် ဇော ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် ဥပါဒ်, ဌီ, ဘင်အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ကို အာရုံပြု၍ဖြစ်သော ပဌမာရုပ္ပဝိညာဏ်ကို အာရုံပြု၍ ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤသို့လျှင် အစဉ်မပြတ် ဆိုင်ရာ, ဆိုင်ရာ ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော သမ္မယုတ္တဓမ္မတည်းဟူသော စေတသိက်တရားတို့နှင့်တကွ ဓမ္မာရုံကို အာရုံပြုလျက် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကြ၍ ဌီသို့ ရောက်တိုင်း, ရောက်တိုင်း ဇရာ၏ အနှိပ်စက်ကို ခံပြီးလျှင် ဘင်္ဂတည်းဟူသော မရဏသို့ရောက်၍ ချုပ်ကွယ်ပျက်စီးကြလေ၏။ ထိုသို့အစဉ်မပြတ် ဖြစ်ပျက်သောစိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထို ပဝတ္တိဝိညာဏ်ဘို့နှင့် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော သမ္မယုတ္တဓမ္မစေတသိက်တရားတို့ကို အာရုံသို့ ရှေးရှုညွတ်တတ်, အချင်းချင်း ညွတ်စောင်းသောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထို ဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ နာမ်တရားသည် အကျိုးပဋိစ္စသမုပ္ပန္နတရား ဖြစ်၏ဟု သိကြကုန်။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမံ။

ဟူ၍ ဟောတော်မူအပ်လေသည်ဟု မှတ်ကြကုန်။

ထို အကြောင်း, အကျိုးဖြစ်သော ဝိညာဏ်, နာမ်တရားတို့သည်သာလျှင် ပဋိသန္ဓေကစ၍ စုတိကျသည်တိုင်အောင် အစဉ်မပြတ်ဖြစ်ပျက်ကုန်လျက် နေသည်၏အဖြစ်ကို ရှေးဦးပြဆိုအပ်ပြီးသော နည်းအတိုင်း သိကြကုန်။

ဝိညာဏဥစ္စာယတနဘုံ၌သာ ထို ဝိညာဏ်, နာမ်တရားတို့သည် ဖြစ်ပျက်နေကြသည်မဟုတ်သေး၊ အာကိဉ္စညာယတနဘုံ၌လည်း ထိုနည်းအတူ ဖြစ်ပျက်နေကြသည်သာတည်း။ ထိုသို့ဖြစ်ပျက်နေပုံကို ထင်စွာ ပြဆင့်ဦးအံ့၊ အကြင် အခါ အာကိဉ္စညာယဘနဘုံ၌ ပဋိသန္ဓေကိစ္စတပ်သော အာကိဉ္စညာယတန ဝိပါက်စိတ်သည် မိမိနှင့် အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော (ရှေးပဋိ-သန္ဓေဖြစ်ပုံ၌ ပြဆိုအပ်ပြီးသော) နာမ်တည်းဟူသော သမ္ပယုတ္တဓမ္မနှင့် တကွ ပဌမာရုပ္ပဝိညာဏ်၏ စိုးစဉ်းမျှမရှိသော နတ္ထိဘောပညတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စအား ဖြင့် ဖြစ်ပေါ်ပြီးလျှင် ဌိသို့ရောက်သောအခါ၌ ဇရာ၏ အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်လေ၏။ ထိုပဋိသန္ဓေဝိညာဏ်စိတ်၏ ဘင် ခဏတည်းဟူသော အပျက်ကို မှီ၍ အာကိဉ္စညာယတနဝိပါက်စိတ်သည် ထိုပဋိသန္ဓေစိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ-တည်းဟူသော ၎င်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍ တဖန် ပဌမဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဥာခဏ၌ ဇရာ၏ အနှိပ်စက်ကို ခံယူပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ထိုပဌမဘဝင်စိတ်၏ ဘင် ခဏတည်းဟူသော အပျက်ကိုမှီ၍ ပဋိသန္ဓေဝိညာဏ်စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ တည်းဟူသော ၎င်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍ တဖန် ဒုတိယဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌိခဏ၌ ဇရာ၏အနှိပ်စက်ကိုခံ၍ ဘင်တည်းဟူသော မရဏသို့ ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ဤနည်းကိုမှီ၍ စုတိကျသည်တိုင်အောင် အာကိဉ္စညာယတနဘုံ၌ ဘဝင်ကိစ္စကို ပြုပြီးလျှင် အဆုံးစွန်၌ စုတိကိစ္စကိုပြု၍ ချုပ်လေ၏။

ထိုဘဝင်တို့၏အကြား, အကြား၌ ဝိထိစိတ်တို့သည်လည်း ဖြစ်ပျက်ကုန်၏။ ထိုဝိထိစိတ်တို့သည်လည်း စိတ်နှစ်ခုပြိုင်၍ ဖြစ်မှုမရှိကုန်ဘဲ တခုစီသာလျှင် မိမိတို့နှင့် ဖြစ်ဖော်ဖြစ်ဖက်ဖြစ်ကုန်သော သမ္ပယုတ္တမွေတို့နှင့် ထိုက်သည်အား လျော်စွာ ဓမ္မာရုံကို အာရုံပြု၍ ဖြစ်ပေါ်ကုန်ပြီးလျှင် ချုပ်ပျက်လေကုန်၏။ ထို ဖြစ်ပျက်ပုံကို အနည်းငယ်ပြဆိုဦးအံ့၊ အကြင်အခါ ဘဝင်မနောတည်းဟူသော မနောဒွါရဋ္ဌသာ ဓမ္မာရုံသည် ထင်ခဲ့သည်ဖြစ်အံ့၊ ထိုအခိုက် ဘဝင်စိတ်သည် သမ္ပယုတ္တဓမ္မနှင့်တကွ နှစ်ကြိမ်ဖြစ်၍ ပြတ်၏။ ထိုဘဝင်စိတ်နှစ်ကြိမ်တို့တွင် ပဌမအကြိမ်ဖြစ်သော ဘဝင်စိတ်ကို ပြတ်ရန် အားယူ၍ မငြိမ်မသက်သောကြောင့် ဘဝင်္ဂစလနဟု ခေါ်ဆိုအပ်သည်။ ဒုတိယအကြိမ်ဖြစ်သော ဘဝင်စိတ်ကို ၎င်းနောက် ဘဝင်စိတ်အဆက်မရှိဘဲ ပြတ်သောကြောင့် ဘဝုပစ္ဆေဒ-ဟု ခေါ်ဆိုအပ်သည်။ ထိုဘဝင်စိတ်ပြတ်ပြီးနောက် ဓမ္မာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဒေါသမူဒွေ,

ဟသိတုပ္ပါဒ်ကြဉ်သော ကာမဇော ၂၆-ခုတို့တွင် တခုခုသော ဇောသည် များသောအားဖြင့် ဇော ၇ ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ပဌမာရုပ္ပဝိညာဏ်၏ စိုးစဉ်းမျှမရှိသောနှတ္ထိဘော ပညတ်ကို အာရုံပြု၍ ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤသို့လျှင် အစဉ်မပြတ် ဆိုင်ရာ, ဆိုင်ရာ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္မယုတ္တဓမ္မတည်းဟူသော စေတသိက်နာမ်တရားတို့နှင့်အတူတက္ခဏ ဓမ္မာရုံကို အာရုံပြုလျက် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကြ၍ ဌီသို့ရောက်တိုင်း, ရောက်တိုင်း ဇရာ၏အနှိပ်စက်ကိုခံပြီးလျှင် ဘင်တည်းဟူသော မရဏသို့ရောက်၍ ချုပ်ကွယ်ပျက်စီးကြလေ၏။ ထိုသို့ အစဉ်မပြတ်ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိ-ဝိညာဏ်-ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်တို့နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္မယုတ္တဓမ္မ စေတသိက်တရားတို့ကို အာရုံသို့ ရှေးရှုညွှတ်တတ်, အချင်းချင်းညွှတ်စေတတ်သောကြောင့် နာမ်-ဟု ခေါ်ဆိုအပ်ကုန်သည်။ ထို ဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည်အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏။ နာမ်တရားသည် အကျိုးပဋိစ္စသမုပ္ပန္နတရားဖြစ်၏ဟု သိကြကုန်။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမံ။

ဟူ၍ ဟောတော်မူအပ်လေသည်ဟု မှတ်ကြကုန်။ ထိုအကြောင်း, အကျိုးဖြစ်သော ဝိညာဏ်, နာမ်တရားတို့သည်သာလျှင် ပဋိသန္ဓေကစ၍ စုတိကျသည်တိုင်အောင် အစဉ်မပြတ် ဖြစ်ပျက်လျက်နေကြကုန်သည်၏အဖြစ်ကို ရှေးဦးပြဆိုအပ်ပြီးသောနည်းအတိုင်း သိကြကုန်။

အာကိဉ္စညာယတနဘုံ၌သာ ထိုဝိညာဏ်, နာမ်တရားတို့သည် ဖြစ်ပျက်နေကြသည် မဟုတ်သေး၊ နေဝသညာနာသညာယတနဘုံ၌လည်း ထိုနည်းအတူ ဖြစ်ပျက်နေကြသည်သာတည်း။ ထိုသို့ ဖြစ်ပျက်နေပုံကို ပြဆိုဦးအံ့၊ အကြင်အခါ နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေကိစ္စတပ်သော နေဝသညာ-နာသညာယတန ဝိပါက်စိတ်သည် မိမိနှင့်အတူတက္ခဏ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော (ရှေးပဋိသန္ဓေဖြစ်ပုံ၌ ပြဆိုအပ်ပြီးသော) နာမ်တည်းဟူသော သမ္မယုတ္တဓမ္မနှင့်တကွ အလွန်သိမ်မွေ့နေသော တတိယာရုပ္ပဝိညာဏ်ဟူသော အာရုံကို အာရုံပြု၍ ပဋိသန္ဓေကိစ္စအားဖြင့် ဖြစ်ပေါ်ပြီးလျှင် ဌီသို့ရောက်သောအခါ၌ ဇရာ၏ အနှိပ်စက်ကို ခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်လေ၏။ ထိုပဋိသန္ဓေစိတ်၏ ဘင်ခဏတည်းဟူသော အပျက်ကိုမှီ၍ နေဝသညာနာသညာယတနဝိပါက်စိတ်သည် ထိုပဋိသန္ဓေစိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ-တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံယူလျက် ဆက်၍ တဖန် ပဌမဘဝင်ကိစ္စကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ဌီခဏ၌

ဇရာ၏အနှိပ်စက်ကိုခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ထိုပဌမဘဝင်စိတ်၏ ဘင်တည်းဟူသောအပျက်ကိုမှီ၍ ၎င်း ပဋိသန္ဓေကိစ္စတပ်သော နေဝသညာနာသညာယတနဝိပါက်စိတ်သည် ပဌမဘဝင်စိတ်၏ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ-တည်းဟူသော ငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကိုခံယူလျက် ဆက်၍တဖန် ဒုတိယဘဝင်ကိစ္စကို ပြု၍ဖြစ်ပေါ်ပြီးလျှင် ဒုံခဏ၌ ဇရာ၏အနှိပ်စက်ကိုခံပြီး၍ ဘင်တည်းဟူသော မရဏသို့ရောက်ပြီးလျှင် ချုပ်ပျက်ပြန်လေ၏။ ဤနည်းကိုမှီ၍ စုတိကျသည်တိုင် အောင် နေဝသညာနာသညာယတနဘုံ၌ ဘဝင်ကိစ္စကိုပြုပြီးလျှင် အဆုံးစွန်၌ စုတိကိစ္စကိုပြု၍ ချုပ်လေ၏။

ထိုဘဝင်စိတ်တို့၏ အကြား, အကြား၌ ဝိထိစိတ်တို့သည်လည်း ဖြစ်ပျက်ကုန်၏။ ထိုဝိထိစိတ်တို့သည်လည်း စိတ်နှစ်ခုပြိုင်၍ဖြစ်မှု မရှိကုန်ဘဲ တခုစီသာလျှင် မိမိတို့နှင့် ဖြစ်-ဖော်ဖြစ်ဖက်ဖြစ်ကုန်သော သမ္မယုတ္တဓမ္မစေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာ ဓမ္မာရုံကို အာရုံပြု၍ ဖြစ်ပေါ်ကုန်ပြီးလျှင် ချုပ်ပျက်လေကုန်၏။ ထိုဖြစ်ပျက်ပုံကို အနည်းငယ် ပြဆိုဦးအံ့။ အကြင်အခါ ဘဝင်မနောတည်းဟူသော မနောဒွါရဌ္ဌသော ဓမ္မာရုံသည် ထင်ခဲ့သည်ဖြစ်အံ့၊ ဘဝင်-စလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ ချုပ်လေ၏။ ထိုနောင် ဓမ္မာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဓမ္မာရုံကို အာရုံပြု၍ ဒေါသမူဒ္ဓ, ဟသိတုပ္ပါဒ်ကြဉ်သော ကာမဇော ၂၆-ခုတို့တွင် တခုခုသည် မျှားသောအားဖြင့် ဇော ၇ ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် နေဝသညာနာသညာယတနဝိပါက်စိတ်သည် အလွန် သိမ်မွေ့သော တတိယာရုပ္ပဝိညာဏ်ဟူသော အာရုံကို အာရုံပြုလျက် ဘဝင် ဖြစ်ထိုက်သ၌ ဖြစ်၏။ ဤသို့လျှင် အစဉ်မပြတ် ဆိုင်ရာ, ဆိုင်ရာ ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော သမ္မယုတ္တဓမ္မတည်းဟူသော စေတသိက်နာမ်တရားတို့နှင့် အတူတကွ ဓမ္မာရုံကို အာရုံပြုလျက် ထိုက်သည်အားလျော်စွာဖြစ်ပေါ်ကြ၍ ဌီသို့ ရောက်တိုင်း, ရောက်တိုင်း ဇရာ၏အနှိပ်စက်ကို ခံပြီးလျှင် ဘင်တည်းဟူသော မရဏသို့ရောက်၍ ချုပ်ကွယ်ပျက်စီးကြလေ၏။ ထိုသို့အစဉ်မပြတ်ဖြစ်သော စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်တို့နှင့် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော သမ္မယုတ္တဓမ္မစေတသိက်တရားဝို့ကို အာရုံသို့ ရှေးရှု၍ညွှတ်တတ်, အချင်းချင်းညွှတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထို ဝိညာဏ်, နာမ်တို့တွင် ဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ်တရား ဖြစ်၏။ နာမ်တရားသည် အကျိုးပဋိစ္စသမုပ္ပန္နတရားဖြစ်၏ဟု သိကြကုန်။ ထိုကြောင့် ဘုရားရှင်သည်—

ဝိညာဏပစ္စယာ နာမံ။

ဟူ၍ ဟောတော်မူအပ်လေသည်ဟု မှတ်ကြကုန်။ ထို အကြောင်း အကျိုး ဖြစ်သော ဝိညာဏ်, နာမ်တို့သည်သာလျှင် ပဋိသန္ဓေကစ၍ စုတိ ကျသည်တိုင် အောင် အစဉ်မပြတ် ဖြစ်ပျက်လျက်နေကြသည်၏ အဖြစ်ကို ရှေးဦး ပြဆိုအပ်ပြီး သော နည်းအတိုင်း သိကြကုန်။

ဝိညာဏ်သည် နာမ်ရုပ်အား ပဋ္ဌာန်းပစ္စည်းဖြင့် အကြောင်းခံပုံ
အဘိသင်္ခါရဝိညာဏ်သည် အသညသတ်ရုပ်အား အကြောင်းခံပုံ

ထိုဆိုအပ်ပြီးသော အကြောင်း အကျိုးဖြစ်သော ဝိညာဏ်, နာမ်, ရုပ် နှစ်ပါးတို့တွင် အကြောင်းဖြစ်သောဝိညာဏ်သည် အကျိုးဖြစ်သော သမ္မယုတ္တ ဓမ္မစေတသိက်နာမ်တရားတို့အား ပဋိသန္ဓေအခါ၌လည်းကောင်း၊ ပဝတ္တိအခါ၌ လည်းကောင်း အကြောင်းခံခဲ့သည်ဖြင့်အံ့၊ အတူဖြစ်၍ ကျေးဇူးပြုခြင်းကြောင့် သဟဇာတပစ္စည်း၊ အချင်းချင်း ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုခြင်း ကြောင့် အညမညပစ္စည်း၊ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် နိဿယ ပစ္စည်း၊ အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဝိပါကပစ္စည်း၊ ဆောင် သောအားဖြင့် ကျေးဇူးပြုခြင်းကြောင့် အာဟာရပစ္စည်း၊ သိခြင်း လက္ခဏာ၌ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဣန္ဒြိယပစ္စည်း၊ အညီအညွတ် အပြားတို့ဖြင့် ယှဉ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် သမ္မယုတ္တပစ္စည်း၊ ရှိခိုက်ကျေးဇူးပြုခြင်းကြောင့် အတ္ထိပစ္စည်း၊ မကင်းခိုက် ကျေးဇူးပြုခြင်းကြောင့် အဝိဂတပစ္စည်း၊ ဤကိုးပစ္စည်းဖြင့် အမြဲ အကြောင်းခံ၏။

ဤအကြောင်းဖြစ်သော ဝိညာဏ်သည် မိမိနှင့် အတူဖြစ်သော ပဋိသန္ဓေ အခါ၌ဖြစ်သော ကမ္မဇရုပ်အားလည်းကောင်း၊ ပဝတ္တိအခါ၌ဖြစ်သော စိတ္တဇ ရုပ်အားလည်းကောင်း အကြောင်းခံခဲ့သည်ဖြစ်အံ့၊ အတူတကွဖြစ်၍ ကျေးဇူးပြု ခြင်းကြောင့် သဟဇာတပစ္စည်း၊ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် နိဿယပစ္စည်း၊ အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဝိပါကပစ္စည်း၊ဆောင် သောအားဖြင့် ကျေးဇူးပြုခြင်းကြောင့် အာဟာရပစ္စည်း၊ သိခြင်း လက္ခဏာ၌ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဣန္ဒြိယပစ္စည်း၊ အညီအညွတ် အပြားတို့ဖြင့်မယှဉ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဝိပ္ပယုတ္တပစ္စည်း၊ ရှိခိုက်ကျေးဇူးပြုခြင်းကြောင့် အတ္ထိပစ္စည်း၊ မကင်းခိုက် ကျေးဇူးပြုခြင်းကြောင့် အဝိဂတပစ္စည်း၊ ဤ ရှစ်ပစ္စည်းဖြင့် အကြောင်းခံ၏။

အကယ်၍ ပဋိသန္ဓေအခါ၌ဖြစ်သော မှီရာ ဟဒယဝတ္ထုရုပ်အား အကြောင်း ခံခဲ့သည်ဖြစ်အံ့၊ အတူဖြစ်၍ ကျေးဇူးပြုခြင်းကြောင့် သဟဇာတပစ္စည်း၊ အချင်းချင်း ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုခြင်းကြောင့် အညမညပစ္စည်း၊

မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် နိဿယပစ္စည်း၊ အကျိုး၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဝိပါကပစ္စည်း၊ ဆောင်သောအားဖြင့် ကျေးဇူးပြုခြင်းကြောင့် အာဟာရပစ္စည်း၊ သိခြင်းလက္ခဏာ၌ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဣန္ဒြိယပစ္စည်း၊ အညီအညွတ်အပြားတို့ဖြင့် မယှဉ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဝိပ္ပယုတ္တပစ္စည်း၊ ရှိခိုက် ကျေးဇူးပြုခြင်းကြောင့် အတ္ထိပစ္စည်း၊ မကင်းခိုက် ကျေးဇူးပြုခြင်းကြောင့် အဝိဂတပစ္စည်း၊ ဤ ၉-ပစ္စည်းဖြင့် အမြဲအကြောင်းခံ၏။

အကယ်၍ အကြောင်းဖြစ်သော ဝိညာဏ်သည် အကျိုးဖြစ်သော နာမ်, ရုပ်တို့အား ပဋိသန္ဓေအခါ၌လည်းကောင်း၊ ပဝတ္တိအခါ၌လည်းကောင်း တပေါင်းတည်းပြု၍ အကြောင်းခံခဲ့သည်ဖြစ်အံ့။ အတူဖြစ်၍ ကျေးဇူးပြုခြင်းကြောင့် သဟဇာတပစ္စည်း၊ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် နိဿယပစ္စည်း၊ အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဝိပါကပစ္စည်း၊ ဆောင်သောအားဖြင့် ကျေးဇူးပြုခြင်းကြောင့် အာဟာရပစ္စည်း၊ သိခြင်းလက္ခဏာ၌ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကြောင့် ဣန္ဒြိယပစ္စည်း၊ ရှိခိုက် ကျေးဇူးပြုခြင်းကြောင့် အတ္ထိပစ္စည်း၊ မကင်းခိုက် ကျေးဇူးပြုခြင်းကြောင့် အဝိဂတပစ္စည်း၊ ဤ ၇-ပစ္စည်းဖြင့် အမြဲ အကြောင်းခံ၏။

ဤအကြောင်းဖြစ်သော ဝိညာဏ်သည် အကျိုးဖြစ်သော နာမ်, ရုပ်အား ပြဆိုအပ်ပြီးသောနည်းဖြင့် မိမိဖြစ်ပေါ်သောအခါ ဖြစ်ပေါ်စေရန် အကြောင်းခံငြားသော်လည်း ကြောင့်ကြစိုက်မှုတည်းဟူသော ဗျာပါရကင်း၍သာလျှင် အကြောင်းခံပေ၏။ ထိုသို့အကြောင်းခံမှုကိုသိလျှင် အဗျာပါရနည်းကို သိသည်မည်၏။ ထိုသို့ ကြောင့်ကြစိုက်မှု ဗျာပါရမှ ကင်းသော်လည်း အကြောင်းဝိညာဏ်ဖြစ်ပေါ်လျှင် အကျိုးနာမ်, ရုပ်တို့သည် ထိုထိုဘုံ၌ အတူတကွဖြစ်ပေါ်မြဲဓမ္မတာပေတည်း။ ဤသို့ ဖြစ်ပေါ်မြဲဓမ္မတာကို သိမြင်လျှင် ဧဝံဓမ္မတာ နည်းကို သိမြင်သည်မည်၏။ ဤသို့ဓမ္မတာအားဖြင့် အကြောင်း ဝိညာဏ်, အကျိုးနာမ်, ရုပ် နှစ်ပါးတို့သည်သာလျှင် အသည်းသတ် ကြဉ်သော ဘုံ ၃၀-၌ အကြောင်း, အကျိုးစပ်လျက် ထိုက်သည်အားလျော်စွာ အဆက်မပြတ် ဖြစ်ပျက်နေကုန်၏။ ထိုသို့ ဖြစ်ပျက်နေသည်ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ရှုကြကုန်။ ထိုသို့ကြည့်ရှု၍ မြင်လျှင် ပဋိစ္စသမုပ္ပါဒ်တရားကို မြင်သည်မည်၏။ အသည်းသတ်ဘုံ၌မူကား ရုပ်ပဋိသန္ဓေကို ဖြစ်စေတတ်သော အတိတ်ဘဝ၌ ဖြစ်သော စေတနာကံနှင့် အတူတကွ ဖြစ်သော အဘိသင်္ခါရဝိညာဏ်တည်းဟူသော ပကတူပနိဿယ ပစ္စည်းကြောင့် ဇီဝိတနဝကကလာပ်ရုပ် အပေါင်းအစုတို့သည်သာလျှင် ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်ကုန်ပြီးလျှင် ရုပ်၏ဌီသို့ ရောက်တိုင်း, ရောက်တိုင်း ဇရာ၏ အနှိပ်စက်ကို ခံပြီးလျှင် ဘင်သို့ရောက်၍ ပျက်စီးလေကုန်၏။ ထိုရုပ်တို့သည်

စိတ္တက္ခဏ ၁၇-ချက်မျှသာ အသက်ရှိကုန်၏။ ထိုဆိုအပ်ပြီးသော ရုပ်တို့သည် သာလျှင် အဘိသခ်ါရ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် စိတ်၏ ဥပါဒ်ခဏ, ဌိတိခဏ, ဘင်ခဏ-ကဲ့သို့သော ခဏတိုင်း, ခဏတိုင်း၌ အစဉ်မပြတ် ဖြစ်ပေါ်ကြပြီးလျှင် ရုပ်၏ ဌိသို့ ရောက်တိုင်း, ရောက်တိုင်း ဇရာ၏ အနှိပ်စက်ကိုခံပြီးလျှင် ဘင်သို့ရောက်၍ ပျက်စီးကြလေ၏။ ဤသို့လျှင် ကမ္ဘာငါးရာကာလပတ်လုံး ရုပ်ကလာပ် အပေါင်းအစုတို့သည်သာလျှင် အစဉ်မပြတ် ဖြစ်ပေါ်နေကြပြီးလျှင် ကံအစုမ်းကုန်သောအခါ ကွယ်ချုပ်လေကုန်၏။ ဤအသည်သတ်ဘုံ၌ ဖြစ်ကုန်သော ရုပ်တရားတို့သည် အကျိုး ပဋိစ္စသမုပ္ပန္န တရား ဖြစ်ကုန်၏။ အကြောင်းခံဖြစ်သော အဘိသခ်ါရ ဝိညာဏ်သည် အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားဖြစ်၏ဟု နှလုံးသွင်းကြကုန်။

အကြောင်း ဝိညာဏ် အကျိုး နာမ်ရုပ်တရားတို့ကို ဝိပဿနာသုံးသပ်၍ အရဟတ္တဖိုလ်တိုင်အောင် ဓရောက်ပုံကို ပြခြင်း

ဤဆိုအပ်ပြီးသော အကြောင်း, အကျိုးဖြစ်သော ဝိညာဏ်, နာမ်, ရုပ်တို့သည်သာလျှင် အဆက်မပြတ် ဖြစ်ပျက်နေသည်ကို ပညာဖြင့် ရှုကြကုန်။ ထိုသို့ရှုကြည့်၍ အဆက်မပြတ် ဖြစ်ပျက်နေသည်ကို မြင်လျှင် စင်စစ် ၎င်းတရားတို့ကို အလိုမရှိလေပြီ။ ထိုသို့အလိုမရှိလျှင် လွတ်မှုကိုသာ ရှာကြလေ၏။ ထိုသို့ရှာကြလျှင် ဧကန် နိရောဓသစ္စာကို ထိုးထွင်းသိကြရလေ၏။ ထိုသို့သိကြလျှင် စင်စစ် မင်္ဂလာ, ဖိုလ်ဉာဏ်တို့ ဖြစ်ကြရလေ၏။ ထိုမင်္ဂလာ, ဖိုလ်ဉာဏ်ဖြစ်ပုံကို အနည်းငယ်ပြဆိုဦးအံ့။ အကြင်အခါ ထိုအကြောင်း, အကျိုးကို ရှုမြင်သော ယောဂီပုဂ္ဂိုလ်သည် ၎င်းအကြောင်း, အကျိုးတရားတို့ကို ဝိပဿနာတင်၍ သုံးသပ်ဆင်ခြင်အပ်၏။ ထိုသို့ သုံးသပ်ဆင်ခြင်အပ်သော နည်းလမ်းမှာ စကြဝဠာအနန္တ၌ရှိသော အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံဟု ဆိုအပ်သော ဘုံဟူသမျှတို့၌ပင် သတ္တဝါဟူ၍ ဖြစ်ပေါ်မှုမရှိဘဲ ပဋိသန္ဓေအခါ၌လည်းကောင်း၊ ပဝတ္တိအခါ၌လည်းကောင်း ရှေး၌ပြဆိုအပ်ပြီးသော အကြောင်း, အကျိုးဖြစ်သော ဝိညာဏ်, နာမ်ရုပ် နှစ်ပါးတို့သည်သာလျှင် ဖြစ်ပေါ်ကုန်၏။ ထိုဖြစ်ပေါ်ကုန်သော ဝိညာဏ်, နာမ်ရုပ် တရားနှစ်ပါးတို့သည် အထည်ခြုံဗ်ဗ် သဏ္ဌာန် ပညတ်မှလည်းကောင်း၊ ဘာမျှမရှိသော အဘာဝပညတ်မှလည်းကောင်း လွတ်ကုန်ပြီးလျှင် စင်စစ်မိမိတို့၏။ ဝါ၊ မိမိဟူသော မှတ်ကြောင်းလက္ခဏာ သတ္တိဖြင့်သာ ထင်ရှားရှိကုန်သောကြောင့် ပရမတ္ထသဘော ဖြစ်ကုန်၏။ ထို ပရမတ္ထသဘော ဖြစ်ကုန်သော အကြောင်းဖြစ်သော ဝိညာဏ် အကျိုးဖြစ်သော နာမ်, ရုပ်, တရားတို့၌ ငရဲသူ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, လူ, နတ်, ဗြဟ္မာ စသော သတ္တဝါ, ပုဂ္ဂိုလ် ဟူသော အတ္တသည် စင်စစ် မပါမရှိသည်သာလျှင်တည်း။

ထိုသို့ မပါမရှိသည်၏ အဖြစ်ကို သိစေလိုတော်မူသော ဘုရားရှင်သည် ခန္ဓဝဂ္ဂ-သံယုတ် စသော ထိုထို ပါဠိတော်တို့၌—

ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ။

ဟူ၍ ဟောတော်မူလေသည်။ မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ထင်ရှားဖောက်ပြန်တတ်သော သဘောလက္ခဏာရှိသော ပထဝီ စသော ရုပ်တရားသည်။အနတ္တာ၊ မိစ္ဆာဒိဋ္ဌိတို့သည် တကယ်ရှိ၏ဟု ကြံဆ၍ယူအပ်သော လူ, နတ်, ဗြဟ္မာ သတ္တဝါစသော အတ္တမဟုတ်။ ဝေဒနာ၊ ခံစားတတ်သော သဘော ဝေဒနာတရား ဟူသမျှသည်။ အနတ္တာ၊ မိစ္ဆာဒိဋ္ဌိတို့သည်တကယ်ရှိ၏ဟု ကြံဆ၍ ယူအပ်သော လူ, နတ်, ဗြဟ္မာ သတ္တဝါစသော အတ္တမဟုတ်၊ သညာ၊ မှတ်တတ်သော သဘောသညာတရားသည်။ အနတ္တာ၊ မိစ္ဆာဒိဋ္ဌိတို့သည် တကယ်ရှိ၏ဟု ကြံဆ၍ ယူအပ်သော လူ, နတ်, ဗြဟ္မာ သတ္တဝါစသော အတ္တမဟုတ်။ သင်္ခါရာ၊ အာရုံ၌ မိမိတို့၏ ကိစ္စအားဖြင့် ပြုလုပ်တတ်ကုန်သော ဝေဒနာ, သညာတို့မှ ကြွင်းကုန်သော စေတသိက် ၅၀-ဟု ဆိုအပ်ကုန်သော သင်္ခါရတရားတို့သည်။ အနတ္တာ၊ မိစ္ဆာဒိဋ္ဌိတို့သည် တကယ်ရှိ၏ဟု ကြံဆ၍ ယူအပ်ကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါစသော အတ္တမဟုတ်ကုန်။ ဝိညာဏံ၊ ထိုထိုအာရုံကို ရှေသွားပြု၍ သိတတ်သောသဘော ဝိညာဏ်တရားသည်။ အနတ္တာ၊ မိစ္ဆာဒိဋ္ဌိတို့သည် တကယ်ရှိ၏ဟု ကြံဆ၍ ယူအပ်သော လူ, နတ်, ဗြဟ္မာ သတ္တဝါစသော အတ္တမဟုတ်။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ရူပံ ဟူသော ပါဠိဖြင့် စကြဝဠာအနန္တ၌ ထိုထိုဘုံတို့၌ ဖြစ်ပေါ်နေသော ထင်ရှားရှိသော ဖောက်ပြန်ခြင်းလက္ခဏာရှိသော ပထဝီ စသော ရုပ်တရားကို ပြဆိုတော်မူအပ်၏။ အနတ္တာ ဟူသော ပါဠိဖြင့် ထို ရုပ်တရားသည် လူ, နတ်, ဗြဟ္မာ, သတ္တဝါ, ပုဂ္ဂိုလ် အတ္တမဟုတ်သည်၏အဖြစ်ကို သိစေတော်မူအပ်၏။ ဝေဒနာ, သညာ, သင်္ခါရာ ဟူသော ပါဠိတို့ဖြင့် စိတ်နှင့်အတူတက္ခဏ ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော အာရုံသို့ ရှေးရှု၍ညွတ်တတ်, အချင်းချင်း ညွတ်စေတတ်သော နာမ်တရား တည်းဟူသော စေတသိက် ၅၂-ပါးဟု ဆိုအပ်ကုန်သော သဘောလက္ခဏာတို့ကို ပြဆိုတော်မူအပ်ကုန်၏။ အနတ္တာဟူသောပါဠိဖြင့် ထိုဝေဒနာ, သညာ, သင်္ခါရ တည်းဟူသော နာမ်ဟု ဆိုအပ်ကုန်သော သဘောတရားတို့သည်လည်း စင်စစ် လူ,နတ်,ဗြဟ္မာ, သတ္တဝါ, ပုဂ္ဂိုလ် အတ္တမဟုတ်ကုန်သည်၏အဖြစ်ကို သိစေတော်မူအပ်၏။ ဝိညာဏံ ဟူသောပါဠိဖြင့် ထိုထိုအာရုံတရားတို့ကို သိတတ်သော စိတ်ဟု ဆိုအပ်သော သဘောတရားကို ပြဆိုတော်မူအပ်၏။ အနတ္တာ ဟူသောပါဠိဖြင့် ထိုသိတတ်

သော သဘောတရားဟူသမျှ သည်လည်း စင်စစ် လူ, နတ်, ဗြဟ္မာ, သတ္တဝါ, ပုဂ္ဂိုလ် အတ္တ မဟုတ်သည်၏ အဖြစ်ကို သိစေတော်မူအပ်၏။

ထိုသို့ သိစေတော်မူအပ်သော နည်းကို အမှီပြု၍ ပြဆိုအပ်ကုန်ပြီးသော ပရမတ္ထတရားဖြစ်ကုန်သော အကြောင်းဖြစ်သော ဝိညာဏ်၊ အကျိုးဖြစ်သော နာမ်, ရုပ်တရားတို့၌ ငရဲသူ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, လူ, နတ်, ဗြဟ္မာစသော သတ္တဝါ ပုဂ္ဂိုလ် အတ္တသည် စင်စစ် မပါမရှိသည်၏ အဖြစ်ကို ထိုးထွင်း၍ သိမြင်လေ၏။ ထိုသို့ ထိုးထွင်း၍ သိလျှင် စင်စစ် အနတ္တအချက်ကို ထိုးထွင်း၍ သိမြင်သည် မည်၏။ ထို အကြောင်း, အကျိုးဖြစ်သော ဝိညာဏ်, နာမ် ရုပ်တရားနှစ်ပါးတို့သည်သာလျှင် အနန္တစကြဝဠာ၌ ထိုထိုဘုံတို့၌ ဖြစ်ပေါ်ကုန်ပြီးလျှင် မိမိတို့၏ ဌိသို့ ရောက်ကုန်တိုင်း, ရောက်ကုန်တိုင်း ဝါ၊ တည်ခြင်းသို့ ရောက်ကုန်တိုင်း, ရောက်ကုန်တိုင်း ဇရာ၏ အနှိပ်စက်ကို ခံရကုန်၏။ ထိုသို့ ဇရာ၏ အနှိပ်စက်ကိုခံရကုန်ပြီးနောက် ဘင်သို့ရောက်ကုန်တိုင်း, ရောက်ကုန်တိုင်း အပျက်တည်းဟူသော မရဏ၏ အနှိပ်စက်ကို ခံရကုန်၏။ ထိုသို့ ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံရခြင်းကြောင့် မသက်မသာသည်၏ အဖြစ်ကို ထိုးထွင်း၍ သိမြင်လျှင် စင်စစ် ဒုက္ခအချက်ကို မြင်သည် မည်၏။ ထိုအကြောင်း, အကျိုးဖြစ်သော ဝိညာဏ်, နာမ်, ရုပ်တရားကိုသည် မိမိတို့ဖြစ်ပေါ်နေသော နေရာ၌ပင် ဇရာ-မရဏတို့၏ အနှိပ်စက်ကို ခံပြီး၍ ကွယ်ပျောက်လေကုန်၏။ ထိုသို့ ကွယ်ပျောက်သည်၏ အဖြစ်ကို ထိုးထွင်း၍ သိမြင်လျှင် စင်စစ် အနိစ္စ အချက်ကို မြင်သည် မည်၏။ ထိုသို့ မြင်ပြီးနောက် မိမိဟု ခေါ်ဆိုအပ်သော ခန္ဓာဖြစ်စဉ်၌လည်း ပဋိသန္ဓေက စ၍ စုတိကျသည်တိုင်အောင် အစဉ်မပြတ် ဆက်ကာ, ဆက်ကာ ထို အကြောင်း, အကျိုး ဖြစ်ကုန်သော ဝိညာဏ်, နာမ်, ရုပ် တရားတို့သည်သာလျှင် အကြောင်း, အကျိုးစပ်လျက် ဖြစ်ပေါ်ကုန်ပြီးလျှင် ထိုဖြစ်ပေါ်သောနေရာ၌ပင် ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံရကုန်ပြီး၍ ကွယ်ပျောက်လေကုန်၏။ ထိုသို့ ကွယ်ပျောက်လေကုန်သော အကြောင်း, အကျိုး ဝိညာဏ်, နာမ်, ရုပ် တရားတို့၌ ငါတည်းဟူသော သတ္တဝါ ပုဂ္ဂိုလ် အတ္တ မပါမရှိသည်ကို မြင်တိုင်း, မြင်တိုင်း အနတ္တအချက်ကို ထင်မြင်သည် မည်၏။ ဇရာမရဏ တို့၏ အနှိပ်စက်ကို ခံရခြင်းကြောင့် မသက်မသာ သည်၏ အဖြစ်ကို မြင်တိုင်း, မြင်တိုင်း ဒုက္ခအချက် ကို မြင်သည် မည်၏။ ထိုသို့ ဇရာ, မရဏတို့၏ အနှိပ်စက်ကိုခံပြီး၍ ကွယ်ပျောက်သည်၏ အဖြစ်ကို မြင်တိုင်း, မြင်တိုင်း အနိစ္စအချက်ကို မြင်သည် မည်၏။

ထိုသို့ မြင်ပြီး၍ ပဋိသန္ဓေစိတ်ကဖ၍ စုတိစိတ်တိုင်အောင် အဆက်မပြတ် ဖြစ်ပေါ်နေသော အကြောင်း ဝိညာဏ်, အကျိုးနာမ်, ရုပ် တရားတို့၌ ငါတည်းဟူသော သတ္တဝါ ပုဂ္ဂိုလ် အတ္တ မပါမရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ထိုတရားတို့ ဖြစ်ပေါ်ကုန်တိုင်း, ဖြစ်ပေါ်ကုန်တိုင်းသော နေရာ၌ ဇရာ, မရဏ၏ အနှိပ်

စက်ကို ခံရခြင်းကြောင့် မသက်သာသည်၏ အဖြစ်ကိုလည်းကောင်း၊ ထို ဇရာ, မရဏ တို့၏ အနှိပ်စက်ကို ခံပြီး၍ ကွယ်ပျောက်လေသည်၏ အဖြစ်ကိုလည်းကောင်း အဖန် တလဲလဲ နေ့ရောညဉ့်ပါ သွားတိုင်း, ရပ်တိုင်း, ထိုင်တိုင်း, လျောင်းတိုင်း ဆင်ခြင် သုံးသပ်ခြင်းကို ပြုလုပ်၍ အတိုင်းထက် အလွန် သတ္တဝါ ပုဂ္ဂိုလ် အတ္တမဟုတ်သည်၏ အဖြစ်တည်းဟူသော အနတ္တချက် ဇရာ, မရဏ နှိပ်စက်ခြင်းကြောင့် မသက်သာသည်၏ အဖြစ်တည်းဟူသော ဒုက္ခချက် ဇရာမရဏ၏ အနှိပ်စက်ကို ခံပြီး၍ ကွယ်ပျောက်လေသည်၏ အဖြစ်တည်းဟူသော အနိစ္စချက်တို့ကို ထိုးထွင်းသိမြင်လျှင် ဤသို့သော အကြံသည်ဖြစ်လေ၏။ အဘယ်သို့ အကြံဖြစ်လေသနည်းဟူမူ - ပဋိသန္ဓေ အခါမှစ၍ စုတိစိတ်ဖြစ်သည် တိုင်အောင် ဖြစ်ကုန်သော အကြောင်းဝိညာဏ်, အကျိုးနာမ်ရုပ်နှစ်ပါးတို့သည်လည်း စင်စစ် ငါဟု ဆိုအပ်သော သတ္တဝါ ပုဂ္ဂိုလ် အတ္တ မဟုတ်ကုန်၊ စင်စစ် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရကုန်သောကြောင့် ဒုက္ခတရားစုသာ ဖြစ်ကုန်၏။ ထို ဒုက္ခတရားစုမှတပါး အတ္တ, ဇီဝ, သရီရ, သုခ-ဟူရားစသည် မဟုတ်ကုန်၊ ထို အတ္တ, ဇီဝ, သရီရ, သုခ-စသည် မဟုတ်ကုန်သော နိဿတ္တ, နိဇ္ဇီဝ, သဘာဝတည်းဟူသော ဒုက္ခသက်သက်သာ ဖြစ်ကုန်၏။ ထိုတရားတို့သည်သာလျှင် အစဉ်မပြတ် ဖြစ်ပေါ်ကုန်ပြီးလျှင် ကွယ်ပျောက်လေကုန်၏။ ထို တရားတို့၌ အတ္တ, သုခ, နိစ္စ-ဟူ၍ မရှိတော့ပြီဟု အကြံဖြစ်လေ၏။ ထိုသို့ အကြံဖြစ်ပြီးမှ တဖန် အနန္တစကြဝဠာ၌ ထိုထိုဘုံတို့၌ ပဋိသန္ဓေ အခါမှစ၍ စုတိစိတ်ဖြစ်သည်တိုင်အောင် ဖြစ်ကုန်သော အကြောင်းဝိညာဏ်, အကျိုးနာမ်ရုပ်နှစ်ပါးတို့သည်လည်း စင်စစ် သူဟု ဆိုအပ်သော သတ္တဝါ ပုဂ္ဂိုလ် အတ္တ မဟုတ်ကုန်။ စင်စစ် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရကုန်သောကြောင့် ဒုက္ခတရားစုသာ ဖြစ်ကုန်၏။ ထိုဒုက္ခတရားစုမှတပါး အတ္တ, ဇီဝ, သရီရ, သုခ-တရားမဟုတ်ကုန်။ ထို အတ္တ, ဇီဝ, သရီရ, သုခ-စသည် မဟုတ်ကုန်သော နိဿတ္တ, နိဇ္ဇီဝ, သဘာဝ တည်းဟူသော ဒုက္ခသက်သက်သာ ဖြစ်ကုန်သော ထိုတရားတို့သည်သာလျှင် အစဉ်မပြတ် ဖြစ်ပေါ်ကုန်ပြီးလျှင် ကွယ်ပျောက်လေကုန်၏။ ထို တရားတို့၌ အတ္တ, သုခ, နိစ္စ-ဟူ၍ မရှိတော့ပြီဟု ထပ်မံ၍ တဖန် အကြံဖြစ်ပြန်လေ၏။

ထိုသို့ အကြံဖြစ်ပြီး၍ အနန္တစကြဝဠာ၌ ထိုထိုဘုံတို့၌ ပဋိသန္ဓေကစ၍ စုတိ-တိုင်အောင် အစဉ်မပြတ် ဖြစ်နေကုန်သော ဝိညာဏ်, နာမ်, ရုပ် တရားတို့ကို ငါ, သူ သတ္တဝါ ပုဂ္ဂိုလ် အတ္တ မဟုတ်သည်၏ အဖြစ်ကိုလည်းကောင်း၊ စင်စစ် ဒုက္ခတရားစုသာ ဖြစ်သည်၏ အဖြစ်ကိုလည်းကောင်း၊ စင်စစ် အနိစ္စတရားစုသာ ဖြစ်သည်၏ အဖြစ်ကိုလည်းကောင်း၊ အဖန် တလဲလဲ ဆင်ခြင်သုံးသပ်၍ နေလေတော့၏။ ထိုသို့ နေလေလျှင် စင်စစ် ၎င်းတရားတို့ကို အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်လေတော့၏။ ထိုသို့ ငြီးငွေ့စက်ဆုပ်လေလျှင် ၎င်းတရားတို့မှ လွတ်မှ

ကိုသာ အလိုရှိ၍ နောင်ဖြစ်ပေါ်လတ္တံ့သော တရားတို့ကိုလည်း အလိုမရှိလေ တော့ပြီ။ ထိုသို့ အလိုမရှိခြင်းကြောင့် ၎င်းတရားတို့မှ လွတ်ရာသဘော လွန် မြောက်ရန် သဘောကို ဉာဏ်ဖြင့် အဖန်တလဲလဲ ရှာလေလျှင် ၎င်းဝိညာဏ် နာမ်, ရုပ်တို့၏ ဖြစ်ပေါ်ခြင်း လက္ခဏာ၏ ဆန့်ကျင်ဘက်ဖြစ်လျက် တည်သော မဖြစ်ပေါ်ခြင်း လက္ခဏာရှိသော အသခ််တဓာတ် သဘောတရားကိုသာလျှင် စင်စစ် ဉာဏ်ဖြင့် တွေ့မြင်လေတော့၏။အဘယ်ကြောင့် တွေ့မြင်လေသနည်း ဟူမူ ဖြစ်ပေါ်ခြင်း လက္ခဏာမှ လွန်မြောက်လျှင် ထိုဖြစ်ပေါ်ခြင်း လက္ခဏာ၏, ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော လက္ခဏာရှိသော သဘောတရားသည်သာလျှင် ကောန် တည်ရှိနိုင်သည်၏ အဖြစ်ကြောင့်တည်း။

ဥပမာ-အပူသဘောမှ လွန်မြောက်လျှင် အပူ၏ ဆန့်ကျင်ဘက် ဖြစ်သော အအေးသဘောသည် တည်ရှိသကဲ့သို့ လည်းကောင်း၊ အမိုက်မှ လွန်မြောက် လျှင် အမိုက်၏ ဆန့်ကျင်ဘက်ဖြစ်သော အလင်း သဘောသည် တည်ရှိသကဲ့သို့ သည်းကောင်း၊ ဤမှာ ဘက်ကမ်း ရှိလျှင် ဤမှာဘက်ကမ်း၏ ဆန့်ကျင်ဘက် ဖြစ်သော ထိုမှာဘက်ကမ်းသည်လည်း ကောန် တည်ရှိ သကဲ့သို့ လည်းကောင်း၊ ထိုဥပမာအတူ ဖြစ်ပေါ်ခြင်း လက္ခဏာ ရှိသော တရားတို့မှ လွန်မြောက် လျှင် ၎င်းတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပေါ်သောလက္ခဏာရှိသော သဘောတရားသည်လည်း ကောန် တည်ရှိမြဲပေတည်း။ထိုကဲ့သို့ တည်ရှိမြဲ ဓမ္မတာ သဘောကို ဉာဏ်ဖြင့် သိကြလျှင် စင်စစ် ဖြစ်ပေါ်ခြင်း ရှိသော အကြောင်း ဝိညာဏ်, အကျိုး နာမ်ရုပ် တည်းဟူသော ဝဋ်ဒုက္ခတရားတို့မှ လွန်မြောက်ရာကို ရှာသော ယောဂီပုဂ္ဂိုလ်တို့သည် ၎င်းဝဋ်တရားမှ လွန်မြောက်၍ တည်သော မဖြစ်ပေါ်ခြင်း လက္ခဏာရှိသော အသခ််တဓာတ်သဘောကို သာလျှင် ကောန် ဉာဏ်ဖြင့် တွေ့မြင်ကြကုန်၏။ ထိုသို့ ဉာဏ်ဖြင့် တွေ့မြင်အပ်သော ၎င်း အသခ််တ ဓာတ်သဘောသည် ဖြစ်ပေါ်မှု သဘောမှ ကင်းသည်၏အဖြစ်ကြောင့် ရင့်ရော်ခြင်းလည်း မရှိ၊ ပျက်စီးခြင်းလည်းမရှိလေပြီ။ ထိုသို့ ရင့်ရော်ခြင်း ပျက်စီး ခြင်း မရှိသော ၎င်းအသခ််တသဘောသည် စင်စစ် နိစ္စ တရားလည်း ဖြစ်၏။ ဇရာ, မရဏ တရားတို့၏ အနှိပ်စက်ကို မခံရသောကြောင့် သုခ တရားလည်း ဖြစ်ပေ၏။ထိုနိစ္စ, သုခဖြစ်သော မဖြစ်, မပျက်သော သဘောလက္ခဏာရှိသော ၎င်းအသခ််တဓာတ်သဘောသည် စင်စစ် သတ္တဝါဟု ဆိုအပ်သော အတ္တမဟုတ်၊ ဓမ္မသဘော သက်သက်သာလျှင်ဖြစ်လေသောကြောင့် အနတ္တ တရားသာ ကောန် ဖြစ်ပေ၏။ ထိုသို့ အနတ္တတရားဖြစ်ကြောင်းကိုလည်း (သမုဗ္ဗပါဒနိရောဓကျမ်း) ပဌမပိုင်း၌ ပြဆိုထားအပ်ပြီ။

ထိုအနတ္တတရား ဖြစ်သော အသခ််တဓာတ်သဘော၏ နိစ္စ, သုခ, အဖြစ်ကို ဉာဏ်ဖြင့်ထောက်ဆ၍ သိကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် သတ္တဝါ,အသက်,သုခ

စသည်နှင့် မရောကုန်သော သက်သက်သော အကြောင်း အကျိုး တရားမျှ သာလျှင် ဖြစ်ကုန်သော ဝိညာဏ်, နာမ်,ရုပ် တရားတို့၏ မပြတ်မလပ် ဖြစ်ပေါ်၍ ကွယ်ပျောက်မှု တည်းဟူသော အနိစ္စချက်၊ မပြတ်မသပ် ဇရာ, မရဏတို့၏ နှိပ်စက်ခြင်းကြောင့် မသက်မသာမှု ဒုက္ခချက်တို့ကို အဖန် တလဲလဲ သုံးသပ်၍ တရေးရေးဉာဏ်ဖြင့် မြင်လေလေ ၎င်းတရားတို့မှ လွန်မြောက်၍ တည်သော မဖြစ်ပေါ်သော လက္ခဏာရှိသော အသင်္ခတ သဘောတရား တပါးသည်သာလျှင် စင်စစ် နိစ္စ,သုခ၏ အဖြစ်၌ တည်မှန်းကို သိလေလေသာ ဖြစ်၏။ ထိုသို့ နိစ္စ, သုခ၏အဖြစ်၌ သိမှန်းကို သိလေလေ ၎င်းနိရောဓသစ္စာ အသင်္ခတ သဘောသို့ ရောက်လိုသောဆန္ဒ အားကြီးလေလေ သာလျှင် ဖြစ်၏။ ထိုသို့ ရောက်လိုသော ဆန္ဒ အားကြီးလတ်၍ မိမိစိတ်ကို စေလွှတ်ဖန် များလတ်သော် အကြင်အခါ ဉာဏ်ရင့်ခြင်းသို့ ရောက်၍ မဂ်ဖြစ်ခဲ့အံ့၊ ထိုအခါ နိရောဓသစ္စာဖြစ်သော အသင်္ခတဓာတ်ကို ထင်ထင်လင်းလင်း သဘောကျ၍ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ သိမြင် လေတော့၏။ ထိုသို့ သိမြင်ခိုက် နိရောဓ သစ္စာ တည်းဟူသော နိစ္စ-, သုခ တရား စစ်ကိုလည်း အာရုံပြုသော အားဖြင့် ထိုးထွင်း၍ သိမြင်ခြင်းကြောင့် ယုံမှားသံသယ စသော တရား ဟူသမျှ သည်လည်း ကင်းလေ၍ မြင်အပ်သော တရား၌ တွေဝေစရာ မရှိ ဖြစ်လေ၏။ ထိုနိရောဓ သစ္စာတရား၌သာလျှင် တွေဝေစရာ မရှိ ဖြစ်လေ၏။ ထိုနိရောဓသစ္စာ တရား၌သာလျှင် တွေဝေခြင်း ကင်းသည် မဟုတ်သေး၊ ၎င်း တရား၏ ဆန့်ကျင်ဘက် ဖြစ်သော အသင်္ခတတရား တည်းဟူသော နိစ္စ သုခ မရှိသော အကြောင်းအကျိုး အဆက်ဆက် ဖြစ်ခြင်းဟု ဆိုအပ်သော အနိစ္စ, ဒုက္ခ စသော တရားသဘောကိုလည်း အာရုံမပြုဘဲ ပဋိပက္ခ သဘောအားဖြင့် အနိစ္စ, ဒုက္ခသဘော စသည်သာ အမှန် ဟုတ်တော့သည်ဟု ပိုင်းခြား၍ သိခြင်းကိစ္စသည်လည်း ၎င်းနိရောဓ သစ္စာကို မြင်ခိုက် တပြိုင်နက် ဝေချက်တည်းပြီး၏။ နောင်တဖန် နိစ္စလော, သုခလောဟု တွေးတောတွေဝေစရာမရှိလေပြီ။ တပြိုင်နက် တွေဝေခြင်းကင်းလေတော့၏။ ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို ပိုင်ပိုင် နိုင်နိုင် ထင်ထင်လင်းလင်း ထိုးထွင်း၍သိမြင်သော ဉာဏ်သည် ဘာဝနာအစုမ်း ဖြင့်ဖြစ်သော လောကုတ္တရာမဂ်ဉာဏ်ဖြစ်၏။ ထိုမဂ်ဉာဏ်သည် မိမိဖြစ်ခိုက် မိမိတည်းဟူသော မဂ်ကိုဖုံးလွှမ်းတတ်သော အဝိဇ္ဇာသဘောကိုလည်း တပြိုင်နက် ဖျက်ဆီး၍ မိမိတည်းဟူသော မဂ်ဉာဏ်သည် ဖြစ်ပေါ်မှုရှိလေသလော၊ ဖြစ်ပေါ်မှု မရှိလေသလောဟု တွေးတောယုံမှားခြင်းစသည်ကို တပြိုင်နက် တချက်တည်း ပြတ်တောက်စေပြီးလျှင် မတွေ့မဝေသော အသမ္မောဟကိစ္စအားဖြင့် မိမိကို ထင်လင်းသိမှုကိစ္စကိုလည်း တပြိုင်နက် တချက်တည်းပြီးစေ၏။ ၎င်းနိရောဓသစ္စာ နိဗ္ဗာန်သဘောကိုမြင်ခိုက် မဂ်၌လည်းကောင်း၊ နိရောဓသစ္စာ နိဗ္ဗာန်၌လည်း ကောင်း၊ သင်္ခတဖြစ်သော အကြောင်းအကျိုးဟုဆိုအပ်သော ဖြစ်ပျက်နေ

သော ဝိညာဏ်, နာမ်, ရုပ်တည်းဟူသော ဒုက္ခသစ္စာတရား၌လည်းကောင်း အယူမှားမှု, ယုံမှားမှုစသော ကိလေသာတရားတို့သည် တပြိုင်နက်တချက်တည်း ၎င်းမဂ်ကြောင့်ပင်လျှင် အကြွင်းမရှိ ပြတ်လည်းပြတ်ကုန်၏။ ပြတ်လေပြီးသော ကိလေသာတို့၌လည်း ပြတ်ကင်းလေသလော၊ မပြတ်ကင်းလေသလောဟု တဖန်တွေးတော ယုံမှားမရှိလေအောင် တွေ့ဝေစေတတ်သော မောဟတရားကိုလည်း အကြွင်းမရှိဖျက်ဆီး၍ ၎င်းမဂ်ပယ်၍ ပြတ်ကင်းသော ကိလေသာတည်းဟူသော သမုဒယသစ္စာ၌ မတွေ့မဝေသော အသမ္မောဟကိစ္စဟုဆိုအပ်သော သိခြင်းကိစ္စကိုလည်း တပြိုင်နက် တချက်တည်းပြီးစေ၏။ ဤသို့လျှင် နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်တတ်သော လောကုတ္တရာမဂ်ဖြစ်ခိုက် ၎င်းမဂ်ဉာဏ်တပါးတည်းသည်သစ္စာလေးပါးတရားတို့ကိုတပြိုင်နက်တချက်တည်း ထိုးထွင်း၍ သိခြင်းကိစ္စကို ပြီးစေ၏ဟု မှတ်ကြကုန်။ ထိုသို့မှတ်စေလိုတော်မူသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် သစ္စဝိဘင်းမဂ္ဂသစ္စာအဖွင့် မျက်နှာနံပါတ်(၁၀၉)၌—

> သော ဧဝံကမ့ံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊
>
> ဉာဏဝိဘင်းအဖွင့် မျက်နှာနံပါတ်(၃၉၈)၌—
>
> မဂ္ဂသမင်္ဂိသ ဉာဏံ ဒုက္ခေပေတံ ဉာဏန္တိ ဧတ္ထ ကေမေဝ မဂ္ဂဉာဏံ စတ္တူသု သစ္စေသု ကေပဋိဝေဓဝသေန စတ္တူသု ဌာနေသု သင်္ခိတံ။ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြကုန်။

မြန်မာပြန်ကား—

သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ကမ့ံ၊ သခ်ၤတဖြစ်သော ဒုက္ခသစ္စာတရားတို့ကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိ၍ နိရောဓသစ္စာနိဗ္ဗာန်သို့ စေလွှတ်သောအမှုကို။ ကရောန္တော၊ ပြုသည်ရှိသော်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ အမှန်တရားတို့ကို။ ဧကေန၊ တခုတည်းသော၊ ပဋိဝေဓေန၊ ထိုးထွင်း၍သိတတ်သော မဂ်ဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ ဤကား ပဌမပါဒ်၏ မြန်မာပြန်တည်း။

> မဂ္ဂသမင်္ဂိသ ဉာဏံ ဒုက္ခေပေတံ ဉာဏန္တိ ဧတ္ထ။ပ။ဉာဏံဟူသော ဤပါဒ်၌။ ကေမေဝ၊ တခုသာလျှင်ဖြစ်သော။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်ကို။ စတ္တူသု၊ လေးပါးကုန်သော်။ သစ္စေသု၊ မှန်သောတရားတို့၌။ ကေပဋိဝေဓဝသေန၊ တပြိုင်နက်ထိုးထွင်း၍သိခြင်း၏အစွမ်းဖြင့်။ စတ္တူသု၊ လေးပါးကုန်သော။ ဌာနေသု၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိရာတို့၌။ သင်္ခိတံ၊ ရေတွက်အပ်၏။ ဤကား ဒုတိယပါဒ်၏ မြန်မာပြန်တည်း။

> မဂ္ဂသမင်္ဂိသ ဉာဏံ ဒုက္ခေပေတံ ဉာဏန္တိ ဧတ္ထ။ပ။ဉာဏံဟူသော ဤပါဒ်၌။ ကေမေဝ၊ တခုသာလျှင်ဖြစ်သော။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်ကို။ စတ္တူသု၊ လေးပါးကုန်သော်။ သစ္စေသု၊ မှန်သောတရားတို့၌။ ကေပဋိဝေဓဝသေန၊ တပြိုင်နက်ထိုးထွင်း၍သိခြင်း၏အစွမ်းဖြင့်။ စတ္တူသု၊ လေးပါးကုန်သော။ ဌာနေသု၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိရာတို့၌။ သင်္ခိတံ၊ ရေတွက်အပ်၏။ ဤကား ဒုတိယပါဒ်၏ မြန်မာပြန်တည်း။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ နိရောဓသစ္စာကို ထိုးထွင်း၍သိတတ်သော မဂ်ဉာဏ်ဖြစ်ခိုက် ၎င်းမဂ်ဉာဏ်သည် သစ္စာလေးပါးတရားတို့ကို တပြိုင်နက် ထိုးထွင်း၍ သိသည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

၎င်းမဂ်သည် သစ္စာလေးပါးတို့ကို တပြိုင်နက်သိရာ၌လည်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း တည်းဟူသော သိခြင်းဖြင့်သိ၏။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းတည်းဟူသော သိခြင်းဖြင့် သိ၏။ သမုဒယသစ္စာကို ပယ်ခြင်း တည်းဟူသော သိခြင်းဖြင့်သိ၏။ မိမိတည်းဟူသော မဂ်ကို ပွါးခြင်းဟု ဆိုအပ်သော ဘာဝနာတည်းဟူသော သိခြင်းဖြင့် သိ၏။ ထိုသို့သိခြင်းကို ထင်ရှားသိစေတော်မူလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် သစ္စဝိဘင်းမဂ္ဂသစ္စာအဖွင့် မျက်နှာနံပါတ် (၁၀၉) ၌—

> ဒုက္ခံ ပရိညာပဋိဝေဓေန ပဋိဝိဇ္ဈတိ၊ သမုဒယံ ပဟာနပဋိဝေဓေန၊ နိရောဓံ သစ္ဆိကိရိယပဋိဝေဓေန၊ မဂ္ဂံ ဘာဝနာပဋိဝေဓေန ပဋိဝိဇ္ဈတိ။

ဟူ၍ မိန့်ဆိုတော်မူအပ်လေပြီ။

မြန်မာပြန်ကား—

ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာပဋိဝေဓေန၊ ပိုင်းခြား၍သိခြင်းတည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနပဋိဝေဓေန၊ ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ နိရောဓံ၊ နိရောဓသစ္စာနိဗ္ဗာန်ကို။ သစ္ဆိကိရိယပဋိဝေဓေန၊ မျက်မှောက်ပြုခြင်းတည်းဟူသော သိခြင်းဖြင့်။ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာပဋိဝေဓေန၊ ပွါးခြင်းတည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းတည်းဟူသော သိခြင်းဖြင့်၊ သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့်၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းတည်းဟူသော သိခြင်းဖြင့်၊မိမိတည်းဟူသော မဂ်ကို ပွါးခြင်းတည်းဟူသော သိခြင်းဖြင့် တပြိုင်နက်သိပုံကို ထင်ရှားသိကြကုန်။

ထိုသို့ မဂ်ဉာဏ်တပါးတည်းသည် သစ္စာလေးပါးတို့ကို တပြိုင်နက် တချက်တည်း သိခြင်းကိစ္စတို့ကို ပြီးပုံကို ဥပမာအားဖြင့် ဆိုအပ်သည်ရှိသော် ဆီမီးသည် တပြိုင်နက် မီးစာကိုလည်း လောင်ကျွမ်းစေ၏။ အမိုက်ကိုလည်း ပယ်ဖျောက်၏။ အလင်းကိုလည်း ဖြစ်စေ၏။ ဆီကိုလည်း ကုန်ခန်းစေ၏။ ဤဆိုအပ်ပြီးသော ကိစ္စလေးပါးကို တပြိုင်နက် ပြုသကဲ့သို့ ထိုနည်းအတူ လောကုတ္တရာမဂ်ဉာဏ်သည်လည်း နိရောဓသစ္စာကို အာရုံပြုခိုက် မရှေး, မနှောင်းပြုလျက် ဒုက္ခသစ္စာကိုပိုင်းခြား၍ သိခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ၊ သမု-

ဒယသစ္စာကို ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွါးခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ၊ ဤဆိုအပ်ပြီးသော ကိစ္စလေးချက်တို့ကို တပြိုင်နက် တချက်တည်းပြီးစေ၏ဟု မှတ်ကြကုန်။ ထိုသို့ မှတ်စေလိုတော်မူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ဉာဏဒဿနဝိသုဒ္ဓိအဖွင့်(၃၃၁)မျက်နှာ၌–

ယထာ ပဒီပေါ အပုဗ္ဗံ အစရိမံ ကေကဉ္စေန စတ္တာရိ ကိစ္စာနိ ကရောတိ၊ ဝဋ္ဋိံ စျာပေတိ၊ အန္ဓကာရံ ဝိဓမတိ၊ အာလောကံ ပရိဝိဒံသေတိ၊ သိနေဟံ ပရိယာဒိယတိ၊ ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗံ အစရိမံ ကေကဉ္စေန စတ္တာရိ သစ္စာနိ အဘိသမေတိ၊ ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ၊ သမုဒယံ ပဟာနာဘိသမယေန အဘိသမေတိ၊ မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ၊ နိရောဓံ သစ္ဆိကိရိယာဘိသမယေန အဘိသမေတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ မြန်မာပြန်ကား—

ပဒီပေါ၊ ဆီမီးသည်။ ဝဋ္ဋိံ၊ မီးစာကို။ စျာပေတိ၊ လောင်ကျွမ်းစေ၏။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ဝိဓမတိ၊ ပယ်ပျောက်စေ၏။ အာလောကံ၊ အလင်းကို။ ပရိဝိဒံသေတိ၊ ဖြစ်စေ၏။ သိနေဟံ၊ ဆီကို။ ပရိယာဒိယတိ၊ ကုန်စေ၏။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ ကိစ္စာနိ၊ ကိစ္စတို့ကို။ ဝါ၊ ပြုအပ်သောအမှုတို့ကို။ အပုဗ္ဗံ အစရိမံ၊ မရှေး, မနှောင်း။ ဧကေကဉ္စေန၊ တပြိုင်နက် တချက်တည်းဖြင့်။ ကရောတိယထာ၊ ပြုသကဲ့သို့။ ဧဝမေဝ၊ ဤဆီမီးဥပမာအတူသာလျှင်။ မဂ္ဂဉာဏံ၊ လောကုတ္တရာမဂ်ဉာဏ်သည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာဘိသမယေန၊ ပိုင်းခြား၍သိခြင်းတည်းဟူသော သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနာဘိသမယေန၊ ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာဘိသမယေန၊ ပွါးခြင်းတည်းဟူသော သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။ နိရောဓံ၊ နိရောဓသစ္စာနိဗ္ဗာန်ကို။ သစ္ဆိကိရိယာဘိသမယေန၊ မျက်မှောက်ပြုခြင်းတည်းဟူသော သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။ ဣတိ၊ ဤသို့။ အပုဗ္ဗံ အစရိမံ၊ မရှေး, မနှောင်း။ ဧကေကဉ္စေန၊ တပြိုင်နက် တချက်တည်းဖြင့်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ အမှန်တရားတို့ကို။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ လောကုတ္တရာမဂ်ဉာဏ်သည် မိမိဖြစ်ခိုက် မရှေး, မနှောင်းပြုလျက် သစ္စာလေးပါးတို့ကို တပြိုင်နက် တချက်တည်းသိပုံကို ထင်ရှားသိကြကုန်။

၎င်းလောကုတ္တရာမဂ်သည် မိမိဖြစ်ခိုက်၌ သစ္စာလေးပါးတို့ကို တပြိုင်နက် တချက်တည်း ထိုးထွင်း၍သိခြင်းကို ပြီးစေသော်လည်း အလုံးစုံသော သစ္စာလေးပါးတရားတို့ကိုပင် အာရုံပြု၍ သိခြင်းကိစ္စကို ပြီးစေသည်မဟုတ် နိရောဓသစ္စာတပါးကိုသာလျှင် အာရုံပြု၍ သိခြင်းကိစ္စကို ပြီးစေသည်။ ကျန်သော သစ္စာသုံးပါးကိုမူကား ကိစ္စအားဖြင့်သာ ပြီးစေသည်ဟု မှတ်ကြကုန်။ ထိုသို့ မှတ်စေတော်မူလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် သစ္စဝိဘင်း-မဂ္ဂသစ္စာအဖွင့် မျက်နှာနုံပါတ်(၁၀၉)၌—

တီသု ကိစ္စတော ပဋိဝေဓော ဟောတိ။ နိရောဓေ အာရမ္မဏ-ပဋိဝေဓော။ ဟူ၍ မိန့်ပြီ။

မြန်မာပြန်ကား—

တီသု၊ သုံးပါးကုန်သော ဒုက္ခ, သမုဒယ, မဂ္ဂသစ္စာတို့၌။ ကိစ္စတော၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စ, သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသော သိခြင်းကိစ္စ, မဂ္ဂသစ္စာကို ပွါးခြင်းတည်းဟူသော သိခြင်းကိစ္စအားဖြင့်။ ပဋိ-ဝေဓော၊ မတွေ့မဝေထိုးထွင်း၍သိသည်။ ဟောတိ၊ ဖြစ်၏။ နိရောဓေ၊ နိရောဓ သစ္စာနိဗ္ဗာန်၌။ အာရမ္မဏပဋိဝေဓော၊ အာရုံပြုသောအားဖြင့် ထိုးထွင်း၍ သိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ နိရောဓသစ္စာတပါးကိုသာ အာရုံပြု၍ သိမှု၊ ကျန်သောသစ္စာသုံးပါးတို့ကို အာရုံမပြုဘဲ ကိစ္စအားဖြင့် သိမှုတို့ကို ထင်ရှားသိကြကုန်။ ဤသို့လျှင် လောကုတ္တရာမဂ်သည် နိရောဓသစ္စာကို အာရုံပြုခိုက် မျက်မှောက်ပြုအပ်သောကိစ္စကို မျက်မှောက်ပြု၍ ပိုင်းခြား၍သိအပ်သောကိစ္စကို ပိုင်းခြားသိ၍ ပယ်အပ်သောကိစ္စကို ပယ်မှုကိုပြု၍ ပွါးအပ်သော မဂ္ဂဘာဝနာကိစ္စကို ပွါးဆဲပြု၍တပြိုင်နက် တချက်တည်း ကိစ္စအားဖြင့် သစ္စာလေးချက်တို့ကို ထိုးထွင်း၍သိ၏။ ထိုသို့သိခြင်းကို ထင်ရှားပြလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် သစ္စဝိဘင်း-အဖွင့် မျက်နှာနုံပါတ် (၇၂) ၌။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် သစ္စနိဒ္ဒေသ မျက်နှာနုံပါတ် (၁၄၂) ၌—

ပဋိဝေဓညာဏံ လောကုတ္တရံ နိရောဓမာရမ္မဏံ ကတ္တာ ကိစ္စတော စတ္တာ-ရိပိ သစ္စာနိ ပဋိဝိဇ္ဈတိ။ ဟူ၍ မိန့်ကုန်ပြီ။

မြန်မာပြန်ကား—

လောကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ ပဋိဝေဓညာဏံ၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ်သည်။ နိရောဓံ၊ နိရောဓသစ္စာနိဗ္ဗာန်ကို။ အာရမ္မဏံ၊ အာရုံကို။ ကတ္တာ၊ ပြု၍။ ကိစ္စတော၊ ပိုင်းခြား၍ သိခြင်းကိစ္စ,

ပယ်ခြင်းကိစ္စ, မျက်မှောက်ပြုခြင်းကိစ္စ, ပဋိဝေဓကိစ္စ·အားဖြင့်။ စတ္တာရိပိ၊ လေးပါးလည်းဖြစ်ကုန်သော။ သစ္စာနိ၊ အမှန်တရားတို့တို့။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။ ဤသို့ပြဆိုအပ်သည်ကို ထောက်၍ နိရောဓသစ္စာကို အာရုံပြုခိုက် တပြိုင်နက်တချက်တည်း ကိစ္စအားဖြင့် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိပုံကို ထင်ရှားသိကြကုန်။

ဤအဋ္ဌကထာရှင်တို့၏ စကားဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဘုရားရှင်သည်လည်း ထိုလောကုတ္တရာမဂ်ခဏ၌ ၎င်းမဂ်သည် သစ္စာလေးပါးစလုံးကို တပြိုင်နက်သိမြင်ပုံကို—

ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခ-နိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ ပဿတိ။

စသည်ဖြင့် မဟာဝဂ္ဂသံယုတ် ပါဠိတော် မျက်နှာနံပါတ် (၃၈၂) ၌ ဟော တော်မူအပ်သည်ကိုထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ဒုက္ခ သစ္စာကို။ ပဿတိ၊ လောကုတ္တရာမဂ်ဖြင့် ပိုင်းခြားသည်၏အစွမ်းဖြင့် ထိုးထွင်း သိမြင်၏။ သော ပုဂ္ဂလော၊ ထိုဒုက္ခသစ္စာကို လောကုတ္တရာမဂ်ဖြင့် ထိုးထွင်း သိမြင်သောပုဂ္ဂိုလ်သည်။ ဒုက္ခသမုဒယမ္ပိ၊ ဒုက္ခဖြစ်ကြောင်းဖြစ်သော သမုဒယ သစ္စာကိုလည်း။ ပဿတိ။ ပယ်စွန့်သည်၏အစွမ်းဖြင့် ထိုးထွင်းသိမြင်၏။ ဒုက္ခ-နိရောဓမ္ပိ၊ဒုက္ခတို့၏နောင်တဖန်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသင်္ခ-တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုလည်း။ ပဿတိ၊ မျက်မှောက်ပြုသည်၏ အစွမ်းဖြင့် ထိုးထွင်းသိမြင်၏။ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ၊ ဒုက္ခတို့၏ နောင် တဖန်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာကို အာရုံပြု၍ ရောက်တတ်သောမဂ်တည်းဟူသော အကျင့်တရားကိုလည်း။ ပဿ-တိ၊ ဘာဝနာ၏အစွမ်းဖြင့် ထိုးထွင်း၍သိမြင်၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏စကားကို ထောက်၍လည်း နိရောဓသစ္စာကို အာရုံပြု၍မြင်သော လောကုတ္တရာမဂ်ခဏ၌ ၎င်းမဂ်သည် သစ္စာလေးပါးစလုံးကို ဆိုင်ရာကိစ္စကိုပြုလျက် တပြိုင်နက်တချက်တည်း ထိုးထွင်း၍ သိပုံကို ထင်ရှားသိကြကုန်။ ထိုသစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍ သိမြင်တတ်သော လောကုတ္တရာမဂ်ဉာဏ်သည် မိမိချည်းသာ ဖြစ်သည်မဟုတ်၊ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္မယုတ်တရားတို့နှင့်လည်း အတူတကွဖြစ်သည် သာတည်း။ ထိုသို့ ဖြစ်သည်ကိုလည်းကောင်း၊ မဂ္ဂင်ရှစ်ပါးတို့၏ အသီး, အသီး ပြုအပ်သောကိစ္စကိုလည်းကောင်း၊ ဗောဓိပက္ခိယတရား ၃၇-ပါး၊ ဆန်းကြယ်စွာ

ဖြစ်၍ပါပုံကိုလည်းကောင်း (သမုပ္ပါဒနိရောဓဂကျမ်း) ပဌမပိုင်း၌ ပြဆိုအပ်ပြီးသော နည်းအတိုင်း သိကြကုန်။

ဂင်းရှေးဦးစွာဖြစ်သောမဂ်ကို သောတာပတ္တိမဂ်ဟု ခေါ်အပ်သည်။ ဂင်းသောတာပတ္တိမဂ်သည် တကြိမ်တည်းသာလျှင်ဖြစ်၍ ချုပ်၏။ ထိုမဂ်ချုပ်ပြီးသည်နောက် ဂင်းမဂ်သည် မြင်အပ်သော နိရောဓသစ္စာနိဗ္ဗာန်ကိုပင် အာရုံပြု၍ ဂင်းမဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးသည် ဖိုလ်ဇောကိစ္စ နှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်းဖြစ်၍ ချုပ်ကွယ်လေ၏။ အဘယ်ကြောင့် ဖိုလ်ဇောသည် နှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်း ဖြစ်လေသနည်းဟူမူ၊ ဂင်းမဂ္ဂဝီထိ၌ ဂင်းမဂ်စိတ်ဖြစ်မှုမရှိမီ ရှေးအဘို့၌ နိရောဓသစ္စာကို အာရုံပြု၍ ဂေါတြဘူဇောတကြိမ်၊ ဂင်းဂေါတြဘူ၏ ရှေ့၌ သခ်ါရကို အာရုံပြု၍ အကယ်၍ မန္ဒပုဂ္ဂိုလ်ဖြစ်အံ့၊ ပရိကံ,ဥပစာ,အနုလုံ·ဟူ၍ ကာမဇော သုံးကြိမ်။ အကယ်၍ တိက္ခပုဂ္ဂိုလ်ဖြစ်အံ့၊ ဥပစာ, အနုလုံ-ဟူ၍ ကာမဇော နှစ်ကြိမ်ဖြစ်၍ ချုပ်ခဲ့၏။ ထို့ကြောင့် မန္ဒပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ ခေါ်အပ်သော သခ်ါရ အာရုံရှိသော ကာမဇောသုံးကြိမ်၊ နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူခေါ်အပ်သော ကာမဇောတကြိမ်၊ ဂင်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော လောကုတ္တရာ မဂ်ဇောတကြိမ်၊ ဤသို့လျှင် ဇောငါးကြိမ် ပြည့်လေသောကြောင့် ဇော ၇-ကြိမ်ပြည့်ရန် နှစ်ကြိမ်သာလျှင် လိုတော့သည်ဖြစ်၍ ဖိုလ်ဇောနှစ်ကြိမ်ဖြစ်လေသည်။ တိက္ခပုဂ္ဂိုလ်၌မူကား ပရိကံ ခေါ်အပ်သော ကာမဇောတကြိမ် ယုတ်သည်၏ အဖြစ်ကြောင့် ဖိုလ်ဇော သုံးကြိမ်ဖြစ်ရလေသည်။ ထို့ကြောင့် ဖိုလ်ဇောနှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်း ဖြစ်၍ချုပ်၏ဟု ဆိုအပ်လေသည်။ ထိုဖိုလ်ဇောတို့ ချုပ်ကုန်ပြီးနောက် ဂင်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုတတ်သော လောကုတ္တရာစိတ်အစဉ်သည် ချုပ်ကွယ်လေ၏။ ဘဝင်စိတ်အစဉ်သာဖြစ်လေတော့၏။

ထိုဘဝင်စိတ်အစဉ်ပြတ်ပြီးနောက် ပစ္စဝေက္ခဏာဇောတို့သည် ဖြစ်ကုန်၏။ ဖြစ်ပုံကို ထင်ရှားစွာပြဦးအံ့။ မဂ်ဖြင့် မြင်အပ်ပြီးသော နိရောဓသစ္စာနိဗ္ဗာန်ကိုပင် အာရုံပြု၍ ဤမြင်အပ်ပြီးသောသဘောတရားသည် စင်စစ် မဖြစ်, မပျက်ဘဲ တည်သော သဘောတရားပေတည်းဟု အောက်မေ့တွေးတော ဆင်ခြင်လိုက်၏။ ထိုအခါ နိဗ္ဗာန်ကို အာရုံပြု၍ ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဝီထိဇောဖြစ်၏။ သြော် ရှေးရှေး၌ မမြင်စဘူးသော, မဖြစ်, မပျက်သောသဘောကို ထင်လင်းစွာ မြင်တတ်သော ဉာဏ်အမြင်သို့ ရောက်ပေပြီဟု အောက်မေ့ဆင်ခြင်လိုက်၏။ ထိုအခါ မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဇောဖြစ်၏။ ယခုမူကား ရှေးရှေး၌ မမြင်စဘူး, မသိစဘူးသော မဖြစ်,မပျက်သော သဘောနိဗ္ဗာန်ကို မြင်ပြီး

သိပြီးသော ဉာဏ်အမြင်ရှိပေပြီဟု အောက်မေ့ တွေးတောဆင်ခြင်လိုက်၏။ ထိုအခါ မင်္ဂလာကျိုး ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိဇော ဖြစ်၏။

ယခုအခါအမြင်မှားမှု, ယုံးမှားမှုစသော တရားတို့သည် မရှိလေကုန်ပြီ, ကုန်လေကုန်ပြီဟု တွေးတောဆင်ခြင်လိုက်၏။ ထိုအခါ ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဇောဖြစ်၏။ထိုမှတပါးသော ကိလေသာတို့သည် ကျန်သေး၏ဟု တွေးတောဆင်ခြင်လိုက်၏။ ထိုအခါ ကျန်သောကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဇောဖြစ်၏။ ဤသို့ ဆင်ခြင်ပြီးသော သောတာပန်အဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် ဘယ်အခါကာလ၌မဆို နိရောဓသစ္စာ နိဗ္ဗာန်၌လည်းကောင်း၊ မိမိရအပ်ပြီးသော မင်္ဂ၌လည်းကောင်း၊ ဖိုလ်၌လည်းကောင်း တွေးတောယုံမှားခြင်းမရှိလေပြီ။ မကြာ, မကြာ ၎င်းရအပ်ပြီးသော မင်္ဂတရား ဖိုလ်တရားတို့ကို ဆင်ခြင်၍ ရှင်လန်းဝမ်းမြောက်သော စိတ်အစဉ်သည်သာလျှင် ဖြစ်လေတော့၏ဟု မှတ်ကြကုန်။

ဤနိရောဓသစ္စာကို ရှေးဦးစွာ မြင်သောမင်္ဂကို သောတာပတ္တိ မင်္ဂဟုခေါ်ဆိုအပ်လေသည်။ ၎င်းမင်္ဂအခိုက်၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာစသော ကိလေသာတို့သည် ကုန်ဆဲဖြစ်၍ ဖိုလ်အခိုက်သို့ရောက်လျှင် ၎င်းကိလေသာတို့သည် ကုန်ပြီး၍မရှိခြင်းဟုဆိုအပ်သော အဘာဝပညတ်အဖြစ်သို့သာ ရောက်ကုန်လေတော့၏။ ထို ကိလေသာ တည်းဟူသော အကြောင်းတရားတို့မရှိလေခြင်းကြောင့် အပါယ်၌ ဖြစ်လတ္တံ့သော ခန္ဓာတည်းဟူသော ဝဋ်ဒုက္ခ, ကာမသုဂတိ ၇-ဘုံ၌ ၇-ဘဝ အထက်၌ဖြစ်လတ္တံ့သော ဝဋ်ဒုက္ခ-ဟူသမျှတို့သည်လည်း အကြွင်းအကျန်မရှိကုန်ခန်းလေကုန်၍ နောင်တဖန်ဖြစ်ပေါ်ခြင်းသို့မရောက်ကုန်ဘဲ ကွယ်လေကုန်တော့၏။ ထိုသို့ကွယ်လေခြင်းကြောင့် အခါခပ်သိမ်း ၎င်းခန္ဓာဝဋ်ဒုက္ခတို့သည် မရှိသည်၏ အဖြစ်ဟုဆိုအပ်သော အဘာဝပညတ်သို့သာ ရောက်လေကုန်တော့၏ ဟု မှတ်ကြကုန်။ ၎င်းကိလေသာ, ခန္ဓာတို့၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်သည် စင်စစ် မင်္ဂ၏အာရုံဖြစ်သော နိဗ္ဗာန်မဟုတ်၊ အဘာဝပညတ်သာလျှင်တည်း။ မင်္ဂ၏အာရုံဖြစ်သောနိဗ္ဗာန်မူကား မဖြစ်ပေါ်သောလက္ခဏာ, မပျက်စီးသော လက္ခဏာအားဖြင့် ထင်ရှားတည်ရှိသော ကိလေသာ, ခန္ဓာတို့နှင့် မရောသော သက်သက်ကိလေသာ ခန္ဓာတို့မှလွတ်နေသော ပရမတ္ထအားဖြင့် ထင်ရှားရှိနေသောသဘောပေတည်းဟု သေချာစွာ မှတ်သား၍ အာရုံပြုကြကုန်။ ဤမျှသောစကားအစဉ်ဖြင့် ဝိညာဏ်, နာမ်ရုပ်ဟုဆိုအပ်သောအကြောင်း, အကျိုးတရားနှစ်ပါးကို သုံးသပ်၍ သစ္စာလေးပါးကို တပြိုင်နက်သိမြင်တတ်သော သောတာပတ္တိ မင်္ဂဉာဏ်ဖြစ်ပုံကို ထင်ရှားသိစေရန် ပြဆိုအပ်သော အချက်ပေတည်း။ ပြဆိုအပ်တိုင်းလည်း ကောန်မင်္ဂဖြစ်နိုင်သည်၏အဖြစ်ကို ပဋိသမ္ဘိဒါမင်္ဂပါဠိတော် မျက်နှာနံပါတ် (၃၀၁) ၌—

နာမရူပံ ဒုက္ခသစ္စံ၊ ဝိညာဏံ သမုဒယသစ္စံ၊ ဥဘိန္နမ္ပိ နိဿရဏံ နိရောဓသစ္စံ၊ နိရောဓပဗာဓနနာ မဂ္ဂသစ္စံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

မြန်မာပြန်ကား—

နာမရူပံ၊ နာမ်, ရုပ်တရားသည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ ဝါ၊ စက်ဆုပ်ဘွယ် အချည်းနှီးတရားအမှန်မည်၏။ ဝိညာဏံ၊ အာရုံကိုသိတတ်သော သဘောတရား ဝိညာဏ်သည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာမည်၏။ ဝါ၊ နာမ်, ရုပ်တရားနှစ်ပါးတို့၏ ကောင်းစွာ ဖြစ်ကြောင်းတရား အမှန်မည်၏။ ဥဘိန္နမ္ပိ၊ ထိုဝိညာဏ်, နာမ်ရုပ် အကြောင်း, အကျိုးတရားနှစ်ပါးတို့၏လည်း။ ဝါ၊ ထိုဝိညာဏ်နာမ်ရုပ် အကြောင်းအကျိုးတရားနှစ်ပါးတို့မှလည်း။ နိဿရဏံ၊ ထွက်မြောက်ရာ ဖြစ်သော မဖြစ်ပေါ်သော လက္ခဏာရှိသော အသင်္ခတသဘော နိဗ္ဗာန်တရားသည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ ဝါ၊ ဖြစ်ပေါ်တတ်သော ဝိညာဏ်, နာမ်ရုပ်တရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲလျက် ကုန်ခြင်း၏ အကြောင်းခံအမှန်တရားမည်၏။ နိရောဓပဗာဓနနာ၊ နိရောဓသစ္စာကို မတွေ့မဝေ အပြားအားဖြင့် ထင်လင်းစွာ သိတတ်သော လောကုတ္တရာဖြစ်သော သမ္မာဒိဋ္ဌိမဂ်ပညာသည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာမည်၏။ ဝါ၊ နိရောဓသစ္စာကို ထင်လင်းစွာ အာရုံပြုသောအားဖြင့် ရောက်၍ ဒိဋ္ဌိ, ဝိစိကိစ္ဆာစသော ကိလေသာတို့ကို အကြွင်းမရှိသတ်၍ ဝဋ်မှထုတ်ဆောင်တတ်သော တရားအမှန် မည်၏။

အဓိပ္ပါယ်မှာ-ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော အကျိုးဖြစ်သော နာမ်ရုပ် အဆက်ဆက်သည် စက်ဆုပ်ဘွယ် အချည်းနှီးအမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာ၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော ဝိညာဏ်အဆက်ဆက်သည် စင်စစ် နာမ်ရုပ်တို့၏ အကြောင်းခံ အမှန်ဖြစ်သောကြောင့် သမုဒယသစ္စာ၊ ထိုဒုက္ခ, သမုဒယ-နှစ်ပါးတို့မှ ထွက်မြောက်ရာဖြစ်သော မဖြစ်မပေါ်သော လက္ခဏာရှိသော အသင်္ခတဓာတ်သဘောသည် ၎င်းအကြောင်း, အကျိုးနှစ်ပါးတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကုန်ကြောင်းအမှန်ဖြစ်သော နိရောဓသစ္စာ၊ ထိုနိရောဓသစ္စာကို မတွေ့မဝေ အပြားအားဖြင့် ထင်လင်းစွာ သိမြင်တတ်သော သမ္မာဒိဋ္ဌိမဂ်ပညာသည် အကြောင်း, အကျိုး ဝဋ်ဒုက္ခတရားတို့မှ ထုတ်ဆောင်တတ်သော အကျင့်တရားအမှန်ဖြစ်သောကြောင့် မဂ္ဂသစ္စာ အမှန်ဖြစ်ပေ၏ ဟူလို။ ဤသို့ပြဆိုအပ်သည်ကို ထောက်၍ ဝိညာဏ်, နာမ်ရုပ် တရားတို့ကို သုံးသပ်၍ စင်စစ် မဂ်ဖြစ်နိုင်ကြောင်းကို ထင်ရှားသိကြကုန်။ ဤတွင် သောတာပတ္တိမဂ်စခန်း ပြီး၏။

သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ရှေးဦးပြဆိုအပ်ပြီးသော နည်းအတိုင်း ဝိညာဏ်, နာမ်ရုပ်တည်းဟူသော အကြောင်း, အကျိုး အဆက်ဆက်တို့ကို သုံးသပ်ပြန်၍ နိရောဓသစ္စာ နိဗ္ဗာန်သို့ စေလွှတ်ဖန်များလတ်သော် ဒုတိယအကြိမ် ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို ထင်ထင်လင်းလင်း ဒိဋ္ဌမျက်မှောက် တွေ့ကြုံ ဆိုက်ရောက်ပြန်လေ၏။ ထိုသို့ဆိုက်ရောက်သောအခါ သကဒါဂါမိမဂ်သို့ရောက်လေ၏။ ၎င်းမဂ်ကြောင့် ရုန့်ရင်းသော ကာမရာဂ ဗျာပါဒ–တရားတို့သည် ကုန်ခန်းကြ၍ သကဒါဂါမိဖိုလ်သို့ ရောက်သောအခါ မရှိခြင်း အဘာဝပညတ်၏ အဖြစ်သို့ ရောက်လေကုန်၏။ ထိုနောက်တဖန် သုံးသပ်ပြန်၍ နိရောဓသစ္စာ နိဗ္ဗာန်သို့ စေလွှတ်ဖန်များလတ်သော် တတိယအကြိမ် ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို ထင်ထင်လင်းလင်း ဒိဋ္ဌမျက်မှောက် တွေ့ကြုံဆိုက်ရောက်ပြန်လေ၏။ ထိုသို့ ဆိုက်ရောက်သောအခါ အနာဂါမိမဂ်သို့ ရောက်လေ၏။ ၎င်းအနာဂါမိမဂ်ကြောင့် သိမ်မွေ့သော ကာမရာဂ, ဗျာပါဒ–တရားတို့သည် ကုန်ခန်းကြ၍ အနာဂါမိဖိုလ်သို့ ရောက်သောအခါ ဘာမျှမရှိသည်၏အဖြစ်ဟု ဆိုအပ်သော အဘာဝပညတ်သို့ ရောက်လေကုန်၏။ ထိုနောက်တဖန် ၎င်းအကြောင်းအကျိုးတရား အဆက်ဆက်တို့ကို ရှေးနည်းအတိုင်း သုံးသပ်ပြန်၍ နိရောဓသစ္စာ နိဗ္ဗာန်သို့ စေလွှတ်ဖန်များလတ်သော် စတုတ္ထအကြိမ် ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို ထင်ထင်လင်းလင်း ဒိဋ္ဌ မျက်မှောက် တွေ့ကြုံ ဆိုက်ရောက်ပြန်လေ၏။ ထိုသို့ဆိုက်ရောက်သောအခါ အရဟတ္တမဂ်သို့ ရောက်လေ၏။ ၎င်းအရဟတ္တမဂ်ကြောင့် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ-စသော ကိလေသာ ဟူသမျှတို့သည် အကြွင်းအကျန် မရှိကုန်ဘဲ ကုန်ခန်းဆဲဖြစ်ကုန်ပြီးလျှင် အရဟတ္တဖိုလ်သို့ရောက်သောအခါ ဘာမျှ မရှိသည်၏အဖြစ်ဟု ဆိုအပ်သော အဘာဝပညတ်သို့သာ ရောက်လေကုန်တော့၏။ ၎င်းအဘာဝအဖြစ်သို့ ရောက်သော ကိလေသာဟူသမျှသည် ကိစ္စအားဖြင့် ပယ်အပ်သော ပဟာတဗ္ဗကိစ္စဖြစ်၏။ ၎င်းကို ကုန်ခန်းစေတတ်သော မဂ်သည် ကိစ္စအားဖြင့် ပွါးအပ်သော ဘာဝိတဗ္ဗကိစ္စ ဖြစ်၏။ ၎င်းပဟာတဗ္ဗကိစ္စ ဖြစ်သော ကိလေသာတို့ကို ကုန်ခန်းစေတတ်သော ဘာဝိတဗ္ဗကိစ္စ ဖြစ်သော မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်ဟု ဆိုအပ်သော နိရောဓသစ္စာနိဗ္ဗာန်သည် ကိစ္စအားဖြင့် ဒိဋ္ဌမျက်မှောက်မြင်အပ်သော သစ္ဆိကာတဗ္ဗ ကိစ္စဖြစ်၏။ သံသရာအဆက်ဆက်၌ မပြတ်မလပ် ဖြစ်ပျက်နေသော ဒုက္ခသစ္စာတရားသည် ကိစ္စအားဖြင့် ပိုင်းခြားရှင်းအပ်သော ပရိညေယျကိစ္စ ဖြစ်သည်ဟု သိကြကုန်။

ဤမျှသော စကားအစဉ်ဖြင့် အကြောင်း, အကျိုး ဖြစ်သော ဝိညာဏ်, နာမ်ရုပ်တရားတို့ကို သုံးသပ်ဆင်ခြင်၍ အရဟတ္တဖိုလ်တိုင်အောင် ဖြစ်နိုင်သည်၏ အဖြစ်ကို ပြဆိုချက်သည် ပြီး၏။

အသခ်ံတဓာတ်နိဗ္ဗာန်သည် ပရမတ္ထအားဖြင့်ထင်ရှားရှိပုံ

ထိုပြဆိုအပ်ပြီးသော ကိစ္စလေးချက်တို့တွင် သစ္ဆိကာတဗ္ဗကိစ္စ ဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်သည် ဘာဝိတဗ္ဗကိစ္စဖြစ်သော မဂ်လေးပါးတို့ အကြွင်းမရှိ ပယ်အပ်ကုန်သော ပဟာဘဗ္ဗကိစ္စဖြစ်သော ကိလေသာတို့၏ မရှိခြင်း တည်းဟူသော အဘာဝပညတ်ကို လည်းကောင်း၊ ထိုကိလေသာတို့ကြောင့် နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ခန္ဓာတို့၏ အဓါရဝ်သိမ်း ဖြစ်ပေါ်မှု မရှိခြင်း တည်းဟူသော အဘာဝပညတ်ကို လည်းကောင်း၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော ပရမတ္ထတရားဖြစ်ကုန်သော သခ်ံတတရားတို့ကိုလည်းကောင်း လွန်မြောက်၍ အာသီးအခြား အမြဲတည်နေသော ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဘောတရား တပါးပေတည်း။ ထိုပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည် ဥဒါန်းပါဠိတော်-ပါဠလိဂါမိကဝဂ် မျက်နှာနံပါတ် (၁၇၇)၌—

အတ္ထိ ဘိက္ခဝေ တဒါယတနံ။

ဟူ၍ ဟောတော်မူလေသည်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ်နိဗ္ဗာန်ကို မသိကုန်သော ရဟန်းတို့။ တဒါယတနံ၊ ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ဖြစ်ကြောင်း အာရမ္မဏပစ္စယ သတ္တိဖြစ်သော အသခ်ံတဓာတ်နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိပေ၏။

အဓိပ္ပါယ်ကား—မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော အာရမ္မဏပစ္စယသတ္တိဖြစ်သော အသခ်ံတဓာတ်နိဗ္ဗာန်သည် မုချပရမတ္ထ သဘောအားဖြင့် ထင်ရှားရှိပေ၏ ဟူလို။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် မုချပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏အဖြစ်ကို သိကြကုန်။

ဤပါဠိတော်၌ ဟောတော်မူအပ်သည်ကို ထောက်၍သာ သိအပ်သည် မဟုတ်သေး။

တဒါယတနန္တိ တံ ကာရဏံ၊ ဒကာရော ပဒသန္ဓိကရော။ နိဗ္ဗာနဉ္စိ မဂ္ဂဖလဉာဏာဒီနံ အာရမ္မဏပစ္စယဘာဝတော ရူပါဒီနိ ဝိယ စက္ခုဝိညာဏာဒီနံ အာရမ္မဏပစ္စယဘူတာနံ ကာရဏဋ္ဌေန အာယတနန္တိ ဝုစ္စတိ။ ဧတ္တာဝတာ ဘဂဝါ တေသံ ဘိက္ခူနံ အသခ်ံတာယ ဓာတုယာ ပရမတ္ထတော အတ္ထိဘာဝံ ပဝေဒေတိ။

ဟူ၍ ဥဒါန်းအဋ္ဌကထာ စာမျက်နှာ (၃၅၂-၃)၌ မိန့်ဆိုအပ်သည်ကို ထောက်၍ လည်း သိအပ်သေး၏။

မြန်မာပြန်ကား—

တဒါယတနန္တိ၊ တဒါယတနံ ဟူသည်ကား။ တံကာရဏံ၊ ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံဟု ဆိုအပ်သော အကြောင်းတရားနိဗ္ဗာန်သည်။ (အတ္ထိဋ္ဌစပ်)။ ဒကာရော၊ ဒ အက္ခရာသည်။ ပဒသန္ဓိကရော၊ ပုဒ်စပ်ခြင်းကို ပြုတတ်၏။ ဟိ သစ္ဈံ၊ ထိုစကားသည် မှန်၏။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ မဂ္ဂ-ဖလဉာဏဒီနံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် အစရှိသည်တို့၏။ အာရမ္မဏပစ္စယဘာဝ-တော၊ အာရမ္မဏပစ္စယ်သတ္တိ၏ အဖြစ်ကြောင့်။ စက္ခုဝိညာဏာဒီနံ၊ စက္ခု-ဝိညာဏ် အစရှိသည်တို့၏။ အာရမ္မဏပစ္စယဘူတာနံ၊ အာရမ္မဏပစ္စည်းဖြစ်၍ ဖြစ်ကုန်သော။ ရူပါဒီနိ ဝိယ၊ ရူပါရုံ အစရှိသည်တို့ကဲ့သို့။ ကာရဏဋ္ဌေန၊ အကြောင်းဟူသော အနက်ကြောင့်။ အာယတနန္တိ၊ အာယတနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထာဝတာ၊ ဤမျှသောစကားအစဉ်ဖြင့်။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ တေသံ ဘိက္ခူနံ၊ ထို ရဟန်းတို့အား။ အာသင်္ခတာယ၊ အသင်္ခတဟု ဆိုအပ်သော။ ဓာတုယာ၊ ဓာတ်၏။ ပရမတ္ထတော၊ ပရမတ္ထသဘောအားဖြင့်။ အတ္ထိဘာဝံ၊ထင်ရှားရှိသည်၏ အဖြစ်ကို။ ပဝေဒေတိ၊ သိစေတော်မူ၏။

အဓိပ္ပါယ်ကား—

ဥဒါန်းပါဠိတော်၌ အတ္ထိ ဘိက္ခဝေ တဒါယတနံ ဟူ၍ ဟောတော်မူခြင်းသည် တခြားကြောင့် ဟောတော်မူအပ်သည်မဟုတ်။ ရူပါရုံ အစရှိသည်တို့သည် စက္ခုဝိညာဏ် အစရှိသည်တို့၏ အာရုံအဖြစ်ဖြင့် ထင်ရှားရှိသကဲ့သို့ ထိုအတူ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံပြုကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓ-သစ္စာ နိဗ္ဗာန်သည်လည်း ထင်ရှားရှိသည်၏ အဖြစ်ကို သိစေတော်မူလို၍ဟော တော် မူအပ်သည်ဟူလို။ ဤသို့ ပြဆိုအပ်ကုန်သော ပါဠိတို့တွင် (ဧတ္ထာဝတာ ဘဂဝါ တေသံ ဘိက္ခူနံ အသင်္ခတာယ ဓာတုယာ ပရမတ္ထတော အတ္ထိဘာဝံ ပဝေဒေတိ)ဟူသော ပါဠိကိုထောက်၍ စင်စစ် အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် ပရမတ္ထသဘောအားဖြင့် မုချ ထင်ရှား ရှိသည်၏ အဖြစ်ကို သိကြကုန်။

ဤ ပြဆိုအပ်ပြီးသော အဋ္ဌကထာပါဠိတို့ကို ထောက်၍သာ သိအပ်သည် မဟုတ်သေး၊ ဣတိဝုတ်ပါဠိတော်, နေတ္တိပါဠိတော်, ၎င်းဥဒါန်းပါဠိတော်တို့၌လည်း

အတ္ထိ ဘိက္ခဝေ အဇာတံ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိကိုထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ ဖြစ်ပေါ်ခြင်းလက္ခဏာမှကင်း၍ တည်သော။ ဝါ၊ ဖြစ်ပေါ်ခြင်းဥပါဒ်ဟု ဆိုအပ်သော သခ်ၤတလက္ခဏာ၏ ဆန့်ကျင်ဘက် ဖြစ်၍ စင်စစ် မဖြစ်ပေါ်ခြင်းဟု ဆိုအပ်သော အသခ်ၤတ သဘောအားဖြင့်သာ အမြဲတည်ရှိသော အသခ်ၤတခၢတ် နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်သာလျှင်တည်း။

အဓိပ္ပါယ်ကား—ဖြစ်ခြင်းသဘော လက္ခဏာရှိသော ဇာတ, ပဝတ္ထ သဘောမျိုးသာ ထင်ရှားရှိသည် မဟုတ်သေး၊ ၎င်းဖြစ်ပေါ်ခြင်း လက္ခဏာရှိသော ဇာတ- ပဝတ္ထ သဘောမျိုး၏ ဆန့်ကျင်ဘက်ဖြစ်သော ဖြစ်ပေါ်ခြင်းဥပါဒ် မရှိသော။ ဝါ၊ မဖြစ်ပေါ်ခြင်းသဘော လက္ခဏာသာလျှင်ရှိသော အဇာတ, အပဝတ္ထ သဘောမျိုးသည်လည်း မုချမမွသဘာဝချင်း ပဋိပက္ခဖြစ်လျက် တည်ရှိသည်သာတည်း ဟူလို။

ဤသို့ ပြဆိုအပ်သော ပါဠိတော်တို့ကို ထောက်၍လည်း အသခ်ၤတခၢတ် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားတည်ရှိသည်၏ အဖြစ်ကို သိကြကုန်။

ဤ ပါဠိတော်တို့ကို ထောက်၍သာ သိအပ်သည် မဟုတ်သေး။ ၎င်းကို ဖွင့်ပြသော ဥဒါန်းအဋ္ဌကထာ စာမျက်နှာ(၃၅၈)၌လည်း—

> အတ္ထိ ဘိက္ခဝေ အဇာတန္တိ ဣမိနာပိ စ သုတ္တေန နိဗ္ဗာနခၢတုယာ ပရမတ္ထတော သမ္ဘဝေါ သဗ္ဗလောကံ အနုကမ္ပမာနေန သမ္မာသမ္ဗုဒ္ဓေန ဒေသိတော။

ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်း သိကြကုန်ဦး။ မြန်မာပြန်ကား—

> အတ္ထိ ဘိက္ခဝေ အဇာတန္တိ ဣမိနာပိ စ သုတ္တေန၊ အတ္ထိ ဘိက္ခဝေ အဇာတံ- ဟူသော ဤသုတ်ဖြင့်လည်း။ နိဗ္ဗာနခၢတုယာ၊ နိဗ္ဗာနခၢတ်၏။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ သမ္ဘဝေါ၊ ထင်ရှားရှိသည်၏ အဖြစ်ကို။ သဗ္ဗလောကံ၊ အလုံးစုံသော လောကကို။ အနုကမ္ပမာနေန၊ အစဉ်သနားတော်မူသော။ သမ္မာသမ္ဗုဒ္ဓေန၊ သစ္စာလေးပါး တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သာလျှင် အကြင်းမရှိ ထိုးထွင်း၍ သိတော်မူပြီးသော ဘုရားရှင်သည်။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။

အဓိပ္ပါယ်ကား— အတ္ထိ ဘိက္ခဝေ အဇာတံ ဟူသော ဤသုတ်ဖြင့် အသခ်ၤတ-ခၢတ်နိဗ္ဗာန်သည် မုချ ပရမတ္ထ သဘောအားဖြင့် ထင်ရှားတည်ရှိသည်၏ အဖြစ်ကို သိစေခြင်းငှါ ဟောတော်မူအပ်သည်ဟူလို။ ဤ ပြဆိုအပ်သော အဋ္ဌကထာ

စကားရပ်ကို ထောက်၍လည်း စင်စစ် အသန်တဓာတ် နိဗ္ဗာန်သည် ပရမတ္ထအား ဖြင့် ထင်ရှားတည်ရှိသည်၏ အဖြစ်ကို သိကြကုန်။

သန်တ, အသန်တ တရားနှစ်ပါးကို ဖော်ပြခြင်း

ထိုပရမတ္ထအားဖြင့် ထင်ရှားရှိနေသော နိဗ္ဗာန်တရားသည် အသန်တဓမ္မ မည်၏။ ဝိညာဏ်တည်းဟူသော စိတ် ပရမတ်, နာမ် တည်းဟူသော စေတသိက် ပရမတ်, ထင်ရှားဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်ပရမတ် ဤပရမတ္ထတရား သုံးပါးသည် သန်တဓမ္မ မည်၏။ ထိုကြောင့် ဘုရားရှင်သည် ပရမတ္ထတရား လေးပါးကို နှစ်စုပြု၍ ဟောတော်မူရာ ဓမ္မသင်္ဂဏီပါဠိတော်၌—

သန်တာဓမ္မာ အသန်တာဓမ္မာ။

ဟူ၍ ဟောတော်မူအပ်လေသည်။ ထို နှစ်ပါးတို့တွင် သန်တဓမ္မ အရကို သိစေလို တော်မူသော ဘုရားရှင်သည် ဓမ္မသင်္ဂဏီပါဠိတော်အဋ္ဌကထာကဏ္ဍ-စူဠန္တရဒုက် စာမျက်နှာ(၂၇၇)၌—

> ကတမေ ဓမ္မာ သန်တာ။ စတ္တာသု ဘူမိသု ကုသလံ အကုသလံ။ စတ္တာသု ဘူမိသု ဝိပါကော။ တီသု ဘူမိသု ကိရိယာဗျာကတံ။ သဗ္ဗဉ္စ ရူပံ။ ဣမေ ဓမ္မာ သန်တာ။
>
> ကတမေ ဓမ္မာ အသန်တာ။ နိဗ္ဗာနံ။ ဣမေ ဓမ္မာ အသန်တာ။

ဟူ၍ ဟောတော်မူအပ်လေသည်။ မြန်မာပြန်ကား—

ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သန်တာ၊ သန်တမည်ကုန်သနည်း။ စတ္တာသု၊ လေးပါးကုန်သော။ ဘူမိသု၊ ဖြစ်ရာဘုံတို့၌။ ပဝတ္တံ၊ ဖြစ်သော။ ကုသလံ၊ ကုသိုလ်တရားသည်လည်းကောင်း။ အကုသလံ၊ အကုသိုလ်တရားသည် လည်းကောင်း။ စတ္တာသု၊ လေးပါး ကုန်သော။ ဘူမိသု၊ ဖြစ်ရာဘုံတို့၌။ ပဝတ္တော၊ ဖြစ်သော။ ဝိပါကော၊ ဝိပါက်သည် လည်းကောင်း။ တီသု၊ သုံးပါးကုန်သော။ ဘူမိသု၊ ဖြစ်ရာဘုံတို့၌။ ပဝတ္တံ၊ ဖြစ်သော။ ကိရိယာ-ဗျာကတံ၊ ကိရိယာဗျာကတသည် လည်းကောင်း။ သဗ္ဗဉ္စ၊ အလုံးစုံလည်း ဖြစ်သော။ ရူပံ၊ ရုပ်တရားသည်လည်းကောင်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော။ ဓမ္မာ၊ သဘောတရားတို့သည်။ သန်တာ၊သန်တတရားတို့ မည်ကုန်၏။

ကတမေ၊ အဘယ်မည်ကုန်သော။ဓမ္မာ၊ သဘောတရားတို့သည်။အသန်တာ၊ အသန်တတရားတို့ မည်ကုန်သနည်း။ နိဗ္ဗာနံ၊ နောင်ဖြစ်ပေါ် လတ္တံ့ကုန်သော

ရာဂစသော ၁၁-ပါးသောမီးတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏အကြောင်းခံ ဖြစ်သော ပရမတ္ထ သဘောတရားသည်။ အတ္ထိ၊ ရှိ၏။ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော။ ဓမ္မာ၊ သဘောတရားတို့သည်။ အသခ်ၤတာ၊ အသခ်ၤတတရားမည်ကုန်၏။

ဤဟောတော်မူအပ်ကုန်သော ပါဠိတော်စကားရပ်တို့တွင် စတ္တူသု ဘူမီသု ကုသလံ ဟူသော ပါဠိတို့ဖြင့် ကာမဘုံ, ရူပဘုံ, အရူပဘုံ, အပရိယာပန္နဘုံဟု ဆိုအပ်ကုန်သော ဘုံလေးပါးတို့ဖြင့် ဖြစ်ကုန်သော ကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်, လောကုတ္တရာကုသိုလ်ဟု ဆိုအပ်ကုန်သော ကုသိုလ်စိတ် ၂၁၊ စေတသိက် ၃၈ ပါး တည်းဟူသော တရားတို့ကို သိစေတော်မူအပ်ကုန်၏။

အကုသလံ ဟူသောပါဠိဖြင့် အကုသိုလ်စိတ် (၁၂)၊ စေတသိက် (၂၇) ပါးသောတရားတို့ကို သိစေတော်မူအပ်ကုန်၏။

စတ္တူသု ဘူမီသု ဝိပါကော ဟူသောပါဠိတို့ဖြင့် ကာမဝိပါက် ၂၃၊ ရူပဝိပါက် ၅၊ အရူပဝိပါက် ၄၊ လောကုတ္တရာဝိပါက် ၄ ဟု ဆိုအပ်သော ဝိပါက်စိတ် ၃၆၊ စေတသိက် ၃၈-ပါးသောတရားတို့ကို သိစေတော်မူအပ်ကုန်၏။

တီသု ဘူမီသု ကိရိယာဗျာကတံ ဟူသော ပါဠိတို့ဖြင့် ကာမကိရိယာ ၁၁၊ ရူပကိရိယာ ၅၊ အရူပကိရိယာ ၄ ဟု ဆိုအပ်ကုန်သော ကိရိယာစိတ် ၂၀၊ စေတသိက် ၃၅-ပါးကုန်သော တရားတို့ကို သိစေတော်မူအပ်ကုန်၏။

သဗ္ဗဥ္ဉူ ရူပံ ဟူသော ပါဠိတို့ဖြင့် ၂၈-ပါးသော ရုပ်တို့ကို သိစေတော်မူအပ်ကုန်၏။

ဣမေ ဓမ္မာ သခ်ၤတာ ဟူသော ပါဠိတို့ဖြင့် ဤပြဆိုအပ်ကုန်ပြီးသော စိတ်, စေတသိက်, ရုပ်တရားဟူသမျှတို့သည် သခ်ၤတတရားမည်ကုန်၏ဟူ၍ သိစေတော်မူအပ်ကုန်၏။

ကတမေ ဓမ္မာ အသခ်ၤတာ ဟူသော ပါဠိ တို့ဖြင့် အဘယ် တရား တို့သည် အသခ်ၤတ တရား မည်ကုန်သနည်းဟု ကထေတုကမျတာ ပုစ္ဆာဖြင့် မေးတော်မူအပ်ကုန်၏။

နိဗ္ဗာနံ ဟူသော ပါဠိဖြင့် နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ရာဂ အစရှိသော ၁၁-ပါးသော မီးတို့၏ နောင်ဖြစ်ပေါ်မှု မရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သော နိဗ္ဗာန်တည်းဟူသော ပရမတ္ထသဘောကို သိစေတော်မူအပ်၏။

ဣမေ ဓမ္မာ အသခ်ၤတာဟူသောပါဠိတို့ဖြင့် ဤဆိုအပ်ပြီးသောနိဗ္ဗာန် တည်းဟူသော ပရမတ္ထသဘောတရားသည် အသခ်ၤတ တရားမည်ကုန်၏ ဟူ၍ သိစေတော်မူအပ်ကုန်၏။

ထို့သိစေအပ်ကုန်သော သခ်ၤတ, အသခ်ၤတ တရား နှစ်ပါးတို့တွင် အဘယ်ကြောင့် စိတ်, စေတသိက်, ရုပ်တည်းဟူသော ပရမတ္ထတရားတို့ကို သခ်ၤတဟု ခေါ်ဆိုအပ်ကုန်သနည်း ဟူမူ— အကြောင်းတို့သည် ပေါင်းဆုံ ညီညွတ်ခြင်းသို့ ရောက်၍ ပြုပြင်အပ်ကုန်သောကြောင့် သခ်ၤတတရားဟု ခေါ်ဆိုအပ်ကုန်သည်။ ထို့သို့ ခေါ်ဆိုအပ်ကုန်သည်၏ အဖြစ်ကို သိစေတော်မူလိုသော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် ဒုကမာတိကာ စူဠန္တရဒုက်အဖွင့် မျက်နှာ နံပါတ် ၉၀–၌–

ပစ္စယေဟိ သမာဂန္ဆာ ကတာတိ သခ်ၤတာ။ ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ယေ ဓမ္မာ၊ အကြင် စိတ်, စေတသိက်, ရုပ်တရားတို့ကို။ ပစ္စယေဟိ၊ အကြောင်းတရားတို့သည်။ သမာဂန္ဆာ၊ ပေါင်းဆုံညီညွတ်ခြင်းသို့ ရောက်ကုန်၍။ ကတာ၊ ပြုအပ်ကုန်သည်တည်း။ ဣတိတသ္မာ၊ ထို့သို့ အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်ခြင်းသို့ ရောက်၍ ပြုပြင်အပ်ကုန်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ သခ်ၤတာ၊ သခ်ၤတတရားတို့ မည်ကုန်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍ ၎င်းစိတ်, စေတသိက်, ရုပ် တည်းဟူသော ပရမတ္ထတရားတို့ကို အကြောင်းတရားတို့သည် ပေါင်းဆုံ ညီညွတ်ခြင်းသို့ ရောက်ကုန်၍ ပြုပြင်အပ်ကုန်သည်၏ အဖြစ်ကြောင့် သခ်ၤတတရားဟု ခေါ်ဆိုအပ်ကုန်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ ထို့ သခ်ၤတ ဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ် တည်းဟူသော ပရမတ္ထတရားတို့ကို အဘယ်ကြောင့် ဓမ္မာဟု ခေါ်ဆိုအပ်ကုန်သနည်း ဟူမူ— မိမိ မိမိ ဟူသော မှတ်ကြောင်းလက္ခဏာတို့ကို ဆောင်ကုန်သောကြောင့် ဓမ္မာ ဟု ခေါ်ဆိုအပ်ကုန်သည်။ ထို့သို့ ခေါ်ဆိုအပ်ကုန်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော အဋ္ဌသာလိနီအဋ္ဌကထာရှင်သည် တိကမာတိကာ–ကုသလ တိက်အဖွင့် မျက်နှာနံပါတ် (၈၁) ၌—

အတ္တနော ပန သဘာဝံ ဓာရေန္တီတိ ဓမ္မာ။

ဟူ၍ မိန့်ဆိုအပ်လေသည်။ မြန်မာပြန်ကား--

ပန၊ အဘို့တပါးကို ပြဆိုဦးအံ့။ ယေ၊ အကြင်တရားတို့သည်။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ ထင်ရှားရှိသော မှတ်ကြောင်းလက္ခဏာကို။ ဝါ၊ မိမိ, မိမိ ဟူသော မှတ်ကြောင်းလက္ခဏာကို။ ဓာရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့သို့ဆောင်တတ်ကုန်သော သတ္တိကြောင့်။ တေ၊ ထိုတရားတို့သည်။ ဓမ္မာ၊ ဓမ္မမည်ကုန်၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကိုထောက်၍ မိမိ, မိမိဟူသော မှတ်ကြောင်းလက္ခဏာတို့ကို ဆောင်ကုန်သောကြောင့် ဓမ္မာမည်ကုန်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

နိဗ္ဗာန်တရားကို အဘယ်ကြောင့် အသခ်ၤတဟု ခေါ်ဆိုအပ်သနည်းဟူမူ— အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်ခြင်းသို့ ရောက်ကုန်၍ မပြုပြင်အပ်ကုန်သည်၏အဖြစ်ကြောင့် အသခ်ၤတတရားဟု ဆိုအပ်ကုန်၏။ ထို့သို့ဆိုအပ်ကြောင်းကို အဋ္ဌသာလိနီအဋ္ဌကထာစူဠဋီကာအဖွင့် မျက်နှာနံပါတ်(၉၀)၌— နသခ်ၤတာတိ အသခ်ၤတာ။ ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

သခ်ၤတာ၊ အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်ခြင်းသို့ရောက်၍ ပြုပြင်အပ်ကုန်သော တရားတို့သည်။ န၊ မဟုတ်ကုန်။ အသခ်ၤတာ၊ အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်ခြင်းသို့ရောက်၍ ပြုပြင်အပ်ကုန်သော တရားတို့ မဟုတ်ကုန်။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကိုထောက်၍ အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်ခြင်းသို့ရောက်၍ မပြုပြင်အပ်ကုန်သည်၏အဖြစ်ကြောင့် အသခ်ၤတဟု ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ထိုအသခ်ၤတဖြစ်သော နိဗ္ဗာန်သည်လည်း ဓမ္မမည်သည်၏အဖြစ်ကို ရှေးဦးပြဆိုအပ်သည်နည်းအတိုင်း သိကြကုန်။ ထိုဆိုအပ်ခဲ့ပြီးသော သခ်ၤတဓမ္မ, အသခ်ၤတဓမ္မနှစ်ပါးတို့တွင် သခ်ၤတဓမ္မ၌, ဝါ၊ သခ်ၤတဓမ္မအား မှတ်ကြောင်းလက္ခဏာသည် သုံးပါးရှိ၏။ သုံးပါးဟူသည်ကား ဖြစ်ပေါ်မှုဟုဆိုအပ်သော ဥပါဒ်လက္ခဏာလည်း တပါး၊ ဖြစ်ပေါ်လျှင် ကေန်ပျက်စီးရခြင်းတည်းဟူသော ဘင်ဟုခေါ်ဆိုအပ်သော ဝယလက္ခဏာလည်း တပါး၊ မိမိ, မိမိတို့၏ သဘောလက္ခဏာအားဖြင့် ဖြစ်ပေါ်ပြီးလျှင် ခေတ္တမိမိ, မိမိတို့၏လက္ခဏာဖြင့် တည်နေခိုက်ဟုဆိုအပ်သော ဌိတိအခါ၌လည်း ဖြစ်ပေါ်လာစနှင့်မတူဘဲ ရင့်ရော်ဖောက်ပြန်ခြင်းသို့ ရောက်သည်၏ အဖြစ်ဟု ဆိုအပ်သော အညထတ္တလက္ခဏာလည်း တပါး၊ ဤသို့လျှင် သခ်ၤတတရား၌, ဝါ၊ အား မှတ်ကြောင်းလက္ခဏာသုံးပါးရှိသည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ထို့သို့သိအပ်သည်၏အဖြစ်ကို ဘုရားရှင်သည် တိကအင်္ဂုတ္တိရ်ပါဠိတော် မျက်နှာနံပါတ်(၁၅၀)၌—

တီဏိမာနိ ဘိက္ခဝေ သခ်ၤတဿ သခ်ၤတလက္ခဏာနိ။ ကတမာနိ တီဏိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ သခ်ၤတဿ သခ်ၤတလက္ခဏာနိတိ။

ဟူ၍ ဟောတော်မူလေသည်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ သခ်ၤတသ၊ သခ်ၤတတရား၏။ သခ်ၤတလက္ခဏာနိ၊ ဤကား သခ်ၤတတရားဟု သိအပ်သော မှတ်ကြောင်းလက္ခဏာတို့သည်။ ဤမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား။ ဥပ္ပါဒေါ၊ ဥပါဒ်ဟုဆိုအပ်သော ဖြစ်ပေါ်မှုလက္ခဏာသည်။ ပညာယတိ၊ ထင်၏။ ဝါ၊ ကား။ ဥပ္ပါဒေါ၊ ကို။ ပညာယတိ၊ သိအပ်၏။ ဝယော၊ ဘင်ဟုဆိုအပ်သော ပျက်မှုသည်။ ပညာယတိ၊ ထင်၏။ ဝါ၊ တနည်းကား။ ဝယော၊ ကို။ ပညာယတိ၊ သိအပ်၏။ ဌိတသ၊ သခ်ၤဟဋ္ဌိဟုဆိုအပ်သော မိမိတို့၏သဘောလက္ခဏာအားဖြင့် တည်ဆဲဖြစ်သော သခ်ၤတတရား၏။ အညထတ္တံ၊ တပါး၏အဖြစ်ဟု ဆိုအပ်သော ရင့်ရော်ဖောက်ပြန်သည်၏အဖြစ်သည်။ ပညာယတိ၊ ထင်၏။ ဝါ၊ ကား။ ဌိတသ၊ ၏။ အညထတ္တံ၊ ကို။ ပညာယတိ၊ သိအပ်၏။ ဘိက္ခဝေ၊ တို့။ သခ်ၤတသ၊ သခ်ၤတတရား၏။ သခ်ၤတလက္ခဏာနိ၊ ဤကား သခ်ၤတတရားဟု မှတ်ကြောင်းလက္ခဏာတို့သည်။ ဤမာနိ တီဏိ၊ ဤသုံးပါးတို့ပေတည်း။ ဤတိ၊ ဤသို့။ အဝေါစ၊ ဟောတော်မူ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ ရှေးကပြဆိုခဲ့ပြီးသည် အတိုင်း သခ်ၤတလက္ခဏာသုံးပါးရှိသည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ထိုနည်းအတူ အသခ်ၤတဓာတ် နိဗ္ဗာန်အားလည်း ဤကား အသခ်ၤတ တရား တည်းဟု မှတ်ကြောင်းလက္ခဏာသုံးပါးရှိ၏။ သုံးပါးဟူသည်ကား ဖြစ်ပေါ်မှုဟု ဆိုအပ်သော ဥပါဒ်လက္ခဏာမရှိခြင်းတပါး၊ ပျက်စီးခြင်း ဘင်ဟု ဆိုအပ်သော ဝယလက္ခဏာမရှိခြင်းတပါး၊ မိမိ၏သဘောလက္ခဏာဟု ဆိုအပ်သော မဖြစ်, မပျက်သောအားဖြင့် တည်ရှိခြင်းတည်းဟူသော အသခ်ၤတ ဌိအခါ၌လည်း ရင့်ရော်ဖောက်ပြန်သည်၏အဖြစ် မရှိခြင်းတည်းဟူသော မှတ်ကြောင်းလက္ခဏာ တပါး၊ ဤသို့လျှင် အသခ်ၤတဓာတ်အား မှတ်ကြောင်းလက္ခဏာသုံးပါး ရှိပေ၏။ ထိုသို့ ရှိသည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည် တိက အင်္ဂုတ္တိရ်ပါဠိတော်(၁၅၀)မျက်နှာ၌ပင်—

တီဏိမာနိ ဘိက္ခဝေ အသခ်ၤတသ အသခ်ၤတလက္ခဏာနိ။ ကတမာနိ တီဏိ၊ နု ဥပ္ပါဒေါ ပညာယတိ၊ နု ဝယော ပညာယတိ၊ နု ဌိတသ အညထတ္တံ ပညာယတိ။ ဤမာနိ ခေါ ဘိက္ခဝေ တီဏိ အသခ်ၤတသ အသခ်ၤတလက္ခဏာနိတိ။

ဟူ၍ ဟောတော်မူလေသည်။ မြန်မာပြန်ကား—

ဘိက္ခဝေ၊ တို့။ အသန်တသ၊ အသန်တဓာတ်၏။ အသန်တလက္ခဏာနို၊ ဤကား အသန်တဟု မှတ်ကြောင်းလက္ခဏာတို့သည်။ ဤမာနို တီဏိ၊ ဤသုံးပါး တို့တည်း။ ကတမာနို တီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား။ ဥပ္ပါဒေါ၊ ဥပါဒ်ဟု ဆိုအပ်သော ဖြစ်ပေါ်မှုလက္ခဏာသည်။ နံ ပညာယတိ၊ မထင်။ ဝါ၊ ကား။ ဥပ္ပါဒေါ၊ ကို။ နံ ပညာယတိ၊ မသိအပ်။ ဝယော၊ ဘင်ဟုဆိုအပ်သော ပျက်မှုသည်။ နံ ပညာယတိ၊ မဆင်။ ဝါ၊ ကား။ ဝယော၊ ကို။ နံ ပညာယတိ၊ မသိအပ်။ ဌိတဿ၊ အသန်တဌိဟုဆိုအပ်သော မိမိ၏ မဖြစ်, မပျက်သော သဘောလက္ခဏာဖြင့် ထင်ရှားတည်ရှိသော အသန်တဓာတ်၏။ အညထတ္တံ၊ တပါးသော အဖြစ်ဟု ဆိုအပ်သော ရင့်ရော်ဖောက်ပြန်သည်၏ အဖြစ်သည်။ နံ ပညာယတိ၊ မထင်။ ဝါ၊ ကား။ ဌိတဿ၊ ၏။ အညထတ္တံ၊ ကို။ နံ ပညာယတိ၊ မသိအပ်။ ဘိက္ခဝေ၊ တို့။ အသန်တသ၊ အသန်တဓာတ်၏။ အသန်တလက္ခဏာနို၊ ဤကား အသန်တတရားတည်းဟု မှတ်ကြောင်းလက္ခဏာတို့သည်။ ဤမာနို တီဏိ၊ ဤသုံးပါးတို့တည်း။ ဤတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ ရှေးကပြဆိုအပ်ခဲ့သည် အတိုင်း အသန်တလက္ခဏာသုံးပါးရှိသည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

သန်တအပြစ်ကိုရှု၍ အသန်တအာရုံပြု၍ ရဟန္တာဖြစ်ပုံ

ဤပြဆိုအပ်ကုန်ပြီးသော မှတ်ကြောင်းလက္ခဏာရှိသော သန်တ, အသန်တတရားနှစ်ပါးတို့တွင် သန်တတရား၏ အပြစ်ဒေါသဟု ဆိုအပ်သော ဖြစ်ပေါ်မှုတည်းဟူသော ဥပါဒ်ဇာတိ,ဖြစ်ပေါ်ပြီး၍ မိမိ၏သဘောလက္ခဏာတို့ဖြင့် တည်ဆဲခဏဌိလည်း ရင့်ရော်သည်၏အဖြစ်ဟု ဆိုအပ်သော ဇရာ, ပျက်စီးခြင်းတည်းဟူသော ဘင်္ဂမရဏ၊ ဤဆိုအပ်ပြီးသော ဇာတိ, ဇရာ, မရဏတို့နှင့်သာလျှင် အဖန်တလဲလဲ ပေါ်လာတိုင်း, ပေါ်လာတိုင်း ဆက်ဆံလျက် မပြတ်မလပ် ပျက်စီး၍ ဒုက္ခဖြစ်နေသည်ကို ထင်မြင်နေသော ယောဂိပုဂ္ဂိုလ်သည် ၎င်းသန်တတရားမှ လွန်မြောက်သောသဘောကို ဉာဏ်ဖြင့် စုံစမ်းရှာဖွေလတ်သော် ရှေးကပြဆိုအပ်ခဲ့ပြီးသည်အတိုင်း ၎င်းသန်တလက္ခဏာသုံးပါးတို့နှင့် ပြည့်စုံသော သုခမရှိသော ဒုက္ခအစစ်ဖြစ်သော သန်တတရား၏ ဆန့်ကျင်ဘက်ဖြစ်လျက် အမြဲတည်နေသော မဖြစ်, မပျက်သော သဘောလက္ခဏာရှိသော သုခအစစ်ဖြစ်သော အသန်တသဘောကိုသာ ဉာဏ်ဖြင့် ထောက်ဆ၍ ကေန်သိလေတော့၏။ ထိုသို့ ထောက်ဆ၍ သိလေသော ယောဂိပုဂ္ဂိုလ်သည် သန်တတရားတို့၏ မပြတ်မလပ် ဖြစ်ပေါ်ခြင်းလက္ခဏာသို့ ရောက်ရခြင်း၊ မပြတ်မလပ် ရင့်ရော်, ပျက်စီးခြင်းသို့ ရောက်ရခြင်းတည်းဟူသော သန်တဒေါသ၊ ၎င်းသန်တတရားတို့၌ မြဲခြင်းနိစ္စ, ချမ်းသာခြင်းသုခ, သတ္တဝါဟူသော အတ္တ-မရှိသော

သခ်ၤတဒါသ - အပြစ်တွေကို မြင်လေလေ၊ ၎င်းသခ်ၤတဒါသလက္ခဏာတို့မှ ကင်းနေသော မဖြစ်, မပျက်မူလက္ခဏာဖြင့် မြဲစွာတည်နေသော အသခ်ၤတဓာတ် နိဗ္ဗာန်သို့ ဝိပဿနာဉာဏ်ဖြင့် အာရုံပြု၍ ပြေးဝင်လေလေသာ ဖြစ်၏။ ထို့သို့ ပြေးဝင်သည်၏အဖြစ်ကို ထင်ရှားသိစေလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် အာနာပါနကမ္မဋ္ဌာန်းကိုဖွင့်ဆိုရာအခန်း မျက်နှာနံပါတ်(၂၀၂)၌လည်းကောင်း၊ ပါရာဇိကဏ်အဋ္ဌကထာရှင်သည် တတိယပါရာဇိကအဖွင့် မျက်နှာနံပါတ်(၃၅)၌ လည်းကောင်း—

ဝိပဿနာ ဟိ တဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသခ်ၤရေဟိ ကိလေသေ ပရိစ္စဇတိ၊ သခ်ၤတဒါသဒဿနေန စ တဗ္ဘိပရိတေ နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒတိတိ ပရိစ္စာဂပဋိနိဿဂ္ဂေါ စေဝ ပက္ခန္ဒနပဋိနိဿဂ္ဂေါ စာတိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်ကုန်ပြီ။

မြန်မာပြန်ကား—

ဟိ ယသ္မာ၊ အကြောင်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာဉာဏ်သည်။ တဒင်္ဂ-ဝသေန၊ ထိုထိုအနိစ္စာနုပဿနာ စသော တဒင်္ဂ၏အစွမ်းဖြင့်။ ဝါ၊ တဒင်္ဂပဟာန်၏ အစွမ်းဖြင့်။ ခန္ဓာဘိသခ်ၤရေဟိ၊ ခန္ဓာကို ဖြစ်စေတတ်သော အဘိသခ်ၤရတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကိလေသေ၊ ကိလေသာတို့ကို။ ပရိစ္စဇတိ၊ စွန့်လည်း စွန့်တတ်၏။ သခ်ၤတဒါသဒဿနေန စ၊ သခ်ၤတဖြစ်သော ဘုံသုံးပါး၌ အကျုံး ဝင်သောစိတ်, စေတသိက်, ရုပ်ဘရားတို့၏ ဖြစ်တတ်, ပျက်တတ်သည်၏ အဖြစ်ဟု ဆိုအပ်သော အပြစ်ဒါသကို မြင်ခြင်းကြောင့်လည်း။ တဗ္ဘိပရိတေ၊ ထိုဖြစ်, ပျက်တတ်သော သဘောလက္ခဏာရှိသော သခ်ၤတတရားမှပြန်သော မဖြစ်, မပျက်သော သဘောလက္ခဏာရှိသော။ နိဗ္ဗာနေ၊ အသခ်ၤတဓာတ်ဖြစ်သော နိဗ္ဗာန်၌။ တန္နိန္နတာယ ထိုနိဗ္ဗာန်သို့ ညွတ်သည်၏ အဖြစ်ဖြင့်။ ပက္ခန္ဒတိ စ၊ ပြေးလည်းပြေးဝင်လေ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာ ဉာဏ်ကို။ ပရိစ္စာဂပဋိနိဿဂ္ဂေါစေဝ၊ ပရိစ္စာဂပဋိနိဿဂ္ဂေါ– ဟူ၍သာလျှင် လည်းကောင်း။ ပက္ခန္ဒနပဋိနိဿဂ္ဂေါတိ စ၊ ပက္ခန္ဒနပဋိနိဿဂ္ဂေါ-ဟူ၍သာလျှင် လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။"

ဤပြဆိုအပ်သောပါဠိတို့တွင် (ဝိပဿနာ ။ပ။ သခ်ၤတဒါသဒဿနေန စ တဗ္ဘိပရိတေ နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒတိ) ဟူသော ပါဠိတို့ကိုထောက်၍ မဂ်မဖြစ်မီ ရှေးအဘို့ကပင် တင်ကူး၍ ဝိပဿနာဉာဏ်ဖြင့် သခ်ၤတတရားတို့၏ အပြစ်ကိုမြင်လျှင် ၎င်းသခ်ၤတတရားတို့၏ စင်စစ်ဆန့်ကျင်ဘက်ဖြစ်သော မပျက်မစီးဘဲ အမြဲတည်ရှိသော အသခ်ၤတဓာတ်နိဗ္ဗာန်သို့ စင်စစ်ထောက်ဆ၍

သိသဖြင့် အာရုံပြု၍ ပြေးဝင်သကဲ့သို့ ရောက်သည်၏အဖြစ်ကို ရှေးကပြဆိုအပ်ခဲ့သည်အတိုင်း ထင်ရှားသိကြကုန်။

ဤပြဆိုအပ်ကုန်သော အဋ္ဌကထာတို့၌ မိန့်ဆိုအပ်သည်ကိုထောက်၍သာ သိအပ်သည်မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်-အဋ္ဌကထာ ဒုတိယအုပ် မျက်နှာနံပါတ် (၁၀၂) ၌လည်း—

သခ်ၤတဒေါသဒဿနေန စ တဗ္ဗိပရိတေ နိဗ္ဗာနေ နိန္နတာယ ပက္ခန္ဒနတော။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

သခ်ၤတဒေါသဒဿနေန စ၊ သခ်ၤတဖြစ်သောစိတ်, စေတသိက်, ရုပ်တရားတို့၏ မမြဲသည်၏အဖြစ်, မချမ်းသာသည်၏အဖြင့်, သတ္တဝါမဟုတ်သည်၏အဖြစ်, ဇရာ, မရဏတည်းဟူသော ရင့်ရော်, ပျက်စီးတတ်သည်၏အဖြစ်-ဟု ဆိုအပ်သော အဖြစ်ဒေါသတို့ကို မြင်ခြင်းကြောင့်လည်း။ ဝဗ္ဗိပရိတေ၊ ထိုနိစ္စ, သုခ စသည်မရှိသော သခ်ၤတတရားမှပြန်သော။ နိဗ္ဗာနေ၊ နိစ္စ, သုခ-ဖြင့်သော အသခ်ၤတခေတ် နိဗ္ဗာန်သို့။ နိန္နတာယ၊ ညွတ်သည်၏အဖြစ်ဖြင့်။ ပက္ခန္ဒနတော၊ ပြေးဝင်ခြင်းကြောင့်။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍လည်း ဝိပဿနာဉာဏ်ဖြင့် သခ်ၤတတရားတို့၏ အပြစ်ကိုမြင်လျှင် ၎င်းသခ်ၤတတရားတို့၏ စင်စစ် ဆန့်ကျင်ဘက်ဖြစ်သော မပျက်မစီးဘဲ အမြဲသုခဖြစ်လျက်တည်သော အသခ်ၤတဓာတ်နိဗ္ဗာန်သို့ စင်စစ်ထောက်ဆ၍ သိသဖြင့် အာရုံပြု၍ ပြေးဝင်သကဲ့သို့ ရောက်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤသို့ပြဆိုအပ်သောနည်းဖြင့် သခ်ၤတတရားတို့၏ အပြစ်တွေ့ကိုမြင်လျှင် ဆန့်ကျင်ဘက်ဖြစ်သော အသခ်ၤတဓာတ်သို့ ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ အာရုံပြုသောအားဖြင့် စေလွှတ်လေလေသာ ဖြစ်၏။ ထိုသို့စေလွှတ်ဖန်များ၍ မဂ်ဖြစ်ခြင်းငှါ ထိုက်သည်ဖြစ်အံ့၊ ထိုအခါ အသခ်ၤတဓာတ်သဘောကို ထင်ထင်လင်းလင်း အဟုတ်အဟတ် ပကတိမျက်စိဖြင့်မြင်သကဲ့သို့ သောတာပတ္တိမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ထိုးထွင်းသိမြင်လေတော့၏။ ထိုသို့သိမြင်သော အခိုက်၌ လောကုတ္တရာသောတာပတ္တိမဂ်ဉာဏ်ဖြစ်သည် မည်၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဒုတိယအုပ် ပညာဝဂ် ဝိပဿနာကထာ စာမျက်နှာ (၄၁၃) ၌—

ပဠုက္ခန္ဓေ သခ်ၤတတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ "ပဠုန္ဒံ ခန္ဓာနံ နိရောဓော အသခ်ၤတံ နိဗ္ဗာန" န္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ပဥ္စ၊ ငါးပါးကုန်သော။ ခန္ဓေ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို။ သင်္ခတဒတာ၊ မပြတ်မလပ် အကြောင်းတရားတို့သည် ပေါင်းဆုံညှတ်ခြင်းသို့ရောက်၍ ပြုပြင်အပ်သောအားဖြင့်။ ဝါ၊ အကြောင်းတရားတို့သည် ပေါင်းဆုံညှတ်ခြင်းသို့ ရောက်၍ ပြုပြင်တိုင်း ပြုပြင်တိုင်း, ဖြစ်ပေါ်မှု, ရင့်မှု, ပျက်မှု-တို့သိုသာလျှင် ရောက်နေသည်၏အဖြစ်ဟု ဆိုအပ်သော သင်္ခတဒေါသအားဖြင့်။ ပဿန္တော၊ ဝိပဿနာဉာဏ်ဖြင့် မြင်သောပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္ဓိံ၊ တရားကိုးနှစ်သက်တတ်သောဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၏။ နိဇရောဓေ၊ နောင်ဖြစ်ပေါ်မှုမရှိဘဲ ငြိမ်းကွယ်ကြောင်းဖြစ်သော ပရမတ္ထသဘောသည်။ အသင်္ခတံ၊ အကြောင်းတရားတို့သည် ပေါင်းဆုံညှတ်ခြင်းသို့ရောက်၍ မပြုပြင်အပ်သော အသင်္ခတသဘောပေတည်း။ ဝါ၊ သင်္ခတဒေါသဟု ဆိုအပ်သော ဖြစ်ပေါ်မှု, ရင့်မှု, ပျက်မှုတို့မှ ကင်းသော အခါခပ်သိမ်း မဖြစ်, မပျက်, မရင့်သော နောင်ဖြစ်ပေါ်လတ္တံ့သော မီးဝဝ-ပါးတို့၏ ငြိမ်းကြောင်း ဖြစ်သော အသင်္ခတနိဗ္ဗာန် တရားပေတည်း။ ဣဘိ၊ ဤသို့။ တံ၊ ထို နိဗ္ဗာန်ကို။ ပဿန္တော၊ မြင်သောပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မိမိ၏အခြားမဲ့၌ အကျိုးပေးသောအားဖြင့် မြဲသော လောကုတ္တရာမဂ်သို့။ သြက္ကမတိ၊ သက်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့ဘုင် ပဥ္စက္ခန္ဓေ ဟူ၍ အပေါင်းခန္ဓာ ငါးပါးကိုပင် ပြသော်လည်း အစိတ်, အစိတ်အားဖြင့်လည်း ရှုအပ်သည်သာတည်း။ ရှုအပ်ကြောင်းကိုလည်း ၎င်း ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ (၃၁၇)၌—

> ပဥ္စက္ခန္ဓေတိ သမ္မဟတော ဝုတ္တေပိ ဧကေကခန္ဓဝသေန အတ္ထဝဏ္ဏနာ ကလာပသမ္မသနညာဏနိဒ္ဒေသေ ဝိသုံ ဝိသုံ အာဂတတ္တာ ပရိယောသာနေ စ ဝိသုံ ဝိသုံ ခန္ဓာနံ ဝသေန အနုပဿနာနံ ဂဏိတတ္တာ သမ္မဟပဟာနတ္ထဝစနာနံ အာယတေပိ ပဝတ္တိသမ္ဘဝတော စ ကတာတိ ဝေဒိတဗ္ဗာ၊ ဝိသုံ ဝိသုံ ပဝတ္တသမ္မသနာနံ ဧကတော်သံခိပိတ္တာ ဝစနဝသေန ဝါ "ပဥ္စက္ခန္ဓေ"တိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

ဟူ၍ မိန့်ဆိုလေပြီ။

မြန်မာမြန်ကား—

ပဥ္စက္ခန္ဓေတိ၊ ပဥ္စက္ခန္ဓေ ဟူ၍။ သမ္ဟဟဘော၊ အပေါင်းအားဖြင့်။ ဝုတ္တောပိ၊ ဆိုအပ်သော်လည်း။ ဧကေကခန္ဓဝသေန၊ တပါး, တပါးသော ခန္ဓာ၏ အစုမ်းဖြင့်။ အတ္ထဝဏ္ဏနာ၊ အနက်၏အဖွင့်ကို။ ကလာပသမ္မသနညာဏနိဒ္ဒေသေ၊ ကလာပသမ္မသနညာဏ်ကို ညွှန်းပြရာစကားရပ်၌။ ဝိသုံ ဝိသုံ၊ အသီး, အသီး။ အာဂတတ္တာ စ၊ လာသည်၏အဖြစ်ကြောင့်လည်းကောင်း။ ပရိယောသာနေ စ၊ အဆုံး၌လည်း။ ဝိသုံ ဝိသုံ၊ အသီး, အသီး။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ဝသေန၊ အစုမ်းဖြင့်။ အနုပဿနာနံ၊ အစဉ်ရှုခြင်းတို့ကို။ ဂဏိတတ္တာ စ၊ ယူအပ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ သမ္ဟဟော၊ အပေါင်း၌။ ပဝတ္တဝစနာနံ၊ အပြားအားဖြင့် ဖြစ်ကုန်သော စကားတို့၏။ အဝယဝေါ၊ အစိတ်, အစိတ်ဖြစ်သော စကား၌လည်း။ ပဝတ္တိသမ္ဘဝတော စ၊ ဖြစ်သင့်ခြင်းကြောင့်လည်းကောင်း။ ကတာ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ။ သိအပ်၏။ ဝါ၊ တနည်းကား။ ဝိသုံ ဝိသုံ၊အသီး, အသီး။ ပဝတ္တသမ္မသနာနံ၊ ဖြစ်ကုန်သော သုံးသပ်ထိုက်သော တရားတို့ကို။ ကတော၊ တပေါင်းတည်း။ သံခိပိတ္ဝာ၊ ချုံး၍။ ဝစနဝသေန၊ ဆိုအပ်သည်၏ အစုမ်းဖြင့်။ပဥ္စက္ခန္ဓေတိ ဧတံ ဝစနံ၊ပဥ္စက္ခန္ဓေ ဟူသော ဤစကားတော်ကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍ အပေါင်းကို ဆိုအပ်သော်လည်း အစိတ်, အစိတ်လည်း သုံးသပ်အပ်ကြောင်းကိုလည်းကောင်း၊ ထိုအစိတ်, အစိတ်သော သခ်ၤတတရားတို့ကို သုံးသပ်၍လည်း မဂ်ဖြစ်ထိုက်ကြောင်းကိုလည်းကောင်း ထင်ရှားသိကြကုန်။ ဤသို့ပြဆိုအပ်သော ပါဠိတော်, အဋ္ဌကထာ စကားရပ်တို့ကိုထောက်၍ သခ်ၤတတရားဖြစ်သော ခန္ဓာငါးပါးတို့ကို အစိတ်, အစိတ်အားဖြင့်ဖြစ်စေ၊ အပေါင်းအားဖြင့်ဖြစ်စေ၊ အဖန်ဖန် သခ်ၤတအားဖြင့် သုံးသပ်၍ ကောင်းစွာ အပြစ်ကိုမြင်ပြီး၍ ငြီးငွေ့လတ်သော် ၎င်းသခ်ၤတတရား၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်, မပျက်, မရင့်သော သဘောလက္ခဏာအားဖြင့် အမြဲတည်သော အသခ်ၤတသဘောသို့ ဝိပဿနာဉာဏ်ဖြင့် အာရုံပြုသော အားဖြင့် စေလွှတ်ဖန်များလျှင် မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်းသိမြင်ခြင်းသို့ ရောက်၍ သောတာပတ္တိမဂ်ဉာဏ် ဖြစ်နိုင်သည်၏အဖြစ်ကို ထင်ရှား သိကြကုန်။မဂ်ဉာဏ်ဖြစ်ကလည်း ဖိုလ်၏အဖြစ်သို့ ရောက်လေတော့သည်သာတည်း။ ထို မဂ်, ဖိုလ် ဖြစ်ပုံကို ဝိထိစဉ်နှင့်တကွ သမုပ္ပါဒနိရောဓကျမ်း ပဌမပိုင်းစာအုပ်၌ ပြဆိုထားအပ်ပြီ။ သောတာမတ္တိမဂ်, ဖိုလ်သို့ ရောက်ပြီးသော အရိယာပုဂ္ဂိုလ်သည် ရှေးနည်းအတူ သခ်ၤတ အပြစ်ဟူကိုရှု၍ အသခ်ၤတ တရားသဘောသို့ စေလွှတ်ဖန်များလျှင် အစဉ်အတိုင်း သကဒါဂါမ်, အနာဂါမ်, ရဟန္တာအဖြစ်သို့ ရောက်နိုင်သည်သာတည်း။

အသန်တဓာတ်(ဌီ)ကို ပါဠိတော်, အဋ္ဌကထာတို့ဖြင့်ပြပုံ

ထိုသို့ ရဟန္တာအဖြစ်သို့ ရောက်စေနိုင်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော အသန်တဓာတ်နိဗ္ဗာန်သဘောသည် စင်စစ် မိမိသဘော လက္ခဏာအားဖြင့် ထင်ရှားစွာတည်နေသည်သာတည်း။ ထိုသို့ တည်နေမှုကို အသန်တဌီဟု ခေါ်ဆိုအပ်သည်။ ထိုအသန်ဘဌီဟု ခေါ်ဆိုအပ်သော တည်နေမှုကို ထင်ရှားသိစေဘော်မူလိုသောကြောင့် စူဠနိဒ္ဒေသပါဠိတော်-ပါရာယနဝဂ်-မောဃရာဇပဉ္ဉာနိဒ္ဒေသ မျက်နှာနံပါတ် (၉၅)၌ လည်းကောင်း၊ မဟာနိဒ္ဒေသပါဠိတော် ဂုဟဋ္ဌကသုတ္တနိဒ္ဒေသ မျက်နှာနံပါတ် (၂၅)၌ လည်းကောင်း။

ဝုတ္တဉ္ဉေတံ ဘဂဝတာ ဧဝမေဝ ခေါ ဗြာဟ္မဏ တိဋ္ဌတေဝ နိဗ္ဗာနံ။ပ။
ကေစ္စေ နာရာဓေန္တိတိ။

ဟူ၍ အဂ္ဂသာဝကာ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာထေရ်သည် ဥပရိပဏ္ဏာသပါဠိတော်၌ ဘုရားဟောတော် မူအပ်သော စကားတော်ကို ထုတ်ဖော်၍ ပြဆိုတော်မူအပ်လေသည်။ ၎င်းမဟာနိဒ္ဒေသအဋ္ဌကထာ စာမျက်နှာ (၉၁)၌လည်း-—

တိဋ္ဌတေဝ နိဗ္ဗာနန္တိ အမတမဟာနိဗ္ဗာနံ တိဋ္ဌတိယေဝ။

ဟူ၍ ဖွင့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဘဂဝတာ၊ ဘုန်းတော်ခြောက်ပါးရှိတော်မူသော ဘုရားရှင်သည်။ ဧဝမေဝ-ခေါ် ဗြာဟ္မဏ တိဋ္ဌတေဝ နိဗ္ဗာနံ ။ပ။ ကေစ္စေ နာရာဓေန္တိတိ၊ ဧဝမေဝ ခေါ် ဗြာဟ္မဏ တိဋ္ဌတေဝ နိဗ္ဗာနံ ။ပ။ ကေစ္စေ နာရာဓေန္တိ – ဟူသော။ ဧတံ ဝစနံ၊ ဤစကားတော်ကို။ ဝုတ္တံ ဟိ-ဝုတ္တံ ဧဝ၊ ဟောတော်မူအပ်သည်သာလျှင်တည်း။ ဗြာဟ္မဏ၊ ပုဏ္ဏား။ နိဗ္ဗာနံ၊ နောင်ဖြစ်ပေါ်လတ္တံ့သော မီး ၁၁-ပါး တို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သော အသန်တသဘော ဖြစ်သော နိဗ္ဗာန်သည်။ တိဋ္ဌတေဝ-တိဋ္ဌတိ ဧဝ၊ ထင်ရှားတည်နေသည်သာလျှင်တည်း။ ဤကား ပါဠိတော်မြန်မာပြန်တည်း။

တိဋ္ဌတေဝ နိဗ္ဗာနန္တိ၊ တိဋ္ဌတေဝ နိဗ္ဗာနံ-ဟူသည်ကား။ အမတမဟာနိဗ္ဗာနံ၊ မပျက်မစီးသော မြတ်သော နိဗ္ဗာန်သည်။ တိဋ္ဌတိယေဝ၊ အမြဲတည်နေသည်သာလျှင်တည်း။

ဤသို့ ပြဆိုတော်မူအပ်သော ပါဠိတော်, အဋ္ဌကထာ စကားရပ်တို့တွင် (တိဋ္ဌတေဝ နိဗ္ဗာနံ၊ နိဗ္ဗာနံ တိဋ္ဌတိယေဝ) ဟူသောပါဌ်တို့ဖြင့် အသန်တဓာတ်နိဗ္ဗာန်၏ ထင်ရှားတည်နေသည်၏အဖြစ်ကို စင်စစ် သိကြကုန်။

ဤ ပါဠိတော်, အဌကထာပါဠ့တို်ဖြင့်သာ အသခ်ၵ်တဓၵတ်နိဗ္ဗာန်၏ ထင်ရှား တည်နေသည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်· ယုဂနဒ္ဓဝဂ်-သစ္စကထာ မျက်နှာနံပါတ် ၂၉၇-၌—

အသခ်ၵ်တသာ သစ္စသာ နာ ဥပ္ပါဒေါ ပညာယတိ၊ နာ ဝယော ပညာ-ယတိ၊ နာ ဌိတသာ အညထတ္တံ ပညာယတိ ။ပ။ နိရောဓသစ္စသာ နာ ဥပ္ပါဒေါ ပညာယတိ၊ နာ ဝယော ပညာယတိ၊ နာ ဌိတသာ အညထတ္တံ ပညာယတိ။

ဟူ၍ ဟောတော်မူအပ်သော ပါဠ့တို်ဖြင့်လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

အသခ်ၵ်တသာ၊ အသခ်ၵ်တဖြစ်သော။ သစ္စသာ၊ မဖောက်မပြန်မှန်သော တတိယ-သစ္စာနိဗ္ဗာန်၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းဟူတိကို။ နာ ပညာယတိ၊ မသိအပ်။ ဝယော၊ ပျက်စီးခြင်း ဘင်္ဂမရဏကို။ နာ ပညာယတိ၊ မသိအပ်။ ဌိတသာ၊ ထင်ရှားတည်နေသော အသခ်ၵ်တခေါတ် တတိယသစ္စာ နိဗ္ဗာန်၏။ အညထတ္တံ၊ တပါး၏ အဖြစ်ဟု ဆိုအပ်သော ဇရာကို။ နာ ပညာယတိ၊ မသိအပ်။ပ။ နိရောဓ-သစ္စသာ၊ နိရောဓ သစ္စာဖြစ်သော အသခ်ၵ်တဓၵတ်နိဗ္ဗာန်၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းဟူတိကို။ နာ ပညာယတိ၊ မသိအပ်။ ဝယော၊ ပျက်စီးခြင်းဘင်္ဂမရဏကို။ နာ ပညာယတိ၊မသိအပ်။ ဌိတသာ၊ထင်ရှားတည်နေသော အသခ်ၵ်တဓၵတ် တတိယ သစ္စာနိဗ္ဗာန်၏။ အညထတ္တံ၊ တပါး၏အဖြစ်ဟုဆိုအပ်သော ဇရာကို။ နာ ပညာ-ယတိ၊ မသိအပ်။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ဌိတသာ ဟူသော စကားတော်ကို ထောက်၍ အသခ်ၵ်တဓၵတ် နိဗ္ဗာန်၏ ထင်ရှားတည်နေသည်၏ အဖြစ်ကို သိကြကုန်။ ဤပါဠိတော်စကားကို ထောက်၍သာ သိအပ်သည် မဟုတ်သေး၊ ရှေးကပြဆိုအပ်ခဲ့ပြီးသော တိကအဂ်ုတ္တိရ်ပါဠိတော်၌—

တီဏိမာနိ ဘိက္ခဝေ အသခ်ၵ်တသာ အသခ်ၵ်တလက္ခဏာနိ။ ကတမာနိ တီဏိ နာ ဥပ္ပါဒေါ ပညာယတိ၊ နာ ဝယော ပညာယတိ၊ နာ ဌိတသာ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ အသခ်ၵ်တသာ အသခ်ၵ်တလက္ခဏာနိ။

ဟူ၍ လာရှိကုန်သော ပါဠိတော်စကားရပ်တို့တွင် ဌိတသာ ဟူသော ပါဠ့ကို ထောက်၍လည်း အသခ်ၵ်တဓၵတ်နိဗ္ဗာန်၏ ထင်ရှားတည်နေသည်၏ အဖြစ်ကို သိကြကုန်။ ဤပါဠိတော်ကို ထောက်၍သာ သိအပ်သည် မဟုတ်သေး။

ဌိတသာတိ နိစ္စတ္တာ ဌိတသာ။

ဟူ၍ ပဋိသမ္ဘိဒါမဂ်အဌကထာ ၎င်း ဌိတသာ အဖွင့်ဦးဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

နိစ္စတ္တာ၊ မြဲသည်၏ အဖြစ်ဖြင့်။ ဌိတဿ၊ တည်နေသော အသန်တစောတ် နိဗ္ဗာန်၏။

အဓိပ္ပါယ်ကား—

အသန်တစောတ် နိရောဓသစ္စာ၏လက္ခဏာကို ဟောတော်မူရာတို့၌ လာရှိသော ဌိတဿ ဟူသော စကားတော်၏အရမှာ ၎ရာ, မရဏ တို့ဖြင့် ဖောက်ပြန်ခြင်း မရှိဘဲ အမြဲတည်နေသော ဌိကိုသာယူအပ်၏ဟု သိစေတော်မူလိုသောကြောင့် နိစ္စဟူသော ပုဒ်ဖြင့် အထူးပြု၍ ဖွင့်ပြတော်မူအပ်လေသည်။ ထိုသို့ ဖွင့်ပြအပ်သည်ကို ထောက်၍လည်း အသန်တစောတ်နိဗ္ဗာန်၌ အမြဲတည်နေခြင်း တည်းဟူသော ဌိရှိသည်၏ အဖြစ်ကို သိကြကုန်။ ဤ မဟာနိဒ္ဒေသပါဠိတော်, ၎င်း အဋ္ဌကထာ, စူဠနိဒ္ဒေသပါဠိတော်, ပဋိသမ္ဘိဒါမဂ်ပါဠိတော်, အဂုတ္တိရ်ပါဠိတော်, ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ-တို့၌ ပြဆိုအပ်ကုန်သော စကားတော်တို့ကို ထောက်၍ အသန်တစောတ် နိဗ္ဗာန်၌ အမြဲတည်နေသော ဌိရှိသည်၏ အဖြစ်ကို စင်စစ်မှန်ရှု စဲ့ယူကြကုန်။ အကယ်၍ အသန်တစောတ် နိဗ္ဗာန်၌ ဌိမရှိဟုယူကြလျှင် ဤ ပြဆိုအပ်ကုန်ပြီးသော ပါဠိတော်, အဋ္ဌကထာ စကားတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သော အယူမျိုးသာ ဖြစ်လေ၏ဟု မှတ်ကြကုန်။ [*ထိုပြဆို အပ်ပြီးသော ဌိတဿဟူသော စကားတော်၏အရဖြစ်သော တည်နေမှုဟူသည် စင်စစ် ထင်ရှား ရှိနေသည်၏ အဖြစ်ကိုသာ ရည်၍ ဆိုအပ်သည်]။ ထိုသို့ ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ ရှင်သည်—

အတ္ထိတာ သဗ္ဗဓမ္မာနံ၊ ဌိတိနာမ ပ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

သဗ္ဗဓမ္မာနံ၊ အလုံးစုံသော သင်္ခတ, အသင်္ခတ-တရားတို့၏။ အတ္ထိတာ၊ ရှိသည်၏ အဖြစ်ကို။ ဌိတိနာမ၊ ဌိမည်၏ဟူ၍။ ဝါ၊ တည်နေသည်မည်၏ဟူ၍။ ပ၊ အပြားအားဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ စကားကိုထောက်၍ ဌိတဿဟူသော စကားတော်၏အရဖြစ်သော တည်နေမှု ဟူသည် စင်စစ် ထင်ရှားရှိနေသည်၏ အဖြစ်ကိုသာရည်၍ ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

(*) အထူးသတိပြုရန်

နိဗ္ဗာန်သည် တပါးတည်းသာဖြစ်သော်လည်း သဒ်တ, ပဋိပက္ခအားဖြင့် အမည်မျးစ္စာရှိသည်ကိုပြခြင်း

ထိုသို့ ထင်ရှားတည်နေသော မင်္ဂ, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် စင်စစ် မုချအားဖြင့် တပါးတည်းသာတည်း။ ထိုသို့ တပါးတည်း၏ အဖြစ်ကို သိစေတော်မူလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် နိရောဓသစ္စာအဖွင့် မျက်နှာနံပါတ်(၁၀၆)၌ "ကေမေဝ ဟိ နိဗ္ဗာနံ" ဟူ၍လည်းကောင်း၊ ပဋိသမ္ဘိဒါမင်္ဂ-အဋ္ဌကထာရှင်သည် ပဌမအုပ် စာမျက်နှာ(၁၄၈)၌ ကေမေဝ ဟိ နိဗ္ဗာနံ။ ဟူ၍လည်းကောင်း မိန့်ဆိုအပ်လေကုန်သည်။

မြန်မာပြန်ကား—

ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ နိဗ္ဗာနံ၊ နောင် ဖြစ်ပေါ်လတ္တံ့သော မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်။ ကေမေဝ၊ တပါးတည်းသာလျှင်တည်း။ ဤသို့ မိန့်ဆိုအပ်ကုန်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍လည်းကောင်း၊

ထိုမှတပါး ဝိသုဒ္ဓိမင်္ဂ အဋ္ဌကထာရှင်သည် သစ္စနိဒ္ဒေသ-နိရောဓကထာ၌— အတ္ထတော ကေမေဝ နိဗ္ဗာနံ။ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် မုချအားဖြင့် တပါးတည်းသာ ရှိသည်၏အဖြစ်ကို ထင်ရှား သိကြကုန်။

ထို မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် တပါးတည်းသာလျှင် ဖြစ်သော်လည်း အလုံးစုံသော သဒ်တ တရားတို့၏ အမည်နာမ၏ ဆန့်ကျင်ဘက်၏ အစွမ်းဖြင့် မျးစ္စာသော ထိုနိဗ္ဗာန်၏ ပရိယာယ်ဝေါဟုတ် အမည်တို့သည် ဖြစ်ကုန်၏။ ထိုသို့ မျးစ္စာသော ပရိယာယ်ဝေါဟုတ်အမည် ဖြစ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် သစ္စဝိဘင်းအဖွင့် မျက်နှာနံပါတ်(၁၀၆)၌—

နာမာနိ ပနဿ သဗ္ဗသင်္ခတာနံ နာမပဋိပက္ခဝသေန အနေကာနိ နိဗ္ဗာနဝေါစနာနေဝ ဟောန္တိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ပန၊ ထိုသို့ပင် နိဗ္ဗာန်တပါးတည်း ဖြစ်သော်လည်း။ အဿ၊ ထိုနိဗ္ဗာန်၏။ နာမာနိ၊ အမည်တို့သည်။ သဗ္ဗသင်္ခတာနံ၊ အလုံးစုံသော သဒ်တ တရားတို့၏။ နာမပဋိပက္ခဝသေန၊ အမည်၏ ဆန့်ကျင်ဘက်၏ အစွမ်းဖြင့်။ အနေကာနိ၊

တပါးမက မျှားလှုကုန်သော။ နိဗ္ဗာနဝေဝစနာနေဝ၊ နိဗ္ဗာန်၏ ပရိယာယ်ဝေဝုစ် အမည်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ အဋ္ဌကထာရှင် မိန့်ဆိုအပ်သည်ကိုထောက်၍ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် တပါးတည်းသာလျှင် ဖြစ်သော်လည်း အလုံးစုံသော သင်္ခတ တရားတို့၏ အမည်နာမ၏ ဆန့်ကျင်ဘက်၏ အစွမ်းဖြင့် မျှားစွဲသော နိဗ္ဗာန်၏ ပရိယာယ်ဝေဝုစ် အမည်တို့ဖြစ်ကုန်သည်၏ အဖြစ်ကို ထင်ရှား သိကြကုန်။ ဤ အဋ္ဌကထာရှင် မိန့်ဆိုအပ်သည်ကို ထောက်၍သာ သိအပ်သည်မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ (၁၄၈)၌—

နာမာနိ ပနဿ သဗ္ဗသင်္ခတာနံ နာမပဋိပက္ခဝသေန အနေကာနိ ဟောန္တိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြကုန်ဦး။

၎င်း နိဗ္ဗာန်ကို (နိဗ္ဗာန) ဟူ၍ ခေါ်ဆိုအပ်ကြောင်း

ထိုသို့ မျှားစွဲသော ပရိယာယ်ဝေဝုစ်အမည် ဖြစ်ကုန်သည်၏ အဖြစ်ကြောင့် သာလျှင် ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ပညတ် သုံးပါးမှ လွတ်နေသော ပရမတ္ထအားဖြင့် ထင်ရှားတည်ရှိနေသော ၎င်းအသင်္ခတဓာတ်သဘောကို သင်္ခတ နယ်ဘက်ကဖြစ်သော ရာဂအစရှိသော မီး ၁၁-ပါးတို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ သတ္တိထူးရှိသည်၏အဖြစ်ကြောင့် နိဗ္ဗာနဟူသော အမည်ဖြင့်လည်း ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော သုမင်္ဂလသာမိဋီကာရှင်သည် ပရမတ္ထတရား လေးပါးတို့တွင် နိဗ္ဗာန်ပရမတ်ကို ဖွင့်ပြရာ စိတ်ပိုင်း တတ္ထ ဝုတ္တာ ဂါထာအဖွင့်၌-

နိဗ္ဗာတိ ဝါ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ။ ဟူ၍လည်းကောင်း၊ ထိုမှ တပါး အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ နိဗ္ဗာန်၏အမည်အဖွင့်၌—

နိဗ္ဗာတိ ဝါ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ။ ဟူ၍လည်းကောင်း၊ ထိုမှ တပါး အဘိဓာနပပ္ပဒီပိကာသူစိ ကျမ်းဆရာသည် မျက်နှာနံပါတ် (၃၃၆) နိဗ္ဗာန အဖွင့်၌---

- နိဗ္ဗာတိ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ။ ဟူ၍လည်းကောင်း မိန့်ဆိုအပ်လေကုန်သည်။

မြန်မာပြန်ကား— ဝါ၊ တနည်းကား။ ဧတေန၊ ထိုအသင်္ခတဓာတ်နိဗ္ဗာန်ကြောင့်။ ရာဂဂ္ဂိအာဒိကော၊ ရာဂမီးအစရှိသည်သည်။ နိဗ္ဗာတိ၊ ငြိမ်း၏။ ဣတိ တသ္မာ၊ ထိုသို့ ရာဂမီးအစရှိသည်တို့၏ ငြိမ်းကြောင်းဖြစ်သော သတ္တိကြောင့်။

တံ၊ ထိုအသခ်ၤတဓေတ်သဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ကျန်သောပါဠိတို့၏ အနက်သိကြောင်း မြန်မာပြန်လည်း အတူတူသာလျှင်တည်း။ ဤသို့ပြဆိုအပ်ကုန်သော ဋီကာရှင်တို့၏ စကားကိုထောက်၍ ၎င်းအသခ်ၤတဓေတ်သဘောကို သခ်ၤတနယ်ဘက်ကဖြစ်သော ရာဂအစရှိသော မီး ၁၁-ပါး၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကုယ်ငြိမ်းခြင်း၏ အကြောင်းခံသတ္တိထူးကြောင့် နိဗ္ဗာနဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ဤဆိုအပ်ကုန်ပြီးသော ဋီကာရှင်တို့သာ ၎င်းအသခ်ၤတသဘောကို နိဗ္ဗာနဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို မိန့်ဆိုအပ်ကုန်သည်မဟုတ်သေး။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည်လည်း ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသအဖွင့် မျက်နှာနံပါတ်(၃၀၄)၌—

> ယထာ စ ဥက္ကာသမ္ဗုဋ္ဌော ပုရိသော သီတံ ပတ္ထေတိ၊ ဧဝမေဝါယံ သံသာရဝဋ္ဋေ ကောဒဿဂ်ိသန္တာပသန္တဋ္ဌော ယောဂါဝစရော ကောဒဿဂ်ိဝူပသမံ နိဗ္ဗာနံ ပတ္ထေတိ။ ဟူ၍ မိန့်ဆိုအပ်သေး၏။

မြန်မာပြန်ကား—

စ၊ အဘို့တပါးကို ဆိုဦးအံ့။ ဥက္ကာသမ္ဗုဋ္ဌော၊ အပူဖြင့် တွေ့အပ်သော။ ပုရိသော၊ ယောကျ်ားသည်။ သီတံ၊ အအေးကို။ ပတ္ထေတိ ယထာ၊ တောင့်တသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ သံသာရဝဋ္ဋေ၊ မပြတ်မလပ် ဖြစ်နေသော သံသရာဝဋ်၌။ ကောဒဿဂ်ိသန္တာပသန္တဋ္ဌော၊ ၁၁-ပါးသော မီးတည်းဟူသော အပူအလောင်ဖြင့် ပြင်းစွာပူလောင်သော။ အယံ ယောဂါဝစရော၊ ဤယောဂါဝစရပုဂ္ဂိုလ်သည်။ ကောဒဿဂ်ိဝူပသမံ၊ ၁၁-ပါးသောမီးတို့၏ ငြိမ်းရာ,ငြိမ်းကြောင်းဖြစ်သော။ နိဗ္ဗာနံ၊ အသခ်ၤတသဘောနိဗ္ဗာန်ကို။ ပတ္ထေတိ၊ တောင့်တ၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားရပ်တို့တွင် ကောဒဿဂ်ိဝူပသမံ နိဗ္ဗာနံဟူသောပါဠိကိုထောက်၍လည်း ၎င်းအသခ်ၤတဓေတ်သဘောကိုပင် မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော သတ္တိထူးကြောင့် နိဗ္ဗာန ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤ အဋ္ဌကထာရှင်သာ မိန့်ဆိုအပ်သည်မဟုတ်သေး၊ စတုက္ကအင်္ဂုတ္တိုရ် အဋ္ဌကထာရှင်သည်လည်း စက္ကဝဂ် အဂ္ဂပသာဒနသုတ်အဖွင့် မျက်နှာနံပါတ်(၂၉၆)၌-

> တဉ္စိ အာဂမ္မ ။ပ။ သဗ္ဗေ ပရိဋ္ဌာဟာ နိဗ္ဗာယန္တိ။ ဟူ၍ မိန့်ဆိုအပ်သေး၏။

မြန်မာပြန်ကား—တံ၊ထိုအသခ်ၤတဓာတ်သဘောကို။ အာဂမ္မ၊စွဲ၍။ပ။သဗ္ဗေ၊ အလုံးစုံကုန်သော။ ပရိဋ္ဌာဟာ၊ ရာဂအစရှိသော အပူအလောင်တရားတို့သည်။ နိဗ္ဗာယန္တိ၊ ငြိမ်းကုန်၏။ ဤတိတသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုအသခ်ၤတဓာတ်

သဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဤသို့ ပြဆိုအပ်သော အဋ္ဌကထာစကား ကို ထောက်၍လည်း၊ ၎င်းအသခ်ၤတသဘောကိုပင် မီး ၁၁-ပါးတို့၏ ငြိမ်း ကြောင်းဖြစ်သော သတ္တိထူးကြောင့် နိဗ္ဗာနဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

တနည်းကား–၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတမောတ်သဘောကို အဘယ်ကြောင့် နိဗ္ဗာန ဟု ခေါ်ဆိုအပ်သနည်းဟူမူ–ဝါန ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်သည်၏အဖြစ်ကြောင့် နိဗ္ဗာနဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် အဘိ-ဓမ္မတ္ထသင်္ဂဟကျမ်း ရုပ်ပိုင်း နိဗ္ဗာန်ကို ပြဆိုရာ၌ ဝါနသခ်ၤါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနံ။ ဟူ၍လည်းကောင်း၊ မဟာနိဒ္ဒေသအဋ္ဌကထာ၊ စာမျက်နှာ ၆၉၊ ၇၀-၌ တဏှာဝါနတော နိက္ခန္တံ နိဗ္ဗာနံ။ ဟူ၍လည်းကောင်း၊ သဂါထာဝဂ္ဂ-သံယုတ်အဋ္ဌကထာ၊ ဗြဟ္မသံယုတ် ပဌမသုတ်အဖွင့်၌ တတော နိက္ခန္တံ ဝါနတောတိ နိဗ္ဗာနံ ဟူ၍လည်းကောင်း၊ သုတ်မဟာဝါအဋ္ဌကထာ၊ မဟာပဒါနသုတ်အဖွင့်၌ ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ။ ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူအပ် လေကုန် သည်။

ဝါနသခ်ၤါတာယ၊ ဝါန ဟုဆိုအပ်သော။ တဏှာယ၊ တွယ်တာတတ်သော တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဤကား အဘိဓမ္မတ္ထသင်္ဂဟပါဠိ၏ မြန်မာပြန်တည်း။

ယံ ဓမ္မဇာတံ၊ အကြင် အသခ်ၤတသဘောတရားသည်။ တဏှာဝါနတော၊ တွယ်တာမှတ်သိပ်တတ်သော တဏှာဟုဆိုအပ်သော ချုပ်စပ်တတ်သောတရားမှ။ နိက္ခန္တံ၊ ထွက်မြောက်သည်တည်း။ ဣတိတသ္မာ၊ ထိုသို့ တဏှာဝါနမှ ထွက် မြောက်တတ်သော သတ္တိကြောင့်။ တံ ဓမ္မဇာတံ၊ ထိုအသခ်ၤတသဘောတရား သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဤကား မဟာနိဒ္ဒေသအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ယံ ဓမ္မဇာတံ၊ အကြင် အသခ်ၤတသဘောတရားသည်။ တတော ဝါနတော၊ ထိုချုပ်စပ်တတ်သော တဏှာဝါနမှ။ နိက္ခန္တံ၊ ထွက်မြောက်သည်တည်း။ ဣတိတသ္မာ၊ ထိုသို့ တဏှာဝါနမှ ထွက်မြောက်ဟတ်သောသတ္တိကြောင့်။ တံ ဓမ္မဇာတံ၊ ထိုအသခ်ၤတသဘောတရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဤကား သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ယံ ဓမ္မဇာတံ၊ အကြင် အသခ်ၤတသဘောတရားသည်။ ဝါနတော၊ ချုပ်စပ် တတ်သော တဏှာဝါနမှ။ နိက္ခန္တံ၊ ထွက်မြောက်သည်တည်း။ ဣတိတသ္မာ၊ ထိုသို့ ချုပ်စပ်တတ်သော တဏှာဝါနမှ ထွက်မြောက်တတ်သော သတ္တိကြောင့်။

တံ ဓမ္မဇာတံ၊ ထိုအသခ်ၤတသဘောတရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဤကား သုတ်မဟာဝါ အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ်သဘောကို ချုပ်စပ်တတ်သော ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့် နိဗ္ဗာနဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

တနည်းကား—မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ်သဘောကို အာဘယ်ကြောင့် နိဗ္ဗာနဟု ခေါ်ဆိုအပ်သနည်းဟူမူ ချုပ်စပ်တတ်သော တဏှာဝါန၏ မရှိရာသဘော၏အဖြစ်ကြောင့် နိဗ္ဗာနဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ စာမျက်နှာ (၈၈) ၌–တံ တတ္ထ နတ္ထိတိ နိဗ္ဗာနံ။ ဟူ၍ လည်းကောင်း၊ သဋ္ဌာယတနဝဂ္ဂသံယုတ်အဋ္ဌကထာ အသခ်ၤတသံယုတ်အဖွင့်၌ ဝါနာဘာဝေန နိဗ္ဗာနံ။ ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူအပ်လေကုန်သည်။

တတ္ထ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာသဘော၌။ တံ၊ ထိုချုပ်စပ်တတ်သော ဝါနဟုဆိုအပ်သော တဏှာသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ ချုပ်စပ်တတ်သော ဝါနဟုဆိုအပ်သော တဏှာမရှိရာသဘောဖြစ်သော သတ္တိကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဤကား မဟာနိဒ္ဒေသအဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဝါနာဘာဝေန၊ ချုပ်စပ်တတ်သော ဝါနဟုဆိုအပ်သော တဏှာမရှိရာသဘော၏အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဤကား သဋ္ဌာယတနသံယုတ်အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။ ဤသို့ဖွင့်ဆိုအပ်ကုန်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ်သဘောကို ချုပ်စပ်တတ်သော ဝါနဟုဆိုအပ်သော တဏှာ၏ မရှိရာသဘော၏အဖြစ်ကြောင့် နိဗ္ဗာနဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

နိဗ္ဗာန်ကို နိရောဓဟု၍ ခေါ်ဆိုအပ်ကြောင်း

၎င်းအသခ်ၤတဓာတ်သဘောကို သခ်ၤတနယ်၌ မိုး ၁၁-ပါးတို့၏ ငြိမ်းခြင်းစသည်တို့၏ အကြောင်းခံသတ္တိထူးကြောင့် နိဗ္ဗာနဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သံသရာ၌ မပြတ်မလပ်ဖြစ်နေသော ဝဋ်ဒုက္ခတို့၏ မရှိရာသဘောဖြစ်သောကြောင့် နိရောဓဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် သစ္စဝိဘင်းအဖွင့် စာမျက်နှာနံပါတ်(၂၉)၌—

တတိယသစ္စံ ပန ယသ္မာ နိဿဒ္ဒါ အဘာဝံ။ ရောဓသဒ္ဒါ စ စာရကံ ဒီပေတိ။ တသ္မာ အဘာဝေါ ဧတ္ထ သံသာရစာရကသဒ်္ဓါတဿ ဒုက္ခရောဓဿ သုဗ္ဗဂတိသုညတ္တာ။

ဟူ၍ မိန့်ဆိုအပ်လေသည်။ ထိုနည်းအတူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည်လည်း မိန့်ဆိုအပ်လေသည်သာတည်း။ မြန်မာပြန်ကား—

ပန၊ ဒုတိယသစ္စာမှတပါး တတိယသစ္စာကို ဆိုဦးအံ့။ တတိယသစ္စံ၊ တတိယသစ္စာကို။ (ဒုက္ခနိရောဓန္တိ ဝုစ္စတိ–၌စပ်) ယသ္မာ၊ အကြောင်ကြောင့်။ နိဿဒ္ဒါ၊ နိသဒ္ဒါသည်။ အဘာဝံ၊ မရှိခြင်းကို။ ဒီပေတိ၊ ပြ၏။ ရောဓသဒ္ဒါ စ၊ ရောဓသဒ္ဒါသည်လည်း။ စာရကံ၊ သံသရာ၌ မပြတ်ဖြစ်တတ်သော ဝဋ်ဒုက္ခအစုကို။ (သံသာရေ အဗ္ဗောစ္ဆိန္နံ စရတိ ပဝတ္တတီတိ စာရကံ–ဟု ကတ္တုသာဓနကိတ် ဝိဂြိုဟ်ကြံသည်။ ယံ ဒုက္ခံ၊ အကြောင်ဝဋ်ဒုက္ခသည်။ သံသာရေ၊ ကျင်လည်ရာဖြစ်သော သံသရာ၌။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်။ စရတိ ပဝတ္တတိ၊ ဥပါဒ်, ဌိ, ဘင် အားဖြင့် ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့သံသရာ၌မပြတ် ဥပါဒ်,ဌိ,ဘင်အားဖြင့် ဖြစ်တတ်သောသတ္တိကြောင့်။ တံ ဒုက္ခံ၊ ထိုဝဋ်ဒုက္ခသည်။ စာရကံ၊ စာရကမည်၏။ စရဓာတ်–ပဝတ္တန အနက်ဟော။ ဏ္ဍု ပစ္စည်း။ သံသရာ၌ မပြတ်ဖြစ်တတ်သော ဝဋ်ဒုက္ခအစုကိုရ၏။ ဤကား စာရကအနက် သဘာဝတ္ထကို သိရန် ပြချက်တည်း)။ ဒီပေတိ၊ ပြ၏။ တသ္မာ၊ ထို့ကြောင့်။ ဧတ္ထ၊ ဤအသဒ်္ဓါတ ဓာတ်သဘောဖြစ်သော နိဗ္ဗာန်၌။ သုဗ္ဗဂတိသုညတ္တာ၊ ခပ်သိမ်းသောဖြစ်ရာဌာနဂတိတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့်။ သံသာရစာရကသဒ်္ဓါတဿ၊ သံသရာ၌ မပြတ်ဖြစ်တတ်သော သဘောဟု ဆိုအပ်သော။ ဒုက္ခရောဓဿ၊ ဝဋ်ဆင်းရဲဟူသော ဒုက္ခရောဓ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား–နိရောဓသစ္စာ၌ နိ-သဒ္ဒါသည် မရှိခြင်းဟူသော အဘာဝအနက်၊ ရောဓ-သဒ္ဒါသည် သံသရာ၌ မပြတ်ဖြစ်တတ်သော ဝဋ်ဒုက္ခဟူသော အနက်ကိုပြ၏။ ထိုသို့ပြဆိုခြင်းကြောင့် နိရောဓ-ဆိုလျှင် စင်စစ် အကြောင်း, အကျိုးစပ်၍ သံသရာ၌မပြတ် ဥပါဒ်,ဌိ,ဘင်အားဖြင့် ဖြစ်တတ်သော ဝဋ်ဆင်းရဲအစု၏ မရှိရာသဘောဟု ဆိုအပ်သော အသဒ်္ဓါတဓာတ် ပရမတ္ထတရားဖြစ်သော နိဗ္ဗာန်ကိုသာ ရလေတော့သည်ဟူလို။ အဘယ်ကြောင့် ထိုသို့သော အနက်သဘောကို ရလေသနည်းဟူမူ–အလုံးစုံကုန်သော ဖြစ်ရာဂတိတို့မှ ဆိတ်ကင်းလွတ်နေသော တရားသဘာဝမျိုး၏ အဖြစ်ကြောင့်ပင် ရလေသည်ဟူလို။ ထို့ကြောင့် သုဗ္ဗဂတိ သုညတ္တာ-ဟူသော ဟိတ်ပါဌ်ကို ပြဆိုလေသည်ဟု မှတ်ကြကုန်။ ဤကား အဓိပ္ပါယ်။ ဝစနတ္ထပြုလိုသော်ကား–အဘာဝေါ ဧတ္ထ ရောဓသာတိ နိရောဓော-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်ပြုလေ။ ဧတ္ထ၊ ဤအသဒ်္ဓါတဓာတ် ပရမတ္ထသဘောနိဗ္ဗာန်၌။ ရောဓသာ၊ သံသရာ၌ အကြောင်း

အကျိုးစပ်၍ မပြတ်ဖြစ်တတ်သော ဒုက္ခအစု၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့သံသရာ၌ မပြတ်ဖြစ်တတ်သော ဒုက္ခအစု၏ မရှိရာဖြစ်သော သတ္တိကြောင့်။ သော ပရမတ္ထသဘာဝေါ၊ ထိုအသင်္ခတဓာတ် ပရမတ္ထသဘောနိဗ္ဗာန်သည်။ နိရောဓော၊ နိရောဓမည်၏။ နိ-သဒ္ဒါ၏အရကား– မရှိခြင်းတည်းဟူသော အဘာဝဘောဂုဏ်ကိုရ၏။ ရောဓ-သဒ္ဒါ၏ အရကား– သံသရာ၌ အကြောင်း,အကျိုးစပ်၍ မပြတ်ကျင်လည်ဖြစ်တတ်သော ဝဋ်ဒုက္ခ တရားကိုရ၏။ တ္ထေ-ဟူသော အညပုဒ်၏အရကား – ထိုဝဋ်ဒုက္ခတရားဟူသမျှ တို့၏ မရှိရာသဘောဟု ဆိုအပ်သော ပရမတ္ထ အသင်္ခတဓာတ် နိရောဓနိဗ္ဗာန်ကို ရ၏။ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏စကားကိုထောက်၍ ၎င်းအသင်္ခတ သဘောနိဗ္ဗာန်ကိုပင် သံသရာ၌ မပြတ်မလပ်ဖြစ်နေသော ဝဋ်ဒုက္ခ၏ မရှိရာ သဘောဖြစ်သောကြောင့် နိရောဓ-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤပြဆိုအပ်ပြီးသော အဋ္ဌကထာတို့၌ မိန့်ဆိုအပ်သည်ကို ထောက်၍သာ သိအပ်သည်မဟုတ်သေး၊ နေတ္တိအဋ္ဌကထာ မျက်နှာနံပါတ်(၅၆)ဒေသနာဟာရ အဖွင့်၌—

> သဗ္ဗဂတိသုညတ္တာ နတ္ထိ ဧတ္ထ သံသာရစာရကသင်္ခါတော ဒုက္ခ-ရောဓော။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဧတ္ထ၊ ဤအသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်၌။ သဗ္ဗဂတိသုညတ္တာ၊ ခပ်သိမ်းသော ဖြစ်ရာဌာနဂတိတို့မှ ဆိတ်သည်၏အဖြစ်ကြောင့်။ သံသာရစာရကသင်္ခါ-တော၊ သံသရာ၌ မပြတ်ဖြစ်တတ်သော သဘောဟု ဆိုအပ်သော။ ဒုက္ခ-ရောဓော၊ ဝဋ်ဒုက္ခဟူသော ရောဓသည်။ နတ္ထိ၊ မရှိ။(အဓိပ္ပါယ်မှာ ရှေးနည်း အတိုင်းသာတည်း။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကိုထောက်၍လည်း ၎င်းအသင်္ခတသဘောနိဗ္ဗာန်ကို သံသရာ၌ မပြတ်မလပ်ဖြစ်နေသော ဝဋ်ဒုက္ခ၏ မရှိရာသဘော ဖြစ်သောကြောင့် နိရောဓ-ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။)

ဤပြဆိုအပ်ပြီးသော ဝဋ်ဒုက္ခ၏ မရှိရာသဘောကြောင့်သာလျှင် နိရော-ဟု ခေါ်ဆိုအပ်သည်မဟုတ်သေး၊၎င်းအသင်္ခတသဘောနိဗ္ဗာန်၌ သင်္ခကဖြစ်သော ရာဂစသော တရားတို့သည် တရံတဆစ်မျှ မရှိသည်သာတည်း။ ထိုသို့ သင်္ခတ ဖြစ်သော ရာဂအစရှိသော တရားတို့၏ မရှိရာဖြစ်သောကြောင့်လည်း ၎င်း အသင်္ခတသဘောနိဗ္ဗာန်ကို နိရောဓ-ဟု ခေါ်ဆိုအပ်သေးသည်။ ထိုသို့ ခေါ်ဆို

အပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍနိဗ္ဗာန်အဖွင့် မျက်နှာနံပါတ်(၁၅)၌—

နိရုဇ္ဈန္တိ ဇွော ရာဂါဒယောတိ နိရောဓော၊ ရုန္ဓတိ ဝါ နိဗ္ဗာနန္တိ ရောဓော၊ ကိလေသော။ သော ဇွော နတ္ထိတိ နိရောဓော။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဇွော၊ ဤအသခ််တသဘောနိဗ္ဗာန်၌။ ရာဂါဒယော၊ ရာဂအစရှိကုန်သော သခ််တ တရားတို့သည်။ နိရုဇ္ဈန္တိ နှ ပဝတ္တန္တိ၊ ဖြစ်မှုမရှိကုန်။ ဤတိတသွော၊ ထိုသို့ ရာဂစသော သခ််တ တရားတို့၏ ဖြစ်မှုမရှိရာဖြစ်သောသတ္တိကြောင့်။ တံ၊ ထို အသခ််တသဘောနိဗ္ဗာန်သည်။ နိရောဓော၊ နိရောဓမည်၏။ ဝါ၊ တနည်းကား။ ယော၊ အကြင်ရာဂအစရှိသော ကိလေသာသည်။ နိဗ္ဗာနံ၊ အသခ််တသဘော နိဗ္ဗာန်ကို။ ရုန္ဓတိ၊ ပိတ်ပင်တတ်၏။ ဤတိတသွော၊ ထိုသို့အသခ််တသဘောနိဗ္ဗာန်ကို ပိတ်ပင်တတ်သော သတ္တိကြောင့်။ သော၊ ထိုရာဂစသော ကိလေသာသည်။ ရောဓော၊ ရောဓ မည်၏။ ကိလေသော၊ ကိလေသာကို။ လဗ္ဘတိ၊ ရအပ်၏။ သော၊ ထိုသခ််တဖြစ်သော ကိလေသာဟူသော ရောဓသည်။ ဇွော၊ ဤ အသခ််တသဘောဖြစ်သော နိဗ္ဗာန်၌။ နတ္ထိ၊ မရှိ။ ဤတိတသွော၊ ထိုသို့ သခ််တဖြစ်သော ကိလေသာရောဓ၏ မရှိရာဖြစ်သောသတ္တိကြောင့်။ နိရောဓော၊ နိရောဓ မည်၏။

အဓိပ္ပါယ်ကား–အသခ််တ သဘောနိဗ္ဗာန်၌ ပဋိပက္ခဖြစ်သော ရာဂစသော အလုံးစုံသော သခ််တတရားတို့သည် ဖြစ်မှု မရှိကုန်။ ထိုသို့ ရာဂ အစရှိသော သခ််တတရားတို့၏ ဖြစ်မှုမရှိရာ ဖြစ်သောကြောင့်လည်း ၎င်း အသခ််တသဘော နိဗ္ဗာန်ကို နိရောဓ-ဟု ခေါ်ဆိုအပ်သေးသည်၊ တနည်း၊ အသခ််တသဘောနိဗ္ဗာန်ကို ပညာမျက်စိတို့ဖြင့် မြင်မှုမရှိရအောင် ပိတ်ပင်တတ်သော ရာဂအစရှိသော ကိလေသာတရားသည် ရောဓ မည်၏။ ထိုသခ််တဖြစ်သော ကိလေသာရောဓ၏ မရှိရာဖြစ်သောကြောင့်လည်း ၎င်း အသခ််တသဘောနိဗ္ဗာန်ကို နိရောဓ-ဟု ခေါ်ဆိုအပ်သေးသည်။ ဤသို့ ပြဆိုအပ်သော အဘိဓာန်ဋီကာရှင်၏ စကားကို ထောက်၍လည်း ၎င်းအသခ််တသဘောနိဗ္ဗာန်၌ သခ််တဖြစ်သော ရာဂအစရှိသော တရားတို့၏ မရှိရာဖြစ်သောကြောင့် ၎င်းအသခ််တသဘောနိဗ္ဗာန်ကို နိရောဓဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ဤအဘိဓာန်ဋီကာ၌ မိန့်ဆိုအပ်သည်ကို ထောက်၍သာ သိအပ်သည် မဟုတ်သေး။ အဘိဓာနပဉဒီ-ပိကာသူစိကျမ်း နိရောဓအဖွင့်၌—

နိရုဇ္ဈန္တိ ယတ္ထ ရာဂါဒယောတိ နိရောဓော။ ရုန္ဓတိ ဝါ နိဗ္ဗာနန္တိ ရောဓော၊ ကိလေသော။ သော ဇွော နတ္ထိတိ နိရောဓော။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြကုန်ဦး။ မြန်မာပြန်နှင့် အနက်အဓိပ္ပါယ်အရမှာ ရှေးနည်းအတိုင်းသာတည်း။

ဤပြဆိုအပ်ပြီးသော ဝဋ်ဒုက္ခ၏ မရှိရာ, ရာဂစသော သန်တ တရားတို့၏ မရှိရာဖြစ်သောကြောင့်သာ ၎င်းအသန်တသဘောနိဗ္ဗာန်ကို နိရောဓဟု ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သံသရာ၌ မပြတ်ဖြစ်တတ်သော ဒုက္ခတရားတည်းဟူသော ရောဓ၏ ဆန့်ကျင်ဘက်ဖြစ်သည်၏ အဖြစ်ကြောင့်လည်း နိရောဓဟု ခေါ်ဆိုအပ်သေးသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်း မျက်နှာနံပါတ် (၇၉)၌—

တပ္ပဋိပက္ခတ္တာ။

ဟူ၍ မိန့်ဆိုအပ်သည်။ ထိုနည်းအတူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသအဖွင့်၌လည်း မိန့်ဆိုအပ်သည်သာတည်း။

မြန်မာပြန်ကား—

တပ္ပဋိပက္ခတ္တာ=တဿ ပဋိပက္ခတ္တာ၊ ထိုသံသရာ၌ မပြတ်မလပ် ဖြစ်နေသော ဒုက္ခရောဓ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ နိရောဓန္တိ၊ နိရောဓဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား–နိရောဓဟူသောပုဒ်၌ နိ-သဒ္ဒါသည် ဆန့်ကျင်ဘက် ပဋိပက္ခအနက်ကို ဟော၏။ ရောဓ-သဒ္ဒါသည် သံသရာ၌ မပြတ်ဖြစ်နေသော ဝဋ်ဒုက္ခဟူသော အနက်ကို ဟော၏။ ထိုသို့ ဟောခြင်းကြောင့် ၎င်းအသန်တသဘောနိဗ္ဗာန်ကို သံသရာ၌ မပြတ်ဖြစ်နေသော ဝဋ်ဒုက္ခတရား၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် နိရောဓဟု ခေါ်ဆိုအပ်သေးသည်ဟူလို။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏စကားကိုထောက်၍ ၎င်းအသန်တသဘောနိဗ္ဗာန်ကို သံသရာ၌ မပြတ်ဖြစ်တတ်သော ဒုက္ခတရားတည်းဟူသော ရောဓ၏ ဆန့်ကျင်ဘက် ဖြစ်သည်၏ အဖြစ်ကြောင့်လည်း နိရောဓဟု ခေါ်ဆိုအပ်သေးသည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ ၎င်းအသန်တသဘောနိဗ္ဗာန်ကို ပြဆိုအပ်ပြီးသော အနက်တို့ကြောင့်သာ နိရောဓဟု ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သံသရာ၌ နောင်ဖြစ်ပေါ်လတ္တံ့သော ဝဋ်ဒုက္ခတရား၏ ဖြစ်ပေါ်မှု မရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ သတ္တိဖြစ်သောကြောင့်လည်း နိရောဓဟု ခေါ်ဆိုအပ်သေးသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကိုလည်း ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၁၁၃-၌—

နိရောဓောတိ နိဗ္ဗာနံ။ နိဗ္ဗာနဥ္စိ အာဂမ္မ ဒုက္ခံ နိရုဇ္ဈတီတိ နိရောဓောတိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်သည်။

မြန်မာပြန်ကား—

နိရောဓောတိ၊ နိရောဓောဟူသည်ကား။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ပင်တည်း။ ဟိ၊ ထိုစကားသည် မှန်၏။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ ဒုက္ခံ၊ ဝဋ်ဆင်းရဲသည်။ နိရုဇ္ဈတီ-န ပဝတ္တတိ၊ ဖြစ်ပေါ်မှု မရှိ။ ကွတိတသ္မာ၊ ထိုသို့ ဝဋ်ဒုက္ခ၏ဖြစ်ပေါ်မှု မရှိကြောင်းဖြစ်သော သတ္တိဒကြောင့်။ နိရောဓောတိ၊ နိရောဓဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—မဂ်၏ အာရုံဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတဓာတ်နိဗ္ဗာန်ကိုပင် နိရောဓဟု ခေါ်ဆိုအပ်လေသည်။ အဘယ်ကြောင့် ခေါ်ဆိုအပ်လေသနည်းဟူမူ ထိုအသင်္ခတဓာတ်နိဗ္ဗာန်ကို သင်္ခတနယ်က မဂ်ဖြင့် အာရုံပြု၍ သင်္ခတတရားဖြစ်သော အဝိဇ္ဇာအစရှိသော ဝဋ်ဒုက္ခတရားသည် ဖြစ်ပေါ်ခြင်း မရှိဘဲ ကွယ်ပျောက်ရလေ၏။ ထိုသို့ ကွယ်ပျောက်ရခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ၎င်းအသင်္ခတဓာတ်နိဗ္ဗာန်ကိုပင် နိရောဓဟု ခေါ်ဆိုအပ်လေသေးသည် ဟူလို။

ဤအဋ္ဌကထာ၌ မိန့်ဆိုအပ်သည်ကိုထောက်၍သာ သိအပ်သည်မဟုတ်သေး။ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့် မျက်နှာနံပါတ် ၇၉-၌လည်းကောင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသ နိရောဓဝိဂြိုဟ် အဖွင့်၌လည်းကောင်း—

ဒုက္ခဿ ဝါ အနုပ္ပါဒနိရောဓပစ္စယတ္တာ ဒုက္ခနိရောဓန္တိ။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ဒုက္ခဿ၊ အလုံးစုံသော ဝဋ်ဆင်းရဲ၏။ အနုပ္ပါဒနိရောဓပစ္စယတ္တာ၊ နောင်တဖန် ဖြစ်ပေါ်ခြင်းမရှိသည်သာလျှင်ဖြစ်သော နိရောဓ၏ အကြောင်း၏အဖြစ်ကြောင့်။ ဒုက္ခနိရောဓန္တိ၊ ဒုက္ခနိရောဓဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား – အဘယ်ကြောင့် အသခ််တနိဗ္ဗာန်ကို နိရောဓဟု ခေါ်ဆို အပ်လေသနည်းဟူမူ ဝဠဳဆင်းရဲ၏ နောင်တဖန်ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်ပျောက်ခြင်းတည်းဟူသော အဘာဝပညတ်သာလျှင်ဖြစ်သော အနုပ္ပါဒနိရောဓ၏ အကြောင်းခံဖြစ်သောကြောင့် နိရောဓဟု ခေါ်ဆိုအပ်လေသည်။ ဤ ပြဆို အပ်သော အဋ္ဌကထာရှင်တို့၏စကားတော်ကို ထောက်၍လည်း ဝဠဳဒုက္ခ၏ ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်ပျောက်ခြင်း၏ အကြောင်းခံသတ္တိ ဖြစ်သောကြောင့် နံရောဓဟု ခေါ်ဆိုအပ်သေးသည်၏အဖြစ်ကို ထင်ရှား သိကြကုန်။ ဤ ပြဆို အပ်ကုန်သော အဋ္ဌကထာတို့၌ မိန့်ဆိုအပ်သည်ကိုထောက်၍သာ သိအပ်သည် မဟုတ်သေး။ သုတ်မဟာဝဂါအဋ္ဌကထာ မျက်နှာနံပါတ် (၅၆) ၌လည်း—

ယသ္မာ စ တံ အာဂမ္မ ။ပ။ သဗ္ဗံ ဒုက္ခံ နိရုဇ္ဈတိ၊ တသ္မာ ။ပ။ နိရောဓောတိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

စ၊ အာဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြောင်းကြောင့်။ တံ၊ ထိုအသခ််တ-ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ပ။ သဗ္ဗံ၊ အလုံးစုံသော။ ဒုက္ခံ၊ ဝဠဳဆင်းရဲသည်။ နိရုဇ္ဈတိ၊ ဖြစ်ပေါ်မှု မရှိ။ တသ္မာ၊ ထို့သို့ ဝဠဳဆင်းရဲတရား၏ ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံ ဖြစ်သောသတ္တိကြောင့်။ပ။ နိရောဓောတိ၊ နိရောဓဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာကိုထောက်၍လည်း အလုံးစုံသော ဝဠဳဒုက္ခ၏ ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံသတ္တိဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာကိုပင် နိရောဓဟု ခေါ်ဆိုအပ်သေးသည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤအဋ္ဌကထာကိုထောက်၍သာ သိအပ်သည်မဟုတ်သေး၊ သမ္မောဟဝိနော-ဒနီအဋ္ဌကထာ နိရောဓသစ္စာအဖွင့် မျက်နှာနံပါတ် (၁၀၆)၌—

နိဗ္ဗာနဉ္စိ အာဂမ္မ တဏှာ အသေသာ ဝိရဇ္ဈတိ နိရုဇ္ဈတိ၊ တသ္မာ တံ "တဏှာယေဝ တဏှာယ အသေသဝိရာဂနိရောဓော" တိ ဝုစ္စတိ။

ဟူ၍ ပြဆိုအပ်သောပါဠိတော်တွင် နိရောဓောဟူသော ပါဠိကို ထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ နိဗ္ဗာနံ၊ အသခ််တဓာတ်, နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ တဏှာ၊ တပ်တဲ့

သောတဏှာသည်။ အသေသာ၊ အကြွင်းမရှိမူ၍။ ဝိရဇ္ဈတိ၊ ကင်းလည်း ကင်း၏။ နိရုဇ္ဈတိ၊ ဖြစ်ပေါ်ခြင်းလည်း မရှိ။ တသ္မာ၊ ထိုသို့ တဏှာ၏ အကြွင်းမရှိကင်းကြောင်း, ဖြစ်ပေါ်ခြင်းမရှိကြောင်းဖြစ်သောသတ္တိကြောင့်။ တံ၊ ထိုမဂ်၏ အာရုံဖြစ်သော အသင်္ခတမဂ်တ်နိဗ္ဗာန်ကို။ တဿာယေဝ တဏှာယ အသေသ-ဝိရာဂနိရောဓောတိ၊ တဿာယေဝ။ ပ။ နိရောဓောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပါယ်ကား—

အသင်္ခတမဂ်တ်နိဗ္ဗာန်ကို အကြောင်းပြု၍သာလျှင် သမုဒယသစ္စာဖြစ်သော တဏှာသည် အကြွင်းမရှိကင်းရ, ဖြစ်ပေါ်ခြင်းမရှိဘဲကွယ်ရလေသည်။ ထိုကြောင့် ၎င်းအသင်္ခတမဂ်တ်နိရောဓသစ္စာနိဗ္ဗာန်ကိုပင် ဝိရာဂ, နိရောဓဟု အမည်တပ်၍ ခေါ်ဆိုအပ်လေသည် ဟူလို။ ဤပြဆိုအပ်သော အဋ္ဌကထာစကားရပ်တို့တွင် နိရောဓ ဟူသော သညာပုဒ်ကိုထောက်၍လည်း တဏှာစသော သင်္ခတတရား၏ ဖြစ်ပေါ်ခြင်းမရှိဘဲ-ကွယ်ကြောင်းဖြစ်သော အသင်္ခတမဂ်တ်နိဗ္ဗာန်ကိုပင် နိရောဓ ဟု ခေါ်ဆိုအပ်သေးသည်၏ အဖြစ်ကို ထင်ရှား သိကြကုန်။ ဤအဋ္ဌကထာပါဠ်ကို ထောက်၍သာ သိအပ်သည်မဟုတ်သေး။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် နိရောဓသစ္စာအဖွင့် မျက်နှာနံပါတ် (၁၃၉) ၌—

ယသ္မာ ပန တံ အာဂမ္မ တဏှာ ဝိရဇ္ဈတိ စေဝ နိရုဇ္ဈတိ စ၊ တသ္မာ ဝိရာဂေါတိ စ နိရောဓောတိ စ ဝုစ္စတိ။

ဟူ၍ ပြဆိုအပ်သော ပါဠိတို့ဘင် နိရောဓ ဟူသောပါဠိကို ထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ယသ္မာ ပန၊ အကြင်ကြောင့်ကား၊ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစွဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ တဏှာ၊ တပ်တတ်သောတဏှာသည်။ ဝိရဇ္ဈတိ-စေဝ၊ ကင်းလည်းကင်း၏။ နိရုဇ္ဈတိ စ၊ ဖြစ်ပေါ်မှုလည်းမရှိ။ တသ္မာ၊ ထိုသို့ တဏှာ၏ကင်းကြောင်း, ဖြစ်ပေါ်မှုမရှိကြောင်း၏ အဖြစ်ကြောင့်။ တံ၊ ထို နိဗ္ဗာန်ကို။ ဝိရာဂေါတိ စ၊ ဝိရာဂဟူ၍လည်းကောင်း။ နိရောဓောတိ စ၊ နိရောဓ ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပါယ်ကား—

အသင်္ခတမဂ်တ်နိဗ္ဗာန်ကို မဂ်ဖြင့် အာရုံပြု၍ တဏှာသည် စင်စစ်ကင်းရ, ဖြစ်ပေါ်ခြင်း မရှိရလေသည်။ ထိုသို့ တဏှာ၏ ကင်းရ, ဖြစ်ပေါ်ခြင်းမရှိရ-ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ထိုအသင်္ခတမဂ်တ် နိဗ္ဗာန်ကိုပင် ဝိရာဂ,နိရောဓဟု အမည်တပ်၍ ခေါ်ဆိုအပ်လေသည် ဟူလို။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားရပ်တို့တွင် နိဗ္ဗာန်ရောဓဟူသော သညာပုဒ်ကို ထောက်၍လည်း တဏှာ စသော ဝဋ်ဒုက္ခ၏ ဖြစ်ပေါ်ခြင်းမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် သဘောကိုပင် စင်စစ် နိဗ္ဗာန်ရောဓဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ဤအဋ္ဌကထာ၌ မိန့်ဆိုအပ်သည်ကို ထောက်၍သာ သိအပ်သည် မဟုတ်သေး၊ ပါရာဇိကဏ် အဋ္ဌကထာ သုဒိန္နကဏ္ဍအဖွင့် မျက်နှာနံပါတ် (၁၈၃)၌—

ယသ္မာ ပန တံ အာဂမ္မ သဗ္ဗသော တဏှာ။ပ။ နိရုဇ္ဈတိ စ၊ တသ္မာ တဏှာ။ပ။ နိရောဓောတိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကုန်ဦး။

မြန်မာပြန်ကား—

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြောင်ကြောင့်။ တံ၊ ထိုအသင်္ခတသဘောနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ တဏှာ၊ တပ်တွယ်သော တဏှာသည်။ နိရုဇ္ဈတိ၊ ဖြစ်ပေါ်မှုမရှိ။ တသ္မာ၊ ထိုသို့တဏှာ၏ ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းဖြစ်သောကြောင့်။ နိရောဓောတိ၊ နိရောဓ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—

အသင်္ခတဓာတ်နိဗ္ဗာန်ကိုအကြောင်းပြု၍ နောင်ဖြစ်ပေါ်လတ္တံ့သော သန္တတိရားဖြစ်သော တဏှာဟူသမျှသည် ဖြစ်ပေါ်မှုမရှိဘဲ ကုယ်လေ၏။ ထိုသို့သင်္ခတ တရားဖြစ်သော တဏှာဟူသမျှ၏ ဖြစ်ပေါ်မှုမရှိဘဲ ကုယ်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ၎င်းအသင်္ခတသဘော နိဗ္ဗာန်ကိုပင် နိဗ္ဗာန်ရောဓဟု ခေါ်ဆိုအပ်လေသည်။ ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ စကားကို ထောက်၍လည်း ၎င်းအသင်္ခတသဘော နိဗ္ဗာန်ကိုပင် အလုံးစုံသော နောင်ဖြစ်ပေါ်လတ္တံ့သော သန္တတိဖြစ်သော တဏှာ စသောတရား၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကုယ်ပျောက်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် နိဗ္ဗာန်ရောဓဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

နိဗ္ဗာန်ကို သန္တိဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းအသင်္ခတသဘောနိဗ္ဗာန်ကို နိရောဓ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အလုံးစုံသော သန္တတိဖြစ်ကုန်သော သန္တာန်ရတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကုယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သန္တိ ဟူ၍လည်း

ခေါ်ဆိုအပ်သေးသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို မဏိသာရမဉ္ဇူသာဒီကာ ဒုတိယတွဲ ရုပ်ပိုင်း နိဗ္ဗာန်အဖွင့် စာမျက်နှာ (၂၂၃) ၌—

> သဗ္ဗေ ဝါ သခ်ါရာ သမန္တိ ဥပသမန္တိ ။ပ။ ဧတေနာတိ ဝါ သန္တိ။ ဟူ၍လည်းကောင်း၊ တေ ဝါ သမေတိ ဝူပသမေတိ ။ပ။ သန္တိဟူ၍လည်းကောင်း မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ဧတေန၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တခေတ် သဘောနိဗ္ဗာန်ကြောင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သခ်ါရာ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော သခ််တဟုဆိုအပ်ကုန်သော သခ်ါရတရားတို့သည်။ သမန္တိ ဥပသမန္တိ၊ ငြိမ်းကုန်၏။ ဣတိတသ္မာ၊ ထိုသို့ အလုံးစုံကုန်သော သခ််တဟုဆိုအပ်ကုန်သော သခ်ါရတရားတို့၏ ငြိမ်းကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ််တသဘောနိဗ္ဗာန်သည်။ သန္တိ၊ သန္တိ မည်၏။ ဝါ၊ တနည်းကား။ ယံ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တသဘောနိဗ္ဗာန်သည်။ တေ၊ ထိုအလုံးစုံကုန်သော သခ််တဟု ဆိုအပ်ကုန်သော သခ်ါရတရားတို့ကို။ သမေတိ ဝူပသမေတိ၊ ငြိမ်းစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့အလုံးစုံကုန်သော သခ််တဟု ဆိုအပ်ကုန်သော သခ်ါရတရားတို့ကို ငြိမ်းစေတတ်သော သတ္တိကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသခ််တသဘောနိဗ္ဗာန်သည်။ သန္တိ၊ သန္တိ မည်၏။

အဓိပ္ပါယ်ကား—

ယောဂါဝစရပုဂ္ဂိုလ်သည် သခ််တနယ်၌ရှိသော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့၏ ဖြစ်, ပျက်နေမှုကို ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ မြင်နေလျှင် နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော သခ််တဖြစ်ကုန်သော သခ်ါရတရားတို့ကို အလိုမရှိဘဲ စွန့်လွှတ်၍သွားလိုသောအခါ ၎င်းတရားတို့မှ လွတ်ရာကိုရှာသည်ရှိသော် ၎င်းသခ််တတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သော မဖြစ်, မပျက်ဘဲ အမြဲ တည်ရှိနေသော သခ်ါရတို့မှကင်းလွတ်နေသော ဝိသခ်ါရဟု ဆိုအပ်သော အသခ််တသဘောနိဗ္ဗာန်ကိုသာလျှင် မဂ်လေးတန်ဖြင့် အစဉ်အတိုင်း ထိုးထွင်းသိမြင်လေ၏။ ထိုသို့ သိမြင်ခြင်းကြောင့် နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော သခ််တဖြစ်ကုန်သော သခ်ါရတရားတို့သည် ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကွယ်ငြိမ်းကြလေကုန်၏။ ထိုသို့ သခ််တဖြစ်ကုန်သော သခ်ါရတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းရခြင်းသည် နိဗ္ဗာန်ကြောင့်ပင် ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းအသခ််တသဘောနိဗ္ဗာန်ကို **သန္တိ**-ဟု ခေါ်ဆိုအပ်သည် ဟူလို။

ဤသို့ဖွင့်ဆိုအပ်သော မဏိသာရမဥ္ဇူသာဋ္ဌီကာကျမ်း၏စကားကို ထောက်၍လည်း ၎င်းအသခ််တသဘောနိဗ္ဗာန်ကို အလုံးစုံကုန်သော သခ််တဖြစ်ကုန်သော သခ်ါရတရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံအဖြစ်ကြောင့် **သန္တိ**-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤကျမ်း၌ မိန့်ဆိုအပ်သည်ကိုထောက်၍သာ သိအပ်သည် မဟုတ်သေး၊ ဝိဘင်းမူလဋ္ဌီကာ သစ္စဝိဘင်းအဖွင့် မျက်နှာနံပါတ် (၅၂)၌—

ရာဂက္ခယာဒိဘာဝေန သဗ္ဗဒုက္ခသန္တတာ သန္တိ။

ဟူ၍လည်း မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ရာဂက္ခယာဒိဘာဝေန၊ ရာဂကုန်ကြောင်း စသည်၏အဖြစ်ဖြင့်။ ဝါ၊ အဖြစ်ကြောင့်။ သဗ္ဗဒုက္ခသန္တတာ၊ အလုံးစုံသော ဒုက္ခတို့၏ငြိမ်းကြောင်း၏ အဖြစ်သဘောသည်။ သန္တိ၊ သန္တိ မည်၏။

ဤသို့ပြဆိုအပ်သော မူလဋ္ဌီကာ၏စကားကိုထောက်၍လည်း ၎င်းအသခ််တသဘော နိဗ္ဗာန်ကိုပင် အလုံးစုံကုန်သော သခ််တဖြစ်ကုန်သော သခ်ါရတရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏အကြောင်းခံဖြစ်သောကြောင့် သန္တိဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကိုလည်း ထင်ရှားသိကြကုန်။ ဤ မူလဋ္ဌီကာနည်းတူ ဝိသုဒ္ဓိမဂ် မဟာဋီကာ ဒုတိယအုပ် သစ္စနိဒ္ဒေသ သန္တိအဖွင့် စာမျက်နှာ (၁၉၃)၌လည်း—

တဏှာက္ခယာဒိဘာဝေန သဗ္ဗဒုက္ခသန္တတာ သန္တိ။

ဟူ၍လည်း ပြဆိုအပ်သေးသည်သာတည်း။ ဤပြဆိုအပ်ကုန်သော ဋီကာစကားတို့ကို ထောက်၍သာလျှင် သိအပ်သည် မဟုတ်သေး၊ အဘိဓမ္မတ္ထဝိကာသနီဋီကာ၌—

ရာဂက္ခယာဒိဘာဝေန သဗ္ဗဒုက္ခသန္တိယာ ပစ္စယတာယ ။ပ။ သန္တိလက္ခဏံ။

ဟူ၍ မိန့်ဆိုအပ်သောစကားကိုထောက်၍လည်း သိကုန်ဦး။

မြန်မာပြန်ကား—

ရာဂက္ခယာဒိဘာဝေန၊ ရာဂ ကုန်ခြင်း စသည်၏ အဖြစ်ဖြင့်။ ဝါ၊ အဖြစ်ကြောင့်။ သဗ္ဗဒုက္ခသန္တိယာ၊ အလုံးစုံကုန်သော သခ််တဖြစ်ကုန်သော သခ်ါရ

တည်းဟူသော ဒုက္ခတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏။ ပစ္စယတာယ၊ အကြောင်းခံဖြစ်သည်၏ အဖြစ်ကြောင့်။ သန္တိလက္ခဏံ၊ ငြိမ်းကြောင်းဟူသော မှတ်ကြောင်း လက္ခဏာရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ပြဆိုအပ်သော ဒီကာစကားကိုထောက်၍လည်း၎င်းအသစ်တသဘော နိဗ္ဗာန်ကို အလုံးစုံကုန်သော သစ်တဖြစ်ကုန်သော သစ္စာရတည်းဟူသော ဒုက္ခတရားတို့၏ နောင်တဖန်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏အကြောင်းခံဖြစ်သည်၏ အဖြစ်ကြောင့် သန္တိဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြကုန်။

ဤပြဆိုအပ်ပြီးသော ဒီကာရှင်တို့၏စကားကို ထောက်၍သာ ၎င်းအသစ်တသဘော နိဗ္ဗာန်ကို အလုံးစုံကုန်သော သစ်တဖြစ်ကုန်သော သစ္စာရတည်းဟူသော ဒုက္ခတရားတို့၏ နောင်တဖန်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏အကြောင်းခံဖြစ်သည်၏အဖြစ်ကြောင့် သန္တိဟုခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည်မဟုတ်သေး၊ ဓမ္မပဒပါဠိတော်-မဂ္ဂဝဂ် သာရိပုတ္တသဒ္ဒိဝိဟာရိကဘိက္ခု (သုဝဏ္ဏ-ကာရတ္ထေရဝတ္ထု) စာမျက်နှာ ၅၄ ၌ သန္တိမဂ္ဂမေဝ ဗြူဟယ ဟူ၍ ဟောတော်မူအပ်သော စကားတော်တို့တွင် သန္တိဟူသော စကားတော်ကို ထောက်၍လည်းကောင်း၊ ထေရဂါထာပါဠိတော် စာမျက်နှာ (၂၂၇)၌ သုပ္ပိယထေရ်သည် ဟောတော်မူအပ်သော "ပရမံ သန္တိ" ဟူသော စကားတော်ကို ထောက်၍လည်းကောင်း၊ မဟာနိဒ္ဒေသပါဠိတော် အဋ္ဌကဝဂ်-ဒုဋ္ဌဋ္ဌကသုတ္တနိဒ္ဒေသမျက်နှာနံပါတ် (၅၇)၌—

အစ္စန္တသန္တိ ဝုစ္စတိ အမတံ နိဗ္ဗာနံ။

ဟူ၍ ဟောတော်မူအပ်သော စကားတော်တို့တွင် သန္တိဟူသော စကားတော်ကို ထောက်၍လည်းကောင်း သိကြကုန်ဦး။

သန္တိ သန္တိယာ၊ အလုံးစုံကုန်သော သစ်တဟု ဆိုအပ်ကုန်သော သစ္စာရတည်းဟူသော ဒုက္ခတရားတို့၏ နောင်ဖြစ်ပေါ်မှု မရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သော အသစ်တဓာတ် နိဗ္ဗာန်၏။ မဂ္ဂမေဓ၊ လမ်းကြောင်းခရီးကို သာလျှင်။ ဗြူဟယ၊ ပွါးလော့။ ဤကား ဓမ္မပဒပါဠိတော်၏ မြန်မာပြန်တည်း။

ပရမံ၊ မြတ်သော။ သန္တိ ံ၊ အလုံးစုံကုန်သော သစ်တဟုဆိုအပ်ကုန်သော သစ္စာရတည်းဟူသော ဒုက္ခ တရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သော အသစ်တဓာတ် နိဗ္ဗာန်ကို။ ဤကား ထေရဂါထာပါဠိတော်၏ မြန်မာပြန်တည်း။

အမတံ၊ပျက်စီးခြင်းမရှိသော။ နိဗ္ဗာနံ၊မီး ၁၁-ပါးတို့၏ နောင်ဖြစ်ပေါ်မှု မရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သော အသစ်တဓာတ်နိဗ္ဗာန်ကို။ အစ္စန္တသန္တိ၊

အစ္စန္တသန္တိ-ဟူ၍။ ဝုစ္စတိ၊ ဆိုအာ်၏။ ဤကား မဟာနိဒ္ဒေသပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ ပြဆိုအပ်ကုန်သော ပါဠိတော်စကားရပ်တို့ကို ထောက်၍လည်း ၎င်းအသခ်ၤတ သဘောနိဗ္ဗာန်ကို အလုံးစုံကုန်သော သခ်ၤတဖြစ်ကုန်သော သခ်ိၤရတည်းဟူသော ဒုက္ခတရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သန္တိဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ကိုထောက်၍သာ သိအပ်သည်မဟုတ်သေး၊ ထေရဂါထာ အဋ္ဌကထာ ပဌမအုပ်- ၎င်း သုပ်ယဉ်းထရ်၏ ဂါထာအဖွင့် စာမျက်နှာ (၁၁၅) ၌—

ပရမံ သန္တိန္တိ အနဝသေသကိလေသာဘိသခ်ိၤရပရိဋ္ဌာဟဝူပသမဓမ္မ-တာယ ဥတ္တမံ သန္တိ ံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ပရမံ သန္တိန္တိ၊ ပရမံ သန္တိ ံဟူသည်ကား။ အနဝသေသကိလေသာဘိသခ်ိၤရ-ပရိဋ္ဌာဟဝူပသမဓမ္မတာဃ၊ အကြွင်းအကျန်မရှိ အလုံးစုံကုန်သော ညစ်ညူးစေတတ်ကုန်သောကိလေသာ, အလွန်ပြုပြင်တတ်ကုန်သော အဘိသခ်ိၤရဟုဆိုအပ်ကုန်သော အပူအလောင်တို့ ငြိမ်းခြင်း၏အကြောင်းခံသဘော ရှိသည်၏ အဖြစ်ကြောင့်။ ဥတ္တမံ၊ မြတ်သော။ သန္တိ ံ၊ သန္တိအမည်ရှိသော နိဗ္ဗာန်ကို။ ဝါ၊ ငြိမ်းကြောင်းဖြစ်သောနိဗ္ဗာန်ကို။

ဤသို့ ဖွင့်ဆိုအပ်သော ထေရဂါထာအဋ္ဌကထာစကားကို ထောက်၍လည်း ၎င်းအသခ်ၤတသဘောနိဗ္ဗာန်ကို အလုံးစုံကုန်သော သခ်ၤတဖြစ်ကုန်သော သခ်ိၤရတည်းဟူသော ဒုက္ခတရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သည်၏ အဖြစ်ကြောင့် သန္တိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

နိဗ္ဗာန်ကို သဗ္ဗသခ်ိၤရသမထဟု ခေါ်ဆိုအပ်ကြောင်း

၎င်းအသခ်ၤတမှာတ် နိဗ္ဗာန်ကို သန္တိဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အလုံးစုံကုန်သော သခ်ၤတဖြစ်ကုန်သော သခ်ိၤရတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်း ဖြစ်ခြင်းကြောင့်လည်း သဗ္ဗသခ်ိၤရ သမထဟူ၍လည်း ခေါ်ဆိုအပ်သေးသည်သာတည်း။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို နဝကအဂ်ုတ္တိ၍ပါဠိတော် မဟာဝဂ်-ပဉ္စမသုတ် (စျာနသုတ်) ၂၂၀-၌ ယဒိဒံ

သဗ္ဗသခ်ိဳရသမထော။ ဟူ၍လည်းကောင်း၊ စူဠနိဒ္ဒေသပါဠိတော်- မောတက-မာဏဝပုစ္ဆာနိဒ္ဒေသ စာမျက်နှာ ၉၅-၌ ယောသော သဗ္ဗသခ်ိဳရသမထော။ ဟူ၍ လည်းကောင်း၊ မဟာနိဒ္ဒေသပါဠိတော် အဋ္ဌကဝဂ် - ပရမဋ္ဌကသုတ္တနိဒ္ဒေသ စာမျက်နှာ ၈၈-၌ ယောသော သဗ္ဗသခ်ိဳရသမထော။ ဟူ၍ လည်းကောင်း၊ မူလပဏ္ဏာသပါဠိတော် ဩပမ္မဝဂ် အလဂဒ္ဒူပမသုတ် စာမျက်နှာ ၁၉၀-၌ သဗ္ဗသခ်ိဳရ သမထာယ။ ဟူ၍လည်းကောင်း ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ယဒိဒံ ယော အယံ သဗ္ဗသခ်ိဳရသမထော၊ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော အလုံးစုံ ကုန်သော သခ်ိဳရတရားတို့၏ ဖြစ်ပေါ်မှု မရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သော သဗ္ဗသခ်ိဳရ သမထဟု ခေါ်ဆိုအပ်သော အကြင် အသခ်ံတသဘော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဤကား အင်္ဂုတ္တိုရ်ပါဠိတော်၏ မြန်မာပြန်တည်း။

ယော သော သဗ္ဗသခ်ိဳရသမထော၊ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော အလုံးစုံကုန်သော သခ်ိဳရတရားတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သော သဗ္ဗသခ်ိဳရသမထဟု ခေါ်ဆိုအပ်သော အကြင် အသခ်ံတသဘော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဤကား စူဠနိဒ္ဒေသပါဠိတော်၏မြန်မ်ာပြန်တည်း။ မဟာနိဒ္ဒေသပါဠိတော်၏ မြန်မာပြန်လည်း အတူတူပင်တည်း။

သဗ္ဗသခ်ိဳရသမထာယ၊ အလုံးစုံကုန်သော သခ်ိဳရတရားတို့၏ နောင်ဖြစ်ပေါ် မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏အကြောင်းခံဖြစ်သောကြောင့် သဗ္ဗသခ်ိဳရသမထဟု အမည်ရသော အသခ်ံတဓာတ်နိဗ္ဗာန်အလို၌။ (ဓမ္မံ ဒေသေတိ၌ စပ်လေ) ဤကား မူလပဏ္ဏာသ ပါဠိတော်၏ မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား—

အလုံးစုံကုန်သော သခ်ံတဖြစ်ကုန်သော သခ်ိဳရ တရားတို့၏ မပြတ်မလပ် ဖြစ်ပျက်နေသော အပြစ်ဒေါသတို့ကို ဝိပဿနာဉာဏ်ဖြင့် မြင်၍ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သခ်ိဳရတရားတို့၌ ငြီးငွေ့စက်ဆုပ်ပြီးလျှင် နောင်ဖြစ်ပေါ် လတ္တံ့ကုန်သော သခ်ိဳရတရားတို့ကို အလိုမရှိဘဲ ၎င်းတရားတို့မှ လွတ်ရာဖြစ်သောတရားကို ရှာလတ်သော် ၎င်းတရားတို့၏ ဆန့်ကျင့်ဘက်ဖြစ်သော မဖြစ်မပျက်ဘဲ အမြဲတည်ရှိနေသော အသခ်ံတသဘော နိဗ္ဗာန်ကိုသာလျှင် ဝိပဿနာဉာဏ်ဖြင့် ထောက်ဆ၍ သိလေတော့၏။ ထိုသို့ ထောက်ဆ၍သိပြီးလျှင် အဖန်တလဲလဲ အားရုံပြုလတ်သော် ဉာဏ်သည်ရင့်ခြင်းသို့ ရောက်၍ ၎င်းအသခ်ံတဓာတ် နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်းသိမြင်တတ်သော မဂ်လေးပါးသို့ အစဉ်အတိုင်းရောက်၍ နောင်ဖြစ်လတ္တံ့သော အလုံးစုံကုန်သော

ကိလေသာ, ခန္ဓာတည်းဟူသော သခ်ၤတဖြစ်ကုန်သော သခ်ိဳရတရားတို့သည် နောင်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်းသို့ ရောက်ကုန်၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ကွယ်ငြိမ်းပြီးဖြစ်၍ နောင်အဆက်ဆက် ဖြစ်ပေါ်မှု မရှိကုန်တော့ပြီ။ ထိုသို့ သခ်ိဳရတရားတို့၏ နောင်ဖြစ်ပေါ်မှု မရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံတရားသည် စင်စစ် အသခ်ၤတသဘောနိဗ္ဗာန်ပင်တည်း။ ထို့ကြောင့် ၎င်းအသခ်ၤတ သဘော နိဗ္ဗာန်ကို သဗ္ဗသခ်ိဳရသမထ ဟု ခေါ်ဆိုအပ်လေသည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ဟောတော်မူအပ်ကုန်သော ပါဠိတော်တို့ကို ထောက်၍ အလုံးစုံကုန်သော သခ်ိဳရ တရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ၎င်းအသခ်ၤတဓာတ် သဘောနိဗ္ဗာန်ကို သဗ္ဗသခ်ိဳရသမထ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤပြအပ်ကုန်ပြီးသော ပါဠိတော်တို့၌သာ မိန့်အပ်သည်မဟုတ်သေး။ မူလ-ပဏ္ဏာသအဋ္ဌကထာ အလဂဒ္ဒူပမသုတ်အဖွင့် စာမျက်နှာ (၁၈) ၌—

> သဗ္ဗသခ်ိဳရသမထာယာတိ နိဗ္ဗာနတ္ထာယ။ နိဗ္ဗာနံ ဟိ အာဂမ္မ သဗ္ဗသခ်ိဳရဂ္ဂဠိတာနိ သဗ္ဗသခ်ိဳရစလနာနိ သဗ္ဗသခ်ိဳရဝိပ္ဖန္ဒိတာနိ သမန္တိ ဝူပသမန္တိ၊ တသ္မာ တံ "သဗ္ဗသခ်ိဳရသမထော" တိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

သဗ္ဗသခ်ိဳရသမထာယာတိ၊ သဗ္ဗသခ်ိဳရသမထာယ ဟူသည်ကား။ နိဗ္ဗာနတ္ထာယ၊ အသခ်ၤတဓာတ် နိဗ္ဗာန်အလို့ငှါ။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ နိဗ္ဗာနံ၊ မီး (၁၁) ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ သဗ္ဗသခ်ိဳရဂ္ဂဠိတာနိ၊ အလုံးစုံကုန်သော သခ်ၤတဟု ဆိုအပ်ကုန်သော ဇရာ, မရဏတို့ဖြင့် တုန်လှုပ်တတ်ကုန်သော သခ်ိဳရ တရားတို့သည်။ သဗ္ဗသခ်ိဳရစလနာနိ၊ အလုံးစုံကုန်သော သခ်ၤဘဟု ဆိုအပ်ကုန်သော ဇရာ, မရဏဖြင့် လှုပ်ရှားတတ်ကုန်သော သခ်ိဳရတရားတို့သည်။ သဗ္ဗသခ်ိဳရဝိပ္ဖန္ဒိတာနိ၊ အလုံးစုံကုန်သော သခ်ၤတဟု ဆိုအပ်ကုန်သော အထူးသဖြင့် ဇရာ,မရဏဖြင့် တုန်လှုပ်တတ်ကုန်သော သခ်ိဳရတရားတို့သည်။ သမန္တိ၊ ငြိမ်းကုန်၏။ ဝူပသမန္တိ၊ ထက်ဝန်းကျင်မှ ငြိမ်းကုန်၏။ ဝါ၊အကြွင်းမရှိ ငြိမ်းကုန်၏။ တသ္မာ၊ ထို့သို့ အလုံးစုံကုန်သော သခ်ၤတဟု ဆိုအပ်ကုန်သော တုန်လှုပ်တတ်ကုန်သော သခ်ိဳရတရားတို့၏ အကြွင်းမရှိ ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ တံ၊ ထို အသခ်ၤတဓာတ် နိဗ္ဗာန်ကို။ သဗ္ဗသခ်ိဳရသမထောတိ၊ သဗ္ဗသခ်ိဳရသမထဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—

သဗ္ဗသခ်ီရ သမထ–ဟူသော အမည်သည် မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတသဘော နိဗ္ဗာန်၏ အမည်တည်း။ အဘယ်ကြောင့် ၎င်းအသင်္ခတသဘော နိဗ္ဗာန်ကို သဗ္ဗသခ်ီရ သမထဟု ခေါ်ဆိုအပ်လေသနည်းဟူမူ– ၎င်းအသင်္ခတသဘောနိဗ္ဗာန်ကို အကြောင်းပြု၍သာလျှင် အလုံးစုံကုန်သော သင်္ခတ တရားဟု ဆိုအပ်ကုန်သော ဇရာ, မရဏ တို့ဖြင့် တုန်လှုပ်နေကုန်သော သခ်ီရတရားတို့သည် နောင်ဖြစ်ပေါ်မှုမရှိဘဲ အကြွင်းမရှိ ကွယ်ငြိမ်းကြကုန်၏။ ထို့ကြောင့် ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ၎င်းအသင်္ခတသဘော နိဗ္ဗာန်ကို သဗ္ဗသခ်ီရသမထဟု ခေါ်ဆိုအပ်သည် ဟူလို။ ဤသို့ ဖွင့်ဆိုအပ်သော မူလပဏ္ဏာသ အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော အလုံးစုံကုန်သော သင်္ခတဟု ဆိုအပ်ကုန်သော သခ်ီရတရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ၎င်း အသင်္ခတသဘော နိဗ္ဗာန်ကို သဗ္ဗသခ်ီရသမထဟုခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤ ပြဆိုအပ်ပြီးသော အဋ္ဌကထာ၌ မိန့်ဆိုအပ်သည်ကို ထောက်၍သာ သိအပ်သည်မဟုတ်သေး၊ မဟာနိဒ္ဒေသအဋ္ဌကထာ စာမျက်နှာ (၇၀)၌—

ယောသောတိ ယော ဧသော။ သဗ္ဗသခ်ီရသမထောတိအာဒိ သဗ္ဗံ နိဗ္ဗာနမေဝ။ ယသ္မာ ဟိ တံ အာဂမ္မ သဗ္ဗသခ်ီရ ဝိပ္ပန္ဒိတာနိ သမ္ဆိ ဝူပသမန္တိ၊ တသ္မာ "သဗ္ဗသခ်ီရသမထော"တိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ယောသောတိ၊ ယောသောဟူသည်ကား။ ယော, ဧသော၊ ယော, ဧသော ဟူ၍ပုဒ်ဖြတ်။ သဗ္ဗသခ်ီရသမထောတိအာဒိ၊ သဗ္ဗသခ်ီရသမထော-ဤသို့ အစရှိသော။ သဗ္ဗံ၊ အလုံးစုံသော စကားရပ်ကို။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိ၊ ထို စကားသည် မှန်၏။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထို အသင်္ခတသဘောနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲ့ပြု၍။ ဝါ၊ မင်္ဂိုဖြင့်ရောက်၍။ သဗ္ဗသခ်ီရဝိပ္ပန္ဒိတာနိ၊ အလုံးစုံကုန်သော သင်္ခတဟူသော အထူးသဖြင့် ဇရာ, မရဏတို့ဖြင့် တုန်လှုပ်ကုန်သော သခ်ီရတရားတို့သည်။ သမ္ဆိ၊ ငြိမ်းကုန်၏။ ဝူပသမန္တိ၊ အကြွင်းအကျန်မရှိဘဲ ထက်ဝန်းကျင်မှ ငြိမ်းကုန်၏။ တသ္မာ၊ ထို့ကြောင့် အလုံးစုံကုန်သော သင်္ခတဟု ဆိုအပ်ကုန်သော ဇရာမရဏတို့ဖြင့် အထူးသဖြင့် တုန်လှုပ်ကုန်သော သခ်ီရတရားတို့၏ အကြွင်းအကျန် မရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။

တံ၊ ထို အသခ်ၤတဓာတ်သဘော နိဗ္ဗာန်ကို။ သဗ္ဗသဒ္ဒါရသမထောတိ၊ သဗ္ဗသဒ္ဒါရသမထ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား— ရှေးနည်းအတိုင်းသာတည်း။ ဤသို့ ဖွင့်ပြအပ်သော မဟာနိဒ္ဒေသအဋ္ဌကထာရှင်၏ စကားကိုထောက်၍လည်း နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော အလုံးစုံကုန်သော သခ်ၤတဟု ဆိုအပ်ကုန်သော သဒ္ဒါရတရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့်ပင်း အသခ်ၤတသဘောနိဗ္ဗာန်ကို သဗ္ဗသဒ္ဒါရသမထဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤပြဆိုအပ်ပြီးသော အဋ္ဌကထာရှင်၏ စကားကိုထောက်၍သာ သိအပ်သည် မဟုတ်သေး။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ တတိယပဏ္ဏာသက(၁၄) ၄-ရာဇဝဂ်၊ ၁၀-သောတသုတ္တဝဏ္ဏနာ မျက်နှာနံပါတ် (၅၀) ၌—

> ယသ္မာ ပန တံ အာဂမ္မ သဗ္ဗေ သခ်ၤရာ သမထံ ဂစ္ဆန္တိ၊ တသ္မာ သဗ္ဗသခ်ၤရသမထောတိ ဝုတ္တံ။

ဟူ၍ ဖွင့်ဆိုသည်ကို ထောက်၍လည်း သိကုန်ဦး။

မြန်မာပြန်ကား—

ပန၊ အဘို့တပါး၊ကို ဆိုဦးအံ့။ တံ၊ ထို အသခ်ၤတသဘော နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သခ်ၤရာ၊ သခ်ၤရတရားတို့သည်။ သမထံ၊ နောင်ဖြစ်ပေါ်မှု မရှိခြင်းတည်းဟူသော ငြိမ်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တသ္မာ၊ ထို့သို့ သခ်ၤရတရားတို့၏ နောင် ဖြစ်ပေါ်မှု မရှိခြင်း တည်းဟူသော ငြိမ်းခြင်းသို့ရောက်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ ထို နိဗ္ဗာန်ကို။ သဗ္ဗသခ်ၤရသမထောတိ၊ သဗ္ဗသခ်ၤရ သမထ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အမိပ္ပါယ်သည် ပေါ်လွင်၍ သိလွယ်၏။ ဤသို့ပြဆိုအပ်သော အဂုံတို့၏ အဋ္ဌကထာရှင်၏ စကားကိုထောက်၍လည်း နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော အလုံးစုံကုန်သော သခ်ၤတဟု ဆိုအပ်ကုန်သော သခ်ၤရတရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ၎င်း အသခ်ၤတသဘောနိဗ္ဗာန်ကို သဗ္ဗသခ်ၤရသမထဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ ထိုပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာရှင်တို့၏ အာဘော်အရ ဝိဂြိုဟ်ပြုလုပ်လိုသော်—

သဗ္ဗသခ်ၤရာ သမန္တိ ဝူပသမန္တိ ဧတေနာတိ သဗ္ဗသခ်ၤရသမထော-ဟူ၍ ဟေတုသာဓန ကိတ် ဝိဂြိုဟ်ပြုအပ်၏။

ဧတေန၊ ထို အသခ််တသဘောနိဗ္ဗာန်ကြောင့်။ သဗ္ဗသခ််ါရာ၊ အလုံးစုံကုန်သော သခ််တဟု ဆိုအပ်ကုန်သော သခ််ါရတရားတို့သည်။ သမန္တိ၊ ငြိမ်းကုန်၏။ ဝူပသမန္တိ၊ အကြွင်းအကျန် မရှိဘဲ ထက်ဝန်းကျင်မှ ငြိမ်းကုန်၏။ ဣတိတသ္မာ၊ ထို့သို့ အလုံးစုံကုန်သော သခ််တဟု ဆိုအပ်ကုန်သော သခ််ါရတရားတို့၏ အကြွင်းအကျန် မရှိဘဲ ထက်ဝန်းကျင်မှ ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ သော အသခ််တသဘာဝေါ၊ ထို အသခ််တ သဘောတရားသည်။ သဗ္ဗသခ််ါရ-သမထော၊ သဗ္ဗသခ််ါရသမထ မည်၏။

သဗ္ဗသခ််ါရာ သမန္တိ-ဟူသော ကတ္ဘတ္ထကြိယာ၏ အရကား–နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော အလုံးစုံကုန်သော သခ််တဟု ဆိုအပ်ကုန်သော သခ််ါရတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်းခြင်းတည်းဟူသော အဘာဝပညတ်ရ၏။ ဟေတ္ထတ္ထကြိယာ၏ အရကား—ထို အလုံးစုံကုန်သော သခ််တဟုဆိုအပ်ကုန်သော သခ််ါရတရားတို့၏ နောင်ဖြစ်ပေါ်မှု မရှိဘဲ ကွယ်ငြိမ်းခြင်း၏ အကြောင်းဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသခ််တသဘောကိုသာ ရလေတော့၏။ ထို့သို့ ရခြင်းကြောင့် အလုံးစုံကုန်သော သခ််ါရ တရားတို့၏ နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ သဘောနိဗ္ဗာန်ကို သဗ္ဗ-သခ််ါရသမထဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

နိဗ္ဗာန်ကို ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယ ဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဌင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဌင်း အသခ််တသဘော နိဗ္ဗာန်ကို ရှေးဦးပြုဆိုအပ်ပြီးသော အမည်တို့ဖြင့်သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ရာဂ ဒေါသ မောဟ တို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်လည်း ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ ထို့သို့ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်သည် သဠာယတန သံယုတ် ပါဠိတော် ဇမ္ဗုခါဒကသံယုတ် နိဗ္ဗာနပဥ္ဉာသုတ် စာမျက်နှာ(၄၄၇)၌ ဇမ္ဗုခါဒကပရိဗိုဇ်ကို အကြောင်းပြု၍—

ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနန္တိ။ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အာဝုသော၊ ငါ့ရှင် ပရိဗိုဇ်။ ယော ခေါ ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းသည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏

ကုန်ကြောင်း သည်လည်းကောင်း။ ယော မောဟကွယော၊ အကြင်မောဟ၏ ကုန်ကြောင်းသည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဣဒံ ဤရာဂ, ဒေါသ, မောဟ၏ ကုန်ကြောင်းတရားကို။ နိဗ္ဗာနန္တိ၊ အသင်္ခတဓာတ် နိဗ္ဗာန်ဟူ၍။ ဝါ၊ ရာဂ, ဒေါသ, မောဟ, စသော သင်္ခတတရားတို့၏ ငြိမ်းကြောင်းသဘောဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

အဓိပ္ပါယ်ကား—

သင်္ခတနယ်၌ ရာဂစသော သင်္ခတတရားတို့၏ ဒေါသအပြစ်တွေ့ကို ဝိပဿနာ ဉာဏ်ဖြင့်မြင်၍ ၎င်းရာဂစသော သင်္ခတတရားတို့ကို စက်ဆုပ်ပြီးလျှင် ၎င်းတို့၏ ကုန်ကြောင်းကို ရှာလေသော် ၎င်းရာဂ စသော သင်္ခတ တရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သော မဖြစ်, မပျက်, မရင့်သော သဘော လက္ခဏာရှိသော အမြဲတည်ရှိနေသော အသင်္ခတသဘောကိုသာ ဉာဏ်ဖြင့် ထောက်ဆ၍ သိမြင်လေတော့၏။ ထိုသို့ သိမြင်ပြီး၍ အာရုံပြုသောအားဖြင့် စေလွှတ်ဖန် မျဉ်းလတ်သော် အကြင်အခါ ဉာဏ်ရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ ၎င်းအသင်္ခတ သဘော နိဗ္ဗာန်ကို အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြု၍ ထိုးထွင်းသိမြင်လေ၏။ ထိုသို့ သိမြင်ခြင်းကြောင့် သင်္ခတနယ်၌ ဖြစ်သော ရာဂ, ဒေါသ, မောဟ တရားတို့သည် နောင်ဖြစ်ပေါ်မှုမရှိခြင်း တည်းဟူသော ကုန်ခြင်းဖြင့် ကုန်လေကုန်၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ဘာမျှ မရှိခြင်း တည်းဟူသော အဘာဝသို့သာ ရောက်လေကုန်တော့၏။ ထိုသို့ ရာဂ ဒေါသ မောဟ တို့၏ နောင်ဖြစ်ပေါ်မှု မရှိခြင်းတည်းဟူသော ကုန်ခြင်းအဘာဝပညတ်သို့ ရောက်ရခြင်းသည် စင်စစ် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတ ဓာတ် နိဗ္ဗာန်၏ အကြောင်းခံခြင်းကြောင့်ပင် ဖြစ်ပေ၏။ ထိုသို့ သင်္ခတနယ်၌ ရှိကုန်သော သင်္ခတဖြစ်ကုန်သော ရာဂ ဒေါသ မောဟတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတသဘောကိုပင် နိဗ္ဗာန်ဟု ခေါ်ဆိုအပ်၏ ဟူသော အဓိပ္ပါယ်ကို သိစေတော်မူအပ်လေသည်။ ထိုကဲ့သို့သော အဓိပ္ပါယ်ကို အရှင်သာရိပုတ္တရာသာ သိစေအပ်သည်မဟုတ်သေး။ သင်္ဃာယတနသံယုတ်ပါဠိတော် အသင်္ခတသံယုတ် ကာယဂတာသတိသုတ် စာမျက်နှာ (၅၃၅)၌—

> ကတမဉ္စ ဘိက္ခဝေ အသင်္ခတံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတံ။

ဟူ၍ ဘုရားရှင်သည်လည်း သိစေတော်မူအပ်သည်သာလျှင်တည်း။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်။ ကတမံ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်း တရားသည် လည်းကောင်း။ ယော

ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ကြောင်း တရားသည် လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်း တရားသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤရာဂ ဒေါသ မောဟတို့၏ ကုန်ကြောင်းဖြစ်သော သဘောတရားကို။ အသင်္ခတံ၊အကြောင်း တရားတို့သည် မပြုပြင်အပ်သော ရာဂစသော သင်္ခတတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သော အသင်္ခတမည်သော နိဗ္ဗာန်တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—

သင်္ခတနယ်၌ရှိကုန်သော သင်္ခတတရားဖြစ်ကုန်သော ရာဂ, ဒေါသ, မောဟတို့၏ နောင်ဖြစ်ပေါ်မှုမရှိခြင်း တည်းဟူသော ကုန်ခြင်း၏ အကြောင်းခံဖြစ်သော သဘောကိုပင် မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဟု ခေါ်ဆိုအပ်သော နိဗ္ဗာန်တရားမည်၏ဟူသော အဓိပ္ပါယ်ကို ဘုရားရှင်သည် သိစေတော်မူအပ်၏။

ဤပါဠိတော်၌ ဟောတော်မူအပ်သည်ကို ထောက်၍သာ သိအပ်သည် မဟုတ်သေး၊ အာယတနဝိဘင်းပါဠိတော် စာမျက်နှာ (၇၄)၌လည်း—

တတ္ထ ကတမာ အသင်္ခတာတု၊ ယော ရာဂက္ခယော·ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ အသင်္ခတာတု။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကုန်ဦး။

မြန်မာပြန်ကား—

တတ္ထ၊ ထိုမမ္မာယကနနိဒ္ဒေသ၌။ အသင်္ခတာတု၊ အသင်္ခတသဘောသည်။ ကတမာ၊ အဘယ်နည်း။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်း သဘောသည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ကြောင်း သဘောသည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ကုန်ကြောင်း သဘောသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤရာဂ, ဒေါသ, မောဟ ကုန်ကြောင်း ဖြစ်သောသဘောကို။ အသင်္ခတာတု၊ အသင်္ခတာဟုတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အခိုပ္ပါယ်သည် ရှေးနည်းအတိုင်းသာတည်း။ ဤသို့ အရှင်သာရိပုတ္တရာနှင့် ဘုရားရှင်တို့သည် သိစေအပ်သော အလိုတော်အားလျော်စွာ သင်္ခတဖြစ်ကုန်သော ရာဂ, ဒေါသ, မောဟတို့ ကုန်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတသဘောနိဗ္ဗာန်ကိုသာလျှင် ရာဂက္ခယ, ဒေါသက္ခယ, မောဟက္ခယဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။ ဤပါဠိတော်တို့၌ မိန့်ဆိုအပ်သည်ကို ထောက်၍သာ သိအပ်သည် မဟုတ်သေး၊ သဠာယတနသံယုတ် အဋ္ဌကထာ ဇမ္မုခါဒကသံယုတ် နိဗ္ဗာနပဉ္ဉာသုတ်အဖွင့် မျက်နှာနံပါတ်(၁၂၇)၌—

ယော ခေါ် အာဝုသော ရာဂကွယော်တိ နိဗ္ဗာနံ အာဂမ္မ ရာဂေါ ခီယတိ၊ တသ္မာ နိဗ္ဗာနံ ရာဂကွယော်တိ ဝုစ္စတိ။ ဒေါသမောဟကွယေသုပိ ဧသေဝ နယော။

ဟူ၍ မိန့်ဆိုတော်မူအပ်သည်ကို ထောက်၍လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ယော ခေါ် အာဝုသော ရာဂကွယော်တိ၊ ယော ခေါ် အာဝုသော ရာဂကွယော ဟူသည်ကား။ နိဗ္ဗာနံ၊ မီး ၁၁-ပါး တို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် သဘောနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲ့ပြု၍။ ဝါ၊ မဂ်ဖြင့် အာရုံပြုသောအားဖြင့်ရောက်၍။ ရာဂေါ၊ တပ်တတ်သော ရာဂသည်။ ခီယတိ၊ ကုန်၏။ တသ္မာ၊ ထို့သို့ တပ်တတ်သော ရာဂ၏ ကုန်ကြောင်းဖြစ်သော သတ္တိကြောင့်။ နိဗ္ဗာနံ၊ အကြောင်းခံဖြစ်သော နိဗ္ဗာန်ကို။ ရာဂကွယော်တိ၊ ရာဂကွယ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒေါသ မောဟကွယေသုပိ၊ ဒေါသကွယ်, မောဟကွယ်တို့၌လည်း။ ဧသေဝ-ဧသော ဇော၊ ဤရာဂကွယ်၌ ဆိုအပ်ပြီးသည်သာ လျှင်ဖြစ်သော။ နယော၊ သိကြောင်းဖြစ်သောနည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အဓိပ္ပါယ်ကား–မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတသဘော နိဗ္ဗာန်ကို အကြောင်းခံပြု၍ ဝါ၊ မဂ်ဖြင့် အာရုံပြု၍ ယောဂါဝစရခန္ဓာ၌ သင်္ခတ ဖြစ်ကုန်သော ရာဂ, ဒေါသ, မောဟတို့ကုန်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတသဘော နိဗ္ဗာန်ကိုသာလျှင် (ရာဂကွယ်, ဒေါသကွယ်, မောဟကွယ်) ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤ အဋ္ဌကထာရှင်၏ စကားဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ အာယတနဝိဘင်းအဖွင့် မျက်နှာနံပါတ်(၄၈)၌—

ယံ ပနေတံ ဓမ္မာယတနနိဒ္ဒေသေ "တတ္ထ ကတမာ အသင်္ခတာ၊ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော" တိ ဝုတ္တံ၊ တတြာယမတ္ထော – အသင်္ခတာတု ဟိ အသင်္ခတသာဝံ နိဗ္ဗာနံ၊

ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ၊ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ။

ဟူ၍ မိန့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားဖြင့်လည်း သိကြကုန်ဦး။

မြန်မာပြန်ကား—

ဓမ္မာယတန နိဒ္ဒေသေ၊ ဓမ္မာယတန နိဒ္ဒေသဉ္စ။ တတ္ထ ကတမာ အသခ်္ခတ-ဓာတု၊ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ တတ္ထ ကတမာ အသခ်္ခတဓာတု၊ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော-ဟူ၍။ ယံ ပနေတံ ဝစနံ၊ အကြင် စကားတော်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ တတြ ဝစနေ၊ ထိုစကား၌။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ အတ္ထော၊အနက်တည်း။ အသခ်္ခတဓာတူတိ၊ အသခ်္ခတဓာတု ဟူသည်ကား။ အသခ်္ခတသဘာဝံ၊ အကြောင်းပစ္စည်းတို့သည် မပြုပြင်အပ်သော ပရမတ္ထ-သဘောသာလျှင် ဖြစ်သော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်း ဖြစ်သော နိရောဓသစ္စာနိဗ္ဗာန် ပေတည်း။ ဧတံ၊ ထိုအသခ်္ခတဓာတ်နိရောဓ-သစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့် အာရုံပြုသော အားဖြင့်ရောက်၍။ ရာဂါဒယော၊ သခ်္ခတတရား ဖြစ်ကုန်သော ရာဂအစရှိသည် တို့သည်။ ယသ္မာ၊ အကြင်ကြောင့်။ ခီယန္တိ၊ ကုန်လေကုန်၏။ တသ္မာ၊ ထိုသို့ သခ်္ခတ တရားဖြစ်ကုန်သော ရာဂအစရှိသည်တို့၏ ကုန်ကြောင်းဖြစ်သော သတ္တိ ကြောင့်။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော–ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အဓိပ္ပါယ်ကား— ဝိဘင်းပါဠိတော်၊ ဓမ္မာယတနနိဒ္ဒေသ၌ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတသဘောနိဗ္ဗာန်ကို ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော–ဟူ၍ ဟောတော်မူအပ်၏။ ထိုသို့ ဟောတော်မူအပ်ရာ၌ (ရာဂက္ခယ, ဒေါသက္ခယ, မောဟက္ခယတို့၏ အရကို ရာဂကုန်ခြင်း, ဒေါသကုန်ခြင်း, မောဟကုန်ခြင်း–ဟု ဆိုအပ်သော အဘာဝပညတ်ကို မယူမူ၍) သခ်္ခတ တရားဖြစ်ကုန်သော ရာဂ,ဒေါသ,မောဟတို့၏ ကုန်ကြောင်းဖြစ်သော အသခ်္ခတ-သဘောကိုသာလျှင် ယူစေလိုတော်မူသောကြောင့်။ (ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ။ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ)။ ဟူ၍ ဖွင့်ဆိုတော်မူအပ်လေသည်။ ထိုစကား၏ အဓိပ္ပါယ်မှာ–အကြောင်း တရားတို့သည် မပြုပြင်အပ်သော ရာဂ အစရှိကုန်သော သခ်္ခတ တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်, မပျက်, မရင့်သော သဘောသာလျှင်ဖြစ်သော အမြဲတည်ရှိသော အသခ်္ခတဓာတ်သဘော နိဗ္ဗာန်ကို, မဂ်လေးပါးဖြင့် အာရုံပြု သောအားဖြင့် ရောက်၍သာလျှင် သခ်္ခတဖြစ်ကုန်သော ရာဂ, ဒေါသ, မောဟ တရားတို့သည် နောင် အဆက်ဆက် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကုန်ဆုံးခြင်းသို့ ရောက်

လေကုန်၏။ ထိုသို့ ကုန်ဆုံးခြင်းသို့ ရောက်ရခြင်းသည် မင်္ဂ၏ အာရမ္မဏပစ္စည်း ဖြစ်သော နိဗ္ဗာန်တရားကြောင့်သာ ဖြစ်ပေ၏။ ထို့သို့ သန်တာဖြစ်ကုန်သော ရာဂ, ဒေါသ, မောဟ တရားတို့ ကုန်ဆုံးခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ၎င်းမင်္ဂ,ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတသင်္ခေါနိဗ္ဗာန်ကိုသာလျှင် ရာဂကွယ် ဟူ၍လည်းကောင်း၊ ဒေါသကွယ် ဟူ၍လည်းကောင်း၊ မောဟကွယ် ဟူ၍လည်း ကောင်း အမည်သုံးမျိုးတပ်၍ ဟောတော်မူအပ်လေသည်–ဟူသော အဓိပ္ပါယ်ကို သိစေတော်မူအပ်လေသည်။ ဤသို့ သိစေတော်မူအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း သင်္ခတဖြစ်ကုန်သော ရာဂ, ဒေါသ, မောဟတို့ ကုန်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတသင်္ခေါ နိဗ္ဗာန်ကိုသာလျှင် (ရာဂကွယ်, ဒေါသကွယ်, မောဟကွယ်) ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ဤပြဆိုအပ်ပြီးသော ရာဂ၏ကုန်ကြောင်း, ဒေါသ၏ ကုန်ကြောင်း, မောဟ၏ ကုန်ကြောင်းကို အစဲပြု၍ သာလျှင် မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတသင်္ခေါနိဗ္ဗာန်ကို (ရာဂကွယ်, ဒေါသကွယ်, မောဟကွယ်) ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ယူလေသမျှသော အယူဟူသမျှသည် အလုံးစုံကုန်သော အဋ္ဌကထာဆရာတို့၏ တူညီသောအယူသာလျှင် ဖြစ်၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ၎င်းအာယတနနိဒ္ဒေသ စာမျက်နှာ (၄၈)၌—

အယမေတ္ထ အာစရိယာနံ သမာနတ္ထကထာ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

အယံ၊ ဤရာဂကုန်ကြောင်း, ဒေါသကုန်ကြောင်း, မောဟကုန်ကြောင်း– ဟူ၍ ဆိုအပ်သော စကားရပ်သည်။ ဧတ္ထ၊ ဤမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတသင်္ခေါကို (ရာဂကွယော, ဒေါသကွယော, မောဟကွယော) ဟူ၍ ဟောဆိုတော်မူအပ်ရာတိုင်း၌။ အာစရိယာနံ၊ ဖွင့်ဆိုကုန်သော အဋ္ဌကထာဆရာတို့၏။ သမာနတ္ထကထာ၊ တူညီသည်၏ အဖြစ်ရှိသော စကားရပ်ပေတည်း။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏စကားကိုထောက်၍ ရာဂ၏ ကုန်ကြောင်း, ဒေါသ၏ ကုန်ကြောင်း, မောဟ၏ ကုန်ကြောင်း-ကို အစဲပြု၍သာလျှင် မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတသင်္ခေါနိဗ္ဗာန်ကို (ရာဂကွယ်, ဒေါသကွယ်, မောဟကွယ်)ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ယူလေသမျှသော အယူဟူသမျှသည် အလုံးစုံကုန်သော အဋ္ဌကထာဆရာတို့၏ တူညီသောအယူသာလျှင် ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤပြဆိုအပ်ပြီးသော အဋ္ဌကထာရှင်တို့၏ တူညီသော အယူဝါဒဟု ဆိုအပ်သော ရာဂကုန်ကြောင်း, ဒေါသကုန်ကြောင်း, မောဟကုန်ကြောင်း သဘောကို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ဟူ၍ မယူမူ၍ ရာဂကွယော, ဒေါသကွယော, မောဟကွယော-ဟူ၍ ဟောတော်မူရာတိုင်း၌ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြု၍ ထိုးထွင်း၍ သိတတ်သောမဂ်ဖြင့် ကုန်ခြင်းသို့ရောက်သော ရာဂ၏ မရှိခြင်း, ဒေါသ၏ မရှိခြင်း, မောဟ၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကိုသာလျှင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ဟု ယူခဲ့သည် ဖြစ်အံ့။ ထိုအယူသည် အလွန် ချော်ချွတ်သော ဝိတဏ္ဍဝါဒီအယူသာ ဖြစ်လေ၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ၎င်း ဓမ္မာယတန နိဒ္ဒေသအဖွင့် စာမျက်နှာ(၄၈)၌—

> ဝိတဏ္ဍဝါဒီပနာဟ "ပါဠိယေက္ကံ နိဗ္ဗာနံ နာမ နတ္ထိ၊ ကိလေသက္ခယောဝ နိဗ္ဗာန"န္တိ။

ဟူ၍ မိန့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ပန၊ သမာနဝါဒီအယူမှတပါး ဝိတဏ္ဍဝါဒီအယူကို ဆိုဦးအံ့။ ဝိတဏ္ဍဝါဒီ၊ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်သည်။ ပါဠိယေက္ကံ၊ အသီးအခြား။ နိဗ္ဗာနံ နာမ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်မည်သည်။ နတ္ထိ၊ မရှိ။ ကိလေသက္ခယောဝ၊ ကိလေသာကုန်ခြင်းသည်သာလျှင်။ နိဗ္ဗာနန္တိ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ဟူ၍။ အာဟ၊ ဆို၏။

အဓိပ္ပါယ်ကား—ဘုရားရှင် သာသနာတော်၌ ဘုရားရှင်၏ အလိုတော်မဟုတ်သော ချော်ချွတ်သော အယူကို ယူမိသော သာသနာတော်၏ ငြောင့်တံသင်းဖြစ်သော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ဟူသမျှသည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သည် အသီးအခြား ရှိတော့သည် မဟုတ်၊ ရာဂ, ဒေါသ, မောဟ အစရှိကုန်သော ကိလေသာတို့၏ ကုန်ခြင်းဟု ဆိုအပ်သော မရှိခြင်းသည်သာလျှင် မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ပင်တည်းဟု ပြောဆိုလေသည် ဟူလို။ ဤသို့ ပြဆိုအပ်သော အဋ္ဌကထာစကားကိုထောက်၍ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်၏အယူကို သိကြကုန်။

ထိုဆိုအပ်ပြီးသော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို အမှန်သို့ရောက်အောင် ဆုံးမပုံမှာ အကယ်၍ ကိလေသာ ကုန်ခြင်းကိုသာလျှင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော

အသခ််တမောတ်နိဗ္ဗာန်ဟု သင် ဝိတဏ္ဍဝါဒီ ပြောဆိုခဲ့အံ့၊ သင်၏ အယူဝါဒ၌ ကိလေသာကုန်ခြင်း နိဗ္ဗာန်သည် အလွန် များပြားလေရာ၏။ အဘယ်သို့ များပြားလေရာသနည်းဟူမူ–ရာဂကုန်သော နေရာ၌ ဒေါသ, မောဟတို့သည် ကုန်ခြင်း မရှိကုန်။ ဒေါသကုန်ရာ၌လည်း ရာဂ, မောဟတို့သည် ကုန်ခြင်း မရှိကုန်။ မောဟကုန်ရာ၌လည်း ရာဂ, ဒေါသတို့သည် ကုန်ခြင်း မရှိကုန်။ ရာဂကုန်ရာ၌ ရာဂသာလျှင် ကုန်၏။ ဒေါသကုန်ရာ၌လည်း ဒေါသသာလျှင် ကုန်၏။ မောဟကုန်ရာ၌လည်း မောဟသာလျှင် ကုန်၏။ ဤသို့သောနည်းဖြင့် ကိလေသာတခု, တခု ကုန်ရာ၌ နိဗ္ဗာန် တခု, တနုစီ ဖြစ်လေရာ၏။ ထိုသို့ဖြစ်ခဲ့သည်ရှိသော် တထောင့်ငါးရာ ကိလေသာကုန်ရာ၌ နိဗ္ဗာန် တထောင့်ငါးရာ ဖြစ်လေရာ၏။ ထိုသို့ဖြစ်ခြင်းကြောင့် သင်၏ အယူဝါဒသည် အလွန် မှားသော အယူဝါဒ ဖြစ်၏။ ထိုကဲ့သို့ အယူဝါဒကို မယူမူ၍ မင်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တမောတ် နိရောဓသစ္စာနိဗ္ဗာန်သည် စင်စစ် တပါးတည်းသာတည်း။ ထိုတပါးတည်းဖြစ်သော အသခ််တမောတ် နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုသော အားဖြင့် မင်လေးတန်ဖြင့် ရောက်၍ ယောဂါဝစရ ဒန္ဓာအစဉ်၌ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ရာဂ, ဒေါသ, မောဟ-စသော သခ််တတရားသာလျှင် ဖြစ်ကုန်သော ကိလေသာဟူသမျှတို့သည် နောင်သံသရာအဆက်ဆက်၌ ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကုန်သောအားဖြင့် မရှိခြင်းသို့ ရောက်လေကုန်၏။ ထိုသို့ ကုန်ခြင်း, မရှိခြင်းသို့ ရောက်ရခြင်းသည် မင်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တမောတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင် ထင်ရှား သိစေတော်မူလိုသောကြောင့် ရာဂကွယော, ဒေါသကွယော, မောဟကွယော-ဟူသော စကားတော်ကို အာရုံ၌ သာရိပုတ္တရာနှင့်တကွ ဘုရားရှင်တို့သည် ဟောတော်မူအပ်လေသည်။ ရာဂကုန်ခြင်း, ဒေါသကုန်ခြင်း, မောဟကုန်ခြင်းကို ရည်၍ ဟောတော်မူအပ်သည် မဟုတ်ဟု ပြောဆို ဆုံးမအပ်၏။ ထိုသို့ ပြောဆိုဆုံးမအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၌ သင်သည် ၎င်း မမှာယတန နိဒ္ဒေသအဖွင့် စာမျက်နှာ (၄၉) ၌---

ဗဟုနိဗ္ဗာနတာယ ကာရေတဗ္ဗော။ ကထံ? ဣဒံ၊ တာဝ ပုစ္ဆိတဗ္ဗော၊ "ရာဂက္ခယော နာမ ရာဂဿေဝ ခယော၊ ဥဒါဟု ဒေါသမောဟာနမ်ပိ၊ ဒေါသက္ခယော နာမ ဒေါသဿေဝ ခယော၊ ဥဒါဟု ရာဂမောဟာနမ်ပိ၊ မောဟက္ခယော နာမမောဟဿေဝ ခယော၊ဥဒါဟု ရာဂဒေါသာနမ်ပိ"တိ။ အဒ္ဓါ ဝက္ခတိ "ရာဂက္ခယော နာမ ရာဂဿေဝ ခယော၊ ဒေါသက္ခယော နာမ ဒေါသဿေဝ ခယော၊ မောဟက္ခယော နာမ မောဟဿေဝ ခယော"တိ။

တတော ဝတ်တဗ္ဗော–တဝ ဝါဒေ ရာဂက္ခယော ဇကံ နိဗ္ဗာနံ ဟောတိ၊ ဒေါသက္ခယော ကော်၊ မောဟက္ခယော ဇကံ၊ တိဏ္ဏံ အကုသလ-မူလာနံ ခယေ တိဏ်ဂိ နိဗ္ဗာနာနိ ဟောန်တိ၊ စတုန္နံ ဥပါဒါနာနံ ခယေ စတ်တာရိ၊ ပဉ္စန္နံ နိဝရဏာနံ ခယေ ပဉ္စ၊ ဆန္နံ တဏှာကာယာနံ ခယေ ဆ၊ သတ်တန္နံ အနုသယာနံ ခယေ သတ်တ၊ အဋ္ဌန္နံ မိစ္ဆတ်တာနံ ခယေ အဋ္ဌ၊ နဝန္နံ တဏှာမူလကဓမ္မာနံ ခယေ နဝ၊ ဒသန္နံ သံယောဇနာနံ ခယေ ဒသ၊ ဒိယဖုကိလေသသဟဿာ ခယေ ပါဋိယေက်ံ ပါဋိယေက်ံ နိဗ္ဗာနန်တိ ဗဟူနိ နိဗ္ဗာနာနိ ဟောန်တိ၊ နတ်ထိ ပန တေ နိဗ္ဗာနာနံ ပမာဏန်တိ။ ဧဝံ ပန အဂ်ဟေတ်ဝာ နိဗ္ဗာနံ အာဂမ္မ ရာဂါဒယော ခီဏာတိ ကေမေဝ နိဗ္ဗာနံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုစ်တိ။ တိဏ်ပိ ဟေတာနိ နိဗ္ဗာနသ်ေဝ အဓိဝစနာနိတိ ဂဏှ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဗဟုနိဗ္ဗာနတာယ၊ များသောနိဗ္ဗာန်ရှိသည်၏ အဖြစ်ဖြင့်။ ကာရေတဗ္ဗော၊ ပြုအပ်၏။ ကထံ၊ အဘယ်သို့ ပြုအပ်သနည်းဟူမူ။ ရာဂက္ခယော နာမ၊ ရာဂ၏ကုန်ခြင်းမည်သည်ကား။ ရာဂသ်ေဝ၊ရာဂ၏သာလျှင်။ခယော ကုန်ခြင်းပါလော။ ဥဒါဟု၊ထိုသို့မဟုတ်။ဒေါသမောဟာနမ်ပိ။ ဒေါသ မောဟတို့၏လည်း။ ခယော၊ ကုန်ခြင်းဖြစ်ပါသလော။ဒေါသက္ခယော နာမ၊ဒေါသ၏ကုန်ခြင်းမည်သည်ကား။ ဒေါသသ်ေဝ၊ ဒေါသ၏သာလျှင်။ ခယော၊ ကုန်ခြင်းပါလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ရာဂမောဟာနမ်ပိ၊ ရာဂ, မောဟတို့၏လည်း။ ခယော၊ ကုန်ခြင်း ဖြစ်ပါသေးသလော။ မောဟက္ခယော နာမ၊ မောဟ၏ ကုန်ခြင်း မည်သည်ကား။ မောဟသ်ေဝ၊ မောဟ၏ သာလျှင်။ ခယော၊ ကုန်ခြင်းပါလော။ ဥဒါဟု၊ထိုသို့မဟုတ်။ ရာဂဒေါသာနမ်ပိ၊ ရာဂ, ဒေါသတို့၏လည်း။ ခယော၊ ကုန်ခြင်း ဖြစ်ပါသေးသလော။ ဣတိ၊ ဤသို့။ ဣဒံ ဝစနံ၊ ဤသို့သော စကားကို။ တာဝ၊ ရှေးဦးစွာ။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ တဒါ၊ ထိုသို့ မေးသောအခါ၌။ ရာဂက္ခယော နာမ၊ ရာဂ၏ကုန်ခြင်းမည်သည်ကား။ရာဂသ်ေဝ၊ရာဂ၏သာလျှင်။ခယော၊ ကုန်ခြင်းပါတည်း။ ဒေါသက္ခယော နာမ၊ ဒေါသ၏ ကုန်ခြင်းမည်သည်ကား။ ဒေါသ-သ်ေဝ၊ ဒေါသ၏သာလျှင်။ ခယော၊ ကုန်ခြင်းပါတည်း။ မောဟက္ခယော နာမ၊ မောဟ၏ ကုန်ခြင်းမည်သည်ကား။ မောဟသ်ေဝ၊ မောဟ၏သာလျှင်။ ခယော၊ ကုန်ခြင်းပါတည်း။ ဣတိ၊ ဤသို့။ အဒ္ဓါ၊ မချွတ်။ ဝက္ခတိ၊ ဆိုလတ္တံ့။ တတော၊ ထိုနောက်မှ။ သော၊ ထိုဝိတက္ကဝါဒီ ပုဂ္ဂိုလ်ကို။ တဝ၊ သင်၏။ ဝါဒေ၊ အယူ၌။ ရာဂက္ခယော၊ရာဂ၏ကုန်ခြင်းသည်။ ဇကံ၊ တခုသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။

ဟောတိ၊ ဖြစ်၏။ ဒေါသက္ခယော၊ ဒေါသ၏ ကုန်ခြင်းသည်။ ကေံ၊ တခုသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဟောတိ၊ ၏။ မောဟက္ခယော၊ မောဟ၏ ကုန်ခြင်းသည်။ ကေံ၊ တခုသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဟောတိ၊ ၏။ တိဏ္ဏံ၊ သုံးပါးကုန်သော။ အကုသလမူလာနံ၊ အကုသိုလ်မူလတို့၏။ ခယေ၊ ကုန်ခြင်း၌။ တီဏိ၊ သုံးပါးကုန်သော။ နိဗ္ဗာနာနိ၊ နိဗ္ဗာန်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုန္နံ၊ လေးပါးကုန်သော။ ဥပါဒါနာနံ၊ဥပါဒါန် တရားတို့၏။ခယေ၊ကုန်ခြင်း၌။စတ္တာရိ၊ လေးပါးကုန်သော။ နိဗ္ဗာနာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ နိဝရဏာနံ၊ နိဝရဏတရားတို့၏။ ခယေ၊ ကုန်ခြင်း၌။ ပဉ္စ၊ ငါးပါးကုန်သော။ နိဗ္ဗာနာနိ၊ နိဗ္ဗာန်တို့သည်။ ဟောန္တိ၊ ကုန်၏။ ဆန္နံ၊ ခြောက်ပါးကုန်သော။ တဏှာကာယာနံ၊ တဏှာအပေါင်းတို့၏။ ခယေ၊ ကုန်ခြင်း၌။ ဆ၊ ခြောက်ပါးကုန်သော။ နိဗ္ဗာနာနိ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ အနုသယာနံ၊ အနုသယတို့၏။ ခယေ၊ ကုန်ခြင်း၌။ သတ္တ၊ ခုနစ်ပါးကုန်သော။ နိဗ္ဗာနာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော။မိစ္ဆတ္တာနံ၊ မိစ္ဆတ္တတရားတို့၏။ ခယေ၊ ကုန်ခြင်း၌။အဋ္ဌ၊ရှစ်ပါးကုန်သော။ နိဗ္ဗာနာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ နဝန္နံ၊ ကိုးပါးကုန်သော။ တဏှာမူလက-ခမ္မာနံ၊ တဏှာမူလကတရားတို့၏။ ခယေ၊ ကုန်ခြင်း၌။ နဝ၊ ကိုးပါးကုန်သော။ နိဗ္ဗာနာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဒသန္နံ၊ ဆယ်ပါးကုန်သော။ သံယော-ဇနာနံ၊ သံယောဇဉ် တို့၏။ ခယေ၊ ကုန်ခြင်း၌။ ဒသ၊ ဆယ်ပါးကုန်သော။ နိဗ္ဗာနာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဒိယဗုကိလေသ သဟဿဿ၊ တထောင့်ငါးရာ ကိလေသာ၏။ ခယေ၊ ကုန်ခြင်း၌။ ပါဋိယေက္ကံ ပါဋိယေက္ကံ၊ အသီး, အသီးသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဗဟူနိ၊ များစွာကုန်သော။ နိဗ္ဗာနာနိ၊ နိဗ္ဗာန်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတေ၊ သင်၏။ ဝါဒေ၊ အယူ၌။ နိဗ္ဗာနာနံ၊ နိဗ္ဗာန်တို့၏။ ပမာဏံ၊ အတိုင်းအရှည်သည်။ နတ္ထိ ပန၊ မရှိလေပြီတကား။ ဣတိ ဧဝံ ပန၊ ဤသို့သောအယူကို ကား။ အဂ္ဂဟေတွာ၊ မယူမူ၍။ နိဗ္ဗာနံ၊ အသင်္ခတာဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစွဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ ရာဂါဒယော၊ ရာဂ စသည်တို့သည်။ ခီဏာ၊ ကုန်လေကုန်၏။ ဣတိတသ္မာ၊ ထို့သို့ ရာဂအစရှိသည်တို့၏ ကုန်ကြောင်းဖြစ်သော သတ္တိကြောင့်။ ကေမေဝနိဗ္ဗာနံ၊ တခုသော အသင်္ခတာဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင်။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ရာဂကွယော, ဒေါသကွယော, မောဟကွယော-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တီဏိပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဧတာနိ၊ ထိုအမည်တို့သည်။ နိဗ္ဗာနဿေဝ၊ အသင်္ခတာဓာတ် နိရောဓသစ္စာနိဗ္ဗာန်၏သာလျှင်။ အဓိဝစနာနိ၊ အမည်တို့တည်း။ ဣတိ၊ ဤသို့။

ဂဏ္ဍ၊ ယူလေလော့။ ဣတိ၊ ဤသို့။ ဝတ္တာဗ္ဗော၊ ဆိုဆုံးမအပ်၏။ အဓိပ္ပါယ်သည် ရှေးဦးပြဆိုအပ်ပြီးသည်နှင့် အတူတူသာတည်း။

ဤသို့ နိဗ္ဗာန်မျှားပြားသည်၏အဖြစ်ကို ပြဆို၍ ဆုံးမအပ်သော်လည်း ကိလေသာကုန်ခြင်း, မရှိခြင်း-ကိုပင်လျှင် မင်္ဂလိတ္ထိ၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ဟု စွဲယူနေခဲ့သည် ဖြစ်ခဲ့အံ့။ တဖန် ကိလေသာကုန်ခြင်း, မရှိခြင်းကိုသာ နိဗ္ဗာန်ဟု စွဲယူအပ်သော ၎င်းဝိဟင်္ဂဝါဒီအယူဒဋ္ဌိ ရုန့်ရင်းခြင်းသို့ ရောက်သည်၏အဖြစ်ကို ပြဆို၍ ဆုံးမအပ်၏။ ထိုသို့ ဆုံးမအပ်သည်၏ အဖြစ်ကို ပြဆိုတော် မူလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ၎င်းအာယတနဝိဘင်း ဓမ္မာယတန နိဒ္ဒေသ အဖွင့် စာမျက်နှာ (၅၀) ၌ပင်—

> သစေ ပန ဧဝံ ဝုတ္တေပိ န သလ္လက္ခေတိ၊ ဩဇဋ္ဌာရိကတာယ ကာရဏေတဗ္ဗော။ ကထံ? အန္ဓဗာလာ ဟိ အစ္ဆ, ဒိပိ, မိဂ, မက္ကဋဒယောပိ ကိလေသပရိယုဋ္ဌိတာ ဝတ္ထုံ ပဋိသေဓန္တိ။ အထ နေသံ ပဋိသေဓန-ပရိယန္တေ ကိလေသော ဝူပသမ္မတိ။ တဝ ဝါဒေ အစ္ဆ, ဒိပိ, မိဂ, မက္ကဋဒယော နိဗ္ဗာနပ္ပတ္တာ နာမ ဟောန္တိ။ ဩဇဋ္ဌာရိကံ ဝတ တေ နိဗ္ဗာနံ ထူလံ၊ ကဏ္ဏဟိ ပိဒ္ဓန္တိံ နု သက္ကာတိ။ ဧဝံ ပန အဂ္ဂဟေတ္ဝာ နိဗ္ဗာနံ အာဂမ္မ ရာဂါဒယော ခီဏာတိ ကေမေဝ နိဗ္ဗာနံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုစ္စတိ။ တိဏ်ပိ ဟေတာနိ နိဗ္ဗာ-နဿေဝ အဓိဝစနာနေတ ဂဏ္ဍ။

ဟူ၍ မိန့်ဆိုအပ်လေလည်။

မြန်မာပြန်ကား—

ဧဝံ ဝုတ္တေပိ၊ ဤသို့ ပြောဆိုအပ်သော်လည်း။ သစေ ပန နာ သလ္လက္ခေတိ၊ အကယ်၍ကား မမှတ်မယူသေးသည်ဖြစ်အံ့။ ဩဇဋ္ဌာရိကတာယ၊ ရုန့်ရင်းသည်၏ အဖြစ်ဖြင့်။ ကာရဏေတဗ္ဗော၊ ပြုလုပ်အပ်၏။ ကထံ ကာရဏေတဗ္ဗော၊ အဘယ်သို့ ပြုလုပ်အပ်သနည်း ဟူမူကား။ အန္ဓဗာလာ၊ မိုက်မဲကုန်သော။ အစ္ဆ, ဒိပိ, မိဂ, မက္ကဋဒယောပိ၊ ဝံ, သစ်, သမင်, မျောက်-အစရှိကုန်သော တိရစ္ဆာန်တို့သည်လည်း။ ကိလေသပရိယုဋ္ဌိတာ၊ ကိလေသာသည် ထိုးကျင်အပ်သည် ဖြစ်၍။ ဝတ္ထုံ၊ မေထုန်အကျင့်ကို။ ပဋိသေဓန္တိ၊ မှီဝဲကုန်၏။ အထ၊ ထိုသို့ မှီဝဲကုန်သည်ရှိသော်။ နေသံ၊ ထို ဝံ, သစ်, သမင်, မျောက်- အစရှိကုန်သော တိရစ္ဆာန်တို့၏။ ပဋိသေဓနပရိယန္တေ၊ မှီဝဲသည်၏ အဆုံး၌။ ကိလေသော၊ ကိလေသာအပူအလောင်သည်။ ဝူပသမ္မတိ၊ ငြိမ်းလေ၏။ ဣတိတသ္မာ၊ ထိုသို့ကိလေသာအပူအလောင် ငြိမ်းလေသောကြောင့်။ တဝ၊ သင်၏။ ဝါဒေ၊ အယူ၌။ အစ္ဆ, ဒိပိ, မိဂ, မက္ကဋဒယောပိ၊ ဝံ, သစ်, သမင်, မျောက်-အစရှိသည်တို့သည်လည်း။

ဟူ၍ မိန့်ဆိုအပ်လေလည်။

မြန်မာပြန်ကား—

ဧဝံ ဝုတ္တေပိ၊ ဤသို့ ပြောဆိုအပ်သော်လည်း။ သစေ ပန နာ သလ္လက္ခေတိ၊ အကယ်၍ကား မမှတ်မယူသေးသည်ဖြစ်အံ့။ ဩဇဋ္ဌာရိကတာယ၊ ရုန့်ရင်းသည်၏ အဖြစ်ဖြင့်။ ကာရဏေတဗ္ဗော၊ ပြုလုပ်အပ်၏။ ကထံ ကာရဏေတဗ္ဗော၊ အဘယ်သို့ ပြုလုပ်အပ်သနည်း ဟူမူကား။ အန္ဓဗာလာ၊ မိုက်မဲကုန်သော။ အစ္ဆ, ဒိပိ, မိဂ, မက္ကဋဒယောပိ၊ ဝံ, သစ်, သမင်, မျောက်-အစရှိကုန်သော တိရစ္ဆာန်တို့သည်လည်း။ ကိလေသပရိယုဋ္ဌိတာ၊ ကိလေသာသည် ထိုးကျင်အပ်သည် ဖြစ်၍။ ဝတ္ထုံ၊ မေထုန်အကျင့်ကို။ ပဋိသေဓန္တိ၊ မှီဝဲကုန်၏။ အထ၊ ထိုသို့ မှီဝဲကုန်သည်ရှိသော်။ နေသံ၊ ထို ဝံ, သစ်, သမင်, မျောက်- အစရှိကုန်သော တိရစ္ဆာန်တို့၏။ ပဋိသေဓနပရိယန္တေ၊ မှီဝဲသည်၏ အဆုံး၌။ ကိလေသော၊ ကိလေသာအပူအလောင်သည်။ ဝူပသမ္မတိ၊ ငြိမ်းလေ၏။ ဣတိတသ္မာ၊ ထိုသို့ကိလေသာအပူအလောင် ငြိမ်းလေသောကြောင့်။ တဝ၊ သင်၏။ ဝါဒေ၊ အယူ၌။ အစ္ဆ, ဒိပိ, မိဂ, မက္ကဋဒယောပိ၊ ဝံ, သစ်, သမင်, မျောက်-အစရှိသည်တို့သည်လည်း။

နိဗ္ဗာနပ္ပတ္တာ နာဂ၊ နိဗ္ဗာန်သို့ရောက်သည် မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ သင်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သဉ္ဇာရိကံဝတ၊ ရုန့်ရင်းစ္ဥ တကား။ ထူလံဝတ၊ ကြမ်းကြုတ်စ္ဥတကား။ ကဏ္ဏေဟိ၊ နားတို့ဖြင့်။ ပိဒ္ဓန္ဓိတုံ၊ တန်းဆာဆင်ခြင်းငှါ။ ဝါ၊ နားထောင်ခြင်းငှါ။ န သက္ကာတိ၊ မစ္ဥမ်းနိုင်။ ဧဝံ ပန၊ ဤသို့ကား။ အဂ္ဂဟေတ္ဝာ၊ မယူမူ၍။ နိဗ္ဗာနံ၊ အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစ္ဥပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ ရာဂါဒယော၊ ရာဂအစရှိကုန်တော ကိလေသာတို့သည်။ ခီဏာ၊ ကုန်လေကုန်၏။ ဣတိတသ္မာ၊ ထို့သို့ကုန်ကြောင်းဖြစ်သော သတ်တိကြောင့်။ ဧကမေဝ၊ တပါး တည်းသာလျှင် ဖြစ်သော။ နိဗ္ဗာနံ၊ အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော-ဟူ၍။ ဝါ၊ ရာဂကုန်ကြောင်း, ဒေါသကုန်ကြောင်း, မောဟကုန်ကြောင်း - ဟူ၍။ ဥစ္စတိ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တီဏိပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ ဧတာနိ၊ ထိုအမည်တို့သည်။ နိဗ္ဗာနဿေဝ၊ အသခ််တဓာတ်နိဗ္ဗာန်၏သာလျှင်။ အဓိဝစနာနိ၊ အမည်တို့တည်း။ ဣတိ၊ ဤသို့။ ဂဏှ၊ ယူလေလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုဆုံးမအပ်၏။

အဓိပ္ပါယ်ကား—ရာဂကုန်ခြင်း, ဒေါသကုန်ခြင်း, မောဟကုန်ခြင်းကိုပင် နိဗ္ဗာန်ဟု စွဲယူနေသော ၎င်းဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို ထပ်မံ၍ တဖန် ပြောဆိုပုံမှာ "အကြင်အခါ မိုက်မဲကုန်သော ဝံ, သစ်, သမင်, မျောက်-အစရှိကုန်သော တိရစ္ဆာန်တို့သည် ကိလေသာ ထိုးကျင်အပ်ကုန်သည်ဖြစ်၍ မေထုန် အကျင့်ကို ကျင့်ကုန်၏။ ထိုသို့ကျင့်သောအဆုံး၌ ပူလောင်သော ကိလေသာသည် ငြိမ်းကင်းခြင်းသို့ ရောက်လေ၏။ ထိုသို့ ရောက်သော ကိလေသာ၏ ငြိမ်းခြင်းသည်လည်း သင်၏အယူဌာန နိဗ္ဗာန်ဖြစ်လေတော့၏။ ထိုသို့ဖြစ်ခြင်းကြောင့် သင်၏ ကိလေသာကုန်ငြိမ်းခြင်း နိဗ္ဗာန်သည် ရုန့်ရင်းလေစ္ဥတကား၊ ကြမ်းကြုတ်လေစ္ဥတကား၊ နားတောင် ထောင်စရာ မကောင်းလေစ္ဥတကား။ ထိုသို့ ရုန့်ရင်း ကြမ်းကြုတ်ရာရောက်သောကြောင့် ကိလေသာကုန်ခြင်းကို နိဗ္ဗာန်ဟု မယူမူ၍ ရှေးက ပြဆိုခဲ့ပြီးသည်အတိုင်း ကိလေသာတို့၏ ကုန်ကြောင်း ဖြစ်သော အသခ််တဓာတ်တပါးတည်းကိုသာလျှင် မဂ်ဖြင့် အာရုံပြု၍ ရာဂစသည်တို့သည် ကုန်လေ၏။ ထိုသို့ ရာဂစသည်တို့ ကုန်ကြောင်းဖြစ်သောကြောင့် ၎င်းအသခ််တဓာတ်နိဗ္ဗာန်တပါးတည်းကိုပင် ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော ဟု အမည်တပ်၍ ဟောတော်မူအပ်လေသည်။ စင်စစ် ရာဂကုန်ခြင်း, ဒေါသကုန်ခြင်း, မောဟကုန်ခြင်းကို နိဗ္ဗာန်ဟု ပြလို၍ ဟောအပ်သည် မဟုတ်။ ထိုကြောင့် ရာဂကုန်ခြင်း, ဒေါသကုန်ခြင်း, မောဟကုန်ခြင်းကို နိဗ္ဗာန်ဟု မယူမူ၍ ရာဂကုန်ကြောင်း, ဒေါသကုန်ကြောင်း, မောဟကုန်ကြောင်းကိုသာ မဂ်၏

အာရုံနိဗ္ဗာန်ဟု ယူလေ။ ၎င်းအမည်သုံးပါးစလုံးသည် ၎င်းအသစ်တခုတ်၏ အမည်မျှသာ ဖြစ်၏"ဟု ပြောဆို ဆုံးမအပ်ကြောင်းကို သိစေတော်မူအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ထိုသို့ပင် ရှုနှုန်းသည်၏အဖြစ်ဖြင့် ပြောဆို ဆုံးမအပ်သော်လည်း ၎င်း ဝိတက္ကဝါဒီပုဂ္ဂိုလ်သည် မိမိအယူဖြစ်သော ရာဂ, ဒေါသ, မောဟ စသော ကိလေသာကုန်မှုကိုသာလျှင် မဂ်၏ အာရုံနိဗ္ဗာန်ဟု စွဲယူနေခဲ့သည်ဖြစ်အံ့၊ ထိုသို့ စွဲယူနေခဲ့သည်ရှိသော် မဂ်၏ရှေ့ဦးဖြစ်သော ဂေါတြဘူဉာဏ်၏ အာရုံဖြင့်လည်း ပြဆိုဆုံးမအပ်၏။ ထိုသို့ ပြဆိုဆုံးမအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော သမ္မာဟဝိနောဒနီ အဋ္ဌကထာရှင်သည် ၎င်း အာယတနဝိဘင်း မမှာယတနနိဒ္ဒေသအဖွင့် စာမျက်နှာ (၅၀)၌ပင်—

> သစေ ပန ဧဝံ ဝုတ္တောပိ န သလ္လက္ခေတိ၊ ဂေါတြဘုနာပိ ကာရေတဗ္ဗော။ကထံ? ဧဝံ တာဝ ပုစ္ဆိတဗ္ဗော "တုံ့ ဂေါတြဘု နာမ အတ္ထိတိ ဝဒေသိ"တိ။ အာမ ဝဒါမိတိ။ ဂေါတြဘုက္ခဏေ ကိလေသာ ခီဏာ, ခီယန္တိ, ခီယိဿန္တီတိ။ န ခီဏာ, န ခီယန္တိ၊ အပိစ ခေါ ခီယိဿန္တီတိ။ ဂေါတြဘု ပန ကိံ အာရမ္မဏံ ကရောတီတိ။ နိဗ္ဗာနံ။ တဝ ဂေါတြဘုက္ခဏေ ကိလေသာ န ခီဏာ, န ခီယန္တိ၊ အထ ခေါ ခီယိဿန္တိ။ တုံ့ အခီဏေသုယေဝ ကိလေသေသု ကိလေသက္ခယံ နိဗ္ဗာနံ ပညပေသိ၊ အပ္ပဟီနေသု အနုသယေသု အနုသယပ္ပဟာနံ နိဗ္ဗာနံ ပညပေသိ။ တံ တေ န သမေတိ။ ဧဝံ ပန အဂ္ဂဟေတ္ဝာ နိဗ္ဗာနံ အာဂမ္မ ရာဂါဒယော ခီဏာတိ ဧကမေဝ နိဗ္ဗာနံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုစ္စတိ။ တိဏ်ိပိ ဟေတာနိ နိဗ္ဗာနဿေဝ အဓိဝစနာနိတိ ဂဏှ

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဧဝံ၊ ဤသို့။ ဝုတ္တောပိ၊ ဆိုအပ်သော်လည်း။ သစေ ပန နှ သလ္လက္ခေတိ၊ အကယ်၍ကား မမှတ်မယူသေးသည်ဖြစ်အံ့။ ဂေါတြဘုနာပိ၊ ဂေါတြဘုဖြင့် လည်း။ ကာရေတဗ္ဗော၊ ဆိုဆုံးမခြင်းကို ပြုလုပ်အပ်၏။ ကထံ ကာရေတဗ္ဗော၊ အဘယ်သို့ ပြုလုပ်အပ်သနည်းဟူမူကား။ တုံ့၊ သင်သည်။ ဂေါတြဘုနာမ၊ ဂေါတြဘူမည်သောစိတ်သည်။ အတ္ထိတိ၊ ရှိ၏ဟူ၍။ ဝဒေသိ၊ ဆိုမည် မဟုတ်လော။ ဣတိ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ တဒါ၊ ထိုသို့မေးသောအခါ၌။ အာမ ဝဒါမိ၊ ဩဂ်-ဆိုမည်မှန်၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ ဂေါတြဘုက္ခဏေ၊ ဂေါတြဘူခဏ၌။ ကိလေသာ၊ ကိလေသာတို့သည်။ ခီဏာ၊ ကုန်ကုန်ပြီလော။ ခီယန္တိ၊ ကုန်ကုန်ဆဲလော။

ခိုယိသန္တိ၊ ကုန်ကုန်လတ္တံ့လော။ ဣတိ၊ ဤသို့။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ ဧဝံ၊ ဤသို့။ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်။ နခီဏာ၊ ကုန်ပြီးလည်း မဟုတ်ကုန်။ နခိယန္တိ၊ ကုန်ဆဲလည်းမဟုတ်ကုန်။ အပိစခေါ၊ စင်စစ်သော်ကား။ ခိုယိသန္တိ၊ ကုန်ကုန်လတ္တံ့သည်သာလျှင်တည်း။ ဣတိ၊ဤသို့။ဝုတ္တော၊ဆိုလတ်သော်။ ဂေါတြဘုပန၊ ဂေါတြဘူဉာဏ်သည်ကား။ ကိံအာရမ္မဏံ၊ အဘယ်အာရုံကို။ ကရောတိ၊ အာရုံပြုပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတဗ္ဗော၊ မေးမြန်းအပ်၏။ တဒါ၊ ထိုသို့ မေးသောအခါ၌။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ကရောတိ၊ အာရုံပြုပါ၏။ ဣတိ၊ ဤသို့။ အဒ္ဓါ၊ မချုတ်။ ဝဏ္ဏတိ၊ ဆိုလတ္တံ့။ ဧဝံ၊ ဤသို့။ ဝုတ္တော၊ ဆိုလတ်သော်။ တဝ၊ သင်၏။ ဝါဒေ၊ အယူ၌။ ဂေါတြဘုဉာဏော၊ ဂေါတြဘူခဏ၌။ ကိလေသာ၊ ကိလေသာတို့သည်။ နခီဏာ၊ ကုန်ပြီးမဟုတ်ကုန်။ နခိယန္တိ၊ ကုန်ဆဲလည်း မဟုတ်ကုန်။ အထ ခေါ၊ စင်စစ်သော်ကား။ ခိုယိသန္တိ၊ ကုန်လတ္တံ့သာ ဖြစ်ကုန်၏။ တံ့၊ သင်သည်။ အခိဏောသုယေဝ၊ မကုန်သေးသည်သာလျှင် ဖြစ်ကုန်သော။ ကိလေသေသု၊ ကိလေသာတို့၌။ ကိလေသဉ္ဇယံ၊ ကိလေသာ တို့၏ ကုန်ခြင်းနိဗ္ဗာန်ကို။ ပညပေသိ၊ ပညတ်ပေစ့တကား။ အပဟီနေသု၊ မပယ်အပ်ကုန်သေးသည်သာလျှင် ဖြစ်ကုန်သော။ အနုသယေသု၊ အနုသယတရားတို့၌။ အနုသယပဟာနံ၊ အနုသယတို့ကို ပယ်ခြင်းဟုဆိုအပ်သော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်နိဗ္ဗာန်ကို။ ပညပေသိ၊ ပညတ်ပေစ့တကား။ တေ၊ သင်၏။ တံ၊ ထိုသို့ ပညတ်သိစေအပ်သော် နိဗ္ဗာန်သည်။ တဿ၊ ထိုဂေါတြဘူဉာဏ်၏။ အာရမ္မဏေန၊ အာရုံဖြစ်သော နိဗ္ဗာန်နှင့်။ န သမေတိ၊ မညီ။ ဝါ၊ ညီညွတ်ခြင်းသို့မရောက်။ ဧဝံ ပန၊ ဤသို့ကား။ အဂ္ဂဟေတဗ္ဗာ၊ မယူမူ၍။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ ရာဂါဒယော၊ ရာဂ အစရှိသည်တို့သည်။ ခီဏာ၊ ကုန်လေကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဧကမေဝ၊ တခုတည်းသာလျှင် ဖြစ်သော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်ကို။ ရာဂဉ္ဇယော ဒေါသဉ္ဇယော မောဟဉ္ဇယောတိ၊ ရာဂကွယ်ပြီ၊ ဒေါသကွယ်ပြီ၊ မောဟကွယ်ပြီဟု ဟူ၍။ ဝါ၊ ရာဂကုန်ကြောင်း၊ ဒေါသကုန်ကြောင်း၊ မောဟကုန်ကြောင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ တိဏ်ပိပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဧတာနိ၊ ထိုအမည်တို့သည်။ နိဗ္ဗာနဿေဝ၊အသင်္ခတဓာတ်နိဗ္ဗာန်၏သာလျှင်။ အဓိဝစနာနိ၊ အမည်တို့တည်း။ ဣတိ၊ ဤသို့။ ဂဏှ၊ ယူလေလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ပြောဆိုဆုံးမအပ်၏။

အဓိပ္ပါယ်ကား—သင်သည် ဂေါတြဘူ မည်သောစိတ်သည် ရှိသည်ဟု ပြောဆိုမည်မဟုတ်လောဟု မေးမြန်းရမည်။ ထိုသို့ မေးမြန်းသောအခါ ၎င်းဝိတက္ကဝါဒီပုဂ္ဂိုလ်သည် ရှိသည်ဟု ပြောဆိုမည်မှန်ပါ၏ဟု ဝန်ခံပြောဆိုလတ္တံ့။ ထိုသို့

ဝန်ခံ ပြောဆိုသောအခါ ဂေါတြဘူခဏ၌ ကိလေသာတို့သည် ကုန်ကုန်ပြီးပါ လော၊ သို့မဟုတ် ကုန်ကုန်ဆဲ ပါလော၊ သို့မဟုတ် ကုန်ကုန် လတ္တံ့ပါလောဟု မေးမြန်းရမည်။ ထိုသို့ မေးသောအခါ ကုန်ပြီးသည်လည်း မဟုတ်ကုန်၊ ကုန်ဆဲ လည်း မဟုတ်ကုန်၊ကုန်ကုန်လတ္တံ့ပါဟု ပြောဆိုလတ္တံ့။ ထိုသို့ပြောဆိုသောအခါ ၎င်းဝိတက္ကဝါဒီပုဂ္ဂိုလ်ကို ဂေါတြဘူသည် အဘယ်တရားကို အာရုံပြု၍ ဖြစ်ပါ သနည်းဟု မေးမြန်းအပ်၏။ ထိုသို့ မေးမြန်းသောအခါ အသခ််တဓာတ် နိရောဓ-သစ္စာ နိဗ္ဗာန်ကိုပင် အာရုံပြု၍ ဖြစ်ပါသည်ဟု ဆိုလတ္တံ့။ ထိုသို့ဆိုသောအခါ ၎င်း ဝိတက္ကဝါဒီပုဂ္ဂိုလ်ကို သင်၏အယူဌ္ဌ ဂေါတြဘူခဏဌ္ဌလည်း ကိလေသာတို့ မကုန် ကြသေး၊ ၎င်းဂေါတြဘူစိတ်သည်လည်း ကိလေသာတို့ ကုန်ခြင်းနိဗ္ဗာန်ကို အာရုံ ပြုရသေး၏။ ထိုသို့ ကိလေသာ မကုန်ခင်ကပင် ဂေါတြဘူစိတ်သည် ကိလေသာ ကုန်ခြင်းနိဗ္ဗာန်ကို အာရုံပြုရမည်ဆိုသော် ပြုနိုင်ပါမည်လော။စင်စစ်မပြုနိုင်သည် သာတည်း။ ထိုသို့ မပြုနိုင်ခြင်းကြောင့် ကိလေသာကုန်ခြင်းသည် ၎င်စစ် နိဗ္ဗာန် မဟုတ်၊ အကယ်၍ နိဗ္ဗာန်ဟု ယူခဲ့သော် ကိလေသာ မကုန်ခင်ကပင် ကိလေသာ ကုန်ခြင်းနိဗ္ဗာန်ကို ပညတ်ရာရောက်၏။ အနုသယ မပယ်သေးခင်ကပင် အနုသယ ပယ်ခြင်း တည်းဟူသော နိဗ္ဗာန်ကို ပညတ်ရာရောက်၏။ ထိုသို့ ရောက်ခြင်း ကြောင့် ကိလေသာကုန်ခြင်းသည် စင်စစ် အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန် မဟုတ်ဟူ၍မူတ်။ စင်စစ် မဂ်၏အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်မှာ ရှေးကပြဆိုခဲ့သည်အတိုင်း ရာဂကုန်ကြောင်း ဒေါသကုန်ကြောင်း မောဟကုန်ကြောင်း သာလျှင် ဖြစ်သော ပရမတ္ထ သဘောကိုသာ ဆိုသည်။ ၎င်းသဘောကိုသာ မဂ်ဖြင့်အာရုံပြု၍ ရာဂစသည်တို့သည် ကုန်ခြင်းသို့ ရောက် ကုန်၏။ ထိုသို့ ကုန်ခြင်းသို့ ရောက်ကြောင်းဖြစ်သော မဂ်၏အာရုံ နိဗ္ဗာန်ကိုပင် ရာဂကွယော ဒေါသကွယော မောဟကွယောဟု ဟောတော်မူအပ်လေသည်။ စင်စစ် ရာဂကုန်ခြင်း ဒေါသကုန်ခြင်း မောဟကုန်ခြင်းတို့ကို ရည်၍ ဟောတော် မူအပ်သည်မဟုတ်ဟု ပြောဆို ဆုံးမအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြကုန်။

ထိုသို့ ဂေါတြဘူစိတ်၏ အာရုံဖြင့် ပြောဆိုဆုံးမ၍ အယူကို စွန့်စေအပ် သော်လည်း အကယ်၍ မလိုက်မနာ မစွန့်အပ်သည်ဖြစ်အံ့၊ ထိုသို့မစွန့်သော အယူရှိသော ဝိတက္ကဝါဒီပုဂ္ဂိုလ်ကို တဖန် မဂ်၏အာရုံဖြင့်ပြု၍ ဆိုဆုံးမအပ် ၏။ ထိုသို့ ဆိုဆုံးမအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ၎င်း သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ၎င်းအာယတနဝိဘင်း-ဓမ္မာယတန အဖွင့် စာမျက်နှာ (၅၀)၌ပင်—

သစေ ပန ဧဝံ ဝုတ္တေပိ န သလ္လက္ခေတိ၊ မဂ္ဂေန ကာရေတဗ္ဗော။ ကထံ? ဧဝံ တာဝ ပုစ္ဆိတဗ္ဗော "တုံ မဂ္ဂံ နာမ ဝဒေသီ" တိ။ အာမ ဝဒေမီတိ။ မဂ္ဂကွဉ္စေ ကိလေသာ ခီဏာ ခီယန္တိ ခီယိဿန္တီတိ။

ဇာနမာနော ဝက္ခတိ "ခီဏာတိ ဝါ ခီယိဿန္တီတိ ဝါ ဝတ္တုံ န ဝဋ္ဋတိ၊ ခီယန္တီတိ ဝတ္တုံ ဝဋ္ဋတီ"တိ။ ယဒိ ဧဝံ မဂ္ဂသ ကိလေသက္ခယံ နိဗ္ဗာနံ ကတမံ၊ မဂ္ဂေန ခီယနကကိလေသာ ကတမေ၊ မဂ္ဂေါ ကတမံ ကိလေသက္ခယံ နိဗ္ဗာနံ အာရမ္မဏံ ကတွာ ကတမေ ကိလေသေ ခေပေတိ။ တသ္မာ မာ ဧဝံ ဂဏှ။ နိဗ္ဗာနံ ပန အာဂမ္မ ရာဂါဒယော ခီဏာတိ ဧကမေဝ နိဗ္ဗာနံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုစ္စတိ။ တိဏ်ဏံပိ ဟေတာနိ နိဗ္ဗာနသ္သေဝ အဓိဝစနာနိတိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဧဝံ၊ ဤသို့။ ဝုတ္တောပိ၊ ဆိုဆုံးမအပ်သော်လည်း။ သစေ ပန နသ္လက္ခေတိ၊ အကယ်၍ကား မမှတ်မယူသေးသည်ဖြစ်အံ့။ မဂ္ဂေန၊ မဂ်ဖြင့်။ ကာရေတဗ္ဗော၊ ဆိုဆုံးမခြင်းကို ပြုအပ်၏။ ကထံ ကာရေတဗ္ဗော၊ အဘယ်သို့ ဆိုဆုံးမခြင်းကို ပြုအပ်သနည်းဟူမူကား။ တုံ၊ သင်သည်။ မဂ္ဂံနာမ၊ မဂ်မည်သည်ကို။ ဝဒေသိ၊ ရှိသည်ဟူ၍ ပြောဆိုမည်မဟုတ်လော။ ဣတိ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ ဧဝံသတိ၊ ဤသို့မေးသည်ရှိသော်။ အာမ ဝဒါမိ၊ သြော်ပြောဆိုမည်မှန်၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ပြောဆိုလတ်သော်။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ ကိလေသာ၊ ကိလေသာတို့သည်။ ခီဏာ၊ ကုန်ကုန်ပြီးလော။ ခီယန္တိ၊ ကုန်ကုန်ဆဲလော။ ခီယိဿန္တိ၊ ကုန်ကုန်လတ္တံ့လော။ ဣတိ၊ ဤသို့။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ ဇာနမာနော၊ သိသည်ရှိသော်။ ခီဏာတိ ဝါ၊ ကုန်ကုန်ပြီးဟူ၍လည်းကောင်း။ ခီယိဿန္တီတိ ဝါ၊ ကုန်ကုန်လတ္တံ့ဟူ၍လည်းကောင်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ န ဝဋ္ဋတိ၊ မသင့်။ ခီယန္တီတိ၊ ကုန်ကုန်ဆဲဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုလတ်သော်။ ယဒိ၊ အကယ်၍။ ဧဝံ၊ ဤသို့မဂ်ခဏ၌ ကိလေသာကုန်ခြင်းသည်။ သတိ၊ ရှိသော်။ မဂ္ဂသ၊ မဂ်၏။ ကိလေသက္ခယံ၊ ကိလေသာကုန်ခြင်းဖြစ်သော။ နိဗ္ဗာနံ၊ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သည်။ ကတမံ၊ အဘယ်နည်း။ မဂ္ဂေန၊ အာရမ္မဏိကဖြစ်သော မဂ်ကြောင့်။ ခီယနကကိလေသာ၊ ကုန်ခန်းသောကိလေသာတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ မဂ္ဂေါ၊ မဂ်သည်။ ကတမံ၊ အဘယ်မည်သော။ ကိလေသက္ခယံ၊ ကိလေသာကုန်ခြင်းဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံ၊ အာရုံကို။ ကတ္ဝာ၊ ပြု၍။ ကတမေ၊ အဘယ်မည်ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ခေပေတိ၊ ကုန်စေပါသနည်း။ တသ္မာ၊ ထို့ကြောင့်။ ဧဝံ၊ ဤသို့ကိလေသာကုန်ခြင်းကို နိဗ္ဗာန်ဟူ၍။ မာဂဏှ၊ မယူပါလင့်။ နိဗ္ဗာနံ ပန၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုကား။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ ရာဂါဒယော၊ ရာဂအစရှိကုန်သော ကိလေသာတို့သည်။

ခိဏာ၊ ကုန်လေကုန်၏။ ဣတိတသ္မာ၊ ထိုသို့ကိလေသာတို့၏ ကုန်ကြောင်း ဖြစ်သော သတ္တိကြောင့်။ ဧကမေဝ၊ တခုတည်းသာလျှင်ဖြစ်သော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော-ဟူ၍။ ဝါ၊ ရာဂကုန်ကြောင်း, ဒေါသကုန်ကြောင်း, မောဟကုန်ကြောင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တီဏိပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဧတာနိ၊ ထိုအမည်တို့သည်။ နိဗ္ဗာနဿေဝ၊ အသင်္ခတဓာတ် နိဗ္ဗာန်၏သာလျှင်။ အဓိဝစနာနိ၊ အမည်တို့တည်း။ ဣတိ၊ ဤသို့။ ဂဏှ၊ ယူလေလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—

မဂ်ဉာဏ်မည်သည် ရှိပါ၏လောဟု ၎င်းဝိတက္ကဝါဒီပုဂ္ဂိုလ်ကို မေးမြန်းအပ်၏။ ထိုသို့ မေးမြန်းအပ်သည်ရှိသော် ၎င်းဝိတက္ကဝါဒီပုဂ္ဂိုလ်သည် ရှိပါ၏ဟု ဖြေဆိုလတ္တံ့။ ထိုသို့ဖြေဆိုသောအခါ ၎င်းမဂ်ဉာဏ်သည် အဘယ်တရားကို အာရုံပြုပါသနည်းဟု ထပ်မံ၍ မေးမြန်းအပ်၏။ ထိုသို့မေးမြန်းသောအခါ နိဗ္ဗာန်ကိုပင် အာရုံပြုပါသည်ဟု ပြောဆိုလတ္တံ့။ ထိုသို့ပြောဆိုပြီးနောက် တဖန်မေးမြန်းအပ်သည်မှာ ၎င်းနိဗ္ဗာန်ကို အာရုံပြုသော်မဂ်အခိုက် ကိလေသာတို့သည် ကုန်ပြီးဖြစ်ပါကုန်ပြီလော၊ သို့မဟုတ် ကုန်ဆဲဘဲ ဖြစ်ပါကုန်သလော၊ သို့မဟုတ် ကုန်လတ္တံ့ဘဲဖြစ်ပါကုန်သလောဟု မေးမြန်းအပ်၏။ထိုသို့မေးမြန်းသောအခါ အကယ်၍ သိသည်ဖြစ်အုံ၊ ကုန်လေကုန်ပြီဟူ၍လည်း မဆိုနိုင်။ ကုန်ကုန်လတ္တံ့ဟူ၍လည်း မဆိုနိုင်။ ကုန်ကုန်ဆဲပါဟု ပြောဆိုလတ္တံ့။ ထိုသို့ ဆိုခဲ့သော် ၎င်းဝိတက္ကဝါဒီပုဂ္ဂိုလ်ကို ထပ်မံ၍ တဖန် မေးအပ်၏။ အကယ်၍ နိဗ္ဗာန်ကို အာရုံပြုသော မဂ်ခဏ၌သာ ကိလေသာတို့ ကုန်ဆဲဖြစ်ပါကုန်လျှင် ၎င်း မဂ်သည် အဘယ်မည်ကုန်သော ကိလေသာတို့၏ ကုန်ပြီးနိဗ္ဗာန်ကိုအာရုံပြု၍ အဘယ်မည်ကုန်သော ကိလေသာတို့ကို ကုန်ခန်းစေကုန်ပါသနည်းဟု မေးမြန်းရမည်။ ထိုသို့ မေးမြန်းလျှင် ပြန်ပြောစရာမရှိဘဲ ဖြစ်လေ၏။ထိုသို့ ပြန်ပြောစရာ မရှိလတ်သော်၊ ၎င်းဝိတက္ကဝါဒီပုဂ္ဂိုလ်ကို ထပ်မံပြောဆိုရန်မှာ ရာဂကုန်ခြင်း, ဒေါသကုန်ခြင်း, မောဟကုန်ခြင်းသည် စင်စစ် နိဗ္ဗာန်မဟုတ်၊ စင်စစ် နိရောဓ သစ္စာနိဗ္ဗာန်ဆိုတာ ၎င်းရာဂစသော ကိလေသာတို့၏ ကုန်ကြောင်းသာ ဖြစ်၏။ ၎င်း ကိလေသာတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုပင်၊ မဂ်သည် အာရုံပြု၍ ရာဂစသော ကိလေသာတို့ကို ကုန်ခန်းစေခြင်းသို့ ရောက်စေကုန်၏။ ထိုသို့ ရောက်စေခြင်းကြောင့် ၎င်းမဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုပင် ရာဂကုန်ကြောင်း, ဒေါသကုန်ကြောင်း, မောဟကုန်ကြောင်း-ဟူ၍ ပြလိုတော်မူသော အရှင်သာရိပုတ္တရာမထေရ်သည် ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော-ဟူ၍ပင် ဟောတော်မူလေသည်။ စင်စစ်

ရာဂကုန်ခြင်း, ဒေါသကုန်ခြင်း, မောဟကုန်ခြင်းကို ရည်၍ ဟောတော်မူသည် မဟုတ်ဟု ပြောဆိုဆုံးမအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ထိုသို့ မင်္ဂါအာရုံဖြင့် ပြဆိုဆုံးမအပ်သည်ရှိသော်၊ ၎င်းဝိတက္ကဝါဒီ ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို အကြောင်းခံ အစဲပြု၍ ရာဂကုန်ခြင်းသို့ ရောက်သည်၏ အဖြစ်ကို အဘယ်မှ ရသနည်းဟု မေးအပ်သည်ရှိသော် သုတ္တန်မှ ရသည်ဟု ပြန်ပြောရာ၏။ ထိုသို့ ပြန်ပြောခဲ့သည်ရှိသော် ၎င်းသုတ်ကို ထုတ်ဆောင်လောဟု ပြောဆိုခဲ့သည်ဖြစ်အံ့။ ထိုအခါ ဧဝံ အဝိဇ္ဇာ စ တဏှာ စ စသော သုတ်ကို ထုတ်ဆောင်ပြရာ၏။ ထိုသို့ ပြဆိုခဲ့သည်ရှိသော်၊ ၎င်းဝိတက္ကဝါဒီ ပုဂ္ဂိုလ်သည် ပြန်ပြောစရာမရှိဘဲ ဆိတ်ဆိတ်နေလေရာ၏ဟူသော အဓိပ္ပါယ်ကို သိစေတော်မူလိုသောကြောင့်—

> ဧဝံ ဝုတ္တေ ဧဝမာဟ တံ အာဂမ္မ အာဂမ္မာတိ ဝဒေသိ။ အာဂမ္မ နာမာတိ ကွဒံ ဧတေ ကုတော လဒ္ဓန္တိ။ သုတ္တတော လဒ္ဓန္တိ။ အာဟရ သုတ္တန္တိ။ ဧဝံ အဝိဇ္ဇာ စ တဏှာ စ တံ အာဂမ္မ တမ္မိ ခီဏံ တမ္မိ ဘဂ္ဂံ န စ ကိဉ္စိ ကဒါစိတိ။ ဧဝံ ဝုတ္တေ ပရဝါဒီ တုဏှီဘာဝံ အာပန္နောတိ။

ဟု (သမ္မောဟဝိနောဒနီ အဋ္ဌကထာ နှာ ၅၀-၁ ၌)မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ သော၊ ထိုဝိတက္ကဝါဒီ ပုဂ္ဂိုလ်သည်။ အာဂမ္မ အာဂမ္မာတိ၊ အာဂမ္မ,အာဂမ္မ-ဟူ၍။ တံ၊ သင်္ဃမာနဝါဒီ ဆရာသည်။ ဝဒေသိ၊ ဆို၏။ အာဂမ္မ နာမာတိ ကွဒံ၊ အာဂမ္မမည်သော ဤစကားကို။ ဧတေ-တယာ၊ သင်သည်။ ကုတော၊ အဘယ်မှ။ လဒ္ဓံ၊ ရအပ်ပါသနည်း။ ကွတိဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ သုတ္တတော၊ သုတ်မှ။ လဒ္ဓံ၊ ရအပ်၏။ ကွတိ၊ ဤသို့။ ဝတ္တာဧေ၊ ဆိုအပ်၏။ သုတ္တံ၊ သုတ်ကို။ အာဟရ၊ ဆောင်စမ်းပါလော။ ကွတိ၊ ဤသို့။ ဝုတ္တေ၊ ပြောဆိုအပ်သည်ရှိသော်။ ဧဝံ အဝိဇ္ဇာ စ တဏှာ စ တံ အာဂမ္မ တမ္မိ ခီဏံ တမ္မိ ဘဂ္ဂံ န စ ကိဉ္စိ ကဒါစိ တိ၊ ဧဝံ အဝိဇ္ဇာ စ တဏှာ စ တံ အာဂမ္မ တမ္မိ ခီဏံ တမ္မိ ဘဂ္ဂံ န စ ကိဉ္စိ ကဒါစိ-ဟူ၍။ အာဟရိတဗ္ဗံ၊ ထုတ်ဆောင်အပ်၏။

(ဧဝံ၊ ဤသို့။ အဝိဇ္ဇာ စ၊ အဝိဇ္ဇာသည်လည်းကောင်း။ တဏှာ စ၊ တဏှာသည်လည်းကောင်း။ တံ၊ ထို နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစဲပြု၍။ ဝါ၊ မင်္ဂါဖြင့်ရောက်၍။ တမ္မိ၊ ထို အာသန်္ဓတဓာတ် နိဗ္ဗာန်ကြောင့်။ ခီဏံ၊ ကုန်ပြီ။ တမ္မိ၊ ထို နိဗ္ဗာန်ကြောင့်။ ဘဂ္ဂံ၊ ကျိုးပျက်လေပြီ။ ကဒါစိ၊ တရံတဆစ်သော အခါ၌။ ကိဉ္စိ၊ တစုံတခုသော ကိလေသာသည်။ န စ အတ္ထိ၊ မရှိတော့လေသည်သာလျှင်တည်း။ ဤကား မြန်မာပြန်တည်း)။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ထုတ်

ဆောင် ပြောဆိုအပ်သည်ရှိသော်။ ပရဝါဒီ၊ ပရဝါဒီ ပုဂ္ဂိုလ်သည်။ တုဏှီဘာဝံ၊ ဆိတ်ဆိတ်နေသည်၏ အဖြစ်သို့။ အာပန္နော၊ ရောက်လေ၏။

အဓိပ္ပါယ်ကား – ထိုသို့ ပြောဆိုသောအခါ ၎င်းဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်သည် အာဂမ္မ, အာဂမ္မဟူ၍ သင်ဆိုအပ်၏။ ၎င်း အာဂမ္မဆိုသော စကားကို အဘယ်မှ ရအပ်သနည်းဟု မေးမြန်းခဲ့အံ့။ ဘုရားဟောတော်မူသောသုတ်၌ပင် ရအပ်သည်ဟု ဖြေရမည်ဟူလို။ ၎င်းသုတ်ကို ဆိုစမ်းပါဟု တောင်းပန်လျှင်—

ဧဝံ အဝိဇ္ဇာ စ တဏှာ စ တံ အာဂမ္မ တမှိ ဒိဏ်း တမှိ ဘဂ္ဂံ နု စ ကိဉ္စိ ကဒါစိ။

ဟူ၍ ထုတ်ဆောင်ပြရမည်ဟူလို။ ၎င်းသုတ်၏ အဓိပ္ပါယ်ကား – နိရောဓသစ္စာ နိဗ္ဗာန်ကို အစဲပြု၍ ဝါ၊ မဂ်ဖြင့် အာရုံပြု၍သာ ထိုအဝိဇ္ဇာ, တဏှာတို့သည် ကုန်ခန်းခြင်းသို့ ရောက်ရလေကုန်သည်ဟု ထုတ်ဆောင်ရမည်။ ဤသို့ ထုတ်ဆောင်ပြလတ်သော် ၎င်းဝိတဏ္ဍဝါဒီပုဂ္ဂိုလ်သည် တစုံတခု ပြန်ပြောစရာ မရှိဘဲ ဖြစ်လေတော့၏ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ထိုသို့ မပြောနိုင်သောသဘောရှိသော အဓိပ္ပါယ်ကို သိကြလျှင် ကိလေသာကုန်ခြင်းသည် စင်စစ် မဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟုတ် နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ရာဂ, ဒေါသ, မောဟတရားတို့၏ ကုန်ကြောင်းဖြစ်သော သင်္ခေါသည်သာလျှင် စင်စစ် မဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟုတ် နိရောဓသစ္စာနိဗ္ဗာန် ကောန်အမှန်ဖြစ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ၎င်း မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟုတ် နိဗ္ဗာန်ကိုသာလျှင် ရာဂကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ရာဂက္ခယဟူသော အမည်၊ ဒေါသကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဒေါသက္ခယဟူသောအမည်၊ မောဟကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် မောဟက္ခယဟူသော အမည်-တို့ဖြင့်တပ်၍ ခေါ်ဝေါ်အပ်သည်၏ အဖြစ်ကိုလည်းကောင်း ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အာသဝက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတသဘော နိရောဓသစ္စာ နိဗ္ဗာန်ကို (ရာဂက္ခယ, ဒေါသက္ခယ, မောဟက္ခယ)ဟူသော အမည်တို့ဖြင့်သာ ခေါ်ဝေါ်အပ်သည် မဟုတ်သေး၊ အာသဝေါတရားတို့၏ ကုန်ကြောင်းဖြစ်သောကြောင့် အာသဝက္ခယဟူ၍လည်း ခေါ်ဝေါ်အပ်သေး၏။ ခေါ်ဝေါ်အပ်သည်၏ အဖြစ်ကို ဓမ္မပဒပါဠိတော် မလဝဂ်-ဥဇ္ဈာနသညိထေရဝတ္ထု၌— အာရာသော အာသဝက္ခယာ။ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား —

သော၊ ထိုသူတပါး အပြစ်ကိုသာရှု၍ ကဲ့ရဲ့ခြင်းကို ပြုလုပ်နေသော ရဟန်းသည်။ အာသဝက္ခယာ၊အာသဝေါ တရားတို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်မှ။ အာရာ၊ အဝေးကြီး ဝေးလှလေ၏။ (ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အာသဝက္ခယဟူသော ပါဠိကိုထောက်၍ မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အာသဝက္ခယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။) ဤ ပါဠိတော်၌လာသော အာသဝက္ခယဟူသောပါဠိကို အသင်္ခတဓာတ် နိဗ္ဗာန်ဟူ၍ အဘယ်ကြောင့် သိအပ်သနည်းဟူမူ တိကအင်္ဂုတ္တိုရ် အဋ္ဌကထာရှင်သည် ရထကာရဝင်္ဂ-ခြောက်ခု မြောက် အပဏ္ဏကသုတ်အဖွင့် မျက်နှာနံပါတ် (၈၃)၌—

ပရဝဇ္ဇာနုပဿိဿ ။ပ။ အာရာသော အာသဝက္ခယာ တိ ဧတ္ထ နိဗ္ဗာနံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိအပ်သည်။ မြန်မာပြန်ကား—

ပရဝဇ္ဇာနုပဿိဿ ။ပ။ အာရာသော အာသဝက္ခယာတိ ဧတ္ထ။ ပရဝဇ္ဇာနုပဿိဿ ။ပ။ အာရာသော အာသဝက္ခယာ-ဟူသော ဤဒေသနာတော်၌။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာသဝက္ခယာတိ၊ အာသဝက္ခယဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ (ဤသို့ ဖွင့်ပြအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍ ၎င်းအသင်္ခတနိဗ္ဗာန်ကို အာသဝက္ခယဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်၏ ဟူလို။)

ဤ ဓမ္မပဒပါဠိတော်၌ ဟောတော်မူအပ်သည်ကို ထောက်၍သာ ၎င်း မင်္ဂ, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အာသဝက္ခယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ မဟာဝဂ္ဂသံယုတ် ပါဠိတော် မဂ္ဂသံယုတ် (၇) ခုမြောက်သော ဒေသနာတော်၌ အာသဝါနံ ခယော တေန ဝုစ္စတိ။ ဟူ၍လည်းကောင်း၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် သောတာပတ္တိသံယုတ်၊ ပုညာဘိသန္ဒဝဂ် ရှစ်ခုမြောက်သုတ်၌ ပါရံ ဂန္တွာ အာသဝါနံ ခယာယ သံဝတ္တန္တိ ဟူ၍လည်းကောင်း၊ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ-ပုညာဘိသန္ဒဝဂ် ရှစ်ခုမြောက် ၎င်း သုတ်အဖွင့်၌ ပါရံ ဂန္တွာတိ ပါရံ ဝုစ္စတိ နိဗ္ဗာနံ။ တံ ပတ္တာတိ အတ္ထော။ အာသဝါနံ ခယာယ သံဝတ္တန္တီတိ နု ပဌမံ နိဗ္ဗာနံ ဂန္တွာ ပစ္ဆာ သံဝတ္တန္တိ ။ဂစ္ဆမာနာ ဧဝ သံဝတ္တန္တိ ။ဒေသနာ ပန ဧဝံ ကတာ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

တေန၊ ထို ရာဂဝိနယ, ဒေါသဝိနယ, မောဟဝိနယ-ဟူသော အမည်ဖြင့် အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယော၊ ကုန်ကြောင်းဖြစ်သော အသင်္ခတ-

ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား မဟာဝဂ္ဂသံယုတ် ပါဠိတော် ပဌမပါဒ်၏ မြန်မာပြန်တည်း။

ပါရံ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့။ ပတ္ဝာ၊ ရောက်၍။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာယ၊ ကုန်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဤကား ဒုတိယပါဠိတော်ပါဒ်၏ မြန်မာပြန်တည်း။

ပါရံ ဂန္တွာတိ၊ ပါရံ ဂန္တွာဟူသည်ကား။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ပါရံ၊ ပါရဟူ၍။ ဝါ၊ တဘက်ကမ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထိုတဘက်ကမ်း ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ ပတ္ဝာ၊ မဂ်ဖြင့်ရောက်၍။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ အာသဝါနံ ခယာယ သံဝတ္တန္တိတိ၊ အာသဝါနံ ခယာယ သံဝတ္တန္တိ ဟူသည်ကား။ ပဌမံ၊ ရှေးဦးစွာ။နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ ဂန္တွာ၊ မဂ်ဖြင့်ရောက်၍။ ပစ္ဆာ၊ နောက်၌။ န သံဝတ္တန္တိ။ အာသဝေါတရားတို့၏ ကုန်ခြင်းငှါ ဖြစ်မှုမရှိကုန်။ ဂစ္ဆမာနာ ဧဝ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့ မဂ်ဖြင့်ရောက်ဆဲ ဖြစ်ကုန်၍သာလျှင်။ သံဝတ္တန္တိ၊အာသဝေါတရား ကုန်ခြင်းငှါ ဖြစ်ကုန်၏။ ပန၊ ထိုသို့ပင်ဖြစ်ကုန်သော်လည်း။ ဒေသနာ၊ ဒေသနာတော်ကို။ ဧဝံ၊ ဤသို့ ပါရံ ဂန္တွာ အာသဝါနံ ခယာယ သံဝတ္တန္တိ ဟူ၍။ ကတာ၊ ပြုအပ်၏။ ဤကား အဋ္ဌကထာပါဒ်၏ မြန်မာပြန်တည်း။

ဌင်းပါဠိတော် အဋ္ဌကထာ၏ အဓိပ္ပါယ်ကား– သင်္ခတနယ်၌ ဖြစ်ကုန်သော အာသဝေါတရား ခန္ဓာတရားတည်းဟူသော သင်္ခတတရားတို့၏ မပြတ်မလပ် ဖြစ်ပျက်ခြင်းကြောင့် ဖြစ်ကုန်သော ဒုက္ခ တရားတို့ကို ဝိပဿနာ ဉာဏ်ဖြင့် မြင်သော ယောဂါဝစရပုဂ္ဂိုလ်သည် ဌင်းသင်္ခတတရား ဖြစ်ကုန်သော ဒုက္ခ တရားတို့ကို စင်စစ်ငြိုးငွေ့ စက်ဆုပ်ပြီးလျှင် ဌင်းဒုက္ခတို့မှ ထွက်မြောက် လွတ်မြောက်နေသော ချမ်းသာသော တရားကို ရှာလေသော် စင်စစ်မဖြစ်မပျက်ဘဲ အမြဲချမ်းသာနေသော အသင်္ခတသဘော နိရောဓသစ္စာနိဗ္ဗာန်ကို သာလျှင် တွေ့မြင်လေတော့၏။ ထိုသို့ တွေ့မြင်ပြီးနောက် ဌင်းအသင်္ခတဓာတ် နိဗ္ဗာန်သို့ စေလွှတ်ဖန်များလတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ ရောက်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက် ပြုလျက် ထိုးထွင်း သိမြင် လေတော့၏။ ထိုသို့ ထိုးထွင်း၍ သိမြင်ခြင်းကြောင့် ရာဂ ဒေါသ မောဟ တရားတို့လည်း နောင် ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပျောက်ပျက် လေကုန်တော့၏။ ထိုသို့ ရာဂ စသည်တို့၏ ကွယ်ပျောက်ခြင်း၏ အကြောင်းခံ ဖြစ်သည်၏ အဖြစ်ကြောင့် ဌင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ရာဂဝိနယ ဒေါသဝိနယ မောဟဝိနယ ဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို

လည်းကောင်း၊ ထို ရာဂဝိနယ ဒေါသဝိနယ မောဟဝိနယ ဟူ၍ ခေါ်ဆိုအပ်သော ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကြောင့်ပင် အာသဝေါတရားတို့သည် ကုန်ခန်းလေကုန်၏။ ထိုသို့ကုန်ခန်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့်လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အာသဝက္ခယဟူ၍ လည်းကောင်း ခေါ်ဆိုအပ်၏ ဟူသော အဓိပ္ပါယ်ကို သိစေတော်မူအပ်၏။ ဤသို့ သိစေတော်မူအပ်သည်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန် သစ္စာ နိဗ္ဗာန်ကို အာသဝေါတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် အာသဝက္ခယဟူ၍ ခေါ်ဆိုအပ်သည်၏ ဒုဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်၌ ဟောတော်မူအပ်သည်ကို ထောက်၍သာ သိအပ်သည် မဟုတ်သေး၊ နဝကအဂ္ဂဋ္ဌိရပါဠိတော်မဟာဝဂ်၌—

> သော တေဟိ မမွေဟိ စိတ္တံ ပဇ္ဇိပါဒေတဲ့။ သော တေဟိ မမွေဟိ စိတ္တံ ပဇ္ဇိပါဒေတ္ဝာ အမတာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ။ ဧတံ သန္တံ ဧတံ ပဏီတံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂါ တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။ သော တတ္ထ ဌိတော အာသဝါနံ ခယံ ပါပုဏာတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

သော၊ ထိုယောဂါဝစရ ပုဂ္ဂိုလ်သည်။ တေဟိ ဓမ္မေဟိ၊ ထိုခန္ဓာ ငါးပါးတရားတို့မှ။ စိတ်ကို၊ ဝိပဿနာစိတ်ကို။ ပဋိပါဒေတိ၊ ငြိုးငွေ့သော အားဖြင့် ဆုတ်နစ်စေ၏။ သော၊ ထိုယောဂါဝစရ ပုဂ္ဂိုလ်သည်။ တေဟိ ဓမ္မေဟိ၊ ထိုခန္ဓာငါးပါးတရားတို့မှ။ စိတ်ကို၊ ဝိပဿနာစိတ်ကို။ ပဋိပါဒေတ္ဝာ၊ ငြိုးငွေ့သော အားဖြင့် ဆုတ်နစ်စေ၍။ သဗ္ဗသင်္ခါရသမထော၊ အလုံးစုံကုန်သော သင်္ခါရ တရားတို့၏ ငြိမ်းကြောင်းဖြစ်ထသော။ သဗ္ဗူပဓိပဋိနိဿဂ္ဂါ၊ အလုံးစုံကုန်သော ဥပဓိတို့ကို စွန့်ကြောင်းဖြစ်ထသော။ တဏှက္ခယော၊ တဏှာ၏ ကုန်ကြောင်းဖြစ်ထသော။ ဝိရာဂေါ၊ ရာဂ၏ ကင်းကြောင်းဖြစ်ထသော။ နိရောဓော၊ ရာဂ စသည်တို့၏ နောင်တဖန်ဖြစ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော။ ယဒိဒံ-ယံ ဣဒံ နိဗ္ဗာနံ၊ အကြင် အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ နိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်၏။ ဧတံ၊ ဤနိဗ္ဗာန်သည်။ ပဏီတံ၊ မွန်မြတ်၏။ ဣတိ၊ ဤသို့။ အမတာယ၊ မပျက် မစီးသော။ ဝါ၊ ပျက်စီးခြင်း မရှိသော။ ဓာတုယာ၊ အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ စိတ်ကို၊ ဗလဝဝိပဿနာစိတ်ကို။ ဥပသံဟရတိ၊ ဆောင်၏။ ဥပသံဟရိတော၊ အဖန်တလဲလဲ

ဆောင်အပ်သည်ရှိသော်။ (ထည့်) တတ္ထ၊ ထိုမပျက်မစီးသော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်အာရုံ၌။ ဌိတော၊ အရဟာတ္တမဂ်ဖြင့် အာရုံပြုသောအားဖြင့် တည်လျက်။ ဝါ၊ တည်သည်ဖြစ်၍။ အာသဝါနံ၊ အာသဝေါတရား လေးပါး တို့၏။ ခယံ၊ ကုန်ခြင်းသို့။ ပါပုဏာတိ၊ ရောက်လေ၏။

အဓိပ္ပါယ်ကား —

ခန္ဓာငါးပါးတရားကိုကို အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် အဖန်တလဲလဲ ရှုပြီးလျှင် စင်စစ် ငြိုးငွေ့စက်ဆုပ်ခြင်းသို့ ရောက်ပြီးသော ဇလဝဝိပဿနာဉာဏ် ရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် ၎င်းခန္ဓာတရားတို့မှ ၎င်းဝိပဿနာစိတ်ကို တန့်ရပ်ခဲ့ပြီးမှ ၎င်းခန္ဓာငါးပါးတည်းဟူသော သခ််တတရားတို့၏ စင်စစ်ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပျက်သောသဘော အသခ််တဓာတ်နိဗ္ဗာန်သို့ ဇလဝဝိပဿနာစိတ်ကို အာရုံပြုသောအားဖြင့် အဖန်တလဲလဲဆောင်ရာ၏။ ထိုသို့ ဆောင်ဖန်များလတ်သော် အကယ်၍ ရဟန္တာဖြစ်ထိုက်သောပုဂ္ဂိုလ်ဖြစ်အံ့၊ ၎င်းမပျက်မစီးသော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်အာရုံ၌ အရဟတ္တမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုသောအားဖြင့် တည်လျက် အာသဝေါတရားတို့၏ ကုန်ခြင်းသို့ရောက်လေ၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် တတ္ထ ဌိတော အာသဝါနံ ခယံ ပါပုဏာတိ ဟူသော ပါဠိတို့ကိုထောက်၍ အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံအဖြစ်ဖြင့် အာသဝေါဘရားတို့၏ အကြွင်းမရှိကုန်ခြင်း၏ အကြောင်းခံဖြစ်သည်၏အဖြစ်ကို ဘုရားရှင်သည် သိစေတော်မူအပ်၏။ ထိုသို့ သိစေတော်မူအပ်သည်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုပင် အာသဝေါတရားတို့၏ ကုန်ကြောင်းဖြစ်သောကြောင့် အာသဝက္ခယမည်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဘုရားရှင်အလိုတော်အရ ဝိဂ္ဂိုဟ်ပြုလုပ်လိုသော်—အာသဝါ ခီယန္တိ ဧတေနာတိ အာသဝက္ခယံဟု-ဟေတုသာဓန ကိတ်ဝိဂ္ဂိုဟ်ပြုအပ်၏။ အာသဝသဒ္ဒူပပဒ-ခီဓာတ် အ-ပစ္စည်း။ ကတ္တုတ္ထကြိယာ၏ အရကား – အာသဝေါတရားတို့၏ ကုန်မှု, မရှိမှုဟုဆိုအပ်သော အဘာဝပညတ်ရ၏။ ဟေတ္တုတ္ထကြိယာ၏ အရကား – ထိုအာသဝေါတရားတို့၏ ကုန်ခြင်း မရှိခြင်းဟု ဆိုအပ်သော အဘာဝပညတ်၏ အကြောင်းခံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုသာ ရ၏ဟု မှတ်ယူကြလေ။

နိဗ္ဗာန်ကို တဏှာက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဤသို့ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာသဝေါတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် အာသဝက္ခယဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ တဏှာကုန်ခြင်း၏ အကြောင်းခံဖြစ်

သောကြောင့် တဏှာကွယ်ယဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို အဘိဓာန်ဋီကာ သဂ္ဂကဏ္ဍ-နိဗ္ဗာန်အမည်ကို ဖွင့်ရာ၌ တဏှာနံ ခယဟေတုတ္တာ တဏှာကွယော ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

တဏှာနံ၊ တပ်တတ်သောတဏှာတို့၏။ ခယဟေဟုတ္တာ၊ နောင်တဖန်ဖြစ်ပေါ်မှုမရှိဘဲ ကုန်ခြင်း၏အကြောင်းခံဖြစ်သောကြောင့်။ တဏှာကွယော၊ တဏှာကွယမည်၏။

အဓိပ္ပါယ်ကား—

အဘယ်ကြောင့် မင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်ကို တဏှာကွယဟု ခေါ်ဆိုအပ်လေသနည်းဟူမူ— နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော တဏှာဟူသမျှတို့၏ အကြွင်းမရှိကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် တဏှာကွယဟု ခေါ်ဆိုအပ်သည်ဟူလို။ ၎င်းဋီကာအရ ဝိဂြိုဟ်ပြုလုပ်လိုသော် တဏှာ ခီယတိ ဧတေနာတိ တဏှာကွယော ဟူ၍ ဟေတုသာဓန ကိတ်ဝိဂြိုဟ်ပြုအပ်၏။ တဏှာသဒ္ဒါ ပဝဒ ခီဓာတ်၊ အ-ပစ္စည်း။ ဧတေန၊ ထိုမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်ကြောင့်။ တဏှာ၊ တပ်တတ်သောတဏှာသည်။ ခီယတိ၊ ကုန်၏။ ဣတိတသ္မာ၊ ထို့သို့ တပ်တတ်သောတဏှာ၏ကုန်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုအသခ်္ခတဓာတ် နိဗ္ဗာန်သည်။ တဏှာကွယော၊ တဏှာကွယမည်၏။

ဤပြဆိုအပ်ပြီးသော အဘိဓာန်ဋီကာပါဠိကိုထောက်၍သာ တဏှာကုန်ခြင်း၏အကြောင်းခံဖြစ်သောကြောင့် ၎င်းအသခ်္ခတဓာတ် နိဗ္ဗာန်ကို တဏှာကွယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည်မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာသူစီ (၂၄၄) မျက်နှာ၌ တဏှာနံ ခယဟေတုတ္တာ တဏှာကွယော ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။ အနက်အဓိပ္ပါယ်သည် ရှေးနည်းအတိုင်းသာတည်း။ ဤသို့ပြဆိုအပ်ကုန်သော ဋီကာတို့၌ မိန့်ဆိုအပ်သည်ကိုထောက်၍သာ သိအပ်သည်မဟုတ်သေး၊ ဝိနည်းပါရာဇိကဏ်ပါဠိတော်၊ သုဒိန္နကဏ္ဍ၌ ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်ကို တဏှာကွယော ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ ထိုမှတပါး စတုက္ကအင်္ဂုတ္တိရ်ပါဠိတော် စက္ကဝဂ် အဂ္ဂပသာဒနသုတ်၌ တဏှာကွယော ဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း၊ မဟာနိဒ္ဒေသပါဠိတော် (၁၉) မျက်နှာ၌ တဏှာကွယော-ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း ၎င်းမင်္ဂုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်ကို

တဏှာ၏ကုန်ခြင်း၏အကြောင်းခံဖြစ်သောကြောင့် တဏှက္ခယ-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေဦး။

မြန်မာပြန်ကား—

တဏှာ-တဏှာနံ၊ တပ်တတ်သောတဏှာတို့၏။ ခယော၊ ကုန်ကြောင်းဖြစ်သော အသခ်္ခတသဘောနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်တို့ကိုထောက်၍လည်း တပ်တတ်သောတဏှာ၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတသဘောနိဗ္ဗာန်ကို တဏှက္ခယ-ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့်သာ တဏှက္ခယ-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသအဋ္ဌကထာ စာမျက်နှာ(၇၀)၌—

ယသ္မာ စေတံ အာဂမ္မ သဗ္ဗာ တဏှာ ခီယန္တိ တဏှက္ခယော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊ စတုက္ကအင်္ဂုတ္တိရ် အဋ္ဌကထာ စက္ကဝတ် အဂ္ဂပသာဒနသုတ်အဖွင့် မျက်နှာနံပါတ်(၂၉၆)၌—

တဉ္စိ အာဂမ္မ ။ပ။ တဏှာ ခီယန္တိ ။ပ။ တဏှက္ခယော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ပါရာဇိကဏ်အဋ္ဌကထာ သုဒိန္နကဏ္ဍအဖွင့် မျက်နှာနံပါတ်(၁၈၃)၌—

ယသ္မာ ပန တံ အာဂမ္မ သဗ္ဗသော တဏှာခယံ ဂစ္ဆတိ ။ပ။ တသ္မာ တဏှက္ခယောတိ ။ပ။ ဝုစ္စတိ။

ဟု ဖွင့်ပြအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

ယသ္မာ စ၊ အကြင်ကြောင့်လည်း။ စေတံ၊ ထို မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ သဗ္ဗာ၊ အလုံးစုံကုန်သော။ တဏှာ၊ တပ်တတ်သောတဏှာတို့သည်။ ခီယန္တိ၊ ကုန်လေကုန်၏။ တသ္မာ၊ ထို့ကို အလုံးစုံကုန်သော တပ်တတ်သော တဏှာတို့၏ ကုန်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုအသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ တဏှက္ခယောတိ၊ တဏှက္ခယ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား မဟာနိဒ္ဒေသအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တံ၊ ထိုအသစ်တရောတ်နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မင်္ဂဖြင့် ရောက်၍။ပ။ တဏှာ၊ တပ်တွယ်သော တဏှာတို့သည်။ ခီယန္တိ၊ ကုန်လေကုန်၏။ ပ ။ တသ္မာ၊ ထို့သို့ တဏှာတို့၏ ကုန်ကြောင်းဖြစ်သောသတ္တိကြောင့်။ တံ၊ ထို မင်္ဂ, ဖိုလ်တို့၏ အာရုံဖြစ်သော အသစ်တရောတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ တဏှာကွယေါတိ၊ တဏှာကွယဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား စတုက္က အင်္ဂုတ္တိရ်အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ယသ္မာ ပန၊ အကြင်ကြောင့်ကား။ တံ၊ ထို မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသစ်တရောတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မင်္ဂဖြင့် ရောက်၍။ သဗ္ဗသော၊ ခပ်သိမ်းသောအဘိုအားဖြင့်။ ဝါ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ တဏှာ၊ တပ်တတ်သောတဏှာသည်။ ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ပ။ တသ္မာ၊ ထို့သို့ တဏှာကုန်ခြင်းသို့ ရောက်ကြောင်းဖြစ်သော သတ္တိကြောင့်။ တဏှာကွယေါတိ၊ တဏှာကွယဟူ၍။ပ။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ပါရာဇိကဏ်အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ထိုအဋ္ဌကထာရှင်တို့၏အလို အဓိပ္ပါယ်ကား—သစ်တတရား၏ ဆန့်ကျင်ဘက်ဖြစ်သော အသစ်တသဘောဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်ကို သစ်တသဘောဖြစ်သော မင်္ဂလေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့် အာရုံပြု၍ သာလျှင် ယောဂါဝစရခန္ဓာအစဉ်၌ အကြောင်းခံအားဖြင့် ကိန်းနေသော အနုသယဖြစ်ကုန်သော ကိလေသာတို့သည် ကုန်ခန်းလေကုန်၏။ ထို့သို့ ကုန်ခန်းခြင်းကြောင့် နောင်ခန္ဓာအစဉ်၌ ဖြစ်ပေါ်လတ္တံ့ကုန်သော ကိလေသာအဆက်ဆက်တို့သည် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကွယ်ပျောက်လေကုန်၏။ ထို့သို့ ကိလေသာအဆက်ဆက် ဖြစ်မှုမရှိဘဲ ကွယ်ပျောက်မှုကိုပင် တဏှာ ကုန်ခြင်းသို့ ရောက်လေပြီဟု ပြောဆိုအပ်လေသည်။ ထို့သို့ပြောဆိုအပ်သော တဏှာ၏ ကုန်ခြင်းသည် မင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသစ်တရောတ် နိရောဓသစ္စာနိဗ္ဗာန်ကြောင့်ပင် ဖြစ်ပေ၏။ ထို့သို့ ဖြစ်ခြင်းကြောင့် ၎င်းအကြောင်းခံဖြစ်သော အသစ်တရောတ်နိရောဓသစ္စာနိဗ္ဗာန်ကို တဏှာကွယ-ဟု ခေါ်ဆိုအပ်လေသည်ဟူလို။ ဤကား အဋ္ဌကထာရှင်တို့၏ အလိုတော် အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားကို ထောက်၍လည်း၎င်း မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသစ်တရောတ် နိရောဓသစ္စာ နိဗ္ဗာန်ကို တဏှာ၏ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် တဏှာကွယဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်သော အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် ပါဠိတော် အသစ်တသံယုတ် စာမျက်နှာ(၅၄၂)၌—

ကတမဉ္စ ဘိက္ခဝေ တဏှာကွယံ။ ယော ဘိက္ခဝေ ရာဂကွယော ဒေါသကွယော မောဟကွယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ တဏှာကွယံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ ၎င်းအဖွင့် သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၌—

တဏှာကွယယသ ပစ္စယတ္တာ တဏှာကွယံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ တဏှာကွယံ၊ တဏှာ၏ ကုန်ကြောင်း ဖြစ်သောကြောင့် တဏှာကွယ မည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂကွယော၊ အကြင်ရာဂ၏ ကုန်ကြောင်း ဖြစ်သော နိဗ္ဗာန်သည် လည်းကောင်း။ ယော ဒေါသကွယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် လည်းကောင်း။ ယော မောဟကွယော၊ အကြင် မောဟ၏ ကုန်ကြောင်း ဖြစ်သော နိဗ္ဗာန်သည် လည်းကောင်း။ အတ္ထိ၊ ပရိယာယော ဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤပရိယာယော ဖြင့် ထင်ရှားရှိသော ရာဂ၏ ကုန်ကြောင်း ဖြစ်သော, ဒေါသ၏ ကုန်ကြောင်းဖြစ်သော, မောဟ၏ ကုန်ကြောင်း ဖြစ်သော နိဗ္ဗာန်ကို။ တဏှာကွယံ၊ တဏှာကွယ မည်၏ ဟူ၍။ ဝါ၊ တဏှာ၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန် မည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ပါဠိတော်၏ မြန်မာပြန်တည်း။

တဏှာကွယယသ၊ တဏှာကုန်ခြင်း၏။ ပစ္စယတ္တာ၊ အကြောင်းခံဖြစ်သည်၏ အဖြစ်ကြောင့်။ တဏှာကွယံ၊ တဏှာကွယ မည်၏။ ဤကား အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ဘုရားရှင်နှင့်တကွ အဋ္ဌကထာရှင်တို့သည် မိန့်ဆိုအပ်သော စကား တော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တဏှာကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဓာတွကွယ ဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဝိရာဂ ဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တဏှာကွယ ဟူသော အမည်ဖြင့်သာ ခေါ်ဆိုအပ်သည် မဟုတ်သေး။ ဝိရာဂ

ဟူသော အမည်ဖြင့်လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဝိရာဂဟု ခေါ်ဆိုအပ်သနည်းဟူမူ– နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော တဏှာစသော သင်္ခတတရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဝိရာဂဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကိုလည်း မြတ်စွာဘုရားသည် ဝိနည်းမဟာဝါပါဠိတော် ဓမ္မစကြာသုတ်၌—

> ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် နိရောဓသစ္စာ အဖွင့် မျက်နှာနံပါတ်(၁၀၅)၌–

> အသေသဝိရာဂနိရောဓောတိအာဒီနိ သဗ္ဗာနိ နိဗ္ဗာနဝေဝစနာနေဝ။ နိဗ္ဗာနဉ္ဉိ အာဂမ္မ တဏှာ အသေသာ ဝိရဇ္ဈတိ နိရုဇ္ဈတိ။ တသ္မာ တံ တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓောတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

တဿာယေဝ တဏှာယ၊ ထိုတပ်တတ်သော သမုဒယသစ္စာဖြစ်သော တဏှာ၏ သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြင် အကြွင်းမဲ့ တပ်တတ်သော တဏှာ၏ ကင်းကြောင်း, နောင် ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။ ဤကား ပါဠိတော်၏ မြန်မာပြန်တည်း။

အသေသဝိရာဂနိရောဓောတိအာဒီနိ၊ အသေသ ဝိရာဂ နိရောဓ ဤသို့ အစရှိကုန်သော။ သဗ္ဗာနိ၊ အလုံးစုံသော အမည်တို့သည်။ နိဗ္ဗာနဝေဝစနာနေဝ၊ နိဗ္ဗာန်၏ ပရိယာယ်ဝေါဟာရ အမည်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ၊ ထိုစကားသည် မှန်၏။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲ့ပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ တဏှာ၊ တပ်တတ်သော သမုဒယသစ္စာ တဏှာသည်။ အသေသာ၊ အကြွင်းမရှိသော အားဖြင့်။ ဝိရဇ္ဈတိ၊ ကင်း၏။ နိရုဇ္ဈတိ၊ ဖြစ်ပေါ်မှုမရှိ။ တသ္မာ၊ ထိုသို့တပ်တတ်သော သမုဒယသစ္စာတဏှာ၏ အကြွင်းမရှိသောအားဖြင့် ကင်းကြောင်း, နောင် ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သောကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓောတိ။ တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား— ဓမ္မစကြာပါဠိတော်၌ ဝိရာဂ,နိရောဓ-စသည်ဖြင့် ဟော တော်မူအပ်သော အမည်တို့သည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၏ ပရိယာယ်ဝေါဟာရ အမည်တို့သာ ဖြစ်ကုန်၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဝိရာဂ, နိရောဓ ဟု ခေါ်ဆိုအပ်သနည်း ဟူမူ— ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ယောဂါဝစရ ပုဂ္ဂိုလ်၏ ခန္ဓာအစဉ်၌ ဖြစ်သော မဂ်လေးပါးသည် မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍သိသောကြောင့် သမုဒယသစ္စာဖြစ်သော သင်္ခတဖြစ်သော တပ်တတ်သော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ - သုံးပါးသည် အကြွင်းအကျန် မရှိသောအားဖြင့် ကင်းခြင်း, နောင် ဖြစ်ပေါ်မှု မရှိခြင်းသို့ ရောက်လေ၏။ ထို့သို့ ရောက်ရခြင်းသည် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓ-သစ္စာနိဗ္ဗာန်ကြောင့်ပင် ဖြစ်ပေ၏။ ထို့သို့ ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သမုဒယသစ္စာဖြစ်သော သင်္ခတတရား တည်းဟူသော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ၏ အကြွင်းမရှိ ကင်းကြောင်းဖြစ်သောကြောင့် ဝိရာဂ, နောင် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် နိရောဓဟု ဆိုအပ်လေသည် ဟူသော အဓိပ္ပါယ်ကို သိစေတော်မူအပ်လေသည်။

ဤသို့သိစေအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဝိရာဂဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိကြလေကုန်။

ဤပါဠိတော် အဋ္ဌကထာ စကားတို့ကို ထောက်၍သာလျှင် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဝိရာဂ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး။ မဟာနိဒ္ဒေသ ပါဠိတော် အဋ္ဌကဝဂ်- ဂုဟဋ္ဌက သုတ္တန်ဒေသ (၂၁) မျက်နှာ၌ "ဝိရာဂေါ" ဟု ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ မူလပဏ္ဏာသပါဠိတော် အလဂဒ္ဒူပမသုတ်၌ "ဝိရာဂါယ" ဟူ၍ ဟောတော် မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ စတုက္ကအင်္ဂုတ္တိရ်ပါဠိတော် အဂ္ဂပသာဒနသုတ်၌ "ယဒိဒံ။ ပ ။ ဝိရာဂေါ" ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ ပါရာဇိကဏ် ပါဠိတော် သုဒိန္နကဏ္ဍ၌ "ဝိရာဂါယ" ဟူ၍ ဟောတော် မူအပ်သည်ကိုထောက်၍ လည်းကောင်း ဝိရာဂဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိကြလေဦး။

မြန်မာပြန်ကား—

ဝိရာဂေါ၊ ရာဂ၏ ကင်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏။ ဤကား မဟာနိဒ္ဒေသ

ပါဠိတော်၏ မြန်မာပြန်တည်း။ ဝိရာဂါယ၊ ရာဂ၏ ကင်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်အလို့ငှါ။ ဤကား မူလပဏ္ဏာသပါဠိတော်၏ မြန်မာပြန်တည်း။ ယဒိဒံ-ယော အယံ ဝိရာဂေါ၊ အကြင် ရာဂ၏ ကင်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်၊ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိ၏။ ဤကား စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်၏ မြန်မာပြန်တည်း။ ဝိရာဂါယ၊ ရာဂ၏ ကင်းကြောင်း ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်အလို့ငှါ။ ဤကား ပါရာဇိကဏ် ပါဠိတော်၏ မြန်မာပြန်တည်း။ ဤပြဆိုအပ်ကုန်သော ပါဠိတော်တို့ကို ထောက်၍လည်း ရာဂ ကင်းခြင်း၏ အကြောင်းခံဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို ဝိရာဂ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပြဆိုအပ်ကုန်သော ပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဗ္ဗာန်သစ္စာအဖွင့် စာမျက်နှာ (၁၃၉) ၌—

> ယသ္မာ ပန တံ အာဂမ္မ တဏှာ ဝိရဇ္ဇတိ စေဝ နိရုဇ္ဈတိ စ၊ တသ္မာ ဝိရာဂေါတိ စ နိရောဓောတိ စ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ယသ္မာ ပန၊ အကြင်ကြောင့်ကား။ တံ၊ ထို့မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ တဏှာ၊ တပ်တတ်သော သမုဒယသစ္စာ ဖြစ်သော သင်္ခတ တရားတည်းဟူသော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာသည်။ ဝိရဇ္ဇတိ စေဝ၊ ကင်းသည်သာလျှင်လည်း ဖြစ်၏။ နိရုဇ္ဈတိ စ၊ နောင်ဖြစ်ပေါ်မှုလည်း မရှိ။ တသ္မာ၊ ထို့သို့ တဏှာကင်းခြင်း၏အကြောင်း, တဏှာဖြစ်မှုမရှိခြင်း၏အကြောင်းခံ ဖြစ်သောကြောင့်။ ဝိရာဂေါတိ စ၊ ဝိရာဂဟူ၍လည်းကောင်း။ နိရောဓောတိ စ၊ နိရောဓဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤသို့ ဖွင့်ပြအပ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စကားကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို သမုဒယသစ္စာဖြစ်သော သင်္ခတတရားတည်းဟူသော တဏှာသုံးပါး၏ ကင်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဝိရာဂဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ စတုက္ကအင်္ဂုတ္တိုရ် အဋ္ဌကထာ စက္ကဝတ်-အဂ္ဂပသာဒနသုတ်အဖွင့် စာမျက်နှာ(၂၉၆)၌—

ဝိရာဂေါတိအာဒီနိ နိဗ္ဗာနသော်ဝ နာမာနိ။ တဥ္စိ အာဂမ္မ သဗ္ဗ-
ကိလေသာ ဝိရဇ္ဈန္တိ။ပ။ တသ္မာ ဝိရာဂေါ။ ဟူ၍လည်းကောင်း၊

ဌင်း စတုက္ကအင်္ဂုတ္တိုရ် အဋ္ဌကထာ စရဝင်္ဂ-စာဂုတ္ထသုတ်အဖွင့်စာမျက်နှာ(၂၆၀)၌-

ဝိဝေကော ဝိရာဂေါ နိရောဓောတိ တီဏိပိ နိဗ္ဗာနသော်ဝ နာမာနိ။
နိဗ္ဗာနံ ဟိ။ပ။ အာဂမ္မ ရာဂါဒယော ဝိရဇ္ဈန္တိတိ ဝိရာဂေါ။
ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

ဝိရာဂေါတိအာဒီနိ၊ ဝိရာဂေါ ဤသို့ အစရှိကုန်သော အမည်တို့သည်။ နိဗ္ဗာနသော်ဝ၊ မီး ၁၁-ပါး၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၏သာလျှင်။ နာမာနိ၊ အမည်တို့တည်း။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တံ၊ ထို အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစွဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ သဗ္ဗကိလေသာ၊ အလုံးစုံသော ကိလေသာတို့သည်။ ဝိရဇ္ဈန္တိ၊ ကင်းလေကုန်၏။ တသ္မာ၊ ထို့သို့ အလုံးစုံသော ကိလေသာတို့၏ ကင်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ ဝိရာဂေါ၊ ဝိရာဂဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ပဌမ အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဝိဝေကော ဝိရာဂေါ နိရောဓောတိ၊ ဝိဝေကော, ဝိရာဂေါ, နိရောဓောဟု ဆိုအပ်ကုန်သော။ တီဏိပိ၊ သုံးပါးလည်း ဖြစ်ကုန်သော အမည်တို့သည်။ နိဗ္ဗာနသော်ဝ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်း ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၏သာလျှင်။ နာမာနိ၊ အမည်တို့တည်း။ ဟိ၊ ထို စကားသည် မှန်၏။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ ရာဂါဒယော၊ ရာဂစသော သင်္ခတတရားတို့သည်။ ဝိရဇ္ဈန္တိ၊ နောင် ဖြစ်ပေါ်မှု မရှိခြင်း တည်းဟူသော ကင်းခြင်းဖြင့် ကင်းလေကုန်၏။ ဤတိတသ္မာ၊ ထို့သို့ ရာဂစသော သင်္ခတ တရားတို့၏ နောင် ဖြစ်ပေါ်မှု မရှိခြင်း တည်းဟူသော ကင်းခြင်းဖြင့် ကင်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ ဝိရာဂေါ၊ ဝိရာဂဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤ အဂ်ုတ္တိုရ် အဋ္ဌကထာရှင်၏ ဖွင့်ဆိုအပ်သော စကားတော်ကို ထောက်၍လည်း ဌင်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ရာဂစသော သင်္ခတတရားတို့၏ နောင်ဖြစ်ပေါ်မှု မရှိခြင်း တည်းဟူသော ကင်းခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဝိရာဂဟု ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပြဆိုအပ်ပြီးသော အဋ္ဌကထာရှင်တို့၏ စကားကိုထောက်၍သာ ဝိရာဂ မည်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသ အဋ္ဌကထာ စာမျက်နှာ (၇၀)၌—

ယသ္မာ ဟိ တံ အာဂမ္မ။ပ။ သဗ္ဗေ ကိလေသရဇ္ဇာ ဝိရဇ္ဇန္တိ။ပ။ ဝိရာဂေါ။ပ။ ဝုစ္စတိ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ပါရာဇိကဏ် အဋ္ဌကထာ သုဒိန္နကဏ္ဍအဖွင့် စာမျက်နှာ(၁၈၃)၌—

ယသ္မာ ပန တံ အာဂမ္မ သဗ္ဗသော တဏှက္ခယံ ဂစ္ဆတိ ဝိရဇ္ဇတိ နိရုဇ္ဈတိ စ၊ တသ္မာ တဏှက္ခယော ဝိရာဂေါ နိရောဓောတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သော စကားရပ်တို့တွင် ဝိရာဂဟူသောပုဒ်၏ အဖွင့်ကိုထောက်၍ လည်းကောင်း၊ မူလပဏ္ဏာသ အဋ္ဌကထာ အလဂဒ္ဒူပမသုတ် အဖွင့်၌—

နိဗ္ဗာနံ ဟိ အာဂမ္မ။ပ။ တဏှာ ခီယတိ ဝိရဇ္ဇတိ နိရုဇ္ဈတိ။ တသ္မာ တံ။ပ။ တဏှက္ခယော ဝိရာဂေါ နိရောဓောတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သော စကားရပ်တို့တွင် ဝိရာဂဟူသော ပုဒ်၏အဖွင့်ကို ထောက် ၍လည်းကောင်း၊ သုတ္တနိပါတ် အဋ္ဌကထာ ရတနသုတ်-နိဗ္ဗာန်တရားတော်၏ဂုဏ် အဖွင့် စာမျက်နှာ(၂၈၀)၌—

တမ့ိ သစ္ဆိကတေ ရာဂါဒယော အစ္စန္တံ ဝိရတ္တာ ဟောန္တိ။ပ။ တသ္မာ ဝိရာဂန္တိ စ ဝုစ္စတိ။

ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

ဟိ သစ်၊ ထို့စကားသည်မှန်၏။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍ ။ပ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ကိလေသရဇ္ဇာ၊ ကိလေသာဟူသောတပ်ခြင်းတရားတို့သည်။ ဝိရဇ္ဇန္တိ၊ အထူးသဖြင့် ကင်းလေကုန်၏။ တသ္မာ၊ ထို့သို့ အလုံးစုံကုန်သော ကိလေသာ တပ်ခြင်းတို့၏ ကင်းခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။ ဝိရာဂေါ၊ ဝိရာဂဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား မဟာနိဒ္ဒေသအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း ။

ယသ္မာ ပန၊ အကြင်ကြောင့်ကား။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစဲပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ တဏှာ၊ တပ်တတ်သော တဏှာသည်။ ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆတိ စ၊ ရောက်လည်း

ရောက်၏။ ဝိရဇ္ဈတိ စ၊ ကင်းလည်းကင်း၏။ နိရုဇ္ဈတိ စ၊ နောင်ဖြစ်ပေါ်ခြင်းလည်း မရှိ။ တသ္မာ၊ ထိုသို့ တဏှာကုန်ခြင်းသို့ ရောက်ကြောင်း တဏှာကင်းခြင်း၏ အကြောင်း တဏှာဖြစ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ တဏှက္ခယော ဝိရာဂေါ နိရောဓောတိ၊ တဏှက္ခယော ဝိရာဂေါ နိရောဓော ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ပါရာဇိကဏ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဟိ၊ ထိုစကားသည်မှန်၏။ နိဗ္ဗာနံ၊ မိုး ၁၁-ပါးတို့၏ ငြိမ်းကြောင်း ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ပ။ တဏှာ၊ တပ်တတ်သော တဏှာသည်။ ခီယတိ၊ ကုန်၏။ ဝိရဇ္ဈတိ၊ ကင်း၏။ နိရုဇ္ဈတိ၊ နောင်ဖြစ်ပေါ်မှုမရှိ။ တသ္မာ၊ ထိုသို့ တပ်တတ်သော တဏှာ၏ ကုန်ခြင်း၏အကြောင်း ကင်းခြင်း၏အကြောင်း နောင်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ပ။ တဏှက္ခယော ဝိရာဂေါ နိရောဓောတိ၊ တဏှက္ခယ ဝိရာဂ နိရောဓဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား မူလပဏ္ဏာသအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

တမ္မိ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်ကို။ သစ္ဆိကတေ၊ မဂ်လေးပါးဖြင့် မျက်မှောက်ပြုအပ်သည်ရှိသော်။ရာဂါဒယော၊ ရာဂစသော သင်္ခတတရားတို့သည်။ အစ္စန္တံ၊ စင်စစ်။ ဝိရတ္တာ၊ နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပ။တသ္မာ၊ထိုသို့ ရာဂစသော သင်္ခတတရားတို့၏ စင်စစ် ကင်းခြင်း၏အကြောင်းခံ ဖြစ်သောကြောင့်။ ဝိရာဂန္တိ စ။ ဝိရာဂဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား သုတ္တန်ပါဠိတော် အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ပြဆိုအပ်ပြီးသော အဋ္ဌကထာရှင်တို့၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ရာဂ အစရှိသော သင်္ခတ တရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိခြင်း တည်းဟူသော ကင်းခြင်း၏အကြောင်းခံဖြစ်သည်၏ အဖြစ်ကြောင့် ဝိရာဂဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနံ သံယုတ်ပါဠိတော် အသင်္ခတသံယုတ်၌—

ကတမော စ ဘိက္ခဝေ ဝိရာဂေါ။ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော အယံ ဝုစ္စတိ ဘိက္ခဝေ ဝိရာဂေါ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိရာဂေါ၊ ရာဂ၏ ကင်းကြောင်း ဖြစ်သော သဘော တရားသည်။ ကတမော စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် လည်းကောင်း။ ယော ဒေါသက္ခယော၊အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရိယတ္ထ အားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤရာဂ၏ ကုန်ကြောင်း ဒေါသ၏ ကုန်ကြောင်း မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို။ ဝိရာဂေါ၊ ဝိရာဂဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤသို့ သဋ္ဌာယတနသံယုတ်ပါဠိတော်၌ ဘုရားဟောတော်မူအပ်သော ဝိရာဂဟူသော ပုဒ်ကိုထောက်၍ ရာဂ စသည်တို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုပင် ဝိရာဂ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော် ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာန်ဋီကာ နိဗ္ဗာန် အမည်အဖွင့်၌—

ယသ္မာ ရာဂေါ ဝိဂတော သော ဝိရာဂေါ။ ဟူ၍ ဖွင့်ဆို အပ်သည်ကို ထောက်၍ လည်းကောင်း၊ အဘိဓာနပပဉ္စိကာသူစိကျမ်း မျက်နှာနံပါတ် (၅၆၁)၌—

ယသ္မာ ရာဂေါ ဝိဂတော သော ဝိရာဂေါ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

ယသ္မာ၊ အကြင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကြောင့်။ ရာဂေါ၊ တပ်တတ်သော ရာဂသည်။ ဝိဂတော၊ ကင်းသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့သို့ ရာဂကင်းခြင်း၏ အကြောင်းခံဖြစ်သော ကြောင့်။ သော၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ဝိရာဂေါ၊ ဝိရာဂ မည်၏။ ။ဤသို့ ဖွင့်ဆိုအပ်သော ဋီကာစကား တို့ကိုထောက်၍လည်း ရာဂစသော သင်္ခတတရားတို့၏ ကင်းခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာနိဗ္ဗာန်ကို ဝိရာဂဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပြဆိုအပ်ပြီးသော မင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်၏ ရာဂစသော ကိလေသာတို့၏ ကုန်ခြင်း, ကင်းခြင်း၏အကြောင်းခံဖြစ်ပုံကို ဥပမာအားဖြင့် ထင်စ့ာ ပြဦးအံ့။ အကြင် အကြင် တောအုပ်တို့၌ ထကြွနေသော ခိုးသူတို့ကို ဖမ်းယူ၍ မြို့၏ တောင်တံခါး၌ သတ်ကုန်ရာ၏။ ထိုသို့ သတ်သောအခါ ခိုးသူတို့သည် သေလေကုန်၏။ ထိုသို့ သေသောအခါ လူအများတို့သည် ခိုးသူတို့ သေကုန်ပြီ၊ ခိုးသူတို့ကို သတ်ကုန်ပြီဟူ၍ ပြောဆိုကြကုန်၏။ ဤဥပမာ၌ ခိုးသူတို့နှင့် ကိလေသာတို့ တူကုန်၏။ မြို့၏ တောင်တံခါးနှင့် မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိဗ္ဗာန်နှင့် တူ၏။ ခိုးသူတို့ကို သတ်သောသူနှင့်ကား မင်္ဂနှင့် တူ၏။ ထိုသို့ တူခြင်းကြောင့် ခိုးသူတို့သေမှု, ခိုးသူတို့ မရှိမှုသည် သတ်ရာဌာန အကြောင်းခံဖြစ်သော မြို့၏ တောင်တံခါး အရပ်ဌာန မဟုတ်၊ ခိုးသူတို့ကို သတ်သောသူသည်လည်း မြို့၏ တောင်တံခါး အရပ်ဌာန မဟုတ်၊ ခိုးသူသေမှုလည်း တခြား, သတ်သူလည်း တခြား, သတ်ရာဌာန တောင်တံခါး အရပ်လည်း တခြားစီသာ ဖြစ်သကဲ့သို့ ထိုအတူ မြို့၏ တောင်တံခါးအရပ်နှင့်တူသော ကိလေသာ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သော အသခ််တဓာတ် နိဗ္ဗာန်လည်း တခြား တပါးသာ ဖြစ်၏။ ခိုးသူတို့သေမှုနှင့်တူသော ကိလေသာ ကုန်မှု, မရှိမှုသည်လည်း တခြားတပါးသာ ဖြစ်၏။ ခိုးသူတို့ကို သတ်တတ်သောသူနှင့်တူသော ကိလေသာတို့ကို သတ်တတ်, ကုန်စေတတ်သော မင်္ဂာဏ်သည်လည်း တခြား တပါးသာ ဖြစ်၏ဟူ၍ သိကြလေကုန်။ ထိုသို့ သိအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် နိရောဓသစ္စာအဖွင့် မျက်နှာနံပါတ် (၁၀၆)၌—

> ယထာ စ အဋ္ဌဝိတော စောရေ အာနေတ္ဝာ နဂရသ္မ ဒက္ခိဏဒ္ဝါရေ ဃာတေယျုံ၊ တတော အဋ္ဌဝိယံ စောရာ မတာတိ ဝါ မာရိတာတိ ဝါ ဝုစ္စေယျုံ၊ ဧဝမေဝ အဋ္ဌဝိယံ စောရာ ဝိယ ယာ စက္ခာဒီသု တဏှာ၊ သာ ဒက္ခိဏဒ္ဝါရေ စောရာ ဝိယ နိဗ္ဗာနံ အာဂမ္မ နိရုဒ္ဓတ္တာ နိဗ္ဗာနေ နိရုဒ္ဓါ။ ဧဝံ နိရုဒ္ဓါ ပန တေသု ဝတ္ထူသု အဋ္ဌဝိယံ စောရာ ဝိယ နပညာယတိ။
>
> ဟူ၍ မိန့်ဆိုအပ်လေသည်။
>
> မြန်မာပြန်ကား—
>
> စ၊ ဥပမာတနည်းကို ဆိုဦးအံ့။ အဋ္ဌဝိတော၊ တောအုပ်မှ။ စောရေ၊ ခိုးသူတို့ကို။ အာနေတ္ဝာ၊ ဆောင်၍။ နဂရသ္မ၊ မြို့၏။ ဒက္ခိဏဒ္ဝါရေ၊ တောင်တံခါး၌။ ဃာတေယျုံ၊ သတ်ကုန်ရာ၏။ တတော၊ ထိုသို့သတ်ပြီးသည်မှ။ အဋ္ဌဝိယံ၊ တောအုပ်၌။ စောရာ၊ ခိုးသူတို့သည်။ မတာ၊ သေကုန်ပြီ။ ဣတိ ဝါ၊

ဤသို့လည်းကောင်း။ မာရိတာ၊ သတ်အပ်ကုန်ပြီ။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဝုစ္စေယျုံ ယထာ၊ ဆိုအပ်ကုန်ရာသကဲ့သို့။ ဧဝမေဝ၊ ဤဥပမာအတူသာလျှင်။ အဒ္ဓရိယံ၊ တောအုပ်၌။ စောရာ၊ ခိုးသူတို့သည်။ နိဗ္ဗတ္တာ ဝိယ၊ ဖြစ်ကုန်သကဲ့သို့။ ယာ တဏှာ၊ အကြင် တပ်တတ်သော တဏှာသည်။ စက္ခုဒီသု၊ စက္ခု စသည်တို့၌။ နိဗ္ဗတ္တာ၊ အာရုံပြုသောအားဖြင့် ဖြစ်၏။ သာ တဏှာ၊ ထို တပ်တတ်သော တဏှာသည်။ ဒက္ခိဏဒ္ဒါရေ၊ တောင်တံခါး၌။ စောရာ၊ ခိုးသူတို့သည်။ မတာ ဝိယ၊ သေကုန်သကဲ့သို့။ နိဗ္ဗာနံ၊ တောင်တံခါးနှင့် တူသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစဲပြု၍။ နိရုဒ္ဓတ္တာ၊ နောင်တဖန်ဖြစ်မှုမရှိသည်၏ အဖြစ်ဖြင့် ကွယ်ပျောက်လေသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနေ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌။ နိရုဒ္ဓါ၊ နောင်တဖန်ဖြစ်မှုမရှိသောအားဖြင့် ပျောက်ကွယ်သည် မည်၏။ ဧဝံ၊ ဤသို့။ နိရုဒ္ဓါ ပန၊ နောင်တဖန်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပျောက်ကွယ်ပြီးသော တဏှာသည်ကား။ တေသု ဝတ္ထူသု၊ ထိုထိုသို့သော အာရုံဖြစ်ကုန်သော စက္ခု, သောတ-စသော ဝတ္ထုတို့၌။ အဒ္ဓရိယံ၊ တောအုပ်၌။ စောရာ၊ သေလေကုန်ပြီးသော ခိုးသူတို့သည်။ န ပညာယန္တိ ဝိယ၊ မတင်ကုန်သကဲ့သို့။ န ပညာယတိ၊ မထင်။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်၏ ဥပမာ, ဥပမေယျကိုထောက်၍ ခိုးသူနှင့်တူသော ရာဂစသော သင်္ခတတရားတို့၏ ကုန်ခြင်း, မရှိခြင်းလည်း တခြား၊ တောင်တံခါးနှင့်တူသော အကြောင်းခံ နိဗ္ဗာန်လည်း တခြားသာ ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ထိုသို့ သိကြလျှင်လည်း ရာဂစသော သင်္ခတတရားတို့၏ ကုန်ကြောင်း, ကင်းကြောင်း ဖြစ်သောကြောင့် ၎င်း အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင် တဏှာကွယ်, ဝိရာဂ စသည် အမည်တို့ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ တဏှာစသော ကိလေသာတည်းဟူသော သင်္ခတတရားတို့၏ ကုန်ခြင်း, ကင်းခြင်းသည် ဧင်စစ် မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန် မဟုတ်သည်၏ အဖြစ်ကိုလည်းကောင်း ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို စာဂ,ပဋိနိဿဂ္ဂဟု၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ရာဂကင်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဝိရာဂဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သမုဒယသစ္စာဖြစ်သော သင်္ခတတရား တည်းဟူသော တဏှာကို စွန့်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်လည်း စာဂဟူ၍လည်းကောင်း၊ ပဋိနိဿဂ္ဂဟူ၍လည်းကောင်း ခေါ်ဆိုအပ်သေး၏။ ထိုသို့ ခေါ်ဆိုအပ်

သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော မြတ်စွာဘုရားရှင်သည် ဝိနည်းမဟာဝါ ပါဠိတော် ဓမ္မစက္ကာနိရောဓသစ္စာ အခန်းဌ—

ယော တဿာယေဝ တဏှာယ။ပ။ စာဂေါ ပဋိနိဿဂ္ဂေါ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

တဿာယေဝ တဏှာယ၊ ထို တဲ့ပ်တတ်သော သမုဒယသစ္စာဟု ဆိုအပ်သော သခ်ၤတတရားတည်းဟူသော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝ တဏှာကိုသာလျှင်။ ယော စာဂေါ၊ အကြင် အကြွင်းမရှိသော အားဖြင့် စွန့်ကြောင်း ဖြစ်သော သဘောနိဗ္ဗာန်သည်လည်းကောင်း။ ယော ပဋိနိဿဂ္ဂေါ၊ အကြင် နောင်တဖန် ဖြစ်ပေါ်မှုမရှိစေဘဲ အကြွင်းမရှိသောအားဖြင့် စွန့်ကြောင်းဖြစ်သော သဘောနိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။

အဓိပ္ပါယ်ကား— ဘုံသုံးပါးခွဲဖြစ်ကုန်သော သခ်ၤတ တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း အပြစ်တို့ကိုမြင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် ၎င်း သခ်ၤတ တရားတို့ခွဲ အလွန်ငြီးငွေ့ စက်ဆုပ်ခြင်းသို့ ရောက်၏။ ထိုသို့ ငြီးငွေ့ စက်ဆုပ်ခြင်းသို့ ရောက်ခြင်းကြောင့် ၎င်း သခ်ၤတ တရားတို့မှ လွန်မြောက်ရာ တရားကို အဖန်တလဲလဲ ဉာဏ်ဖြင့် ရှာဖွေလတ်သော် ၎င်းတရားတို့၏ စင်စစ် ပဋိပက္ခဖြစ်၍ အမြဲတည်ရှိနေသော မဖြစ်, မပျက်သော သဘော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင် စင်စစ် ဉာဏ်ဖြင့် မှီခိုရာ, ပုန်းအောင်းရာ-အဖြစ်ဖြင့် တွေ့မြင်လေ၏။ ထိုသို့ တွေ့မြင်ပြီး၍ သခ်ၤတ ဒေါသ၏ အပြစ်တွေ့ကို မြင်လေလေ ၎င်း အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့ အဖန်တလဲလဲ ဉာဏ်ဖြင့် အာရုံပြုသော အားဖြင့် ရောက်လေလေသာ ဖြစ်၏။ ထိုသို့ ရောက်ဖန်များသဖြင့် အကြင် အခါ ဉာဏ်သည် ရင့်ခြင်းသို့ ရောက်၏။ ထိုသို့ ရင့်ခြင်းသို့ ရောက်သောအခါ မဂ်ဖြစ်ထိုက်သော ပုဂ္ဂိုလ်ဖြစ်အံ့။ ၎င်း အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ သိမြင်လေ၏။ ထိုသို့ သိမြင်တတ်သော မဂ်ကြောင့် ယောဂါဝစရ ခန္ဓာဌ် အကြောင်းခံအားဖြင့် ကိန်းနေသော တဏှာနုသယ စသော ကိလေသာဟူသမျှတို့သည် ကုန်ခန်းခြင်းသို့ ရောက်လေကုန်၏။ ထိုသို့ ကုန်ခန်းပြီးသော ကိလေသာတို့သည် နောင် သံသရာအဆက်ဆက်ဌ ဖြစ်ပေါ်မှု မရှိလေကုန်ပြီ။ ထိုသို့ ကိလေသာ တဏှာ၏ ကုန်ခန်းမှု, ဖြစ်ပေါ်မှု-မရှိခြင်းကို ရည်၍ ကိလေသာတဏှာတို့ကို စွန့်လေကုန်ပြီဟု လောကဌ ပြောဆိုခြင်းကို ပြုကြလေသည်။ ထိုသို့ လောကဌ ပြောဆိုအပ်သော ကိလေသာ တဏှာ၏ စွန့်ခြင်း၏ အကြောင်းခံတရားသည် စင်စစ် အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သာလျှင် ဖြစ်ပေ၏။ ထိုသို့

ကိလေသာတဏှာ၏ စွန့်ကြောင်းဖြစ်သော ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို စာဂဟူသော အမည်, ပဋိနိဿဂ္ဂဟူသော အမည်တို့ဖြင့် ဟောတော်မူအပ်လေသည်။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ပြဆိုအပ်သော မြတ်စွာဘုရား၏ စကားတော်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ကိလေသာဘဏှာတို့ကို စွန့်ခြင်း၏ အကြောင်းခံကို အစဲပြု၍ စာဂဟူသော အမည်, ပဋိနိဿဂ္ဂဟူသော အမည်တို့ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ သစ္စဝိဘင်း-နိရောဓသစ္စအဖွင့် စာမျက်နှာ (၁၀၆) ၌—

နိဗ္ဗာနဉ္စ အာဂမ္မ တဏှာ စဇ်ယတိ ပဋိနိဿဇ်ယတိ။ ပ။ တသ္မာ နိဗ္ဗာနံ စာဂေါ၊ ပဋိနိဿဂ္ဂေါ။ ပ။ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

နိဗ္ဗာနဉ္စ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ တဏှာ၊ တပ်တတ်သောတဏှာကို။ စဇ်ယတိ၊ စွန့်အပ်၏။ ပဋိနိဿဇ်ယတိ၊ အကြွင်းမဲ့ အားဖြင့် စွန့်အပ်၏။ ပ။ တသ္မာ၊ ထိုသို့ စွန့်ခြင်း၏ အကြောင်းခံဖြစ်သော ကြောင့်။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ စာဂေါ ပဋိနိဿဂ္ဂေါ၊ စာဂ, ပဋိနိဿဂ္ဂ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ-ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို စာဂ ဟူသော အမည်ဖြင့် လည်းကောင်း၊ ပဋိနိဿဂ္ဂဟူသော .အမည်ဖြင့်လည်းကောင်း ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သစ္စနိဒ္ဒေသ-နိရောဓသစ္စာ အဖွင့်၌—

ယသ္မာ စ တဒေဝ အာဂမ္မ တဿာ စာဂါဒယော ဟောန္တိ။ ပ။ တသ္မာ စာဂေါ ပဋိနိဿဂ္ဂေါ။ ပ။ ဝုစ္စတိ ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ယသ္မာ စ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကြောင့်လည်း။ တဒေဝ၊ ထို့အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင်။ အာဂမ္မ၊ အကြောင်းခံအစွဲပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ တဿာ၊ ထို သမုဒယသစ္စာဖြစ်သော တဏှာကို။ စာဂါဒယော၊ စွန့်ခြင်း စသည်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပ။ တသ္မာ၊ ထို့သို့ သမုဒယသစ္စာဖြစ်သော တဏှာကို စွန့်ခြင်း စသည်ဖြစ်သည်၏ အဖြစ်ကြောင့်။ စာဂေါ ပဋိနိဿဂ္ဂေါ၊ စာဂ, ပဋိနိဿဂ္ဂ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အဓိပ္ပါယ်မှာ – ရှေးနည်းအတိုင်းသာတည်း။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သမုဒယသစ္စာဖြစ်သော သင်္ခတတရားတည်းဟူသော တဏှာကို အကြွင်းမရှိ စွန့်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် စာဂ ဟူသော အမည်, ပဋိနိဿဂ္ဂ ဟူသော အမည်တို့ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို သဗ္ဗူပဓိပဋိနိဿဂ္ဂဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို စာဂ, ပဋိနိဿဂ္ဂ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သဗ္ဗူပဓိပဋိနိဿဂ္ဂ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ ထို့သို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော မြတ်စွာဘုရားရှင်သည် နဝကအဂ်္ဂုတ္တိရ်ပါဠိတော် မဟာဝဂ် - ပဥ္စမသုတ်၌—

ယဒိဒံ ။ပ။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ယဒိဒံ-ယော အယံ၊ အကြင်သို့ သဘောရှိသော။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အလုံးစုံသော ဥပဓိတရားတို့ကို စွန့်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။

အဓိပ္ပါယ်ကား– သင်္ခတဖြစ်သော ခန္ဓာငါးပါး တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း တည်းဟူသော အပြစ်တွေ့ကို ဝိပဿနာဉာဏ်ဖြင့် တရေးရေးမြင်နေသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ၎င်းခန္ဓာငါးပါးတရားတို့ကို အလွန်စက်ဆုပ်ငြီးငွေ့ခြင်းသို့ ရောက်သည်ဖြစ်၍ ၎င်းခန္ဓာငါးပါးတည်းဟူသော သင်္ခတတရားတို့မှ လွန်မြောက်ရာ သဘောကို ရှာဘွေစုံစမ်းလတ်သော် ၎င်းဖြစ်ပျက်နေ

သော ခန္ဓာငါးပါး တည်းဟူသော သန်တာန တရားတို့၏ စင်စစ်ဆန့်ကျင်ဘက် ဖြစ်သော မဖြစ်မပျက်သော သဘောလက္ခဏာရှိသော အမြဲတည်ရှိနေသော အသန်တသဘော နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင် တွေ့မြင်လေတော့၏။ ထို့သို့ တွေ့မြင်ပြီးနောက် ခန္ဓာငါးပါးတည်းဟူသော သန်တာန တရားတို့၏ ဖြစ်ပျက်မှု အပြစ်တွေ့ကို မြင်လေလေ ၎င်းအသန်တခေတ် နိရောဓသစ္စာ နိဗ္ဗာန်၏ မဖြစ်မပျက်သော သဘောလက္ခဏာဖြင့် အမြဲတည်ရှိမှုန်းကို သိလေလေသာ ဖြစ်၏။ ထို့သို့သိ၍ ဝိပဿနာဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် စေလွှတ်ဖန်များလတ်သော် ဉာဏ်သည်ရင့်ခြင်းသို့ ရောက်သဖြင့် မဂ်ဖြစ်ခြင်းငှါ ထိုက်သည်ဖြစ်အံ့၊ ထို အခါ ၎င်းအသန်တခေတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အစဉ်အတိုင်း မဂ်လေးတန် ဖြင့် မျက်မှောက်ပြု၍ နောင် ဖြစ်ပေါ်လတ္တံ့သော ကိလေသုပဓိ စသော အလုံးစုံသော ဥပဓိတရားတို့သည် နောင် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကုန်ခြင်းသို့ ရောက်လေကုန်၏။ ထို့သို့ ဥပဓိတရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကုန်ခြင်းသို့ ရောက်သည်ကိုပင် လောကဋ္ဌ ဥပဓိတရားကိုစွန့်သည်ဟု ခေါ်ဆိုအပ်သည်။ ထို့သို့ ခေါ်ဆိုအပ်သော ဥပဓိတရားကိုကို စွန့်ရခြင်းသည် စင်စစ် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တခေတ် နိဗ္ဗာန်၏ အကြောင်းခံခြင်းကြောင့်သာ ဖြစ်ပေ၏။ ထို့သို့ အလုံးစုံသော ဥပဓိတရားတို့ကို စွန့်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ၎င်းအသန်တခေတ် နိရောဓသစ္စာနိဗ္ဗာန်ကိုပင် သဗ္ဗူပဓိပဋိနိဿဂ္ဂဟု၍ ခေါ်ဆိုအပ်လေသည်ဟူလို။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသပါဠိတော် အဋ္ဌကဝဂ် ဂုဟဋ္ဌကသုတ်နိဒ္ဒေသမျက်နှာနံပါတ် (၂၁)၌—

ယော။ပ။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်း သိကြလေဦး။

မြန်မာပြန်ကား—

ယော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အကြင်အလုံးစုံ ကုန်သော ဥပဓိတရားတို့ကို စွန့်ကြောင်း ဖြစ်သော အသန်တခေတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏။

အဓိပ္ပါယ်မှာ-ရှေးနည်း အတူသာတည်း။ ဤသို့ ဟောတော်မူအပ်သော မဟာနိဒ္ဒေသပါဠိတော်ကို ထောက်ရှုလည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တခေတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံသော ဥပဓိတရားတို့ကို အကြွင်းမရှိ စွန့်ကြောင်းဖြစ်သောကြောင့် သဗ္ဗူပဓိပဋိနိဿဂ္ဂ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ စူဠနိဒ္ဒေသပါဠိတော် ပါရာယနဝဂ် မေတ္တာဂုပဥ္ဇာနိဒ္ဒေသ စာမျက်နှာ ၇၇-၌ "သဗ္ဗုပဓိပဋိနိဿဂ္ဂေါ" ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ မူလပဏ္ဏာသပါဠိတော် သြပမ္မဓမ္မဝဂ်အလဂဒ္ဒူပမသုတ် စာမျက်နှာ ၁၉၀-၌–သဗ္ဗုပဓိပဋိနိဿဂ္ဂါယ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သဗ္ဗုပဓိပဋိနိဿဂ္ဂဟူခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိကြလေဦး။

မြန်မာပြန်ကား—

ယော သဗ္ဗုပဓိပဋိနိဿဂ္ဂေါ၊ အကြင် အလုံးစုံကုန်သော ဥပဓိတရားတို့ကို စွန့်ကြောင်း ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဤကား စူဠနိဒ္ဒေသ ပါဠိတော်၏ မြန်မာပြန်တည်း။

သဗ္ဗုပဓိပဋိနိဿဂ္ဂါယ၊ အလုံးစုံကုန်သော ဥပဓိတရားတို့ကို စွန့်ကြောင်း ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာ နိဗ္ဗာန်အလို၌။ ဤကား မူလပဏ္ဏာသ ပါဠိတော်၏ မြန်မာပြန်တည်း။ အဓိပ္ပါယ်မှာ ရှေးနည်း အတိုင်းသာတည်း။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဥပဓိတရားတို့ကို စွန့်ခြင်း၏ အကြောင်းခံ ဖြစ်ခြင်းကြောင့် သဗ္ဗုပဓိပဋိနိဿဂ္ဂဟူခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသ အဋ္ဌကထာ ကာမသုတ္တနိဒ္ဒေသ အဖွင့် စာမျက်နှာ ၇၀-၌—

> ယသ္မာ စေတံ အာဂမ္မ သဗ္ဗေ ဥပဓယော ပဋိနိဿဋ္ဌာ ဟောန္တိ။ပ။ တသ္မာ သဗ္ဗုပဓိပဋိနိဿဂ္ဂေါ။ပ။ ဝုစ္စတိ။ ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ယသ္မာ စ၊ အကြင်ကြောင့်လည်း။ စေတံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာ နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစဲပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဓယော၊ ဥပဓိတရားတို့ကို။ ပဋိနိဿဋ္ဌာ၊ စွန့်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏ ။ပ။ တသ္မာ၊ ထိုသို့ အလုံးစုံကုန်သော ဥပဓိတရားတို့ကို စွန့်ကြောင်းဖြစ်သော သတ္တိကြောင့်။ သဗ္ဗုပဓိပဋိနိဿဂ္ဂေါ၊ သဗ္ဗုပဓိပဋိနိဿဂ္ဂ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—

မင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတမဂ်တ်နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင် အာရုံအားဖြင့် အကြောင်းခံပြု၍ ၎င်းနိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင် တတ်ကုန်သော အာရမ္မဏိက ဖြစ်ကုန်သော မဂ်တို့သည် အလုံးစုံကုန်သော ဥပဓိ တရားတို့ကို နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပယ်စွန့်နိုင်ကြကုန်၏။ ထိုသို့ စွန့်နိုင်ခြင်းသည်လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အကြောင်းခံဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံအားဖြင့် အမှီတကဲ့ သဟဲပြု၍ သာလျှင် စင်စစ်ဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဂ်တ် နိရောဓသစ္စာ နိဗ္ဗာန်သည် အလုံးစုံကုန်သော ဥပဓိတရားတို့ကို ပယ်စွန့်ခြင်း၏ အကြောင်းခံဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဂ်တ် နိရောဓသစ္စာနိဗ္ဗာန်ကို သမ္မူပဓိပဋိနိဿဂ္ဂဟု၍ ခေါ်ဆိုအပ်လေသည်။

ဤပြဆိုအပ်ပြီးသော အဋ္ဌကထာကိုထောက်၍သာလျှင် ၎င်းအသင်္ခတမဂ်တ် နိရောဓသစ္စာနိဗ္ဗာန်ကို သမ္မူပဓိပဋိနိဿဂ္ဂဟု၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ မူလပဏ္ဏာသအဋ္ဌကထာ အာလဂဒ္ဒူပမသုတ်အဖွင့် စာမျက်နှာ(၁၈)၌—

> တဒေဝ စ အာဂမ္မ ခန္ဓူပဓိ, ကိလေသူပဓိ, အဘိသင်္ခါရူပဓိ, ပဥ္စ-ကာမဂုဏူပဓီတိ ဣမေ ဥပဓယော ပဋိနိဿဋ္ဌယန္တိ။ပ။ တသ္မာ တံ သမ္မူပဓိပဋိနိဿဂ္ဂေါ။ပ။ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

စ၊ အဘို့တပါးကို ဆိုဦးအံ့။ တဒေဝ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဂ်တ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင်။ အာဂမ္မ၊ အကြောင်းခံ အစဲ့ပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ ခန္ဓူပဓိ၊ ခန္ဓာတည်းဟူသော ဥပဓိတရားလည်းကောင်း။ ကိလေသူပဓိ၊ ကိလေသာတည်းဟူသော ဥပဓိတရားလည်းကောင်း။ အဘိသင်္ခါရူပဓိ၊ အကျိုးဖြစ်သော ဝိပါက်ခန္ဓာတို့ကို အလွန် ပြုပြင်တတ်သော အဘိသင်္ခါရဟုဆိုအပ်သော ဥပဓိလည်းကောင်း။ ပဥ္စကာမဂုဏူပဓိ၊ ငါးပါးသော ကာမဂုဏ်ဟုဆိုအပ်သော ဥပဓိတရားလည်းကောင်း။ ဣတိ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော။ ဥပဓယော၊ ဇရာ, မရဏဘေး စသည်တို့၏ တည်ရာ ဖြစ်သော ဥပဓိတရားတို့ကို။ ပဋိနိဿဋ္ဌယန္တိ၊ စွန့်အပ်ကုန်၏။ပ။ တသ္မာ၊ ထိုဆိုအပ်ကုန်ပြီးသော ဥပဓိတရားတို့ကို စွန့်ကြောင်းဖြစ်သော သဘောကြောင့်။ တံ၊ ထို မဂ်, ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတမဂ်တ် နိရောဓသစ္စာနိဗ္ဗာန်ကို။ သမ္မူ-

ပဓိပဋိနိဿဂ္ဂါ၊ သဗ္ဗူပဓိပဋိနိဿဂ္ဂဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အဓိပ္ပါယ်မှာ ရှေးနည်းအတိုင်းသာလျှင်တည်း။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍လည်း ၎င်း မင်္, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဥပဓိတရားတို့ကို ပယ်စွန့်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သဗ္ဗူပဓိပဋိနိဿဂ္ဂ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အနာလယ-ဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မင်္, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သဗ္ဗူပဓိပဋိနိဿဂ္ဂဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အနာလယ-ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းနိဗ္ဗာန်ကို အနာလယ-ဟု ခေါ်ဆိုအပ်သနည်းဟူမူ–၎င်း မင်္ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကြောင်းခံ၍သာလျှင် သင်္ခတဖြစ်သော ခန္ဓာငါးပါး ဒုက္ခတရား၌ ကပ်ငြိတတ်သော အာလယ-ဟု ဆိုအပ်သော တဏှာသည် ကင်းပြတ် ငြိတွယ်ခြင်း မရှိခြင်းသို့ ရောက်၏။ ထိုသို့ ကပ်ငြိတတ်သော အာလယ ဟု ဆိုအပ်သော တဏှာ၏ ကင်းပြတ်ခြင်း, ငြိတွယ်ခြင်း မရှိခြင်း၏အကြောင်းခံဖြစ်သောကြောင့် ၎င်း မင်္, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အနာလယ·ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော ဘုရားရှင်သည် မဟာဝဂ္ဂသံယုတ် ပါဠိတော် ဓမ္မစက္ကပဝတ္တနသုတ် စာမျက်နှာ (၃၆၉)၌—-

ယော ဓာသာယေဝတဏှာယ။ပ။ အနာလယော။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

တသာယေဝ တဏှာယ၊ ထိုကပ်ငြိတတ်သော တဏှာ၏သာလျှင်။ ယော အနာလယော၊ အကြင် မကပ်ငြိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။ ။အဓိပ္ပါယ်မှာ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာတည်း။ ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏စကားတော်ကို ထောက်၍ ၎င်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုပင် ကပ်ငြိတတ်သော တဏှာ၏ပြတ်ကြောင်း၊ ဝါ၊ ငြိတွယ်ခြင်း မရှိခြင်း၏ အကြောင်းခံဖြစ်သောကြောင့် အနာလယ-ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ဖြင့်သာ ၎င်း အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အနာလယ·ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်း နိရောဓသစ္စာအဖွင့် စာမျက်နှာ (၁၀၆)၌—

နိဗ္ဗာနဉ္စ အာဂမ္မ တဏှာ။ပ။ နာ အလ္လီယတိ၊ တသ္မာ။ပ။ အနာလယောတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

နိဗ္ဗာနဉ္စ၊ မီး ၁၁-ပါး၏ ငြိမ်းကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစဲ့ပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ တဏှာ၊ ကပ်ငြိတတ်သောတဏှာသည်။ နာ အလ္လီယတိ၊ မငြိတွယ်။ တသ္မာ၊ ထိုသို့ကပ်ငြိတတ်သော တဏှာ၏ မငြိတွယ်ခြင်း၏ အကြောင်းခံဖြစ်ခြင်းကြောင့်။ နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အနာလယောတိ၊ အနာလယဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။။

အဓိပ္ပါယ်ကား— နိဗ္ဗာန်ကို အကြောင်းခံ အစဲ့ပြု၍သာ မဂ်ဖြင့် ငြိတွယ်တတ်သော တဏှာသည် ငြိတွယ်ခြင်းမရှိဘဲ ကင်းပြတ်လေတော့၏။ ထိုသို့ ငြိတွယ်တတ်သော တဏှာ၏ မငြိမတွယ် ကင်းပြတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အနာလယဟု ခေါ်ဆိုအပ်သည်ဟူလို။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာ စကားကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အနာလယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်း။ ၎င်း အသခ်ၤတဓာတ် နိဗ္ဗာန်ကို ကပ်ငြိတတ်သောတဏှာ အာလယ မရှိရာဌာန ဖြစ်သောကြောင့်လည်း အနာလယဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေလိုတော်မူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် သစ္စနိဒ္ဒေသ·နိရောဓသစ္စာအဖွင့် စာမျက်နှာ (၁၃၉)၌—

ကာမဂုဏာလယေသု စေတ္ထ ကောပိ အာလယော နတ္ထိ၊တသ္မာ။ပ။ အနာလယောတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

စ၊ အဘို့တပါးကို ဆိုဦးအံ့။ ဧတ္ထ၊ ဤ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၌။ ကာမဂုဏာလယေသု၊ ကာမဂုဏ်တို့၌ ကပ်ငြိတတ်သော တဏှာလယတို့တင်။ ဧကော‌ပိ အာလယော၊ တစုံတခုသော ကပ်ငြိတတ်သော တဏှာလယသည်လည်း။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့သို့ ကပ်ငြိတတ်သော တဏှာတည်းဟူသော အာလယမရှိရာ ဖြစ်သောကြောင့်။ပ။ တံ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အနာလယော‌တိ၊ အနာလယဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကပ်ငြိတွယ်တာတတ်သော တဏှာဟု ဆိုအပ်သော အာလယတရားတို့တင် တစုံတခုသော ကပ်ငြိတွယ်တာတတ်သော အာလယ တရားသည်လည်း အာရုံပြုသောအားဖြင့် မကပ်မငြို မသီနှိုင်ရာဌာန ဖြစ်သောကြောင့် အနာလယဟု ခေါ်ဆိုအပ်သည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ပြဆိုအပ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်၏ စကားကိုထောက်၍လည်းကောင်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကပ်ငြိတတ်သော တဏှာလယမရှိရာဌာန ဖြစ်သောကြောင့် အနာလယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပြဆိုအပ်ပြီးသော အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ-နိဗ္ဗာန် အမည်အဖွင့် စာမျက်နှာ (၁၆) ၌- နတ္ထိ အာလယော တဏှာ ဧတ္ထာတိ အနာလယံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍ လည်းကောင်း၊ အဘိဓာနပဒီပိကာသူစိကျမ်း နံပါတ်(၂၆)အနာလယအဖွင့်၌- နတ္ထိ အာလယော တဏှာ ဧတ္ထာတျနာလယံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍ လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

ဧတ္ထ၊ ဤ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌။ အာလယော၊ ကပ်ငြိတတ်သော။ တဏှာ၊ တဏှာသည်။ နတ္ထိ၊ အခါခပ်သိမ်းမရှိ။ ဣတိတသ္မာ၊ ထို့သို့ ကပ်ငြိတတ်သော တဏှာ၏ မရှိရာဖြစ်သောသတ္တိကြောင့်။ တံ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အနာလယံ၊ အနာလယ မည်၏။ ဤကား အဘိဓာန်ဋီကာ၏ မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား— မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကပ်ငြိတတ်သော တဏှာဟူသမျှသည် အာရုံပြုသောအားဖြင့်

အခါခပ်သိမ်း မကပ်နိုင်, မသီနိုင်, မငြိနိုင်။ ထိုသို့ ကပ်ငြိတတ်သော အာလယဟု ဆိုအပ်သော တဏှာ၏ အခါခပ်သိမ်း အာရုံပြုသောအားဖြင့် မကပ်, မသီ, မငြိတတ်နိုင်ရာဌာန ဖြစ်သောကြောင့် ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို အနာလယဟု ခေါ်ဆိုအပ်လေသည်။ ဤကား အဓိပ္ပါယ်တည်း။ အဘိဓာနပဒီပိကာသူစိပါဠ်၏ မြန်မာပြန်, အနက်အဓိပ္ပါယ်သည်လည်း အဘိဓာန်ဋီကာနှင့် အတူတူသာလျှင်တည်း။

ဤ ပြဆိုအပ်ကုန်ပြီးသော ဋီကာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး။ သဋ္ဌာယတနသံယုတ်အဋ္ဌကထာ၊ အသင်္ခတသံယုတ်အဖွင့် စာမျက်နှာ(၁၄၉)၌-
ကာမာလယာနံ အဘာဝေန အနာလယံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ကာမာလယာနံ၊ ကာမဂုဏ် တရားတို့၌ အာရုံပြုသောအားဖြင့် ကပ်ငြိတတ်သော တဏှာလယတို့၏။ အဘာဝေန၊ မရှိရာဌာန၏ အဖြစ်ကြောင့်။ အနာလယံ၊ အနာလယ မည်၏။ အဓိပ္ပါယ်ကား ရှေးနည်းအတိုင်းသာတည်း။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို ကပ်ငြိတတ်သော တဏှာလယ၏ အခါခပ်သိမ်း မရှိရာ ဌာနဖြစ်သောကြောင့် အနာလယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို မုတ္တိဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို အနာလယ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သမုဒယသစ္စာ ဖြစ်သော တဏှာမှ လွတ်ကြောင်းဖြစ်သောကြောင့် မုတ္တိဟူ၍လည်း ခေါ်ဝှေ်အပ်သေး၏။ လွတ်ပုံကို ထင်ရှားပြဦးအံ့။ အကြင်အကြင် သူတို့သည် သင်္ခတဖြစ်ကုန်သော စိတ်စေတသိက်ရုပ်တရားတို့၌ ဇရာမရဏ တရားတို့ဖြင့် မပြတ်မလပ် နှိပ်စက်ခြင်းကြောင့် ဖြစ်သော ဒုက္ခတည်းဟူသော ပြစ်ချက်ကို ဉာဏ်ဖြင့် မမြင်ကြခြင်းကြောင့် တဏှာဖြင့် တွယ်တာ မက်မောနေကုန်၏။ ထိုသို့ တွယ်တာ မက်မောခြင်းကြောင့် သင်္ခတဖြစ်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော ဝဋ်ဒုက္ခတရားတို့သည် အဆက်မပြတ်ဖြစ်လျက် ရှည်လျားနေကုန်၏။ ထိုသို့ ရှည်လျားနေကုန်သော ဝဋ်ဒုက္ခတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် မြင်သည်ရှိသော် ၎င်းဝဋ်ဒုက္ခတရားတို့ကို စင်စစ်ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်ကြသည်ဖြစ်၍ ၎င်းဂဋ်ဒုက္ခတို့မှ လွတ်ရာကို ရှာကြလေသော် စင်စစ် ၎င်းဝဋ်ဒုက္ခကရား ဇာည်းဟူသော

သခ်ၤတတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပျက်သော သဘော အသခ်ၤတဓာတ်ကိုသာ တွေ့မြင် ကြလေတော့၏။ အဘယ်ကြောင့် တွေ့မြင်လေသနည်းဟူမူ ဓမ္မတာအားဖြင့် ပဋိပက္ခတရားသည် ထင်ရှား တည်ရှိသည်၏ အဖြစ်ကြောင့် တွေ့မြင်လေသည်ဟူလို။ ထို့သို့တွေ့မြင်ပြီးမှ သခ်ၤတဖြစ်ကုန်သော စိတ်, စေတသိက် ရုပ်တရားတို့၏ ဖြစ်ပေါ် ကုန်တိုင်း ဖြစ်ပေါ် ကုန်တိုင်း ဇရာမရဏတရားတို့၏ နှိပ်စက်ခြင်း တည်းဟူသော ဒဏ်ချက်ကို မြင်လေလေ ၎င်းတရားတို့မှလွှန်မြောက်နေသော မဖြစ်မပျက်သော သဘော အသခ်ၤတဓာတ်သို့ ဉာဏ်ဖြင့် ပြေးဝင်လေလေသာဖြစ်၏။ ထို့သို့ ပြေးဝင်ဖန်များသဖြင့် ဉာဏ်သည် ရင့်သန်လတ်သည်ရှိသော် ၎င်းအသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အစဉ် အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြု၍ တုယ်တာ မက်မောတတ်သော တဏှာသည် ကင်းပြတ်လေ၏။ ထို့သို့ ကင်းပြတ်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက်သော အခါ ၎င်းသမုဒယ သစ္စာဖြစ်သော တဏှာမှ လွတ်ပြီး ဖြစ်လေ၏။ ထို့သို့ တဏှာမှ လွတ်ရခြင်းသည် စင်စစ် အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကြောင်းခံအစွဲပြု၍သာ ဖြစ်ပေ၏။ ထိုကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သမုဒယသစ္စာ ဖြစ်သော တဏှာမှ လွတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် မုတ္တိဟူ၍ ခေါ်ဆိုအပ်လေသည်။

ထို့သို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထို့ထို့သို့သော ဝိနည်း သုတ္တန်ပါဠိတော် ဓမ္မစက္ကပဝတ္တနသုတ်တို့၌ တဿာယေဝ တဏှာယ။ပ။ မုတ္တိ။ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

တဿာယေဝ တဏှာယ၊ ထိုသမုဒယသစ္စာဖြစ်သော သခ်ၤတတရားတို့၌ တုယ်တာတတ်သော တဏှာမှသာလျှင်။ ယာ မုတ္တိ၊ အကြင် လွတ်ကြောင်း ဖြစ်သော အသခ်ၤတဓာတ် နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိနေ၏။ ။ အဓိပ္ပါယ်သည် ရှေး၌ ပြဆိုအပ်ပြီးသော နည်းအတိုင်းသာတည်း။ ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သမုဒယသစ္စာဖြစ်သော တုယ်တာတတ်သော တဏှာမှ လွတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် မုတ္တိဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ဓမ္မစက္ကပဝတ္တနသုတ်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ သစ္စဝိဘင်း နိရောဓသစ္စာအဖွင့် စာမျက်နှာ ၁၀၆ ၌-နိဗ္ဗာနဉ္စ အာဂမ္မ တဏှာ။ပ။ မုစ္စတိ။ပ။ တသ္မာ နိဗ္ဗာနံ။ပ။ မုတ္တိတိ ဝုစ္စတိ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

စ၊ ထိုစကားသည်မှန်၏။ နိဗ္ဗာနံ၊ မီး ၁၁-းပါးတို့၏ ငြိမ်းကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ တဏှာ·တဏှာယ၊ သမုဒယသစ္စာဖြစ်သောမှတ်သိပ်တုယ်တာတတ်သောတဏှာမှ။ မုစ္စတိ၊ လွတ်တတ်၏။ တသ္မာ၊ ထိုသို့ သမုဒယသစ္စာဖြစ်သောမှတ်သိပ် တုယ်တာ တတ်သော တဏှာမှ လွတ်ခြင်း၏အကြောင်းခံဖြစ်ခြင်းကြောင့်။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ငြိမ်းကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ မုတ္တိတိ၊ မုတ္တိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အကြောင်းခံ အစဲပြု၍သာလျှင် မဂ်လေးတန်သည် ဖြစ်ရ၏။ ထိုမဂ်လေးတန် ကြောင့် သမုဒယသစ္စာဖြစ်သော မှတ်သိပ် တုယ်တာတတ်သော တဏှာသည် ကင်းပြတ်လေ၏။ ထိုသို့ ကင်းပြတ်ခြင်းကြောင့် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော အရဟတ္တဖိုလ်သို့ရောက်သောအခါ ၎င်းသမုဒယသစ္စာဖြစ်သော တဏှာမှ လွတ်ပြီးဖြစ်၏။ ထိုသို့လွတ်ခြင်း၏အကြောင်းခံသည် စင်စစ် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကြောင့်ပင် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မုတ္တိဟူ၍ ခေါ်ဆိုအပ်လေသည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍လည်း ၎င်း မဂ်, ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တဏှာမှ လွတ်ခြင်း၏ အကြောင်းခံ ဖြစ်သည်၏ အဖြစ်ကြောင့် မုတ္တိ မည်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသ နိရောဓသစ္စာအဖွင့် စာမျက်နှာ (၁၃၉)၌လည်း—

> ယသ္မာ စ တဒေဝ အာဂမ္မ တသ္မာ။ပ။ မုစ္စတိ။ပ။ တသ္မာ မုတ္တိတိ။ပ။ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

စ၊ အဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ တဒေဝ၊ ထို မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင်။

အာဂမ္မ၊ အကြောင်းခံ အစဲ့ပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ တဿာ၊ ထိုသမုဒယ သစ္စာဖြစ်သော တဏှာမှ။ မုစ္စတိ၊ လွတ်တတ်၏။ တသ္မာ၊ ထို့ကို သမုဒယသစ္စာ ဖြစ်သော တဏှာမှ လွတ်ကြောင်းဖြစ်သောကြောင့်။ မုတ္တီတိ၊ မုတ္တိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အဓိပ္ပါယ်ကား ရှေးနည်းအတိုင်းသာလျှင်တည်း။

ဤသို့ပြဆိုအပ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ထောက်၍လည်း၎င်း မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဟဏှာမှ လွတ်ခြင်း၏ အကြောင်းခံဖြစ်သည်၏ အဖြစ်ကြောင့် မုတ္တိ မည်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် ပါဠိတော် အသင်္ခတသံယုတ်စာမျက်နှာ(၅၄၂)၌—

> ကတမာ စ ဘိက္ခဝေ မုတ္တိ။ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ ဘိက္ခဝေ မုတ္တိ။

ဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍လည်း မဂ်, ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မုတ္တိ မည်သည်၏အဖြစ်ကို သိကြလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ မုတ္တိ၊ ကိလေသာတို့မှ လွတ်ကြောင်းဖြစ်သည်၏အဖြစ်ကြောင့် မုတ္တိ မည်သော သဘောတရားသည်။ ကတမာ စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်း နိဗ္ဗာန်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ကြောင်း နိဗ္ဗာန်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်း နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟ-တို့ကုန်ကြောင်း နိဗ္ဗာန်ကို။ မုတ္တိ၊ မုတ္တိဟူ၍။ ဝါ၊ ကိလေသာတို့မှ လွတ်ကြောင်းတရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်, အဋ္ဌကထာတို့၏အလိုအားဖြင့် ဝိဂြိုဟ်ပြုလိုသော် ရာဂါဒီဟိ မုစ္စတိ ဇတေနာတိ မုတ္တိ-ဟူ၍ ဟေတုသာဓနကိတ်ဝိဂြိုဟ်ပြုအပ်၏။ မုစ-ဓာတ်။ တိ-ပစ္စည်း။ ဇတေန၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကြောင့်။ ရာဂါဒီဟိ၊ ရာဂ စသည်တို့မှ။ မုစ္စတိ၊ လွတ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့် ရာဂစသည်တို့မှ လွတ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ

ဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ မုတ်တိ၊ မုတ်တိမည်၏။ ကတ္ထုကြိယာ၏ အရကား–ကိလေသာတို့မှလွတ်တတ်သော အရဟတ္တဖိုလ်စိတ်သည် မုချအားဖြင့် ရ၏။ ဟေတ္ထုကြိယာ၏အရကား–ထိုကိလေသာတို့မှ လွတ်တတ်သော အရဟတ္တဖိုလ်၏ အာရမ္မဏပစ္စယသတ္တိတည်းဟူသော အကြောင်းခံ နိဗ္ဗာန်သည် ဖလူပစာရအားဖြင့် ရ၏။ ထိုသို့ရခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ရာဂစသည်တို့မှ လွတ်ကြောင်း ဖြစ်သောကြောင့် မုတ်တိမည်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

တနည်းကား–၎င်းအသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မုတ်တိဟု ခေါ်ဆိုအပ်သည်။ အဘယ်ကြောင့် ခေါ်ဆိုအပ်သနည်းဟူမူ–ကိလေသာ တရားတို့မှ လွတ်ခြင်းကြောင့် မုတ်တိဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍဝဏ်-နိဗ္ဗာန်အမည်အဖွင့် စာမျက်နှာ(၁၇)၌—

ကိလေသေဟိ မုစ္စနတော မုတ်တိ။

ဟူ၍ မိန့်ဆိုအပ်သည်။

အနက်သိကြောင်း မြန်မာပြန်ကား-—

ကိလေသေဟိ၊ ကိလေသာတို့မှ။ မုစ္စနတော၊ လွတ်ခြင်းကြောင့်။ တံ၊ ထို မဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ မုတ်တိ၊ မုတ်တိ မည်၏။ ။ဤသို့ ပြဆိုအပ်သော ဋီကာရှင် စကားကို ထောက်၍လည်း၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ကိလေသာ ဟူသမျှတို့မှ လွတ်ကင်းနေခြင်းကြောင့် မုတ်တိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤဋီကာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဘိဓာနပဒီပိကာသူစီ၊ နံပါတ်(၄၈၀)မျက်နှာ မုတ်တိအဖွင့်၌– ကိလေသေဟိ မုစ္စနတော မုတ်တိ။ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်နှင့် အနက်အဓိပ္ပါယ်မှာ– ရှေးနည်းအတိုင်းသာတည်း။ ဤသို့ ပြဆိုအပ်သော ဋီကာရှင်တို့၏ စကားကို ထောက်၍လည်း၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ကိလေသာ ဟူသမျှတို့မှ လွတ်ကင်းနေသည်၏ အဖြစ်ကြောင့် မုတ်တိဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်း။ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အဘယ်ကြောင့် မုတ်တိဟု ခေါ်ဆိုအပ်သနည်းဟူမူ—ရုပ်,နာမ်ဓမ္မသင်္ခါရ တရားတို့၏ ဖြစ်ရာဘုံသုံးပါးတို့မှ လွတ်နေခြင်းကြောင့် မုတ်တိဟု ခေါ်ဆို

အပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်းရှားသိစေတော်မူလိုသော သဋ္ဌာယတန သံယုတ် အဋ္ဌကထာ ရှင်သည် အသခ််တ သံယုတ်–မုတ္တိ အဖွင့် စာမျက်နှာ (၁၄၉)၌—

တီဟိ ဘဝေဟိ မုတ္တတာယ မုတ္တိ။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

တီဟိ၊ သုံးပါးကုန်သော။ ဘဝေဟိ၊ ရုပ်,နာမ်,ခန္ဓာတို့၏ ဖြစ်ရာဘုံတို့မှ။ မုတ္တတာယ၊ လွတ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ မုတ္တိ၊ မုတ္တိ မည်၏။ အဓိပ္ပါယ်ကား– ရုပ်, နာမ် ဓမ္မ သခ််ါရတရားတို့၏ ဖြစ်ရာဖြစ်သော ကာမဘုံ, ရူပဘုံ, အရူပဘုံ-ဟု ဆိုအပ်ကုန်သော ဘုံသုံးပါးတို့မှ လွတ်၍နေသည်၏ အဖြစ်ကြောင့် ၎င်း အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မုတ္တိဟု ခေါ်ဆိုအပ် လေသည် ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ပြအပ်သော သဋ္ဌာယတနသံယုတ် အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်း မဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ရုပ်,နာမ် ဓမ္မ သခ််ါရတရားတို့၏ဖြစ်ရာ ဘုံသုံးပါတို့မှ လွတ်၍နေသည်၏အဖြစ်ကြောင့် မုတ္တိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဝိမုတ္တိဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မုတ္တိဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဝိမုတ္တိဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ဝိမုတ္တိဟု ခေါ်ဆိုအပ်သနည်းဟူမူ— အလုံးစုံသော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော သခ််ါရတရားဟူသမျှမှ အထူးသဖြင့် လွတ်ကင်း၍ နေခြင်းကြောင့် ဝိမုတ္တိဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍနိဗ္ဗာန်အမည် ဝိမုတ္တိအဖွင့် စာမျက်နှာ (၁၈) ၌—

သဗ္ဗသခ််ါရာ ဝိ မုစ္စနတော ဝိမုတ္တိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား —

သဗ္ဗသခ်ါရာ၊ အလုံးစုံသော ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတ္တံ့သော စိတ်,စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားဟူသမျှမှာ၊ ဝိ၊ အထူးသဖြင့်။ မုစ္စနတော၊ လွတ်ခြင်းကြောင့်။ ဝိမုတ္တိ၊ ဝိမုတ္တိ မည်၏။

အဓိပ္ပါယ်ကား— ၎င်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိဗ္ဗာန်သည် ဖြစ်ပြီးဖြစ်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့မှလည်းကောင်း၊ ဖြစ်ဆဲ,ဖြစ်သော စိတ်,စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့မှလည်းကောင်း၊ နောင် ဖြစ်ပေါ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့မှလည်းကောင်း အထူးသဖြင့် လွတ်ကင်းခြင်း အသီးအခြား မိမိလက္ခဏာအားဖြင့် အမြဲတည်နေခြင်းကြောင့် ၎င်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိဗ္ဗာန်ကို ၎င်း သခ်ါရတို့မှ အထူးသဖြင့် လွတ်ခြင်းဂုဏ်ကိုစဉ်၍ ဝိမုတ္တိဟု ခေါ်ဆိုအပ်လေသည် ဟူလို။ ဤပြဆိုအပ်ပြီးသော ဋီကာစကားကို ထောက်၍လည်း ၎င်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို သခ်ါရတရားတို့မှ လွတ်ခြင်းဂုဏ်ကို အစဲပြု၍ ဝိမုတ္တိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဋီကာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာသူစိ ၅၆၁-မျက်နှာ ဝိမုတ္တိ အဖွင့်၌—

သဗ္ဗသခ်ါရေဟိ ဝိမုစ္စနတော ဝိမုတ္တိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်နှင့် အနက်အဓိပ္ပါယ်သည် ရှေးနည်းအတိုင်းသာတည်း။ မတူးတော့ပြီ။

ဤသို့ပြဆိုအပ်သော ဋီကာရှင်တို့၏ စကားကိုထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိဗ္ဗာန်ကို အလုံးစုံကုန်သော ဖြစ်ပြီး,ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော စိတ်,စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့မှ လွတ်ကင်းနေသည်၏ အဖြစ်ဂုဏ်းဟူသော ဂုဏ်ကိုအစဲပြု၍ ဝိမုတ္တိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို မောက္ခဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို ဝိမုတ္တိဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ မောက္ခ ဟူ၍လည်း ခေါ်ဆို

အပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မောက္ခဟု ခေါ်ဆိုအပ်သနည်းဟူမူ– ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သင်္ခတနယ်၌ဖြစ်သော မင်္ဂလေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ သိခြင်းကြောင့် ရာဂ စသော သင်္ခတတရားတို့သည် အကြွင်းမရှိကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ ထိုသို့ ကုန်ခန်းခြင်းသို့ ရောက်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက်လျှင် ၎င်း ကုန်ခန်းခြင်းသို့ ရောက်ကုန်သော ရာဂ စသော သင်္ခတတရားတို့မှ လွတ်ပြီးဖြစ်လေတော့၏။ ထိုသို့ ရာဂစသော တရားတို့မှ လွတ်ခြင်းသို့ ရောက်ရခြင်းသည် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကြောင့်ပင် ဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မောက္ခဟု ခေါ်ဆို အပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို အာဘိဓာနပပဉ္စိဒီပကာကျမ်း နိဗ္ဗာန်အမည်ကို ပြဆိုရာအခဏ်း၌ မောက္ခော ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ အာဘိဓာန် ဋီကာ ၎င်းအဖွင့် စာမျက်နှာ (၁၅) ၌—

မုစ္စန္တိ ဇေတေန ဝါ ရာဂါဒီဟိတိ မောက္ခော။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေကုန်။

မြန်မာပြန်ကား—

မောက္ခော၊ ရာဂစသော တရားတို့မှ လွတ်ကြောင်းဖြစ်သောနိဗ္ဗာန်။ ဤကား အာဘိဓာနပပဉ္စိဒီပကာ ပါဠိ၏ မြန်မာပြန်တည်း။

ဝါ၊ တနှုန်းကား။ ဇေတေန၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ရာဂါဒီဟိ၊ ရာဂ အစရှိကုန်သော တရားတို့မှ။ မုစ္စန္တိ၊ လွတ်ကုန်၏။ ဤတိ တသ္မာ၊ ထိုသို့ ရာဂ အစရှိကုန်သောတရားတို့မှ လွတ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သော ဓမ္မော၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ မောက္ခော၊ မောက္ခ မည်၏။ အဓိပ္ပါယ်သည် ရှေးဦး ပြဆိုအပ်သောနည်းအတိုင်း သာတည်း။

ဤသို့ အာဘိဓာနပပဉ္စိဒီပကာ, အာဘိဓာန် ဋီကာတို့၌ ပြဆိုအပ်သောစကားကို ထောက်၍ ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ-နိဗ္ဗာန်ကို ရာဂ စသော တရားတို့မှ လွတ်ခြင်း၏ အကြောင်းခံ ဖြစ်ခြင်းကြောင့် မောက္ခ ဟူသော အမည်ဖြင့် ခေါ်ဝေါ်အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤကျမ်းတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာသူစီ မျက်နှာနံပါတ် (၄၇၇) မောက္ခအဖွင့်၌—

မုစ္စန္တိ တေန ဝါ ရာဂါဒီဟီတိ မောက္ခော။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။ မြန်မာပြန်နှင့် အနုက်အဓိပ္ပါယ်မှာ ရှေးနည်းအတိုင်းသာတည်း။

တနည်းကား—ဂုဏ်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန သစ္စာနိဗ္ဗာန်ကို အဘယ်ကြောင့် မောက္ခ ဟု ခေါ်ဆိုအပ်သနည်းဟူမူ— ဂုဏ်း နိဗ္ဗာန်ကို မင်္ဂဖြင့် အာရုံပြုကုန်သော သတ္တဝါတို့၏ ခန္ဓာအစဉ်၌ဖြစ်သော ရာဂ အစရှိကုန်သော သခ်္ခါတရားတို့မှ လွတ်ကင်းရာ သဘောဖြစ်သောကြောင့် မောက္ခ ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဘိဓာန်ဋီကာရှင်သည် ဂုဏ်းမောက္ခအဖွင့် စာမျက်နှာ (၁၅) ၌—

မုစ္စန္တိ ဧတ္ထ ရာဂါဒီဟီတိ မောက္ခော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍ သိကြလေဦး။

မြန်မာပြန်ကား—

ဧတ္ထ၊ ဤမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်သစ္စာနိဗ္ဗာန်၌။ ဌတ္ဝာ၊ မင်္ဂဖြင့် အာရုံပြုသော အားဖြင့် မြဲစွာတည်၍။ သတ္တာ၊ သတ္တဝါတို့သည်။ ရာဂါဒီဟိ၊ ရာဂအစရှိကုန်သော တရားတို့မှ။ မုစ္စန္တိ၊ လွတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သတ္တဝါတို့၏ ရာဂစသည်တို့မှ လွတ်ရာ အကြောင်းခံ ဌာနဖြစ်သောကြောင့်။ သော ဓမ္မော၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်သည်။ မောက္ခော၊ မောက္ခမည်၏။

အဓိပ္ပါယ်ကား— အကြင် အကြင် ဝဋ်ဆင်းရဲမှ လွတ်လိုသော သတ္တဝါတို့သည် သခ်္ခတဖြစ်သော စိတ်, စေတသိက်, ရုပ်တရားတို့ကို မပြတ်မလပ် ဇရာ, မရဏတို့ဖြင့် နှိပ်စက်အပ်သည်တို့ကို ဝိပဿနာဉာဏ်ဖြင့် မြင်ကြလျှင် အလွန်စက်ဆုပ် ငြီးငွေ့ခြင်းသို့ ရောက်ကုန်သည် ဖြစ်၍ ဂုဏ်းတရားတို့မှ လွတ်ရာကို ရှာလတ်သော် ဂုဏ်းတရားတို့၏ စင်စစ် ပဋိပက္ခဖြစ်သော မဖြစ် မပျက်သော လက္ခဏာရှိသော အသခ်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို သာလျှင် စင်စစ် ဉာဏ်ဖြင့်တွေ့မြင် ကြလေတော့၏။ ထိုသို့ တွေ့မြင်ပြီး၍ အဖန်တလဲလဲ အာရုံပြုလတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ရောက်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့် တည်ခြင်းကြောင့် ဂုဏ်းအာရုံပြု၍ ကာမသောသတ္တဝါ၏ ခန္ဓာအစဉ်၌ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ရာဂ အစရှိကုန်သော

တရားဟူသမျှတို့သည် ကုန်ခန်းခြင်းသို့ ရောက်လေကုန်၏။ ထိုသို့ ကုန်ခန်းခြင်းသို့ ရောက်ကုန်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက်သော အခါ ၎င်းသတ္တဝါတို့သည် ရာဂအစရှိသော တရားတို့မှ အခါဓပ်သိမ်း လွတ်ကြရလေကုန်၏။ ထိုသို့ လွတ်ကြရခြင်းသည် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ဒြ မင်္ဂဖြင့် မြဲစွာ အာရုံပြုသောအားဖြင့် တည်ခြင်းကြောင့်သာ စင်စစ်မူ၍ လွတ်ကြရလေကုန်၏။ ထိုသို့ လွတ်ခြင်း၏ အကြောင်းခံ အစဲ့ ပြုရာဌာန ဖြစ်ခြင်းကြောင့် ၎င်းအသင်္ခတဓာတ် နိဗ္ဗာန်ကို မောက္ခဟု ခေါ်ဆိုအပ်သည် ဟူလို့။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ ပြဆိုအပ်သော အဘိဓာန် ဋီကာရှင်၏ စကားကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မောက္ခ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဋီကာဖြင့်သာ ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မောက္ခဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ အဘိဓာနပုဗ္ဗဒီပိကာသူစီ မျက်နှာနံပါတ် (၄၇၇) မောက္ခအဖွင့်၌—

မုစ္စန္တိ ဧတ္ထ ရာဂါဒီဟိတိ မောက္ခော ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။ မြန်မာပြန်နှင့် အနက်အဓိပ္ပါယ်သည် ရှေးနည်း အတိုင်းသာတည်း။ ဤသို့ ဋီကာရှင်တို့ ပြဆိုအပ်သည်ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို သတ္တဝါတို့၏ ရာဂစသည်တို့မှ လွတ်ခြင်း၏ အကြောင်းခံဌာနဖြစ်ခြင်းကြောင့် မောက္ခဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ယောဂကွေမဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မောက္ခဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ယောဂကွေမ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။အဘယ်ကြောင့် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ယောဂကွေမဟု ခေါ်ဆို အပ်လေသနည်း ဟူမူ ယောဂတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ယောဂကွေမဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် ဓမ္မပဒဝါဠိတော် သာမာဝတီ ဝတ္ထု စာမျက်နှာ (၁၆)၌—

ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

ဟူ၍ ဟောတော်မူအပ်သော စကားတော်တို့တွင် ယောဂကွေမံ ဟူသော စကားတော်ကို ထောက်၍ သိကြလေ။

မြန်မာပြန်ကား—

မိရာ၊ ပညာရှိတို့သည်။ အနုတ္တရံ၊ အတုမရှိသော။ ဝါ၊ မိမိထက် လွန်မြတ်သော တပါးသော တရားမရှိသော။ ယောဂက္ခေမံ၊ ယောဂတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဖုသန္တိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် တွေ့ကြ ရောက်ကြကုန်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ယောဂက္ခေမံ ဟူသော ပါဌ်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ယောဂတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်ခြင်းကြောင့် ယောဂက္ခေမ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာနိဗ္ဗာန်ကို ယောဂက္ခေမဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည်မဟုတ်သေး၊ ဤတိဝုတ်ပါဠိတော်၊ စတုက္က-နိပါတ် ရှစ်ခုမြောက် ဒေသနာ စာမျက်နှာ (၂၇၀) ၌—

အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမမနုတ္တရံ။

ဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

သဒ္ဓမ္မံ၊ ကိလေသာတို့ကို ငြိမ်းစေတတ်ကုန်သော အရိယာသူတော်ကောင်းတို့၏ တရားတော်လည်းဖြစ်ထသော။ ဝါ၊ အရိယာသူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် မှီဝဲအပ်သော တရားတော်လည်း ဖြစ်ထသော။ ဝါ၊ တနည်းကား။ သဒ္ဓမ္မံ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိနေသော တရားတော်လည်း ဖြစ်ထသော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သော တပါးသော တရားလည်း မရှိထသော။ ယောဂက္ခေမံ၊ ယောဂတရားတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတ-ဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ အာရာဓယန္တိ၊ နှစ်သက်ကြကုန်၏။

ဤသို့ ဟောတော်မူအပ်သော ဤတိဝုတ်ပါဠိတော်စကားရပ်တို့တွင် ယော-ဂက္ခေမံ - ဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ယောဂတရားတို့၏ ကုန်ခြင်း၏အကြောင်းခံ ဂုဏ်ကို စွဲ၍ ယောဂက္ခေမ- ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည်

မဟုတ်သေး၊ ထေရဂါထာပါဠိတော် စတုတ္ထဝဂ် သုပ္ပိယထေရဂါထာ စာမျက်နှာ (၂၂၇) ၌—

နိမိယံ ပရမံ သန္တိ၊ ယောဂက္ခေမံ အနုတ္တရံ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ယောဂက္ခေမံ-ဟူသော စကားတော်ကိုထောက်၍လည်းကောင်း၊ ထေရီဂါထာပါဠိတော် ကေကနိပါတ် ပဌမဝဂ် ဓီရာဂါထာ စာမျက်နှာ(၃၇၈)၌—

အာရာမယာဟိ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

ဟူ၍ ဟောတော်မူအပ်သော စကားတော်တို့တွင် ယောဂက္ခေမံ·ဟူသော စကားတော်ကို ထောက်၍လည်းကောင်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ယောဂက္ခေမ·ဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိကြလေဦး။

မြန်မာပြန်ကား—

အနုတ္တရံ၊ အတုမရှိထသော။ ဝါ၊ မိမိထက် လွန်မြတ်သော တပါးသောတရား မရှိထသော။ ယောဂက္ခေမံ၊ ယောဂတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်ထသော။ ပရမံ၊ မြတ်စွာထသော။ သန္တိ၊ အလုံးစုံသော ကိလေသာမီး, ခန္ဓာမီးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို။ နိမိယံ-ပရိဝတ္တေယျ၊ ဖလယ်တော့အံ့။ ဤကား ထေရဂါထာ ပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

အနုတ္တရံ၊ အတုမရှိထသော။ ဝါ၊ မိမိထက် လွန်မြတ်သော တပါးသော တရားမရှိထသော။ ယောဂက္ခေမံ၊ ယောဂတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်ထသော။ ပရမံ၊ မြတ်စွာထသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ငြိမ်းကြောင်း ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို။ တုံ၊ သင် ဓီရာသည်။ အာရာမယာဟိ၊ နှစ်သက်လေလော။ ဤကား ထေရီဂါထာပါဠ်၏ မြန်မာပြန်တည်း။ ဤသို့ ဟောတော်မူအပ်ကုန်သော ထေရဂါထာ, ထေရီဂါထာ ပါဠိတော်တို့တွင် ယောဂက္ခေမံ-ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို ယောဂတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဂုဏ်ကို စဲ့၍ ယောဂက္ခေမ-ဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာန်ဋီကာ သဂ္ဂကဏ္ဍဝဂ် နိဗ္ဗာန်အမည် ယောဂက္ခေမအဖွင့် စာမျက်နှာ (၁၇)၌—

စတ္တာရော ယောဂါ ခယန္တိ ဧတေနာတိ ယောဂက္ခေမော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ အဘိဓာနပွဒီပိကာသူစိ ကျမ်း (၄၉၈) မျက်နှာ ယောဂက္ခေမအဖွင့်၌—

ယောဂါ ခယန္တိ ဧတေနာတိ ယောဂက္ခေမော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

ဧတေန၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနမည်စွာနိဗ္ဗာန်ကြောင့်။ စတ္တာရော၊ လေးပါးကုန်သော။ ယောဂါ၊ သံသရာ၌ သတ္တဝါတို့ကို နှောင်ဖွဲ့တတ်ကုန်သော။ ဝါ၊ ယှဉ်စေတတ်ကုန်သော ယောဂတရားတို့သည်။ ခယန္တိ၊ ကုန်လေကုန်၏။ ဣတိတသ္မာ၊ ထို့သို့ လေးပါးကုန်သော ယောဂ တရားတို့၏ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ သော ဓမ္မော၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနမည်စွာနိဗ္ဗာန် တရားတော်သည်။ ယောဂက္ခေမော၊ ယောဂက္ခေမ မည်၏။ ဤကား အာဘိဓာနပွဒီပိကာ သူစိပါဠိ၏ မြန်မာပြန်တည်း။

ဧတေန၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနမည်စွာနိဗ္ဗာန်ကြောင့်။ ယောဂါ၊ သံသရာ၌ သတ္တဝါတို့ကို နှောင်ဖွဲ့တတ်ကုန်သော။ ဝါ၊ ယှဉ်စေတတ်ကုန်သော ယောဂတရားတို့သည်။ ခယန္တိ၊ ကုန်လေကုန်၏။ ဣတိတသ္မာ၊ ထို့သို့ ယောဂတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။ သော ဓမ္မော၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနမည်စွာနိဗ္ဗာန် တရားတော်သည်။ ယောဂက္ခေမော၊ ယောဂက္ခေမ မည်၏။ ဤကား အာဘိဓာနပွဒီပိကာ သူစိပါဠိ၏ မြန်မာပြန်တည်း။ အဓိပ္ပါယ်ကား မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာနမည်စွာနိဗ္ဗာန်ကို အစဉ်အတိုင်း မင်္ဂလေးတန်ဖြင့် မျက်မှောက်ပြုခြင်း ကြောင့်သာ ယောဂတရားတို့သည် ကုန်ခန်းရကုန်၏။ ထို့သို့ ကုန်ခန်းခြင်း၏အကြောင်းခံတရားသည် စင်စစ် မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနမည်စွာနိဗ္ဗာန် ဖြစ်၏။ ထို့ကြောင့် ၎င်း မင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာနမည်စွာနိဗ္ဗာန်ကို အလုံးစုံကုန်သော ယောဂတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ယောဂက္ခေမဟု ခေါ်ဆိုအပ်သည် ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ဆိုအပ်သော ဋီကာရှင်တို့၏ စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာနမည်စွာနိဗ္ဗာန်ကို ယောဂတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဂုဏ်ကို အစွဲပြု၍ ယောဂက္ခေမဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို သံယောဇနက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဤနည်းကိုမှီ၍ ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာန်ဗ္ဗာန်ကို သံယောဇနက္ခယဟူသောအမည်ဖြင့် ဟောဆိုရာတိုင်း၌လည်း အလုံးစုံသော သံယောဇဉ်တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဂုဏ်ကို အစွဲပြု၍ သံယောဇနက္ခယဟူသောအမည်ဖြင့် ဟောဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဝိဂြိုဟ်ပြုလိုသော် သံယောဇနာနိ ခယန္တိ ဧတေနာတိ သံယောဇနက္ခယောဟူ၍ ဟေတုသာဓနကိတ် ဝိဂြိုဟ် ပြုလုပ်ရာ၏။ ဧတေန၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္ဆာနိဗ္ဗာန်ကြောင့်။ သံယောဇနာနိ၊ သံယောဇဉ်တရားတို့သည်။ ခယန္တိ၊ ကုန်လေကုန်၏။ ဤတိ တသ္မာ၊ ထိုသို့ သံယောဇဉ်တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ သော အသင်္ခတဓမ္မော၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္ဆာနိဗ္ဗာန်သည်။ သံယောဇနက္ခယော၊ သံယောဇနက္ခယ မည်၏။ ဤဝိဂြိုဟ်ပြုလုပ်ရာ၌ ကတ္တုတ္ထကြိယာ၏အရကား–သံယောဇဉ်ဘရားတို့၏ကုန်မှု, မရှိမှု-တည်းဟူသော အဘာဝပညတ် ရ၏။ ဟေတုတ္ထကြိယာ၏အရကား–ထို သံယောဇဉ်တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္ဆာနိဗ္ဗာန်ကိုသာ ရလေတော့၏။ ထိုသို့ ရခြင်းကြောင့် ၎င်းမဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္ဆာနိဗ္ဗာန်ကို သံယောဇဉ်တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်ခြင်းကြောင့် သံယောဇနက္ခယဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည် ဟူလို။

နိဗ္ဗာန်ကို ဝဋ္ဋုပစ္ဆေဒဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္ဆာနိဗ္ဗာန်ကို သင်္ခတဖြစ်သော ယောဂတရား, သံယောဇဉ်တရားတို့၏ ကုန်ခြင်း၏အကြောင်းခံဖြစ်သောကြောင့် ယောဂက္ခေမ, သံယောဇနက္ခယဟူသော အမည်တို့ဖြင့်သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဝဋ်သုံးပါးတို့၏ ပြတ်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဝဋ္ဋုပစ္ဆေဒဟူသော အမည်ဖြင့်လည်း ခေါ်ဆိုအပ်သေး၏။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် ပါရာဇိကဏ်ပါဠိတော် သုဒိန္နကဏ္ဍ၌ ဝဋ္ဋုပစ္ဆေဒါယ မဇ္ဈော ဒေသိတောဟူ၍ ဟော တော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဝဋ္ဋုပစ္ဆေဒါယ၊ ဝဋ်ပြတ်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္ဆာနိဗ္ဗာန်ကို မဂ်ဖြင့် မျက်မှောက်ပြုခြင်းအလို့ငှါ။ မဇ္ဈော၊ တရားတော်ကို။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ ဤသို့ ဟောတော်မူအပ်သော ပါဠို

တော်စကားရပ်တို့တွင် ဝဋ္ဋုပစ္ဆေဒါယဟူသော စကားတော်ကိုထောက်၍ ၎င်း မင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို ဝဋ်ပြတ်ခြင်း၏အကြောင်းခံ ဂုဏ်ကို အစဲပြု၍ ဝဋ္ဋုပစ္ဆေဒဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ ၎င်းမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို ဝဋ္ဋုပစ္ဆေဒဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ ဤတိဝုတ်ပါဠိတော်တိကနိပါတ် ပဥ္စမဝဂ် အင်္ဂုတ္တရသုတ် စာမျက်နှာ(၂၅၄)၌လည်းကောင်း၊ စတုက္ကအင်္ဂုတ္တိရ်ပါဠိတော် စက္ကဝဂ် အင်္ဂုတ္တရသုတ် စာမျက်နှာ(၃၄၃)၌လည်းကောင်း ယဒိဒံ။ပ။ ဝဋ္ဋုပစ္ဆေဒေါ-ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ယဒိဒံ-ယော အယံ ဝဋ္ဋုပစ္ဆေဒေါ၊ အကြင် ဘုံသုံးပါး၌ ထပ်တလဲလဲ ဖြစ်နေကုန်သော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်-တရားတို့၏ ပြတ်ခြင်း၏အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏။ ။ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို ဘုံသုံးပါး၌ ထပ်တလဲလဲ ဖြစ်ကုန်သော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တရားတို့၏ အခါခပ်သိမ်း နောင်ဖြစ်ပေါ်မှု မရှိဘဲ ပြတ်ခြင်း၏အကြောင်းခံ ဖြစ်သောကြောင့် ဝဋ္ဋုပစ္ဆေဒဟု ခေါ်ဆို အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပါရာဇိကဏ်အဋ္ဌကထာသုဒိန္နကဏ္ဍဝဋ္ဋုပစ္ဆေဒအဖွင့်၌—

ယသ္မာ စ တံ အာဂမ္မ တေဘူမကဝဋ္ဋံ ဥပစ္ဆိဇ္ဇတိ၊ တသ္မာ ဝဋ္ဋုပစ္ဆေဒေါတိ ဝုစ္စတိ။ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

စ၊ အဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစဲပြု၍။ ဝါ၊ မင်္ဂဖြင့်ရောက်၍။ တေဘူမက ဝဋ်၊ ဘုံသုံးပါး၌ ထပ်တလဲလဲ ဖြစ်ပေါ်သော ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တရားသည်။ ဥပစ္ဆိဇ္ဇတိ၊နောင် ဖြစ်ပေါ်မှုမရှိသောအားဖြင့်ပြတ်၏။ တသ္မာ၊ ထို့ကြောင့် ဘုံသုံးပါး၌ ထပ်တလဲလဲ ဖြစ်သော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် တရား၏ နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပြတ်ခြင်း၏အကြောင်းခံဖြစ်သောကြောင့်။တံ နိဗ္ဗာန်၊ထိုမင်္ဂဖိုလ်

တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဝဋ္ဋုပစ္ဆေဒါတိ၊ ဝဋ္ဋုပစ္ဆေဒဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—

ဘုံသုံးပါး၌ ထပ်တလဲလဲ ဖြစ်ပေါ်နေကုန်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန် တည်းဟူသော ကိလေသဝဋ်၊ သင်္ခါရ,ကမ္မဘဝ တည်းဟူသော ကမ္မဝဋ်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ တည်းဟူသော ဝိပါကဝဋ်ဟု ဆိုအပ်ကုန်သော သခ်ံတ တရားတို့ကို မပြတ်မလပ် ဖြစ်ပေါ်ကုန်တိုင်း ဖြစ်ပေါ်ကုန်တိုင်း ဇရာ, မရဏမီးတို့ဖြင့် တပြောင်ပြောင် တောက်လောင် အပ်သည်တို့ကို ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲရှုမြင်နေသော ယောဂါဝစရပုဂ္ဂိုလ်သည် ၎င်းဝဋ်သုံးပါး တည်းဟူသော သခ်ံတတရားတို့ကို စင်စစ် ငြီးငွေ့စက်ဆုပ်လေ၏။ ထိုသို့ ငြီးငွေ့ စက်ဆုပ်ဖန်များသဖြင့် ၎င်းဝဋ်သုံးပါးတည်းဟူသော သခ်ံတတရားတို့မှ လွတ်နာသဘောကို ဉာဏ်ဖြင့် ရှာလေသော် ၎င်းဝဋ်သုံးပါးတည်းဟူသော သခ်ံတတရားတို့၏ စင်စစ် ပဋိပက္ခဖြစ်လျက် တဘက်စီဖြစ်၍ မမှတ်အားဖြင့် အမြဲ တည်ရှိနေသော မဖြစ်မပျက်သောသဘော အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင် ငြိမ်ချမ်းသာသော အနေအားဖြင့် မြင်လေတော့၏။ အဘယ်ကြောင့် ငြိမ် ချမ်းသာသော အနေအားဖြင့် မြင်အပ်လေသနည်းဟူမူ ၎င်းမဖြစ် မပျက်သောသဘော အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိ ဇရာ မရဏ အစရှိကုန်သော မီးတို့သည် အဓိဓပ်သိမ်း မလောင်အပ် မသီအပ်သည်၏ အဖြစ်ကြောင့် ငြိမ်ချမ်းသာသော ဘဝဘာအနေဖြင့် မြင်လေတော့သည်။ ထိုသို့ မြင်ပြီး၍ ဝဋ်သုံးပါးတည်းဟူသော သခ်ံတ တရားတို့ကို ဖြစ်ပေါ် တိုင်း ဖြစ်ပေါ် တိုင်း ဇရာမရဏ မီးတို့ဖြင့် တပြောင်ပြောင် တောက်လောင်အပ်သည်ကို ဗလဝဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ ရှုမြင်လေလေ ၎င်းဘုံသုံးပါး၌ ထပ်တလဲလဲ ဖြစ်ပေါ်သော ဝဋ်သုံးပါး တည်းဟူသော သခ်ံတ တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်လျက် အမြဲတည်ရှိနေသော မဖြစ်မပျက်သော သဘောဟု ဆိုအပ်သော ငြိမ် ချမ်းသာသော အသခ်ံတသဘော နိဗ္ဗာန်သို့ အလွန်နှစ်သက်သောအားဖြင့် ခဏခဏ အာရုံပြုသောအားဖြင့် ရောက်လေလေသာဖြစ်၏။ ထိုသို့ အာရုံပြုသောအားဖြင့် ရောက်ဖန်များလတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ ရောက်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်ဖြင့် ထိုက်သည်အားလျော်စွာ မျက်မှောက်ပြုခြင်းသို့ ရောက်လေ၏။

ထိုသို့ နိဗ္ဗာန်ကို မဂ်လေးတန်ဖြင့် ထိုက်သည်အားလျော်စွာ မျက်မှောက်ပြုခြင်းကြောင့် ယောဂါဝစရ ခန္ဓာအစဉ်၌ ဖြစ်ပေါ်လတ္တံ့သော ကိလေသဝဋ်တရားသည် အကြောင်းခံ အနုသယ ကုန်လေခြင်းကြောင့် နောင် ဖြစ်ပေါ်မှု မရှိဘဲ ပြတ်တောက်လေတော့၏။ ထိုသို့ ကိလေသဝဋ်သည် နောင်ဖြစ်ပေါ်မှု

မရှိဘဲ ပြတ်တောက်လေခြင်းကြောင့် နောင်ပဋိသန္ဓေဝိညာဏ် နာမ်ရုပ် စသော ဝိပါကဝဋ်ကို ဖြစ်စေတတ်သော ကမ္မဝဋ်သည်လည်း ပြတ်တောက် လေတော့၏။ ။ ထိုင်း ကိလေသဝဋ်၊ ကမ္မဝဋ် တည်းဟူသော အကြောင်းခံဝဋ်ပြတ်လေခြင်းကြောင့် ရဟန္တာဟု သမုတ်အပ်သော ခန္ဓာစုတိနောင် ဆက်သွယ်၍ ဖြစ်ပေါ်လတ္တံ့ကုန်သော ဝိညာဏ် နာမ်ရုပ်စသော ဝိပါကဝဋ်တရားတို့သည်လည်း အခါးပ်သိမ်းနောင် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ပြတ်တောက်လေကုန်တော့၏။ ထိုသို့ ဝဋ်သုံးပါး တို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ပြတ်တောက်ခြင်း၏ အကြောင်းခံတရားသည် စင်စစ် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်တရားသာလျှင် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် တံအာဂမ္မ တေဘူမကဝဋ်ဆုံ ဥပစ္ဆိဇ္ဇတိဟူသော စကားတော်ကိုလည်းကောင်း၊ ထိုဝဋ်ပြတ်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကိုသာလျှင် ဝဋ္ဋုပစ္ဆေဒဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိစေလိုသဖြင့် တသမာ ဝဋ္ဋုပစ္ဆေဒဟူသော စကားတော်ကိုလည်းကောင်း ဂါ အဋ္ဌကထာဆရာ ဆိုအပ်သည်ဟူသော အဓိပ္ပါယ်ကို သိစေတော်မူအပ်လေသည်။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ သိစေတော်မူအပ်သော ပါရာဇိကဏ် အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဝဋ်ပြတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဝဋ္ဋုပစ္ဆေဒဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ စာဋီကာအာဒိတ္တရ အဋ္ဌကထာ၊ စက္ကဝဂ်-အဂ္ဂပသာဒနသုတ်အဖွင့် (၂၉၆) ၌ တံ အာဂမ္မ ဝဋ္ဋာနိ ဥပစ္ဆိဇ္ဇန္တီ။ပ။ တသ္မာ ဧတာနိ နာမာနိ လဘတိ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊ ဣတိဝုတ်အဋ္ဌကထာ၊ တိကနိပါတ် ပဥ္စမဝဂ်-အဂ္ဂပသာဒနသုတ်အဖွင့် (၂၇၂) ၌—

တံ အာဂမ္မ သဗ္ဗေပိ ကမ္မဝဋ္ဋ ကိလေသဝဋ္ဋာ ဝိပါကဝဋ္ဋာ ဥပစ္ဆိဇ္ဇန္တီ။ပ။ တသ္မာ။ပ။ ဝဋ္ဋုပစ္ဆေဒေါတိ ။ပ။ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

တံ၊ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ ဝဋ္ဋာနိ၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တရားတို့သည်။ ဥပစ္ဆိဇ္ဇန္တိ၊ နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပြတ်တောက်လေကုန်၏။ တသ္မာ၊ ထိုသို့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တရားတို့၏ နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပြတ်တောက်ခြင်း၏ အကြောင်းခံ

ဖြစ်သောကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ ဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ဧတာနိ နာမာနိ၊ ဤဝဋ္ဋုပဒ္ဒဝ အစရှိကုန် သော အမည်တို့ကို။ လဘတိ၊ရ၏။ ဤကား စတုက္က အင်္ဂုတ္တရ အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ကမ္မဝဋ္ဋ ကိလေသဝဋ္ဋ ဝိပါကဝဋ္ဋာ၊ ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ်တို့သည်။ ဥပစ္ဆိဇ္ဇန္တိ၊ နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ပြတ်တောက် လေကုန်၏။ တသ္မာ၊ ထိုသို့ ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ်တို့၏ နောင် ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပြတ်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ဝဋ္ဋုပဒ္ဒဝဒေါတိ၊ ဝဋ္ဋုပဒ္ဒဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ဣတိဝုတ် အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ အဓိပ္ပါယ်သည် ရှေးဦးပြဆိုအပ် ပြီးသည်နှင့် ထပ်တူမျှသာတည်း။ အထူးမရှိတော့ပြီ။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဝဋ္ဋပြတ်ခြင်း၏ အကြောင်းခံ ဖြစ်သောဂုဏ်ကို အစွဲပြု၍ ဝဋ္ဋုပဒ္ဒဝဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ အဋ္ဌကထာရှင်တို့၏ အလိုအားဖြင့် ဝိဂြိုဟ်ပြုလိုသော်–တေဘူမကံ ဝဋ္ဋံ ဥပစ္ဆိဇ္ဇတိ ဇောနာတိ ဝဋ္ဋုပဒ္ဒဝေါ ဟူ၍ ဟောတုသာဓနကိတ် ဝိဂြိုဟ်ကို ပြုအပ်၏။ ဇောန၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာနိဗ္ဗာန်ကြောင့်။ တေဘူမကံ၊ ဘုံသုံးပါးဌ ထပ်တလဲလဲ ဖြစ်နေသော။ ဝဋ္ဋံ၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်သည်။ ဥပစ္ဆိဇ္ဇတိ၊ နောင်ဖြစ်ပေါ်မှုမရှိသော အားဖြင့် ပြတ်၏။ ဤသို့ တသ္မာ၊ ထိုသို့ ဘုံသုံးပါးဌ ထပ်တလဲလဲဖြစ်ကုန်သော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိသော အားဖြင့် ပြတ်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။ တံ နိဗ္ဗာနံ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ ဝဋ္ဋုပဒ္ဒဝေါ၊ ဝဋ္ဋုပဒ္ဒဝ မည်၏။ ကတ္တုတ္ထကြိယာ၏ အရကား–ဘုံသုံးပါးဌ ထပ်တလဲလဲ ဖြစ်ကုန်သော ဝဋ်တရားတို့၏ နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပြတ်ခြင်းဟု ဆိုအပ်သော အဘာဝပညတ် ရ၏။ ဟေတုတ္ထကြိယာ၏ အရကား–ထိုဝဋ်တရား တို့၏ နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ပြတ်တောက်ခြင်း၏ အကြောင်းခံ ဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန် ရ၏။ ထိုသို့ ရခြင်းကြောင့် ၎င်း မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတ-

ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဘုံသုံးပါး၌ ထပ်တလဲလဲဖြစ်ပေါ်တတ်ကုန်သော ဝဋ်သုံးပါးတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ပြတ်တောက်ခြင်း၏ အကြောင်းခံဖြစ်သော ဂုဏ်ထူးကြောင့် ဝဋ္ဋုပစ္ဆေဒဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို ပိပါသဝိနယဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဂုဏ်းမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဝဋ္ဋုပစ္ဆေဒဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ပိပါသဝိနယဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ပိပါသဝိနယဟု ခေါ်ဆိုအပ်သနည်းဟူမူ ဂုဏ်း မင်္ဂ,ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မင်္ဂဖြင့် အာရုံပြုသောအားဖြင့် ရောက်သော ယောဂါဝစရပုဂ္ဂိုလ်၏ ခန္ဓာအစဉ်၌ တဏှာတည်းဟူသော မွတ်သိပ်ခြင်းသည် နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပျောက်ကွယ်ခြင်းသို့ ရောက်၏။ ထို့သို့ တဏှာမွတ်သိပ်ခြင်း၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ပိပါသဝိနယဟု ခေါ်ဆိုအပ်သည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် ပါရာဇိကဏ်ပါဠိတော် သုဒိန္နကဏ္ဍ၌—

ပိပါသဝိနယာယ ဓမ္မော ဒေသိတော။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ပိပါသဝိနယာယ၊ ကာမဂုဏ်ကို လိုချင်တောင့်တ မွတ်သိပ်တတ်သော တဏှာ၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းအလို့ငှါ။ ဓမ္မော၊ တရားတော်ကို။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ ။ဤသို့ ဟောတော်မူအပ်သော ပါဠိတော်လာ စကားတော်တို့တွင် ပိပါသဝိနယာယဟူသော စကားတော်ကိုထောက်၍ ဂုဏ်းမင်္ဂ,ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပိပါသဝိနယဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါရာဇိကဏ် ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ စတုက္ကအင်္ဂုတ္တရပါဠိတော် စက္ကဝဂ် အဂ္ဂပသာဒနသုတ်၌လည်းကောင်း၊ ဣတိဝုတ်ပါဠိတော် တိကနိပါတ် ပဉ္စမဝဂ် အဂ္ဂပသာဒနသုတ် စာမျက်နှာ(၂၅၄)၌လည်းကောင်း—

ယဒိဒံ။ပ။ ပိပါသဝိနယော။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား —

ယဒိဒံ-ယော အယံ၊ အကြင်သို့ သဘောရှိသော။ ပိပါသဝိနယော၊ကာမဂုဏ်ကို လိုချင်တောင့်တ မုတ်သိပ်တတ်သော တဏှာ၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှား ရှိ၏။ ။ကျိသို့ ဟောတော်မူအပ်သော ပါဠိတော်တို့၌ လာသော ပိပါသဝိနယောဟူသော စကားတော်ကို ထောက်၍လည်း ၎င်း မင်္ဂုဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကာမဂုဏ်ကို လိုချင်တောင့်တ မုတ်သိပ်တတ်သော တဏှာ၏ပျောက်ကွယ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ပိပါသဝိနယဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့်သာ ၎င်း မင်္ဂုဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပိပါသဝိနယဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ ပါရာဇိကဏ်အဋ္ဌကထာ သုဒိန္နကဏ္ဍ ပိပါသဝိနယအဖွင့် စာမျက်နှာ(၁၈၃)၌—

ယသ္မာ စ တံ အာဂမ္မ သဗ္ဗာပိ ကာမပိပါသာ ဝိနယံ အဗ္ဘတ္ထံ ယာတိ။
တသ္မာ ပိပါသဝိနယောတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

စ၊ အဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထို မင်္ဂုဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မင်္ဂုဖြင့်ရောက်၍။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်သော။ ကာမ-ပိပါသာ၊ အလိုရှိတတ်, မုတ်သိပ်တတ်သော တဏှာဟူသမျှသည်။ ဝိနယံ အဗ္ဘတ္ထံ၊ ပျောက်ကွယ်ခြင်းသို့။ ယာတိ၊ ရောက်၏။ တသ္မာ၊ ထိုသို့ မုတ်သိပ်တတ်သော တဏှာဟူသမျှ၏ ပျောက်ကွယ်ခြင်းသို့ ရောက်ခြင်း၏ အကြောင်းခံဖြစ်သော ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမင်္ဂုဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားသည်။ ပိပါသဝိနယော၊ ပိပါသဝိနယ မည်၏။

အဓိပ္ပါယ်ကား—မင်္ဂုဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မင်္ဂုလေးတန်ဖြင့် မျက်မှောက်ပြုခြင်းကြောင့်သာ ကာမ-ပိပါသတရားသည် ပျောက်ကွယ်ခြင်းသို့ ရောက်၏။ ထိုသို့ ပျောက်ကွယ်ခြင်း၏ အကြောင်းခံဖြစ်သော တရားသည် စင်စစ် မင်္ဂုဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားသာလျှင်တည်း။ ထိုကြောင့်

ရှင်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို လိုချင်မွတ်သိပ်တတ်သော တဏှာ၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ပိပါသဝိနယဟူသောအမည်ဖြင့် ခေါ်ဆိုအပ်လေသည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤပြဆိုအပ်သော အဋ္ဌကထာစကားကိုထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို မွတ်သိပ်တတ်သော တဏှာဟူသမျှ၏ ပျောက်ကွယ်ခြင်း၏အကြောင်းခံဖြစ်သောကြောင့် ပိပါသဝိနယ-ဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါရာဇိကဏ်အဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး။ ဤတိဝုတ်အဋ္ဌကထာ၊ တိကနိပါတ်၊ ပဥ္စမဝဂ်-အင်္ဂုပသာဒနသုတ်အဖွင့် စာမျက်နှာ (၂၇၂) ၌—

တံ အာဂမ္မ ။ပ။ ကာမပိပါသာဒိကာ သဗ္ဗာ ပိပါသာ ဝိနိယတိ ။ပ။ တသ္မာ ။ပ။ ပိပါသဝိနယော ။ပ။ တိ ဝုစ္စတိ

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

တံ၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝ၊ မင်္ဂဖြင့်ရောက်၍။ ကာမပိပါသာဒိကာ၊ ကာမဂုဏ်၌ လိုချင်မွတ်သိပ်ခြင်း အစရှိသော။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်သော။ ပိပါသာ၊ မွတ်သိပ်ခြင်းဟူသမျှသည်။ ဝိနိယတိ၊ ပျောက်ကွယ်လေ၏။ တသ္မာ၊ ထိုသို့ကာမဂုဏ်၌ မွတ်သိပ်ခြင်းအစရှိသော အလုံးစုံသော မွတ်သိပ်ခြင်းတရားတို့၏ ပျောက်ကွယ်ခြင်း၏အကြောင်းခံဖြစ်သောကြောင့်။ တံ နိဗ္ဗာန်၊ ထိုမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို။ ပိပါသ-ဝိနယောတိ၊ ပိပါသဝိနယဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အဓိပ္ပါယ်သည် ရှေးနည်းအတိုင်းသာတည်း။

ဤဋီကာဆရာတို့အရ ဝိဂြိုဟ်ပြုလုပ်လိုသော် ပိပါသာ ဝိနယံ အဗ္ဘတ္ထံ ယာတိ ဧတေနာတိ ပိပါသဝိနယော-ဟူ၍ ဟေတုသာဓနကိတ်ဝိဂြိုဟ်ပြုရာ၏။

ဧတေန၊ ထိုမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကြောင့်။ ပိပါသာ၊ မွတ်သိပ်တတ်သော တဏှာဟူသမျှသည်။ ဝိနယံ အဗ္ဘတ္ထံ၊ ပျောက်ကွယ်ခြင်းသို့။ ယာတိ၊ ရောက်တတ်၏။ ဤတိတသ္မာ၊ ထိုသို့မွတ်သိပ်တတ်သော တဏှာဟူသမျှ၏ ပျောက်ကွယ်ခြင်းသို့ ရောက်ခြင်း၏အကြောင်းခံဖြစ်သောကြောင့်။ သော အသင်္ခတဓမ္မော၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံ

ဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ပိပါသဝိနယော၊ ပိပါသ-ဝိနယမည်၏။ ကတ္တုတ္ထကြိယာ၏အရကား – မုတ်သိပ်တတ်သောတဏှာ၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိဘဲ ပျောက်ကွယ်ခြင်းသို့ ရောက်ခြင်းတည်းဟူသော အဘာဝဝပညတ်ရ၏။ ဟေတုတ္ထကြိယာ၏ အရကား – ထိုမုတ်သိပ်တတ်သော ပိပါသတဏှာ၏နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်းဟု ဆိုအပ်သော ပျောက်ကွယ်ခြင်း၏အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်ကိုသာ ရလေတော့၏။ ထိုသို့ရသည်၏အဖြစ်ကြောင့် ၎င်းမဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင် အလုံးစုံသော မုတ်သိပ်တတ်သောတဏှာဟူသမျှ၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံတရားဖြစ်ခြင်းကြောင့် ပိပါသဝိနယဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အာလယသမုဂ္ဃါတဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပိပါသဝိနယ-ဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အာလယသမုဂ္ဃါတ-ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာလယသမုဂ္ဃါတဟု ခေါ်ဆိုအပ်သနည်းဟူမူ – ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မဂ်လေးတန်ဖြင့် မျက်မှောက်ပြုခြင်းကြောင့် ကပ်ငြိတတ်သောတဏှာအာလယသည် ကောင်းစွာပြတ်ခြင်းသို့ရောက်၏။ ထိုသို့ကပ်ငြိတတ်သောတဏှာအာလယ၏ ကောင်းစွာပြတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် အာလယ-သမုဂ္ဃါတဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်၏ ထင်ရှားသိစေတော်မူလိုသောကြောင့် ပါရာဇိကဏ်ပါဠိတော်၊ သုဒိန္နကဏ္ဍ စာမျက်နှာ (၂၃) ၌—

အာလယသမုဂ္ဃါတာယ ဓမ္မော ဒေသိတော-ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အာလယသမုဂ္ဃါတာယ၊ ကပ်ငြိတတ်သောတဏှာ၏ ပြတ်ခြင်း၏အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မဂ်ဖြင့်မျက်မှောက်ပြုခြင်းအလို့ငှါ။ ဓမ္မော၊ တရားတော်ကို။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ ။ ဤသို့လာရှိသော ပါဠိတော် စကားတော်တို့တွင် အာလယ သမုဂ္ဃါတာယဟူသောစကားတော်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ-ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကပ်ငြိတတ်သော တဏှာလယ၏ ပြတ်ခြင်း၏

အကြောင်းခံ ဖြစ်ခြင်းကြောင့် အာလယသမုဂ္ဃါတ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ စတုက္ကအင်္ဂုတ္တရပါဠိတော်၊ စက္ကဝတ်-အဋ္ဌပသာဒနသုတ် စာမျက်နှာ (၄၄၃)၌ လည်းကောင်း၊ ဇာတိဝုတ် ပါဠိတော်၊ တိကနိပါတ်၊ ပဥ္စမေဝတ်-အဋ္ဌပသာဒနသုတ် စာမျက်နှာ (၂၅၄)၌ လည်းကောင်း။

ယဒိဒံ။ ပ။ အာလယသမုဂ္ဃါတော။ ဟူ၍ ဟောတော် မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ယဒိဒံ-ယော အယံ၊ အကြင်သို့ သဘောရှိသော။ အာလယသမုဂ္ဃါတော၊ ကပ်ငြိတတ်သော တဏှာလယ၏ ပြတ်ခြင်း၏ အကြောင်းဖြစ်သော အသခ်္ခတ-ဓာတ် နိဗ္ဗာနသည်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ။ဤသို့ ဟောတော် မူအပ်သော ပါဠိတော်လာ စကားတော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာနကို ကပ်ငြိတတ်သော တဏှာလယ၏ ပြတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် အာ-လယသမုဂ္ဃါတဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပါရာဇိကဏ် အဋ္ဌကထာ၊ သုဒိန္န-ကဏ္ဍ - အာလယသမုဂ္ဃါတ အဖွင့် စာမျက်နှာ (၁၈၃)၌—

ယသ္မာ ပန တံ အာဂမ္မ ပဋ္ဌ ကာမဂုဏာလယာ သမုဂ္ဃါတံ ဂစ္ဆန္တိ။
တသ္မာ အာလယသမုဂ္ဃါတောတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတ-ဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မဂ်ဖြင့် ရောက်၍။ ပဋ္ဌ၊ ငါးပါးကုန်သော။ ကာမဂုဏာလယာ၊ ကာမဂုဏ်တရားတို့၌ ကပ်ငြိတတ်ကုန်သော တဏှာလယာတို့သည်။ သမုဂ္ဃါတံ၊ ကောင်းစွာပြတ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တသ္မာ၊ ထိုသို့ ငါးပါးကုန်သော ကာမဂုဏ်တရား တို့၌ ကပ်ငြိတတ်သော ကဏှာလယ၏ ပြတ်ခြင်း၏ အကြောင်းခံ ဖြစ်သော ကြောင့်။ တံ နိဗ္ဗာနံ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန-သစ္စာနိဗ္ဗာန်ကို။ အာလယသမုဂ္ဃါတောတိ၊ အာလယသမုဂ္ဃါတ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား – ကာမဝတ္ထုတို့၌ တွယ်တာကပ်ငြိနေသော ပုဂ္ဂိုလ်သည် အကြင်အခါ ရှုပ်, နာမ်ဟုဆိုအပ်ကုန်သော သန်တာန တရားတို့ကို ဘုံသုံးပါး၌ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း ဇာတိ, ဇရာ, မရဏမီးသုံးပါးတို့ဖြင့် တပြောင်ပြောင်တောက်လောင် နေအပ်သည်ကို ဝိပဿနာဉာဏ်ဖြင့် ဇဖန်တလဲလဲရှုနေခဲ့သည်ဖြစ်အံ့၊ ထိုသို့ ရှုနေသောအခါ ၎င်းဘုံသုံးပါး၌ဖြစ်သော ရှုပ်နာမ်တည်းဟူသော သန်တာန တရားကာမဝတ္ထုတို့၌ ကပ်ငြိဟတ်သော တဏှာသည် တစ်, တစ်ပြေပျောက်၍ တွယ်တာခြင်း နည်းပါးပြီးလျှင် ၎င်းကာမဝတ္ထုဟု ဆိုအပ်သော ရှုပ်နာမ်တည်းဟူသော သန်တာန တရားတို့ကို စင်စစ် စက်ဆုပ် ငြီးငွေ့လေ၏။ ထိုသို့ စက်ဆုပ်ငြီးငွေ့ပြီးလျှင် ၎င်းကာမဝတ္ထုဟု ဆိုအပ်သော ရှုပ်နာမ်တည်းဟူသော သန်တာန တရားတို့ကို ဇာတိ, ဇရာ, မရဏမီးတို့ဖြင့် တပြောင်ပြောင် တောက်လောင်အပ်သည်ကို အတိုင်းထက်အလွန် မြင်အောင် ဗလဝ-ဝိပဿနာ ဉာဏ်ဖြင့် အဖန်တလဲလဲ ရှုလေ့လေသာဖြစ်၏။ ထိုသို့ ရှုဖန်များ၍ ၎င်းတရားတို့မှ ပြင်းစွာ လွတ်လိုသောကြောင့် ၎င်းတို့မှ လွတ်ရာသဘောကို ဉာဏ်ဖြင့် ရှာလေသော် ၎င်း ဇာတိ, ဇရာ, မရဏမီးတို့ဖြင့် တပြောင်ပြောင် တောက်လောင်အပ်သော ရှုပ်နာမ်တည်းဟူသော သန်တာန တရားတို့၏ စင်စစ် ပဋိပက္ခဖြစ်လျက် တဘက်စီဖြစ်၍ ဓမ္မတာအားဖြင့် အမြဲတည်ရှိနေသော မဖြစ်မပျက်သော သဘော အသန်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင် ဇာတိ, ဇရာ, မရဏမီးတို့ဖြင့် မလောင်သော အနေအားဖြင့် မြင်လေတော့၏။

အဘယ်ကြောင့် မြင်လေသနည်း ဟူမူ— စင်စစ် ဇာတိ, ဇရာ, မရဏမီးတို့ဖြင့် လောင်နေသော ရှုပ်နာမ်တည်းဟူသော သန်တာန တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်လျက် တည်နေသောကြောင့်တည်း။ ထိုသို့ ဇာတိ, ဇရာ, မရဏမီးတို့ဖြင့် မလောင်အပ်သောသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်လေလေ ၎င်း မဖြစ်မပျက်သော အမြဲတည်ရှိနေသော အသန်တဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်သဘောသည်သာလျှင် စင်စစ် မြေချမ်းသာသည်၏အဖြစ်ကို ဉာဏ်ဖြင့် သိလေလေသာ ဖြစ်၏။ ထိုသို့ သိမြင်သောကြောင့် ၎င်းမြေချမ်းသာသော နိဗ္ဗာန်သို့ အလွန်နှစ်သက်သောအားဖြင့် ခဏ, ခဏ အာရုံပြု၍ စေလွှတ်ဖန်များလတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ရောက်သဖြင့် အစဉ်အတိုင်းမဂ်လေးတန်ဖြင့် ထိုက်သည်အားလျော်စွာ မျက်မှောက်ပြုခြင်းသို့ ရောက်လေ၏။ ထိုသို့ နိဗ္ဗာန်ကို မဂ်လေးတန်ဖြင့် ထိုက်သည်အားလျော်စွာ မျက်မှောက် ပြုခြင်းကြောင့် ယောဂါဝစရ ခန္ဓာအစဉ်၌ ဖြစ်ပေါ်လတ္တံ့သော ကာမဝတ္ထုတို့၌ ကပ်ငြိတတ်သော တဏှာ အာ-လယသည် အကြွင်းမရှိပြတ်လေ၏။ ထိုသို့ ကာမဝတ္ထုတို့၌ ကပ်ငြိတတ်သော တဏှာ အာလယ၏ ပြတ်ခြင်း၏အကြောင်းခံ တရားသည် စင်စစ် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရား သာလျှင်တည်း။

ထိုကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်ကို ကာမဝတ္ထုတို့၌ ငြိတွယ်တတ်သော တဏှာလယ၏ ပြတ်ခြင်း၏ အကြောင်းခံဂုဏ်ကို အစွဲပြု၍ အာလယ သမုဂ္ဃါတ ဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေလိုသောကြောင့် တံ အာဂမ္မ ပဒ္ဓ ကာမဂုဏာလယာ သမုဂ္ဃါတံ ဂစ္ဆန္တိ၊ တသ္မာ အာလယသမုဂ္ဃါတောတိ ဂုစ္စတိ။ ဟူသော စကားတော်ကို ငါအဋ္ဌကထာဆရာ ဆိုအပ် လေသည်ဟူလို့။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ပါရာဇိကဏ် အဋ္ဌကထာရှင် သိစေအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန သစ္စာ နိဗ္ဗာန်ကို ကာမဝတ္ထုဠ္ဟ ငြိတွယ်တတ်သော တဏှာလယတို့၏ ပြတ်ခြင်း၏ အကြောင်းခံဂုဏ်ကို အစွဲပြု၍ အာလယသမုဂ္ဃါတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်သော အဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဣတိဝုတ် အဋ္ဌကထာ တိကနိပါတ်၊ပဋ္ဌမဝဂ်-အဂ္ဂပသာဒနသုတ်အဖွင့် စာမျက်နှာ(၂၇၂)၌-

> တံ အာဂမ္မ။ပ။ ကာမာလယာဒိကာ သဗ္ဗေပိ အာလယာ သမုဂ္ဃါတံ ယန္တိ။ပ။ တသ္မာ အာလယသမုဂ္ဃါတောတ ။ပ။ တိ ဝုစ္စတိ။ ဟူ၍ မိန့်ဆို အပ်သည်ကို ထောက်၍ လည်းကောင်း စတုက္ကအင်္ဂုတ္တရ အဋ္ဌကထာ စက္ကဝဂ် အဂ္ဂပသာဒနသုတ်အဖွင့် စာမျက်နှာ (၂၉၆-၇) ၌—
>
> တံ အာဂမ္မ။ပ။ သဗ္ဗေ အာလယာ သမုဂ္ဃါတံ ဂစ္ဆန္တိ။ပ။ တသ္မာ ဧတောနိ နာမာနိ လဘတိ။ ဟူ၍ မိန့်ဆို အပ်သည်ကို ထောက်၍ လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန သစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝ၊ မဂ်ဖြင့် ရောက်၍။ပ။ ကာမာလယာဒိကာ၊ ကာမဝတ္ထုဠ္ဟ ကပ်ငြိခြင်းအစရှိသော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အာလယာ၊ ကပ်ငြိတတ်ကုန်သော ကိလေသာတရားဟူသမျှတို့သည်။ သမုဂ္ဃါတံ၊ ကောင်းစွာ ပြတ်ခြင်းသို့။ ယန္တိ၊ ရောက်ကုန်၏။ ။ပ။ တသ္မာ၊ ထိုသို့ ကာမဝတ္ထုတို့ဠ္ဟ ကပ်ငြိတတ်ကုန်သော အလုံးစုံကုန်သော အာလယ တရားတို့၏ ပြတ်ခြင်းသို့ ရောက်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန သစ္စာနိဗ္ဗာန်ကို။ အာလယသမုဂ္ဃါတောတိ၊ အာလယသမုဂ္ဃါတ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ဣတိဝုတ် အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

တံ၊ ထိုမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစွဲပြု၍။ ဝါ၊ မင်္ဂဖြင့်ရောက်၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အာလယာ၊ ငြိတွယ်တတ်ကုန်သော တရားဟူသမျှတို့သည်။ သမုဂ္ဃါတံ၊ ကောင်းစွာ ပြတ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တသ္မာ၊ ထို့သို့ အလုံးစုံကုန်သော ငြိတွယ်တတ်ကုန်သော အာလယ တရားတို့၏ ပြတ်ခြင်းသို့ ရောက်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ဧတာနိ၊ ဤဆိုအပ်ကုန်ပြီးသော။ နာဒ့မာနိ၊ အာလယ သမုဂ္ဃါတ အစရှိသော အမည်တို့ကို။ လဘတိ၊ ရ၏။ ဤကား စတုက္ကအင်္ဂုတ္တရ အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

အနက် အဓိပ္ပါယ်သည် ရှေးဦး ဖော်ပြအပ်ပြီးသော နည်းအတိုင်းသာတည်း။ အထူးမရှိတော့ပြီ။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကို ထောက်၍လည်း၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံသော အာလယပြတ်ခြင်း၏ အကြောင်းခံ ဖြစ်သော ဂုဏ်ကို အစွဲပြု၍ အာလယသမုဂ္ဃါတ ဟူသော အမည်ဖြင့် ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာရှင်တို့၏ အလိုအားဖြင့် ဝိဂြိုဟ် ပြုလုပ် လိုသော်– သဗ္ဗေပိ အာလယာ သမုဂ္ဃါတံ ဂစ္ဆန္တိ ဧတေနာတိ အာလယသမုဂ္ဃါတော။ ဟူ၍ ဟေတုသာဓန ကိတ်ဝိဂြိုဟ်ကို ပြုအပ်၏။

ဧတေန၊ ထိုမင်္ဂိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အာလယာ၊ ငြိတွယ်တတ်ကုန်သော တရားဟူသမျှ တို့သည်။ သမုဂ္ဃါတံ၊ ပြတ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိ တသ္မာ၊ ထို့သို့ အလုံးစုံကုန်သော ငြိတွယ်တတ်ကုန်သော တရားဟူသမျှတို့၏ ပြတ်ခြင်းသို့ ရောက်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ သော အသင်္ခတဓမ္မော၊ ထို မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားတော်သည်။ အာလယသမုဂ္ဃါတော၊ အာလယ-သမုဂ္ဃါတ မည်၏။

ကတ္တုတ္ထကြိယာ၏ အရကား— အလုံးစုံကုန်သော အာလယ တရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ပြတ်ခြင်းဟု ဆိုအပ်သော အဘာဝပညတ် ရ၏။

ဟေတုတ္ထကြိယာ၏ အရကား – ထို အာလယ တရားတို့၏ နောင် ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပြတ်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန် ရ၏။ ထို့သို့ ရခြင်းကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော

အသခ်ံတခေတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော အာလယ တရားတို့၏ ပြတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် အာလယသမုဿိတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို မဒနိမ္မဒနဟူ၍ မေါ်ဆိုအပ်ကြောင်း

ဌင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတမာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာလယတို့၏ ပြတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် အာလယသမုဿိတ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ မာန်ယစ်ခြင်း တရားတို့၏ မာန်မယစ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်လည်း မဒနိမ္မဒန ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ပါရာဇိကဏ်ပါဠိတော်၊သုဒိန္နကဏ္ဍ၌—

မဒနိမ္မဒနာယ ဓမ္မော ဒေသိတော။ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

မဒနိမ္မဒနာယ၊ မာန်ယစ်ခြင်း ဟူသမျှတို့၏ မာန်ယစ်ခြင်းမှ ကင်းခြင်း၏။ ဝါ၊ မာန်မယစ်ခြင်း၏ အကြောင်းခံဖြစ်သော အသခ်ံတမာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းအလို့ငှါ။ ဓမ္မော၊ တရားတော်ကို။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ဌင်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတမာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မာန်ယစ်ခြင်းမှ ကင်းခြင်း၏ အကြောင်းခံ ဖြစ်သည်၏ အဖြစ်ကြောင့် မဒနိမ္မဒနဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ စတုက္ကအင်္ဂုတ္တိုရ် ပါဠိတော်၊ စက္ကဝတ်-အဋ္ဌပသာဒနသုတ် စာမျက်နှာ (၃၄၃) ၌ လည်းကောင်း၊ ဣတိဝုတ်ပါဠိတော်၊ တိကနိပါတ်၊ ပဥ္စမဝဂ်-အဋ္ဌ-ပသာဒနသုတ် စာမျက်နှာ (၂၅၄) ၌ လည်းကောင်း။

ယဒိဒံ မဒနိမ္မဒနော။ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ယဒိဒံ-ယော အယံ၊ အကြင်သို့ သဘောရှိသော။ မဒနိမ္မဒနော၊ မာန်ယစ်ခြင်း ဟူသမျှတို့၏ ယစ်ခြင်းမှ ကင်းခြင်း၏ အကြောင်းခံဖြစ်သော အသခ်ံတမာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားတော်သည်။ အတ္တိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။။ ။ဤသို့ ဟောတော်မူအပ်သော အဂ်ုတ္တိုရ် ပါဠိတော်၊ ဣတိဝုတ် ပါဠိတော်တို့ကို ထောက်၍လည်း ဌင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတမာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မာန်ယစ်ခြင်း ဟူသမျှတို့၏ ယစ်ခြင်း **မရှိခြင်း၏**

အကြောင်းခံဖြစ်သည်၏ အဖြစ်ကြောင့် မဒနိမ္မဒန ဟူသော အမည်ဖြင့် ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပါရာဇိကဏ် အဋ္ဌကထာ၊ သုဒိန္နကဏ္ဍ-မဒနိမ္မဒနအဖွင့် စာမျက်နှာ (၁၈၃)၌—

ယသ္မာ ပန တံ အာဂမ္မ မာနမဒပုရိသမဒါဒယော မဒါ နိမ္မဒါ အမဒါ ဟောန္တိ ဝိနဿန္တိ။ တသ္မာ မဒနိမ္မဒနန္တိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတာဝတ် နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မင်္ဂဖြင့် ရောက်၍။ မာနမဒပုရိသမဒါဒယော၊ မြတ်ခြင်း စသည်တို့ဖြင့် မာန်ယစ်ခြင်း, ငါဟေ့ကျွဲးတကားဟူ၍ မာန်ယစ်ခြင်း အစရှိကုန်သော။ မဒါ၊ ယစ်ခြင်းတို့သည်။ နိမ္မဒါ၊ ယစ်ခြင်းမရှိကုန်သည်။ အမဒါ၊ မယစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝိနဿန္တိ၊ ပျက်စီးကုန်၏။ တသ္မာ၊ ထိုသို့ ယစ်ခြင်းစသည်တို့၏ မရှိခြင်း, ယစ်ခြင်း စသည်တို့၏ ပျက်စီးခြင်း၏ အကြောင်းခံ ဖြစ်သည်၏ အဖြစ်ကြောင့်။ တံ နိဗ္ဗာန်၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို။ မဒနိမ္မဒနန္တိ၊ မဒနိမ္မဒနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—မာန်ဖြင့် ယင်္ဂတတ်သော သူတို့သည် ရုပ်, နာမ် ဓမ္မသင်္ခါရဟု ဆိုအပ်ကုန်သော သင်္ခတ တရားတို့ကို အကြင်အခါ ဝိပဿနာဉာဏ်ဖြင့် ဇာတိ, ဇရာ, မရဏ မီးတို့ဖြင့် တပြောင်ပြောင် တောက်လောင်နေအပ်သည်ကို ရှု၍ မြင်ကုန်သည်ဖြစ်အံ့။ ထိုအခါ ၎င်း သင်္ခတ တရားတို့ကို စင်စစ် နှစ်သက်ခြင်းမရှိကြဘဲ ဆထောင်လှားခြင်း, မာန်ယစ်ခြင်းတို့ကို ပြုလုပ်ခြင်းငှါ အလိုမရှိကုန်တော့ပြီ။ ထိုသို့ အလိုမရှိဘဲ ၎င်း သင်္ခတ ဖြစ်ကုန်သော ရုပ်, နာမ် တရားတို့ကို အဖန်တလဲလဲ ဇာတိ, ဇရာ, မရဏ မီးတို့ဖြင့် ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်ဘိုင်း မပြတ်မလပ် တပြောင်ပြောင် တောက်လောင် နေအပ်သည်ကိုသာ အဖန်တလဲလဲ ဝိပဿနာဉာဏ်ဖြင့် ရှုလေလေ ၎င်းသင်္ခတဖြစ်ကုန်သော ရုပ်, နာမ် တရားတို့ကို မနှစ်သက်လေလေသာ ဖြစ်၏။ ထိုသို့ မနှစ်သက်လေလေ မာန်ယစ်ခြင်းပြေလေလေသာ ဖြစ်၏။ ထိုသို့ မနှစ်သက်, မာန်ယစ်ပြေသောအားဖြင့် ၎င်း ဇာတိ, ဇရာ, မရဏ မီးတို့ဖြင့် ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း တပြောင်ပြောင် တောက်လောင်နေအပ်ကုန်သော သင်္ခတဖြစ်ကုန်သော ရုပ်, နာမ် တရားတို့ကို အဖန်တလဲလဲ ဗလဝဝိပဿနာဉာဏ်ဖြင့် ရှုဖန်များလတ်သော် ၎င်းတရားတို့၌

အလွန်တရာ စက်ဆုပ်ငြီးငွေ့ခြင်းသို့ ရောက်သဖြင့် ၎င်းသန်တတရားတို့မှ လွတ်ရာကိုရှာလေသော် စင်စစ် ၎င်းတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်လျက် တဘက်စီအမြဲတည်ရှိနေသော မဖြစ်,မပျက်သော သဘော အသိန်တဓာတ် နိဗ္ဗာန်ကိုသာ တွေ့မြင်လေတော့၏။ အဘယ်ကြောင့် တွေ့မြင်အပ်လေသနည်း ဟူမူ ဓမ္မသဘောတို့သည် အချင်းချင်း ပဋိပက္ခဖြစ်လျက် တည်ရှိမြဲဓမ္မတာကို သိမြင်ခြင်းကြောင့် တွေ့မြင်အပ်သည် ဟူလို။

ထို့သို့ အသိန်တဓာတ် နိဗ္ဗာန်ကို ဓမ္မတာအားဖြင့် ပဋိပက္ခဖြစ်လျက် တည်ရှိနေသည်ကို ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်ပြီးသောပုဂ္ဂိုလ်သည် သန်တဖြစ်ကုန်သော ရုပ်, နာမ်တရားတို့ကို ဖြစ်ပေါ်တိုင်း,ဖြစ်ပေါ်တိုင်း ဇာတိ, ဇရာ, မရဏမီးတို့ဖြင့် တပြောင်းပြောင် တောက်လောင်နေအပ်သည်ကို ဗလဝ-ဝိပဿနာဉာဏ်ဖြင့် ရှုမြင်လေလေ ၎င်းတို့၏ ပဋိပက္ခဖြစ်သော မဖြစ်, မပျက်သောသဘော အသိန်တဓာတ် နိဗ္ဗာန်ကို ဇာတိ,ဇရာ, မရဏမီးတို့ဖြင့် အခါခပ်သိမ်း မလောင်မှန်းကို သိလေလေသာ ဖြစ်၏။ ထို့သို့ ဇာတိ, ဇရာ, မရဏမီးတို့ဖြင့် မလောင်မှန်းသိလေလေ ၎င်းအသိန်တဓာတ် နိဗ္ဗာန်သဘော နိဗ္ဗာန်ကို ချမ်းသောအနေဖြင့် အာရုံပြု၍ ရောက်လေလေသာ ဖြစ်၏။ ထို့သို့ အာရုံပြုသောအားဖြင့် ရောက်ဖန်များလတ်သော် ဉာဏ်သည် ရင့်သန်ခြင်းသို့ရောက်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်ဖြင့် ထိုက်သည်အားလျော်စွာ မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ သိမြင်လေတော့၏။ ထို့သို့ ထိုးထွင်း၍ သိမြင်ခြင်းကြောင့် မာန်ယစ်ခြင်းတရားတို့သည် ပျောက်ကင်း၍ အရဟတ္တဖိုလ်သို့ ရောက်သောအခါ နောင်တဖန် ယစ်ခြင်း မရှိကြလေကုန်ပြီ။ ထို့သို့ ယစ်ခြင်းမရှိသည်၏ အကြောင်းခံတရားသည် စင်စစ် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသိန်တဓာတ် နိဗ္ဗာန်ဘရားသာလျှင် ဖြစ်၏။ ထို့သို့ ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသိန်ဘဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်တရားကို အလုံးစုံသော မာန်ယစ်ခြင်းဟူသမျှတို့၏ ယစ်ခြင်းမရှိခြင်း, ပျောက်ပျက်ခြင်း၏ အကြောင်းခံတရား ဖြစ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့်(တံ အာဂမ္မ မာနမဒပုရိသမဒါဒယော မဒါ နိမ္မဒါ အမဒါ ဟောန္တိ ဝိနဿန္တိ) ဟူသော စကားတော်ကို ငါအဋ္ဌကထာဆရာ ဆိုအပ်သည် ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ၎င်းအကြောင်းခံဖြစ်သော အသိန်တဓာတ် နိဗ္ဗာနသစ္စာ နိဗ္ဗာန်တရားတော်ကိုသာလျှင် မဒနိမ္မဒန ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေလိုသောကြောင့် (တသ္မာ မဒနိမ္မဒနန္တိ ဝုစ္စတိ) ဟူသော စကားတော်ကို ဆိုအပ်သည် ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေအပ်လေသည်။ ထို့သို့ အဋ္ဌကထာရှင်သိစေအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသိန်တဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို

မာန်ယစ်ခြင်း ဟူသမျှတို့၏ ယစ်ခြင်းမရှိခြင်း၏ အကြောင်းခံ ဂုဏ်ကိုစဲ၍ မဒနိမ္မဒန ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ပါရာဇိကဏ်အဋ္ဌကထာ ဖြင့်သာ ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မာန်ယစ်ခြင်း ဟူသမျှတို့၏ ယစ်ခြင်း မရှိခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် မဒနိမ္မဒနဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ ဤတိဝုတ် အဋ္ဌကထာ၊ တိကနိပါတ်-ပဥ္စမဝဂ်-အဂ္ဂပသာဒနသုတ် အဖွင့် စာမျက်နှာ(၂၇၂)၌—

တံ အာဂမ္မ မာနမဒါဒိကော သဗ္ဗော မဒေါ နိမ္မဒိယတိ ။ပ။
တသ္မာ မဒနိမ္မဒနော။ပ။ တိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊

စတုက္ကအဂ်ုတ္တရအဋ္ဌကထာ၊ စက္ကဝဂ်-အဂ္ဂပသာဒနသုတ် အဖွင့် စာမျက်နှာ (၂၉၇) ၌—

တံ အာဂမ္မ။ပ။ သဗ္ဗေ ရာဂမဒါ နိမ္မဒါ ဘဝန္တိ အဘာဝံ ဂစ္ဆန္တိ။ပ။
တသ္မာ ဧတော နိ နာမာနိ လဘတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

တံ၊ ထိုမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊ မင်္ဂုဖြင့်ရောက်၍။ မာနမဒါဒိကော၊ မာန်ထောင် လွှားခြင်းဖြင့် ယစ်ခြင်းအစရှိသော။ သဗ္ဗော၊ အလုံးစုံသော။ မဒေါ၊ ယစ်ခြင်းသည်။ နိမ္မဒိယတိ၊ ယစ်ခြင်းမရှိ။ ဝါ၊ ယစ်ခြင်းမှ ကင်း၏။ပ။ တသ္မာ၊ ထိုသို့ မာန်ထောင်လွှားခြင်းဖြင့် ယစ်ခြင်းအစရှိသော အလုံးစုံသော ယစ်ခြင်း၏ ယစ်ခြင်းမရှိခြင်း။ ဝါ၊ ယစ်ခြင်းမှ ကင်းခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။ တံ နိဗ္ဗာနံ၊ ထိုအသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။မဒနိမ္မ-ဒနောတိ၊ မဒနိမ္မဒန ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ ဤကား ဤတိဝုတ်အဋ္ဌကထာ ပါဠိ၏ မြန်မာပြန်တည်း။

တံ၊ထိုမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစဲပြု၍။ ဝါ၊မင်္ဂုဖြင့်ရောက်၍။သဗ္ဗေ၊ အလုံးစုံကုန်သော။ ရာဂမဒါ၊ ရာဂဖြင့် ယစ်ခြင်းတို့သည်။ နိမ္မဒါ၊ ယစ်ခြင်း မရှိကုန်သည်။ ဝါ၊ ယစ်ခြင်းမှ ကင်းကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ အဘာဝံ၊ မရှိခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဤကား စတုက္ကအင်္ဂုတ္တရ အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ အနက်အဓိပ္ပါယ်ကို ရှေးနည်းကို အမှီပြု၍ သိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာရှင်တို့၏ အလိုအားဖြင့် ဝိဂြိုဟ်ပြုလုပ်လိုသော် သဗ္ဗေပိ မဒါ နိမ္မဒိယန္တိ ဧတေနာတိ မဒနိမ္မဒနော ဟူ၍ ဟေတု သာ-ဓနကိတ်ဝိဂြိုဟ်ပြုလုပ်ရာ၏။ ဧတေန၊ ထိုမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတ မဂ်တ် နိဗ္ဗာန သစ္စာ၌ နိဗ္ဗာန်ကြောင့်။ သဗ္ဗေပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ မဒါ၊ မာန်ယစ်ခြင်းတို့သည်။နိမ္မဒိယန္တိ၊မာန်ယစ်ခြင်းမရှိကုန်။ဝါ၊မာန်ယစ်ခြင်းမှ ကင်းကုန်၏။ ဤတိ တသ္မာ၊ ထိုသို့ အလုံးစုံကုန်သော မာန်ယစ်ခြင်းတို့၏ ယစ်ခြင်းမရှိခြင်း။ ဝါ၊ ယစ်ခြင်းမှကင်းခြင်း၏ အကြောင်းခံဖြစ်သော သတ္တိကြောင့်။ သော အသင်္ခတမမြော၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမာတ် နိဗ္ဗာန သစ္စာ နိဗ္ဗာန်သည်။မဒနိမ္မဒနော၊မဒနိမ္မဒနမည်၏။ကတ္ဘတ္ထကြိယာ၏အရကား အလုံးစုံကုန်သော မာန ရာဂ အစရှိကုန်သော ယစ်ခြင်းတရားတို့၏ ယစ်ခြင်း မရှိခြင်းတည်းဟူသော အဘာဝ ပညတ်ရ၏။ ဟေတ္ဝတ္ထကြိယာ၏အရကား ထိုယစ်ခြင်းမရှိခြင်း၏အကြောင်းခံဖြစ်သော မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမာတ် နိဗ္ဗာန သစ္စာ နိဗ္ဗာန်ရ၏။ ထိုသို့ ရခြင်းကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမာတ် နိဗ္ဗာန သစ္စာ နိဗ္ဗာန်ကို သာလျှင် အလုံးစုံကုန်သော မာန်အစရှိကုန်သော ယစ်ခြင်းတရားတို့၏ ယစ်ခြင်းမရှိခြင်း၏ အကြောင်းခံ ဂုဏ်ထူးကြောင့် မဒနိမ္မဒန ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို သန္ဓဟု၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမာတ် နိဗ္ဗာန သစ္စာ နိဗ္ဗာန်ကို မဒနိမ္မဒန ဟူသော အမည်ဖြင့်သာ ခေါ်ဆိုအပ်သည်မဟုတ်သေး။ သန္ဓ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမာတ် နိဗ္ဗာန်ကို သန္ဓဟု ခေါ်ဆို အပ်လေသနည်း ဟူမူ—ရာဂ အစရှိကုန်သော ကိလေသာ အကျိုး ဝိပါက်တို့ကို အလွန် ပြုပြင်တတ်ကုန်သော အဘိသင်္ခါရတို့၏ ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သန္ဓ ဟူ၍ ခေါ်ဆိုအပ်သည်။ ထိုသို့ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် နေတ္တိပါဠိတော်၊ ဝေဝစနဟာရ၌ သန္ဓံ ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

သန္ဓံ၊ ကိလေသာ အစရှိသည်ဘို့၏ ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သော နိဗ္ဗာန်။ဤသို့ ဟောတော်မူအပ်သည်ကိုထောက်၍ ၎င်းမင်္ဂိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတမာတ် နိဗ္ဗာန်ကို သန္ဓ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ ၎င်းမင်

ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သန္တ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည်မဟုတ်သေး၊ သဋ္ဌာယတန သံယုတ် ပါဠိတော် အသခ်ၤတသံယုတ် စာမျက်နှာ (၅၄၁)၌—

ကတမဉ္စ ဘိက္ခဝေ သန္တံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခ-
ယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သန္တံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ သန္တံ၊ သန္တ မည်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ကတမဉ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော အသခ်ၤတသဘော နိဗ္ဗာန်သည်လည်းကောင်း။ ယော ဒေါသက္ခယော စ၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော အသခ်ၤတ သဘော နိဗ္ဗာန်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်း ဖြစ်သော အသခ်ၤတသဘော နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဣဒံ၊ ဤ ရာဂ ဒေါသ မောဟတရားတို့၏ ကုန်ကြောင်းဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသခ်ၤတသဘော နိဗ္ဗာန်ကို။ သန္တံ၊ သန္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော သဋ္ဌာယတနသံယုတ်ပါဠိတော်ကို ထောက်၍ လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သန္တဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဣတိဝုတ်ပါဠိတော်၊ ဒုကနိပါတ်၊ ဒုတိယဝဂ်-ခြောက်ခုမြောက်သုတ် စာမျက်နှာ(၂၂၀)၌ ဟောတော်မူအပ်သော ဂါထာ၌—

တဿ နိဿရဏံ သန္တံ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်း သိလေဦး။

မြန်မာပြန်ကား—

တဿ၊ ထိုဇာတိ, ဇရာ, မရဏသဘောရှိသော သခ်ၤတ တရား၏။ ဝါ၊ သခ်ၤတ တရားမှ။ နိဿရဏံ၊ ထွက်မြောက်ရာဖြစ်သော။ သန္တံ၊ ကိလေသာစသော သခ်ၤတ တရားတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်သည်။ သုခံ၊ ချမ်းသာ၏။ (ထည့်)

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်လာ စကားတော်တို့တွင် သန္တံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော

အာသဒ်တခေတ် နိဏောဓသစ္စာ နိဗ္ဗာန်ကို သန္ဓဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သုတ္တန်ပါတ်ပါဠိတော်၊ မေတ္တာသုတ်၌လည်းကောင်း၊ခုဒ္ဒကပါဌပါဠိတော်၊ မေတ္တာသုတ်၌လည်းကောင်း—

ကရဏီယ မတ္တကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။

ဟူ၍ ဟောတော်မူအပ်သော စကားတော်တို့တွင် သန္တံဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အတ္ထကုသလေန၊ မိမိအကျိုး၌ လိမ္မာသော ပုဂ္ဂိုလ်သည်။ သန္တံ၊ ကိလေသာတို့၏ ငြိမ်းကြောင်းဖြစ်ထသော။ ပဒံ၊ အရိယာတို့သည် ရောက်အပ်ထသော။ ကရဏီယံ၊ အရိယာတို့သည် အာရုံပြုအပ်ထသော။ ဝါ၊ အာရုံပြုခြင်းငှါထိုက်ထသော။ ယံ၊ အကြင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတစာတဲ့ နိဏောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထို နိဗ္ဗာန်ကို။ အဘိသမေစ္စ-အဘိသမာဂန္တွာ၊ ထိုးထွင်း၍ သိခြင်းသို့ ရောက်သည်ဖြစ်၍။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် သန္တံဟူသော စကားတော်ကို ထောက်၍လည်း ကိလေသာ အစရှိကုန်သော သင်္ခတ တရားတို့၏ ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် သန္တဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိအင်္ဂကထာ၊ ဝေဝစနဟာရ-သန္တအဖွင့်၌—

ကိလေသာဘိသင်္ခါရာနံ ဝူပသမဟေတုတာယ သန္တံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ကိလေသာဘိသင်္ခါရာနံ၊ ညစ်ညူးစေတတ်သော ကိလေသာ, ဟိုဒီသန့်စသော အကျိုးဝိပါက်တို့ကို အလွန်ပြုပြင်တတ်သော အဘိသင်္ခါရ-တည်းဟူသော သင်္ခတ တရားတို့၏။ ဝူပသမဟေတုတာယ၊ နောင် တဖန် ဖြစ်ပေါ်မှု မရှိစသော အားဖြင့် ငြိမ်းခြင်း၏ အကြောင်းခံ၏ အဖြစ်ကြောင့်။ သန္တံ၊ သန္တမည်၏။

အဓိပ္ပါယ်ကား— သင်္ခတ တရားတို့၏ မရပ်မစဲ ဖြစ်ပျက်နေသော သင်္ခတ အဖြာဖြာတို့ကို ဇလဝဝိပဿနာဉာဏ်ဖြင့် ရှုမြင်နေသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ငြိမ်း မပြတ်မလပ် ဖြစ်ပျက်နေကုန်သော သင်္ခတ တရားတို့ကို ငြိုးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေ၏။ ထိုသို့ ငြိုးငွေ့စက်ဆုပ်ခြင်းသို့ ရောက်ပုန်းမှားလတ်သော်

ၵင်း ဖြစ်ပျက်နေကုန်သော သန်တ တရားတို့မှ လွတ်ရာကို ရှာလေသော် စင်စစ် မဖြစ် မပျက်သော သဘော အသန်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာ တွေ့မြင်လေတော့၏။ အဘယ်ကြောင့် တွေ့မြင်လေသနည်းဟူမူ–ဓမ္မသဘာဝ အားဖြင့် စင်စစ် ပဋိပက္ခ အဖြစ်ဖြင့် ထင်ရှားတည်ရှိသည်၏ အဖြစ်ကြောင့် တည်း။ ဤသို့ ပဋိပက္ခအားဖြင့် အမြဲတည်ရှိနေသော အသန်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဉာဏ်ဖြင့် သိမြင်ပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သည် သန်တ တရားတို့၏ မပြတ်မလပ် ဖြစ်,ပျက်နေမှုကို မြင်လေလေ ၵင်းတို့၏ ဆန့်ကျင်ဘက် တဘက်စီပြုလျက် အမြဲတည်ရှိနေသော အသန်တဓာတ်၏ မဖြစ်မပျက်သော သဘောလက္ခဏာ ရှိသည်၏အဖြစ်ကို ဉာဏ်ဖြင့် သိမြင်လေလေသာ ဖြစ်၏။ ထို့သို့ သိမြင်ပြီး၍ ၵင်း အသန်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့ အာရုံပြုသောအာ ဖြင့် စေလွှတ်ဖန် များလတ်သော် ဉာဏ်သည် ရင့်သန်ခြင်းသို့ ရောက်သဖြင့် အစဉ် အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ သိမြင်လေ တော့၏။

ထို့သို့ မဂ်လေးတန်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းကြောင့် အလုံးစုံကုန်သော ကိလေသာတရားတို့သည် အကြောင်းခံ အနုသယနှင့်တကွ ကုန်ခန်းကုန်ပြီးလျှင် နောင် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းလေကုန်တော့၏။ အရဟတ္တဖိုလ်သို့ ရောက်လျှင် နောင် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းပြီးဖြစ်လေကုန်တော့၏။ ထို့သို့ ကိလေသာ ငြိမ်းပြီးသောပုဂ္ဂိုလ်၌ နောင် ပဋိသန္ဓေအဆက်ဆက်ကို ပြုပြင် တတ်ကုန်သော အဘိသင်္ခါရစေတနာကံ အဆက်ဆက်တို့သည်လည်း ပဋိသန္ဓေ အကျိုးကို ပေးရန်မရှိသောအားဖြင့် ကုယ်ငြိမ်းပြီး ဖြစ်ကြလေကုန်၏။ ထို့သို့ ကုယ်ငြိမ်းပြီး ဖြစ်ကုန်သော ကိလေသာ, အဘိသင်္ခါရတရားတို့သည် စင်စစ် သန်တ တရားတို့သာ ဖြစ်ကုန်၏။ ထို့သန်တ ဖြစ်ကုန်သော ကိလေသာ, အဘိ-သင်္ခါရ တရားတို့၏ ကုယ်ငြိမ်းခြင်း၏ အကြောင်းခံတရားသည် စင်စစ် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန် သာလျှင် ဖြစ်ပေ၏။ ထို့သို့ ဖြစ်ခြင်းကြောင့် ၵင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ်နိရောဓ သစ္စာနိဗ္ဗာန်ကို သန်တဖြစ်ကုန်သော ကိလေသာ,အဘိသင်္ခါရတရားတို့၏ ကုယ် ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သန္တမည်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် (ကိလေသာဘိသင်္ခါရာနံ ဝူပသမဟေတုတာယ သန္တံ) ဟူသော စကားတော်ကို ဇါ အဋ္ဌကထာဆရာ ဆိုအပ်လေသည် ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ဖွင့်ဆိုအပ်သော နေတ္တိအဋ္ဌကထာရှင်၏ စကား တော်ကို ထောက်၍လည်း ၵင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကိလေသာ, အဘိသင်္ခါရ-တည်းဟူသော သန်တ တရား တို့၏ နောင် အဆက်ဆက် ဖြစ်ပေါ်ရန် မရှိသောအားဖြင့် ကုယ်ငြိမ်းခြင်း၏

အကြောင်းခံ ဖြစ်သောကြောင့် သန္တ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ အဋ္ဌကထာဖြင့်သာ ၎င်းမင်္ဂုလတို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သန္တံ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ ဤတိဝုတ်အဋ္ဌကထာ၊ ဒုကနိပါတ်၊ ဒုတိယဝဂ်-ခြောက်ခုမြောက်သောသုတ် အဖွင့် စာမျက်နှာ (၁၅၇) ၌—

အနုပသန္တသဘာဝဿ ကိလေသဿ သဗ္ဗသခ်ါရဿ အဘာဝေန တဒုပသမဘာဝေန သန္တံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

အနုပသန္တသဘာဝဿ၊ မငြိမ်သက်သော သဘောရှိသော။ ကိလေသဿ၊ ကိလေသာ၏ လည်းကောင်း။ သဗ္ဗသခ်ါရဿ၊ အလုံးစုံသော သခ်ါရ၏လည်းကောင်း။ အဘာဝေန၊ မရှိခြင်းကြောင့်။ တဒုပသမဘာဝေန၊ ထိုကိလေသာ, သခ်ါရတို့၏ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သည်၏ အဖြစ်ကြောင့်။ သန္တံ၊ သန္တ မည်၏။

အဓိပ္ပါယ်ကား—၎င်းမင်္ဂုလတို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် မူလကပင် ကိလေသာ, အလုံးစုံကုန်သော သခ်ါရ-တရား တို့၏ ဆန့်ကျင်ဘက်ဖြစ်လျက် တဘက်စီနေသော တရား၏အဖြစ်ကြောင့် ၎င်း သခ််တ ဖြစ်သော ကိလေသာ, အလုံးစုံကုန်သော သခ်ါရ-တရားတို့၏ မရှိရာ သဘော ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းကိလေသာ, သခ်ါရ-တရားတို့၏ အပြစ်ဒေါသကို ဉာဏ်ဖြင့်မြင်လျှင် ၎င်းတရားတို့ကို စက်ဆုပ်လေ၏။ ထိုသို့ စက်ဆုပ်ခြင်းကြောင့် ၎င်းတရားတို့မှ လွတ်ရာကို ရှာလေသော် ၎င်းတရားတို့၏ မရှိရာ ဌာနဖြစ်သော မဖြစ်မပျက်သောသဘော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင် မှီခိုပုန်းအောင်းရာအနေအားဖြင့် မြင်လေတော့၏။ ထိုသို့ မှီခိုပုန်းအောင်းရာ အနေအားဖြင့် မြင်လတ်သော် ၎င်းကိလေသာ, သခ်ါရ-တရားတို့၏ အပြစ်ကို မြင်လေလေ၊ ၎င်းမဖြစ်မပျက်သော သဘော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ပြေးဝင်လေလေသာ ဖြစ်၏။ ထိုသို့ ပြေးဝင်ဖန်များလတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ ရောက်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်ဖြင့် ထိုက်သည်အားလျော်စွာ မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ သိမြင်လေ၏။

ထိုသို့ သိမြင်ခြင်းကြောင့် အကြောင်းခံ အနုသယနှင့် တကွသော နောင် ဖြစ်ပေါ်လတ္တံ့ ကုန်သော ကိလေသာတို့သည် ကုန်ခန်းလေကုန်တော့၏။ ထိုသို့ ကုန်ခန်းခြင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက်သောအခါ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကွယ်ငြိမ်းကြလေကုန်၏။ ထိုသို့ ကိလေသာတို့သည် ကွယ် ငြိမ်းလေကုန်ခြင်းကြောင့် ရဟန္တာတို့ စုတိနောင် အဆက်ဆက် ဖြစ်ပေါ်လတ္တံ့ ကုန်သော သခ်ါရတရားတို့သည်လည်း နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိကုန် ဘဲ ကွယ်ငြိမ်းကြလေကုန်၏။ ထိုသို့ ကိလေသာ, သခ်ါရ-တရားတို့၏ ကွယ်ငြိမ်း ခြင်း၏ အကြောင်းခံတရားသည် စင်စစ် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်တ ဓာတ် နိရောဓသစ္စာ နိဗ္ဗာန် တရားသာလျှင် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ထိုကိလေသာ, သခ်ါရ - တရားတို့၏ ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သော ကြောင့် သန္တအမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလို သောကြောင့် "တဒုပသမဘာဝေန သန္တံ" ဟူသော စကားတော်ကို ငါအဋ္ဌ-ကထာဆရာဆိုအပ်လေသည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ဖွင့်ဆိုအပ် သော ဣတိဝုတ်အဋ္ဌကထာစကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ကိလေသာ, သခ်ါရတရားတို့၏ ငြိမ်းခြင်း၏အကြောင်းခံဖြစ်သောကြောင့် သန္တ ဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာတို့၏ အလိုအားဖြင့် ဝိဂြိုဟ်ပြုလုပ်လို သော် – သဗ္ဗသခ်ါရာ သမန္တိ ဧတေနာတိ သန္တံ-ဟူ၍ ဟေတုသာဓနကိတ်ဝိဂြိုဟ် ပြုလုပ်ရာ၏။ ဧတေန၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်တဓာတ် နိရောဓ သစ္စာနိဗ္ဗာန်ကြောင့်။ သဗ္ဗသခ်ါရာ၊ အလုံးစုံကုန်သော သခ်ါရတရားတို့သည်။ သမန္တိ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ငြိမ်းလေကုန်၏။ ဣတိတသ္မာ၊ ထိုသို့အလုံးစုံကုန်သော သခ်ါရတရားတို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းခြင်း၏အကြောင်းခံဖြစ်သော သတ္တိကြောင့်။ တံနိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန် သည်။ သန္တံ၊ သန္တမည်၏။ ဤဝိဂြိုဟ်ပြုလုပ်ရာ၌ ကတ္တုတ္ထကြိယာ၏အရကား အလုံးစုံကုန်သော သခ်ါရတရားတို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း တည်းဟူသော အဘာဝဝပညတ်ရ၏။ ဟေတ္ထတ္ထကြိယာ၏ အရကား–အလုံးစုံ ကုန်သော သခ်ါရတရားတို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသခ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုသာရ၏။ ထိုသို့ ရသောကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံကုန်သော သခ်ါရတရားတို့၏ ငြိမ်းခြင်း၏အကြောင်းခံတရား

ဟူ၍ ပညာရှိတို့သည် မှတ်သားအပ်၏။ ထိုသို့မှတ်သားအပ်သော လက္ခဏာသည် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ဒြပ်စွာနိဗ္ဗာန်၌ ထင်ရှားရှိပေ၏။ ထိုသို့ရှိခြင်းကြောင့် ခုဒ္ဒကပါဌအဋ္ဌကထာ၊ မေတ္တာသုတ်အဖွင့်၊ သုတ္တနိပါတ်အဋ္ဌကထာ၊ မေတ္တာသုတ်အဖွင့်တို့၌—

"လက္ခဏတော သန္တံ"ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာမြန်ကား—

လက္ခဏတော၊ အလုံးစုံကုန်သော သင်္ခါရတရားတို့၏ ငြိမ်းကြောင်းဟူသော မှတ်ကြောင်းလက္ခဏာအား ဖြင့်။ သန္တံ၊ သန္တမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို သင်္ခတဖြစ်ကုန်သော သင်္ခါရတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိသောအား ဖြင့် ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သန္တ-ဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်းကား—၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ဒြပ်စွာနိဗ္ဗာန်ကို အဘယ်ကြောင့် သန္တဟုခေါ်ဆိုအပ်သနည်းဟူမူ—ရာဂ အစရှိကုန်သော ကိလေသာတို့ကို ငြိမ်းခြင်းကို ပြုလုပ်တတ်သည်၏အဖြစ်ကြောင့် သန္တဟုခေါ်ဆိုအပ်သည်။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဘိဓာန်ဋီကာ ရှင်သည် သဂ္ဂကဏ္ဍ-နိဗ္ဗာန် အမည်အဖွင့် စာမျက်နှာ (၁၅) ၌လည်းကောင်း၊ အဘိဓာနပ္ပဒီပိကာသူစိကျမ်းဆရာသည် မျက်နှာနံပါတ် (၅၉၂) သန္တအဖွင့်၌လည်းကောင်း၊

"ရာဂါဒီနံ သန္တကရဏတ္တာ သန္တံ"ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ရာဂါဒီနံ၊ ရာဂအစရှိသည်တို့ကို။ သန္တကရဏတ္တာ၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိသောအား ဖြင့် ငြိမ်းခြင်းကိုပြုလုပ်တတ်သည်၏ အဖြစ်ကြောင့်။ သန္တံ၊ သန္တမည်၏။

အဓိပ္ပါယ်ကား—မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ၎င်းအသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြုခြင်းကြောင့်သာလျှင် သင်္ခတဖြစ်ကုန်သော ရာဂစသောကိလေသာတို့သည် နောင်ဖြစ်ပေါ်မှုမရှိသောအား ဖြင့် ငြိမ်းခြင်းသို့ရောက်ကုန်၏။ ထိုသို့သင်္ခတဖြစ်ကုန်သော ရာဂစသော ကိလေသာတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိသောအား ဖြင့် ငြိမ်းခြင်းသို့ရောက်ရ

ခြင်းသည် စင်စစ် မဂ်ကြောင့်လည်းကောင်း၊ နိဗ္ဗာန်ကြောင့် လည်းကောင်း ဖြစ်ပေ၏၊ ထိုသို့ဖြစ်ခြင်းကြောင့် အာရုံ, အာရမ္မဏိကဖြစ်ကုန်သော မဂ်,နိဗ္ဗာန် နှစ်ပါးတို့သည် ယောဂါဝစရခန္ဓာ၌ သခ်ံတဖြစ်ကုန်သော ရာဂအစရှိကုန်သော ကိုလေသာတို့ကို နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းခြင်းကိုပြုလုပ်ကြပေကုန်၏။ ထိုသို့ပြုလုပ်ခြင်းကြောင့် ၎င်းအသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ယောဂါဝစရခန္ဓာအစဉ်၌ သခ်ံတဖြစ်ကုန်သော ရာဂအစရှိကုန်သော ကိလေသာ-တရားတို့ကို နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ငြိမ်းခြင်းကို ပြုလုပ်တတ်သောကြောင့် သန္တအမည်ဖြင့် ခေါ်ဆိုအပ်၏ဟု သိစေခြင်းငှါ (ရာဂါဒိနံ သန္တကရဏာတ္တာ သန္တံ)ဟူသော့စကားကို ငါ ဋ္ဌကာဆရာတို့ ဆိုအပ်သည် ဟူလို။ ဤသို့ ဖွင့်ဆိုအပ်သော အဘိဓာန်ဋ္ဌကာ, အဘိဓာနပ္ပဒီပိကာသူစိကျမ်းဆရာတို့၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သခ်ံတဖြစ်ကုန်သော ရာဂအစရှိကုန်သော ကိလေသာတို့ကို နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းခြင်းကို ပြုလုပ်တတ်သောကြောင့် သန္တဟူသောအမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကိလေသာတို့၏ ငြိမ်းခြင်း၏ အကြောင်းခံဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရာဂစသော ကိလေသာတို့ကို ငြိမ်းခြင်းကို ပြုလုပ်တတ်သောကြောင့်လည်းကောင်း

ငြီးငွေ့သောအားဖြင့် ဆုတ်နစ်စေပြီး၍။ ဝါ၊ တန့်နားစေပြီး၍။ ယဒိဒံ·ယော အယံ၊ အကြင်သို့ သဘောရှိသော။ သဗ္ဗသခ်ါရသမထော၊ အလုံးစုံကုန်သော သခ်ါရတရားတို့၏ ငြိမ်းကြောင်းဖြစ်ထသော။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အလုံးစုံကုန်သော ဥပဓိတရားတို့ကို စွန့်ကြောင်းဖြစ်ထသော။ တဏှာက္ခယော၊ တဏှာ၏ ကုန်ကြောင်းဖြစ်ထသော။ ဝိရာဂေါ၊ ရာဂ၏ ကင်းကြောင်းဖြစ်ထသော။ နိရောဓော၊ ရာဂစသော တရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှု မရှိကြောင်း ဖြစ်ထသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအာဖြင့် ထင်ရှားရှိ၏။ ဧတံ၊ ဤထင်ရှားရှိသော အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်၏။ ဧတံ၊ ဤအသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ ပဏီတံ၊ မွန်မြတ်၏။ ဣတိ၊ ဤသို့။ အမတာယ၊ ပျက်စီးခြင်းမရှိသော။ ဝါ၊ မပျက်မစီးသော။ ဓာတုယာ၊ အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ စိတ္တံ၊ ဗလဝဝိပဿနာစိတ်ကို။ ဥပသံဟရတိ၊ ဆောင်၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တဲ့ သန္ဓံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ငြိမ်သက်သည်၏အဖြစ်ကြောင့် သန္ဓဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ၎င်းပါဠိတော်၏ အဖွင့်ဖြစ်သော နဝကအင်္ဂုတ္တရအဋ္ဌကထာ မဟာဝင်္ဂ ပဉ္စမသုတ်အဖွင့် စာမျက်နှာ (၂၇၈)၌—

အာရမ္မဏဝသေန ဧတံ သန္တံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အာရမ္မဏဝသေန၊ အာရုံ၏ အစွမ်းအားဖြင့်သာလျှင်။ ဧတံ၊ ဤ မင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်၏။ ဝါ၊ ငြိမ်သက်သောသဘော ရှိ၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ငြိမ်သက်သော သဘောရှိသည်၏အဖြစ်ကြောင့် သန္ဓဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး။ ဤတိဝုတ်အဋ္ဌကထာ ဒုကနိပါတ် ဒုတိယဝဂ် သန္ဓအဖွင့်၌—

သန္ဓဘာဝေန စ သန္ဓံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

စ၊ အဘို့တပါးကို ဆိုဦးအံ့။ သန္တဘာဝေန၊ ငြိမ်သက်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ သန္တံ၊ သန္တ မည်၏။ ဤသို့ ပြဆိုအပ်သည်ကိုထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သန္တဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သန္တဟု၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်, အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဓမ္မပဒပါဠိတော်၊ ဘိက္ခုဝဂ်-ပဉ္စသတဘိက္ခုဝတ္ထုဠ္ဍလည်းကောင်း၊ ၎င်းဓမ္မပဒပါဠိတော်၊ ၎င်းဘိက္ခုဝဂ်-ဝက္ကလိ-ထေရဝတ္ထုဠ္ဍလည်းကောင်း—

အဓိဂစ္ဆေ ပဒံ သန္တံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ပဒံ၊ အရိယာတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်ထသော။ သန္တံ၊ မတုန်မလှုပ် ငြိမ်သက်ခြင်းရှိသော။ ဝါ၊ ငြိမ်သက်သော သဘောရှိသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အဓိဂစ္ဆေ၊ ရလေရာ၏။ ဝါ၊ တနည်းကား။ အဓိဂစ္ဆေ-အဓိဂစ္ဆေယျ၊ မဂ်လေးတန်ဖြင့် ထိုးထွင်း၍ သိခြင်းသို့ ရောက်လေရာ၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်တို့တွင် သန္တံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ငြိမ်သက်ခြင်းရှိသောကြောင့် (ဝါ) ငြိမ်သက်သောသဘောရှိသောကြောင့် သန္တဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို သင်္ခါရူပသမဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သန္တဟူသော အမည်ဖြင့်သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သင်္ခါရူပသမဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်း အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သင်္ခါရူပသမဟု ခေါ်ဆိုအပ်သနည်းဟူမူ—အလုံးစုံကုန်သော သင်္ခါရဟူသော တို့၏ ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သင်္ခါရူပသမဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော

မကြောင့် ဣတိဝုတ်ပါဠိတော်၊ ဒုကနိပါတ်-ဒုတိယဝဂ်-ခြောက်ခုမြောက်သုတ် စာမျက်နှာ(၂၂၀)၌—

သင်္ခါရုပသမော သုခေါ။

ဟူ၍ ဟောတော်မူအပ်လေသည်။ အနက်သိကြောင်း မြန်မာပြန်ကား—

သင်္ခါရုပသမော၊ အလုံးစုံသော သင်္ခါရတရားတို့၏ နောင် ဖြစ်ပေါ်မှု မရှိသောအားဖြင့် ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်-သဘောသည်။ သုခေါ၊ ချမ်းသာလှပေ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားတော်တို့တွင် သင်္ခါရုပ-သမောဟူသော စကားတော်ကိုထောက်၍ ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အလုံးစုံကုန်သော သင်္ခတ တရားတို့၏ နောင် ဖြစ်ပေါ်မှု မရှိသောအားဖြင့် ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သင်္ခါရုပသမဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဓမ္မပဒပါဠိတော်၊ဘိက္ခုဝဂ်-သမ္မဟုလဘိက္ခုဝတ္ထုဠ်—

အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရုပသမံ သုခံ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် သင်္ခါရုပသမံဟူသော စကားတော်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ပဒံ၊ အရိယာတို့သည် မဂ်ဖြင့် ရောက်အပ်ထသော။ သန္တံ၊ မတုန်မလှုပ် ငြိမ်သက်ခြင်းသဘောရှိထသော။ သင်္ခါရုပသမံ၊ အလုံးစုံကုန်သော သင်္ခါရတရား တို့၏ နောင် ဖြစ်ပေါ်မှု မရှိသောအားဖြင့် ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန် တည်းဟူသော။ သုခံ၊ ချမ်းသာကို။ အဓိဂစ္ဆေ၊ ရလေရာ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သင်္ခါရုပသမံဟူသော စကားတော်ကိုထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အလုံးစုံကုန်သော သင်္ခါရတရားတို့၏ ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သင်္ခါရုပသမဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်

သေး၊ ဣတိဝုတ်အဒ္ဓကာသာ၊ ဒုကနိပါတ် ဒုတိယဝဂ်-ခြောက်ခုမြောက် သုတ်-သခ်ါရုပသမအဖွင့် စာမျက်နှာ (၁၅၇) ၌—

ဒုက္ခဓမ္မာနံ သဗ္ဗသခ်ါရာနံ ဥပသမဟေဘုတာယ သခ်ါရုပသမော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဒုက္ခဓမ္မာနံ၊ ဒုက္ခတရားဖြစ်ကုန်သော။ သဗ္ဗသခ်ါရာနံ၊ အလုံးစုံကုန်သော သခ်ါရတို့၏။ ဥပသမဟေတုတာယ၊ ငြိမ်းခြင်း၏ အကြောင်းခံ၏ အဖြစ်ကြောင့်။ သခ်ါရုပသမော၊ သခ်ါရုပသမ မည်၏။

အဓိပ္ပါယ်ကား – အလုံးစုံကုန်သော သခ်ါရတရားတို့၏ ဒုက္ခ၏ အဖြစ်ကို ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ ရှုမြင်ခြင်းကြောင့် ၎င်း သခ်ါရတရား ဒုက္ခတို့ကို စက်ဆုပ်သည်ဖြစ်၍ ၎င်းတရားတို့မှ လွတ်ရာကိုရှာလေသော် ၎င်းသခ်ါရ-ဒုက္ခတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်လျက် တဘက်စီနေသော နိဗ္ဗာန်တည်းဟူသော သုခတရားကို စင်စစ်မှီခိုရာ, ပုန်းအောင်းရာ အဖြစ်ဖြင့် တွေ့မြင်လေတော့၏။ အဘယ်ကြောင့် တွေ့မြင်လေသနည်းဟူမူ – ဓမ္မသဘာဝအားဖြင့် ပဋိပက္ခဖြစ်လျက် ထင်ရှားရှိနေသည်ကို သိမြင်ခြင်းကြောင့်ပင် တွေ့မြင်လေသတည်း၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သောအသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသော သုခကို မှီခိုရာ, ပုန်းအောင်းရာအဖြစ်ဖြင့် သိမြင်ပြီးသော ဝိပဿကပုဂ္ဂိုလ်သည် အလုံးစုံကုန်သော သခ်ါရတရားတို့၏ ဒုက္ခကိုမြင်လေလေ ၎င်းဒုက္ခ၏ဆန့်ကျင်ဘက်ဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ချမ်းသာသောအနေအားဖြင့် သိမြင်လေလေသာ ဖြစ်၏။ ထိုသို့သိမြင်လေလေ မှီခိုရာ, ပုန်းအောင်းရာ အဖြစ်ဖြင့် အာရုံပြု၍ ရောက်လေလေသာ ဖြစ်၏။ ထိုသို့အာရုံပြုသောအားဖြင့် ရောက်ဖန်များ၍ ဉာဏ်ရင့်လတ်သော် အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ထိုက်သည်အား လျော်စွာ ထိုးထွင်း၍ သိမြင်လေတော့၏။ ထိုသို့သိမြင်ခြင်းကြောင့် အလုံးစုံကုန်သော နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော သခ်ါရ ဒုက္ခတရားတို့သည် နောင်ဖြစ်ပေါ်မှုမရှိကုန်ဘဲ အကြွင်းမရှိ ကွယ်ငြိမ်းလေကုန်၏။ ထိုသို့ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော သခ်ါရဒုက္ခတို့၏ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံ တရားသည် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန် တရားသာလျှင် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းမဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံကုန်သော ဒုက္ခတရားဖြစ်ကုန်သော သခ်ါရတရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သခ်ါရုပသမဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို

ထင်ရှားသိစေလိုသောကြောင့် (ဒုက္ခဓမ္မာနံ သဗ္ဗသခ်ိဳရာနံ ဥပသမဟေတု-တာယ သခ်ိဳရူပသမော) ဟူသော စကားတော်ကို ၎ါ အဋ္ဌကထာဆရာ ဆိုအပ်လေသည် ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော ဣတိဝုတ် အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂုဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတမဟာတ် နိဗ္ဗာန်ကို ဒုက္ခတရားဖြစ်ကုန်သော အလုံးစုံကုန်သော သခ်ိဳရတရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းခြင်း၏အကြောင်းခံဖြစ်သောကြောင့် သခ်ိဳရူပသမဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဓမ္မပဒအဋ္ဌကထာ၊ ဘိက္ခု ဝဂ်-သမ္မဟုလဘိက္ခုဝတ္ထု သခ်ိဳရူပသမအဖွင့်၌—

သဗ္ဗသခ်ိဳရာနံ ဥပသန္တတာယ သခ်ိဳရူပသမံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သဗ္ဗသခ်ိဳရာနံ၊ အလုံးစုံကုန်သော သခ်ိဳရတရားတို့၏။ ဥပသန္တတာယ၊ ငြိမ်းကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့်။ သခ်ိဳရူပသမံ၊ သခ်ိဳရူပသမမည်၏။ အနက် အဓိပ္ပါယ်သည် ရှေးနည်းအတိုင်းသာတည်း။

ဤသို့ ဖွင့်ဆိုအပ်သော ဓမ္မပဒအဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂုဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်ကို အလုံးစုံကုန်သော သခ်ိဳရတရားတို့၏ နောင် ဖြစ်ပေါ်မှု မရှိသောအားဖြင့် ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သခ်ိဳရူပသမဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဆရာတို့၏ အလိုအားဖြင့် ဝိဂြိုဟ်ပြုလုပ်လိုသော်—

သခ်ိဳရာ ဥပသမန္တိ ဧတေနာတိ သခ်ိဳရူပသမော။

ဟူ၍ ဟေတုသာဓန ကိတ်ဝိဂြိုဟ် ပြုလုပ်ရာ၏။

ဧတေန၊ ထိုမင်္ဂုဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်ကြောင့်။ သခ်ိဳရာ၊ အလုံးစုံကုန်သော နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော သခ်ိဳရတရားတို့သည်။ ဥပသမန္တိ၊ ငြိမ်းလေကုန်၏။ ဤတိတသ္မာ၊ ထိုသို့ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော အလုံးစုံကုန်သော သခ်ိဳရတရားတို့၏ ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ သော အသခ်္ခတမဓာတ်သည် ထိုမင်္ဂုဖိုလ်တို့၏

အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားသည်။ သင်္ခါရူပသမော၊ သင်္ခါရူပသမ မည်၏။ (ဤဝိဂြိုဟ်အရကောက်ကို ထုတ်ပြလိုမူ–ကတ္ထုကြိယာ၏အရကား– အလုံးစုံကုန်သော နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော သင်္ခါရတို့၏ဖြစ်ပေါ်မှုမရှိခြင်း တည်းဟူသော အဘာဝပညတ်ရ၏။ ဟေဘွတ္ထကြိယာ၏ အရကား– နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော အလုံးစုံကုန်သော သင်္ခါရတရားတို့၏ နောဝ် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ရ၏။) ထိုသို့ရခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော သင်္ခါရတရားတို့၏ ဖြစ်ပေါ်မှု မရှိသောအားဖြင့် ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သင်္ခါရူပသမဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ခေမဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သင်္ခါရူပသမဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ခေမဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ခေမဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ–ရာဂမီး အစရှိသော မီးဟူသမျှတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ခေမဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော မြတ်စွာဘုရားရှင်သည် သင်္ဃာယတနသံယုတ်ပါဠိတော်၊ အသင်္ခတသံယုတ် စာမျက်နှာ (၅၄၂) ၌—

> ကတမဉ္စ ဘိက္ခဝေ ခေမံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ခေမံ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ခေမံ၊ ခေမဟု ခေါ်ဆိုအပ်သော တရားတော်သည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်လည်းကောင်း။ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရိယတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ၎ဆိုအပ်ပြီးသော ရာဂ, ဒေါသ, မောဟ တို့၏ ကုန်ကြောင်းဖြစ်သော

အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ခေမံ၊ ခေမအမည် ရှိ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သည်ကိုထောက်၍ ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ရဟန်းစသည်တို့၏ကုန်ကြောင်းဖြစ်သောကြောင့် ခေမဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ-နိဗ္ဗာန်အမည်အဖွင့် စာမျက်နှာ (၁၇) ၌—

ခယန္တိ ဝါ ဧတေန ရာဂဂ္ဂိအာဒယောတိ ခေမံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ အဘိဓာနပ္ပဒီပိကာသူစီ မျက်နှာနံပါတ် (၁၇၃) ခေမ-အဖွင့်၌—

ခယန္တိ ဝါ ဧတေန ရာဂဂ္ဂိအာဒယောတိ ခေမံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ဧတေန၊ ထို မဂ်,ဖိုလ် တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကြောင့်။ ရာဂဂ္ဂိအာဒယော၊ ရာဂမီးစသည်တို့သည်။ ခယန္တိ၊ ကုန်လေကုန်၏။ ဣတိတသ္မာ၊ ထို့သို့ ရာဂမီးစသည်တို့၏ ကုန်ကြောင်းဖြစ်သော သတ်တိကြောင့်။ တံ နိဗ္ဗာနံ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ခေမံ၊ ခေမ မည်၏။

အဓိပ္ပါယ်ကား—အကြင် ယောဂါဝစရ ပုဂ္ဂိုလ်သည် သခ်ံတ ဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်တရားတို့ကို ရာဂစသော (၁၁) ပါးသော မီးတို့ဖြင့် တပြောင်ပြောင် တောက်လောင်အပ်သည်တို့ကို ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ ရှုမြင်သည်ရှိသော် ၎င်း တရားတို့ကို စက်ဆုပ်ငြီးငွေ့ပြီးလျှင် ၎င်းတို့မှ လွတ်ရာကို ရှာလေသော် စင်စစ် မဖြစ်, မပျက်သောသဘော အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင် (၁၁) ပါးသော မီးတို့ဖြင့် မတောက်လောင်အပ်သည်၏ အဖြစ်ဖြင့် စင်စစ် သိမြင်လေတော့၏။ ထို့သို့ သိမြင်ပြီး၍ အာရုံပြုသောအားဖြင့် ၎င်း အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့ စေလွှတ်ဖန် များလတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ ရောက်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်ဖြင့် ၎င်း အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ သိမြင်လေတော့၏။ ထို့သို့ ထိုးထွင်း၍ သိမြင်ခြင်းကြောင့်

ယောဂါဝစရ ခန္ဓာအစဉ်၌ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ရာဂအစရှိကုန်သော မီးတို့သည် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကုန်ကြလေကုန်၏။ အရဟာတ္တဖိုလ်သို့ ရောက်သောအခါ ကုန်ပြီးဖြစ်လေကုန်၏။ ထိုသို့ ရာဂအစရှိကုန်သော မီးတို့၏ ကုန်ခြင်း၏ အကြောင်းခံတရားသည် စင်စစ် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သာလျှင်တည်း။ ထို့ကြောင့် ၎င်းမဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ရာဂမီးစသည်တို့၏ နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ငြိမ်းခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ခေမဟူ၍ ခေါ်ဆိုအပ်သည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ ပြဆိုအပ်သော ဋီကာရှင်တို့၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ရာဂမီးအစရှိကုန်သော မီးဟူသမျှတို့၏ ငြိမ်းခြင်း၏အကြောင်းခံဖြစ်သောကြောင့် ခေမ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပြဆို အပ်ကုန်ပြီးသော ပါဠိတော် ဋီကာ တို့ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ခေမ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိအပ်သည် မဟုတ်သေး၊ ထေရဂါထာပါဠိတော်၊ တိကနိပါတ် ဗာကုလထေရဂါထာ၌လည်းကောင်း၊ ဟာရိတထေရဂါထာ၌ လည်းကောင်း၊

"သမ္မာသမ္မဒ္ဒဒေသိတံ၊အသောကံ ဝိရဇံ ခေမံ။" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်တို့တွင် ခေမံ ဟူသောပါဌ်ကို ထောက်၍လည်းကောင်း၊

ဌ၎င်းပါဠိတော် မဟာနိပါတ်ဝဏ္ဏိသထေရဂါထာ၌—

"ခေမံ နိဗ္ဗာန ပတ္တိယာ။" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ခေမံ ဟူသော စကားတော်ကို ထောက်၍လည်းကောင်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ခေမ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေဦး။

အနက် သိကြောင်း မြန်မာပြန်ကား—

သမ္မာသမ္မဒ္ဒဒေသိတံ၊မဖောက်မပြန် သစ္စာလေးပါး တရားတို့ကို မိမိအလိုလို သယမ္ဘူ။ ဉာဏ်တော်ဖြင့် အကြင်းမရှိ ထိုးထွင်း၍ သိတော်မူပြီးသောကြောင့် သမ္မာသမ္မဒ္ဒ အမည်တော်ရသော ဘုရားရှင်သည် ဟောတော်မူအင်္ဂသော။ အသောကံ၊ စိုးရိမ်ခြင်းလည်း မရှိထသော။ ဝိရဇံ၊ ကိလေသာ တည်းဟူသော မြူမှုန်လည်း ကင်းစင်တော်မူထသော့။ ခေမံ၊ ရာဂမီး ဒေါသစသည်တို့၏ ကုန်

ကြောင်းဖြစ်သော အာသဒ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏။ ဤကား ပဌမပါဋိတော်၏ မြန်မာပြန်တည်း။

ခေမံ၊ ရာဂမီးအစရှိသည်တို့၏ ကုန်ကြောင်းဖြစ်သော။ နိဗ္ဗာနံ၊ မီး (၁၁) ပါး တို့၏ ငြိမ်းကြောင်းဖြစ်သော အာသဒ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ပတ္တိယာ၊ ရောက်ခြင်းငှါ။ ဤကား ဒုတိယပါဋိတော်ပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော်မူအပ်ကုန်သော ပါဋိတော် စကားရပ်တို့တွင် ခေမဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံ ဖြစ်သော အာသဒ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ရာဂမီး အစရှိသည်တို့၏ ကုန်ကြောင်း ဖြစ်သော ကြောင့် ခေမ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အာသဒ်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ရာဂမီးစသည်တို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်သာ ခေမ ဟူသော အမည်ဖြင့် ခေါ်ဆို အပ်သည် မဟုတ်သေး၊ ဘေးရန် ဥပဒ္ဒဝါတို့၏ ကုန်ရာမရှိရာ သဘော၏ အဖြစ်ကြောင့်လည်း ခေမ ဟူ၍ ခေါ်ဆိုအပ်သေး၏။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို နေတ္တိပါဋိတော်၊ ဝေဝစနဟာရဋ္ဌ ခေမံ ဟူ၍ လည်းကောင်း၊ ၎င်းနေတ္တိ အဋ္ဌကထာ ဝေဝစနဟာရအဖွင့် စာမျက်နှာ (၁၃၉)၌—

"စတူဟိ ယောဂေဟိ အနုပဒ္ဒဝဘာဝေန ခေမံ။" ဟူ၍ လည်းကောင်း၊ သဋ္ဌာယတန သံယုတ် အဋ္ဌကထာ၊ အသဒ်တ သံယုတ် စာမျက်နှာ(၁၄၉)၌—

"နိရုပဒ္ဒဝတာယ ခေမံ။"ဟူ၍ လည်းကောင်း၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည် အဖွင့် စာမျက်နှာ (၁၇)၌ နိဗ္ဘယဋ္ဌေန ခေမံ။ ဟူ၍လည်းကောင်း၊ အဘိဓာနပပဉ္စိကာသူစိ မျက်နှာ နံပါတ် (၁၇၃) ခေမ အဖွင့်၌ "နိဗ္ဘယဋ္ဌေန ခေမံ။"ဟူ၍လည်းကောင်း မိန့်ဆိုအပ်လေသည်။

ခေမံ၊ဘေးရန်ဥပဒ္ဒဝါတို့၏ ကုန်ရာမရှိရာ သဘောဖြစ်သော နိဗ္ဗာန်။ဤကား နေတ္တိ ပါဋိတော်၏ မြန်မာပြန်တည်း။

စတူဟိ၊ လေးပါးကုန်သော။ယောဂေဟိ၊ယောဂတို့ဖြင့်။ အနုပဒ္ဒဝဘာဝေန၊ ဘေးရန် ဥပဒ္ဒဝါတို့၏ မရှိရာ သဘော၏ အဖြစ်ကြောင့်။ ခေမံ၊ ခေမ မည်၏။ ဤကား နေတ္တိ အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

နိရုပဒ္ဒဝတာယ၊ ဘေးရန် ဥပဒ္ဒဝါတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့်။ ခေမံ၊ ခေမ မည်၏။ ဤကား သံယုတ်အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

နိဗ္ဘယဋ္ဌေန၊ ဘေးမရှိရာသဘောကြောင့်။ ခေမံ၊ ခေမ မည်၏။ ဤကား အဘိဓာန်ဋီကာ အဘိဓာနပပဉ္စိကာသူစိပါဠ်တို့၏ မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား—

သန်တဖြစ်ကုန်သော နာမ်ရုပ်တရားတို့၌ ယောဂ သြဃ အစ ရှိကုန်သော ဘေးရန် ဥပဒ္ဒဝေါ၊ ရာဂအစရှိကုန်သော ဘေးရန် ဥပဒ္ဒဝေါ၊ ဇာတိ ဇရာ မရဏ အစရှိကုန်သော ဘေးရန် ဥပဒ္ဒဝေါတို့သည် ထင်ရှားရှိကုန်၏။ ငင်းသန်တ တရား တို့၏ ဆန့်ကျင်ဘက် ဖြစ်လျက် အမြဲ တည်ရှိသော မဖြစ်မပျက်သော သဘော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌မူကား ထိုဆိုအပ်ပြီးသော ယောဂ သြဃ ရာဂစသော ဘေးရန် ဥပဒ္ဒဝေါတို့သည် လည်းကောင်း၊ ဇာတိ, ဇရာ, မရဏ စသော ဘေးရန် ဥပဒ္ဒဝေါတို့သည် လည်းကောင်း၊ စင်စစ် အခါခပ်သိမ်း မရှိကုန်။ ထိုသို့ ဘေးရန် ဥပဒ္ဒဝေါတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိဆောဓသစ္စာနိဗ္ဗာန်ကို ခေမ ဟူ၍ ခေါ်ဆိုအပ်သည် ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ပြဆိုအပ်ကုန်သော ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ လည်း အလုံးစုံကုန်သော ဘေးရန် ဥပဒ္ဒဝေါတို့၏ မရှိရာသဘော၏ အဖြစ် ကြောင့်လည်း ခေမဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပြဆိုအပ်ကုန်ပြီးသော ပါဠိတော်, အဋ္ဌကထာတို့ဖြင့်သာ ၎င်းမဂ်ဖိုလ် တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ခေမ ဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသပါဠိတော်၊ ဇရာသုတ္တနိဒ္ဒေသ စာမျက်နှာ (၁၀၀)၌—

ခေမံ ဝုစ္စတိ အမတံ နိဗ္ဗာနံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

အမတံ၊ မပျက်မစီးသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်း ဖြစ် သော အသန်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ခေမံ၊ ခေမဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော မဟာနိဒ္ဒေသပါဠိတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ခေမ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဥပဓိက္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ခေမ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဥပဓိက္ခယ ဟူ၍လည်း ခေါ်ဆို

အပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂုိလ်တို့၏ အာရုံဖြစ်သော အသင်္ခတ ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဥပဓိက္ခယ ဟု ခေါ်ဆိုအပ်သနည်း ဟူမူ ဥပဓိ-တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဥပဓိက္ခယ ဟု ခေါ်ဆို အပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ကြောင့် ဣတိဝုတ် ပါဠိတော်၊ ကေနိပါတ်- တတိယဝဂ်- ခုနစ်ခုမြောက်သော သုတ် စာမျက်နှာ (၂၀၉)၌—

ပဿတော ဥပဓိက္ခယံ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဥပဓိက္ခယံ၊ ဥပဓိတရားတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်ကို။ ပဿတော၊ မြင်သော သူအား။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ဥပဓိက္ခယံ ဟူသော စကားတော်ကို ထောက်၍ ၎င်းမင်္ဂုိလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို နောင် ဖြစ်ပေါ်လတ္တံ့ ကုန်သော ဥပဓိ-တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဥပဓိက္ခယဟု ခေါ်ဆို အပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။

ဤ ပါဠိတော်ဖြင့်သာ ၎င်းမင်္ဂုိလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဥပဓိက္ခယ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိအပ်သည် မဟုတ်သေး။ ၎င်း ဣတိဝုတ် အဋ္ဌကထာ၊ ကေနိပါတ် တတိယဝဂ် သတ္တမသုတ်အဖွင့် စာမျက်နှာ (၈၈)၌—

ပဿတော ဥပဓိက္ခယန္တိ ဥပဓိက္ခယော တိ ဟိ နိဗ္ဗာနံ ဝုစ္စတိ။ တဉ္စ သစ္ဆိကိရိယာဘိသမယဝသေန မဂ္ဂဉာဏေန ပဿတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ပဿတော ဥပဓိက္ခယန္တိ၊ ပဿတော ဥပဓိက္ခယံ ဟူသည်ကား။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန် ကို။ ဟိ ယသ္မာ၊ အကြင် ဥပဓိတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သော ကြောင့်။ ဥပဓိက္ခယော တိ၊ ဥပဓိက္ခယ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ တဉ္စ၊ ထို ဥပဓိက္ခယ အမည်ရသော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုလည်း။ အဿ၊ ထို ဝိပဿနာရှုသော ယောဂါဝစရပုဂ္ဂိုလ်၏။ မဂ္ဂ-

ဉာဏေန၊ မဂ်ဉာဏ်ဖြင့်။ သစ္ဆိကိရိယာဘိသမယဝသေန၊ မျက်မှောက်ပြုသော အားဖြင့် ထိုးထွင်း၍ သိခြင်း၏ အစွမ်းဖြင့်။ ပဿတိ၊ မြင်၏။

အဓိပ္ပါယ်ကား– ဇာတိ, ဇရာ, မရဏ စသည်တို့၏ တည်ရာ ဖြစ်သော ဥပဓိတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် ဇာတိ, ဇရာ, မရဏ စသော မီးတို့ဖြင့် တပြောင်ပြောင်တောက်လောင်နေအပ်သည်ကို အဖန်တလဲလဲ ရှုမြင်နေသော ယောဂါဝစရပုဂ္ဂိုလ်သည် ၎င်းဥပဓိတရားတို့ကို အလွန်ငြီးငွေ့စက်ဆုပ်အပ်ကုန်သည်ဖြစ်၍ ၎င်းတို့မှ လွတ်ရာကိုရှာလေသော် စင်စစ် မဖြစ်မပျက်သော သဘောလက္ခဏာရှိသော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင် ၎င်းဥပဓိတရားတို့မှ လွန်မြောက်သော အနေအားဖြင့် တွေ့မြင်လေတော့၏။ ထိုသို့ တွေ့မြင်အပ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်သာလျှင် ဇာတိ, ဇရာ, မရဏ စသော မီးတို့ဖြင့် အခါခပ်သိမ်း မလောင်အပ်သည်၏ အဖြစ်ကြောင့် အမြဲချမ်းသာယာမှု ရှိသည်၏အဖြစ်ကို ထပ်မံ၍ တဖန်ထင်ရှားသိမြင်လေတော့၏။ ထိုသို့ သိမြင်ပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ဥပဓိတရားတို့ကို ဇာတိ, ဇရာ, မရဏစသော မီးတို့ဖြင့် တပြောင်ပြောင် တောက်လောင်နေအပ်သည်တို့ကို အဖန် တလဲလဲရှု၍ မြင်လေလေ ၎င်း ဥပဓိတရားတို့မှ လွန်မြောက်၍ အမြဲကည်နေသော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၏ မြေချမ်းသာသည်၏ အဖြစ်ကို ဗလဝဝိပဿနာဉာဏ်ဖြင့် သိမြင်လေသာ ဖြစ်၏။ ထိုသို့ သိမြင်ပြီး၍ အာရုံပြုသောအားဖြင့် စေလွှတ်ဖန်များလတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ ရောက်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်ဖြင့် ထိုက်သည်အားလျော်စွာ မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသို့ ရောက်လေ၏။ ထိုသို့ မဂ်လေးတန်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသို့ ရောက်ခြင်းကြောင့် ယောဂါဝစရ ခန္ဓာအစဉ်၌ နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော ကိလေသာ အစရှိကုန်သော ဥပဓိတရားတို့သည် နောင် အဆက်ဆက် ဖြစ်ပေါ်မှု မရှိသောအားဖြင့် ကုန်ခန်းလေကုန်၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ကုန်ခန်းပြီးဖြစ်လေကုန်၏။ ထိုသို့ ကိလေသာ အစရှိကုန်သော ဥပဓိတရားတို့၏ ကုန်ခန်းခြင်း၏ အကြောင်းခံတရားသည် စင်စစ် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သာလျှင်တည်း။ ထိုကြောင့် ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ကိလေသာ အစရှိကုန်သော ဥပဓိတရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကုန်ခန်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဥပဓိကွယဟူ၍ ခေါ်ဆိုအပ်သည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို

ကိလေသာ အစရှိကုန်သော ဥပဓိတရားတို့၏ ကုန်ခန်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဥပဓိကွယဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပြဆိုအပ်ကုန်ပြီးသော ပါဠိတော်, အဋ္ဌကထာတို့အရ၊ ဝိဂြိုဟ်ပြုလုပ်လို သော်–ဥပဓယော ခယန္တိ ဧတေနာတိ ဥပဓိက္ခယော။ ဟူ၍ ဟေတု သာဓန-ကိတ် ဝိဂြိုဟ်ကို ပြုလုပ်ရာ၏။

ဧတေန၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကြောင့်။ ဥပဓယော၊ ကိလေသာ အစရှိကုန်သော ဥပဓိတရားတို့သည်။ ခယန္တိ၊ ကုန်လေကုန်၏။ ဤတိတသ္မာ၊ ထိုသို့ ကိလေသာအစရှိကုန်သော ဥပဓိတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သော သတ္တိကြောင့်။ သော အသင်္ခတ-ဓမ္မော၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောအသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်တရားတော်သည်။ ဥပဓိက္ခယော၊ ဥပဓိက္ခယ မည်၏။ (ဤ ဝိဂြိုဟ် ပြုလုပ်ရာ၌ အရကောက်ကို ထုတ်ပြလိုသော်–ကတ္တုတ္ထ-ကြိယာ၏ အရကား–ကိလေသာ အစရှိကုန်သော ဥပဓိတရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကုန်ခြင်း တည်းဟူသော အဘာဝပညတ် ရ၏။ ဟေတုတ္ထကြိယာ၏ အရကား–ၚင်း ဥပဓိ တရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကုန်ခြင်း၏ အကြောင်းခံဖြစ် သော အသင်္ခတဓာတ် နိဗ္ဗာန် ရ၏။) ထိုသို့ ရခြင်းကြောင့် ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို ကိလေ သာ အစရှိကုန်သော ဥပဓိတရားတို့၏ နောင် ဖြစ်ပေါ်မှု မရှိသောအားဖြင့် ကုန်ခြင်း၏အကြောင်းခံ ဖြစ်သောကြောင့် ဥပဓိက္ခယဟူသော အမည်ဖြင့် ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဥပဓိသင်္ခယဟူ၍ ခေါ်ဆိုအပ်ကြောင်း

ၚင်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို ဥပဓိတရားတို့၏ ကုန်ကြောင်းဖြစ်သောကြောင့် ဥပဓိက္ခယ ဟူ၍သာ ခေါ်ဆို အပ်သည် မဟုတ်သေး၊ ဥပဓိသင်္ခယ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် စတုက္က-အဂ်ုတ္တိုရ်ပါဠိတော်၊ ဥရုဝေလဝဂ်-တတိယသုတ် စာမျက်နှာ(၃၃၂)၌—

ဝိမုတ္တော ဥပဓိသင်္ခယေ။

ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

ဥပဓိသခ်ယေ၊ ဥပဓိတရားတို့၏ ကုန်ကြောင်းဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၌။ ဝိမုတ္တော၊ အထူးသဖြင့် အရဟတ္တဖိုလ် တည်းဟူသော ဝိမုတ္တိဖြင့် ညွတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ဥပဓိသခ်ယေ ဟူသော စကားတော်ကိုထောက်၍ ဥပဓိသခ်ယဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ စတုက္ကအင်္ဂုတ္တိရ် အဋ္ဌကထာ ဥရုဝေလဝဂ်-တတိယသုတ် ဥပဓိသခ်ယအဖွင့် စာမျက်နှာ(၂၇၀)၌—

ဝိမုတ္တော ဥပဓိသခ်ယေတိ ဥပဓိသခ်ယသခ်္ခါတေ နိဗ္ဗာနေ တဒါ-
ရမ္မဏာယ ဖလဝိမုတ္တိယာ ဝိမုတ္တော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဝိမုတ္တော ဥပဓိသခ်ယေတိ၊ ဝိမုတ္တော ဥပဓိသခ်ယေ ဟူသည်ကား။ ဥပဓိ-သခ်ယသခ်္ခါတေ၊ ကိလေသာ အစရှိကုန်သော ဥပဓိတရားတို့၏ ကုန်ကြောင်း ဖြစ်သော။နိဗ္ဗာနေ၊ မီး(၁၁) ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၌။ တဒါရမ္မဏာယ၊ ထိုနိဗ္ဗာန်လျှင် အာရုံရှိသော။ ဖလ-ဝိမုတ္တိယာ၊ အရဟတ္တဖိုလ် တည်းဟူသော ဝိမုတ္တိဖြင့်။ ဝိမုတ္တော၊ ညွတ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား—

ဥပဓိတရားတို့၏ ကုန်ခြင်း၏အကြောင်းခံဖြစ်သော အသခ်္ခတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်ကို အရဟတ္တမဂ်ဖြင့် အာရုံ ပြုခြင်းကြောင့် သာလျှင် ကိလေသာ အစရှိကုန်သော ဥပဓိ တရားတို့သည် နောင်ဖြစ်ပေါ်မှု မရှိသော အားဖြင့် ကုန်ခန်း ခြင်းသို့ ရောက်ကုန်၏။ ထိုသို့ ကုန်ခန်း ခြင်းကြောင့် အရဟတ္တ ဖိုလ်သို့ ရောက်သောအခါ ကိလေသာ အစရှိကုန်သော ဥပဓိတရားတို့သည် ကုန်ပြီးဖြစ်လေကုန်၏။ ထိုသို့ ကိလေသာ အစရှိကုန်သော ဥပဓိတရားတို့၏ ကုန်ခြင်း၏အကြောင်းခံ တရားသည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတ ဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားသာလျှင် ဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းအသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဥပဓိ တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဥပဓိသခ်ယဟုခေါ်ဆိုအပ်သည်။ ထိုဥပဓိသခ်ယ ဟု ခေါ်ဆိုအပ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၌ အရဟတ္တဖိုလ် တည်းဟူသော အရဟတ္တဖလ ဝိမုတ္တိဖြင့် အာရုံပြုသောအားဖြင့် ညွတ်နေသည်

ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာ စကား ရပ်တို့တွင် ဥပဓိသခ်ယေဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဥပဓိတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဥပဓိသခ်ယဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဆန္ဒရာဂဝိနယဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်ကို ဥပဓိက္ခယ ဥပဓိသခ်ယ ဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ ဆန္ဒရာဂ ဝိနယ ဟူ၍လည်း ခေါ်ဆို အပ်သေး၏။ အဘယ်ကြောင့် ဆန္ဒရာဂ ဝိနယ ဟု ခေါ်ဆိုအပ်သနည်း ဟူမူ ယောဂါဝစရ ပုဂ္ဂိုလ်တို့၏ ခန္ဓာအစဉ်၌ဖြစ်သော ဆန္ဒရာဂတရား၏နောင်ဖြစ်ပေါ်မှု မရှိသော အာဒီးဖြင့် ပျောက်ကွယ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဆန္ဒရာဂ ဝိနယဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို တိကအဂ်ုတ္တိရ်ပါဠိတော်၊ သမ္မောဓဝဂ် ပဌမသုတ် စာမျက်နှာ (၂၆၁)၌—

> ယော လောကေ ဆန္ဒရာဂပဋိဝိနယော ။ပ။ ဣဒံ လောကေ နိဿရဏန္တိ။

ဟူ၍ ဟောတော်မူအပ်လေသည်။ မြန်မာပြန်ကား—

> လောကေ၊လောကဒ်။ ယော ဆန္ဒရာဂပဋိဝိနယော၊ အကြင် လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂတရားတို့၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံ ဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂတရား၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ပျောက်ကွယ်ခြင်း၏ အကြောင်းခံဖြစ်သော အသခ်္ခတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်သည်။ လောကေ နိဿရဏံ၊ လောကနိဿရဏမည်၏။ ဝါ၊ လောကမှ ထွက်မြောက်နေသော တရားမည်၏။ ဣတိ-သော ပရိဝိတက္ကော၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်ပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ဆန္ဒရာဂဝိနယဟူသော စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်ကို ဆန္ဒရာဂတရား၏ နောင်ဖြစ်ပေါ်မှု မရှိဘဲ ပျောက်ကွယ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဆန္ဒ ရာဂ ဝိနယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဟောတော်မူအပ်သော ပါဠိတော်ဖြင့်သာ ၎င်းမင်္ဂဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဆန္ဒရာဂ၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဆန္ဒရာဂ ဝိနယဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ ၎င်းပါဠိတော်၏အဖွင့် ဖြစ်သော တိကအင်္ဂုတ္တရ အဋ္ဌကထာ၊ သမ္မောဓဝဂ် ပဌမသုတ် ဆန္ဒရာဂ ဝိနယ အဖွင့်(၂၃၀)၌—

ဆန္ဒရာဂပဋိဝိနယောတိ နိဗ္ဗာနံ အာဂမ္မ အာရဗ္ဘ ပဋိစ္စ ဆန္ဒရာဂေါ ဝိနယံ ဂစ္ဆတိ ။ပ။ တသ္မာ နိဗ္ဗာနံ ဆန္ဒရာဂ ဝိနယော ။ပ။ တိ ဝုစ္စတိ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ဆန္ဒရာဂပဋိဝိနယောတိ၊ ဆန္ဒရာဂပဋိဝိနယော ဟူသည်ကား။ နိဗ္ဗာနံ၊ မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစဲပြု၍။ ဝါ၊ မင်္ဂဖြင့် ရောက်၍။ အာရဗ္ဘ၊ အာရုံပြု၍။ ပဋိစ္စ၊ စဲ၍။ ဆန္ဒရာဂေါ၊ လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂတရားသည်။ ဝိနယံ၊ ပျောက်ကွယ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ။ပ။ တသ္မာ၊ ထို့သို့ လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂ၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။ နိဗ္ဗာနံ၊ မီး ၁၁-ပါး တို့၏ ငြိမ်းကြောင်း ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဆန္ဒရာဂဝိနယောတိ၊ ဆန္ဒရာဂဝိနယ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို လိုချင် တပ်မက်မောတတ်သော ဆန္ဒရာဂ၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဆန္ဒရာဂဝိနယ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်, အဋ္ဌကထာတို့၏ အလိုအားဖြင့် ဝိဂြိုဟ် ပြုလုပ်လိုသော်—

ဆန္ဒရာဂေါ ဝိနယတိ ဧတေနာတိ ဆန္ဒရာဂဝိနယော။

ဟူ၍ ဟေတုသာဓနကိတ်ဝိဂြိုဟ် ပြုလုပ်ရာ၏။

ဧတေန၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကြောင့်။ ဆန္ဒရာဂေါ၊ လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂတရားသည်။ ဝိနယတိ၊ ပျောက်ကွယ်၏။ ဣတိတသ္မာ၊ ထို့သို့ လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂ၏ ပျောက်ကွယ်ခြင်း၏ အကြောင်းခံ ဖြစ်သောသတ္တိကြောင့်။ သော အသင်္ခတဓမ္မော၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ

ဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ဆန္ဒရာဂဝိနယော၊ ဆန္ဒရာဂဝိနယ မည်၏။ (ထိုသို့ ဝိဂြိုဟ်ပြုလုပ်ရာ၌ အရကောက်မှာ- ကတ္ထုတ္ထကြိယာ၏ အရကား- ဆန္ဒရာဂ တရား၏ နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပျောက်ကွယ်ခြင်း တည်းဟူသော အဘာဝ ပညတ်ရ၏။ ဟေတ္ထတ္ထ ကြိယာ၏ အရကား-ဆန္ဒရာဂ တရား၏ နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ပျောက်ကွယ်ခြင်း၏အကြောင်းခံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ရ၏။) ထိုသို့ ရခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဆန္ဒရာဂတရား၏ နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ပျောက်ကွယ်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဆန္ဒရာဂဝိနယ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို ဆန္ဒရာဂပပဟာနဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဆန္ဒရာဂဝိနယ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဆန္ဒရာဂပပဟာန ဟူ၍လည်း ခေါ်ဆိုအပ်သေးသည်။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဆန္ဒရာဂပပဟာန ဟု ခေါ်ဆိုအပ်သနည်း ဟူမူ- ယောဂါဝစရခန္ဓာအစဉ်၌ နောင် ဖြစ်ပေါ် လတ္တံ့သော ဆန္ဒရာဂတရားကို မဂ်ဖြင့်ပယ်စွန့်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဆန္ဒ-ရာဂပပဟာန ဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော် မူလိုသောကြောင့် ဘုရားရှင်သည် တိကအင်္ဂုတ္တရ ပါဠိတော်၊ သမ္မောဓဝဂ်-ပဌမသုတ် စာမျက်နှာ (၂၆၁) ၌—

ယံ ဆန္ဒရာဂပပဟာနံ၊ ဣဒံ လောကနိဿရဏန္တိ။

ဟူ၍ ဟောတော် မူအပ်လေသည်။

မြန်မာပြန်ကား—

လောကေ၊ လောကဉ်။ ယံ ဆန္ဒရာဂပပဟာနံ၊ အကြင် လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂကို ပယ်စွန့်ခြင်း၏ အကြောင်းခံဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဣဒံ၊ ဤ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော လိုချင်တပ်မက်မောတတ်သောသဘော ဆန္ဒရာဂကို ပယ်စွန့်ခြင်း၏ အကြောင်းခံဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။လောက-နိဿရဏံ၊ လောကနိဿရဏ မည်၏။ ဣတိ၊ ဤသို့။ သော ပရိဝိတက္ကော၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်ပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ဆန္ဒရာဂပဟာန ဟူသော စကားတော်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ-ဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဆန္ဒရာဂကို ပယ်စွန့်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဆန္ဒရာဂပဟာနဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဆန္ဒရာဂကို ပယ်စွန့်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဆန္ဒရာဂပဟာနဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည်မဟုတ်သေး၊ ၎င်း ပါဠိတော်၏ အဖွင့်ဖြစ်သော တိကအင်္ဂုတ္တရ အဋ္ဌကထာ၊ သမ္မောဓဝဂ်-ပဌမသုတ် ဆန္ဒရာဂပဟာန သုတ်အဖွင့် စာမျက်နှာ (၂၃၀)၌—

> ဆန္ဒရာဂပဟာနန္တိ နိဗ္ဗာနံ အာဂမ္မ အာရဗ္ဘ ပဋိစ္စ ဆန္ဒရာဂေါ ပဟီယတိ။ တသ္မာ နိဗ္ဗာနံ ဆန္ဒရာဂပဟာနန္တိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဆန္ဒရာဂပဟာနန္တိ၊ ဆန္ဒရာဂပဟာနံ ဟူသည်ကား။ နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ အာရဗ္ဘ၊ အာရုံပြု၍။ ပဋိစ္စ၊ စဲ၍။ ဆန္ဒ-ရာဂေါ၊ လိုချင်တပ်မက်မောတတ်သော ရာဂကို။ ပဟီယတိ၊ မဂ်ဖြင့် ပယ်စွန့် အပ်၏။ တသ္မာ၊ ထို့သို့ ဆန္ဒရာဂကို မဂ်ဖြင့် ပယ်စွန့်ကြောင်း ဖြစ်သောကြောင့်။ နိဗ္ဗာနံ၊ မီး ၁၁-ပါး တို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ဆန္ဒရာဂပဟာနန္တိ၊ ဆန္ဒရာဂပဟာနံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂကို ပယ်စွန့်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဆန္ဒရာဂပဟာနဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်, အဋ္ဌကထာတို့ အလိုအားဖြင့် ဝိဂြိုဟ်ပြုလုပ်လိုသော်— ဆန္ဒရာဂေါ ပဟီယတိ ဧတေနာတိ ဆန္ဒရာဂပဟာနံဟူ၍ ဟေတုသာဓနကိတ်-ဝိဂြိုဟ်ပြုလုပ်ရာ၏။ ဧတေန၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကြောင့်။ ဆန္ဒရာဂေါ၊ လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂကို။ ပဟီယတိ၊ ပယ်စွန့်အပ်၏။ ဣတိတသ္မာ၊ ထို့သို့ လိုချင်တပ်မက်မော တတ်သော ဆန္ဒရာဂကို ပယ်စွန့်ကြောင်းဖြစ်သော သတ်တိကြောင့်။ တံ နိဗ္ဗာနံ၊

ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ဆန္ဒရာဂပပ္ပဟာနံ၊ ဆန္ဒရာဂပ္ပဟာန မည်၏။ ကတ္ဘတ္ထကြိယာ၏ အရကား—ဆန္ဒရာဂကို ပယ်စွန့်တတ်သောပုဂ္ဂိုလ် ရ၏။ ကမ္မတ္ထကြိယာ၏ အရကား—ပယ်စွန့်အပ်သော ဆန္ဒရာဂတရားကို ရ၏။ ဟေတ္ဘတ္ထကြိယာ၏ အရကား—ထို ဆန္ဒရာဂတရားကို ပယ်စွန့်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန် ရ၏။ ထိုသို့ ရခြင်းကြောင့် ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂကို ပယ်စွန့်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဆန္ဒရာဂပပ္ပဟာနဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဒုက္ခကွယ်ဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂကို ပယ်စွန့်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဆန္ဒရာဂပပ္ပဟာနဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ ဒုက္ခကွယ်ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဒုက္ခကွယ်ဟု ခေါ်ဆိုအပ်သနည်းဟူမူ—နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော သင်္ခတဖြစ်ကုန်သော ဒုက္ခတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဒုက္ခကွယ်ဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော် မူလိုသောကြောင့် အဘိဓာန်ကျမ်း သဂ္ဂကဏ္ဍ-နိဗ္ဗာန်၏ အမည်၌ "ဒုက္ခက္ခယော" ဟူ၍ မိန့်ဆိုအပ်သည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ဒုက္ခက္ခယော၊ဒုက္ခတို့၏ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်။

ဤသို့ပြဆိုအပ်သော အဘိဓာန်ပါဠိကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သင်္ခတဖြစ်ကုန်သော ဒုက္ခတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဒုက္ခကွယ်ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ အဘိဓာန်ပါဠိဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဣတိဝုတ်ပါဠိတော်၊ ကေနိပါတ်၊ ဒုတိယဝဂ်-ခြောက်ခုမြောက် သုတ် စာမျက်နှာ(၂၀၂)၌—

ယောနိသော ပဒဟံ ဘိက္ခု၊ ခယံ ဒုက္ခဿ ပါပုဏေ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတို့တွင် ခယံ ဒုက္ခဿဟူသော ပါဠိကိုထောက်၍လည်း ဒုက္ခကွယ်ဟု ခေါ်ဆိုအပ်ကြောင်းကို သိလေဦး။

မြန်မာပြန်ကား—

ယောနိသော၊ အသင့်အားဖြင့်။ ပဒဟံ-ပဒဟန္တော၊ အားထုတ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဒုက္ခဿ၊ ဝဋ်ဒုက္ခ၏။ ခယံ၊ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ ပါပုဏော၊ အာရုံပြု၍ ရောက်လေရာ၏။

အဓိပ္ပါယ်ကား—အကြင် ယောဂါဝစရ ရဟန်းသည် အသင့်အားဖြင့် သင်္ခတတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် နှလုံးသွင်းလျက် အဖန်ဖန် အားထုတ်လတ်သည်ရှိသော် ၎င်းသင်္ခတတရားတို့ကို စက်ဆုပ်ရှုရှာအပ်သည် ဖြစ်၍ ၎င်းတို့မှ လွတ်ရာကို ရှာလတ်သော် ၎င်းသင်္ခတတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သော မဖြစ်မပျက်ဘဲ အမြဲတည်ရှိသော အသင်္ခတဓာတ် သဘောဟု ဆိုအပ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို နိစ္စ သုခ အနေအားဖြင့် သိမြင်လေတော့၏။ ထိုသို့ သိမြင်ပြီး၍ အာရုံပြုသော အားဖြင့် စေလွှတ်ဖန် မျှားလတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ ရောက်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြုလျက် နောင်ဖြစ်ပေါ်လတ္တံ့ ကုန်သော ကိလေသာဒုက္ခ ခန္ဓာဒုက္ခတို့သည် နောင်ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကုန်ခန်းခြင်းသို့ ရောက်လေကုန်၏။ အရဟတ္တဖိုလ်သို့ ရောက်လျှင် ကုန်ပြီးဖြစ်လေကုန်တော့၏။ ထိုသို့ ကိလေသာဒုက္ခ ခန္ဓာဒုက္ခ တို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကုန်ခန်းခြင်းသို့ ရောက်ရခြင်းသည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကြောင့်ပင် ဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်ကို သင်္ခတ ဖြစ်ကုန်သော ကိလေသာဒုက္ခ ခန္ဓာဒုက္ခ ဟူသမျှ တို့၏ နောင်ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဒုက္ခက္ခယဟူသောအမည်ဖြင့် ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့ မဂ်လေးတန်ဖြင့် အာရုံပြု၍ရောက်ခြင်းကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည် ခယံ ဒုက္ခဿ ပါပုဏောဟူ၍ ဟောတော်မူအပ်လေသည်။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ ဟောတော်မူအပ်သော ခယံ ဒုက္ခဿ ဟူသော ပါဠိကို ထောက်၍လည်း အလုံးစုံကုန်သော ဒုက္ခတရားတို့၏ ကုန်ခြင်း အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဒုက္ခက္ခယဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဒုက္ခက္ခယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည်အဖွင့် စာမျက်နှာ (၁၇)၌ “သဗ္ဗဒုက္ခာနံ ခယကာရဏတ္တာ ဒုက္ခက္ခယော” ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သင်္ခဒုက္ခာနံ၊ အလုံးစုံကုန်သော ကိလေသာဒုက္ခ ခန္ဓာဒုက္ခတို့၏။ ခယကာရဏတ္တာ၊ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ ဒုက္ခကွယော၊ ဒုက္ခကွယမည်၏။

ဤသို့ ဖွင့်ဆို အပ်သော အဘိဓာန် ဋီကာရှင်၏ စကားကိုထောက်၍လည်း အလုံးစုံကုန်သော ကိလေသာဒုက္ခ ခန္ဓာဒုက္ခတို့၏ နောင် ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဒုက္ခကွယဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤဋီကာဖြင့်သာသိအပ်သည်မဟုတ်သေး၊ အဘိဓာနပပဉ္စိကာသူဋီ (၂၉၁) မျက်နှာ ဒုက္ခကွယအဖွင့်၌ "သင်္ခဒုက္ခာနံ ခယကာရဏတ္တာ ဒုက္ခကွယော"ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သင်္ခဒုက္ခာနံ၊ အလုံးစုံကုန်သော ကိလေသာဒုက္ခ ခန္ဓာ ဒုက္ခတို့၏။ ခယကာရဏတ္တာ၊ ကုန်ခြင်း၏အကြောင်းခံ ဖြစ်ခြင်းကြောင့်။ ဒုက္ခကွယော၊ဒုက္ခကွယမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဘိဓာနပပဉ္စိကာသူဋီ ကျမ်းဆရာ၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန သင်္ခစာနိဗ္ဗာန်ကို အလုံးစုံကုန်သော ကိလေသာဒုက္ခ ခန္ဓာဒုက္ခတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဒုက္ခကွယ ဟူသော အမည်ဖြင့် ခေါ်ဆို အပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပြဆိုအပ်ပြီးကုန်သော ပါဠိတော်ဋီကာတို့ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန သင်္ခစာနိဗ္ဗာန်ကို ဒုက္ခကွယ ဟူ၍ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သုတ်မဟာဝါ ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၌ သင်္ခဒုက္ခကွယာယ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ သုတ်ပါဌေယျ ပါဠိတော် ပါထိကသုတ် စာမျက်နှာ(၃)၌ "ဒုက္ခကွယာယ" ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

သင်္ခဒုက္ခကွယာယ၊ အလုံးစုံကုန်သော ဝဋ်ဒုက္ခ တရားတို့၏ ကုန်ကြောင်း ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန သင်္ခစာနိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှါ။ ဤကား သုတ်မဟာဝါ ပါဠိတော်၏ မြန်မာပြန်တည်း။

ဒုက္ခက္ခယာယ၊အလုံးစုံကုန်သော ဝဋ်ဒုက္ခတရားတို့၏ ကုန်ခြင်း၏အကြောင်းခံ ဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှါ။ ဤကား သုတ်ပါထေယျပါဠိတော်၏ မြန်မာပြန်တည်း။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံကုန်သော ဝဋ်ဒုက္ခတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဒုက္ခက္ခယ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သုတ်ပါထေယျအဋ္ဌကထာ၊ ပါထိယသုတ်အဖွင့် စာမျက်နှာ (၃) ၌—

သဗ္ဗဝဋ္ဋဒုက္ခက္ခယာယ အမတနိဗ္ဗာနသစ္ဆိကိရိယာယ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သဗ္ဗဝဋ္ဋဒုက္ခက္ခယာယ၊ အလုံးစုံကုန်သော ဝဋ်ဒုက္ခတို့၏ ကုန်ကြောင်းဟု ဆိုအပ်ဒသာ။ အမတနိဗ္ဗာနသစ္ဆိကိရိယာယ၊ မပျက်မစီး အမြဲတည်နေသော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာ ပါဠ်တို့တွင် ဒုက္ခက္ခယာယ ဟူသော ပါဠ်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဝဋ်ဒုက္ခတို့၏ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဒုက္ခက္ခယ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့အရ ဝိဂြိုဟ် ပြုလုပ်လိုသော်—

ဒုက္ခံ ခီယတိ ဧတေနာတိ ဒုက္ခက္ခယော။

ဟူ၍ ဟေတုသာဓနကိတ် ဝိဂြိုဟ် ပြုလုပ်ရာ၏။

မြန်မာပြန်ကား—

ဧတေန၊ ထို နိဗ္ဗာန်ကြောင့်။ ဒုက္ခံ၊ အလုံးစုံသော ကိလေသာဒုက္ခ, ခန္ဓာဒုက္ခ ဟူသမျှသည်။ ခီယတိ၊ နောင်ဖြစ်ပေါ်မှု မရှိသောအားဖြင့် ကုန်လေ၏။ ဣတိ တသ္မာ၊ ထိုသို့ ကိလေသာဒုက္ခ, ခန္ဓာဒုက္ခ ဟူသမျှ၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။ သော အသခ််တဓမ္မော၊ ထိုအသခ််တသဘော နိရောဓသစ္စာ

နိဗ္ဗာန်သည်။ ဒုက္ခကွယေ၁၊ ဒုက္ခကွယ မည်၏။ (ကတ္တဥ္ထ ကြိယာ၏ အရကား– ဒုက္ခ၏ ကုန်မှု, မရှိမှု အဘာဝပညတ်ရ၏။ ဟေတ္ဥတ္ထကြိယာ၏ အရကား–အလုံးစုံကုန်သော ကိလေသာ ဒုက္ခ, ခန္ဓာ ဒုက္ခတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ရ၏။) ထိုသို့ ရခြင်းကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံကုန်သော ဒုက္ခတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဒုက္ခကွယ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဇာတိမရဏသခ်ၤယဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဒုက္ခကွယ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး။ ဇာတိမရဏသခ်ၤယ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဇာတိမရဏသခ်ၤယ ဟု ခေါ်ဆိုအပ်သနည်း ဟူမူ–၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အရဟတ္တမဂ်ဖြင့် မျက်မှောက်ပြု၍ ထိုးထွင်းသိခြင်းကြောင့် နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ဇာတိ, မရဏတရားတို့သည် နောင်ဖြစ်ပေါ်မှုမရှိဘဲ ကုန်ခြင်းသို့ ရောက်လေကုန်၏။ ထိုသို့ နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော ဇာတိ, မရဏတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဇာတိမရဏသခ်ၤယ ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဆက္ကနိပါတ်-အဂုံတ္တရပါဠိတော်၊ အနုတ္တရိယဝဂ် - တတိယသုတ်၌----

ဇာတိမရဏသခ်ၤယော ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား——

ဇာတိမရဏသခ်ၤယော၊ ဇာတိ, မရဏ တရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိဘဲ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၌။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကိုထောက်၍ ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိမရဏသခ်ၤယ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဤပါဠိတော်၏ အဖွင့်ဖြစ်သော ဆက္ကနိပါတ် အဂုံတ္တရ အဋ္ဌကထာ၊ အနုတ္တရိယဝဂ် - တတိယသုတ် ဇာတိမရဏသခ်ၤယ အဖွင့်၌——

ဇာတိမရဏသခ်ယေတိ ဇာတိမရဏာနံ သခ်ယသခ်ါတေ နိဗ္ဗာနေ။ ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဇာတိမရဏသခ်ယေတိ၊ ဇာတိမရဏသခ်ယ ဟူသည်ကား။ ဇာတိမရဏာနံ၊ ဇာတိ,မရဏ တရားတို့၏။ သခ်ယသခ်ါတေ၊ ကုန်ကြောင်းဟု ဆိုအပ်သော။ နိဗ္ဗာနေ၊ အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၌။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာ စကားတော်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိ, မရဏ တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဇာတိမရဏသခ်ယ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ ပါဠိတော် အဋ္ဌကထာအရ ဝိဂြိုဟ်ပြုလုပ်လိုသော်– ဇာတိမရဏာနိ သခ်ယန္တိ ဧတေနာတိ ဇာတိမရဏသခ်ယော။ ဟူ၍ ဟေတုသာဓန ကိတ်ဝိဂြိုဟ်ပြုလုပ်ရာ၏။

မြန်မာပြန်ကား—

ဧတေန၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကြောင့်။ ဇာတိမရဏာနိ၊ ဇာတိ, မရဏ တရားတို့သည်။ သခ်ယန္တိ၊ ကုန်လေကုန်၏။ ဤတိတသ္မာ၊ ထိုသို့ ဇာတိ, မရဏ တရားတို့၏ ကုန်ကြောင်းဖြစ်သော သတ်တိကြောင့်။ သော အသခ််တဓမ္မော၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ဇာတိမရဏ သခ်ယော၊ ဇာတိ-မရဏ သခ်ယ မည်၏။ ကတ္ထတ္ထကြိယာ၏ အရကား–ဇာတိ, မရဏ တရားတို့၏ ကုန်ခြင်း, မရှိခြင်း အဘာဝပညတ် ရ၏။ ဟေတ္ထတ္ထကြိယာ၏ အရကား–ထို ဇာတိ, မရဏတို့၏ ကုန်ခြင်း, မရှိခြင်း၏ အကြောင်းခံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန် ရ၏။ထိုသို့ ရခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဇာတိ, မရဏ တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် ဇာတိမရဏသခ်ယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်, အဋ္ဌကထာတို့ဖြင့်သာ ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဇာတိမရဏသခ်ယဟု ခေါ်ဆိုအပ်သည်ကို သိအပ်သည်မဟုတ်သေး၊ ဥပရိပဏ္ဏာသပါဠိတော် ဒေဝဒူတသုတ် စာမျက်နှာ (၂၂၅) ၌—

အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏသင်္ခယော။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ဇာတိမရဏ သင်္ခယော ဟူသော ပါဌ်ကိုထောက်၍လည်း သိအပ်သေး၏။

မြန်မာပြန်ကား—

ဇာတိမရဏသင်္ခယော၊ ဇာတိ, မရဏတရား တို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်တရားဌ။ ဌတ္ဝာ၊ အရဟာတ္တမဂ်ဖြင့် တည်၍။ (ထည့်) အနုပါဒါ၊ စွဲလမ်းခြင်း မရှိကုန်မူ၍။ ဝိမုစ္စန္တိ၊ ကိလေသာတို့မှ လွတ်ကုန်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဇာတိ, မရဏ တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဇာတိမရဏ သင်္ခယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဤ ပါဠိတော်၏ အဖွင့်ဖြစ်သော ဥပရိ-ပဏ္ဏာသ အဋ္ဌကထာ-ဒေဝဒူတသုတ်အဖွင့် စာမျက်နှာ (၁၆၉) ၌—

ဇာတိမရဏသင်္ခယေတိ ဇာတိယာ မရဏဿ ခယသင်္ခါတေ နိဗ္ဗာနေ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဇာတိမရဏသင်္ခယေတိ၊ ဇာတိ, မရဏသင်္ခယေ ဟူသည်ကား။ ဇာတိယာ၊ ဖြစ်ပေါ်ခြင်း တရား၏လည်းကောင်း။ မရဏဿ၊ ပျက်စီးခြင်း တရား၏လည်း ကောင်း။ ခယသင်္ခါတေ၊ ကုန်ကြောင်းဟု ဆိုအပ်သော။ နိဗ္ဗာနေ၊ အသင်္ခတ ဓာတ် နိဗ္ဗာန်၌။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ စကားကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဇာတိ, မရဏ တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဇာတိမရဏသင်္ခယဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ပါရဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဇာတိမရဏသင်္ခယဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ပါရဟူ၍လည်း

ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ပါရဟု ခေါ်ဆိုအပ်သနည်းဟူမူ– ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတ တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်လျက် တဘက်စီ နေသောကြောင့် ပါရဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည် မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ မဂ္ဂသံယုတ်-ပဋိပတ္တိဝဂ် စာမျက်နှာ (၁၉) ၌—

အပါရာ ပါရံ ဂမနာယ သံဝတ္တန္တီ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အပါရာ၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတဖြစ်သော ဝဋ်ဒုက္ခတရားမှ။ ပါရံ၊ တဘက်ကမ်းဖြစ်သော မဖြစ်မပျက်သောသဘော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ ဂမနာယ၊ ရောက်ခြင်းငှါ။ သံဝတ္တန္တီ၊ ဖြစ်ကုန်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ပါရံဟူသော ပါဠိကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတဖြစ်သော ဝဋ်ဒုက္ခတရားမှ တဘက်စီဖြစ်၍ တည်နေသည်၏ အဖြစ်ကြောင့် ပါရဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ နေတ္တိပါဠိတော်၊ ဝေဝစန-ဟာရ၌ ပါရံ ဟူ၍ ဟောတော်မူအပ်သည်ကိုလည်းကောင်း၊ အဘိဓာန်၊ သဂ္ဂကဏ္ဍ-နိဗ္ဗာန်၏အမည်ကို ပြရာ၌ ပါရံဟူ၍ လာရှိသည်ကိုလည်းကောင်း ထောက်၍ သိလေဦး။

မြန်မာပြန်ကား—

ပါရံ၊ သံသရာဝဋ်ဒုက္ခ၏ တဘက်ကမ်းဖြစ်သော နိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာဝဋ်ဒုက္ခ၏ တဘက်ကမ်းသဘောယ်ဖြစ်၍ တည်ရှိနေသောကြောင့် ပါရဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့်သာ ၎င်းမင်္ဂလာတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ပါရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရ အဖွင့် စာမျက်နှာ (၁၁၉) ၌—

သံသာရဿ ပရတီရဘာဝတော ပါရံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း ပါရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိလေဦး။

မြန်မာပြန်ကား—→

သံသာရဿ၊ မပြတ်မလပ် ဖြစ်ပေါ်နေသော ဇာတိအစဉ်ဟု ဆိုအပ်သော သံသရာ၏။ ပရတီရဘာဝတော၊ တဘက်ကမ်း၏ အဖြစ်ကြောင့်။ ပါရံ၊ ပါရမည်၏။

အဓိပ္ပါယ်ကား– စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတတရားတို့၏ မပြတ်မလပ် ဖြစ်ပေါ်မှုလက္ခဏာသည် သံသရာမည်၏။ ထိုသံသရာတည်းဟူသော မပြတ်မလပ်ဖြစ်ပေါ်မှု ဇာတိတရား၏ ဆန့်ကျင်ဘက် ဖြစ်လျက် အမြဲတည်ရှိနေသော မဖြစ်ပေါ်သော လက္ခဏာရှိသော အသင်္ခတဓာတ် နိဗ္ဗာန်သည် ၎င်းသံသရာတည်းဟူသော ဖြစ်ပေါ်မှု ဇာတိ၏ တဘက်ကမ်း သဘောယ်ဖြစ်၍ တည်ရှိနေ၏။ ထိုသို့ တည်ရှိနေသောကြောင့် ၎င်းမင်္ဂလာတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ပါရဟူ၍ ခေါ်ဆိုအပ်သည် ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ဆိုအပ်သော နေတ္တိ-အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမင်္ဂလာတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို သံသရာ၏ တဘက်ကမ်းဖြစ်သောကြောင့် ပါရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်-ပဋိပဒါဝိဘင်္ဂ-ပဋိသမ္ဘိဒါမဂ် နိဒ္ဒေသဝဏ္ဏနာ-ပဋိသမ္ဘိဒါမဂ် စာမျက်နှာ (၆၁) ၌—

တေ ဝေ ပါရင်္ဂတာ လောကေ။ ဟူ၍ ဟောတော်မူအပ်သည်ကို လည်းကောင်း၊ ဣတိ ဝုတ်ပါဋိတော်၊ တိကနိပါတ်- ပဋိမဂ်- ခုနစ်ခု မြောက် သုတ် စာမျက်နှာ (၂၅၉) ၌—

တေ ဝေ ပါရင်္ဂတာ လောကေ၊ ယေ ပတ္တာ အာသဝက္ခယံ။ ဟူ၍ ဟောတော်မူအပ်သည်ကို လည်းကောင်း ထောက်၍ သိလေဦး။

မြန်မာပြန်ကား—

လောကော၊ သတ္တလောကဋ္ဌ။ တေ၊ ထိုရဟန္တာ ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည်။ ဝေ၊ စင်စစ်။ ပါရံ၊ နိဗ္ဗာန် တည်းဟူသော တဘက်ကမ်းသို့။ ဂတာ၊ အာရုံပြုသော အားဖြင့် ရောက်ကုန်သော ပုဂ္ဂိုလ်တို့ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား အင်္ဂုတ္တရပါဠိတော်၏ မြန်မာပြန်တည်း။ လောကော၊ သတ္တလောကဋ္ဌ။ ယေ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ အာသဝက္ခယံ၊ အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်ကြကုန်၏။ တေ၊ ထိုအရဟတ္တဖိုလ်သို့ ရောက်ကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ ဝေ၊ စင်စစ်။ ပါရံ၊ နိဗ္ဗာန် တည်းဟူသော တဘက်ကမ်းသို့။ ဂတာ၊ ရောက်ကုန်သော ပုဂ္ဂိုလ်တို့ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား ဣတိဝုတ် ပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ပါရံ ဟူသော စကားတော်ကို ထောက်၍လည်း၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အာသဒ်တဓာတ် နိဗ္ဗာနဓာတ်စသော နိဗ္ဗာန်ကို သံသရာတည်းဟူသော ဝဋ်ဒုက္ခမှ တဘက်ကမ်း သဘင်္ဂယ် ဖြစ်၍တည်သောကြောင့် ပါရ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤ ပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့်သာ ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အာသဒ်တဓာတ် နိဗ္ဗာနဓာတ်စသော နိဗ္ဗာန်ကို ပါရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ ပဋိကအင်္ဂုတ္တရအဋ္ဌကထာ၊ နိဝရဏဝဂ်-ပဋိမသုတ် အဖွင့် စာမျက်နှာ (၂၈)၌—

ပါရင်္ဂတာတိ ပါရံ ဝုစ္စတိ နိဗ္ဗာနံ၊ တံ ဥပဂန္ဆာ သစ္ဆိကတ္ဝာ ဌိတာတိ အတ္ထော။

ဟူ၍ ဖွင့်ပြအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပါရင်္ဂတာတိ၊ ပါရင်္ဂတာဟူသည်ကား။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္ဆာနိဗ္ဗာန်ကို။ ပါရံ၊ ပါရဟူ၍။ ဝါ၊ တဘက်ကမ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထိုတဘက်ကမ်းဟု ဆိုအပ်သော နိဗ္ဗာန်ကို။ ဥပဂန္ဆာ၊ အရဟတ္တဖိုလ်ဖြင့်ရောက်၍။ သစ္ဆိကတ္ဝာ၊ မျက်မှောက်ပြု၍။ ဌိတာ၊ တည်ကုန်၏။ ဤတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဤသို့ ဖွင့်ဆို အပ်သော အဋ္ဌကထာရှင်၏ စကားတော်တို့တွင် ပါရံ ဝုစ္စတိ နိဗ္ဗာနံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံ

ဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ပါရဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော် အဋ္ဌကထာတို့ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပါရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိအပ်သည် မဟုတ်သေး။ သဋ္ဌာယတန သံယုတ်ပါဠိတော် အသခ််တသံယုတ် အဖွင့် ၅၄၁-၌—

ကတမဉ္စ ဘိက္ခဝေ ပါရံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ပါရံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ပါရံ၊ တဘက်ကမ်းနှင့်တူသည်၏အဖြစ်ကြောင့် ပါရမည်သော တရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊တို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ကြောင်း ဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် လည်းကောင်း။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟ တရားတို့၏ ကုန်ကြောင်းဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ပါရံ၊ ပါရ ဟူ၍။ ဝါ၊ သခ််တတရားတို့၏ တဘက်ကမ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သခ််တတရား တည်းဟူသော ဝဋ္ဋဒုက္ခ၏တဘက်ကမ်း ဖြစ်သောကြောင့် ပါရဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ပါရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိအပ်သည်မဟုတ်သေး။ သဋ္ဌာယတန သံယုတ် အဋ္ဌကထာ၊ အသခ််တသံယုတ် အဖွင့် ၁၄၉-၌—

ဝဋ္ဋဿ ပရဘာဂဋ္ဌေန ပါရံ။ဟူ၍ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဝဋ္ဋဿ၊ သံသရာ၌ မပြတ်ဖြစ်နေသော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်၏။ ပရဘာဂဒွေန၊ တဘက်ကမ်းဟူသောအဘို့ သဘောကြောင့်။ ပါရုံ၊ ပါရ မည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် တည်းဟူသော သင်္ခတတရား၏ တဘက်ကမ်း ဖြစ်သောကြောင့် ပါရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤသို့ ပြဆိုအပ်ကုန်သော ပါဠိတော် အဋ္ဌကထာတို့ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံသော ဝဋ်ဒုက္ခတည်းဟူသော သင်္ခတတရား၏ ဆန့်ကျင်ဘက်ဖြစ်၍ တဘက်စီဖြစ်လျက် တည်ရှိနေသောကြောင့် ပါရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိအပ်သည်မဟုတ်သေး။ ဣတိဝုတ်ပါဠိတော် တိကနိပါတ် ပဉ္စမဝဂ် (၉) ခုမြောက် သုတ် ၂၂၉-၌– တေ စ ပါရင်္ဂတာ လောကေ ဟူ၍ ဟောတော်မူအပ်သည် ကိုလည်းကောင်း၊ ဒသကအင်္ဂုတ္တရပါဠိတော်၊ ပစ္စောရောဟဏိဝဂ် ပဉ္စမသုတ် ၎၄၅-၌–တေ ဇနာ ပါရမေဿန္တိ။ဟူ၍ ဟောတော်မူအပ်သည်ကိုလည်းကောင်း၊ ဓမ္မပဒပါဠိတော်၊ ပဏ္ဍိတဝဂ် ဓမ္မဿဝန ဝတ္ထု ၂၅-၌– တေ ဇနာ ပါရမေဿန္တိ။ ဟူ၍ ဟောတော်မူအပ်သည်ကိုလည်းကောင်း ထောက်၍ သိလေဦး။

မြန်မာပြန်ကား—

လောကေ၊ သတ္တလောကဌ်။ တေ စ ၊ထိုပုဂ္ဂိုလ်တို့သည်လည်း။ပါရုံ၊ နိဗ္ဗာန်ဘည်းဟူသော တဘက်ကမ်းသို့။ ဂတာ၊ ရောက်ကုန်သော သူတို့ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား ဣတိဝုတ်ပါဠိတော်၏ မြန်မာပြန်တည်း။ တေ ဇနာ၊ထိုလောကုတ္တရာ တရားအားလျော်စွာ ကျင့်ကုန်သောသူတို့သည်။ ပါရုံ၊ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့။ ဃေန္တိ၊ မဂ်လေးတန်ဖြင့် အာရုံပြုသော အားဖြင့် ရောက်ကုန်လတ္တံ့။ ဤကား အဋ္ဌကထာ ပါဠိတော်၏ မြန်မာပြန်တည်း။ ဓမ္မပဒပါဠိတော်၏ မြန်မာပြန်လည်း ၎င်းနည်းအတူသာတည်း။ ဤသို့ ဟောတော်မူအပ်ကုန်သော ပါဠိတော်စကားရပ်တို့တွင် ပါရုံ ဟူသောစကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံသော သင်္ခတတရားတည်းဟူသော ဝဋ်ဒုက္ခ တရား၏ တဘက်ကမ်းသဘုယ်ဖြစ်၍ အမြဲတည်ရှိနေသောကြောင့် ပါရဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏အာရုံ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို သင်္ခတဖြစ်သော ဝဋ်ဒုက္ခတရား၏ တဘက်ကမ်းသဘုယ်ဖြစ်၍ အမြဲတည်ရှိနေခြင်းကြောင့် ပါရ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည် မဟုတ်သေး။ ဒသက အင်္ဂုတ္တရ အဋ္ဌကထာ ပစ္စောရောဟဏီဝဂ်-ပဥ္စမသုတ် အဖွင့် ၃၇၇-၌— ပါရမေဿန္တိတိ နိဗ္ဗာနံ ပါပုဏိ-ဿန္တိ။ ဟူ၍ ဖွင့်ဆို အပ်သည်ကိုလည်းကောင်း၊ ဓမ္မပဒ အဋ္ဌကထာ ပဌမအုပ် ပဏ္ဍိတဝဂ် ဓမ္မဿဝနဝတ္ထု အဖွင့် ၃၈၀-၌– ပါရမေဿန္တိတိ။ပ။ နိဗ္ဗာနပါရံ ဂမိဿန္တိ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကိုလည်းကောင်း ထောက်၍ သိကြလေဦး။

မြန်မာပြန်ကား—

ပါရမေဿန္တိတိ၊ ပါရမေဿန္တိ ဟူသည်ကား။ နိဗ္ဗာနံ၊ မီး (၁၁) ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်သို့။ ပါပုဏိဿန္တိ၊ ရောက်ကြကုန်လတ္တံ့။ ဤကား အင်္ဂုတ္တရ အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ ပါရမေဿန္တိတိ၊ ပါရမေဿန္တိ ဟူသည်ကား။ နိဗ္ဗာန ပါရံ မီး (၁၁) ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန် တည်းဟူသော တဘက်ကမ်းသို့။ ဂမိဿန္တိ၊ ရောက်ကြကုန်လတ္တံ့။ ဤကား ဓမ္မပဒအဋ္ဌကထာ ပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားရပ်တို့တွင် နိဗ္ဗာနပါရံ ဟူသော ပါဠိကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို အလုံးစုံသော ဖြစ်ပြီး ပျက်ဆဲ ဖြစ်လတ္တံ့သော သင်္ခတတရားဟု ဆိုအပ်သော ဝဋ်ဒုက္ခတရား၏ တဘက်ကမ်းသဘုယ်ဖြစ်၍ အမြဲတည်ရှိနေသောကြောင့် ပါရဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပါဠိဇာတ်ပါဠိတော် ဒုကနိပါတ် ဝလာဟကဇာတ် ၅၁-၌–ပါရံ ဂမေဿန္တိ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ ၎င်းဇာတ်အဋ္ဌကထာ ၎င်းဝလာဟကဇာတ် အဖွင့် ၁၁၉-၌—ဗုဒ္ဓါနံ ဩဝါဒကရာ သံသာရပါရံ နိဗ္ဗာနံ ဂစ္ဆိဿန္တိ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

ပါရံ၊ သင်္ခတဟု ဆိုအပ်သော သံသရာ ဝဋ်ဆင်းရဲ၏ တဘက်ကမ်းသဘုယ် ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်သို့။ ဂမေဿန္တိ၊ မဂ်လေးတန်ဖြင့် မျက်မှောက် ပြုသောအားဖြင့် ရောက်ကုန်လတ္တံ့။ ဤကား ပါဠိတော်၏ မြန်မာပြန်တည်း။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဩဝါဒကရာ၊ ဆုံးမခြင်းကို

လိုက်နာကုန်သော သူတော်ကောင်းတို့သည်။ သံသာရပါရုံ၊ အဆက်မပြတ် ဖြစ်နေသော သံသရာတည်းဟူသော ဝဋ်ဆင်းရဲ၏ တဘက်ကမ်းဖြစ်သော။ နိဗ္ဗာန်၊ မီး (၁၁) ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ ဂစ္ဆိသန္တိ၊ မင်္ဂလေးတန်ဖြင့် အာရုံပြုသော အားဖြင့် ရောက်ကုန်လတ္တံ့။ ဤကား အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ပြဆိုအပ်သော ပါဠိတော် အဋ္ဌကထာ စကားကို ထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာဝဋ်ဆင်းရဲ၏တဘက်ကမ်းဖြစ်သောကြောင့် ပါရ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော် အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသပါဠိတော် ကာမသုတ္တနိဒ္ဒေသ ၁၅-၁၆ ၌–

> ပါရံ ဝုစ္စတိ အမတံ နိဗ္ဗာနံ။ ပါရံ ဂစ္ဆေယျာတိ ပါရံ အဓိဂစ္ဆေယျ၊ ပါရံ ဖုသေယျ၊ ပါရံ သစ္ဆိကရေယျ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်း မရှိသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ပါရံ၊ ပါရ ဟူ၍။ ဝါ၊ တဘက်ကမ်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပါရံ ဂစ္ဆေယျာတိ၊ ပါရံ ဂစ္ဆေယျ ဟူသည်ကား။ ပါရံ၊ တဘက်ကမ်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ အဓိဂစ္ဆေယျ၊ မင်္ဂလေးတန်ဖြင့် အာရုံပြုသောအားဖြင့် ရောက်လေရာ၏။ ပါရံ၊ တဘက်ကမ်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်ကို။ ဖုသေယျ၊ မင်္ဂလေးတန်ဖြင့် အာရုံပြုသောအားဖြင့် တွေ့လေရာ၏။ ပါရံ၊ တဘက်ကမ်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ သစ္ဆိကရေယျ၊ မင်္ဂလေးတန်ဖြင့် မျက်မှောက်ပြုလေရာ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ပါရံ ဟူသော စကားငေတာ်ကိုထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သင်္ခတ တည်းဟူသော သံသရာ ဝဋ်ဆင်းရဲ၏ တဘက်ကမ်း ဖြစ်သောကြောင့် ပါရ ဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဝါသေဋ္ဌသုတ်အဖွင့် ၂၉၉-ဦး–ပါရင်္ဂတောတိ နိဗ္ဗာနံ ဂတောဟူ၍လည်းကောင်း၊ ၎င်းမဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ သင်္ဂါရဝသုတ်အဖွင့် ၃၀၈-ဦး– သဗ္ဗဓမ္မာနံ ပါရ-

ဘူတံ နိဗ္ဗာနံ ပတ္တာ မယံ ဟူ၍ လည်းကောင်း မိန့်ဆို အပ်သည်ကို ထောက်၍ လည်း သိလေဦး။

မြန်မာပြန်ကား—

ပါရင်္ဂတောတိ၊ ပါရင်္ဂတော ဟူသည်ကား။ နိဗ္ဗာန်၊ မီး ၁၁-ပါး တို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ ဂတော၊ မဂ်လေးတန်ဖြင့် အာရုံပြုသောအားဖြင့် ရောက်၏။ ဤကား ဝါသေဋ္ဌ သုတ် အဖွင့်ပါဠိ၏ မြန်မာပြန်တည်း။ သဗ္ဗဓမ္မာနံ၊ အလုံးစုံကုန်သော သင်္ခတတရားတို့၏။ ပါရဘူတံ၊ တဘက်ကမ်းဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ၊ မီး ၁၁-ပါး တို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ မယံ၊ ငါတို့သည်။ ပတ္တာ၊ ရောက်ကုန်ပြီ။ ဝါ၊ အာရုံပြုသောအားဖြင့် ရောက်ကြကုန်ပြီ။ ဤကား သင်္ဂါရဝသုတ် အဖွင့်ပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားရပ်တို့တွင် ပါရံ နိဗ္ဗာနံ ဟူသော ပါဠိကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ ဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ သော သင်္ခတ တည်း ဟူသော ဝဋ္ဋဆင်းရဲတရား၏ တဘက်ကမ်းသဘုယ် ဖြစ်သောကြောင့် ပါရ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ စတုက္ကအင်္ဂုတ္တရ အဋ္ဌကထာ ဥရုဝေလဝဂ်ဒုတိယသုတ်အဖွင့် ၂၆၇-၌ ပါရဂူ သဗ္ဗဓမ္မာနန္တိ သဗ္ဗေသံ ခန္ဓာဒိဓမ္မာနံ ပါရင်္ဂတော ဟူ၍ ဖွင့်ဆိုအပ်သည်ကိုလည်းကောင်း၊ စတုက္က အင်္ဂုတ္တရ ပါဠိတော် ဥရုဝေလဝဂ်ဒုတိယသုတ် ၃၃၁-၌ ပါရဂူ သဗ္ဗဓမ္မာနံဟူ၍ ဟောတော်မူအပ်သည် ကိုလည်းကောင်း၊ ထေရအပဒါန် ပါဠိတော် ဒုတိယအုပ် တိဏဒါယကဝဂ် အာမဏ္ဍဖလဒါယက မထေရ် အပဒါန် ၁၀၇-၌ – သဗ္ဗဓမ္မာန ပါရဂူ ဟူ၍ ဟောတော်မူအပ်သည်ကို လည်းကောင်း ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပါရဂူ သဗ္ဗဓမ္မာနန္တိ၊ ပါရဂူ သဗ္ဗဓမ္မာနံ ဟူသည်ကား။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ခန္ဓာဒိဓမ္မာနံ၊ ခန္ဓာ အစရှိကုန်သော သင်္ခတတရားတို့၏။ ပါရံ၊ တဘက်ကမ်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ ဂတော၊ အာရုံပြုသောအားဖြင့် ရောက်ပြီးသောသူသည်။ ဤကား စတုက္ကအင်္ဂုတ္တရအဋ္ဌ ကထာပါဠိ၏ မြန်မာပြန်တည်း။

သဗ္ဗဓမ္မာနံ၊ အလုံးစုံကုန်သော ခန္ဓာအစရှိကုန်သော သင်္ခတ တရားတို့၏။ ပါရဂူ၊ တဘက်ကမ်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့ အာရုံပြု

သောအားဖြင့် ရောက်ပြီးသောသူသည်။ ဤကား စတုက္က အင်္ဂုတ္တရပါဠိတော်၏ မြန်မာပြန်တည်း။

သဗ္ဗဓမ္မာန-သဗ္ဗဓမ္မာနံ၊ အလုံးစုံကုန်သော ခန္ဓာ အစရှိကုန်သော သင်္ခတတရားတို့၏။ ပါရဂူ၊ တဘက်ကမ်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ပြီးသောသူသည်။ ဤကား ထေရအပဒါန် ပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ ပြဆိုအပ်ကုန်ပြီးသော ပါဠိတော်အဋ္ဌကထာတို့၌လာရှိသော ပါရံဟူသောပါဠ်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ကုန်သော သင်္ခတတည်းဟူသော ဝဋ္ဋဒုက္ခ တရားတို့၏ တဘက်ကမ်းသဘုယ် ဖြစ်၍ အမြဲတည်ရှိနေသောကြောင့် ပါရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော် အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဒေဝတာသံယုတ် သတ္တလွပကာယိကဝဂ် ရှစ်ခုမြောက် သကလိကသုတ် စာမျက်နှာ ၂၇-၌-သ မစ္စုဓေယျာသတရေယျ ပါရံ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ မစ္စုဓေယျာသာတိ တေဘူမကဝဋ္ဋာသာ။ တဉ္စိ မစ္စုနော ပတိဋ္ဌာနဋ္ဌေန မစ္စုဓေယျန္တိ ဝုစ္စတိ။ ပါရန္တိ တသ္မေ ပါရံ နိဗ္ဗာနံ။ တရေယျာတိ ပဋိပဇ္ဇေယျ ပါပုဏေယျ ဝါ။ဟူ၍ဖွင့်ဆိုအပ်သော သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ ဒေဝတာသံယုတ် မာနကာမသုတ် စာမျက်နှာ ၂၅-ကိုထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

သ-သော၊ထိုပုဂ္ဂိုလ်သည်။ မစ္စုဓေယျာသ၊ သေခြင်း တရား၏ တည်ရာဖြစ်သော သင်္ခတဖြစ်သော တေဘူမက ဝဋ္ဋဆင်းရဲတရား၏။ ပါရံ၊ တဘက်ကမ်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ တရေယျ၊ ကူးမြောက်လေရာ၏။ ဝါ၊ အာရုံပြုသောအားဖြင့် ရောက်လေရာ၏။ ဤကား သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

မစ္စုဓေယျာသာတိ၊ မစ္စုဓေယျာသဟူသည်ကား။ တေဘူမကဝဋ္ဋာသာ၊ ဘုံသုံးပါးဝဋ်ဖြစ်သော ဝဋ္ဋဆင်းရဲ၏။ ဟိ၊ ထိုစကားသည် မှန်၏။ တံ၊ ထိုဘုံသုံးပါးဝဋ် ဖြစ်သော ဝဋ္ဋဆင်းရဲကို။မစ္စုနော၊ သေခြင်းတရား၏။ပတိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသောသဘောကြောင့်။ ဝါ၊ တည်ရာဟူသော အနက်ကြောင့်။ မစ္စုဓေယျန္တိ၊ မစ္စုဓေယျ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပါရန္တိ၊ ပါရံ ဟူသည်ကား။ တသ္မေ၊ ထိုသေခြင်းတရား၏ တည်ရာဖြစ်သော ဘုံသုံးပါးဝဋ်ဖြစ်သော ဝဋ္ဋဆင်းရဲ၏သာလျှင်။

ပါရံ၊ တဘက်ကမ်းသဘုယ်ဖြစ်သော။ နိဗ္ဗာနံ၊ မီး ၁၁- ပါး‌တို့၏ ငြိမ်းကြောင်း ဖြစ်သောအသင်္ခတမဂ်တ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဝါ၊သို့။ တရေယျာတိ၊တရေယျ ဟူသည်ကား။ ပဋိဝိဇ္ဈေယျ၊ ထိုးထွင်း၍ သိလေရာ၏။ ဝါ၊ တနည်းကား။ ပါပုဏေယျ၊ ရောက်လေရာ၏။ ဤကား အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ ပြဆိုအပ်သော ပါဠိတော် အဋ္ဌကထာ စကားရပ်တို့တွင် ပါရံဟူသော ပါဠ်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဂ်တ် နိရောဓသစ္စာနိဗ္ဗာန်ကို ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော ဝဋ်ဒုက္ခတရား၏ တဘက်ကမ်းသဘုယ်ဖြစ်၍ အမြဲတည်ရှိနေသောကြောင့် ပါရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ပါဠိတော် အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသ အဋ္ဌကထာ ကာမသုတ္တနိဒ္ဒေသအဖွင့် စာမျက်နှာ ၆၇-၌- သဗ္ဗမမ္မပါရံ နိဗ္ဗာနံ ဂတော ဘဝေယျ။ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း ကောင်း၊ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ သောတာပတ္တိ သံယုတ် ပုညာဘိသန္ဒဝဂ် အဋ္ဌမသုတ် စာမျက်နှာ ၃၁၉-၌-ပါရံ ဂန္တွာတိ ပါရံ ဝုစ္စတိ နိဗ္ဗာနံ၊ တံ ပတ္တာတိ အတ္ထော။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ၎င်းမဟာနိဒ္ဒေသ အဋ္ဌကထာ ကာမသုတ္တနိဒ္ဒေသအဖွင့် စာမျက်နှာ ၇၀-၌- မဂ္ဂဉ္ဈောနနိဗ္ဗာနပါရံ ဝိသေသေန ပါပုဏေယျ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ၎င်းမဟာနိဒ္ဒေသအဋ္ဌကထာ စာမျက်နှာ ၇၁-၌-မဂ္ဂဝသေန နိဗ္ဗာန-ပါရံ ဂတော။ ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍ လည်းကောင်း သိလေဦး။

မြန်မာပြန်ကား——

သဗ္ဗမမ္မပါရံ၊ အလုံးစုံကုန်သော သင်္ခတတရား‌တို့၏ တဘက်ကမ်းသဘုယ်ဖြစ်၍တည်သော။နိဗ္ဗာနံ၊ မီး ၁၁-ပါး‌တို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတမဂ်တ် နိရောဓသစ္စာနိဗ္ဗာန်သို့။ ဂတော၊ မဂ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဤကား ပဌမပါဠ်၏ မြန်မာပြန်တည်း။

ပါရံ ဂန္တွာတိ၊ ပါရံ ဂန္တွာ ဟူသည်ကား။ နိဗ္ဗာနံ၊ မီး ၁၁-ပါး‌တို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတမဂ်တ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ပါရံ၊ ပါရ ဟူ၍။ ဝါ၊ တဘက်ကမ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထို တဘက်ကမ်းသဘုယ်ဖြစ်သော အသင်္ခတမဂ်တ် နိရောဓသစ္စာနိဗ္ဗာန်သို့။ ပတ္တာ၊ မဂ်ဖြင့် ရောက်၍။ ကုတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဤကား ဒုတိယပါဠ်၏ မြန်မာပြန်တည်း။

မဂ္ဂဉ္ဈောနန၊ မဂ်ဉာဏ်ဖြင့်။ နိဗ္ဗာနပါရံ၊ မီး ၁၁-ပါး‌တို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတမဂ်တ် နိရောဓသစ္စာနိဗ္ဗာန် တည်းဟူသော တဘက်ကမ်းသို့။

ဝိသေသေန၊ အဆူးသဖြင့်။ ပါပုဏောယျ၊ ဧရောက်လေရာ၏။ ဤကား တတိယ ပါဠ်၏ မြန်မာပြန်တည်း။

မဂ္ဂဝသေန၊ မဂ်၏အစွမ်းဖြင့်။ နိဗ္ဗာနပါရံ၊ မီး (၁၁) ပါးတို့၏ ငြိမ်းကြောင်း ဖြစ်သော အသင်္ခတဓာတ် နိဿေသစွာနိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့။ ဂတော၊ ရောက်၏။ ဤကား စတုတ္ထပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ ဖွင့်ဆိုအပ်ကုန်သော အဋ္ဌကထာရှင်၏ စကားရပ်တို့တွင် ပါရံဟူသော စကားတော်တို့ကို ထောက်၍လည်း ဂုဏ်မင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတ ဓာတ် နိဿေသစွာနိဗ္ဗာန်ကို ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ကုန်သော သင်္ခတတရား တို့၏ တဘက်ကမ်းသဘင်္ဂယ်ဖြစ်၍ အမြဲတည်ရှိသောကြောင့် ပါရဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို နိပုဏဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဂုဏ်မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဿေသစွာ နိဗ္ဗာန်ကို သင်္ခတဖြစ်သော ဝဋ္ဋဒုက္ခ၏ တဘက်ကမ်းသဘင်္ဂယ်ဖြစ်၍ အမြဲတည်ရှိခြင်းကြောင့် ပါရဟူသော အမည်ဖြင့်သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ နိပုဏ ဟူသော အမည်ဖြင့်လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ဂုဏ်းအသင်္ခတဓာတ် နိဿေသစွာနိဗ္ဗာန်ကို နိပုဏဟု ခေါ်ဆိုအပ်လေသနည်းဟူမူ ဂုဏ်းတဘက်ကမ်း သဘင်္ဂယ်ဖြစ်၍ အမြဲတည်ရှိသော အသင်္ခတဓာတ် နိဿေသစွာနိဗ္ဗာန်သည် ပရမတ္ထ သဘောတရားဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အထည်ဒြဗ်မှကင်းသည် ၏ အဖြစ်ကြောင့်လည်းကောင်း၊ တပါးသောတရားနှင့် မရောမယှက်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မိမိဟူသော မှတ်ကြောင်းလက္ခဏာ သတ္တိဖြင့်သာ ထင်ရှားရှိနေသည်၏ အဖြစ်ကြောင့်လည်းကောင်း အလွန်တရာ သိမ်မွေ့ပေ၏။ ထို့သို့ သိမ်မွေ့သည်၏အဖြစ်ကြောင့် နိပုဏဟု ခေါ်ဆိုအပ်လေသည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော မြတ်စွာဘုရားရှင် သည် သဋ္ဌာယတနသံယုတ် ပါဠိတော် အသင်္ခတသံယုတ် စာမျက်နှာ(၅၄၁)၌—

ကတမဉ္စ ဘိက္ခဝေ နိပုဏံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါ-
သက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ နိပုဏံ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ နိပုဏံ၊ နိပုဏမည်သော။ ဝါ၊ အလွန်သိမ်မွေ့နေသော တရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ်

နိရောဓသစ္စာ နိဗ္ဗာန်သဘောသည်လည်းကောင်း။ ယော ဒေါသကွယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သဘော သည်လည်းကောင်း။ ယော မောဟကွယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သဘော သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤ ပရမတ္ထ အားဖြင့် ထင်ရှားရှိနေသော ရာဂ, ဒေါသ,မောဟ–တရားတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သဘောကို။ နိပုဏ်၊ နိပုဏ ဟူ၍။ ဝါ၊ အလွန်သိမ်မွေ့သော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်ကုန်သော ဘုရားရှင်၏ စကားတော်တို့တွင် နိပုဏ်ဟူသော စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလွန်သိမ်မွေ့သည်၏ အဖြစ်ကြောင့် နိပုဏ်ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၊ အသင်္ခတသံယုတ်အဖွင့် စာမျက်နှာ (၁၄၉) ၌—

သဏ္ဌေန နိပုဏ်။ ဟူ၍ ဖွင့်ဆို အပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သဏ္ဌေန၊ သိမ်မွေ့သောသဘောကြောင့်။ ဝါ၊ သိမ်မွေ့သောအနက်ကြောင့်။ နိပုဏ်၊ နိပုဏမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလွန်သိမ်မွေ့သော သဘော၏အဖြစ်ကြောင့် နိပုဏဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်သိမ်မွေ့သည်၏ အဖြစ်ကြောင့် နိပုဏ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ အဘိဓာန်သဂ္ဂကဏ္ဍဝဂ်–နိဗ္ဗာန်အမည်တို့ကိုပြုဆု၌ လာရှိသော နိပုဏ်ဟူသော ပါဠိကို ထောက်၍လည်းကောင်း၊ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ၌ ပြဆိုအပ်သော နိပုဏ် ဟူသော ပါဠိကို ထောက်၍ လည်းကောင်း၊ နေတ္တိအဋ္ဌကထာ၊ ဝေဝစန-ဟာရနိပုဏ အဖွင့်၌—

သုခုမသဘာဝတ္တာ စ နိပုဏ်။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်းကောင်း၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ နိဗ္ဗာန်အဖွင့်၌—

သဏှဌေန နိပုဏ်။ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊ အဘိဓာနပပ္ပဒီပိကာ သူစိကျမ်း (၃၃၅) မျက်နှာ နိပုဏအဖွင့်၌—

သဏှဌေန နိပုဏ်။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း ကောင်း သိလေဉီး။

အနက်သိကြောင်း မြန်မာပြန်ကား—

နိပုဏ်၊ နိပုဏ မည်သောနိဗ္ဗာန်။ ဝါ၊ အလွန် သိမ်မွေ့သည်၏ အဖြစ်ကြောင့် နိပုဏ ဟူသော အမည်ကို ရသော့ နိဗ္ဗာန်။ ဤကား အဘိဓာန်ပါဠိ၊ နေတ္တိ ပါဠိတော် ပါဠိတို့၏ မြန်မာပြန်တည်း။ သုခုမသဘာဝတ္တာ စ၊ သိမ်မွေ့သော သဘော၏ အဖြစ်ကြောင့်လည်း။ နိပုဏ်၊ နိပုဏ မည်၏။ ဤကား နေတ္တိ အဋ္ဌကထာ ပါဠိ၏ မြန်မာပြန်တည်း။ သဏှဌေန၊ သိမ်မွေ့သော သဘောကြောင့်။ ဝါ၊ သိမ်မွေ့သောအနက်ကြောင့်။ နိပုဏ်၊ နိပုဏမည်၏။ ဤကားအဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။ အဘိဓာနပပ္ပဒီပိကာသူစိကျမ်းပါဠိ၏ မြန်မာပြန်လည်း အတူတူပင်တည်း။

ဤသို့ ပြဆိုအပ်ကုန်သော ပါဠိတော်,အဋ္ဌကထာ, ဋီကာတို့၏ စကားတို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်သိမ်မွေ့သည်၏အဖြစ်ကြောင့် နိပုဏဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သိမ်မွေ့သော သဘောကြောင့်သာ နိပုဏဟု ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အကြင်အကြင်မဂ်တို့သည် ထိုနိဗ္ဗာန်ကို အကြောင်းခံပြု၍သာလျှင် မိမိတို့ပယ်ထိုက်, ပယ်အပ်ကုန်သော ကိလေသာတို့ကို သုတ်သင်ကြကုန်၏။ ထိုသို့ မဂ်တို့၏ ကိလေသာတို့ကို သုတ်သင်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နိပုဏဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် အဘိဓာန် ဋီကာရှင်သည် သဂ္ဂကဏ္ဍ နိဗ္ဗာန် ပရိယာယ်အဖွင့် စာမျက်နှာ ၁၆-၌—

ယေန ဝါ စတ္တာရော မဂ္ဂါ ဩဓိသော ကိလေသေ နိဿသတော ပုဏာန္တိ သောဓေန္တိတိ တံ နိပုဏံ။

ဟူ၍ မိန့်ဆိုအပ်သည်။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ယေန၊ အကြင် အာရမ္မဏ ပစ္စယဟု ဆိုအပ်သော နိဗ္ဗာန်ကြောင့်။ စတ္တာရော၊ လေးပါးကုန်သော။ မဂ္ဂါ၊ သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်တို့သည်။ သြဓိသော၊အပိုင်းအခြားအားဖြင့်။ ကိလေသေ၊ ညစ်ညူးစေတတ်, ပူပန်စေတတ်, နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို။ ပုဏ္ဏန္တိ သောဓေန္တိ၊ သုတ်သင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ မဂ်လေးပါးတို့၏ အပိုင်းအခြား အားဖြင့် ကိလေသာတို့ကို သုတ်သင်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတာ-ဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်သည်။ နိပုဏံ၊ နိပုဏမည်၏။

အဓိပ္ပါယ်ကား – သင်္ခတနယ်အာတွင်း၌ ဖြစ်ပေါ်သော သောတာပတ္တိမဂ်သည် အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို မှီတွယ်အာရုံပြုရမှသာလျှင် ဒိဋ္ဌိဝိစိကိစ္ဆာစသော ကိလေသာတို့ကို အကြွင်းအကျန် မရှိသောအားဖြင့် သုတ်သင်ရှင်းလင်းနိုင်၏။ ထိုနည်းအတူ သကဒါဂါမိမဂ်သည်လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို မှီတွယ်အာရုံပြုရမှသာလျှင် ရုန့်ရင်းကုန်သော ကာမရာဂ,ဗျာပါဒတရားတို့ကို အကြွင်းအကျန် မရှိသောအားဖြင့် သုတ်သင်ရှင်းလင်းနိုင်၏။ ထိုနည်း အတူ အနာဂါမိမဂ်သည်လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို မှီတွယ်အာရုံပြုရမှသာလျှင် သိမ်မွေ့ကုန်သော ကာမရာဂ, ဗျာပါဒ တရားတို့ကို အကြွင်းအကျန်မရှိသောအားဖြင့် သုတ်သင်ရှင်းလင်းနိုင်၏။ ထိုနည်း အတူ အရဟတ္တမဂ်သည်လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို မှီတွယ်အာရုံ ပြုရမှသာလျှင် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာစသော ကိလေသာတို့ကို အကြွင်းအကျန် မရှိသော အားဖြင့် သုတ်သင်ရှင်းလင်းနိုင်၏။ ထိုသို့ မဂ်လေးပါးတို့၏ ကိလေသာတို့ကို သုတ်သင်ရှင်းလင်းနိုင်ခြင်း၏ အကြောင်းခံတရားသည် စင်စစ်မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်တရားသာလျှင်ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို နိပုဏ ဟူ၍ ခေါ်ဆိုအပ်သည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော အဘိဓာန် ဋီကာရှင်၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာ နိဗ္ဗာန်ကို မဂ်လေးပါးတို့၏ မိမိတို့ ပယ်ထိုက်ပယ်အပ်ကုန်သော ကိလေသာတို့ကို သုတ်သင်ရှင်းလင်းနိုင်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် နိပုဏဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဒီကာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာသူစိကျမ်း (၃၃၅) မျက်နှာ နိပုဏအဖွင့်၌—

ယေန ဝါ စတ္တာရော မဂ္ဂါ ဩဓိသော ကိလေသေ နိဿေသတော ပုဏ္ဏန္တိ သောဓေန္တိတိ တံ နိပုဏံ။ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ လည်း သိလေဦး။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ယေန၊ အကြောင် အာရမ္မဏ ပစ္စယဟု ဆိုအပ်သော နိဗ္ဗာန်ကြောင့်။ စတ္တာရော၊ လေးပါးကုန်သော။ မဂ္ဂါ၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့သည်။ ဩဓိသော၊ အပိုင်းအခြားအားဖြင့်။ ကိလေသေ၊ ညစ်ညူးစေတတ်, ပူပန်စေတတ်, နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို။ ပုဏ္ဏန္တိ သောဓေန္တိ၊ သုတ်သင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့သို့ မဂ်လေးပါးတို့၏ အပိုင်းအခြားအားဖြင့် ကိလေသာတို့ကို သုတ်သင်ခြင်း၏အကြောင်းခံဖြစ်သောကြောင့်။ တံ၊ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတာဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ နိပုဏံ၊ နိပုဏမည်၏။

အဓိပ္ပါယ်သည် ရှေးနည်းအတိုင်းသာတည်း။ ဤပြဆိုအပ်သော အဘိဓာ-နပ္ပဒီပိကာသူစိကျမ်း ဆရာ၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတာဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို လေးပါးသော မဂ်တို့၏ အပိုင်း အခြား အားဖြင့် ကိလေသာတို့ကို အကြွင်းအကျန် မရှိသော အားဖြင့် သုတ်သင်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် နိပုဏ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ဋီကာစကားတို့ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတာဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို နိပုဏဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိအပ်သည်မဟုတ်သေး၊ ထေရအပဒါန်ပါဠိတော်၊ သာရိပုတ္တမထေရ် အပဒါန်၌ နိပုဏံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ ထေရဂါထာပါဠိတော် ဧကနိပါတ်-ပုဏ္ဏမန္တာနိပုတ္တမထေရ်ဂါထာ၌ နိပုဏံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

နိပုဏံ၊ သိမ်မွေ့သော သဘောဖြစ်သော နိဗ္ဗာန်ကို။ ဝါ၊ တနည်းကား။ နိပုဏံ၊ လေးပါးသောမဂ်တို့၏ အကြွင်းမရှိ ကိလေသာတို့ကို သုတ်သင်ခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတာဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဤကား ထေရ အပဒါန်ပါဠိ၏ မြန်မာပြန်တည်း။ထေရဂါထာပါဠိ၏ မြန်မာပြန်လည်း နည်းတူ

သာတည်း။ ဤသို့ဟောတော်မူအပ်သော ပါဠိတော်တို့၏ စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန-သစ္စာနိဗ္ဗာန်ကို သိမ်မွေ့သော သဘော၏ အဖြစ်ကြောင့် လည်းကောင်း၊ မဂ်လေးပါးတို့၏ အကြွင်းမရှိ ကိလေသာတို့ကို သုတ်သင် ရှင်းလင်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့်လည်းကောင်း နိပုဏာဟု ခေါ်ဆိုအပ်လေသည်။

ဤ ပါဠိတော်တို့အရ ဝိဂြိုဟ်ပြုလုပ်လိုသော် - စတ္တာရော မဂ္ဂါ ဿဒိသော ကိလေသေ နိဿေသေန ပုဏာန္တိ သောဓေန္တိ ဇေတနာတိ နိပုဏံ။ ဟူ၍ ဟောတုသာဓန ကိတ်ဝိဂြိုဟ်ပြုလုပ်ချ၏။

ဇေတန၊ထိုအသင်္ခဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကြောင့်။ စတ္တာရော၊လေးပါး ကုန်သော။ မဂ္ဂါ၊ မဂ်တို့သည်။ ဿဒိသော၊ အပိုင်းအခြားအားဖြင့်။ ကိလေသေ၊ ကိလေသာတို့ကို။ နိဿေသေန၊ အကြွင်းမရှိသောအားဖြင့်။ ပုဏာန္တိ သောဓေန္တိ၊ သုတ်သင်တတ်ကုန်၏။ ဤတိတသ္မာ၊ ထိုသို့ မဂ်လေးပါးတို့၏ ကိလေသာတို့ကို အကြွင်းမရှိသောအားဖြင့် သုတ်သင်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။ တံ နိဗ္ဗာနံ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာနသစ္စာ နိဗ္ဗာန်သည်။ နိပုဏံ၊ နိပုဏာ မည်၏။ ကတ္တုတ္ထကြိယာ၏ အရကား ကိလေသာတို့ကို အကြွင်းအကျန်မရှိသော အားဖြင့် သုတ်သင်တတ်သော မဂ်လေးပါးရ၏။ ဟေတ္ထတ္ထကြိယာ၏ အရကား ထိုမဂ်ဖိုလ်တို့၏ အာရမ္မဏပစ္စယသတ္တိဖြစ်သော အကြောင်းခံနိဗ္ဗာန်ရ၏။ ထိုသို့ ရခြင်းကြောင့် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန သစ္စာ နိဗ္ဗာန်ကို မဂ်လေးပါးတို့၏ ကိလေသာတို့ကို အကြွင်းအကျန်မရှိ သုတ်သင် ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် နိပုဏာ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဒုဒ္ဒသ ဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာ နိဗ္ဗာန်ကို နိပုဏာ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဒုဒ္ဒသဟူ၍ လည်းကောင်း၊ သုဒုဒ္ဒသ ဟူ၍ လည်းကောင်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို ဒုဒ္ဒသ ဟူ၍ လည်းကောင်း၊ သုဒုဒ္ဒသ ဟူ၍ လည်းကောင်း ခေါ်ဆိုအပ်သနည်းဟူမူ ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာ နိဗ္ဗာန်သည် အလွန် သိမ်မွေ့သည်၏ အဖြစ်ကြောင့် ရှေးရှေးဘဝတို့၌ ဆည်းပူးအပ်သော ဉာဏ် အဆောက်အဦ မရှိသော ပုဂ္ဂိုလ်တို့သည် မြင်ခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် ဒုဒ္ဒသဟူ၍ လည်းကောင်း၊ သုဒုဒ္ဒသဟူ၍လည်းကောင်း ခေါ်ဆိုအပ်လေသည်။ ထိုခေါ်ဆိုအပ်သော ဒုဒ္ဒသ သုဒုဒ္ဒသ နှစ်ပါးတို့တွင် ဒုဒ္ဒသဟု ခေါ်

ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည် ဥဒါန်း ပါဠိတော် ပါဠလိင်္ဂါမဝဂ် နှစ်ခုမြောက် ဥဒါန်း၌ ဒုဒ္ဒသံ အ-နတံ နာမ။ ဟူ၍ ဟောတော်မူအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား-—

ဒုဒ္ဒသံ၊ အလွန်သိမ်မွေ့သည်၏ အဖြစ်ကြောင့် မြင်နိုင်ခဲသော အသစ်တ ဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အ-နတံ နာမ၊ အ-နတမည်၏။ ဝါ၊ တဏှာ၏ အာရုံဖြစ်သောအားဖြင့် မညွတ် မသိနိုင်ရာသဘောမည်၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ ဒုဒ္ဒသံ ဟူသော စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသစ်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဒုဒ္ဒသ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရဂါထာ ပါဠိတော် ပုဏ္ဏမန္တာနိပုတ္တဂါထာ၌ ဒုဒ္ဒသံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား——

ဒုဒ္ဒသံ၊ အလွန်သိမ်မွေ့သည်၏ အဖြစ်ကြောင့် မြင်နိုင်ခဲသော။ ဝါ၊ တနည်း ကား။ ဒုဒ္ဒသံ၊ ငြိုငြင်သဖြင့် ရှုမြင်အပ်သော နိဗ္ဗာန်ကို။ ဤသို့ ဟောတော် မူအပ်သော ပါဠိတော်၏ စကားရပ်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသစ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မြင်နိုင်ခဲသည်၏ အဖြစ်ကြောင့် ဝါ၊ ငြိုငြင်စွာ ရှုမြင်အပ်သည်၏ အဖြစ်ကြောင့် ဒုဒ္ဒသ ဟု ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိလေကုန်။

ဤပါဠိတော်ဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသစ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဒုဒ္ဒသ ဟူ၍ ခေါ်ဝေါ်အပ်သည်၏အဖြစ်ကို သိအပ်သည် မဟုတ်သေး၊ ဥဒါန်း အဋ္ဌကထာ ပါဠလိင်္ဂါမဝဂ် ဒုဒ္ဒသ အဖွင့် စာမျက်နှာ ၃၅၅-၌—

> ဒုဒ္ဒသန္တိ သဘာဝဂမ္ဘီရတ္တာ အတိသုခုမသဏှသဘာဝတ္တာ စ အနုပစိတဉာဏသမ္ဘာရေဟိ ပဿိတုံ နာ သက္ကာတိ ဒုဒ္ဒသံ။ ဟူ၍ ဖွင့်ဆို အပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဒုဒ္ဒသန္တိ၊ ဒုဒ္ဒသံဟူသည်ကား။ သဘာဝဂမ္ဘီရတ္တာ စ၊ ပရမတ္ထတရားဖြစ်သော နိဗ္ဗာန်သဘော၏ နက်နဲသည်၏အဖြစ်ကြောင့်လည်းကောင်း။ အတိသုခုမ သဏှ-သဘာဝတ္တာ စ၊ အလွန် သိမ်မွေ့သည်ထက် သိမ်မွေ့သော သဘော၏ အဖြစ်

ကြောင့်လည်းကောင်း။ ဝါ၊ အလွန်သိမ်မွေ့ပြေပြစ်သော သဘော၏ အဖြစ်ကြောင့်လည်းကောင်း။ အနုပစိတဉာဏသမ္ဘာရေဟိ၊ ရှေးရှေးဘဝတို့၌ ဆည်းပူးအပ်သော ဉာဏ်အဆောက်အဦမရှိသော ပုဂ္ဂိုလ်တို့သည်။ ပဿိတုံ၊ ရှုမြင်ခြင်းငှါ။ နှ သက္ကာ၊ မစ္ဆမ်းနိုင်။ ဣတိတသ္မာ၊ ထိုသို့ ရှုမြင်ခြင်းငှါ မစ္ဆမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ဒုဒ္ဒသံ၊ ဒုဒ္ဒသမည်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မြင်နိုင်ခဲသည်၏ အဖြစ်ကြောင့် ဒုဒ္ဒသ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရဂါထာ အဋ္ဌကထာ၊ ပုဏ္ဏမထေရ်ဂါထာအဖွင့် စာမျက်နှာ ၄၈-၌—

> ဒုက္ခေန ဒဋ္ဌဗ္ဗံ နှ သုခေန ဒဋ္ဌုံ သက္ကောတိတိ ဒုဒ္ဒသံ။ ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဒုက္ခေန၊ ငြိုငြိုငြင်ငြင် ဆင်းဆင်း ရဲရဲဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုမြင်အပ်၏။ သုခေန၊ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာဖြင့်။ ဒဋ္ဌုံ၊ ရှုမြင်ခြင်းငှါ။ နှ သက္ကောတိ၊ မစ္ဆမ်းနိုင်။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒုဒ္ဒသံ၊ ဒုဒ္ဒသမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဒုဒ္ဒသ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို သုဒုဒ္ဒသဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဒုဒ္ဒသဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သုဒုဒ္ဒသ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကိုလည်း ဘုရားရှင်သည် သင်္ဃာယတနသံယုတ် ပါဠိတော် အသင်္ခတသံယုတ် စာမျက်နှာ ၅၄၁-၌—

> ကတမဉ္စ ဘိက္ခဝေ သုဒုဒ္ဒသံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သုဒုဒ္ဒသံ။ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမဉ္စ၊ အဘယ်ကရားသည်သာလျှင်။ သုဒုဒ္ဒသံ၊ သုဒုဒ္ဒသမည်သနည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂကွယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်ဖေသာ အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် လည်းကောင်း။ ယော ဒေါသကွယော၊အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် လည်းကောင်း။ ယော မောဟကွယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော အသခ််တဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်သည် လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ ဒေါသ မောဟ တရားတို့၏ ကုန်ကြောင်း ဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ သုဒုဒ္ဒသံ၊ သုဒုဒ္ဒသဟူ၍။ ဝါ၊ အလွန်မြင်နိုင်ခဲသော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ သုဒုဒ္ဒသံ ဟူသော စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သုဒုဒ္ဒသဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤ ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ နေတ္တိပါဠိတော် ဝေဝစန ဟာရ၌ သုဒုဒ္ဒသံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ အာဘိဓာန်သဂ္ဂကဏ္ဍ နိဗ္ဗာန်ပရိယာယ်၌ သုဒုဒ္ဒသံဟူ၍ လာရှိသည်ကို ထောက်၍ လည်းကောင်း သိလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

သုဒုဒ္ဒသံ၊ ရှေးရှေးဘဝ၌ ဆည်းပူးအပ်သော ဉာဏ်အဆောက်အဦ မရှိကုန်သော သူတို့သည် မြင်ခြင်းငှါ မစွမ်းနိုင်သော သဘောနိဗ္ဗာန်။ ဝါ၊ တနည်းကား။ သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲသော သဘောနိဗ္ဗာန်။ ဤကား နေတ္တိပါဠိတော်၏ မြန်မာပြန်တည်း။ အာဘိဓာန်ပါဠိ၏ မြန်မာပြန်လည်း နည်းတူသာတည်း။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်၏ သုဒုဒ္ဒသံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သုဒုဒ္ဒသဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတန သံယုတ် အဋ္ဌကထာ၊ အသခ််တ သံယုတ် သုဒုဒ္ဒသအဖွင့် စာမျက်နှာ ၁၄၉-၌—

သုဋ္ဌု ဒုဒ္ဒသတာယ သုဒုဒ္ဒသံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်း သိလေဦး။

မြန်မာပြန်ကား—

သုဠု၊ ကောင်းစွာ။ ဒုဒ္ဒသတာယ၊ မြင်နိုင်ခဲသည်၏ အဖြစ်ကြောင့်။ သုဒုဒ္ဒသံ၊ သုဒုဒ္ဒသမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန သစ္စာ နိဗ္ဗာန်ကို သုဒုဒ္ဒသဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ နေတို့အဋ္ဌကထာ ဝေဝစနဟာရ သုဒုဒ္ဒသ အဖွင့် စာမျက်နှာ ၁၁၉-၌— အနုပစိတဉာဏသမ္ဘာရေဟိ ဒဋ္ဌုံ နာ သက္ကာတိ သုဒုဒ္ဒသံ။ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အနုပစိတဉာဏသမ္ဘာရေဟိ၊ ရှေးရှေး ဘဝ၌ ဆည်းပူးအပ်သော ဉာဏ်အဆောက်အဦ မရှိကုန်သောသူတို့သည်။ ဒဋ္ဌုံ၊ ရှုမြင်ခြင်းငှါ။ နာ သက္ကာ၊ မတတ်နိုင်။ ဝါ၊ မစွမ်းနိုင်။ ဣတိတသ္မာ၊ ထို့သို့ရှုမြင်ခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ သုဒုဒ္ဒသံ၊ သုဒုဒ္ဒသမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော နေတို့အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို ဆည်းပူးအပ်သော ဉာဏ် အဆောက်အဦ မရှိသော သူတို့သည် မြင်ခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့် သုဒုဒ္ဒသ မည်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အာဘိဓာန်ဋီကာ၊သဂ္ဂကဏ္ဍ နိဗ္ဗာန် ပရိယာယ် သုဒုဒ္ဒသ အဖွင့် စာမျက်နှာ ၁၆-၌—

ပဿိတုံ သုဒုက္ကရတာယ သုဒုဒ္ဒသံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်းကောင်း၊ အာဘိဓာနပပ္ပဒီပိကာသူစိကျမ်း (၆၄၃) မျက်နှာ သုဒုဒ္ဒသ အဖွင့်၌-ပဿိတုံ သုဒုက္ကရတာယ သုဒုဒ္ဒသံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

ပဿိတုံ၊ ရှုမြင်ခြင်းငှါ။ သုဒုက္ကရတာယ၊ အလွန်ခဲယဉ်းသည်၏ အဖြစ်ကြောင့်။ သုဒုဒ္ဒသံ၊ သုဒုဒ္ဒသမည်၏။ ဤကား အာဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။ အာဘိဓာနပပ္ပဒီပိကာသူစိပါဠိ၏ မြန်မာပြန်လည်း နည်းတူ သာတည်း။

ဤသို့ ဖွင့်ဆိုအပ်သော ဋီကာရှင်တို့၏ စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်မြင်နိုင်ခဲသည်၏အဖြစ်ကြောင့် သုဒ္ဒဿဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဒုပ္ပဿဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သုဒ္ဒဿ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဒုပ္ပဿ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဒုပ္ပဿဟူ၍ ခေါ်ဆိုအပ်သနည်း – ဟူမူ မဖောက်မပြန်မှန်ကန်သော အကျင့်မှကင်း၍ မြင်ခြင်း ရောက်ခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် ဒုပ္ပဿဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် နေတ္တိပါဠိတော်၌ ဒုပ္ပဿံ ဟူ၍ ဟော တော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဒုပ္ပဿံ၊မဖောက်မပြန် မှန်ကန်သော အကျင့်မှ ကင်း၍ မြင်ခြင်းရောက်ခြင်းငှါ မစွမ်းနိုင်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဤသို့ ဟော တော်မူအပ်သော နေတ္တိပါဠိတော်၏စကားတော်ကိုထောက်၍ ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဒုပ္ပဿ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဤပါဠိတော်၏ အဖွင့်ဖြစ်သော နေတ္တိအဋ္ဌကထာ၊ဝေဝစနဟာရ ဒုပ္ပဿအဖွင့် စာမျက်နှာ ၁၂၀-၌–

သမ္မာ ပဋိပတ္တိ ဝိနာ ပဿိတုံ ပတ္တုံ အသက္ကုဏေယျတ္တာ ဒုပ္ပဿံ။

ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သမ္မာ၊ မချွတ်မယွင်း မှန်ကန်သော။ ပဋိပတ္တိ ၊ အကျင့်တရားမှ။ ဝိနာ၊ ကင်း၍။ ပဿိတုံ၊ ရှုခြင်းငှါ လည်းကောင်း။ ပတ္တုံ၊ ရောက်ခြင်းငှါ လည်းကောင်း။ အသက္ကုဏေယျတ္တာ၊ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ ဒုပ္ပဿံ၊ ဒုပ္ပဿမည်၏။

အဓိပ္ပါယ်ကား – ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မချွတ်မယွင်း ဘုရားအလိုတော်အားလျော်သော အကျင့်

ရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင် မြင်ခြင်း ရောက်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဘုရား အလိုတော်အား မလျော်ပတ်သော ချော်ချွတ်သော အကျင့်ရှိသော ပုဂ္ဂိုလ်တို့သည် မြင်ခြင်း ရောက်ခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် လည်းကောင်း ဒုပ္ပဿဟု ခေါ်ဆိုအပ်လေသည်ဟူလို။ ဤသို့ ဖွင့်ဆိုအပ်သော နေတို့အဋ္ဌကထာ စကားကို ထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ဓတဓာတ် နိဗ္ဗာန်ကို ဒုပ္ပဿ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဂမ္ဘီရဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂုလ်တို့၏အာရုံဖြစ်သော အသခ်္ဓတဓာတ် နိဗ္ဗာဓသစ္စာ နိဗ္ဗာန်ကို ဒုပ္ပဿဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဂမ္ဘီရဟူ၍လည်း ခေါ်ဆို အပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ဓတဓာတ် နိဗ္ဗာဓသစ္စာနိဗ္ဗာန်ကို ဂမ္ဘီရဟု ခေါ်ဆိုအပ်သနည်း ဟူမူ – ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ဓတဓာတ် နိဗ္ဗာဓသစ္စာနိဗ္ဗာန်သည် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ကုန်သော စတဲ့ စေတသိက ရူပတည်းဟူသော သခ္ခတတရားတို့နှင့် မရောမယှက်ဘဲ အသီးအခြား ပရမတ္ထသဘောတရား အဖြစ်ဖြင့် အမြဲတည်ရှိနေသော သဘောတရားသာလျှင် ဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းနိဗ္ဗာန် ပရမတ္ထ သဘောတရားသည် အထည်ဒြဗ်သဏ္ဌာန်မှ ကင်းလျက် အမြဲတည်ရှိနေဓသော သိမ်မွေ့နူးညံ့မြင်နိုင်ခဲသော သဘောသာလျှင်ဖြစ်ပေ၏။ ထိုသို့ သိမ်မွေ့နူးညံ့မြင်နိုင်ခဲသော သဘော၏အဖြစ်ကြောင့်လည်းကောင်း၊ မနက်နဲသော ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့၏ ထောက်ရာတည်ရာ မဟုတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ နက်နဲသော ဉာဏ်၏ ကျက်စားရာ ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဂမ္ဘီရဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ထေရအပဒါန် ပါဠိတော်သာရိပုတ္တထေရအပဒါန်၌ ဂမ္ဘီရံ နိပုဏံ ပဒံ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ပဒံ၊ အရိယာသူတော်ကောင်းတို့သည် မဂ်ဖြင့် ရောက်အပ်ထသော။ နိပုဏံ၊ သိမ်မွေ့ထသော။ ဂမ္ဘီရံ၊ နက်နဲသော သဘောရှိသော အသခ်္ဓတဓာတ် နိဗ္ဗာဓသစ္စာနိဗ္ဗာန်သည်။ ကထံ၊ အဘိုပါနည်း။

ဤသို့ အရှင်သာရိပုတ္တရာ မေးအပ်သော စကားရပ်တို့တွင် ဂမ္ဘီရံ ဟူသော စကားတော်ကိုထောက်၍ ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ဓတဓာတ်

နိရောဓသစ္စာနိဗ္ဗာန်ကို ဂမ္ဘီရ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရဂါထာပါဠိတော် မန္တာနီပုဏ္ဏေးမ၏သား ဖြစ်တော်မူသော ပုဏ္ဏမထေရ်ဂါထာ၌ အတ္ထံ မဟန္တံ ဂမ္ဘီရံ။ ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ဂမ္ဘီရံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဂမ္ဘီရဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိလေဦး။

မြန်မာပြန်ကား —

အတ္ထံ၊ ပရမတ္ထသဘော တရားသာလျှင် ဖြစ်ဆသော။ (ပရမတ္ထသဘာဝတ္တာ အတ္ထံ ဟူ၍ ဖွင့်အပ်သော အဋ္ဌကထာကို ထောက်လေ)။ မဟန္တံ၊ အရိယာအဖြစ်ကို ပြုတတ်သည်၏အဖြစ်ကြောင့် မြင့်မြတ်သည်၏ အဖြစ်ရှိသော မဂ်ဖိုလ်တို့၏ အကြောင်းခံတရား၏ အဖြစ်ကြောင့် မြင့်မြတ်ထသော။ (အရိယဘာဝကရတ္တာ မဟတ္တနိမိတ္တတာယ မဟန္တံ ဟူ၍ ဖွင့်ဆိုအပ်သော အဋ္ဌကထာကို ထောက်လေ)ဂမ္ဘီရံ၊နက်နဲသောသဘောနိဗ္ဗာန်ကို။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ဂမ္ဘီရံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဂမ္ဘီရ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရအပဒါန်ပါဠိတော်၊ ကစ္စာယနဝဂ်-ဗာဟိယမထေရ်အပဒါန် ၁၂၉-၌ – ယော မေ ဓမ္မမဒေသေသိ၊ ဂမ္ဘီရံ သုညတံ ပဒံ။ ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ဂမ္ဘီရံ ဟူသော စကားတော်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ယော ဗုဒ္ဓေါ၊ အကြင်ဂေါတမဘုရားရှင်သည်။ မေ၊ ငါ့အား။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် မဂ်ဖြင့် ရောက်အပ်ထသော။ သုညတံ၊ သင်္ခတ-သင်္ခါရတရားတို့မှ ဆိတ်ကင်းနေထသော။ ဂမ္ဘီရံ၊ နက်နဲသော သဘောရှိသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသော။ ဓမ္မံ၊ သဘောတရားကို။ အဒေသေသိ၊ ဟောတော်မူပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ဂမ္ဘီရံဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နက်နဲသည်၏ အဖြစ်ကြောင့် ဂမ္ဘီရ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတို့ပါဠိတော်၊ ဝေဝစနဟာရဋ္ဌ ဂမ္ဘီရံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဂမ္ဘီရံ၊ နက်နဲသောသဘောရှိသော အသခ်္ခတဓာတ် နိဗ္ဗာန်ကို။ (အနုဿတိဋ္ဌ စပ်လေ) ဤသို့ဟောတော်မူအပ်သော ပါဠိတော်၏စကားရပ်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်ကို ဂမ္ဘီရ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ထေရဂါထာအဋ္ဌကထာ၊ မန္တာနီပုဏ္ဏားမ၏သား ဖြစ်တော်မူသော ပုဏ္ဏမထေရ် ဂါထာအဖွင့် စာမျက်နှာ ၄၇၊၄၈-၌—

အဂါဓဘာဝတော ဂမ္ဘီရဉာဏဂေါစရတော စ ဂမ္ဘီရံ ။ပ။ အနုတ္တာနသဘာဝတာယ ဂမ္ဘီရံ ။ပ။ ဒုဒ္ဒသတ္တာ ဂမ္ဘီရံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဂါဓဘာဝတော စ၊ မနက်နဲသော ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည် ထောက်တည်ရာ မရနိုင်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ဂမ္ဘီရဉာဏဂေါစရတော စ၊ နက်နဲသောဉာဏ်၏။ ဝါ၊ နက်နဲသော ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့၏ ကျက်စားရာ အာရုံ၏ အဖြစ်ကြောင့်လည်းကောင်း။ ဂမ္ဘီရံ၊ ဂမ္ဘီရမည်၏ ။ပ။ အနုတ္တာနသဘာဝတာယ၊ ပေါ်လွင်ခြင်းမရှိသော။ ဝါ၊ မပေါ်လွင်သော သဘော၏ အဖြစ်ကြောင့်။ ဂမ္ဘီရံ၊ ဂမ္ဘီရမည်၏ ။ပ။ ဒုဒ္ဒသတ္တာ၊ မြင်နိုင်ခဲသည်၏ အဖြစ်ကြောင့်။ ဝါ၊ ငြိုငြိုငြင်ငြင် ဆင်းဆင်းရဲရဲဖြင့် မြင်အပ်, သိအပ်သည်၏ အဖြစ်ကြောင့်။ ဂမ္ဘီရံ၊ ဂမ္ဘီရမည်၏။

အဓိပ္ပါယ်ကား – ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်သစ္စာနိဗ္ဗာန်တရားတော်သည် စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်္ခတတရားတို့နှင့် မရောမယှက် အသီးအခြား ပရမတ္ထသဘောတရားဖြစ်လျက် အမြဲတည်ရှိပေ၏။ ထိုပရမတ္ထတရားဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်သစ္စာနိဗ္ဗာန်သည် အလွန် သိမ်မွေ့သည်၏အဖြစ်ကြောင့် မနက်နဲသောဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည် အာရုံပြုသောအားဖြင့် မကပ်နိုင်, မသိနိုင်, မထောက်တည်နိုင်သော သဘောသာလျှင် ဖြစ်၏။ ထို့သို့ ဖြစ်ခြင်းကြောင့် နက်နဲသောဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင် နက်နဲသောဉာဏ်ဖြင့် ကျက်စားရာသဘော ဖြစ်ပေ၏။

ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို နက်နဲသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ရှုမြင်ခြင်းဌာ မလွယ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ မနက်နဲသောဉာဏ်ရှိသောပုဂ္ဂိုလ်တို့ အာရုံပြုသောအားဖြင့် ထောက်တည်ရာ မဟုတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ နက်နဲသောဉာဏ်ရှိသောပုဂ္ဂိုလ်တို့သည်သာလျှင် နက်နဲသောဉာဏ်ဖြင့် ကျက်စားအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဂမ္ဘီရဟု ခေါ်ဆိုအပ်သည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ပြအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဂမ္ဘီရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ နေတ္တိအဋ္ဌကထာ ဝေဝစနဟာရအဖွင့် စာမျက်နှာ ၁၂၀-၌ ဂမ္ဘီရဉာဏဂေါစရတော ဂမ္ဘီရံ ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဂမ္ဘီရဉာဏဂေါစရတော၊ နက်နဲသောဉာဏ်၏။ ဝါ၊ နက်နဲသောဉာဏ်ရှိသော ပုဂ္ဂိုလ်တို့၏ ကျက်စားရာအာရုံ၏ အဖြစ်ကြောင့်။ ဂမ္ဘီရံ၊ ဂမ္ဘီရမည်၏။ ဤသို့ ဖွင့်ပြအပ်သော နေတ္တိအဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နက်နဲသောဉာဏ်၏ ကျက်စားရာ အာရုံ၏အဖြစ်ကြောင့် ဂမ္ဘီရဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ ပြဆိုအပ်ပြီးသော အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရအပဒါန် အဋ္ဌကထာ၊ သာရိပုတ္တထေရ အပဒါန်အဖွင့် စာမျက်နှာ ၂၅၆-၌ ဂမ္ဘီရတာယ ဂမ္ဘီရံ၊ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ဥဒါန်းအဋ္ဌကထာ၊ ပါဠိလင်္ကာမဝဂ် - နှစ်ခုမြောက်သုတ်အဖွင့် စာမျက်နှာ ၃၅၅-၌ သဘာဝဂမ္ဘီရတ္တာ၊ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

ဂမ္ဘီရတာယ၊ နက်နဲသည်၏အဖြစ်ကြောင့်။ ဂမ္ဘီရံ၊ ဂမ္ဘီရမည်၏။ ဤကား ပဌမအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ သဘာဝဂမ္ဘီရတ္တာ၊ နိဗ္ဗာန်သဘော၏ နက်နဲသည်၏အဖြစ်ကြောင့်။ ဤကား ဒုတိယအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားရပ်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို နက်နဲသည်၏အဖြစ်ကြောင့် ဂမ္ဘီရဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အဇာတဟူ၍ ခေါ်ဆိုအပ်ကြောင်း

ငင်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဂမ္ဘီရဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အဇာတဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ငင်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဇာတဟု ခေါ်ဆိုအပ်သနည်းဟူမူ – ငင်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် အခါခပ်သိမ်း ဖြစ်ပေါ်မှုလက္ခဏာမှ ကင်းရှင်သာလျှင် အမြဲနက်နဲသော သဘောအားဖြင့် တည်ရှိပေ၏။ ထိုသို့ တည်ရှိသောကြောင့် ငင်းမင်္ဂုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဇာတဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဘုရားရှင်သည် ဥဒါန်းပါဠိတော် ပါဋလိဂါမဝဂ်-သုံးခုမြောက် ဥဒါန်း စာမျက်နှာ ၁၇၀-၌ အတ္ထိ ဘိက္ခဝေ အဇာတံ-ဟူ၍လည်းကောင်း၊ ဣတိဝုတ်ပါဠိတော်၊ ဒုကနိပါတ်၊ ဒုတိယဝဂ် ၆-ခုမြောက် သုတ် ၂၂၀-၌ အတ္ထိ ဘိက္ခဝေ အဇာတံ ဟူ၍လည်းကောင်း ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ ဖြစ်ပေါ်မှုလက္ခဏာမှ ကင်းနေသော။ ဝါ၊ ဖြစ်ပေါ်မှုသဘော၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။ ဤကား ဥဒါန်းပါဠိတော်၏ မြန်မာပြန်တည်း။ ဣတိဝုတ်ပါဠိတော်၏မြန်မာပြန်လည်း နည်းတူသာတည်း။ ဤသို့ဟောတော်မူအပ်သော ပါဠိတော်တို့၏ စကားတော်ကိုထောက်၍ ငင်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဖြစ်ပေါ်မှုလက္ခဏာမှ ကင်း၍ ရှိနေသောကြောင့် အဇာတဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ နှစ် ၄၇-၌ အဇာတံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဇာတံ၊ ဖြစ်ပေါ်မှုလက္ခဏာမှ ကင်းနေသော။ ဝါ၊ ဖြစ်ပေါ်မှုသဘော၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဤသို့ဟောတော်မူအပ်သော ပါဠိတော်၏

စကားရပ်ကို ထောက်၍လည်း၊ ၎င်းမင်ဖိုလ်တို့၏အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဖြစ်ပေါ်ခြင်းလက္ခဏာမှ ကင်းရှိနေသောကြောင့် အဇာတဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ဤပါဠိတော်၏ အဖွင့်ဖြစ်သော နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရအဖွင့် နှာ ၁၂၀-၌ အနိဗ္ဗတ္တိသဒ္ဒာဝတ္ထာ အဇာတံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အနိဗ္ဗတ္တိသဒ္ဒာဝတ္ထာ၊ ဖြစ်ပေါ်မှုလက္ခဏာမှ ကင်းသောသဘော၏အဖြစ်ကြောင့်။ ဝါ၊ မဖြစ်ပေါ်သောသဘော၏ အဖြစ်ကြောင့်။ အဇာတံ၊အဇာတမည်၏။ ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမင်ဖိုလ်တို့၏အာရုံဖြစ်သော အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဖြစ်ပေါ်မှုလက္ခဏာမှကင်း၍ မဖြစ်ပေါ်သော လက္ခဏာအားဖြင့် အမြဲရှိနေသည်၏အဖြစ်ကြောင့် အဇာတဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အဇာတိဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်ဖိုလ် တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အဇာတဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အဇာတိဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဇာတိဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ· ဖြစ်ပေါ်ခြင်းသဘော လက္ခဏာရှိသော ဇာတိတရား၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် အဇာတိဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် မြတ်စွာဘုရားရှင်သည် ဗုဒ္ဓဝင်ပါဠိတော်၌ ဇာတိဝိဇ္ဇန္တေ အဇာတိပိ ဣစ္ဆိတဗ္ဗကာ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဇာတိ-ဇာတိယာ၊ ဖြစ်ပေါ်သော သဘောဇာတိသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိခဲ့သည်ရှိသော်။ အဇာတိပိ၊ ဇာတိ၏ ဆန့်ကျင်ဘက်ဖြစ်သော အဇာတိသဘောကိုလည်း။ ဝါ၊ ဖြစ်ပေါ်မှုသဘောရှိသော ဇာတိ၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော သဘောကိုလည်း။ ဣစ္ဆိတဗ္ဗကာ၊ အလိုရှိအပ်သည်သာလျှင်တည်း။

ဤသို့ ဟောတော်မူအပ်သော ဗုဒ္ဓဝင် ပါဠိတော်၌ လာသော အဇာတိဟူသော စကားတော်ကို ထောက်၍ ၎င်းမင်ဖိုလ်တို့၏ အာရုံဖြစ်သော

အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဖြစ်ပေါ်မှု သဘောရှိသော ဇာတိ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အဇာတိဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဂေါတြဘုနိဒ္ဒေသ စာမျက်နှာ-၆၇ ၌ အဇာတံ ပက္ခန္ဒတိတိ ဂေါတြဘူ။ ဟူ၍ ဟောတော်မူအပ်သော စကားတော်တို့တွင် အဇာတိ ဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဇာတိ၊ ဖြစ်ပေါ်မှု သဘောလက္ခဏာရှိသော ဇာတိ၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ အာရုံပြုသောအားဖြင့် ပြေးဝင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူမည်၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် အဇာတိ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဖြစ်ပေါ်ခြင်းလက္ခဏာရှိသော ဇာတိတရား၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် အဇာတိဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အပဒါန်အဋ္ဌကထာ၌ အဇာတိ ။ပ။ ပရိယေသိတုံ ဝဋ္ဋတိ။ ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဇာတိ၊ ဖြစ်ပေါ်မှုသဘောလက္ခဏာရှိသော ဇာတိ၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ပရိယေသိတုံ၊ ရှာမှီးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။

ဤသို့ ပြဆိုအပ်သော အဇာတိ ဟူသော အဋ္ဌကထာစကားကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဇာတိတရား၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် အဇာတိဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အပဝတ္တဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အဇာတ, အဇာတိ ဟူ၍ သာလျှင် ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အပဝတ္တဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အပဝတ္တဟူ၍ ခေါ်ဆိုအပ်သနည်း ဟူမူ

ဎင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် ဖြစ်ပေါ်ခြင်း မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဖြစ်ပေါ်ခြင်းသဘော၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် လည်းကောင်း၊ မဖြစ်ပေါ်သော သဘော တရားသာလျှင် ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း အပဝတ္တာ ဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် မြတ်စွာဘုရားရှင်သည် ဥဒါန်းပါဠိတော် ပါဠလိဂါမဝဂ်-ပဌမဥဒါန်း စာမျက်နှာ-၁၇၇-၌ အပဝတ္တံ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အပဝတ္တံ၊ ဖြစ်ပေါ်ခြင်းလည်း မရှိထသော။ ဝါ၊ ဖြစ်ပေါ်ခြင်းလက္ခဏာရှိသော ဇာတိ၏ ဆန့်ကျင်ဘက်လည်းဖြစ်ထသော။ ဝါ၊ မဖြစ်ပေါ်သောသဘောသာလျှင် ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထ-အားဖြင့် ထင်ရှားရှိပေ၏။

အဓိပ္ပါယ်ကား— မဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှား ရှိပေ၏။ ထိုသို့ပင် ရှိသော်လည်း ဎင်းနိဗ္ဗာန်၌ ဖြစ်ပေါ်မှု လက္ခဏာသည် အလျှင်းမရှိ။ စင်စစ် ဖြစ်ပေါ်မှု သဘော၏ ဆန့်ကျင်ဘက် ဖြစ်လျက် မဖြစ်ပေါ်သော သဘော လက္ခဏာအားဖြင့်သာလျှင် ထင်ရှားနေ၏။ ထိုကြောင့် ဎင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အပဝတ္တာဟု ခေါ်ဆိုအပ်သည် ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကို ထောက်၍ ဎင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အပဝတ္တာဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပြဆိုအပ်သော ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဎင်း ပါဠိတော်၏ အဖွင့်ဖြစ်သော ဥဒါန်းအဋ္ဌကထာ၊ ဎင်းသုတ်အဖွင့် စာမျက်နှာ ၃၅၅-၌—

ပဝတ္တာဘာဝတော ပဝတ္တာပဋိပက္ခတော စ အပဝတ္တံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဝတ္တာဘာဝတော စ၊ ဖြစ်ခြင်းလက္ခဏာမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ပဝတ္တာပဋိပက္ခတော စ၊ ဖြစ်ပေါ်သော ဇာတိသဘော၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်လည်းကောင်း။ အပဝတ္တံ၊ အပဝတ္တာမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားရပ်တို့တွင် ပဝတ္တာဘာဝတော ဟူသော စကားတော်ဖြင့် ၎င်း မဂ်ဖိုလ် တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်၌ အခါခပ်သိမ်း ဖြစ်ပေါ်ခြင်းလက္ခဏာ မရှိသည်၏ အဖြစ်ကို သိစေတော်မူအပ်၏။ ပဝတ္တာပဋိပက္ခတော ဟူသော စကားတော်ဖြင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် စင်စစ် ဖြစ်ပေါ်ခြင်း လက္ခဏာရှိသော ဇာတိတရား၏ ဆန့်ကျင်ဘက် ဖြစ်လျက် မဖြစ်ပေါ်သော သဘောလက္ခဏာအားဖြင့်သာလျှင် အမြဲတည်ရှိနေသည်၏ အဖြစ်ကို သိစေတော်မူအပ်၏။ ထို့ကြောင့် သိစေတော်မူအပ်သောကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ရဟန္တာတို့ ခန္ဓာချုပ်ပြီးမှ ဖြစ်ပေါ်လာသော တရားဟူ၍ အယူမရှိကြကုန်မူ၍ မဖြစ်ပေါ်သော သဘောဟူ၍သာလျှင် မှတ်ယူကြလေကုန်။ ထို့ကြောင့် မှတ်ယူစေလိုသောကြောင့် အပဝတ္တံဟူသော စကားတော်ကို အဋ္ဌကထာရှင် မိန့်ဆိုလေသည်။ ထို့ကြောင့် မိန့်ဆိုအပ်သောကြောင့် ၎င်းမဂ်ဖိုလ် တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဖြစ်ပေါ်ခြင်း လက္ခဏာ မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဖြစ်ပေါ်မှု ဇာတိ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်လည်းကောင်း၊ မဖြစ်ပေါ်သော သဘောလက္ခဏာမျှဖြင့်လည်း တည်ရှိနေသည်၏ အဖြစ်ကြောင့်လည်းကောင်း အပဝတ္တာဟူ၍ ခေါ်ဆိုအပ်လေသည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်နှစ်ရပ်တို့တွင် ပဝတ္တာဘာဝတောဟူသော စကားတော်အရ-ဝိဂြိုဟ်ပြုလုပ်လိုသော်—နတ္ထိ ပဝတ္တံ ဧတ္ထ တေဿာတိ ဝါ အပဝတ္တံ ဟူ၍ သတ္တမီ, စတုတ္ထီ, ဗဟုဗ္ဗီဟိသမာသ် ဝိဂြိုဟ် ပြုလုပ်ရာ၏။ ဧတ္ထ၊ ဤ အသင်္ခတဓာတ် နိဗ္ဗာန်၌။ ဝါ၊ တနည်းကား။ တေဿ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်အား။ ပဝတ္တံ-ပဝတ္တလက္ခဏံ၊ ဖြစ်ခြင်းလက္ခဏာသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ အပဝတ္တံ၊ အပဝတ္တ မည်၏။ နတ္ထိ ပဝတ္တံ ဟူသော သမာသ်ပုဒ်တစိတ်အရကား ဖြစ်ပေါ်ခြင်းလက္ခဏာ မရှိခြင်း တည်းဟူသော အပဝတ္တဘောဂုဏ်သည် မုချရ၏။ ထို့ အပဝတ္တဘောဂုဏ်နှင့် နိဗ္ဗာန်တရားတော်၏ ဂုဏ်, ဂုဏေးအစပ် သမ္ဗန်သည် ဌာနျုပစာရအားဖြင့် ရ၏။ ဧတ္ထ, တေဿ-ဟူသော (အည) ပုဒ်အရကား-အသင်္ခတဓာတ်နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကိုသာ ရလေတော့၏။ ထို့ကြောင့် ရခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို အပဝတ္တာဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤကား ပဌမဖွင့်ချက် အဋ္ဌကထာ၏ အလိုတော်တည်း။ ပဝတ္တပဋိပက္ခတော ဟူသော ဒုတိယဖွင့်ချက်၏အရ-ဝိဂြိုဟ်ပြုလုပ်လိုသော်-ပဝတ္တာသ ပဋိ-

ပက္ခံ အပဝတ္ထံ ဟူ၍ ဆဋ္ဌိအဗျယီဘောသမာသ်ပြုလုပ်ရာ၏။ ပဝတ္ထာသ၊ ဖြစ်ခြင်း လက္ခဏာရှိသော ဇာတိ၏။ ပဋိပက္ခံ၊ ဆန့်ကျင်ဘက်ဖြစ်သော တရားတည်း။ အပဝတ္ထံ၊ ဖြစ်ပေါ်ခြင်း လက္ခဏာရှိသော ဇာတိ၏ ဆန့်ကျင်ဘက်ဖြစ်သော တရား။ ပဝတ္ထာသ-ဟူသော သမာသ်၏ ရှေပုဒ်အရကား-ဖြစ်ပေါ်ခြင်းလက္ခဏာရှိသော ဇာတိတရားသည် မုချရ၏။ ထိုဇာတိနှင့် နိဗ္ဗာန်၏ ဝိရုဒ္ဓဆန့်ကျင်ဘက် အစပ်သမ္ဗန်သည် ဌာန္ဟုပစာရအားဖြင့် ရ၏။ အ-ဟူသော အဗျယနောက်ပုဒ်၏ အရသည် အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုသာ ရလေတော့၏။ ထိုသို့ ရခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အပဝတ္ထာ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤကား ဒုတိယဖွင့်ချက် အဋ္ဌကထာ၏ အလိုတော်ပေတည်း။

ဤပြဆိုအပ်ပြီးသော အဋ္ဌကထာဖြင့်သာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အပဝတ္ထာ ဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိအပ်သည်မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မဟာဝဂ် ဉာဏကထာ အဘိညေယျ နိဒ္ဒေသ စာမျက်နှာ (၁၅)၌—

အပဝတ္ထံ နိဗ္ဗာနန္တိ အဘိညေယ်ျ ဟူ၍လည်းကောင်း၊ ၎င်း ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဂေါတြဘုနိဒ္ဒေသ စာမျက်နှာ(၆၃)၌—

အပဝတ္ထံ ပက္ခန္ဒတိတိ ဂေါတြဘူ ဟူ၍ လည်းကောင်း ဟော တော်မူအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အပဝတ္ထံ၊ ဖြစ်ပေါ်မှု လက္ခဏာမရှိသော။ ဝါ၊ ဖြစ်ပေါ်သော ဇာတိတရား၏ ဆန့်ကျင်ဘက်ဖြစ်သော။ ဝါ၊ မဖြစ်ပေါ်သော သဘောတရားကို။ နိဗ္ဗာနန္တိ၊ မိုး ၁၁-ပါး၏ ငြိမ်းကြောင်းဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ဟူ၍။ အဘိ၊ ထူးသော ဉာဏ်ဖြင့်။ ညေယျံ၊ သိအပ်၏။ ဤကား ပဌမပါဌ်၏ မြန်မာပြန်တည်း။ အပဝတ္ထံ၊ ဖြစ်ပေါ်မှုလက္ခဏာမရှိသော။ ဝါ၊ ဖြစ်ပေါ်သော ဇာတိတရား၏ ဆန့်ကျင်ဘက်ဖြစ်သော။ ဝါ၊ မဖြစ်ပေါ်သော သဘောသာလျှင် ဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဤတိတသ္မာ၊ ထိုသို့ ပြေးဝင်တတ်သော သတ္တိကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူမည်၏။ ဤကား ဒုတိယပါဌ်၏ မြန်မာပြန်တည်း။ ဤသို့ ဟော တော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော် စကားရပ်တို့တွင် အပဝတ္ထံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အပဝတ္ထာ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော် အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ နိရောဓသစ္စာအဖွင့် နိဗ္ဗာန်အမည်ကို ပြရာ၌ အပဝတ္တံ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ သစ္စဝိဘင်း နိရောဓသစ္စာအဖွင့် နိဗ္ဗာန် အမည်ကို ပြရာ၌ အပဝတ္တံ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သစ္စနိဒ္ဒေသ နိရောဓသစ္စာ အဖွင့် နိဗ္ဗာန် အမည်ကို ပြရာ၌ အပဝတ္တံ ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား——

အပဝတ္တံ၊ ဖြစ်ပေါ်မှု လက္ခဏာမရှိသော။ဝါ၊ ဖြစ်ပေါ်သော ဇာတိတရား၏ ဆန့်ကျင်ဘက်ဖြစ်သော။ ဝါ၊ မဖြစ်ပေါ်သော သဘောသာလျှင် ဖြစ်သော ကြောင့် အပဝတ္တာလည်း မည်၏။ ဤသို့ ပြဆို အပ်သော အဋ္ဌကထာရှင်တို့၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ-ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အပဝတ္တာဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အဇရဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အပဝတ္တာဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အဇရဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဇရဟူ၍ ခေါ်ဆိုအပ်သနည်း ဟူမူ ၎င်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် အခါခပ်သိမ်း ဖြစ်ပေါ်မှုမှ ကင်းသည်၏ အဖြစ်ကြောင့် ရင့်ရော်ဆွေးမြေ့ခြင်း မရှိ။ ထို့သို့ ရင့်ရော်ဆွေးမြေ့ခြင်း မရှိခြင်းကြောင့် အဇရဟူ၍ ခေါ်ဆိုအပ်လေသည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထေရဂါထာ ပါဠိတော် ကေနိပါတ် စတုတ္ထဝဂ် သုပ္ပိယ ထေရဂါထာ၌——

အဇရံ ဇီရမာနေန ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား——

ဇီရမာနေန၊ ဆွေးမြေ့ခြင်းသဘောရှိသော ငါသည်။ အဇရံ၊ ဆွေးမြေ့ခြင်း မရှိသော သဘောနိဗ္ဗာန်ကို။ နိမိယံ၊ လဲလှယ်အံ့။ ဝါ၊ ဖလှယ်အံ့။ ဤသို့ ဟော တော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အဇရံဟူသော စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အဇရ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ထေရအပဒါန်ပါဠိတော် ဥပါလိ

ထေရ အပဒါန်၌—

အဇရာမရံ သီတိဘာဝံ၊ နိဗ္ဗာနံ ပဿယိ အဟံ။ ဟူ၍ ဟောတော်မူ အပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဟံ၊ ငါသည်။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်ထသော။ သီတိ-ဘာဝံ၊ ချမ်းသော သဘောရှိထသော။ အဇရာမရံ၊ ဆွေးမြေ့ ပျက်စီးခြင်း မရှိသော သဘောနိဗ္ဗာန်ကို။ ပဿယိ ံ၊ မြင်ရလေပြီ။ ဤသို့ ဟောတော် မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အဇရံဟူသော စကားတော်ကို ထောက် ၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အဇရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ပါဠိတော်စကားရပ်ဖြင့်သာ ၎င်းမင်္ဂိုလ်တို့၏ အာရုံ ဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဆွေးမြေ့ခြင်းမရှိသောသဘော ၏အဖြစ်ကြောင့် အဇရဟု ခေါ်ဆိုအပ်သည်မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိ တော်၊ မဟာဝဂ်ဉာဏကထာ–အာဘိညေယျနိဒ္ဒေသ စာမျက်နှာ ၁၆-၌ အဇရံ နိဗ္ဗာနန္တိ အာဘိညေယျံဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဇရံ၊ ဆွေးမြေ့ခြင်းမရှိသောသဘောကို။ နိဗ္ဗာနန္တိ၊ မီး ၁၁-ပါးတို့၏ ငြိမ်း ကြောင်းဖြစ်သော နိဗ္ဗာန်ဟူ၍။ အာဘိ၊ ထူးသောဉာဏ်ဖြင့်။ ညေယျံ၊ သိအပ် ၏။ ဤသို့ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် အဇရံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတ ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဇရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ထေရဂါထာ အဋ္ဌကထာ၊ ကေနိပါတ် စတုတ္ထဝဂ်–သုပ္ပိယထေရဂါထာအဖွင့်၌—

အဇရန္တိ ဇရာရဟိတံ နိဗ္ဗာနံ။ တံ ဟိ အဇရတ္တာ နတ္ထိ ဇတ္ထ ဇရာ ။ပ။ အဇရံ နာမ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဇရန္တိ၊ အဇရံဟူသည်ကား။ ဇရာရဟိတံ၊ ဇရာမှကင်းသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်သာလျှင်တည်း။ ဟိ၊ ထိုစကား မှန်၏။ တံ၊ ထိုနိဗ္ဗာန်သည်။ အဇရတ္တာ၊ ဆွေးမြေ့ခြင်းမရှိသည်၏ အဖြစ်ကြောင့်။ ဇတ္ထ၊

ဤမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၌။ ဇရာ၊ဆွေးမြေခြင်းသဘောသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ဆွေးမြေခြင်းသဘောမရှိသောသတ္တိကြောင့်။ အဇံ နာမ၊ အဇရမည်၏။ ဤသို့ ဖွင့်ပြအပ်သော အဋ္ဌကထာရှင်၏စကားကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဆွေးမြေခြင်းသဘောမရှိသည်၏အဖြစ်ကြောင့် အဇရဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ဂေါတြဘုနိဒ္ဒေသ စာမျက်နှာ ၆၄-၌-အဇံ ပဏ္ဍိတိတိ ဂေါတြဘူ။ ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဇံ၊ ဆွေးမြေခြင်းမရှိသောသဘော နိဗ္ဗာန်သို့။ ပဏ္ဍိတိ၊ အာရုံပြုသောအားဖြင့် ပြေးဝင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ပြေးဝင်တတ်သောကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူမည်၏။ ဤသို့ဟောတော်မူသော ပါဠိတော်၏ စကားရပ်တို့တွင် အဇံဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဇရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အပဒါန် အဋ္ဌကထာ၌ အဇံ။ပ။ နိဗ္ဗာနံ ပရိယေသိတုံ ဝဋ္ဋတိ-ဟူ၍ မိန့်ဆိုအပ်သော စကားရပ်တို့တွင် အဇံဟူသော စကားကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဇံ၊ ဆွေးမြေခြင်းမရှိသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါး၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို။ ပရိယေသိတုံ၊ ရှာမှီးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာစကားရပ်တို့တွင် အဇံဟူသောစကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဆွေးမြေခြင်းမရှိသည်၏ အဖြစ်ကြောင့် အဇရဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဝိပဿနာကထာ စာမျက်နှာ ၄၁၄-၌—

ပဏ္ဍန်ံ ခန္ဓာနံ နိရောဓော အဇံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သော ပါဋိတော်စကားရပ်တို့တွင် အဇရံဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောသည်။ အဇရံ၊ ဆွေးမြေ့ခြင်းမရှိသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားပေတည်း။ ဣတိ၊ ဤသို့၊ တံ၊ ထိုနိဗ္ဗာန်တရားတော်ကို။ ပဿန္တော၊ ရှုမြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တာနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ်တည်းဟူသော နိယာမသို့။ သြက္ကမတိ၊ သက်၏။ ဤသို့ ဟောတော်မူအပ်သော ပါဋိတော်စကားရပ်တို့တွင် အဇရံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဆွေးမြေ့ခြင်းမရှိသော သဘော၏အဖြစ်ကြောင့် အဇရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အဇဋ္ဌရဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဇရဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အဇဋ္ဌရဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဇဋ္ဌရဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ ဖြစ်မှု, ရင့်မှုတရားတို့သည် မနှိပ်စက်အပ်, မညှဉ်းဆဲအပ်, မဖျက်ဆီးအပ်သည်၏ အဖြစ်ကြောင့် အဇဋ္ဌရဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် နေတ္တိပါဋိတော်၊ ဝေဝစနဟာရ၌ အဇဋ္ဌရံ-ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အဇဋ္ဌရံ၊ ဖြစ်ပေါ်မှု, ရင့်မှုတည်းဟူသော ဇာတိ, ဇရာတရားတို့သည် မနှိပ်စက်အပ်။ ဝါ၊ မညှဉ်းဆဲအပ်။ ဝါ၊ မဖျက်ဆီးအပ်သောသဘော နိဗ္ဗာန်။ ဤသို့ ဟောတော်မူအပ်သည်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတ-ဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဇဋ္ဌရဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ဤပါဋိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ၎င်းပါဋိတော်၏ အဖွင့်ဖြစ်သော နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရ၌—

ဥပ္ပါဒဇရာဟိ အနုဇ္ဇာဟတတ္တာ အဇဋ္ဌရံ-ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဥပပါဒဇရာဟိ၊ ဖြစ်ပေါ်မှု-ဇာတိ, ရင့်ရော်မှု-ဇရာတို့သည်။ အနဇ္ဇာဟတတ္တာ၊ မနှိပ်စက်အပ်။ ဝါ၊ မညှဉ်းဆဲအပ်။ ဝါ၊ မဖျက်ဆီးအပ်သည်၏အဖြစ်ကြောင့်။ အဇဇ္ဇရံ၊ အဇဇ္ဇရ မည်၏။

အဓိပ္ပါယ်ကား—အဘယ်ကြောင့် ၎င်း မင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဇဇ္ဇရဟု ခေါ်ဆိုအပ်သနည်းဟူမူ ၎င်း မင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည် အခါခပ်သိမ်း ဖြစ်ပေါ်မှု-ဇာတိ, ရင့်ရော်မှု-ဇရာတို့မှ အမြဲကင်းနေသော သဘောသာလျှင် ဖြစ်ပေ၏။ ထို့ကို ဖြစ်ခြင်းကြောင့် ၎င်းမင်္ဂုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အခါခပ်သိမ်း ဖြစ်ပေါ်မှု-ဇာတိ, ရင့်ရော်မှု-ဇရာတရားတို့သည် မနှိပ်စက်နိုင်ကုန်၊ မညှဉ်းဆဲနိုင်ကုန်၊ မဖျက်ဆီးနိုင်ကုန်၊ ထို့ကို ဇာတိ, ဇရာတရားတို့သည် မနှိပ်စက်နိုင်၊ မညှဉ်းဆဲနိုင်၊ မဖျက်ဆီးနိုင်သည်၏အဖြစ်ကြောင့် ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ-နိဗ္ဗာန်ကို အဇဇ္ဇရဟု ခေါ်ဆိုအပ်လေသည် ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ပြအပ်သော အဋ္ဌကထာရှင်၏စကားကို ထောက်၍လည်း ၎င်း မင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဇဇ္ဇရဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ်ပါဠိတော်၊ အသင်္ခတသံယုတ် စာမျက်နှာ ၅၄၁-၌ ဘုရားရှင်သည်—

> ကတမဉ္စ ဘိက္ခဝေ အဇဇ္ဇရံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အဇဇ္ဇရံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အဇဇ္ဇရံ၊ အဇဇ္ဇရ မည်သောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အဇဇ္ဇရံ၊ အဇဇ္ဇရမည်သော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—ချစ်သားတို့။ အကြင် ရာဂ, ဒေါသ, မောဟ တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှား ရှိပေ၏။ ထိုပရမတ္ထအားဖြင့် ထင်ရှားရှိသော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဇရာတရားသည် ဆွေးမြေပျက်စီးခြင်းကို ပြုလုပ်ခြင်းငှါ မတတ်နိုင်။ ထိုသို့မတတ်နိုင်ခြင်းကြောင့် ၎င်းအသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဇဇ္ဇရဟု ခေါ်ဆိုအပ်သည်ဟူလို။ ဤကား ဘုရားရှင်၏ အလိုတော်အဓိပ္ပါယ်တည်း။ ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၊ကို အဇဇ္ဇရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ၎င်းပါဠိတော်၏ အဖွင့်ဖြစ်သော သဋ္ဌာယတနသံယုတ်အဋ္ဌကထာ၊ အသခ်္ခတသံယုတ်၊ အဇဇ္ဇရအဖွင့်(၁၄၉)၌ ဇရာယ အဇရိတတ္တာ အဇဇ္ဇရံ-ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဇရာယ၊ ဆွေးမြေစေတတ်သော ဇရာတရားသည်။ အဇရိတတ္တာ၊ မဆွေးမြေစေအပ်သည်၏အဖြစ်ကြောင့်။ တံ၊ ထိုအသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ အဇဇ္ဇရံ၊ အဇဇ္ဇရ မည်၏။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဇရာတရားသည် မဆွေးမြေစေအပ်သည်၏အဖြစ်ကြောင့် အဇဇ္ဇရ-ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အမတ ဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဇဇ္ဇရဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အမတ-ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အမတ-ဟု ခေါ်ဆိုအပ်သနည်းဟူမူ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် အခါခပ်သိမ်း ဖြစ်ပေါ်မှုလက္ခဏာမှကင်းသည်၏အဖြစ်ကြောင့် စင်စစ် ဆွေးမြေ, ပျက်စီးခြင်း မရှိ။ ထိုသို့ ဆွေးမြေ, ပျက်စီးခြင်းမရှိသည်၏ အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အမတ-ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော ဘုရားရှင်သည် ဓမ္မပဒပါဠိတော်၊ အပ္ပမာဒဝဂ်၌ အပ္ပမာဒေါ အမတံ ပဒံ-ဟူ၍ ဟောတော်မူအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

အပ္ပမာဒေါ၊ ရုပ်နာမ်ခန္ဓာတရားတို့၌ မမေ့မလျော့ခြင်းသည်။ အမတံ၊မပျက်မစီးသောနိဗ္ဗာန်သို့။ ပဒံ၊ ရောက်ကြောင်းဖြစ်သော အကျင့်ပေတည်း။ ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အမတံ-ဟူသော စကားတော်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ပျက်စီးခြင်း မရှိသည်၏ အဖြစ်ကြောင့် အမတ-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ၎င်းပါဠိတော်၏ အဖွင့်ဖြစ်သော ဓမ္မပဒအဋ္ဌကထာ၊ အပ္ပမာဒဝဂ်၊ သာမာဝတီဝတ္ထု၊ အမတအဖွင့်၌ –

> အမတံ ဝုစ္စတိ နိဗ္ဗာနံ၊ တဉ္စိ အဇာတတ္တာ နဇိယျတိ နမိယျတိ၊ တသ္မာ အမတန္တိ ဝုစ္စတိ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အမတံ၊ အမတ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ၊ ထိုစကားသည် မှန်၏။ တံ၊ ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ အဇာတတ္တာ၊ ဖြစ်ပေါ်မှု မရှိသည်၏အဖြစ်ကြောင့်။ နဇိယျတိ၊ မဆွေးမြေ့။ နမိယျတိ၊ မပျက်စီး။ တသ္မာ၊ ထိုသို့ မဆွေးမြေ့, မပျက်စီးသည်၏အဖြစ်ကြောင့်။ တံ၊ ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အမတန္တိ၊ အမတ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား – ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အမတ-ဟူ၍ ခေါ်ဆိုအပ်၏။ အဘယ်ကြောင့် အမတဟု ခေါ်ဆိုအပ်သနည်းဟူမူ – ထိုနိဗ္ဗာန်တရားတော်သည် အခါခပ်သိမ်း ဖြစ်ပေါ်မှု လက္ခဏာမှကင်းသည်၏အဖြစ်ကြောင့် ဆွေးမြေ့, ပျက်စီးမှု မရှိ။ ထိုသို့ ဆွေးမြေ့, ပျက်စီးခြင်း မရှိသည်၏ အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အမတ-ဟု ခေါ်ဆိုအပ်သည် ဟူလို။ ဤကား အဋ္ဌကထာရှင်၏ အလိုတော် အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ပြအပ်သော အဋ္ဌကထာစကားကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အမတ-ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်, အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သင်္ဃာယနသံယုတ်ပါဠိတော်၊ အသင်္ခတသံယုတ် စာမျက်နှာ ၅၄၁-၌—

ကတမဉ္စ ဘိက္ခဝေ အာမတံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခ-
ယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အာမတံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အာမတံ၊ မပျက်စီးခြင်းကြောင့်။ ဝါ၊ ပျက်စီးခြင်း မရှိခြင်းကြောင့် အမတမည်သော တရားသည်။ ကတမဉ္စ၊ အဘယ်သည် သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သောသဘော နိဗ္ဗာန်သည်လည်းကောင်း။ ယော ဒေါသက္ခ-ယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သောသဘော နိဗ္ဗာန်သည်လည်း ကောင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော သဘော နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအာဝုဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအာဝုဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟ တို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အမတံ၊ အမတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။အဓိပ္ပါယ်ကား–မပျက်မစီးသော ဝါ၊ ပျက်စီးခြင်း မရှိသော အမတ မည်သော နိဗ္ဗာန်သည် အဘယ်နည်းဟူမူ။ အကြင် ရာဂ, ဒေါသ, မောဟ တရားတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် ပရမတ္ထအာဝုဖြင့် ထင်ရှားရှိ၏။ ထိုပရမတ္ထအာဝုဖြင့် ထင်ရှားရှိသော ရာဂ,ဒေါသ,မောဟတရားတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အမတ ဟု ခေါ်ဆိုအပ်သည်ဟူလို။ ဤကား ဘုရားရှင်၏ အလိုတော်အဓိပ္ပါယ်တည်း။ ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကား တော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့် ဝါ၊ ပျက်စီးခြင်း မရှိခြင်း ကြောင့် အမတ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ၎င်းပါဠိတော်၏ အဖွင့်ဖြစ်သော သဠာယတနသံယုတ်အဋ္ဌကထာ၊ အသင်္ခတသံယုတ် အမတအဖွင့် ၁၄၉-၌ မရဏာဘာဝေန အမတံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

မရဏာဘာဝေန၊ ပျက်စီးခြင်း မရှိသည်၏ အဖြစ်ကြောင့်။ ဝါ၊ မပျက်မစီးသော သဘောရှိသည်၏ အဖြစ်ကြောင့်။ အမတံ၊ အမတမည်၏။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏

အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့် ဝါ၊ ပျက်စီးမှု မရှိခြင်းကြောင့် အမတ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော် အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဣတိဝုတ်ပါဠိတော်၊ တိကနိပါတ် တတိယဝဂ် လေးခုမြောက်သုတ် ၂၃၈-၌ ကာယေန အမတံ ဓာတုံ၊ ဖုသယိတ္ဝာ နိရူပဓိံ။ ဟူ၍ ဟောတော်မူအပ်သော စကားတော်တို့တွင် အမတံ ဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ကာယေန၊ နာမကာယဖြင့်။ နိရူပဓိံ၊ ဥပဓိတို့၏ကင်းရာဖြစ်သော။ ဝါ၊ ဥပဓိတရားတို့၏ မရှိရာဖြစ်သော။ အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်း မရှိသော။ ဓာတုံ၊ သတ္တဝါ, အာသက်မဟုတ်သော ပရမတ္ထသဘောတရားမျှသာဖြစ်သော နိဗ္ဗာနဓာတ်ကို။ ဖုသယိတ္ဝာ၊ တွေ့ရောက်ပြီး၍။ ဤသို့ဟောတော်မူအပ်သော ဣတိဝုတ်ပါဠိတော်စကားရပ်တို့တွင် အမတံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့် ဝါ၊ ပျက်စီးခြင်း မရှိခြင်းကြောင့် အမတ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသပါဠိတော်၊ အဋ္ဌကဝဂ်-ဂုဟဋ္ဌကသုတ္တနိဒ္ဒေသ ၂၁-မျက်နှာ၌ ဥပဓိဝိဝေကော ဝုစ္စတိ အမတံ နိဗ္ဗာနံ ဟူ၍လည်းကောင်း၊ ၎င်းမဟာနိဒ္ဒေသပါဠိတော်၊ အဋ္ဌကဝဂ်-ဒုဋ္ဌဋ္ဌကသုတ္တနိဒ္ဒေသ ၅၇-မျက်နှာ၌ အစ္စန္တသန္တိ ဝုစ္စတိ အမတံ နိဗ္ဗာနံ ဟူ၍လည်းကောင်း ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်း မရှိသော။ နိဗ္ဗာနံ၊ မီးဘဝ-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဥပဓိဝိဝေကောတိ၊ ဥပဓိဝိဝေကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ပဌမပါဠိတော်ပါဠိ၏ မြန်မာပြန်တည်း။ အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်း မရှိသော။ နိဗ္ဗာနံ၊ မီးဘဝ-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အစ္စန္တသန္တိ၊ အစ္စန္တသန္တိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ဒုတိယပါဠိတော်ပါဠိ၏ မြန်မာပြန်တည်း။ ဤသို့ ဟောတော်မူအပ်သော မဟာနိဒ္ဒေသပါဠိတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့်

ဝါ၊ ပျက်စီးခြင်း မရှိခြင်းကြောင့် အမတ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤမဟာနိဒ္ဒေသပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ စူဠနိဒ္ဒေသ ပါဠိတော်-ပါရာယနဝဂ်-မေတ္တဂုပဉ္ဇာနိဒ္ဒေသ ၇၅-မျက်နှာ၌ ဓမ္မမုတ္တမံ ဝုစ္စတိ အမတံ နိဗ္ဗာနံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ ၎င်း စူဠနိဒ္ဒေသပါဠိတော်၊ ပါရာယနဝဂ်·ပိင်္ဂိယသုတ္တနိဒ္ဒေသ ၂၀၁-မျက်နှာ၌ ပါရံ ဝုစ္စတိ အမတံ နိဗ္ဗာနံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား——

အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်းမရှိသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါး တို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဓမ္မမုတ္တမံ၊ ဓမ္မမုတ္တမဟူ၍။ ဝါ၊ မြတ်သောတရားဟူ၍။ ဝါ၊ တရားမြတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ပဌမပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။ အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်းမရှိသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို။ ပါရံ၊ ပါရဟူ၍။ ဝါ၊ သင်္ခတနယ်မှ တဘက်ကမ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား ဒုတိယပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အမတံဟူသော စကား တော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့် ဝါ၊ ပျက်စီးခြင်းမရှိခြင်းကြောင့် အမတဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ထေရအပဒါန် ပါဠိတော်၊ သာရိပုတ္တထေရအပဒါန် စာမျက်နှာ ၂၆-၌ အသင်္ခတံ ဂဝေသန္တော၊ နိဗ္ဗာနံ အမတံ ပဒံ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ ၎င်း ထေရအပဒါန်ပါဠိတော်-ကောဏ္ဍညထေရအပဒါန် ၅၄-မျက်နှာ၌ သော ဒါနိ ပတ္တော အမတံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

အသင်္ခတံ၊ အကြောင်းတရားတို့သည် မပြုပြင် အပ်ထသော။ ဝါ၊ ပြုပြင် အပ်သော သင်္ခတတရား၏ ဆန့်ကျင်ဘက်ဖြစ်ထသော။ ပဒံ၊ အရိယာသူတော် ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်ထသော။ အမတံ၊ မပျက် မစီးထသော။ ဝါ၊ ပျက်စီးခြင်းမရှိထသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏

ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဂဝေသန္တော၊ ရှာမှီးသည်ဖြစ်၍။ ဤကား ပဌမပါဋိတော်ပါဠိ၏ မြန်မာပြန်တည်း။ သော၊ ထိုဂါသည်။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ အမတံ၊ မပျက်မစီးသောနိဗ္ဗာန်သို့။ ပတ္တော၊ အာရုံပြုသောအားဖြင့် ရောက်ပြီ။ ဤကား ဒုတိယပါဋိတော်ပါဠိ၏ မြန်မာပြန်တည်း။ ဤသို့ ဟောတော်မူအပ်သော ပါဋိတော်စကားရပ်တို့တွင် အမတံဟူသောပါဌ်ကို ထောက်၍လည်း၎င်း မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မပျက်စီးခြင်းကြောင့် ဝါ၊ ပျက်စီးခြင်း မရှိခြင်းကြောင့် အမတဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဋိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး။ စူဠနိဒ္ဒေသအဋ္ဌကထာ မဟာနိဒ္ဒေသအဋ္ဌကထာတို့၌ နတ္ထိ ဧတဿ မရဏာသင်္ခါတံ မတန္တိ အမတံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ဧတဿ၊ ထိုအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်အား။ မရဏာသင်္ခါတံ၊ မရဏတရားဟုဆိုအပ်သော။ မတံ၊ ပျက်စီးခြင်းတရားသည်။ နတ္ထိ၊ မရှိ။ ဤတိတသ္မာ၊ ထိုသို့ပျက်စီးခြင်းတရား မရှိသည်၏အဖြစ်ကြောင့်။ တံ၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အမတံ၊ အမတ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော စူဠနိဒ္ဒေသအဋ္ဌကထာ, မဟာနိဒ္ဒေသအဋ္ဌကထာရှင်တို့၏ စကားကိုထောက်၍လည်း၎င်း မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့် ဝါ၊ ပျက်စီးခြင်းမရှိသည်၏အဖြစ်ကြောင့် အမတဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး။ ပဋိသမ္ဘိဒါမဂ်ပါဋိတော်၊ မဟာဝဂ်၊ ဉာဏကထာ-အဘိညေယျနိဒ္ဒေသ နှာ ၁၆-၌ အမတံ နိဗ္ဗာနန္တိ အာဘိညေယျံ၊ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း၎ကောင်း၊ ၎င်းပဋိသမ္ဘိဒါမဂ်ပါဋိတော်၊ ဂေါတြဘုနိဒ္ဒေသ နှာ ၆၄-၌—

အမတံ ပက္ခန္ဒတိတိ ဂေါတြဘူ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်းမရှိသော သဘောကို။ နိဗ္ဗာနန္တိ၊ မိုး ၁၁-ပါး၏ ငြိမ်းကြောင်းသဘော နိဗ္ဗာန်ဟူ၍။ အဘိ၊ ထူးသော ဉာဏ်ဖြင့်။ ညေယျံ၊ သိအပ်၏။ ဤကား ပဌမပါဋိတော်ပါဠိ၏ မြန်မာပြန်တည်း။ အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်းမရှိသောနိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ အာရုံ

ပြုသောအားဖြင့် ပြေးဝင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူမည်၏။ ဤကား ဒုတိယပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ်ပါဠိတော်၏ အမတံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့်လည်းကောင်း၊ ဝါ၊ ပျက်စီးခြင်းမရှိခြင်းကြောင့်လည်းကောင်း အမတဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ မာဂဏ္ဍိယသုတ်အဖွင့် စာမျက်နှာ ၁၅၃-၌—

ခေမံ အမတဂါမိနိန္တိ ဇ္ဈေ ခေမန္တိပိ အမတန္တိပိ နိဗ္ဗာနသ္သေဝ နာမံ။ ဟူ၍ ဖွင့်ဆိုအပ်သော အဋ္ဌကထာ စကားရပ်တို့တွင် အမတံ ဟူသော စကားတော်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ခေမံ အမတဂါမိနိန္တိ ဇ္ဈေ၊ ခေမံ အမတဂါမိနိ• ဟူသော ဤပါဠိတော်၌။ ခေမန္တိပိ၊ ခေမံ ဟူသည်လည်း။ နိဗ္ဗာနသ္သေဝ၊ အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၏သာလျှင်။ နာမံ၊ အမည်တည်း။ အမဘန္တိပိ၊ အမတံဟူသည်လည်း။ နိဗ္ဗာနသ္သေဝ၊ အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၏ သာလျှင်။ နာမံ၊ အမည်တည်း။ ဤသို့ဖွင့်ဆိုအပ်သော မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၏ အမတံ ဟူသော ပုဒ်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့် အမတ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ-နိဗ္ဗာန်အမည်အဖွင့်၌ နတ္ထိ ဇ္ဈေ မတံ မရဏန္တိ အမတံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ အဘိဓာနပ္ပဒီပိကာ သူစိကျမ်း နံပါတ် (၃၈) အမတအဖွင့်၌—

နတ္ထိ ဇ္ဈေ မတံ မရဏန္တိ အမတံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

ဇ္ဈေ၊ ဤမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌။ မတံ မရဏံ၊ ပျက်စီးခြင်းသဘောသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့သို့ ပျက်စီးခြင်းသဘော မရှိသည်၏ အဖြစ်ကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အမတံ၊ အမတမည်၏။ ဤကား

အဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။ အဘိဓာနပုဗ္ဗဒီပိကာသူစိကျမ်း၏ မြန်မာပြန်လည်း နည်းတူသာတည်း။ ဤသို့ဖွင့်ဆိုအပ်သော ဋီကာရှင်တို့၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့်။ ဝါ၊ ပျက်စီးခြင်းမရှိခြင်းကြောင့် အမတ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤဋီကာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သုတ္တန်ပါတ် ပါဠိတော်-ဥရဂဝဂ်-ဝိဇယသုတ်၌လည်းကောင်း၊ သုတ္တသင်္ဂဟပါဠိတော် ဝိဇယသုတ်၌လည်းကောင်း၊ အဇ္ဈဂါ အမတံ သန္တိ ံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

သန္တိ ံ၊ ကိလေသာ ဒုက္ခ, ခန္ဓာဒုက္ခတို့၏ ငြိမ်းကြောင်းဖြစ်သော။ အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်းမရှိသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အဇ္ဈဂါ၊ ရပြီ။ ဝါ၊ ထိုးထွင်း၍ သိခြင်းသို့ရောက်ပြီ။ ဤသို့ ဟောတော်မူအပ်သော အမတံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်စီးခြင်းကြောင့်။ ဝါ၊ ပျက်စီးခြင်းမရှိသောကြောင့် အမတဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သုတ္တသင်္ဂဟ အဋ္ဌကထာ၊ ၎င်းအမတအဖွင့်၌ တဥ္စ နိဗ္ဗာနပဒံ မရဏာဘာဝေန။ပ။အမတံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

တဥ္စ နိဗ္ဗာနပဒံ၊ ထိုမိုး ၁၀-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသော အရိယာသူတော်ကောင်းတို့ ရောက်အပ်သော တရားတော်သည်လည်း။ မရဏာဘာဝေန၊ ပျက်စီးခြင်းသဘောမရှိသည်၏အဖြစ်ကြောင့်။ အမတံ၊ အမတမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော သုတ္တသင်္ဂဟ အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပျက်စီးခြင်းမရှိသည်၏ အဖြစ်ကြောင့် အမတဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး။ နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရနိဒ္ဒေသ၌ ဘင်္ဂါဘာဝတော စ အမတံ ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘင်္ဂါဘာဝတော စ၊ ပျက်စီးခြင်းမရှိသည်၏ အဖြစ်ကြောင့်လည်း။ အမတံ၊ အမတမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော နေတ္တိ အဋ္ဌကထာရှင်၏ စကားကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိုဏ်ရောဓသစ္စာနိဗ္ဗာန်ကို ပျက်စီးခြင်း၏မရှိခြင်းကြောင့် အမတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ခုဒ္ဒကပါဋပါဠိတော် ရတနသုတ်၊ သုတ္တနိပါတ်ပါဠိတော် ရတနသုတ်၌—

ခယံ ဝိရာဂံ အမတံ ပဏီတံ၊ ယဒဇ္ဈဂါ သက္ယမုနီ သမာဟိတော။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် အမတံ ဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ခယံ၊ ရာဂစသော ကိလေသာတို့၏ ကုန်ကြောင်း ဖြစ်ထသော။ ဝိရာဂံ၊ ရာဂစသည်၏ ကင်းကြောင်းဖြစ်ထသော။ အမတံ၊ မပျက်မစီးထသော။ ဝါ၊ ပျက်စီးခြင်းမရှိထသော။ ပဏီတံ၊ မြတ်သော။ ယံ နိဗ္ဗာနံ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိုဏ်ရောဓသစ္စာနိဗ္ဗာန်ကို။ အဇ္ဈဂါ၊ မျက်မှောက်ပြုသောအားဖြင့် သိတော်မူသည်ဖြစ်၍။ သက္ယမုနီ၊ သာကီဝင် မင်းမျိုးမှ ဖြစ်တော်မူသော မုနိဟု ခေါ်ဆိုအပ်သော ဘုရားရှင်သည်။ သမာဟိတော၊ အရဟတ္တမဂ် သမာဓိဖြင့် တည်ကြည်သော စိတ်တော်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အမတံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိုဏ်ရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့် အမတဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ခုဒ္ဒကပါဋအဋ္ဌကထာ ၎င်း ရတနသုတ်အဖွင့်၌လည်းကောင်း၊ သုတ္တနိပါတ် အဋ္ဌကထာ၊ ပ-အုပ် ၎င်းရတနသုတ်အဖွင့် ၂၈၀-၌လည်းကောင်း၊

ယသ္မာ ပနဿ နုပ္ပါဒေါ ပညာယတိ၊ န ဝယော န ဌိတဿ အညထတ္တံ၊ တသ္မာ တံ နုဇာယတိ နုဇီယတိ နုမီယတိတိ ကတ္ဝာ အမတန္တိ ဝုစ္စတိ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပန၊ ထိုမှတပါး။ ယသ္မာ၊ အကြင်ကြောင့်။ အဿ၊ ထိုနိဗ္ဗာန်အား။ ဥပါဒေါ၊ ဖြစ်ပေါ်ခြင်း တည်းဟူသော ဥပါဒ်သည်။ န ပညာယတိ၊ မထင်၊ ဝယော၊ ပျက်စီးခြင်း ဘင်သည်။ န ပညာယတိ၊ မထင်။ ဌိတဿ၊ အသခ်္ခတဓာတ် ဌီ၏။ ဝါ၊ အမြဲတည်နေသော နိဗ္ဗာန်၏။ အညထတ္တံ၊ တပါးသော အဖြစ်ဖြင့် ဖောက်ပြန်သည်၏ အဖြစ်ဟု ဆိုအပ်သော ဇရာသည်။ န ပညာယတိ၊ မထင်။ တဿ၊ ထိုသို့ မထင်ခြင်းကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ဝါ၊ ထိုနိဗ္ဗာန်ကို။ န ဇာယတိ၊ ဖြစ်မှုမရှိ။ န ဇီယတိ၊ ဆွေးမြေ့မှုမရှိ။ န မီယတိ၊ မသေ။ ဣတိကတ္ဝာ၊ ဤသို့သော အကြောင်းကြောင့်။ အမတန္တိ၊ အမတမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အမတဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌—

> နိဗ္ဗာနံ ဟိ အတပ္ပကဋ္ဌေန အမတသဒိသတ္တာ အမတံ၊ နဿ မတံ မရဏာ ဝယော အတ္ထတ အမတ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ဟိ၊ စကားတရပ်ကို ဆက်၍ ဖွင့်ဦးအံ့။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတပ္ပကဋ္ဌေန၊ အာရုံပြုကုန်သော အရိယာ ပုဂ္ဂိုလ်တို့သည် မရောင့်ရဲနိုင်အပ်သော သဘော၏ အဖြစ်ဖြင့်။ အမတသဒိသတ္တာ၊ အမြိုက် သုဓာဘုတ်နှင့် တူသည်၏ အဖြစ်ကြောင့်။ အမတံ၊ အမတ မည်၏။ အဿ၊ ထိုနိဗ္ဗာန်အား။ မတံ မရဏံ ဝယော၊ ပျက်စီးခြင်းသည်။ န အတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အမတံ၊ အမတ မည်၏။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးခြင်းကြောင့် အမတဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အစ္စုတဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အမတဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အစ္စုတဟူ၍လည်း ခေါ်ဆိုအပ်

သေး၏။ အဘယ်ကြောင့် ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အစ္စုတဟု ခေါ်ဆိုအပ်သနည်း ဟူမူ။ မိမိ၏ တည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်း ရွေ့လျော ပျက်စီး ဖောက်ပြန်ခြင်း မရှိဘဲ မနွေ့မလျော မဖောက်မပြန် အမြဲတည်နေသည်၏ အဖြစ်ကြောင့် အစ္စုတဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် စူဠနိဒ္ဒေသပါဠိတော် ပါရာယနဝဂ်-မေတ္တဂုပဉ္ဇာနိဒ္ဒေသ၌ အစ္စုတဂတော ဟူ၍လည်းကောင်း၊ ၎င်း စူဠနိဒ္ဒေသ ပါဠိတော်၊ ပါရာယနဝဂ်-ဟေမကပဉ္ဇာနိဒ္ဒေသ (၁၂၈)၌ အစ္စုတန္တိ နိစ္စံ ဓုဝံ သဿတံ အဝိပရိဏာမဓမ္မန္တိ နိဗ္ဗာနပဒမစ္စုတံ။ ဟူ၍လည်းကောင်း ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အစ္စုတ-အစ္စုတံ၊ မိမိတည်ရှိမြဲသော သဘောမှ အခါခပ်သိမ်း ရွေ့လျော ဖောက်ပြန်ခြင်း မရှိဘဲ မနွေ့မလျော အမြဲတည်ရှိနေသော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ ဂတော၊ အာရုံပြုသောအားဖြင့် မဂ်ဖြင့်ရောက်၏။ ဤကား ပဌမပါဠိတော်၏ မြန်မာပြန်တည်း။ အစ္စုတန္တိ၊ အစ္စုတံဟူသည်ကား။ နိစ္စံ၊ မြဲ၏။ ဓုဝံ၊ ခိုင်ခဲ့၏။ သဿတံ၊ မပျက် မပြို အမြဲတည်၏။ အဝိပရိဏာမဓမ္မံ၊ အခါခပ်သိမ်း ဖောက်ပြန်ပျက်စီးခြင်းသဘော မရှိ။ ဤတိ-တသ္မာ၊ ထိုကြောင့်။ နိဗ္ဗာနပဒံ၊ အရိယာ သူတော်ကောင်းတို့သည် မဂ်ဖြင့် ရောက်အပ်သော နိဗ္ဗာန်တရားတော်သည်။ အစ္စုတံ၊ အစ္စုတ မည်၏။ ဤကား—ဒုတိယပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော်မူအပ်သော စူဠနိဒ္ဒေသပါဠိတော်၏ စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာ-နိဗ္ဗာန်ကို မိမိ၏တည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်း ရွေ့လျော ပျက်စီး ဖောက်ပြန်ခြင်းမရှိဘဲ မနွေ့မလျော မဖောက်မပြန် အမြဲတည်နေသည်၏ အဖြစ်ကြောင့် အစ္စုတဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သုတ္တန်ပါတ်ပါဠိတော်၊ ဥရဂဝဂ်-ဝိဇယသုတ်၌ အဋ္ဌဂါ အမတံ သန္တိ၊ နိဗ္ဗာနံ ပဒမစ္စုတံ။ ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်စကာရပ်တို့တွင် အစ္စုတံဟူသော စကား တော်ကို ထောက်၍လည်းကောင်း၊ သုတ္တသင်္ဂဟ ပါဠိတော်၊ ဝိဇယသုတ်၌လည်း အဋ္ဌဂါ အမတံ သန္တိ၊ နိဗ္ဗာနံ ပဒမစ္စုတံ။ ဟူ၍ ဟောတော်မူအပ်သော

ပါဠိတော် စကားရပ်တို့တွင် အစွဲတံဟူသော စကားတော်ကို ထောက်၍လည်း ကောင်း သိကြလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်း မရှိသော။ သန္တိံ၊ ကိလေသာမီး ခန္ဓာမီးတို့၏ ငြိမ်းကြောင်းဖြစ်သော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်း ဖြစ်သော။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် မဂ်ဖြင့် ရောက်အပ်သော။ အစွဲတံ၊ မိမိ၏တည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်း ရွေ့လျော ပျက်စီး ဖောက်ပြန်ခြင်းမရှိဘဲ မရွေ့မလျောမဖောက်မပြန် အမြဲတည်နေသော အသန်တဓာတ် နိဗ္ဗာန်ကို။ အဇ္ဈဂါ၊ မျက်မှောက်ပြုသောအား ဖြင့် ထိုးထွင်း၍ သိလေပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အစွဲတံဟူသော စကားတော်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိဗ္ဗာန်ကို မိမိ၏ တည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်း ရွေ့လျော ပျက်စီးခြင်း မရှိဘဲ မရွေ့မလျော မဖောက် မပြန် အမြဲတည်နေသည်၏ အဖြစ်ကြောင့် အစွဲတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရိဂါထာပါဠိတော်၊ ပဋ္ဌာနိပါတ်-သကုလာထေရိဂါထာ၌ အဒ္ဒဿံ ဝိရဇံ ဓမ္မံ၊ နိဗ္ဗာနံ ပဒမစ္စုတံ။ ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အစွဲတံဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဝိရဇံ၊ ရာဂအစရှိသော ကိလေသာမြူမှုန် ကင်းစင်ထသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်တသော။ ပဒံ၊ အရိယာ သူတော်ကောင်းတို့သည် မဂ်ဖြင့်ရောက်အပ်ထသော။ အစွဲတံ၊ မိမိတည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်း ရွေ့လျော ပျက်စီး ဖောက်ပြန်ခြင်း မရှိဘဲ မရွေ့မလျော မဖောက်မပြန် အမြဲတည်နေသော အသန်တဓာတ် နိဗ္ဗာန်ကို။ အဒ္ဒဿံ၊ မြင်ပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အစွဲတံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တ-ဓာတ် နိဗ္ဗာန်ကို မိမိ၏ တည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်း ပျက်စီးဖောက်ပြန်ခြင်းမရှိဘဲ မရွေ့မလျော မဖောက်မပြန် အမြဲတည်နေသည်၏အဖြစ်ကြောင့် အစွဲတ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ထေရဂါထာပါဠိတော် အစ နိဒါန်းဌ-ဖုသိတ္ထာ အစ္စုတံ ပဒံ ဟူ၍ သင်္ဂါယနာတင်အရှင်မြတ်တို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဒံ၊ အရိယာသူတော်ကောင်းတို့သည် မင်္ဂဖြင့်ရောက်အပ်ထသော။ အစ္စုတံ၊ မိမိတည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါပေါ်သိမ်း ရွေ့လျော့ပျက်စီးဖောက်ပြန်ခြင်းမရှိဘဲ မရွေ့မလျော့မဖောက်မပြန် အမြဲတည်နေသော အသင်္ခတဓာတ် နိဗ္ဗာန်ကို။ ဖုသိတ္ထ၊ မင်္ဂဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် အာရုံပြုသောအားဖြင့် တွေ့ကုန်ပြီး၍။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အစ္စုတံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ-ဓာတ် နိဗ္ဗာန်ကို မိမိတည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်း ရွေ့လျော့ပျက်စီးဖောက်ပြန်ခြင်းမရှိဘဲ မရွေ့ မလျော့ မဖောက်မပြန် အမြဲတည်နေသည်၏ အဖြစ်ကြောင့် အစ္စုတ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဝိမာနဝတ္ထုပါဠိတော်၊ ဣတ္ထိဝိမာနစတုတ္ထဝဂ် ၁၂-ခုမြောက်-ရဇ္ဇုမာလိ ဝိမာနဝတ္ထု၌ အဇ္ဈဂါ အမတံ သန္တိံ၊ နိဗ္ဗာနံ ပဒမစ္စုတံ။ ဟူ၍ လာရှိသော စကားရပ်တို့တွင် အစ္စုတံ ဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အမတံ၊ မပျက်မစီးသော။ ဝါ၊ ပျက်စီးခြင်းမရှိသော။သန္တိံ၊ ကိလေသာမီး, ခန္ဓာမီးတို့၏ ငြိမ်းကြောင်းဖြစ်သော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် မင်္ဂဖြင့် ရောက်အပ်သော။ အစ္စုတံ၊ မိမိ၏ တည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်းရွေ့လျော့ပျက်စီးဖောက်ပြန်ခြင်းမရှိဘဲ မရွေ့မလျော့မဖောက်မပြန် အမြဲတည်နေသော အသင်္ခတဓာတ် နိဗ္ဗာန်ကို။ အဇ္ဈဂါ၊ မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ သိလေပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်၏ စကားရပ်တို့တွင် အစ္စုတံ ဟူသောစကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မိမိ၏ တည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်း ရွေ့လျော့ပျက်စီး ဖောက်ပြန်ခြင်းမရှိဘဲ မရွေ့မလျော့

မဖောက်မပြန် အမြဲတည်နေသည်၏ အဖြစ်ကြောင့် အစ္စုတ ဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သုတ္တ-သင်္ဂဟ အဋ္ဌကထာ၊ ဝိဇယသုတ်-အစ္စုတပုဒ် အဖွင့်၌ စဝနာဘာဝတော အစ္စုတံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ မဟာနိဒ္ဒေသအဋ္ဌကထာ၌ အစ္စုတာဂတောတိ စုတိဝိရဟိတံ နိဗ္ဗာန် မဂ္ဂေန ဂတော ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

စဝနာဘာဝတော၊ ရွှေလျော်ပျက်စီးခြင်း မရှိသည်၏ အဖြစ်ကြောင့်။ အစ္စုတံ၊ အစ္စုတမည်၏။ ဤကား သုတ္တသင်္ဂဟအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ အစ္စုတဂတောတိ၊ အစ္စုတဂတော ဟူသည်ကား။ စုတိဝိရဟိတံ၊ မိမိ၏တည်မြဲတိုင်းသော သဘောလက္ခဏာမှ ရွှေလျော ပျက်စီးခြင်းမှကင်းနေသော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ မဂ္ဂေန၊ မဂ်ဖြင့်။ ဂတော၊ ရောက်၏။ ဤကားမဟာနိဒ္ဒေသ အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ဖွင့်ဆိုအပ်ခဲသော အဋ္ဌကထာရှင်တို့၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မိမိ၏ တည်မြဲတိုင်းသော သဘောလက္ခဏာမှ အခါခပ်သိမ်း ရွှေလျောပျက်စီး ဖောက်ပြန်ခြင်းမရှိဘဲ မရွှေ့မလျော့ မဖောက်မပြန် အမြဲတည်နေသည်၏အဖြစ်ကြောင့် အစ္စုတ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို နိစ္စဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အစ္စုတဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ နိစ္စဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို နိစ္စ ဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ။ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည် အခါခပ်သိမ်း ဖြစ်ပေါ်မှု, ရင့်မှု, ပျက်စီးမှု မရှိဘဲလျက် အမြဲတည်ရှိနေပေ၏။ ထိုသို့အမြဲတည်ရှိသည်၏ အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နိစ္စဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် စူဠနိဒ္ဒေသပါဠိတော်၊ ပါရာ-ယနဝဂ် ပိင်္ဂိယ သုတ္တနိဒ္ဒေသ စာမျက်နှာ ၂၂၇-၌—

နိဗ္ဗာနဿ နာ ဥပ္ပါဒေါ ပညာယတိ၊ ဝယော နတ္ထိ၊ နာ တဿ အညထတ္တံ ပညာယတိ၊ နိဗ္ဗာနံ နိစ္စံ။ ဟူ၍ ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

နိဗ္ဗာနဿ၊ အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်အား။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်း ဥပါဒ်သည်။ နာ ပညာယတိ၊ မထင်။ ဝယော၊ ပျက်စီးမှုဘင်သည်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုအမြဲတည်ရှိသော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၏။ ဝါ၊အား။ အညထတ္တံ၊ တပါး၏ အဖြစ်ဟု ဆိုအပ်သော ဖောက်ပြန်ခြင်းသည်။ နာ ပညာယတိ၊ မထင်။ ဣတိတသ္မာ၊ ထိုကြောင့်။ နိဗ္ဗာနံ၊ အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ နိစ္စံ၊ မြဲ၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်၏စကားကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဖြစ်မှု, ရှင်မှု, ပျက်စီးမှုမရှိဘဲ အမြဲတည်ရှိနေသည်၏ အဖြစ်ကြောင့် နိစ္စဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ (၄၁၁)၌—

ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောသည်။ နိစ္စံ၊ မြဲသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုနိဗ္ဗာန်ကို။ ပဿန္တော၊ မြင်သောပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမသို့။ ဩက္ကမတိ၊ သက်ဝင်၏။

ဤသို့ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်စကားရပ်တို့တွင် နိစ္စံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပျက်စီးခြင်းမရှိဘဲ အမြဲတည်နေခြင်းကြောင့် နိစ္စဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဝိပဿနာကထာအဖွင့် (၃၁၇)၌—

ဝိပဿနာကာလေ သန္တိပဒဘာဏဝသေန နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော။ ဩက္ကမတီတိ မဂ္ဂက္ခဏေ ဩက္ကမတိ။

ဟူ၍ဖွင့်ဆိုအပ်သော စကားရပ်တို့တွင် နိစ္စံဟူသော စကားတော်ကိုထောက်၍ လည်း သိလေဦး။

မြန်မာပြန်ကား—

ဝိပဿနာကာလေ၊ ဝိပဿနာ ရှုသောကာလ၌။ သန္တိပဒဉာဏ်ဝသေန၊ ကိလေသာမီး, ခန္ဓာမီးတို့၏ ငြိမ်းကြောင်းဖြစ်သော အရိယာတို့သည် ရောက် အပ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိတတ်သော သန္တိပဒဉာဏ်၏ အစွမ်းဖြင့်။ ပဿန္ဓော၊ ရှုမြင်သောပုဂ္ဂိုလ်သည်။ သြက္ကမတီတိ၊ သြက္ကမတိ ဟူသည်ကား။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ သြက္ကမတိ၊ သင်္ဂဝင်၏။

ဤသို့ဖွင့်ဆိုအပ်သောအဋ္ဌကထာရှင်၏ စကားရပ်တို့တွင် နိစ္စံ ဟူသောပါဠိကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာနသစ္စာ နိဗ္ဗာန်ကို ပျက်စီးခြင်းမရှိဘဲ အမြဲတည်နေခြင်းကြောင့် နိစ္စဟူ၍ ခေါ်ဆိုအပ် လေသည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ကထာဝတ္ထုအဋ္ဌကထာ၌ နိဗ္ဗာနံ နိစ္စံဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန သစ္စာနိဗ္ဗာန်သည်။ နိစ္စံ၊ မပျက်မစီးအမြဲတည်နေ၏။

ဤသို့မိန့်ဆိုအပ်သော ကထာဝတ္ထုအဋ္ဌကထာရှင်၏ စကားကို ထောက်၍ လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာ နိဗ္ဗာန်ကို မပျက်မစီးဘဲ အမြဲတည်ရှိနေသည်၏ အဖြစ်ကြောင့် နိစ္စဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာသူစိကျမ်း စာမျက်နှာနံပါတ် ၃၃၃- နိစ္စ အဖွင့်၌ နာသံ နဂ္ဃတီတိ နိစ္စံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ယံ၊ အကြင် နိဗ္ဗာန်ဟုဆိုအပ်သော သဘောတရားသည်။ နာသံ၊ ပျက်စီး ခြင်းသို့။ နဂ္ဃတိ၊ မရောက်။ ဣတိတသ္မာ၊ ထိုသို့ပျက်စီးခြင်းသို့ မရောက် သည်၏အဖြစ်ကြောင့်။ တံ၊ ထို နိဗ္ဗာန်ဟုဆိုအပ်သော သဘောတရားသည်။ နိစ္စံ၊ နိစ္စမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော ဋီကာရှင်၏ စကားတော်ကိုထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီး အမြဲတည်နေခြင်းကြောင့် နိစ္စဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို သဿတဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီး မြဲသည်၏အဖြစ်ကြောင့် နိစ္စဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ သဿတဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို စူဠနိဒ္ဒေသပါဠိတော်၊ ပါရာယနဝဂ်၊ ပိင်္ဂိယသုတ္တနိဒ္ဒေသဋ္ဌ် နိဗ္ဗာနံ။ပ။သဿတံ။ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

နိဗ္ဗာနံ၊ မီးဝ၁-ပါး၏ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ပ။ သဿတံ၊ မပျက်မပြို အစဉ်ထာဝရအမြဲတည်နေ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်၏စကားကိုထောက်၍ ၎င်းမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မပြို အစဉ်ထာဝရ အမြဲတည်နေသည်၏အဖြစ်ကြောင့် သဿတဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဓုဝဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သဿတဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဓုဝဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဓုဝဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ–အခါခပ်သိမ်း မပျက်မပြို ခိုင်မြဲနေသည်၏အဖြစ်ကြောင့် ဓုဝဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော သင္ဃာယတနသံယုတ် အင္ဂကထာရှင်သည် အသင်္ခတသံယုတ်-ဓုဝအဖွင့် ၁၄၉-ဋ္ဌ် ထိရဋ္ဌေန ဓုဝံ ဟူ၍ လည်းကောင်း၊ နေတ္တိအင္ဂကထာရှင်သည် ဝေဝစနဟာရ-နိဗ္ဗာန်ပရိယာယ်အဖွင့်ဋ္ဌ် ထိရဘာဝေန ဓုဝံ ဟူ၍လည်းကောင်း မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ထိရဋ္ဌေန၊ မပျက်မစီး မြဲမြံသော သဘောကြောင့်။ ဝါ၊ မပျက်မစီး ခိုင်မြဲသော သဘောကြောင့်။ ဓုဝံ၊ ဓုဝမည်၏။ ဤကား သံယုတ်အင္ဂကထာပါဠ်၏

မြန်မာပြန်တည်း။ ထိရဘာဝေန၊ မပျက်မစီး မြဲမြံသည်၏အဖြစ်ကြောင့်။ ဝါ၊ မပျက်မစီး ခိုင်မြဲသည်၏အဖြစ်ကြောင့်။ ဓုဝံ၊ ဓုဝမည်၏။ ဤကား နေတ္တိအဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားကိုထောက်၍ ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီး ခိုင်မြဲတည်နေသည်၏ အဖြစ်ကြောင့် ဓုဝဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဋ္ဌာယတန သံယုတ်ပါဠိတော်၊ အသင်္ခတသံယုတ် (၅၄၁) ၌—

ကတမဉ္စ ဘိက္ခဝေ ဓုဝံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဂုဏ္စတိ ဘိက္ခဝေ ဓုဝံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ တို့။ ဓုဝံ၊ ဓုဝဟုဆိုအပ်သော တရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအာဒေးဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအာဒေးဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟ တရားတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ဓုဝံ၊ ဓုဝဟူ၍။ ဝါ၊ မပျက်မစီးမြဲခိုင်နေသော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား—ဓုဝဟု ခေါ်ဆိုအပ်သော တရားသည် အဘယ်နည်းဟူမူ-အကြင် ရာဂ, ဒေါသ, မောဟတရားတို့၏ ကုန်ခြင်း၏အကြောင်းခံဖြစ်သော မင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် ပရမတ္ထအာဒေးဖြင့် ထင်ရှားရှိနေ၏။ ထိုထင်ရှားရှိနေသော ပရမတ္ထတရားဖြစ်သော မင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် အခါခပ်သိမ်း မပျက်မစီးဘဲ ဗဟုစဉ်ထာဝရခိုင်မြဲ၍ တည်နေ၏။ ထိုသို့ မပျက်မစီးခိုင်မြဲ၍ တည်နေခြင်းကြောင့် ၎င်းမင်္ဂုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဓုဝဟူ၍ ခေါ်ဆိုအပ်သည် ဟူလို။ ဤကား ဘုရားရှင်၏ အလိုတော်အဓိပ္ပါယ်ဓာတည်း။ ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်

နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီး ခိုင်မြဲ၍တည်နေခြင်းကြောင့် ဓုဝဟူ၍ ခေါ်ဆို အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပညာဝဂ်၊ ဝိပဿနာကထာ ၄၁၂-၌—

ပဥ္စန္နံ ခန္ဓာနံ နိရောဓော ဓုဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏။ နိရောဓော၊ နောင် ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သောသဘောသည်။ ဓုဝံ၊ မပျက်မပြို အစဉ် ထာဝရ ခိုင်မြဲနေသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုနိဗ္ဗာန် တရားကို။ ပဿန္တော၊ ရှုမြင်သောပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန် သော သဘောရှိသော မဂ္ဂနိယာမသို့။ ဩက္ကမတိ၊ သက်ဝင်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်၏ စကားရပ်တို့တွင် ဓုဝံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အစဉ်ထာဝရ မပျက်မပြို ခိုင်မြဲ၍ တည်နေသည်၏ အဖြစ်ကြောင့် ဓုဝဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဒ္ဒနီတိဓာတုမာလာ ၁၀၇-မျက်နှာ၌ ဓုဝန္တို့ ထိရုံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ၎င်းသဒ္ဒနီတိ ၎င်းမျက်နှာ၌လည်းကောင်း, အဘိဓာနပ္ပဒီပိကာသူစိကျမ်း ၃၁၂-မျက်နှာ ဓုဝအဖွင့်၌လည်းကောင်း၊ ဥပါဒဝယဘာဘာဝေန ဝါ နိစ္စသဘာဝတ္တာ ဓဝတိ ထိရုံ သဿတံ ဘဝတီတိ ဓုဝံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း ကောင်း သိလေဦး။

မြန်မာပြန်ကား—

ဓုဝန္တို့၊ ဓုဝံဟူသည်ကား။ ထိရုံ၊ မပျက်မပြို ခိုင်မြဲသော သဘောပေတည်း။ ဤကား ဓာတုမာလာပါဠိ၏ မြန်မာပြန်တည်း။ ဝါ၊ တနည်းကား ဥပါဒ-ဝယဘာဘာဝေန၊ ဖြစ်ခြင်း, ပျက်ခြင်း မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ နိစ္စသဘာဝတ္တာ၊ မြဲသော သဘော၏ အဖြစ်ကြောင့်လည်းကောင်း။ ဓဝတိ ထိရုံ သဿတံ ဘဝတိ၊ ခိုင်ခံ့ မြဲမြံတတ်၏။ ဣတိတသ္မာ၊ ထို့သို့ ခိုင်ခံ့ မြဲမြံတတ်သည်၏ အဖြစ်ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်။ ဓုဝံ၊ ဓုဝ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော ဋီကာစကားကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မပြို အစဉ်ထာဝရ ခိုင်မြဲသည်၏အဖြစ်ကြောင့် ဓုဝ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မပြို ခိုင်မြဲသည်၏အဖြစ်ကြောင့်သာလျှင် ဓုဝဟု ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဇာတိ, ဇရာ, မရဏ စသည်တို့မှ လွတ်လိုက်နုန်သော အရိယာ သူတော်ကောင်းတို့သည် အာရုံပြု၍ ရောက်အပ်သောတရား၏အဖြစ်ကြောင့်လည်း ဓုဝဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော သဒ္ဒန်တိကျမ်းဆရာသည် ဓာတုမာလာ၊ဓာတုဝိဘာဂ၊ဓုဝအဖွင့်ဝဝ၇-၌-

တဉ္စိ ဇာတိဇရာဗျာဓိမရဏသောကာဒိဟော မုစ္စိတုကာမေဟိ ဓဝိတဗ္ဗံ ဂန္ဓဗ္ဗန္တိ ဓုဝံ။

ဟူ၍ ဖွင့်ဆိုအပ်သည်။

မြန်မာပြန်ကား—

ဟိ၊ ထိုစကားသည် မှန်၏။ တံ၊ ထိုမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ဇာတိဇရာဗျာဓိမရဏသောကာဒိတော၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်ခြင်း အစရှိသည်တို့မှ။ မုစ္စိတုကာ-မေဟိ၊ လွတ်ခြင်းငှါ အလိုရှိကုန်သော အရိယာသူတော်ကောင်းတို့သည်။ ဓဝိတဗ္ဗံ ဂန္ဓဗ္ဗံ၊ အာရုံပြုသောအားဖြင့် ရောက်အပ်၏။ ဣတိတသ္မာ၊ ထိုသို့ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသည်တို့မှ လွတ်ခြင်းငှါ အလိုရှိကုန်သော အရိယာသူတော်ကောင်းတို့ အာရုံပြုသောအားဖြင့် ရောက်အပ်သော သတ္တိကြောင့်။ တံ၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ဓုဝံ၊ ဓုဝ မည်၏။

အဓိပ္ပါယ်ကား—ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက အစရှိသည်တို့မှ လွတ်ခြင်းငှါ အလိုရှိကုန်သော အရိယာသူတော်ကောင်းတို့သည် ခန္ဓာငါးပါး တည်းဟူသော သင်္ခတတရားတို့၏ မပြတ်မလပ် ဖြစ်ပျက်နေခြင်းတည်းဟူသော အပြစ်ဒေါသတို့ကို မြင်ခြင်းကြောင့် နောင်ဖြစ်ပေါ်မှုကို အလိုမရှိကုန်ဘဲ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ၎င်းသင်္ခတတရားတို့မှ လွတ်ရာကို ရှာကြလေကုန်သော ၎င်းသင်္ခတ တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပျက်သော သဘော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင် ဉာဏ်ဖြင့် တွေ့မြင်လေတော့၏။ ထိုသို့တွေ့မြင်ပြီး၍ အဖန်တလဲလဲ နိစ္စ, သုခအားဖြင့် အာရုံပြုကုန်လတ်သော်

ဉာဏ်သည် ရင့်ခြင်းသို့ရောက်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်သို့ရောက်လေ၏။ ထို့သို့ မဂ်လေးတန်သို့ရောက်ပြီး၍ အရဟတ္တဖိုလ်သို့ရောက်လျှင် မျက်မှောက်သောကိုယ်၏အဖြစ်၌ ရာဂ, ဒေါသ, မောဟ, သောက အစရှိသော တရားတို့သည်လည်း ကုန်ခန်းလေကုန်၏။ ရဟန္တာတို့၏ စုတိစိတ်နောင် အဆက်ဆက်ဖြစ်ပေါ်လတ္တံ့ကုန်သော ဇာတိ, ဇရာ, မရဏတရားတို့သည်လည်း နောင်ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကုန်ခန်းကြလေကုန်၏။ ထို့သို့ ကုန်ခန်းရခြင်းသည် စင်စစ်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကြောင့်ပင်ဖြစ်ပေ၏။ ထို့ကြောင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသည်တို့မှ လွတ်လိုကုန်သော အရိယာသူတော်ကောင်းတို့ ရောက်အပ်သော တရားဟူ၍ ဆိုအပ်လေသည်ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ပြဆိုအပ်သော သဒ္ဓနိတိကျမ်းဆရာ၏အလိုကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသည်တို့မှ လွတ်လိုသော အရိယာသူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်သောကြောင့် ဓုဝ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤသဒ္ဓနိတိကျမ်းဆရာ၏ အလိုအားဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာသူစိကျမ်း ၃၁၂-မျက်နှာ-ဓုဝအဖွင့်၌ ဇရာမရဏဟော်ဟိ မူစွိတု-ကာမေဟိ ဓဝိတပ္ပံ ဂန္ဓဗ္ဗန္ဒိ ဓုဝံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဇရာမရဏဟော်၊ ဇရာမရဏတရားတို့မှ။ မူစွိတုကာမေမဟော်၊ လွတ်ခြင်းဌာ အလို ရှိကုန်သော အရိယာသူတော်ကောင်းတို့သည်။ ဓဝိတပ္ပံ ဂန္ဓဗ္ဗံ၊ အာရုံပြုသော အားဖြင့် ရောက်အပ်၏။ ဤတိဘသ္မာ၊ ထို့သို့ ဇရာ, မရဏတို့မှ လွတ်လိုကုန်သော အရိယာသူတော်ကောင်းတို့ အာရုံပြုသောအားဖြင့် ရောက်အပ်သော သတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ဓုဝံ၊ ဓုဝမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော ဋီကာစကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဓုဝ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အပလောကိနဟူ၍ ခေါ်ဆိုအပ်ကြောင်း

ငင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မပြို ခိုင်မြဲသည်၏အဖြစ်ကြောင့် ဓုဝ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အစဉ်ထာဝရ မပျက်မစီးသော သဘော၏ အဖြစ်ကြောင့်လည်း အပလောကိန ဟူ၍လည်းကောင်း၊ အပလောကိတ ဟူ၍လည်းကောင်း၊ အပလော်ကိယ ဟူ၍လည်းကောင်း ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သော သုံးပါးသော အမည်တို့တွင် အပလောကိန ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော သင်္ဃာယနသံယုတ်အဋ္ဌကထာရှင်သည် အသင်္ခတသံယုတ် အပလောကိနအဖွင့် ၁၄၉-၌ အပလုဇ္ဇနတာယ အပလောကိန် ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

အပလုဇ္ဇနတာယ၊ မပျက်မစီးသောသဘော၏အဖြစ်ကြောင့်။ အပလောကိန်၊ အပလောကိန မည်၏။

ဤသို့ ဖွင့်ပြအပ်သော သံယုတ်အဋ္ဌကထာစကားကို ထောက်၍ ငင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးသော သဘော၏အဖြစ်ကြောင့် အပလောကိန ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပြဆိုအပ်သော အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သင်္ဃာယနသံယုတ်ပါဠိတော် အသင်္ခတသံယုတ် ၅၄၁-၌—

ကတမဉ္စ ဘိက္ခဝေ အပလောကိန်၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အပလောကိန်။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အပလောကိန်၊ အပလောကိန မည်သော။ ဝါ၊ မပျက်မစီးသော သဘောသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သဘောသည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သဘောသည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သဘောသည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတရားတို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်ကို။ အပလောကိန်၊ အပလောကိနဟူ၍။

ဝါ၊ မပျက်မစီးသော သဘောတရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား–မပျက်မစီးသော အပလောကိနမည်သော သဘောတရားသည် အဘယ်တရားနည်းဟု မေးခဲ့သည်ရှိသော်အကြင် ရာဂ, ဒေါသ, မောဟတရားတို့၏ ကုန်ခြင်း၏ အကြောင်းခံဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည် ပရမတ္ထအားဖြင့် ထင်ရှား ရှိပေ၏။ ထိုသို့ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတရားတို့၏ ကုန်ကြောင်းဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားတော်သည် စင်စစ် အခါခပ်သိမ်း အစဉ်ထာဝရ ပျက်စီးခြင်းမရှိ၊ ထိုသို့ အစဉ်ထာဝရ ပျက်စီးခြင်းမရှိသည်၏ အဖြစ်ကြောင့် ၎င်းအသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အပလောကိနဟူ၍ ငါဘုရားခေါ် ဆိုအပ်သည်ဟူလို။ ဤကား ဘုရားရှင်၏အလိုတော် အဓိပ္ပါယ်တည်း။ ဤသို့ဟောတော်မူအပ်သည်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးသည်၏ အဖြစ်ကြောင့် အပလောကိနဟု ခေါ် ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အပလောကိတဟူ၍ ခေါ် ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်ဘို့၏အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မပျက်မစီးသည်၏ အဖြစ်ကြောင့် အပလောကိနဟူ၍သာ ခေါ် ဆိုအပ်သည် မဟုတ်သေး၊ အပလောကိတဟူ၍လည်း ခေါ် ဆိုအပ်သည်၏အဖြစ်ကိုလည်း အဘိဓာန်ကျမ်း၊ နိဗ္ဗာန်အမည်ကိုပြုရာ၌ အပမလောကိတံဟူ၍ ပြဆိုဒေါ်သည်ကို ထောက်၍လည်းကောင်း၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ-နိဗ္ဗာန်အမည်အဖွင့် ၁၆-၌——

သဒါ ဝိဇ္ဇမာနတ္တာ အပလုဇ္ဇနသဘာဝံ ဂစ္ဆတိ။ တေန ဝါ ဝိညာယတိတိ အပလောကိတံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား——

အပလောကိတံ၊ မပျက်မစီးသောသဘောနိဗ္ဗာန်။ ဤကား အဘိဓာန်ပါဠိ၏ မြန်မာပြန်တည်း။ သဒါ၊ အခါခပ်သိမ်း။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ အပလုဇ္ဇနသဘာဝံ၊ မပျက်မစီးသော သဘောလက္ခဏာသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဝါ၊ တနည်းကား။ တေန၊ ထိုမပျက်မစီးသောသဘောဖြင့်။ ဝိညာယတိ၊ သိအပ်၏။ ဤတိတသ္မာ၊ ထိုကြောင့်။ တံ၊ ထိုအသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ အပလောကိတံ၊ အပလောကိတမည်၏။ ဤကား

အဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။ ဤသို့ပြဆိုအပ်သော အဘိဓာန်, အဘိဓာန်ဋီကာရှင်တို့၏ စကားကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို အပလောကိတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော အဘိဓာန်, အဘိဓာန်ဋီကာတို့ စကားဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာသူစိကျမ်း (၃၃) မျက်နှာ၌ နပလုဇ္ဇန-ဘာဝံ ဂစ္ဆတီတိ အပလောကိတံဟူ၍ ဖွင့်ဆိုအပ်သည်ကိုတောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နပလုဇ္ဇနဘာဝံ၊ မပျက်မစီးသည်၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိတသ္မာ၊ ထိုသို့မပျက်မစီးသည်၏အဖြစ်သို့ ရောက်တတ်သော သတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်သည်။ အပလောကိတံ၊ အပလောကိတမည်၏။

ဤသို့ ပြဆိုအပ်သော အဘိဓာနပ္ပဒီပိကာသူစိကျမ်းဆရာ၏ စကားကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို မပျက်မစီးသည်၏အဖြစ်ကြောင့် အပလောကိတဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အပလောကိယဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို မပျက်မစီးသည်အဖြစ်ကြောင့် အပလောကိတဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အပလောကိယဟူ၍လည်း ခေါ်ဆိုအပ်ပေသေး၏။ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် နေတ္တိပါဠိတော်၊ ဝေဝစန-ဟာရ၌ အပလောကိယံဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အပလောကိယံ၊ မပျက်မစီးသော သဘောနိဗ္ဗာန်။ ဝါ၊ မပျက်စီးသည်၏အဖြစ်သို့ရောက်သော သဘောနိဗ္ဗာန်။ ။ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို မပျက်မစီးသည်၏အဖြစ်ကြောင့် အပလောကိယဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရအဖွင့်၌ အပလုဇ္ဇနတော် အပလောကိယံဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား——

အပလုဇ္ဇနတော၊ မပျက်မစီးခြင်း သဘောကြောင့်။ အပလောကိယုံ၊ အပ-လောကိယမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော နေတို့ အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟတ် နိရောဓသစ္စာနိဗ္ဗာန်ကို မပျက်မစီးသော သဘော၏ အဖြစ်ကြောင့် အပလောကိယဟု ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အဝိပရိဏာမဓမ္မဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မပျက်မစီးသည်၏အဖြစ်ကြောင့် အပလောကိန အပလောကိတ အပလော-ကိယဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အဝိပရိဏာမဓမ္မ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတ မဟတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဝိပရိဏာမဓမ္မ ဟူ၍ ခေါ်ဆိုအပ်သနည်း ဟူမူ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟတ် နိရောဓသစ္စာ နိဗ္ဗာန်သည် အသင်္ခတတရားသဘောဖြစ်သည်၏ အဖြစ်ကြောင့် သင်္ခတတရားများကဲ့သို့ ဇရာ,မရဏတရားတို့ဖြင့် အခါခပ်သိမ်း ဖောက်ပြန်ပျက်စီးခြင်းမရှိသော သဘော တရားသာလျှင်ဖြစ်ပေ၏။ ထို့သို့ ဇရာ,မရဏတရားတို့ဖြင့် ဖောက်ပြန်ပျက်စီးခြင်း မရှိသည်၏ အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဝိပရိဏာမဓမ္မ ဟူ၍ ခေါ်ဆိုအပ်လေသည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို စူဠနိဒ္ဒေသ ပါဠိတော် ပါရာယနဝဂ် ပိင်္ဂိယသုတ္တ နိဒ္ဒေသ စာမျက်နှာ (၂၂၇) ၌——

နိဗ္ဗာနံ နိစ္စံ ဓုဝံ သဿတံ အဝိပရိဏာမဓမ္မံ ဟူ၍ ဟောတော်မူအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား——

နိဗ္ဗာန်၊ မီး ၁၁ ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတမဟတ် နိရောဓ သစ္စာနိဗ္ဗာန်သည်။ နိစ္စံ၊ မြဲ၏။ ဓုဝံ၊ ခိုင်ခံ့၏။ သဿတံ၊ မပျက်မပြို အခါခပ်သိမ်းထင်ရှားရှိ၏။ အဝိပရိဏာမဓမ္မံ၊ အခါခပ်သိမ်း ဇရာ, မရဏတို့ဖြင့် ဖောက်ပြန်ပျက်စီးခြင်း မရှိသော သဘောဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် အဝိပရိဏာမ-ဓမ္မံ ဟူသော ပါဌ်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ မဟတ် နိရောဓသစ္စာနိဗ္ဗာန်ကို အခါခပ်သိမ်း ဇရာမရဏတရားတို့ဖြင့် ဖောက်ပြန်

ပျက်စီးခြင်းမရှိသော သဘော၏ အဖြစ်ကြောင့် အဝိပရိဏာမဓမ္မဟူ၍ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ပညာဝဂ် ဝိပဿနာကထာ စာမျက်နှာ (၄၁၃)၌—

ပဥ္စန္နံ ခန္ဓာနံ နိရောဓော အဝိပရိဏာမဓမ္မံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်း သိလေဦး။

မြန်မာပြန်ကား—

ပဥ္စန္နံ၊ငါးပါးကုန်သော။ ခန္ဓာနံ၊ခန္ဓာတရားတို့၏။နိရောဓော၊နောင်ဖြစ်ပေါ်မှု မရှိခြင်း၏အကြောင်းခံသဘောသည်။ အဝိပရိဏာမဓမ္မံ၊အခါခပ်သိမ်း ဇရာမရဏ တရားတို့ဖြင့် ဖောက်ပြန်ပျက်စီးခြင်း မရှိသော တရားဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုနိဗ္ဗာန်ကို။ ပဿန္တော၊ရှုမြင်သော ပုဂ္ဂိုလ် သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမသို့။ ဩက္ကမတိ၊ သက်ဝင်၏။

ဤသို့ ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော် စကားရပ်တို့တွင် အဝိပရိဏာမဓမ္မံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အခါခပ်သိမ်း ဇရာမရဏတရားတို့ဖြင့် ဖောက်ပြန်ပျက်စီးခြင်း မရှိသောသဘော၏ အဖြစ်ကြောင့် အဝိပရိဏာမဓမ္မဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အာနန္တရိယဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဝိပရိဏာမဓမ္မဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အနန္တ ဟူ၍လည်း ခေါ်ဆို အပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အနန္တ ဟူ၍ ခေါ်ဆို အပ်သနည်း ဟူမူ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည် အခါခပ်သိမ်း ပျက်စီးခြင်းမရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်း အပိုင်းအခြားတို့မှ ကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း အနန္တ ဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် နေတို့ ပါဠိတော် ဝေဝစနဟာရ၌ အနန္တံ ဟူ၍ လည်းကောင်း၊ အဘိဓာန်ကျမ်း နိဗ္ဗာန်ပရိယာယ်ကိုပြဆိုရာ၌ အနန္တံ ဟူ၍ လည်းကောင်း ဟောဖော် ညွှန်ပြတော်မူအပ်လေသည်။

သမ္ပပ္ပါဒ ၂၀—ပ-မ-သ-၀

မြန်မာပြန်ကား—

အနန္တံ၊ အခါခပ်သိမ်း ပျက်စီးခြင်းမရှိသော။ ဝါ၊ ဖြစ်ခြင်း ပျက်ခြင်း အပိုင်းအခြားတို့မှကင်းသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်။

ဤသို့ ပြဆိုအပ်သော နေတ္တိပါဠိတော်, အဘိဓာန် ပါဠိတို့ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသဘောစ္စာနိဗ္ဗာန်ကို ပျက်စီးခြင်း မရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဖြစ်ခြင်း ပျက်ခြင်း အပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း အနန္တ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်သော ပါဠိတော် စကားရပ်တို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ နေတ္တိ အဋ္ဌကထာ၊ ဝေဝစနဟာရ အဖွင့်၌ နှုတ်ထွက် ဇာတသာ အန္တော ဝိနာသောတိ အနန္တံ။ ဟူ၍ ဖွင့်ဆို အပ်သည်ကို ထောက်၍လည်းကောင်း၊ အဘိဓာန် ဋီကာ သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည်အဖွင့်၌ နာ ကဒါစိပိ ယဿ အန္တော ဝိနာသော အတ္ထိ၊တံ အနန္တံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ အဘိဓာနပဒီပိကာ သူစိကျမ်း စာမျက်နှာ (၂၅) အနန္တ အဖွင့်၌—

နှုတ်ထွက် ယဿ အန္တံ ဝိနာသံ တံ အနန္တံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်းကောင်း၊မူလပဏ္ဏာသအဋ္ဌကထာ၊ ပြဟ္မနိမန္တနိယသုတ် (၂၇၉)မျက်နှာ၌ အနန္တန္တိ တယိဒံ ဥပ္ပါဒဝယအန္တရဟိတတ္တာ အနန္တံ နာမ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

ဇတသာ၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်အား။ အန္တော ဝိနာသော၊ ပျက်စီးခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ ပျက်စီးခြင်းမရှိသော သတ္တိကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အနန္တံ၊ အနန္တမည်၏။ ဤကား နေတ္တိအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ယဿ၊ အကြင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်အား။ကဒါစိပိ၊တရံတဆစ်သော အခါကာလ၌သော်လည်း။အန္တော ဝိနာသော၊ ပျက်စီးခြင်းသည်။ နအတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့ ပျက်စီးခြင်း မရှိခြင်းကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်။ အနန္တံ၊ အနန္တမည်၏။ ဤကား အဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။

ယဿ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်အား။ အန္တံ ဝိနာသံ၊ ပျက်စီးခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့

ပျက်စီးခြင်း မရှိသည်၏ အဖြစ်ကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်။ အနန္တံ၊ အနန္တ မည်၏။ ဤကား အဘိဓာနပဒီပိကာသူစိကျမ်း၏ မြန်မာပြန်တည်း။

အနန္တန္တိ၊အနန္တံ ဟူသည်ကား။ တယိဒံ တံ ဣဒံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ဥပါဒဝယအန္တ-ရဟိတတ္တာ၊ ဖြစ်ခြင်း ပျက်ခြင်း အပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့်။ အနန္တံ နာမ၊ အနန္တမည်၏။ ဤကား မူလပဏ္ဏာသ အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား–ဎင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် အခါခပ်သိမ်း ဖြစ်ခြင်းပျက်ခြင်း အပိုင်း အခြားမှလည်း ကင်း၏။ ပျက်စီးခြင်းလည်း ဘယ်အခါကလဒ္ဓသော်လည်း မရှိ။ ထို့ကြောင့် ဖြစ်ခြင်း ပျက်ခြင်းမှ ကင်းသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ အခါခပ်သိမ်း ပျက်စီး ခြင်းမရှိသည်၏အဖြစ်ကြောင့်လည်းကောင်း ဎင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အနန္တဟူ၍ ခေါ်ဆိုအပ်သည် ဟူလို။ ဤကား အဋ္ဌကထာရှင်တို့၏ အလိုတော်အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ဆိုအပ်ကုန်သော အဋ္ဌကထာ ဋီကာရှင်တို့၏ စကားတော်ကိုထောက်၍လည်း ဎင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပျက်စီးခြင်းမရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်း အပိုင်းအခြားမှ ကင်းသည်၏အဖြစ်ကြောင့် လည်းကောင်း အနန္တဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာ ဋီကာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ မူလပဏ္ဏာသပါဠိတော်၊ ဗြဟ္မနိမန္တနိယသုတ်၌ အနန္တံ ဟူ၍ ဘုရားရှင် ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ သုတ်သိ-လက္ခန် ပါဠိတော်၊ ကေဝဋ္ဋသုတ်၌ အနန္တံ ဟူ၍ ဘုရားရှင် ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

အနန္တံ၊ ပျက်စီးခြင်းမရှိသော။ ဝါ၊ ဖြစ်ခြင်း,ပျက်ခြင်း အပိုင်းအခြားမှ ကင်းသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိ၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကို ထောက်၍လည်း ဎင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ပျက်စီးခြင်းမရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဖြစ်ခြင်း, ပျက်ခြင်း

အပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့် လည်းကောင်း အနန္တဟု ခေါ်ဆို အပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အဗျာဓိဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဂုင်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အနန္တ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အဗျာဓိ ဟူ၍လည်း ခေါ်ဆို အပ်သေး၏။ အဘယ်ကြောင့် ဂုင်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အဗျာဓိဟု ခေါ်ဆိုအပ်သနည်း ဟူမူ – ဂုင်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် အခါခပ်သိမ်း နှိပ်စက်တတ်သော ရောဂါအနာဟု ဆိုအပ်သော ဗျာဓိတရားမှ ကင်း၏။ ထို နိဗ္ဗာန်၌ ဗျာဓိတရားသည် အခါခပ်သိမ်း မရှိ။ ထိုကြောင့် အဗျာဓိဟု ခေါ်ဆို အပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလို သောကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် ပညာဝဂ်-ဝိပဿနာကထာ ၎ခ၎-၌—

> ပဉ္ဆန္နံ ခန္ဓာနံ နိရောဓော အဗျာဓိ˚ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ-
> နိယာမံ ဩက္ကမတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ပဉ္ဆန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ နိရောဓော၊ နောင် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောတရားသည်။ အဗျာဓိ˚၊ နှိပ်စက်တတ်သော ရောဂါအနာမှကင်းသော။ ဝါ၊ နှိပ်စက်တတ်သော ရောဂါ အနာမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုနိဗ္ဗာန်ကို။ ပဿန္တော၊ ရှုမြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော မဂ္ဂနိယာမသို့။ ဩက္ကမတိ၊ သက်ဝင်လေ၏။

ဤသို့ ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ်၏ စကားရပ်တို့တွင် အဗျာဓိ˚ ဟူသော စကားတော်ကို ထောက်၍ ဂုင်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ ဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို နှိပ်စက်တတ်သော ရောဂါအနာတည်းဟူသော ဗျာဓိတရားမှ ကင်းသည်၏အဖြစ်, ဗျာဓိတရားတို့ မရှိသည်၏ အဖြစ်ကြောင့် အဗျာဓိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဂုင်းပဋိသမ္ဘိဒါမဂ် အဋ္ဌ-ကထာ၌ အဗျာဓိဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ သမ္မောဟ-

ဝိနောဒနီ အဋ္ဌကထာ၊ သစ္စဝိဘင်းနိရောဓသစ္စာအဖွင့်၌ အဗျာဓိဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

အဗျာဓိ၊ နှိပ်စက်တတ်သော ရောဂါအနာတည်းဟူသော ဗျာဓိတရားမှ ကင်းသော။ ဝါ၊ ဗျာဓိတရားမရှိသောနိဗ္ဗာန်။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏စကားကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို နှိပ်စက်တတ်သော ရောဂါအနာတည်းဟူသော ဗျာဓိတရားမှ ကင်းသည်၏ အဖြစ်, ဗျာဓိတရားမရှိသည်၏ အဖြစ်ကြောင့် အဗျာဓိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အကွဲရဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အဗျာဓိဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အကွဲရဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကွဲရဟုခေါ်ဆိုအပ်သနည်းဟူမူ-၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌ ဖြစ်ပေါ်တိုင်း,ဖြစ်ပေါ်တိုင်း ပျက်စီးခြင်းသို့ ရောက်ကုန်သော ခရဟု ခေါ်ဆိုအပ်ကုန်သော သင်္ခတတရားတို့သည် အခါခပ်သိမ်း မရှိကုန်။ ထိုသို့ ခရဟု ဆိုအပ်ကုန်သော သင်္ခတတရားတို့ မရှိခြင်းကြောင့် အကွဲရဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် အဘိဓာနပပဉ္စိကာသူဋီကာ မျက်နှာနံပါတ်(၄) အကွဲရဟူသော ပုဒ်၏အဖွင့်၌—

ခရန္တီ ဝိနသန္တီတိ ခရာ။ သင်္ခတာ။ တေ ယတ္ထ န သန္တီတိ တမကွဲရုံ။ ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ယေ ဓမ္မာ၊ အကြင် စိတ်, စေတသိက်, ရုပ်တရားတို့သည်။ ခရန္တီ ဝိနသန္တိ၊ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း ပျက်စီးတတ်ကုန်၏။ ကွတိတသ္မာ၊ ထိုသို့ဖြစ်ပေါ်တိုင်း,ဖြစ်ပေါ်တိုင်း ပျက်စီးတတ်ကုန်သည်၏အဖြစ်ကြောင့်။ တေ ဓမ္မာ၊ ထိုစိတ် စေတသိက် ရုပ်တရားတို့သည်။ ခရာ၊ ခရမည်ကုန်၏။ သင်္ခတာ၊ သင်္ခတတရားတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ယတ္ထ၊ အကြင်မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌။ တေ၊ ထို ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း

ပျက်စီးတတ်ကုန်သော ခရဟု ဆိုအပ်ကုန်သော သခ်ၤတရားတို့သည်။ နသန္တိ၊ မရှိကုန်။ ဣတိတသ္မာ၊ ထိုသို့ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း ပျက်စီးတတ်ကုန်သော ခရဟုဆိုအပ်ကုန်သော သခ်ၤတရားတို့၏ မရှိရာသဘော ဖြစ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အက္ခရုံ၊ အက္ခရ မည်၏။။

အဓိပ္ပါယ်ကား – သခ်ၤတဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော ပရမတ္ထတရား သုံးပါးတို့သည် အကြောင်း ညီညွတ်ခြင်းကို ရတိုင်း, ရတိုင်း ဖြစ်ပေါ်, ဖြစ်ပေါ်ကုန်ပြီးလျှင် ပျက်စီးခြင်းသို့သာ ရောက်ကြကုန်၏။။ ထိုသို့ ပျက်စီးခြင်းသို့ ရောက်ခြင်းကြောင့် ၎င်းစိတ်, စေတသိက်, ရုပ် တည်းဟူသော ပရမတ္ထတရား သုံးပါးတို့ကို ခရဟု ခေါ်ဆိုအပ်ကုန်သည်။ ထို့ခရဟု ဆိုအပ်ကုန်သော စိတ်, စေတသိက်, ရုပ်တရားတို့သည် စင်စစ် ဖြစ်ခြင်း, ပျက်ခြင်း လက္ခဏာမှ မကင်းသည်၏ အဖြစ်ကြောင့် သခ်ၤတတရားသာလျှင် မည်ကုန်၏။။ ထို သခ်ၤတမည်ကုန်သော ခရဟု ခေါ်ဆိုအပ်ကုန်သော စိတ်, စေတသိက်, ရုပ် တရားတို့သည် ၎င်းသခ်ၤတ၏ ဆန့်ကျင်ဘက်ဖြစ်လျက် အမြဲ တည်ရှိနေသော မဖြစ်မပျက်သော သဘောလက္ခဏာရှိသော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၌ အခါခပ်သိမ်း မရှိလေကုန်။ ထိုသို့ သခ်ၤတ ဖြစ်ကုန်သော ခရဟု ဆို အပ်ကုန်သော စိတ်, စေတသိက်, ရုပ်တရားတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အက္ခရဟု ခေါ်ဆိုအပ်သည် ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ပြဆိုအပ်သော အဘိဓာနပဒဒီပိကာသူစိ ကျမ်းဆရာ၏ စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သခ်ၤတဖြစ်ကုန်သော ခရဟု ဆိုအပ်ကုန်သော စိတ်, စေတသိက်, ရုပ်တရားတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့် အက္ခရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤကျမ်းဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည် အဖွင့်၌–

ခရန္တိ ဝိနသ္သန္တိတိ ခရာ။ သခ်ၤတာ။ တေ ယတ္ထ နသန္တိ တံ အက္ခရံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်, အနက် အဓိပ္ပါယ်သည် ရှေးနည်းအတိုင်းသာတည်း။ ဤသို့ ဖွင့်ဆိုအပ်သော အဘိဓာန်ဋီကာရှင်၏ စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သခ်ၤတဖြစ်

ကုန်သော ခရဟု ဆိုအပ်ကုန်သော စိတ်, စေတသိက်, ရုပ်တရားတို့၏ အခါခပ်သိမ်း မရှိရာသဘော၏ အဖြစ်ကြောင့် အကွၻရဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်း– ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အကွၻရဟု ခေါ်ဆိုအပ်သည်မှာ– ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း ပျက်စီးနေသော ခရဟု ခေါ်ဆိုအပ်သော သင်္ခတတရား၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် အကွၻရဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည်အဖွင့်၌—

ခရသင်္ခါတာနံ ဝါ သင်္ခတာနံ ပဋိပက္ခတ္တာ အကွၻံ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ခရ သင်္ခါတာနံ၊ ခရဟု ဆိုအပ်ကုန်သော။ သင်္ခတာနံ၊ စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတတရားတို့၏။ ပဋိပက္ခတ္တာ၊ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ အကွၻံ၊ အကွၻရ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဘိဓာန်ဋီကာရှင်၏ စကားကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း ပျက်စီးတတ်သော ခရဟု ခေါ်ဆိုအပ်သော သင်္ခတတရားတို့၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် အကွၻရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤဋီကာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာနပဒီပိကာသူစီ မျက်နှာနံပါတ် (၄) အကွၻရအဖွင့်၌—

ခရသင်္ခါတာနံ ဝါ သင်္ခတာနံ ပဋိပက္ခတ္တာ အကွၻံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ခရ သင်္ခါတာနံ၊ ခရဟု ဆိုအပ်ကုန်သော။ သင်္ခတာနံ၊ သင်္ခတ တရားတို့၏။ ပဋိပက္ခတ္တာ၊ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ အကွၻံ၊ အကွၻရ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဘိဓာနပဒီပိကာသူစီ ကျမ်းဆရာ၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန

သစ္စာနိဗ္ဗာန်ကို ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း ပျက်စီးတတ်သော ခရဟုခေါ်ဆို အပ်သော သန်တတရားတို့၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် အကွရဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အဗျာပဇ္ဈဟု၍ ခေါ်ဆိုအပ်ကြောင်း

ဂုင်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကွရဟု၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အဗျာပဇ္ဈဟု၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ဂုင်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဗျာပဇ္ဈဟု ခေါ်ဆိုအပ်သနည်းဟူမူ-ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း ပျက်စီးတတ်သော ဗျာပါဒဟု ဆိုအပ်သော သန်တ တရားတို့၏ ပျက်စီးသည်၏ အဖြစ်ဟု ဆိုအပ်သော ဗျာပဇ္ဈတရားသည် ဂုင်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌ အခါခပ်သိမ်း မရှိ။ ထို့ကြောင့် သန်တတရားတို့၏ ပျက်စီးသည်၏ အဖြစ်ဟု ဆိုအပ်သော ဗျာပဇ္ဈတရားမရှိရာဖြစ်သောကြောင့် ဂုင်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဗျာပဇ္ဈတရားဟု ခေါ်ဆိုအပ်လေသည်။ ထို့ကြောင့်ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ-နိဗ္ဗာန်အမည်အဖွင့်၌—

ဗျာပဇ္ဈန္တိ ဝိနဿန္တီတိ ဗျာပါဒါ။ သန်တာ။ တေသံ ဘာဝေါ ဗျာပဇ္ဇံ။ သန်တာနံ ဝိနဿနဘာဝေါ။ တံ ယတ္ထ နတ္ထိ၊ တံ အဗျာပဇ္ဇံ။ ဟု၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ယေ ဓမ္မာ၊ အကြင် စိတ်, စေတသိက်, ရုပ်ဟုဆိုအပ်ကုန်သော သဘောတရားတို့သည်။ ဗျာပဇ္ဈန္တိ ဝိနဿန္တိ၊ ပျက်စီးတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်ပျက်စီးတတ်ကုန်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုစိတ်, စေတသိက်, ရုပ်တည်းဟူသော သဘောတရားတို့သည်။ ဗျာပါဒါ၊ ဗျာပါဒ မည်ကုန်၏။ သန်တာ၊ သန်တတရားတို့ကို။ လဇ္ဇန္တိ၊ ရအပ်ကုန်၏။ ဧဝံသံ၊ ထိုပျက်စီးတတ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သန်တာတရားတို့၏။ ဘာဝေါ၊ အဖြစ်တည်း။ ဗျာပဇ္ဇံ၊ ပျက်စီးတတ်ကုန်သော သန်တ တရားတို့၏အဖြစ်။ သန်တာနံ၊ သန်တ တရားတို့၏။ ဝိနဿနဘာဝေါ၊ ပျက်စီးသည်၏အဖြစ်ကို။ လဇ္ဇတိ၊ ရအပ်၏။ တံ၊ ထိုသန်တတရားတို့၏ ပျက်စီးသည်၏ အဖြစ်ဟု ဆိုအပ်သော ဗျာပဇ္ဈတရားသည်။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့် သန်တတရားတို့၏ ပျက်စီးသည်၏ အဖြစ်ဟုဆိုအပ်သော ဗျာပဇ္ဈတရားမရှိရာ

ဖြစ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်။ အဗျာပဇ္ဇံ၊ အဗျာပဇ္ဇမည်၏။

ဤသို့ ဖွင့်ပြအပ်သော ဋီကာရှင်၏ စကားကိုထောက်၍ ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် ဤတိ ဟူ ဆိုအပ်သော အလုံးစုံသော ဘေးဥပဒ် အန္တရာယ် ဒုက္ခတရားတို့၏ မရှိရာသဘောဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အနိတိက ဟူ၍လည်း ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အနိတိကဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အဗျာပဇ္ဇ ဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အနိတိက ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အနိတိက ဟု ခေါ်ဆိုအပ်သနည်းဟူမူ-၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သည် ဤတိ ဟု ဆိုအပ်သော အလုံးစုံသော ဘေးဥပဒ် အန္တရာယ် ဒုက္ခတရားတို့၏ မရှိရာသဘောဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အနိတိက ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် နေတ္တိပါဠိတော်၊ ဝေဝစနဟာရနိဗ္ဗာန်ပရိယာယ်၌ အနိတိကံဟူ၍ ဟောတော်မူအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

အနိတိကံ၊ ဘေးဥပဒ် အန္တရာယ် ဒုက္ခတည်းဟူသော ဤတိ မရှိရာသဘော နိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သော နေတ္တိပါဠိတော် စကားကိုထောက်၍ ဘေးဥပဒ်အန္တရာယ် ဒုက္ခတည်းဟူသော ဤတိ မရှိရာသဘော၏ အဖြစ်ကြောင့် အနိတိကဟု ခေါ်ဆိုအပ်လေသည်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရ-နိဗ္ဗာနပရိယာယအဖွင့်၌—

အနန္တရာယတ္တာ အနိတိကံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အနန္တရာယတ္တာ၊ ဘေးဥပဒ်အန္တရာယ် မရှိရာသဘော၏ အဖြစ်ကြောင့်။ အနိတိကံ၊ အနိတိကမည်၏။

ဤသို့ဖွင့်ဆိုအပ်သော နေတ္တိအင္ဒကထာစကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဘေးဥပဒ် အန္တရာယ် ဒုက္ခတည်းဟူသော ဤတိမရှိရာသဘော၏အဖြစ်ကြောင့် အနိတိကဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော အင္ဒကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ ၎၁၂-၌—

> ပဥ္စန္နံ ခန္ဓာနံ နိရောဓော အနိတိကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သောသဘောသည်။ အနိတိကံ၊ ဘေးဥပဒ် အန္တရာယ်တည်းဟူသော ဤတိ မရှိရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုနိဗ္ဗာန်ကို။ ပဿန္တော၊ ရှုမြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမသို့။ သြက္ကမတိ၊ သက်ဝင်၏။

အဓိပ္ပါယ်ကား—

သခ်ၤတဖြစ်ကုန်သော ခန္ဓာငါးပါးတရားတို့သည် စင်စစ် ဘေးဥပဒ် အန္တရာယ်တည်းဟူသော ဤတိတရားတို့၏ ကျရောက်ရာဖြစ်သောကြောင့် ဒုက္ခတရားဖြစ်၏။ ထိုဒုက္ခတရားတို့၏အပြစ်ကို အဖန်တလဲလဲ ရှုမြင်သောပုဂ္ဂိုလ်သည် ၎င်းဘေးဥပဒ်အန္တရာယ်တို့၏ ကျရောက်ရာဖြစ်သော သခ်ၤတဟုဆိုအပ်သော ခန္ဓာငါးပါး ဒုက္ခတရားမှ လွတ်ရာကိုရှာလေသော် ၎င်းသခ်ၤတတရား၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပျက်သောသဘော အသင်္ခတမဟတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာ တွေ့မြင်လေတော့၏။ အဘယ်သို့ တွေ့မြင်လေသနည်းဟူမူ—၎င်းမဖြစ်မပျက်သော အသင်္ခတမဟတ် နိရောဓသစ္စာနိဗ္ဗာန်သည်သာလျှင် အလုံးစုံသော ဘေးဥပဒ်ဒုက္ခတရားတို့၏ မကပ်နိုင်ရာ, မသီနိုင်ရာ, မရှိနိုင်ရာ တရားဖြစ်ပေ၏ဟု ထိုးထွင်းသိမြင်လေ၏။ ထို့သို့သိမြင်ပြီး၍ အဖန်တလဲလဲ အာရုံပြုလတ်သော် ဝိပဿနာဉာဏ်သည် ရင့်ခြင်းသို့ရောက်သဖြင့် မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမဟု ဆိုအပ်သော သောတာပတ္တိမဂ်သို့ သက်ဝင်လေ၏ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ဤသို့ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်စကားရပ်တို့တွင် အနိတိကံဟူသော စကားတော်ကို

ထောက်၍လည်း ဘေးဥပဒ်အန္တရာယ်ဒုက္ခတည်းဟူသော ဤတိမရှိရာသဘော၏ အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အနိတိကဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် ပါဠိတော်၊ အသခ်္ခတသံယုတ် ၅၄၂-၌—

ကတမဉ္စ ဘိက္ခဝေ အနိတိကံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အနိတိကံ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အနိတိကံ၊ အနိတိကမည်သော တရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤသို့ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟ တရားတို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်ကို။ အနိတိကံ၊ အနိတိကမည်သော သဘောတရားဟူ၍။ ဝါ၊ ဘေးဥပဒ်အန္တရာယ် ဒုက္ခတရားတို့၏ မရှိရာသဘောဖြစ်သောကြောင့် အနိတိကမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဟောတော်မူအပ်သော ဘုရားရှင်၏စကားတော်ကို ထောက်၍လည်း ရာဂ, ဒေါသ, မောဟတရားတို့၏ ကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဘေးဥပဒ်အန္တရာယ် ဒုက္ခတည်းဟူသော ဤတိ တရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အနိတိကဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၊ အသခ်္ခတသံယုတ် အဖွင့် ၁၄၉-၌—

နိဒ္ဒုက္ခတ္တာ အနိတိကံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိဒ္ဒါက္ခတ္တာ၊ ဘေးရန်ဥပဒ်ဒုက္ခတရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့်။ အနိတိကံ၊ အနိတိကမည်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏စကားကို ထောက်၍လည်း၎င်းမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံသော ဘေးဥပဒ်အန္တရာယ် ဒုက္ခတို့၏ မရှိရာ သဘော၏ အဖြစ်ကြောင့် အနိတိက ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဘိဓာန်ဋီကာ သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည်အဖွင့်၌ ဤတိ ဥပဒ္ဒဝေါ ပဝါသော စ။ တေ ယတ္ထ န သန္တိ၊ တံ အနိတိကံ ဟူ၍လည်းကောင်း၊ အဘိဓာနပပ္ပဒီပိကာသူစိ မျက်နှာနံပါတ် (၂၆) အနိတိကအဖွင့်၌ ဤတိ ဥပဒ္ဒဝါ ယတ္ထ န သန္တိ၊ တံ အနိတိကံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—-

ဤတိ၊ ဤတိဟု ဆိုအပ်သော။ ဥပဒ္ဒဝေါ စ၊ ဘေးရန်ဥပဒ္ဒဝသည်လည်းကောင်း။ ပဝါသော စ၊ ချုတ်ချယ်ခြင်းတရားသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ထိုဥပဒ္ဒဝ, ချုတ်ချယ်ခြင်းဟု ဆိုအပ်ကုန်သော ဤတိတရားတို့သည်။ ယတ္ထ၊ အကြင်မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၌။ န သန္တိ၊ မရှိကုန်။ ဤတိတသ္မာ၊ ထိုသို့ဘေးရန် ဥပဒ္ဒဝ, ချုတ်ချယ်ခြင်းတည်းဟူသော ဤတိတရားတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့်။ တံ၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်။ အနိတိကံ၊ အနိတိကမည်၏။ ဤကား အဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။ ယတ္ထ၊ အကြင်နိဗ္ဗာန်တရား၌။ ဤတိ၊ ဤတိဟု ဆိုအပ်ကုန်သော။ ဥပဒ္ဒဝါ၊ ဘေးရန် ဥပဒ္ဒဝတို့သည်။ န သန္တိ၊ မရှိကုန်။ တံ၊ ထိုဥပဒ္ဒဝတို့၏ မရှိရာဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ အနိတိကံ၊ အနိတိကမည်၏။ ဤကား အဘိဓာနပပ္ပဒီပိကာသူစိပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ဖွင့်ဆိုအပ်သော ဋီကာရှင်တို့၏ စကားကို ထောက်၍လည်း၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဘေးရန်ဥပဒ်ဒုက္ခဟုဆိုအပ်သော ဤတိတရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အနိတိကဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အနိတိကဓမ္မဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အနိတိက ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အနိတိကဓမ္မ ဟူ၍လည်း

ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အနိတိကဓမ္မ ဟု ခေါ်ဆိုအပ်သနည်းဟူမူ – ၎င်းနိဗ္ဗာန်ကို အာရုံပြု၍ ရောက်သောသူတို့အား ဘေးရန်ဥပဒ်စသော အန္တရာယ်သည် စင်စစ် မရှိခြင်းသို့ ရောက်လေ၏။ ထိုသို့ ဘေးရန်ဥပဒ်အန္တရာယ်တို့၏ မရှိခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အနိတိကဓမ္မ ဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော နေတ္တိအဋ္ဌကထာရှင်သည် အနန္တရာယ ဘာဝဟေတုတော အနိတိကမေ့မံ ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

အနန္တရာယ ဘာဝဟေတုတော၊ အန္တရာယ်မရှိသောသူအဖြစ်၏ အကြောင်းကြောင့်။ အနိတိကဓမ္မံ၊ အနိတိကဓမ္မမည်၏။

အဓိပ္ပါယ်ကား—

အကြင် ယောဂါဝစရပုဂ္ဂိုလ်သည် သံသရာ၌ အစဉ်ဖြစ်နေသော ခန္ဓာတရားတို့၌ ဇာတိ, ဇရာ, မရဏစသော ဘေးဥပဒ် အန္တရာယ်တို့ မပြတ်မလပ် ကျရောက်နေသည်တို့ကို ဝိပဿနာဉာဏ်ဖြင့်မြင်၍ စက်ဆုပ်ငြီးငွေ့ပြီးလျှင် ၎င်းအန္တရာယ်တရားတို့ ကျရောက်နေသော ခန္ဓာတရားတို့မှ လွတ်ရာကို ရှာလေသော် ၎င်းခန္ဓာတရားတည်းဟူသော သင်္ခတတရား၏ ဆန့်ကျင်ဘက်ဖြစ်သော ဇာတိ, ဇရာ, မရဏစသော ဘေးဥပဒ်အန္တရာယ်တို့၏ မရှိရာဖြစ်သော မဖြစ်မပျက်သော သဘော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင် ဉာဏ်ဖြင့် တွေ့မြင်လေတော့၏။ အဘယ်သို့ တွေ့မြင်လေသနည်းဟူမူ – ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော မဖြစ်မပျက်သော သဘောတရားတပါးသည်သာလျှင် စင်စစ် ဇာတိ, ဇရာ, မရဏစသော ဘေးဥပဒ် အန္တရာယ်တရားတို့၏ မရှိရာသဘော ကောန်ဖြစ်ပေ၏ဟု ဉာဏ်ဖြင့် တွေ့မြင်လေတော့၏။

ထိုသို့တွေ့မြင်ပြီး၍ အဖန်တလဲလဲ အာရုံပြုလတ်သော် ဉာဏ်သည် ရင့်သန်သဖြင့် အစဉ်အတိုင်း မဂ်လေးတန်သို့ ရောက်ပြီးလျှင် ရာဂ အစရှိကုန်သော ကိလေသာအန္တရာယ်တို့သည် ကုန်ခန်းလေကုန်၏။ အရဟတ္တဖိုလ်သို့ရောက်သော အခါ ရာဂ အစရှိကုန်သော ကိလေသာအန္တရာယ်တို့သည် ကုန်ခန်းပြီး ဖြစ်လေကုန်၏။ စုတိစိတ်နောင် ဖြစ်ပေါ်လတ္တံ့သော ဇာတိ, ဇရာ, မရဏ စသော ဘေးဥပဒ်အန္တရာယ်တို့သည်လည်း နောင်ဖြစ်ပေါ်မှု မရှိဘဲ ကုန်ခန်းကွယ်ပျောက်လေကုန်တော့၏။ ထိုသို့ ကိလေသာဘေး၊ ဇာတိ, ဇရာ, မရဏဘေး အစရှိကုန်သော အန္တရာယ်တို့၏ ကွယ်ပျောက်ခြင်း၏ အကြောင်းခံသည် စင်စစ်

မင် ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တမာတ် နိရောဓသစ္စာ နိဗ္ဗာန်တရား သာလျှင် ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းမင်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တမာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ကိလေသာ တည်းဟူသော ဘေးရန် အန္တရာယ်၊ နောင်ဖြစ်ပေါ်လတ္တံ့သော ဇာတိ, ဇရာ, မရဏစသော ဘေးရန် အန္တရာယ်တို့၏ မရှိခြင်း၏အကြောင်းခံဖြစ်သောကြောင့် အနိတိကဓမ္မဟူ၍ ခေါ်ဆိုအပ်လေသည်။ (အနိတိကဓမ္မ၌-ဓမ္မသဒ္ဒါသည် အကြောင်းဟောဖြစ်၏။ ထိုကြောင့် ဟေတုတောဟူ၍ အဋ္ဌကထာရှင် ဖွင့်ဆိုအပ်လေသည်)။ ဤကား အဋ္ဌကထာရှင်၏ အာဘော် အလိုတော်အဓိပ္ပါယ်တည်း။ ဤသို့ နေတို့ အဋ္ဌ-ကထာရှင် ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း ၎င်းမင်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တမာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဘေးရန်အန္တရာယ်စသည်တို့၏ မရှိခြင်း၏ အကြောင်းခံဖြစ်သောကြောင့် အနိတိကဓမ္မဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတို့ပါဠိတော်၊ ဝေဝစနဟာရ၌ အနိတိကဓမ္မံဟူ၍ ဟောဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အနိတိကဓမ္မံ၊ ဘေးဥပဒ် အန္တရာယ်မရှိသော သူတို့အဖြစ်၏ အကြောင်းခံ ဖြစ်သောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမင်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသန်တမာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဘေးဥပဒ်အန္တရာယ်မရှိသော သူတို့အဖြစ်၏ အကြောင်းခံဖြစ်သောကြောင့် အနိတိကဓမ္မဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

တနည်း-၎င်းမင်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တမာတ်နိရောဓသစ္စာ နိဗ္ဗာန်ကို အဘယ်ကြောင့် အနိတိကဓမ္မဟု ခေါ်ဆိုအပ်သနည်းဟူမူ ဒုက္ခတရား ဟူသမျှတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အနိတိကဓမ္မဟု ခေါ်ဆိုအပ်လေ သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော ကြောင့် သင်္ဃာယနသံယုတ် အဋ္ဌကထာရှင်သည် အသန်တသံယုတ်၊ အနိ-တိကဓမ္မအဖွင့်(၁၄၉)၌ နိဒ္ဒုက္ခသဘာဝတ္တာ အနိတိကဓမ္မံ-ဟူ၍ ဖွင့်ဆိုတော်မူ အပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိဒ္ဒုက္ခသဘာဝတ္တာ၊ အလုံးစုံကုန်သော ဆင်းရဲခြင်းဟူသမျှတို့၏ မရှိရာ သဘော၏အဖြစ်ကြောင့်။ အနိတိကဓမ္မံ၊ အနိတိကဓမ္မ မည်၏။ (ဤအနိတိက-

ဓမ္မဋ္ဌ ဓမ္မသဒ္ဒါသည် သဘာဝဟူသောအနက်ကို ဟော၏။ ထိုသို့ ဟောခြင်းကြောင့် ဓမ္မ၏အရကို သိစေလိုရကား သဘာဝတ္တာဟု ဖွင့်ဆိုလေသည်။ သဘာဝတ္တာဋ္ဌ သဘာဝဟူသော ပုဒ်သည် ဓမ္မ၏အရကို ဖွင့်ပြသော အတ္ထသံဝဏ္ဏနာ ဖြစ်ပေ၏ဟု မှတ်ကြလေ)။ ဤသို့ ဖွင့်ဆိုအပ်သော သံယုတ်အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတမဟာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို အလုံးစုံသော ဒုက္ခဟူသမျှတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အနိတိကဓမ္မဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သံယုတ်ပါဠိတော်၊ အသင်္ခတသံယုတ် ၅၄၂-၌—

> ကတမဉ္စ ဘိက္ခဝေ အနိတိကဓမ္မံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အနိတိကဓမ္မံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အနိတိကဓမ္မံ၊ အနိတိကဓမ္မမည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သော်လျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟ တရားတို့၏ကုန်ကြောင်းဖြစ်သောနိဗ္ဗာန်ကို။ အနိတိကဓမ္မံ၊ အနိတိကဓမ္မဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတမဟာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဆင်းရဲခြင်းဟူသမျှတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အနိတိကဓမ္မဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အနုပဒ္ဒဝဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမဟာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို အနိတိကဓမ္မဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အနုပဒ္ဒဝဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတမဟာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို အနုပဒ္ဒဝဟု ခေါ်ဆိုအပ်သနည်းဟူမူ တစုံတခုသော

ဘေးရန်သည် မည္သည်းဆဲအပ်, မနှိပ်စက်အပ်သည်၏အဖြစ်ကြောင့် အနုပဒ္ဒဝဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို နေတ္တိပါဠိတော် ဝေဝစနဟာရ၌ အနုပဒ္ဒဝံ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အနုပဒ္ဒဝံ၊ တစုံတခုသော ဘေးရန်သည် မည္သည်းဆဲအပ်, မနှိပ်စက်အပ်သော သဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သော နေတ္တိပါဠိတော်၏ စကားတော်ကိုထောက်၍ ရဉ်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို တစုံတခုသော ဘေးရန်သည် မည္သည်းဆဲအပ်, မနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် အနုပဒ္ဒဝဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ရဉ်းပါဠိတော်၏ အဖွင့်ဖြစ်သော နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရ-အနုပဒ္ဒဝအဖွင့်၌ ကေနစိ အနုပဒ္ဒုတတ္တာ အနုပဒ္ဒဝံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ကေနစိ၊ တစုံတခုသော ဘေးရန်သည်။ အနုပဒ္ဒုတတ္တာ၊ မည္သည်းဆဲအပ်, မနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ အနုပဒ္ဒဝံ၊ အနုပဒ္ဒဝ မည်၏။

အဓိပ္ပါယ်ကား–သင်္ခတဖြစ်သော ခန္ဓာငါးပါး တရားတို့ကို ကိလေသာဘေး၊ ဇာတိ, ဇရာ, မရဏစသော ဘေးရန်တို့သည် မပြတ်မလပ် နှိပ်စက်ကုန်သကဲ့သို့ ဂုဏ်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တစုံတခုသော ကိလေသာဘေး၊ ဇာတိ, ဇရာ, မရဏစသော ဘေးသည် စင်စစ် မနှိပ်စက်အပ်နိုင်။ ထိုသို့ ကိလေသာစသော ဘေး၊ ဇာတိ, ဇရာ, မရဏစသော ဘေးတို့သည် မည္သည်းဆဲအပ်, မနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ဂုဏ်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အနုပဒ္ဒဝံဟု ခေါ်ဆိုအပ်သည် ဟူလို။ ဤကား အဋ္ဌကထာရှင်၏ အလိုတော်အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ဆိုအပ်သော နေတ္တိအဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ဂုဏ်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တစုံတခုသော ဘေးရန်သည် မည္သည်းဆဲအပ်, မနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် အနုပဒ္ဒဝဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပညာဝဂ်·ဝိပဿနာကထာ ၎၁၂-၌—

ပဉ္ဆန္နံ ခန္ဓာနံ နိရောဓော အနုပဒ္ဒဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ-
နိယာမံ ဩက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဉ္ဆန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာ တရားတို့၏။ နိရောဓော၊ နောင်
ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောတရားသည်။ အနုပဒ္ဒဝံ၊
တစုံတခုသော ဘေးရန်သည် မည့်ဉီးဆဲအပ်, မနှိပ်စက်အပ်သော။ နိဗ္ဗာနံ၊
နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထို နိဗ္ဗာန်ကို။ ပဿန္တော၊ ရှုမြင်သော
ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမ
သို့။ ဩက္ကမတိ၊ သက်ဝင်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အနုပဒ္ဒဝံ ဟူသော
စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ-
ဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အနုပဒ္ဒဝဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို
ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အနုပသဂ္ဂဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို
အနုပဒ္ဒဝဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အနုပသဂ္ဂဟူ၍လည်း
ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခ-
တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အနုပသဂ္ဂဟူ၍ ခေါ်ဆိုအပ်သနည်း ဟူမူ—
တစုံတခုသော ကိလေသာတည်းဟူသော ဘေးရန်၊ ဇရာ, မရဏစသော
ဘေးရန် တရားသည် မကပ်မငြိ အပ်သည်၏ အဖြစ်ကြောင့် အနုပသဂ္ဂဟူ၍
ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို နေတ္တိပါဠိတော်၊
ဝေဝစနဟာရဋ္ဌ အနုပသဂ္ဂံ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အနုပသဂ္ဂံ၊ တစုံတခုသော ကိလေသာ အစရှိသော ဘေးရန်သည် မကပ်
မငြိအပ်သော သဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော
အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို တစုံတခုသော ကိလေသာစသော
ဘေးရန်သည် မကပ်မငြိ အပ်သည်၏ အဖြစ်ကြောင့် အနုပသဂ္ဂဟူ၍ ခေါ်ဆို
အပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်

သည် မဟုတ်သေး၊ ၎င်း ပါဠိတော်၏ အဖွင့်ဖြစ်သော နေတ္တိအဒ္ဓကထာ၊ ဝေဝ စနဟာရ အဖွင့်၌ ကေနစိ အနုပသဋ္ဌံတဗ္ဗတ္တာ အနုပသဋ္ဌံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ကေနစိ၊ တစုံတခုသော ကိလေသာစသော ဘေးရန်သည်။ အနုပသဋ္ဌံ-တဗ္ဗတ္တာ၊ မကပ်မငြိအပ်သည်၏အဖြစ်ကြောင့်။ အနုပသဋ္ဌံ၊ အနုပသဋ္ဌမည်၏။ ဤသို့ဖွင့်ဆိုအပ်သော နေတ္တိ အဒ္ဓကထာရှင်၏ စကားကို ထောက်၍လည်း၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တစုံတခုသော ကိလေသာစသော ဘေးရန်သည် မကပ်မငြိအပ်သည်၏ အဖြစ်ကြောင့် အနုပသဋ္ဌံ ဟူ၍ ဒေါဘုံအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဒ္ဓကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ (၄၁၂)၌—

ပဉ္ဉံ ခန္ဓာနံ နိရောဓော အနုပသဂ္ဂံ နိဗ္ဗာနန္တိ ပသန္နော သမ္မတ္တနိ-ယာမံ သြက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဉ္ဉံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ပဉ္စဝတရားတို့၏။ နိရောဓော၊ နောင်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောတရားသည်။ အနုပသဂ္ဂံ၊ တစုံတခုသော ကိလေသာစသော ဘေးရန်သည် မကပ်မငြိအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ဟို နိဗ္ဗာန်တရားတော်ကို။ ပသန္နော၊ ရှုမြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမသို့။ သြက္ကမတိ၊ သက်ဝင်လေ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် အနုပသဂ္ဂံ ဟူသော စကားတော်ကို ထောက်၍လည်း၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တစုံတခုသော ကိလေသာစသော ဘေးရန်သည် မကပ်မငြိအပ်သည်၏ အဖြစ်ကြောင့် အနုပသဂ္ဂဟူ၍ ဒေါဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အဘယဟူ၍ ဒေါဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အနုပသဂ္ဂ ဟူ၍သာ ဒေါဆိုအပ်သည် မဟုတ်သေး။ အဘယ ဟူ၍လည်း

ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်းဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဘယ ဟု ခေါ်ဆိုအပ်သနည်းဟူမူ– ၎င်းမင်းဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အခါခပ်သိမ်း ဇာတိ စသော ဘေးဟူသမျှမှ ကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝါ၊ ဇာတိ စသော ဘေးဟူသမျှတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့်လည်းကောင်း အဘယ ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော် မူလိုသောကြောင့် စူဠနိဒ္ဒေသပါဠိတော်၊ ပါရာယနဝဂ်-မေတ္တဂုပဉ္ဉာနိဒ္ဒေသဋ္ဌ လည်းကောင်း၊ မဟာနိဒ္ဒေသပါဠိတော်၊ အဋ္ဌကဝဂ် - မာဂဏ္ဍိယသုတ္တနိဒ္ဒေသဋ္ဌ လည်းကောင်း အဘယဂတော အဘယပတ္တော။ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အဘယ-အဘယံ၊ အလုံးစုံကုန်သော ဇာတိ စသော ဘေးတို့မှကင်းသော။ ဝါ၊ အလုံးစုံကုန်သော ဇာတိ စသော ဘေးတို့၏ မရှိရာသဘောဖြစ်သော နိဗ္ဗာန်သို့။ ဂတော၊ မင်္ဂြိုဏ်ရောက်၏။ အဘယ-အဘယံ၊ အလုံးစုံကုန်သော ဇာတိ စသောဘေးတို့မှ ကင်းသော။ ဝါ၊ အလုံးစုံကုန်သော ဇာတိ စသော ဘေးတို့၏ မရှိရာသဘောဖြစ်သော နိဗ္ဗာန်သို့။ ပတ္တော၊ ဖိုလ်ဖြင့် ရောက်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်တို့၏ စကားတော်ကို ထောက်၍ ၎င်းမင်းဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဇာတိအစရှိကုန်သော ဘေးတို့မှ ကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝါ၊ ဇာတိ အစရှိကုန်သော ဘေးတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့် လည်းကောင်း အဘယ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ မဟာနိဒ္ဒေသအဋ္ဌကထာ၊ စာမျက်နှာ ၂၂-၌—

အဘယဂတောတိ မင်္ဂြိုဏ် နိဗ္ဗာယံ နိဗ္ဗာနံ ဂတော။ အဘယပတ္တောတိ ဖလေန နိဗ္ဗာယံ နိဗ္ဗာနံ ပတ္တော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဘယဂတောတိ၊ အဘယဂတော ဟူသည်ကား။ မင်္ဂြိုဏ်၊ မင်္ဂြိုဏ်ဖြင့်။ နိဗ္ဗာယံ၊ ဇာတိ စသော ဘေးတို့မှ ကင်းသော။ ဝါ၊ ဇာတိ စသော ဘေးတို့၏ မရှိရာသဘောဖြစ်သော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ ဂတော၊

ရောက်၏။ အဘယပတ္တောတိ၊ အဘယပတ္တော ဟူသည်ကား။ ဖလေန၊ ဖိုလ်ဖြင့်။ နိဗ္ဗယံ၊ ဇာတိစသော ဘေးတို့မှ ကင်းသော။ ဝါ၊ ဇာတိစသော ဘေးတို့၏ မရှိရာသဘောဖြစ်သော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ ပတ္တော၊ ရောက်၏။

အဓိပ္ပါယ်ကား– အကြင် ယောဂါဝစရပုဂ္ဂိုလ်သည် ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သင်္ခတဖြစ်ကုန်သော ခန္ဓာငါးပါးတရားတို့ကို ဇာတိ, ဇရာ, မရဏ အစရှိကုန်သော ဘေးတို့မှ အခါခပ်သိမ်း မကင်းသည်တို့ကို ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ ရှုမြင်လေလေ ၎င်းသင်္ခတဖြစ်သော ခန္ဓာတရားတို့ကို စင်စစ် ငြီးငွေ့ စက်ဆုပ်လေလေသာ ဖြစ်၏။ ထိုသို့ ငြီးငွေ့စက်ဆုပ်ဖန် များသဖြင့် ၎င်းခန္ဓာငါးပါးတည်းဟူသော သင်္ခတတရားတို့မှ လွတ်ရာကို ရှာလေသော် ၎င်းခန္ဓာငါးပါးတည်းဟူသော သင်္ခတတရားတို့၏ ဖြောင့်ဖြောင့် ဓမ္မသဘာဝအားဖြင့် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပျက်ဘဲ အမြဲတည်ရှိနေသော အသင်္ခတသဘောနိဗ္ဗာန်ကိုသာလျှင် ဝိပဿနာတည်းဟူသော သန္တီပဒဉာဏ်ဖြင့် တွေ့မြင်လေတော့၏။

အဘယ်သို့ တွေ့မြင်လေသနည်းဟူမူ ၎င်းမဖြစ်မပျက်ဘဲ အမြဲတည်ရှိနေသော အသင်္ခတဓာတ်သဘောတရားတပါးသည်သာလျှင် စင်စစ် ဇာတိ, ဇရာ, မရဏ အစရှိကုန်သော ဘေးတို့မှလည်း ကင်းလွတ်ပေ၏။ ဇာတိ, ဇရာ, မရဏ တရားတို့၏ မရှိရာတရားလည်း ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းအသင်္ခတဓာတ်သဘောတရားတပါးသည်သာလျှင် စင်စစ် ဘေးမှကင်းသော ဝါ၊ ဘေးမရှိသောသဘောတရားဖြစ်ပေ၏ဟု တွေ့မြင်လေတော့၏။ ထိုသို့ တွေ့မြင်ပြီး၍ အဖန်တလဲလဲ အာရုံပြုလတ်သော် ဝိပဿနာဉာဏ်သည် ရင့်ခြင်းသို့ရောက်သဖြင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော ဘေးမှကင်းသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသို့ ရောက်လေတော့၏ ဟူလို။ ဤကား အဋ္ဌကထာရှင်၏ အလိုတော်အဓိပ္ပါယ်တည်း။

ဤသို့ဖွင့်ဆိုအပ်သော မဟာနိဒ္ဒေသအဋ္ဌကထာရှင်၏ နိဗ္ဗာယံ·ဟူသောစကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဇာတိစသော ဘေးတို့မှ ကင်းသည်၏အဖြစ်ကြောင့် ဝါ၊ အလုံးစုံကုန်သော ဇာတိစသော ဘေးတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အဘယ·ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ဝဂ်ီသသံယုတ် ၂၅၂-မျက်နှာ၌ ခေမန္တီ အဘယံ နိရုပဒ္ဒဝံ·ဟူ၍ ပြဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ခေမန္တိ၊ ခေမံ-ဟူသည်ကား။ နိရုပဒ္ဒဝံ၊ ဥပဒ္ဒဝ မရှိသော။ အဘယံ၊ ဇာတိ အစရှိသော ဘေးမှကင်းသော။ ဝါ၊ ဇာတိအစရှိသော ဘေးမရှိရာ သဘော နိဗ္ဗာန်ပေတည်း။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားရပ်တို့တွင် အဘယံ-ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ-ဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဇာတိ အစရှိကုန်သောဘေးတို့မှ ကင်းသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဝါ၊ အလုံးစုံကုန်သော ဇာတိ အစရှိကုန်သော ဘေးတို့၏ မရှိရာသဘော၏အဖြစ်ကြောင့်လည်းကောင်း အဘယဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို သိဝဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဤ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဘယဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သိဝ-ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်-နိရောဓသစ္စာနိဗ္ဗာန်ကို သိဝ-ဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ မိမိကို မှီဝဲကုန်သော သူတို့အား ဘေးမရှိခြင်းကို ပြုတတ်သောကြောင့် သိဝဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် နေတ္တိပါဠိတော်၊ ဝေဝစနဟာရ၌ သိဝံဟူ၍လည်းကောင်း၊ အဘိဓာနပွ-ဒီပိကာကျမ်း၊ နိဗ္ဗာန်အမည်ကို ပြရာ၌ သိဝံဟူ၍လည်းကောင်း မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

သိဝံ၊ မိမိကို မှီဝဲသောသူတို့အား ဘေးမရှိခြင်းကို ပြုတတ်သော သဘော နိဗ္ဗာန်။

ဤသို့ နေတ္တိပါဠိတော်၊ အဘိဓာနပွဒီပိကာကျမ်းတို့၌ မိန့်ဆိုအပ်သည်ကို ထောက်၍ ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မှီဝဲကုန်သော သူတို့အား ဘေးမရှိခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့် သိဝဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပြဆိုအပ်ကုန်သော ကျမ်းတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည်အဖွင့်၌—

သိဝံ ခေမဘာဝံ ကရောတီတိ သိဝံ။ သံသာရဘီရုကေဟိ သေဝိ-တဗ္ဗတ္တာ ဝါ သိဝံ-ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ယံ နိဗ္ဗာနံ၊ အကြင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်သည်။ သိဝံ ခေမဘာဝံ၊ ဘေးမရှိသည်၏အဖြစ်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ဘေးမရှိသည်၏အဖြစ်ကို ပြုတတ်သော သတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်သည်။ သိဝံ၊ သိဝမည်၏။ ဝါ၊ တနည်းကား။ သံသာရဘီရုကေဟိ၊ သံသရာကို ကြောက်ကုန်သော သူတော်ကောင်းတို့သည်။ သေဝိတဗ္ဗတ္တာ၊မှီဝဲအပ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်သည်။ သိဝံ၊ သိဝမည်၏။

အဓိပ္ပါယ်ကား – သံသရာ၌ မပြတ်ဖြစ်နေသော ခန္ဓာငါးပါးတရား၌ အစဉ်မပြတ် ကျရောက်နေသော ရာဂ အစရှိကုန်သော ကိလေသာဘေးတို့ကို ကြောက်ရွံ့ကုန်သော အရိယာသူတော်ကောင်းတို့သည် ၎င်းရာဂ အစရှိကုန်သော ကိလေသာဘေးတို့၏ ကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် အာရုံပြုသောအားဖြင့် မှီဝဲကြကုန်၏။ ထိုသို့မှီဝဲကုန်သောသူတို့အား ကိလေသာစသော ဘေးတို့သည် စင်စစ် မရှိခြင်းသို့ ရောက်လေကုန်၏။ ထိုသို့ ကိလေသာစသော ဘေးတို့ မရှိသည်၏အဖြစ်သို့ ရောက်ရခြင်းသည် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကြောင့်ပင် ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို မှီဝဲသောသူတို့အား ဘေးမရှိခြင်းကို ပြုတတ်သောကြောင့် သိဝဟု ခေါ်ဆိုအပ်လေသည်ဟူလို။ ဤကား ဋီကာရှင်၏ အလိုတော်အဓိပ္ပါယ်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော အဘိဓာန်ဋီကာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို မှီဝဲသောသူတို့အား ဘေးမရှိသည်၏ အဖြစ်ကို အကြောင်းခံအားဖြင့် ပြုလုပ်တတ်သည်၏အဖြစ်ကြောင့် သိဝဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤဋီကာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဝိမာနဝတ္ထု ပါဠိတော် ပဌမဝဂ်-သိရိမာဝိမာနဝတ္ထု စာမျက်နှာ ၁၉-၌—

အဒေသယိ ။ပ။ နိစ္စတံ။ အသင်္ခတံ ဒုက္ခနိရောဓံ သဿတံ ။ပ။ သိဝံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိစ္စတံ၊ မြဲသည်၏အဖြစ် ရှိထသော။ အသခ်ံတံ၊ အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ် မပြုမပြင်အပ်ထသော။ ဝါ၊ သခ်ံတတရား၏ ဆန့်ကျင်ဘက် ဖြစ်ထသော။ ဒုက္ခနိရောဓံ၊ ဝဋ်ဒုက္ခတို့၏ နောင်ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်ထသော။ သဿတံ၊ အခါခပ်သိမ်း မပျက်မပြို ထင်ရှားရှိနေထသော။ သိဝံ၊ မိမိကို မှီဝဲသောသူတို့အား ဘေးမရှိသည်၏အဖြစ်ကို ပြုတတ်သော အသခ်ံတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ပုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အဒေသယိ၊ ဟောတော်မူပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သိဝံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မှီဝဲကုန်သော သူတို့အား ဘေးမရှိသည်၏အဖြစ်ကို ပြုတတ်သည်၏အဖြစ်ကြောင့် သိဝ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤသို့ ဟောတော်မူအပ်သော ဝိမာနဝတ္ထုပါဠိတော်စကားရပ်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရအပဒါန်ပါဠိတော် ဒုတိယတွဲ တိဏဒါယကဝဂ် မျက်နှာနံပါတ် ၁၀၇၊ ဗောဓိသမ္ဓကထေရအပဒါန်၌ အဝသာနေ စ နိဗ္ဗာနံ၊ သိဝံ ပတ္တော အနုတ္တရံ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဟံ၊ ငါသည်။ အဝသာနေ စ၊ လူ့စည်းစိမ်,နတ်စည်းစိမ်ကို ခံစားပြီးသော အဆုံး၌လည်း။ နိဗ္ဗာနံ၊ မီး ၁၁-ပါး၏ ငြိမ်းကြောင်းဖြစ်ထသော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သော တပါးသောတရား မရှိထသော။ သိဝံ၊ မိမိကို မှီဝဲကုန်သောသူတို့အား ဘေးမရှိသည်၏အဖြစ်ကို ပြုလုပ်တတ်သော အသခ်ံတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့။ ပတ္တော၊ အရဟတ္တဖိုလ်ဖြင့် ရောက်ပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သိဝံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မှီဝဲကုန်သော သူတို့အား ဘေးမရှိသည်၏အဖြစ်ကို ပြုလုပ်တတ်သောကြောင့် သိဝ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ထေရိအပဒါန်ပါဠိတော်၊ ကေဝပါသထိကဝဂ်၊ ဂေါတမီထေရိအပဒါန် စာမျက်နှာ ၂၀၇-၌—

ယဒိ တေ ရုစိတံ အယျေ၊ နိဗ္ဗာနံ ပရမံ သိဝံ။
ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အယျေ၊ အရှင်မ။ တေ-တယာ၊ သင်အရှင်မသည်။ ပရမံ၊ မြတ်ထသော။ ဝါ၊ အပြားအားဖြင့် သူတော်ကောင်းတို့ မွေ့လျော်ရာဖြစ်ထသော။ သိဝံ၊ မိမိကို မှီဝဲကုန်သော အရိယာသူတော်ကောင်းတို့အား ဘေးမရှိသည်၏ အဖြစ်ကို ပြုတတ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ယဒိ ရုစိတံ၊ အကယ်၍ နှစ်သက်ခဲ့သည်ဖြစ်အံ့။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သိဝံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတ-ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မှီဝဲကုန်သော အရိယာသူတော်ကောင်းတို့ အား ဘေးမရှိသည်၏အဖြစ်ကို ပြုတတ်သောကြောင့် သိဝ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော် ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် ပါဠိတော်၊ အသင်္ခတသံယုတ် ၅၄၂-ဦ်—

ကတမဉ္စ ဘိက္ခဝေ သိဝံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခ-ယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သိဝံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ သိဝံ၊ သိဝမည်သော သဘောတရားသည်။ ကတ-မဉ္စ၊ အဘယ်သည် သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည် လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော် သည် လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်း ဖြစ်သော နိဗ္ဗာန်တရားတော်သည် လည်းကောင်း။ အာတို့၊ ပရမတ္ထ အားဖြင့် ထင်ရှား ရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟ တရားတို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော် ကို။ သိဝံ၊ သိဝ မည်သော သဘောတရား ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် သိဝံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ

ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မှီဝဲကုန်သော အရိယာ သူတော်ကောင်းတို့အား ဘေးမရှိသည်၏ အဖြစ်ကို ပြုတတ်သောကြောင့် သိဝဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာ သူစိမျက်နှာနံပါတ် (၆၃၀) သိဝ အဖွင့်၌—

သိဝံ ခေမဘာဝံ ကရောတီတိ သိဝံ။ သံသာရဘီရုကေဟိ သေဝိ-တဗ္ဗတ္တာ ဝါ သိဝံ။ သိ သေဝါယံ ယဒါဒိနာ ဝ-ပစ္စယော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ယံ နိဗ္ဗာနံ၊ အကြင် မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ သိဝံ ခေမဘာဝံ၊ ဘေးမရှိသည်၏ အဖြစ်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ထို့သို့ ပြုတတ်သော သတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထို မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ သိဝံ၊ သိဝ မည်၏။ ဝါ၊ တနည်းကား။ သံသာရဘီရုကေဟိ၊ သံသရာဘေးကို ကြောက်ကုန်သော အရိယာသူတော်ကောင်းတို့သည်။ သေဝိတဗ္ဗတ္တာ၊ မှီဝဲအပ်သည်၏ အဖြစ်ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ သိဝံ၊ သိဝမည်၏။ သိ၊ သိဓာတ်သည်။ သေဝါယံ၊ မှီဝဲခြင်းအနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ယဒါဒိနာ၊ ယဒနုပ-ပန္နာ နိပါတနာ သိဇ္ဈန္တိ – ဟူသောသုတ်ဖြင့်။ ဝ-ပစ္စယော၊ ဝ-ပစ္စည်းသက်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မှီဝဲကုန်သောသူတို့အား ဘေးမရှိသည်၏အဖြစ်ကို ပြုတတ်သောကြောင့် သိဝဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်း – ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ-နိဗ္ဗာန်ကို အဘယ်ကြောင့် သိဝဟု ခေါ်ဆိုအပ်သနည်းဟူမူ – ဘုရား အစရှိကုန်သော အရိယာသူတော်ကောင်းတို့ မှီဝဲခြင်းငှါ မထိုက်ကုန်သော အသိဝဟု ခေါ်ဆိုအပ်ကုန်သော ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တို့၏ မရှိရာသဘော၏အဖြစ်ကြောင့် သိဝဟု ခေါ်ဆိုအပ်လေသည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရ-နိဗ္ဗာန်ပရိယာယ်အဖွင့် ၁၁၉-၌—

အသိဝါနံ ကမ္မကိလေသဝိပါကဝဋ္ဋာနံ အဘာဝေန သိဝံ။ ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

အသိဝါနံ၊ ဘုရားရဟန္တာတို့ မှီဝဲခြင်းငှါ မထိုက်ကုန်သော။ ကမ္မကိလေသ ဝိပါကဝဋ္ဋာနံ၊ ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ် တို့၏။ အဘာဝေန၊ မရှိရာသဘော၏ အဖြစ်ကြောင့်။ သိဝံ၊ သိဝ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော နေတ္တိအဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဘုရားရဟန္တာတို့ မှီဝဲခြင်းငှါ မထိုက်ကုန်သော ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ်တို့၏ မရှိရာသဘော၏အဖြစ်ကြောင့် သိဝဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်း– ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဘယ်ကြောင့် သိဝဟု ခေါ်ဆိုအပ်သနည်း ဟူမူ–ထိုနိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ကုန်ပြီးသော ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့သည် ဖလသမာပတ်၏ အစွမ်းဖြင့် ကြာမြင့်စွာအာရုံပြု၍ ပျော်ပိုက်လေငြားသော်လည်း အာဃာတဓာတ်မိမ်ခြင်း မရှိလေအောင် စင်ကြယ်သော ဂုဏ်အသရေတို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် သိဝဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော် မူလိုသောကြောင့် သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၊ အသင်္ခတသံယုတ်-သိဝအဖွင့်၌— သဿိရိ-ကဋ္ဌေန သိဝံ။ ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

သဿိရိကဋ္ဌေန၊ စင်ကြယ်သော ဂုဏ်အသရေနှင့် ပြည့်စုံသော သဘောကြောင့်။ သိဝံ၊ သိဝ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို စင်ကြယ်သော ဂုဏ်အသရေနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် သိဝဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ပဒဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သိဝ ဟူ၍သာ့ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ပဒ ဟူ၍လည်း ခေါ်ဆိုအပ်

သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ပဒ ဟု ခေါ်ဆိုအပ်လေသနည်း ဟူမူ–သံသရာဘေးကို ကြောက်ကုန်သော အရိယာသူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်သောကြောင့် ပဒ ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဘုရားရှင်သည် သုတ္တနိပါတ်ပါဠိတော်၊ မေတ္တာသုတ်ဋ္ဌကထာ၊ ခုဒ္ဒကပါဌပါဠိတော်၊ မေတ္တာသုတ်ဋ္ဌကထာ၌ လည်းကောင်း—

ကရဏီယ မတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အတ္ထကုသလေန၊ မိမိအကျိုးဌ လိမ္မာသော ပုဂ္ဂိုလ်သည်။ သန္တံ၊ ကိလေသာတို့၏ ငြိမ်ကြောင်းဖြစ်ထသော။ ပဒံ၊ အရိယာတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်ထသော။ ကရဏီယံ၊ အရိယာတို့သည် အာရုံပြုအပ်ထသော။ ဝါ၊ အာရုံပြုခြင်းဌါထိုက်ထသော။ ယံ၊ အကြင် မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ တံ၊ ထို ပရမတ္ထအားဖြင့် ထင်ရှားရှိသော နိဗ္ဗာန်ကို။ အဘိသမေစ္စ-အဘိသမာဂန္ဓာ၊ ထိုးထွင်း၍ သိခြင်းသို့ ရောက်သည်ဖြစ်၍။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ပဒံ ဟူသော စကားတော်ကို ထောက်၍ ၎င်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အရိယာသူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်သည်၏ အဖြစ်ကြောင့် ပဒ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤ ပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဝိမာနဝတ္ထုပါဠိတော်၊ ရဇ္ဇုမာလိဝိမာနဝတ္ထု၌—

အဇ္ဇဂါ အမတံ သန္တိ ံ၊ နိဗ္ဗာနံ ပဒမစ္စုတံ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ပဒံ ဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အမတံ၊ မပျက်မစီးထသော။ ဝါ၊ ပျက်စီးခြင်းမရှိထသော။ သန္တိ ံ၊ ကိလေသာမီး, ခန္ဓာမီးတို့၏ ငြိမ်းကြောင်းဖြစ်ထသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါး

တို့၏ ငြိမ်းကြောင်းဖြစ်ထသော။ အစ္စုတံ၊ အခါခပ်သိမ်း ရွှေလျှော ပျက်စီးခြင်း မရှိထသော။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ အဇ္ဈဂါ၊ ထိုးထွင်း၍ သိခြင်းသို့ ရောက်ပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ပဒံ ဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမင်္ဂလာတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အရိယာသူတော်ကောင်းတို့သည် အာရုံပြုသော အားဖြင့် ရောက်အပ်သောကြောင့် ပဒ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရဂါထာပါဠိတော်၊ ကေနိပါတ်နိဒါန်း၌—ဖုသိတ္ဝာ အစ္စုတံ ပဒံ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

အစ္စုတံ၊ အခါခပ်သိမ်းရွှေလျှော ပျက်စီးခြင်း မရှိသော။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော နိဗ္ဗာန်ကို။ ဖုသိတ္ဝာ၊ မင်္ဂဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် တွေ့ရောက်ကုန်ပြီး၍။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ပဒံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂလာတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အရိယာ သူတော်ကောင်းတို့သည် အာရုံပြုသော အားဖြင့် ရောက်အပ်သောကြောင့် ပဒ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဝိမာနဝတ္ထုပါဠိတော် ပဌမဝဂ် သိရိမာဝိမာနဝတ္ထု၌ သုတ္တာနဟံ အမတံ ပဒံ အသင်္ခတံ။ ဟူ၍ ဟောတော်မူအပ်သော စကားတော်တို့တွင် ပဒံ ဟူသောစကားတော်ကို ထောက်၍လည်းကောင်း၊ ထေရအပဒါန် ပါဠိတော်၊ သာရိပုတ္တထေရအပဒါန်၌ အသင်္ခတံ ဂဝေသန္တော၊ နိဗ္ဗာနံ အမတံ ပဒံ။ ဟူ၍ ဟောတော်မူအပ်သော စကားရပ်တို့တွင် ပဒံဟူသော စကားတော်ကို ထောက်၍လည်းကောင်း၊ ထေရီအပဒါန် ပါဠိတော်၊ ကေ့ူပေါသထိကဝဂ်-မဟာပဇာပတိဂေါတမီထေရီအပဒါန်၌ သဟာယေဝ ဂမိဿာမ၊ နိဗ္ဗာနံ ပဒမုတ္တမံ။ ဟူ၍ ဟောတော်မူအပ်သောပါဠိတော်တို့တွင် ပဒံ ဟူသောစကားတော်ကို ထောက်၍လည်းကောင်း၊ မဟာနိဒ္ဒေသပါဠိတော်၊ အဋ္ဌကဝဂ်·တုဝဋ္ဋကသုတ္တနိဒ္ဒေသ၌ သန္တမေတံ ပဒံ။ ဟူ၍ ဟောတော်မူအပ်သောစကားတော်တို့တွင် ပဒံဟူသောစကားတော်ကိုထောက်၍ လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကို အစဉ်အတိုင်းပြဦးအံ့။

အဟံ၊ ငါသိရိမာသည်။ အမတံ၊ မပျက်မစီးထသော။ ဝါ၊ ပျက်စီးခြင်းမရှိထသော။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်ထသော။ အသင်္ခတံ၊ အကြောင်း တရားတို့သည် မပြုပြင်အပ်သော။ ဝါ၊ သင်္ခတတရား၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို။ သုတ္တာန၊ ကြားနာရပြီး၍။ ဤကား ဝိမာနပတ္ထု ပါဠိတော်၏ မြန်မာပြန်တည်း။ ။အသင်္ခတံ၊ အကြောင်းတရားတို့သည် မပြုပြင်အပ်ထသော။ နိဗ္ဗာနံ၊ မီးဝိ-ပါးတို့၏ ငြိမ်းကြောင်းဖြစ်ထသော။ အမတံ၊ မပျက်မစီးထသော။ ဝါ၊ ပျက်စီးခြင်းမရှိထသော။ ပဒံ၊ အရိယာ သူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို။ ဂဝေသန္တော၊ ရှာမှီးသည်ဖြစ်၍။ ။ဤကား ထေရအပဒါန်ပါဠိတော်၏ မြန်မာပြန်တည်း။ ။နိဗ္ဗာနံ၊ မီး ဝိ-ပါးတို့၏ ငြိမ်းကြောင်းဖြစ်ထသော။ ဥတ္တမံ၊ မြတ်ထသော။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော အသင်္ခတဓာတ် နိဗ္ဗာန်သို့။ သဟာယေဝ၊ အတူတကွသာလျှင်။ ဂမိဿာမ၊ သွားကြကုန်အံ့။ ဝါ၊ ရောက်ကြလေကုန်အံ့။ ။ဤကား ထေရီ အပဒါန် ပါဠိတော်၏ မြန်မာပြန်တည်း။ ။ပဒံ၊ အရိယာသူတော်ကောင်းတို့သည် အာရုံပြုသော အားဖြင့် ရောက်အပ်သော။ ဧတံ၊ ဤအသင်္ခတဓာတ်နိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်လှပေ၏။ ။ဤကား မဟာနိဒ္ဒေသ ပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်တို့၏ စကားရပ်တို့တွင် ပဒံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို အရိယာသူတော်ကောင်းတို့သည် အာရုံပြုသော အားဖြင့် ရောက်အပ်သောကြောင့် ပဒ ဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့်သာသိအပ်ကုန်သည်မဟုတ်သေး၊ သုတ္တန်ပါတ် အဋ္ဌကထာ၊ မေတ္တာသုတ် အဖွင့်ဋ္ဌလည်းကောင်း၊ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မေတ္တာသုတ်အဖွင့်ဋ္ဌလည်းကောင်း ပတ္တဗ္ဗတော ပဒံ၊ နိဗ္ဗာနဿေတံ အဓိဝစနံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ဣတိဝုတ်အဋ္ဌကထာဋ္ဌ သံသာရဒုက္ခိတ္တောဟိ ပဋိပဇ်တဗ္ဗတ္တာ ပဒံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ-နိဗ္ဗာန်အမည်အဖွင့်ဋ္ဌ အရိယေယိ ပဇ်တဗ္ဗတ္တာ ဂန္တဗ္ဗတ္တာ ပဒံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

ပတ္တာဗ္ဘတော၊ အာရုံပြုသောအားဖြင့် ရောက်အပ်သောကြောင့်။ ပဒံ၊ ပဒမည်၏။ ဧတံ၊ ဤ ပဒံဟူသော အမည်သည်။ နိဗ္ဗာနဿေဝ၊ မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၏သာလျှင်။ အဓိဝစနံ၊ အမည်တည်း။ ဤကား သုတ္တာနိပါတ်, ခုဒ္ဒကပါဌအဋ္ဌကထာပါဠိတို့၏ မြန်မာပြန်တည်း။ ။သံသာရဒက္ခိတ္တောဟိ၊ သံသရာဘေးကိုမြင်ကုန်သော အရိယာသူတော်ကောင်းတို့သည်။ ပဋိ၊ အဖန်တလဲလဲ။ ပဋိတဗ္ဗတ္တာ၊ အာရုံပြုသောအားဖြင့် ရောက်အပ်သည်၏ အဖြစ်ကြောင့်။ ပဒံ၊ ပဒမည်၏။ ဤကား ဣတိဝုတ် အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ ။အရိယေဟိ၊ အရိယာတို့သည်။ ပဋိတဗ္ဗတ္တာ ဂန္တဗ္ဗတ္တာ၊ အာရုံပြုသော အားဖြင့် ရောက်အပ်သည်၏ အဖြစ်ကြောင့်။ ပဒံ၊ ပဒမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာ ဋီကာတို့၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အရိယာ သူတော်ကောင်းတို့သည် အာရုံပြုသော အားဖြင့် ရောက်အပ်သော ကြောင့် ပဒဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို သုခဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သောအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပဒဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ သုခဟူ၍လည်း ခေါ်ဆိုအပ်သေး၏။

အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သုခဟု ခေါ်ဆို အပ်သနည်းဟူမူ–၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် ဖြစ်ပျက်ခြင်းမှကင်းလျက် အမြဲထာဝရ မပျက်မပြုတည်ရှိပေ၏။ ထိုသို့ မပျက်မပြု အမြဲ တည်ရှိနေသော နိဗ္ဗာန်အား တစုံတခုသော ကိလေသာ ဘေးသည်လည်းကောင်း၊ ဇာတိ ဇရာ မရဏစသော ဘေးတို့သည်လည်းကောင်း အခါခပ်သိမ်း မကပ်နိုင်ကုန် မသီနှိုင်ကုန် မနှိပ်စက်နိုင်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ ထိုသို့ ကိလေသာဘေး ဇာတိ ဇရာမရဏစသောဘေးတို့ အခါခပ်သိမ်း မကပ်နိုင် မသီနိုင် မနှိပ်စက်နိုင်ကုန်သည်၏အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် အလွန်ချမ်းမြေ့သောတရားဖြစ်၏။ ထိုသို့ ချမ်းမြေ့သော တရား၏ အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သုခဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် မြတ်စွာဘုရားရှင်သည် ဓမ္မပဒပါဠိတော်သုခဝဂ် ဂေါဏဒုဉ္ဇပါသကဝတ္ထု၌—

နိဗ္ဗာနံ ပရမံ သုခံ။ ဟူ၍လည်းကောင်း၊ ၎င်းသုခဝဂ် ပဿေနဒိ-ကောသလဝတ္ထုဌ္ဌ နိဗ္ဗာနံ ပရမံ သုခံ။ ဟူ၍ လည်းကောင်း ဟောတော်မူအပ်သည်။

မြန်မာပြန်ကား—

နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်ထသော။ ပရမံ၊မြတ်စွာထသော။ သုခံ၊ ချမ်းသာသော သဘော အာသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ သစ္ဆိ-ကရောတိ၊ မျက်မှောက်ပြု၏။ဤကား ပဌမ ပါဋိတော်ပါဠိ၏ မြန်မာပြန်တည်း။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်း ဖြစ်သော အာသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ ပရမံ၊ မြတ်သော။ ဝါ၊ လွန်ကဲသော။ သုခံ၊ ချမ်းသာသော တရားပေတည်း။ ဤကား ဒုတိယပါဋိတော်၏ မြန်မာပြန်တည်း။ ဤသို့ ဟောတော်မူအပ်သော ပါဋိတော် စကားရပ်တို့တွင် သုခံ ဟူသော စကားတော်ကို ထောက်၍ ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အာသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလွန် ချမ်းသာသည်၏ အဖြစ်ကြောင့် သုခဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဋိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နဝကအင်္ဂုတ္တရပါဋိတော် မဟာဝဂ် သုံးခုမြောက်သုတ် ၂၁၃-မျက်နှာ၌—

အာယသ္မာ သာရိပုတ္တော ဘိက္ခူ။ အာမန္တေသိ "သုခမိဒံ အာဝု-သော နိဗ္ဗာနံ၊ သုခမိဒံ အာဝုသော နိဗ္ဗာန"န္တိ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အာယသ္မာ၊ရှည်သောအသက်တော်ရှိသော။ သာရိပုတ္တော၊ သာရိပုတ္တရာထေရ်သည်။ ဘိက္ခူ။၊ ရဟန်းတို့ကို။ အာမန္တေသိ၊ ခေါ်၍ မိန့်ဆိုတော်မူ၏။ ကိံ အာမန္တေသိ၊ အဘယ်သို့ ခေါ်၍ မိန့်ဆိုတော်မူသနည်းဟူမူ။ အာဝုသော၊ ငါ့ရှင်တို့။ ဣဒံ နိဗ္ဗာနံ၊ ဤ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အာသင်္ခတ-ဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ သုခံ၊ ချမ်းသာလှပေ၏။ အာဝုသော၊ ငါ့ရှင်တို့။ ဣဒံ နိဗ္ဗာနံ၊ ဤမီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အာသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ သုခံ၊ ချမ်းသာလှပေ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ ခေါ်၍ မိန့်ဆိုတော်မူ၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အာသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလွန် ချမ်းသာသည်၏ အဖြစ်ကြောင့် သုခဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး။ ထေရဂါထာပါဠိတော် စူဠဝစ္ဆ မထေရ်ဂါထာ စာမျက်နှာ ၂၂၂-၌—

အဓိဂစ္ဆေ ပဒံ သန္တံ၊သခ်ါရူပသမံ သုခံ ဟူ၍ ဟောတော်မူအပ်သော စကားရပ်တို့တွင် သုခံ ဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဒံ၊ အရိယာ သူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့်ရောက် အပ်ထသော။ သန္တံ၊ ကိလေသာမီး ခန္ဓာမီးတို့၏ ငြိမ်းကြောင်းဖြစ်ထ သော။ သခ်ါရူပသမံ၊ နောင်ဖြစ်ပေါ်လတ္တံ့ ကုန်သော သခ်ါရတရားတို့၏ ငြိမ်းခြင်း၏ အကြောင်းခံဖြစ်ထသော။ သုခံ၊ ချမ်းသာလှစွာသော နိဗ္ဗာန်ကို။ အဓိဂစ္ဆေ၊ ရလေရာ၏။ ဝါ၊ အာရုံပြုသောအားဖြင့် ထိုးထွင်း၍သိခြင်းသို့ ရောက် လေရာ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သုခံဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတ-ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်ချမ်းသာသည်၏အဖြစ်ကြောင့် သုခဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး။ ထေရအပဒါန်ပါဠိတော်၊ ကစ္စာယနဝဂ်-မဟာကပ္ပိနထေရအပဒါန် စာမျက်နှာ ၁၂၀-၌—

သော ပကာသေတိ သဒ္ဓမ္မံ၊ အမတံ သုခမုတ္တမံ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သုခံဟူသော စကား တော်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သော၊ ထိုဂေါတမနွယ်ဘွား ရှင်တော်မြတ်ဘုရားသည်။ သဒ္ဓမ္မံ၊ အရိယာ သူတော်ကောင်းတို့၏တရားဖြစ်ထသော။ အမတံ၊ မပျက်မစီးထသော။ ဝါ၊ ပျက်စီးခြင်းမရှိထသော။ ဥတ္တမံ၊ မြတ်စွာထသော။ သုခံ၊ အလွန်ချမ်းသာလှ ပေသော နိဗ္ဗာန်ကို။ ပကာသေတိ၊ ထင်ရှားပြတော်မူ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သုခံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏အာရုံဖြစ်သော အသခ်္ခတ-ဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်ချမ်းသာလှသည်၏အဖြစ်ကြောင့် သုခဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်

သည် မဟုတ်သေး၊ ထေရိအပဒါန်ပါဠိတော်၊ ကျူပေါသထိကဝဂ်-ပဇာပတိ-ဂေါတမီထေရီ အပဒါန် စာမျက်နှာ ၂၂၁-၌—

ပညာပေတုံ ဂတိ ံ နတ္ထိ၊ ပတ္တာနုံ အစလံ သုခံ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သုခံဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အစလံ၊ အခါခပ်သိမ်း တုန်လှုပ်ခြင်းမရှိသော။ သုခံ၊ အလွန်သာယာချမ်းမြေ့လှသော အသင်္ခတဓာတ်နိဗ္ဗာန်ရောဓသစ္စာနိဗ္ဗာန်သို့။ ပတ္တာနုံ၊ အရဟတ္တဖိုလ်ဖြင့် ရောက်ကုန်ပြီးသော ရဟန္တာတို့၏။ ဝါ၊ အား။ ဂတိ ံ၊ သွားရာအရပ်ကို။ ပညာပေတုံ၊ ပညတ်ခြင်းငှါ။ နတ္ထိ၊ မရှိ။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သုခံဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ရောဓသစ္စာနိဗ္ဗာန်ကို အလွန်ချမ်းသာလှသည်၏အဖြစ်ကြောင့် သုခဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ဒေဝတာသံယုတ် နန္ဒနဝဂ် ပဌမသုတ် စာမျက်နှာ ၆-၌—တေသံ ဝူပသမော သုခေါ။ ဟူ၍လည်းကောင်း၊

၎င်းသဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဇြဟ္မသံယုတ် ဒုတိယဝဂ်အဆုံးသုတ် စာမျက်နှာ ၁၆၀-၌—တေသံ ဝူပသမော သုခေါ။ ဟူ၍လည်းကောင်း၊

ပါဌဇာတ်ပါဠိတော်၊ ကေနိပါတ်-မဟာသုဒဿနဇာတ် စာမျက်နှာ ၂၂-၌—တေသံ ဝူပသမော သုခေါ။ ဟူ၍ လည်းကောင်း ဟောတော်မူအပ်သော ပါဠိတော်တို့တွင် သုခေါဟူသော စကားတော်တို့ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

တေသံ၊ ထိုဖြစ်ပျက်နေသော သင်္ခါရတည်းဟူသော ဒုက္ခတရားတို့၏။ ဝူပသမော၊ ငြိမ်းရာ, ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာလှပေ၏။

ဤသို့ ဟောတော်မူအပ်ကုန်သော ပါဠိတော်တို့၏စကားရပ်တို့တွင် သုခေါဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော

အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်ချမ်းသာလှသည်၏အဖြစ်ကြောင့် သုခဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ကေနိယတ်ဇာတ် အဋ္ဌကထာ၊ မဟာသုဒဿနဇာတ်အဖွင့် စာမျက်နှာ ၄၁၆-၌—

တေသံ ဝူပသမော သုခေါတိ သဗ္ဗဝဋ္ဋဝူပသမနတော တေသံ ဝူပသမ နာမ နိဗ္ဗာန်။ တဒေဝ ကေန္တတော် သုခ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ နန္ဒနဝဂ်-ပဌမသုတ်အဖွင့် စာမျက်နှာ ၂၉-၌—

တေသံ ဝူပသမော သုခေါတိ တေသံ သင်္ခါရာနံ ဝူပသမသင်္ခါတံ နိဗ္ဗာနမေဝ သုခံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ၎င်းသဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ဗြဟ္မသံယုတ်အဖွင့် စာမျက်နှာ ၂၀၆-၌—

သုခေါတိ အသင်္ခတံ နိဗ္ဗာနမေဝ သုခန္တိ အတ္ထော။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း သိလေဦး။

တေသံ ဝူပသမော သုခေါတိ၊ တေသံ ဝူပသမော သုခေါဟူသည်ကား။ သဗ္ဗဝဋ္ဋဝူပသမနတော၊ အလုံးစုံသော ဝဋ်ဒုက္ခတို့၏ ငြိမ်းရာ, ငြိမ်းကြောင်း ဖြစ်သောကြောင့်။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမံ နာမ၊ ငြိမ်းရာ, ငြိမ်းကြောင်းတရားမည်သော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ တဒေဝ၊ ထိုပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်သာလျှင်။ ဧကန္တတော၊ တကယ်စင်စစ်အားဖြင့်။ သုခံ၊ ချမ်းသာသောတရားပေတည်း။ ဤကား ဇာတ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

တေသံ ဝူပသမော သုခေါတိ၊တေသံ ဝူပသမော သုခေါဟူသည်ကား။တေသံ သင်္ခါရာနံ၊ ထိုမပြတ်မလပ် ဖြစ်ပျက်နေကုန်သော သင်္ခါရတည်းဟူသော ဒုက္ခတရားတို့၏။ ဝူပသမသင်္ခါတံ၊ ငြိမ်းရာ, ငြိမ်းကြောင်းဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ သုခံ၊ အချမ်းသာဆုံးပေတည်း။ ဝါ၊ အလွန်ချမ်းသာသော တရားပေတည်း။ဤကား သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ ပဌမပါဠိ၏ မြန်မာပြန်တည်း။

သုခေါတိ၊ သုခေါဟူသည်ကား။ အသင်္ခတံ၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သော။ ဝါ၊ သင်္ခတတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော။ နိဗ္ဗာနမေဝ၊

နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော မီး ၁၁-ပါးတို့၏ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သော အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်သာလျှင်။ သုခံ၊ အချမ်းသာဆုံးပေတည်း။ ဝါ၊ အလွန်ချမ်းသာသောတရားပေတည်း။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဤကား သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာဒုတိယပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ဖွင့်ဆိုအပ်ကုန်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်ဩသာ အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်ချမ်းသာသည်၏ အဖြစ်ကြောင့် သုခ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရဂါထာပါဠိတော်၊ တိကနိပါတ်-ဗာကုလထေရဂါထာ၌ – သုသုခံ ဝတ နိဗ္ဗာနံ–ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ ဣတိဝုတ်ပါဠိတော်၊ တိကနိပါတ်ပဉ္စမဝဂ်-အဂ္ဂပသာဒနသုတ်၌–ဝိရာဂူပသမေ သုခေ–ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ၌–ပဉ္စနံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ–ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်သည်။ သုသုခံ ဝတ၊ အလွန်ချမ်းသာစွတကား။ ဤကား ထေရဂါထာပါဠိ၏ မြန်မာပြန်တည်း။

ဝိရာဂူပသမေ၊ ရာဂတို့၏ ကင်းကြောင်း, ကိလေသာမီး, ခန္ဓာမီးတို့၏ ငြိမ်းကြောင်းဖြစ်သော။ သုခေ၊ ချမ်းသာသောနိဗ္ဗာန်၌။ ဤကား ဣတိဝုတ်ပါဠိတော်၏ မြန်မာပြန်တည်း။

ပဉ္စန်နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောသည်။ သုခံ၊ ချမ်းသာလှသော။ နိဗ္ဗာနံ၊ အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုနိဗ္ဗာန်ကို။ ပဿန္တော၊ ရှုမြင်သောပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမသို့။ သြက္ကမတိ၊ သက်ဝင်လေ၏။ ဤကား ပဋိသမ္ဘိဒါမဂ်ပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သုသုခံ, သုခံ ဟူသော စကားတော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော

အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်ချမ်းသာလှသည်၏အဖြစ်ကြောင့် သုခ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မစ္ဆိမ ပဏ္ဏာသအဋ္ဌကထာ၊ မာဂဏ္ဍိယသုတ်အဖွင့်၌—

ယံ ကိဉ္စိ စျာနသုခံ ဝါ မဂ္ဂသုခံ ဝါ ဖလသုခံ ဝါ အတ္ထိ၊ နိဗ္ဗာနံ တတ္ထ ပရမံ။ နတ္ထိ တတော ဥတ္တရိတရံ သုခန္တိ နိဗ္ဗာနံ ပရမံ သုခံ။

ဟူ၍ ဖွင့်ဆိုအပ်သော အဋ္ဌကထာစကားရပ်တို့တွင် သုခံ ဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ယံ ကိဉ္စိ၊ အကြင်အမှတ်မရှိသော။ စျာနသုခံ ဝါ၊ စျာန်ချမ်းသာသည်၎င်း။ မဂ္ဂသုခံ ဝါ၊ မဂ်ချမ်းသာသည်၎င်း။ ဖလသုခံ ဝါ၊ ဖိုလ်ချမ်းသာသည်၎င်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုချမ်းသာတကာတို့ထက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာသည်။ ပရမံ၊ မြတ်၏။ တတော၊ ထို နိဗ္ဗာန်ချမ်းသာထက်။ ဥတ္တရိတရံ၊ အထူးသဖြင့် လွန်မြတ်သော။ သုခံ၊ ချမ်းသာမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့မရှိသောကြောင့်။ နိဗ္ဗာနံ၊ မီး ၁၁-ပါး၏ ငြိမ်းကြောင်းဖြစ်သော အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ပရမံ၊ မြတ်သော။ သုခံ၊ ချမ်းသာမည်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏စကားတော်တို့တွင် သုခံဟူသော ပါဠိကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလွန် ချမ်းသာသည်၏အဖြစ်ကြောင့် သုခဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အနုတ္တရဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သုခဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အနုတ္တရဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အနုတ္တရဟု ခေါ်ဆိုအပ်သနည်းဟူမူ မိမိထက် လွန်မြတ်သော တပါးသောတရားမရှိသည်၏အဖြစ်ကြောင့် အနုတ္တရဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် ထေရဂါထာပါဠိတော်၊ ဧကနိပါတ်၊ စတုတ္ထဝဂ်၊ သုပ္ပိယထေရဂါထာ၌ ယောဂကွေမံ အနုတ္တရံ-ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ယောဂကွေမံ၊ ယောဂတရားတို့၏ ကုန်ကြောင်းဖြစ်သော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သော တပါးသော တရားမရှိသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အနုတ္တရံဟူသော စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မိမိထက် လွန်မြတ်သော တပါးသောဟူရာ မရှိသည်၏အဖြစ်ကြောင့် အနုတ္တရဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေ။ ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ထေရအပဒါန်ပါဠိတော်၊ ဥပါလိထေရအပဒါန်၌ သန္တိပဒမနုတ္တရံ-ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား —

သန္တိ-သန္တိ ံ၊ ကိလေသာမီး, ခန္ဓာမီးတို့၏ ငြိမ်းကြောင်း ဖြစ်ထသော။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်ထသော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သော တပါးသော တရားမရှိသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် အနုတ္တရံဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မိမိထက် လွန်မြတ်သော တပါးသောတရား မရှိသည်၏အဖြစ်ကြောင့် အနုတ္တရဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရဂါထာအဋ္ဌကထာ၊ ကေနိပါတ်၊ စတုတ္ထဝဂ်၊ သုပ္ပိယထေရဂါထာအဖွင့်၌ အတ္တနော ဥတ္တရိတရဿ ကဿစိ အဘာဝတော အနုတ္တရံ-ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အတ္တနော၊ မိမိထက်။ ဥတ္တရိတရဿ၊ အထူးသဖြင့် လွန်မြတ်သော။ ကဿစိ၊ တစုံတခုသော တရား၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ အနုတ္တရံ၊ အနုတ္တရမည်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မိမိထက် လွန်မြတ်သော တပါးသော တရားမရှိသည်၏အဖြစ်ကြောင့် အနုတ္တရဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်

သည် မဟုတ်သေး၊ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ-၌ အနုတ္တရံ-ဟူ၍ ဟော တော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရ အနုတ္တရအဖွင့်၌ နတ္ထိ တေသာ ဥတ္တရန္တိ အနုတ္တရံ-ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

အနုတ္တရံ၊ မိမိထက် လွန်မြတ်သော တပါးသော တရားမရှိသောနိဗ္ဗာန်။ ဤကား နေတ္တိပါဠိတော်ပါဠိ၏ မြန်မာပြန်တည်း။ တေသာ၊ ထိုအသင်္ခတဓာတ်-နိရောဓသစ္ဆာနိဗ္ဗာန်အား။ ဥတ္တရံ၊ မိမိထက် လွန်မြတ်သော တပါးသော တရား သည်။ နတ္ထိ၊ မရှိ။ ဤတိတသ္မာ၊ ထိုသို့ မိမိထက် လွန်မြတ်သော တပါးသော တရားမရှိသောသတ္တိကြောင့်။ အနုတ္တရံ၊ အနုတ္တရ မည်၏။ ဤကား နေတ္တိ-အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ပြဆိုအပ်ကုန်သော နေတ္တိပါဠိတော်၊ နေတ္တိအဋ္ဌကထာရှင်တို့၏စကား တော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်-နိရောဓသစ္ဆာနိဗ္ဗာန်ကို မိမိထက် လွန်မြတ်သော တပါးသောတရား မရှိသည်၏ အဖြစ်ကြောင့် အနုတ္တရဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ပဏီတဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို အနုတ္တရဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ ပဏီတဟူ၍လည်း ခေါ်ဆို အပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္ဆာနိဗ္ဗာန်ကို ပဏီတဟု ခေါ်ဆိုအပ်သနည်းဟူမူ– မြတ်သော သဘော၏ အဖြစ်ကြောင့် ပဏီတဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ် သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် မြတ်စွာဘုရားရှင် သည် သဋ္ဌာယတနသံယုတ်ပါဠိတော်၊ အသင်္ခတသံယုတ် ၅၄၁ ၌—

ကတမဉ္စ ဘိက္ခဝေ ပဏီတံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခ-ယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ပဏီတံ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ပဏီတံ၊ ပဏီတမည်သော တရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော ဒေါသက္ခ-

ယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ပဏီတံ၊ ပဏီတမည်သော သဘောတရားဟူ၍။ ဝါ၊ မြတ်သောသဘောတရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကို ထောက်၍လည်း ရာဂ, ဒေါသ, မောဟတရားတို့၏ ကုန်ကြောင်းဖြစ်သော မင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မြတ်သောသဘော၏ အဖြစ်ကြောင့် ပဏီတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိပါဠိတော်၊ ဝေဝစန-ဟာရ၌- ပဏီတံ ဟူ၍ ဟောတော်မူအပ်သည်ကိုလည်းကောင်း၊ အဘိဓာနပ္ပဒီ-ပိကာကျမ်း၊ နိဗ္ဗာန်ပရိယာယ်၌ ပဏီတံဟူ၍ ပြဆိုအပ်သည်ကိုလည်းကောင်း ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဏီတံ၊ မြတ်သောသဘောနိဗ္ဗာန်။

ဤသို့ ဟောတော် မူအပ်သည်ကိုထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မြတ်သောသဘော၏ အဖြစ်ကြောင့် ပဏီတဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပြဆိုအပ်ပြီးသော ပါဠိတော်တို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် အဋ္ဌကထာ အသင်္ခတသံယုတ်-ပဏီတအဖွင့်၌ ဥတ္တမဋ္ဌေန ပဏီတံ ဟူ၍လည်းကောင်း၊ နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရ-ပဏီတအဖွင့်၌ ဥတ္တမဋ္ဌေန ပဏီတံ ဟူ၍လည်းကောင်း၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ-နိဗ္ဗာန်အမည် အဖွင့်၌ ပဋ္ဌာနဘာဝံ နီတံ ပဏီတံဟူ၍လည်းကောင်း ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

ဥတ္တမဋ္ဌေန၊ မြတ်သော သဘောကြောင့်။ ပဏီတံ၊ ပဏီတမည်၏။ ဤကား သံယုတ်အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။ နေတ္တိ အဋ္ဌကထာပါဠ်၏ မြန်မာပြန်လည်း နည်းတူသာတည်း။ ပဋ္ဌာနဘာဝံ၊ မြတ်သည်၏ အဖြစ်သို့။ နီတံ၊ ဆောင်အပ်သောတရားတည်း။ ပဏီတံ၊ မြတ်သည်၏ အဖြစ်သို့ ဆောင်အပ်သောတရား။ ဤကားအဘိဓာန်ဋီကာပါဠ်၏ မြန်မာပြန်တည်း။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာ, ဋီကာတို့၏ စကားကို ထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မြတ်သော သဘော၏

အဖြစ်ကြောင့် ပဏီတဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်, အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သုတ္တန်ပါတ် ပါဠိတော်၊ ရတနသုတ်၌လည်းကောင်း၊ ခုဒ္ဒကပါဌ-ပါဠိတော် ရတနသုတ်၌လည်းကောင်း၊

ခယံ ဝိရာဂံ အမတံ ပဏီတံ၊ ယဒဇ္ဈဂါ သက္ကမုနီ သမာဟိတော။

ဟူ၍ ဟောတော်မူအပ်သောစကားရပ်တို့တွင် ပဏီတံဟူသော စကားတော်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ခယံ၊ ရာဂအစရှိကုန်သော ကိလေသာတို့၏ ကုန်ကြောင်း ဖြစ်ထသော။ ဝိရာဂံ၊ ရာဂအစရှိကုန်သော ကိလေသာတို့၏ ကင်းကြောင်းဖြစ်ထသော။အမတံ၊ မပျက်မစီးထသော။ ဝါ၊ ပျက်စီးခြင်းမရှိထသော။ ပဏီတံ၊ မြတ်ထသော။ ယံ နိဗ္ဗာန်၊ အကြင်မင်္ဂလိုတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ အဇ္ဈဂါ၊ ထိုးထွင်း၍ သိတော်မူသည်ဖြစ်၍။ သက္ကမုနီ၊ သာကီဝင် မင်းမျိုးဖြစ်တော်မူသော ဘုရားရှင်သည်။ သမာဟိတော၊ အရဟတ္တမဂ် သမာဓိဖြင့် တည်ကြည်သောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ပဏီတံဟူသော ပါဌ်ကိုထောက်၍လည်း ၎င်းမင်္ဂလိုတို့၏အာရုံဖြစ်သော အသင်္ခ-တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မြတ်သော သဘော၏ အဖြစ်ကြောင့် ပဏီတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သုတ္တန်ပါတ် အဋ္ဌကထာ၊ ရတနသုတ်-ပဏီတအဖွင့်၌လည်းကောင်း၊ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ ရတနသုတ်-ပဏီတအဖွင့်၌လည်းကောင်း ဥတ္တမဋ္ဌေန ပန။ပ။ ပဏီတံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပန၊ ပုဒ်တပါး၏ အဖွင့်ကို ဆိုဦးအံ့။ ဥတ္တမဋ္ဌေန၊ မြတ်သော သဘောကြောင့်။ ပဏီတံ၊ ပဏီတ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားကို ထောက်၍လည်း ၎င်းမင်္ဂလိုတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မြတ်သော သဘော၏ အဖြစ်ကြောင့် ပဏီတဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်း——ငင်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မြတ်သောသဘော၏အဖြစ်ကြောင့်သာ ပဏီတဟူ၍ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အာရုံပြုသောသူတို့ မရောင့်ရဲအပ်သော သဘောကြောင့်လည်း ပဏီတဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် သုတ္တန်ပါတ် အဋ္ဌကထာ၊ ရတနသုတ် ပဏီတအဖွင့်ဋ္ဌလည်းကောင်း၊ ခုဒ္ဒကပါဋအဋ္ဌကထာ၊ ရတနသုတ်-ပဏီတအဖွင့်ဋ္ဌလည်းကောင်း၊ နေတ္တိအဋ္ဌကထာ ဝေဝစနဟာရ ပဏီတအဖွင့်ဋ္ဌလည်းကောင်း အတပပကဋ္ဌေန စ ပဏီတံ ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား——

အတပပကဋ္ဌေန စ၊ အာရုံပြုကုန်သော အရိယာတို့ ရောင့်ရဲတင်းတိမ်ခြင်း မရှိအပ်သော သဘော၏ အဖြစ်ကြောင့်လည်း။ ဝါ၊ အာရုံပြုကုန်သော အရိယာတို့ မရောင့်ရဲအပ်သော သဘောကြောင့်လည်း။ ပဏီတံ၊ ပဏီတ မည်၏။

ဤသို့ ဖွင့်ပြအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကို ထောက်၍လည်း ငင်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အာရုံပြုသော အရိယာတို့ မရောင့်ရဲအပ်သည်၏ အဖြစ်ကြောင့် ပဏီတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို သုဒ္ဓိဟူ၍ ခေါ်ဆိုအပ်ကြောင်း

ငင်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ပဏီတဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သုဒ္ဓိဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ငင်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို သုဒ္ဓိဟု ခေါ်ဆိုအပ်သနည်း ဟူမူ——ငင်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် ရာဂ အစရှိကုန်သော ကိလေသာတို့မှလည်း စင်ကြယ်၏။ ဖြစ်ခြင်း, ပျက်ခြင်း မရှိခြင်းကြောင့် ဇာတိ, ဇရာ, မရဏ တရားတို့မှလည်း စင်ကြယ်၏။ ထိုသို့ စင်ကြယ်သည်၏ အဖြစ်ကြောင့် ကိလေသာ အညစ်အကြေး, ဇာတိ, ဇရာ, မရဏ အညစ်အကြေး ဖြစ်ကုန်သော သင်္ခတ ဖြစ်ကုန်သော ပရမတ္ထ တရားတို့ထက် အထူးသဖြင့် စင်ကြယ်ပေ၏။ ထိုသို့ အထူးသဖြင့် စင်ကြယ်သည်၏ အဖြစ်ကြောင့် ငင်း မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို သုဒ္ဓိဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၊ အသင်္ခတသံယုတ်-သုဒ္ဓိအဖွင့်ဋ္ဌ ပရမတ္ထသုဒ္ဓိတာယ သုဒ္ဓိ။ ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ပရမတ္ထသုဒ္ဓိတာယ၊ သခ်ၤတ ဖြစ်ကုန်သော ပရမတ္ထတရားတို့ထက် အထူးသဖြင့် သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်ကြောင့်။ သုဒ္ဓိ၊ သုဒ္ဓိ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍ ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သခ်ၤတ တရားတို့ထက် အထူးသဖြင့် သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်ကြောင့် သုဒ္ဓိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် ပါဠိတော်၊ အသင်္ခတသံယုတ် ၅၄၂-၌—

> ကတမာ စ ဘိက္ခဝေ သုဒ္ဓိ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ ဘိက္ခဝေ သုဒ္ဓိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ သုဒ္ဓိ၊ သုဒ္ဓိ မည်သော သဘောတရားသည်။ ကတမာ စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားတော်ကို။ သုဒ္ဓိ၊ သုဒ္ဓိမည်သော သဘောတရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရုပ်တို့တွင် သုဒ္ဓိဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သခ်ၤတဖြစ်သော ပရမတ္ထတရားတို့ထက် အထူးသဖြင့် သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်ကြောင့် သုဒ္ဓိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်းကား— ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဘယ်ကြောင့် သုဒ္ဓိဟုခေါ်ဆိုအပ်သနည်းဟူမူ—ရာဂစသော

ကိလေသာအညစ်အကြေးရှိကုန်သောသူတို့သည် ထိုနိဗ္ဗာန်ကို မဂ်လေးတန်ဖြင့် မျက်မှောက်ပြုခြင်းကြောင့် ရာဂအစရှိကုန်သော ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်ကြရကုန်၏။ ထိုသို့ မဂ်လေးတန်ဖြင့် မျက်မှောက်ပြုကုန်သော သူတို့၏ ရာဂအစရှိကုန်သော ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို သုဒ္ဓိဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် အဘိဓာန်ဋီကာရှင်သည် သဂ္ဂ-ကဏ္ဍ-နိဗ္ဗာန်အမည်သုဒ္ဓိအဖွင့်၌—

သုဇ္ဈန္တိ သတ္တာ ဧတာယ ရာဂါဒိမလေဟီတိ သုဒ္ဓိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဧတာယ၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ရာဂါဒိမလေဟိ၊ ရာဂအစရှိကုန်သော အညစ်အကြေးတို့မှ။ သုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သတ္တဝါတို့၏ ရာဂအစရှိကုန်သော အညစ်အကြေးတို့မှ စင်ကြယ်ခြင်း၏အကြောင်းခံဖြစ်သော သတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်သည်။ သုဒ္ဓိ၊ သုဒ္ဓိမည်၏။

အဓိပ္ပါယ်ကား—

အကြင်ယောဂါဝစရပုဂ္ဂိုလ်တို့သည် ခန္ဓာငါးပါး တရားတည်းဟူသော သန်တတရားတို့၏ မပြတ်မလပ် ဖြစ်ပျက်နေကုန်သော အပြစ်ဒေါသတို့ကို ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ မြင်ကုန်၍ သန်တတရားတို့၌ ဝါ၊ သန်တတရားတို့ကို အလွန်ငြီးငွေ့စက်ဆုပ်ကုန်ပြီးလျှင် ၎င်းသန်တတရားတို့မှ လွတ်ရာကို ရှာကြလေသော် ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သန်တတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်ခဲသော မဖြစ်, မပျက်ဘဲ အမြဲတည်ရှိနေသော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကိုသာလျှင် ဝိပဿနာ သန္တီပဒဉာဏ်ဖြင့် တွေ့မြင်ကြလေကုန်၏။ ထိုသို့တွေ့မြင်ကုန်ပြီး၍ အာရုံပြုသောအားဖြင့် ဝိပဿနာစိတ်အစဉ်ကို စေလွှတ်ဖန်များကုန်လတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ရောက်သဖြင့် အစဉ်အတိုင်း ထိုက်သည်အားလျော်စွာ မဂ်လေးတန်ဖြင့် မျက်မှောက်ပြုကုန်၍ ကိလေသာအညစ်အကြေးတို့မှ နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် စင်ကြယ်လေကုန်၏။ ထိုသို့ သတ္တဝါတို့၏ ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်ခြင်း၏အကြောင်းခံတရားသည် စင်စစ် မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ

နိဗ္ဗာန်တရားသာလျှင် ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သုဒ္ဓိဟူခေါ်ဆိုအပ်လေသည်ဟူလို။ ဤကား အဘိဓာန်ဋီကာရှင်၏အလိုတော် အဓိပ္ပါယ်တည်း။

ဤသို့ဖွင့်ပြအပ်သော အဘိဓာန်ဋီကာရှင်၏ စကားတော်ကိုထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မင်္ဂလေးတန်ဖြင့် မျက်မှောက်ပြုသောသူတို့၏ ခန္ဓာအစဉ်၌ ရာဂစသောကိလေသာအညစ်အကြေးတို့မှ စင်ကြယ်ခြင်း၏အကြောင်းခံဖြစ်သောကြောင့် သုဒ္ဓိဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို လေဏဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သုဒ္ဓိဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ လေဏဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို လေဏဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ–သံသရာ၌ဖြစ်သော ကိလေသာ စသောဘေးကို ကြောက်ကုန်သော သူတော်ကောင်းတို့၏ ပုန်းအောင်းရာသဘောဖြစ်သောကြောင့် လေဏဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည်အဖွင့်၌ နိလီယန္တိ ဇတ္ထ သံသာရဘယဘီရု-ကာတိ လေဏံ ဟူ၍လည်းကောင်း၊ အဘိဓာနပဒီပိကာသူစိ ကျမ်းဆရာသည် လေဏအဖွင့် ၅၂၄-မျက်နှာ၌ လီယန္တိ ဇတ္ထ သံသာရဘီရုကာတိ လေဏံ ဟူ၍လည်းကောင်း ဖွင့်ဆိုအပ်လေသည်။

ဇတ္ထ၊ ဤမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၌။ သံသာရဘယဘီရုကာ၊ သံသရာ၌ဖြစ်ကုန်သော ကိလေသာ အစရှိကုန်သော ဘေးတို့ကို ကြောက်ခြင်းရှိကုန်သော အရိယာသူတော်ကောင်းတို့သည်။ နိလီ-ယန္တိ၊ ပုန်းအောင်းကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သံသရာ၌ဖြစ်ကုန်သော ကိလေသာ အစရှိသော ဘေးတို့ကိုကြောက်ကုန်သော သူတော်ကောင်းတို့၏ ပုန်းအောင်းရာဖြစ်သောသတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမင်္ဂိုလ်တို့၏အာရုံ ဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ လေဏံ၊ လေဏ မည်၏။ ဤကား အဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။

ဇတ္ထ၊ ဤမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၌။ သံသာရဘယဘီရုကာ၊ သံသရာ၌ဖြစ်ကုန်သော ကိလေသာအစရှိကုန်သော ဘေးတို့ကိုကြောက်ခြင်းရှိကုန်သော အရိယာသူတော်ကောင်းတို့သည်။ လီယန္တိ၊

ပုန်းအောင်းကြကုန်၏။ ဤတိတသွေ့၊ ထိုသို့ သံသရာ၌ ဖြစ်ကုန်သော ကိလေသာ အစရှိကုန်သော ဘေးတို့ကိုကြောက်ကုန်သော အရိယာ သူတော်ကောင်းတို့၏ ပုန်းအောင်းရာဖြစ်သောသတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ လေဏံ၊ လေဏ မည်၏။ ဤကား အဘိဓာနပဒီပိကာသူစိကျမ်း၏ မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား——သံသရာ၌ မပြတ်ဖြစ်နေသော ကိလေသာအစရှိကုန်သော ဘေးတို့ကို ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ ရှုမြင်သောကြောင့် ကြောက်ရွံ့ခြင်းရှိကုန်သော အရိယာသူတော်ကောင်းတို့သည် ၎င်းသံသရာဘေးတို့မှ လွှတ်ရာကို ဝိပဿနာဉာဏ်ဖြင့် ရှာမှီးကြကုန်သည်ရှိသော် စင်စစ် သံသရာမှ လွှတ်မြောက်နေသော မဖြစ်မပျက်ဘဲလျက် အမြဲတည်ရှိနေသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင် ဝိပဿနာ သန္ဋိပဒဉာဏ်ဖြင့် တွေ့မြင်ကြလေကုန်၏။ အဘယ်သို့ တွေ့မြင်ကြလေကုန်သနည်းဟူမူ ဤမဖြစ်မပျက်ဘဲ အမြဲတည်နေသော အသင်္ခတဓာတ်နိဗ္ဗာန်တရားတပါးသာလျှင် စင်စစ် သံသရာ၌ ဖြစ်သော ကိလေသာအစရှိသော ဘေးဟူသမျှမှ လွှတ်ကင်း၍ အေးမြချမ်းသာနေသောတရား ဖြစ်ပေ၏။ ထိုအသင်္ခတဓာတ်နိဗ္ဗာန်တရားသည်သာလျှင် စင်စစ် မှီခိုရာ, ပုန်းအောင်းရာ ဖြစ်ပေ၏ဟု ဉာဏ်အမြင် ပေါက်ရောက်ကြလေကုန်၏။ ထိုသို့ ပေါက်ရောက်ကုန်ပြီးလျှင် ၎င်းမင်္ဂလိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ပုန်းအောင်းရာအနေအားဖြင့် ဝိပဿနာ သန္ဋိပဒဉာဏ်ဖြင့် အာရုံပြုဖန် များကုန်လတ်သော် ဉာဏ်သည် ရင့်ခြင်းသို့ ရောက်သဖြင့် အစဉ်အတိုင်း ထိုက်သည်အားလျော်စွာ မင်္ဂလေးတန်ဖြင့် မျက်မှောက်ပြုခြင်းသို့ ရောက်ကြလေကုန်၏။ ထိုသို့ မျက်မှောက်ပြုခြင်းသို့ ရောက်ခြင်းကြောင့် ကိလေသာနုသယတို့သည် အကြွင်းအကျန်မရှိဘဲ ကုန်ခန်းကြလေကုန်၏။ အရဟတ္တဖိုလ်သို့ရောက်သောအခါ သံသရာအဆက်ဆက်၌ ဖြစ်ပေါ်လတ္တံ့ကုန်သော ကိလေသာဘေးဟူသမျှတို့သည် နောင် ဖြစ်ပေါ်ခြင်းမရှိကုန်ဘဲ ကွယ်ပျောက်ကြလေကုန်၏။

၎င်းကိလေသာဘေးတို့သာ ကွယ်ပျောက်ကုန်သည် မဟုတ်သေး၊ ရဟန္တာဟု သမုတ်အပ်သော ခန္ဓာ၏ စုတိနောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ဇရာ, မရဏစသည်နှင့် ဆက်ဆံကုန်သော ခန္ဓာဘေးစသည်တို့သည်လည်း နောင်ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ကိလေသာဘေး, ခန္ဓာဘေးတို့ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ပျောက်သည်ကိုပင် သံသရာ၌ဖြစ်သော ကိလေသာ, ခန္ဓာဘေးတို့မှလွှတ်ကုန်သည်ဟူ၍ လောက၌ခေါ်ဝေါ်သမုတ်အပ်လေကုန်သည်။ထိုသို့ ခေါ်ဝေါ်သမုတ်အပ်သည်အတိုင်း သံသရာ၌ဖြစ်သော ကိလေသာ အစရှိသော ဘေးတို့မှ လွှတ်ရခြင်းသည် စင်စစ် မင်္ဂလိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်

နိရောဓသစ္စာနိဗ္ဗာန်ကြောင့် ဖြစ်ပေ၏။ ထို့ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာ၌ ဖြစ်ကုန်သော ကိလေသာအစရှိကုန်သော ဘေးတို့ကို ကြောက်ကုန်သော အရိယာ သူတော်ကောင်းတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ရောက်၍ ပုန်းအောင်းရာသဘော ဖြစ်သောကြောင့် လေဏဟူ၍ ခေါ်ဆိုအပ်လေသည် ဟူလို။ ဤကား ဋ္ဌိကာရှင်တို့၏ အလိုတော် အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ဆိုအပ်ကုန်သော ဋ္ဌိကာရှင်တို့၏ စကားတော်တို့ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတာဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာ၌ဖြစ်ကုန်သော ကိလေသာအစရှိကုန်သော ဘေးတို့ကို ကြောက်ရွံ့ကုန်သော အရိယာ သူတော်ကောင်းတို့၏ ပုန်းအောင်းရာ သဘော ဖြစ်သည်၏ အဖြစ်ကြောင့် လေဏဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဋ္ဌိကာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ မဟာနိဒ္ဒေသ ပါဠိတော်၊ သုဒ္ဓဋ္ဌကသုတ္တန်ဒေသ စာမျက်နှာ (၇၁)၌ လေဏဂတော လေဏပတ္တော ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း၊ စူဠနိဒ္ဒေသပါဠိတော် ပါရာယနဝဂ် မေတ္တဂုပဉ္ဉာနိဒ္ဒေသ စာမျက်နှာ ၆၄-၌ လေဏဂတော လေဏပတ္တော ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား —

လေဏဂတော၊ သံသရာ၌ဖြစ်သော ကိလေသာ အစရှိသော ဘေးတို့ကို ကြောက်ရွံ့ကုန်သော အရိယာ သူတော်ကောင်းတို့၏ ပုန်းအောင်းရာ ဖြစ်သော နိဗ္ဗာန်သို့ မဂ်ဖြင့်ရောက်၏။ လေဏပတ္တော၊ သံသရာ၌ဖြစ်သော ကိလေသာ အစရှိကုန်သော ဘေးတို့ကို ကြောက်ရွံ့ကုန်သော အရိယာ သူတော်ကောင်းတို့၏ ပုန်းအောင်းရာဖြစ်သော နိဗ္ဗာန်သို့ ဖိုလ်ဖြင့်ရောက်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် လေဏ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတာဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာ၌ ဖြစ်သော ကိလေသာ အစရှိကုန်သော ဘေးတို့ကို ကြောက်ရွံ့ကုန်သော အရိယာသူတော်ကောင်းတို့၏ ပုန်းအောင်းရာ သဘောဖြစ်သောကြောင့် လေဏဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ မဟာနိဒ္ဒေသ အဋ္ဌကထာ ကာမသုတ္တနိဒ္ဒေသအဖွင့် စာမျက်နှာ (၇၁)၌ လေဏဂတောတိ မဂ္ဂေန နိလီယနံ ဂတော။ လေဏပတ္တောတိ တံ ဖလေန နိလီယနံ ပတ္တော။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

လေဏဂတောတိ၊ လေဏောဂတော ဟူသည်ကား။ မဂ္ဂေန၊ မဂ်ဖြင့်။ နိလီယနံ။ ပုနိုးအောင်းရာဖြစ်သော အသခ်္ဘတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ ဂတော၊ ရောက်၏။ လေဏပပ္ပတ္တောတိ၊ လေဏပပ္ပတ္တော ဟူသည်ကား။ တံ နိလီယနံ၊ ထို ပုနိုးအောင်းရာ ဖြစ်သော အသခ်္ဘတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ ဖလေန၊ ဖိုလ်ဖြင့်။ ပတ္တော၊ ရောက်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားရပ်တို့တွင် နိလီယနံ ဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ဘတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာ၌ ဖြစ်ကုန်သော ကိလေသာ အစရှိကုန်သော ဘေးတို့ကို ကြောက်ရုံကုန်သော အရိယာ သူတော်ကောင်းတို့၏ ပုနိုးအောင်းရာသဘောဖြစ်သောကြောင့် လေဏဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဋ္ဌာယတန သံယုတ် ပါဠိတော် အသခ်္ဘတသံယုတ် စာမျက်နှာ (၅၄၂) ၌—

ကတမဉ္စ ဘိက္ခဝေ လေဏံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ လေဏံ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ လေဏံ၊ လေဏမည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည် သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်း ကောင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတို့၏ ကုန်ကြောင်းဖြစ်သော အသခ်္ဘတဓာတ် နိဗ္ဗာန်ကို။ လေဏံ၊ လေဏမည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်တို့တွင် လေဏံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ဘတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သံသရာ၌ ဖြစ်ကုန်သော ကိလေသာ အစရှိကုန်သော ဘေးတို့ကို ကြောက်ရွံ့ကုန်သော အရိယာသူတော်ကောင်းတို့၏

ပုန်းအောင်းရာသဘော၏အဖြစ်ကြောင့် လေဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ သဋ္ဌာယတန သံယုတ် အဋ္ဌကထာ၊ အသန်တသံယုတ်- လေဏအဖွင့် စာမျက်နှာ (၁၄၉) ၌ အလ္လီယိ-တဗ္ဗယုတ္တောန လေဏံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်းကောင်း၊ နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရ လေဏအဖွင့် စာမျက်နှာ (၁၂၀) ၌ သံသာရဒုက္ခဋ္ဌိတေဟိ လေတဗ္ဗတော လေဏံ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်းကောင်း သိလေဦး။

အလ္လီယိတဗ္ဗယုတ္တောန၊ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ ပုန်း အောင်းအပ်သော ဂုဏ်ထူးနှင့်ယှဉ်သောကြောင့်။ လေဏံ၊ လေဏ မည်၏။ ဤကား သဋ္ဌာယတနသံယုတ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ သံသာရဒုက္ခဋ္ဌိ-တေဟိ၊ သံသရာ၌ ဖြစ်ကုန်သော ဒုက္ခတရားတို့ဖြင့် နှိပ်စက်အပ်ကုန်သော အရိယာ သူတော်ကောင်းတို့သည်။ လေတဗ္ဗတော၊ ပုန်းအောင်းအပ်သော ကြောင့်။ လေဏံ၊ လေဏမည်၏။ ဤကား နေတ္တိအဋ္ဌကထာပါဠိ၏ မြန်မာပြန် တည်း။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားရပ်တို့တွင် လေဏံဟူသော စကားတော်ကို ထောက်၍လည်း၊ ၎င်းမင်္ဂလာတို့၏ အာရုံဖြစ်သော အသန်တ ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာ၌ ဖြစ်ကုန်သော ကိလေသာအစရှိကုန် သော ဘေးတို့ကို ကြောက်ရွံ့ကုန်သော အရိယာသူတော်ကောင်းတို့၏ ပုန်း အောင်းရာသဘော၏ အဖြစ်ကြောင့် လေဏဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်, အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ၌—

ပဥ္စန္နံ ခန္ဓာနံ နိရောဓော လေဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်ဖြစ် ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောတရားသည်။ လေဏံ၊ ပုန်း အောင်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုပုန်း အောင်းရာဖြစ်သော နိဗ္ဗာန်ကို။ ပဿန္တော၊ ရှုမြင်သောပုဂ္ဂိုလ်သည်။ သမ္မတ္တ-

နိယာမံ၊ မဖောက်မပြန်သောသဘောရှိသော မဂ္ဂနိယာမသို့။ သြက္ကမတိ၊ သက် ဝင်လေ၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် လေဏံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ ဓာတ် နိဗ္ဗာန်ကို သံသရာ၌ဖြစ်ကုန်သော ကိလေသာ အစရှိကုန်သော ဘေးတို့ကို ကြောက်လျှံကုန်သော အရိယာသူတော်ကောင်းတို့၏ ပုန်း အောင်းရာသဘော၏ အဖြစ်ကြောင့် လေဏဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို တာဏဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို လေဏဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး။ တာဏဟူ၍လည်း ခေါ်ဆိုအပ် သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို တာဏဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ – အပါယ်စသော သံသရာဝဋ်ဒုက္ခ၌ မကျစေရန် မိမိကိုအာရုံပြု၍ ရောက်ကုန်သော အရိယာ သူတော်ကောင်းတို့ကို စောင့်ရှောက်တတ်သော သတ္တိကြောင့် တာဏဟု ခေါ် ဆိုအပ်လေသည်။ ထို့သို့ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလို သောကြောင့် အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ-နိဗ္ဗာန်အမည်အဖွင့်၌ တာ-ယတိ ရက္ခတိ အပါယာဒီဟီတိ တာဏံ ဟူ၍လည်းကောင်း၊ အဘိဓာနပ္ပဒီပိကာ သူစိ ကျမ်းဆရာသည် တာဏအဖွင့် (၂၅၇) မျက်နှာ၌ တာယတိ ရက္ခတိ အပါ-ယာဒိတော်တိ တာဏံ ဟူ၍လည်းကောင်း မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ယံ နိဗ္ဗာနံ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန-သစ္စာနိဗ္ဗာန်သည်။ သန္တေ၊ အရိယာသူတော်ကောင်းတို့ကို။ အပါယာဒီဟိ၊ အပါယ်စသော်သံသရာဝဋ်ဒုက္ခတို့မှ။ တာယတိ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ၊ ထို့သို့အရိယာသူတော်ကောင်းတို့ကို အပါယ်စသောသံသရာဝဋ် ဒုက္ခတို့မှ စောင့်ရှောက်တတ်သောသတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်။ တာဏံ၊ တာဏ မည်၏။ ဤကား အဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။ အဘိဓာနပ္ပဒီပိကာ-သူစိပါဠိ၏ မြန်မာပြန်လည်း နည်းတူသာတည်း။

အဓိပ္ပါယ်ကား အပါယ်စသော သံသရာဝဋ်ဒုက္ခဘေးကို ကြောက်ကုန်သော အရိယာသူတော်ကောင်းတို့သည် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ

ဓာတ်နိုရောဓသစ္စာနိဗ္ဗာန်ကို ထိုက်သည်အားလျော်စွာ အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြုကြကုန်၏။ ထိုသို့မျက်မှောက် ပြုခြင်းကြောင့် အပါယ်စသော သံသရာဝဋ္ဋဒုက္ခ၌ ကျရောက်ကြောင်းဖြစ်သော ကိလေသာတရားတို့သည် ထိုက်သည်အားလျော်စွာ ကုန်ခန်းလေကုန်၏။ ထိုသို့ကုန်ခန်းခြင်းကြောင့် ထိုက်သည်အားလျော်စွာ အပါယ်စသော သံသရာဝဋ္ဋဒုက္ခတို့သည် နောင်ဖြစ်ပေါ်မှုမရှိဘဲ ကုန်ခန်းလေကုန်၏။ ထိုသို့အကြောင်း,အကျိုးဖြစ်သော ကိလေသာခန္ဓာတည်းဟူသောသံသရာဝဋ္ဋဒုက္ခတို့ ဖြစ်မှုမရှိသည်ကိုပင် အပါယ်စသော သံသရာဝဋ္ဋဒုက္ခမှ လွတ်သည်ဟူ၍ ခေါ်ဝေါ်သမုတ်အပ်လေကုန်သည်။ ထိုသို့ အပါယ်စသော သံသရာဝဋ္ဋဒုက္ခ၌ နောင်ဖြစ်ပေါ်မှုမရှိဘဲ လွတ်ရခြင်းသည် မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိုရောဓသစ္စာနိဗ္ဗာန်ကြောင့်ပင် ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိုရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် မိမိကို မှီဝဲကုန်သော အရိယာ သူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ္ဋဒုက္ခတို့၌ မကျစေသည်တို့ကိုပြု၍ စောင့်ရှောက်တတ်သောကြောင့် တာဏဟူ၍ ခေါ်ဆိုအပ်လေသည်ဟူလို။ ဤကား ဋီကာရှင်တို့၏ အလိုတော်အဓိပ္ပါယ်တည်း။ ဤသို့ ဖွင့်ဆိုအပ်သော ဋီကာရှင်တို့၏ စကားတော်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိုရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြု၍ ရောက်ကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ္ဋဒုက္ခတို့မှ စောင့်ရှောက်တတ်သော သတ္တိကြောင့် တာဏဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဋီကာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ပညာဂဏ် ဝိပဿနာကထာ၌—

> ပဥ္စန္နံ ခန္ဓာနံ နိရောဓော တာဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိ-
> ယာမံ ဩက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောသည်။ တာဏံ၊ မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြု၍ ရောက်ကုန်သော အရိယာသူတော်ကောင်းတို့ကို စောင့်ရှောက်တတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုစောင့်ရှောက်တတ်သော သဘောနိဗ္ဗာန်ကို။ ပဿန္တော၊ ရှုမြင်သော

ပဋိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမသို့။ သြကွမတိ၊ သက်ဝင်လေ၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် တာဏံဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မိမိကိုမျက်မှောက်ပြုသောအားဖြင့် အာရုံပြု၍ ရောက်ကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ်ဒုက္ခတို့မှ စောင့်ရှောက်တတ်သောသတ္တိကြောင့် တာဏာဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ မဟာနိဒ္ဒေသပါဠိတော် သုဒ္ဓဋ္ဌကသုတ္တနိဒ္ဒေသ မျက်နှာနံပါတ် ၇၁-၌—

တာဏဂတော တာဏပတ္တော။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ စူဠနိဒ္ဒေသပါဠိတော် ပါရာယနဝဂ်-မေတ္တဂုပဉ္ဇာနိဒ္ဒေသ စာမျက်နှာ ၆၄-၌—

တာဏဂတော တာဏပတ္တော။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

တာဏဂတော၊ မိမိကိုမျက်မှောက်ပြုသောအားဖြင့် အာရုံပြု၍ရောက်ကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ်ဒုက္ခမှ စောင့်ရှောက်တတ်သော အသင်္ခတဓာတ် နိဗ္ဗာန်သို့ မဂ်ဖြင့်ရောက်၏။ တာဏပတ္တော၊ မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြု၍ရောက်ကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ်ဒုက္ခမှ စောင့်ရှောက်တတ်သော အသင်္ခတဓာတ် နိဗ္ဗာန်သို့ ဖိုလ်ဖြင့်ရောက်၏။

ဤသို့ဟောတော်မူအပ်ကုန်သော ပါဠိတော်တို့၏ စကားရပ်တို့တွင် တာဏဟူသောစကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြု၍ရောက်ကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ်ဒုက္ခတို့မှ စောင့်ရှောက်တတ်သော သတ္တိကြောင့် တာဏဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည်မဟုတ်သေး။ မဟာနိဒ္ဒေသအဋ္ဌကထာ ကာမသုတ္တနိဒ္ဒေသအဖွင့် စာမျက်နှာ ၇၁-၌—

တာဏဂတောတိ မဂ္ဂေန တာယနံ ဂတောဝါ။ တာဏပဗ္ဗောတိ ဖလေန တာယနံ ပတ္တောဝါ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြပေဦး။

မြန်မာပြန်ကား—

တာဏဂတောတိ၊ တာဏဂတောဟူသည်ကား။ မဂ္ဂေန၊ မဂ်ဖြင့်။ တာယနံ၊ စောင့်ရှောက်တတ်သောသဘော အသခ်္ခတဓာတ်နိဗ္ဗာန်သို့။ ဂတောဝါ၊ ရောက်၏။ တာဏပဗ္ဗောတိ၊ တာဏပဗ္ဗောဟူသည်ကား။ ဖလေန၊ ဖိုလ်ဖြင့်။ တာယနံ၊ စောင့်ရှောက်တတ်သောသဘော အသခ်္ခတဓာတ်နိဗ္ဗာန်သို့။ ပတ္တောဝါ၊ ရောက်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်တို့တွင် တာယနံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြု၍ ရောက်ကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ်ဒုက္ခတို့မှ စောင့်ရှောက်တတ်သော သတ္တိကြောင့် တာဏ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် ပါဠိတော်၊ အသခ်္ခတသံယုတ်၌—

ကတမဉ္စ ဘိက္ခဝေ တာဏံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ တာဏံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ တာဏံ၊ တာဏမည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတို့၏ ကုန်ကြောင်းဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ တာဏံ၊ တာဏမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်စကားတော်တို့တွင် တာဏှာဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂလိတို့၏ အာရုံဖြစ်သော အသင်္ခတာဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြု၍ ရောက်ကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်အစရှိသော သံသရာဝဋ်ဒုက္ခတို့မှ စောင့်ရှောက်တတ်သော သတ္တိကြောင့် တာဏာ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာ နိဗ္ဗာန်အမည်ကိုပြုရာ၌-တာဏံ ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ နေတ္တိပါဠိတော် ဝေဝစနဟာရ၌ တာဏံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

မြန်မာပြန်ကား—

တာဏံ၊ မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြုကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ်ဒုက္ခတို့မှ စောင့်ရှောက်တတ်သော သဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂလိတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြုကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ်ဒုက္ခတို့မှ စောင့်ရှောက်တတ်သော သတ္တိကြောင့် တာဏာ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၊ အသင်္ခတသံယုတ် တာဏအဖွင့်၌-တာယနဋ္ဌေန တာဏံ-ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရ နိဗ္ဗာန် ပရိယာယ်အဖွင့်၌-တဇေတာ ရက္ခဏတော တာဏံ-ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

တာယနဋ္ဌေန၊ မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြုကုန်သော အရိယာသူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ်ဒုက္ခတို့မှ စောင့်ရှောက်တတ်သော သဘောကြောင့်။ ဟာဏံ၊ တာဏမည်၏။ ဤကား သဋ္ဌာယတန သံယုတ် အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

တဇေတော၊ ထိုအပါယ်စသော သံသရာဝဋ်ဒုက္ခမှ။ ရက္ခဏတော၊ မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြုကုန်သော အရိယာသူတော်ကောင်းတို့ကို စောင့်ရှောက်တတ်သော သတ္တိကြောင့်။ တာဏံ၊ တာဏမည်၏။ ဤကား နေတ္တိအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍ လည်း ၎င်းမင်္ဂုလိတို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မိမိကို မျက်မှောက်ပြုသောအားဖြင့် အာရုံပြုကုန်သော အရိယာ သူတော်ကောင်းတို့ကို အပါယ်စသော သံသရာဝဋ်ဒုက္ခမှ စောင့်ရှောက်တတ်သောသတ္တိကြောင့် တာဏဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို သရဏဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂုလိတို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို တာဏဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ သရဏဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂုလိတို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သရဏဟု ခေါ်ဆိုအပ်လေသနည်းဟူမူ လေးပါးသော မင်္ဂုတို့သည် ၎င်းနိဗ္ဗာန်ကို အကြောင်းခံ အာရုံပြုကြရမှသာလျှင် မိမိတို့ ပယ်ထိုက်သော ကိလေသာတို့ကို အကြွင်းမရှိလေအောင် ညှဉ်းဆဲ ပယ်ဖျက်နိုင်ကြကုန်၏။ ထို့သို့ မင်္ဂုတို့၏ ဆိုင်ရာ, ဆိုင်ရာ ကိလေသာတို့ကို အကြွင်းအကျန် မရှိလေအောင် ညှဉ်းဆဲ ပယ်ဖျက်နိုင်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သရဏဟု ခေါ်ဆိုအပ်လေသည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည်အဖွင့်၌—

> ယေန စတ္တာရော မဂ္ဂါ ဩဓိသော ကိလေသေ သရန္တိ ဟိံသန္တိ၊ တံ ဓမ္မံ သရဏံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ သိလေဦး။

မြန်မာပြန်ကား—

ယေန၊ အကြင် မင်္ဂုလိတို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသော အာရမ္မဏပစ္စည်းကြောင့်။ စတ္တာရော၊ လေးပါးကုန်သော။ မဂ္ဂါ၊ အရိယာမင်္ဂုတို့သည်။ ဩဓိသော၊ အပိုင်းအခြားအားဖြင့်။ ကိလေသေ၊ ဘေးရန်တည်းဟူသော ကိလေသာတို့ကို။ သရန္တိ ဟိံသန္တိ၊ ညှဉ်းဆဲ ဖျက်ဆီးတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့သို့ မင်္ဂုလေးပါးတို့ အပိုင်းအခြားအားဖြင့် ဘေးရန်ဖြစ်သော ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးခြင်း၏ အကြောင်းခံဖြစ်သောသတ္တိကြောင့်။ တံ မေ့မံ၊ ထိုမင်္ဂုလိတို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်။ သရဏံ၊ သရဏ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော ဋီကာရှင်၏ စကားတော်ကို ထောက်၍ ၎င်းမင်္ဂုလိတို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို လေးပါးသော

အရိယာမက်တို့၏ အပိုင်းအခြားအားဖြင့် ဆိုင်ရာ, ဆိုင်ရာ ဘေးရန်ဖြစ်ကုန်သော ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးခြင်း၏အကြောင်းခံဖြစ်သော ကြောင့် သရဏဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤဋ္ဌိကာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာနပပဉ္စိကာသူစိ သရဏအဖွင့် ၆၀၇-မျက်နှာ၌—

ယေန စတ္တာရော မဂ္ဂါ ဩဓိသော ကိလေသေ သရန္တိ ဟိံသန္တိ၊ တံ ဓမ္မံ သရဏံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်, အနက် အဓိပ္ပါယ်မှာ ရှေး အဘိဓာန်ဋ္ဌိကာ အတိုင်းသာတည်း။ ဤသို့ဖွင့်ဆိုအပ်သော ဋ္ဌိကာရှင်၏ စကားကို ထောက်၍လည်း ၎င်းမက်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်ကို လေးပါးသော အရိယာမက်တို့၏ အပိုင်းအခြားအားဖြင့် ဆိုင်ရာ, ဆိုင်ရာ ဘေးရန်ဖြစ်သော ကိလေသာတို့ကို ညှဉ်းဆဲဖျက်ဆီးခြင်း၏အကြောင်းခံဖြစ်သောကြောင့် သရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤဋ္ဌိကာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဒ္ဒါယတနသံယုတ် ပါဠိတော်၊ အသခ်္ခတသံယုတ်၌—

ကတမဉ္စ ဘိက္ခဝေ သရဏံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သရဏံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ သရဏံ၊ သရဏ မည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန် တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန် တရားတော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတို့၏ ကုန်ကြောင်းဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်ကို။ သရဏံ၊ သရဏ မည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အာသန်္တဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို လေးပါးသော အရိယာမဂ်တို့၏ အပိုင်းအခြားအားဖြင့် ဆိုင်ရာ, ဆိုင်ရာ ဘေးရန်ဖြစ်ကုန်သော ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့် သရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ၌—

ပဥ္စန္နံ ခန္ဓာနံ နိရောဓော သရဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရား တို့၏။ နိရောဓော၊ နောင် ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောတရားသည်။ သရဏံ၊ လေးပါးသော အရိယာမဂ်တို့၏ အပိုင်းအခြားအားဖြင့် ဆိုင်ရာ, ဆိုင်ရာ ဘေးရန် ဖြစ်ကုန်သော ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးကြောင်းဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။ ဣတိ၊ ဤသို့။ တံ၊ ထို နိဗ္ဗာန်ကို။ ပဿန္တော၊ ရှုမြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမသို့။ ဩက္ကမတိ၊ သက်ဝင်လေ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် သရဏံဟူသော စကားတော်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အာသန်္တဓာတ် နိရောဓသစ္ဆာ နိဗ္ဗာန်ကို လေးပါးသော အရိယာမဂ်တို့၏ အပိုင်းအခြားအားဖြင့် ဆိုင်ရာ, ဆိုင်ရာ ဘေးရန်ဖြစ်ကုန်သော ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သရဏဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၊ အာသန်္တသံယုတ်အဖွင့်၌–ဘယသရဏဋ္ဌေန သရဏံ။ ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘယသရဏဋ္ဌေန၊ ကိလေသာစသော ဘေးရန်ကို မဂ်လေးပါးတို့ ညှဉ်းဆဲ ဖျက်ဆီးခြင်း၏ အကြောင်းခံဖြစ်သော အနက်ကြောင့်။ သရဏံ၊ သရဏမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော သံယုတ်အဋ္ဌကထာရှင်၏ စကားကိုထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်ကို လေးပါးသော အရိယာမဂ်တို့၏ အပိုင်းအခြားအားဖြင့် ဆိုင်ရာ, ဆိုင်ရာ ဘေးရန်ဖြစ်ကုန်သော ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သရဏဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ စူဠနိဒ္ဒေသ ပါဠိတော်၊ ပါရာယနဝဂ်-မေတ္တဂုပဉ္ဉာနိဒ္ဒေသ၌—သရဏကတော သရဏပဿဒ္ဓော။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ မဟာနိဒ္ဒေသ-ပါဠိတော်၊ သုဒ္ဓဋ္ဌကသုတ္တနိဒ္ဒေသ၌—သရဏဂတော သရဏပဿဒ္ဓော။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

သရဏ-သရဏံ၊ လေးပါးသော အရိယာမဂ်တို့၏ အပိုင်းအခြားအားဖြင့် ဘေးရန်ဖြစ်ကုန်သော ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးကြောင်း ဖြစ်သောကြောင့် သရဏမည်သော နိဗ္ဗာန်သို့။ ဂတော၊ မဂ်ဖြင့် ရောက်၏။ သရဏ-သရဏံ၊ လေးပါးသော အရိယာမဂ်တို့၏ အပိုင်းအခြားအားဖြင့် ဘေးရန်ဖြစ်ကုန်သော ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးကြောင်း ဖြစ်သောကြောင့် သရဏ မည်သော နိဗ္ဗာန်သို့။ ပတ္တော၊ ဖိုလ်ဖြင့် ရောက်၏။

ဤသို့ ဟောတော်မူအပ်ကုန်သော ပါဠိတော်တို့၏ စကားရပ်ဘို့ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို လေးပါးသောအရိယာမဂ်တို့၏အပိုင်းအခြားအားဖြင့် ဆိုင်ရာ,ဆိုင်ရာ ဘေးရန်ဖြစ်ကုန်သော ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သရဏဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ပရာယဏဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို သရဏဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ပရာယဏဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို ပရာယဏဟု ခေါ်ဆိုအပ်သနည်း ဟူမူ—အရိယာသူတော်ကောင်းတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ရောက်ရာ, တည်ရာ ဖြစ်သောကြောင့် ပရာယဏဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် သင္ဃာယတန သံယုတ် အဋ္ဌကထာရှင်သည် ပရံ အာယနံ ဂတိ ပတိဋ္ဌာတိ ပရာယဏံ။ ဟူ၍ ဖွင့်ဆိုအပ်သည်။

မြန်မာပြန်ကား——

ပရုံ၊ မြတ်သော။ အာယနံ ဂတိ ပတိဋ္ဌာ၊ အရိယာသူတော်ကောင်းတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်ရာ, တည်ရာသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ အရိယာ သူတော်ကောင်းတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်ရာ,တည်ရာဖြစ်သော သတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ပရာယဏံ၊ ပရာယဏ မည်၏။

(ဤ ပရာယဏဋ္ဌ ပရသဒ္ဒါသည် မြတ်သောအနက်ကို ဟော၏။အာယနသဒ္ဒါသည် လားရာ, တည်ရာ တည်းဟူသော ဂတိ, ပတိဋ္ဌ အနက်ကို ဟော၏ဟု သိကြလေ)။

ဤသို့ ဖွင့်ဆိုအပ်သော သဋ္ဌာယတနသံယုတ် အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍ ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အရိယာသူတော်ကောင်းတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသော အားဖြင့် ရောက်ရာ, တည်ရာ၏ အဖြစ်ကြောင့် ပရာယဏဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် ပါဠိတော် အသင်္ခတသံယုတ်၌—

ကတမဉ္စ ဘိက္ခဝေ ပရာယဏံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ပရာယဏံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား——

ဘိက္ခဝေ၊ ရဟန်းတို့။ ပရာယဏံ၊ ပရာယဏ မည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည် လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည် လည်းကောင်း။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်ကို။ ပရာယဏံ၊ ပရာယဏ မည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ပရာယဏံဟူသော စကားတော်ကိုထောက်၍ ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အရိယာသူတော်ကောင်းတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်ရာ, တည်ရာ၏ အဖြစ်ကြောင့် ပရာယဏဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်, ပညာဝဂ်-ဝိပဿနာကထာ၌—

> ပဥ္ဉံ ခန္ဓာနံ နိရောဓော ပရာယဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ-နိယာမံ သြက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပဥ္ဉံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောတရားသည်။ ပရာယဏံ၊ အရိယာသူတော်ကောင်းတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်ရာ, တည်ရာ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထို ပရာယဏမည်သော နိဗ္ဗာန်ကို။ ပဿန္တော၊ ရှုမြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမသို့။ သြက္ကမတိ၊ သက်ဝင်လေ၏။

ဤသို့ ဟောတော်မူအပ်သော စကားရပ်တို့တွင် ပရာယဏံဟူသော စကားတော်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အရိယာ သူတော်ကောင်းတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် အာရုံပြုသောအားဖြင့် ရောက်ရာ, တည်ရာ၏ အဖြစ်ကြောင့် ပရာယဏဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာန်ဋီကာ သဂ္ဂ-ကဏ္ဍ-နိဗ္ဗာန်အမည် အဖွင့်၌—

> ပရေဟိ ဥတ္တမေဟိ အရိယပုဂ္ဂလေဟိ အယိတမှံ ဂန္တဗ္ဗန္တိ ပရာယဏံ။ ဟူ၍ လည်းကောင်း၊ ပရေသံ ဝါ အရိယပုဂ္ဂလာနံ ပတိဋ္ဌာနတ္တာ ပရာယဏံ။ ဟူ၍ လည်းကောင်း မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပရေဟိ ဥတ္တာမေဟိ၊ မြတ်ကုန်သော။ အရိယပုဂ္ဂလေဟိ၊ အရိယာပုဂ္ဂိုလ်တို့သည်။ အယိတဗ္ဗံ ဂန္တဗ္ဗံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်အပ်၏။ ဣတိတသ္မာ၊ ထိုသို့ မြတ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်အပ်သော သတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ ပရာယဏံ၊ ပရာယဏ မည်၏။ ဝါ၊ တနည်းကား။ ပရေသံ၊ ပုထုဇဉ်မှ တပါးကုန်သော။ အရိယပုဂ္ဂလာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ပတိဋ္ဌာနတ္တာ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် တည်ရာသဘော၏ အဖြစ်ကြောင့်။ ပရာယဏံ၊ ပရာယဏ မည်၏။

ဤသို့ဖွင့်ဆိုအပ်သော ဋီကာရှင်၏ စကားတော်ကို ထောက်၍လည်း၎င်း မဂ်ဖိုလ်ဘို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပုထုဇဉ်မှ တပါးကုန်သော မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်ရာ, တည်ရာသဘော၏အဖြစ်ကြောင့် ပရာယဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

တနည်း – ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ-နိဗ္ဗာန်ကို အဘယ်ကြောင့် ပရာယဏဟု ခေါ်ဆိုအပ်သနည်းဟူမူ – သံသရာ၌ မပြတ်ဖြစ်နေသော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတပရမတ်တရားမှ တပါးသော အသင်္ခတပရမတ္ထ သဘောအားဖြင့် သိအပ်သည်၏ အဖြစ်ကြောင့် ပရာယဏဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ-နိဗ္ဗာန် အမည် အဖွင့်၌—

ပရတော ဝါ အယိတဗ္ဗံ ဂန္တဗ္ဗန္တိ ပရာယဏံ၊ သံသာရသဘာဝတော အညသဘာဝဝသေန ဗုဇ္ဈိတဗ္ဗန္တ္ဝေတ္ထာ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ပရတော၊ တပါးသော အခြင်းအရာအားဖြင့်။ အယိတဗ္ဗံ ဂန္တဗ္ဗံ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုသို့ တပါးသော အခြင်းအရာအားဖြင့် သိအပ်သော သဘော၏အဖြစ်ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ပရာယဏံ၊ ပရာယဏ မည်၏။ သံသာရသဘာဝတော၊ သံသရာ၌ မပြတ်ဖြစ်နေသော စိတ်, စေတသိက်,

ရုပ်တည်းဟူသော ပရမတ္ထသဘောမှ။ အညသဘာဝဝေသန၊ တပါးသော ပရမတ္ထသဘော၏အဖြစ်ဖြင့်။ ဗုဇ္ဈိတဗ္ဗံ၊ သိအပ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဤသို့ဖွင့်ဆိုအပ်သော ဋီကာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်ကို သံသရာ၌ မပြတ်ဖြစ်နေသော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်္ခတတရား၏အဖြစ်မှ တပါးသော အသခ်္ခတသဘော၏အဖြစ်ဖြင့် သိအပ်သည်၏ အဖြစ်ကြောင့် ပရာယဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အဇ္ဈတ္တဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်ကို ပရာယဏဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အဇ္ဈတ္တဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်ကို အဇ္ဈတ္တဟု ခေါ်ဆိုအပ်သနည်းဟူမူ အခါခပ်သိမ်းဖြစ်ပေါ်မှုမရှိဘဲလျက် ပရမတ္ထသဘောတရားအားဖြင့် အမြဲ ထင်ရှား ရှိနေသောကြောင့် အဇ္ဈတ္တဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် သင်္ဃာယတနသံယုတ်အဋ္ဌကထာ၊အသခ်္ခတသံယုတ်အဖွင့်၌–အဇာတံ ဟုတ္ဝာ အတ္ထိတိ အဇ္ဈတ္တံ-ဟူ၍ ဖွင့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အဇာတံ ဟုတ္ဝာ၊ အခါခပ်သိမ်း ဖြစ်ပေါ်ခြင်း လက္ခဏာမရှိသည်ဖြစ်၍။ အတ္ထိ၊ ပရမတ္ထသဘောတရားအားဖြင့် ထင်ရှား ရှိနေ၏။ ဣတိတသ္မာ၊ ထို့သို့ဖြစ်ပေါ်ခြင်း လက္ခဏာမရှိမူ၍ ပရမတ္ထသဘောတရားအားဖြင့် ထင်ရှား ရှိနေသည်၏အဖြစ်ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်သည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တ မည်၏။

ဤသို့ဖွင့်ဆိုတော်မူအပ်သော သင်္ဃာယတနသံယုတ် အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိဗ္ဗာန်ကို အခါခပ်သိမ်း ဖြစ်ပေါ်မှုမရှိဘဲလျက် ပရမတ္ထသဘောတရားအားဖြင့် အမြဲ ထင်ရှား ရှိနေခြင်းကြောင့် အဇ္ဈတ္တဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သင်္ဃာယတနသံယုတ် ပါဠိတော်၊ အသခ်္ခတသံယုတ်၌—

ကတမဉ္စ ဘိက္ခဝေ အဗ္ဘုတံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အဗ္ဘုတံ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အဗ္ဘုတံ၊ အဗ္ဘုတ မည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှား ရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှား ရှိသော ရာဂ, ဒေါသ, မောဟတို့၏ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ်-နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို။ အဗ္ဘုတံ၊ အဗ္ဘုတ မည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အခါခပ်သိမ်း ဖြစ်ပေါ်ခြင်းလက္ခဏာမှ ကင်းလျက် ပရမတ္ထသဘောတရားအားဖြင့် ထင်ရှား ရှိနေခြင်းကြောင့် အဗ္ဘုတဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ၌ အဗ္ဘုတံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဗ္ဘုတံ၊ အခါခပ်သိမ်း ဖြစ်ပေါ်ခြင်း မရှိသည်ဖြစ်၍ ပရမတ္ထသဘောတရားအားဖြင့် ထင်ရှားရှိနေသော နိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အခါခပ်သိမ်း ဖြစ်ပေါ်ခြင်းလက္ခဏာမှ ကင်းလျက် ပရမတ္ထသဘောတရားအားဖြင့် ထင်ရှား ရှိနေခြင်းကြောင့် အဗ္ဘုတဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပြဆိုအပ်သော ပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ၎င်းပါဠိတော်၏ အဖွင့်ဖြစ်သော နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရအဖွင့်၌ အဘူတပုဗ္ဗတ္တာ အဗ္ဘုတံ–ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အဘူတပုဗ္ဗတ္တာ၊ ရှေးရှေး ကမ္မာကမ္မာ အဆက်ဆက်ကပင် ဖြစ်ပေါ်ခြင်း လက္ခဏာမှ ကင်းသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည်၏ အဖြစ်ကြောင့်။ အဗ္ဘုတံ၊ အဗ္ဘုတ မည်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အခါခပ်သိမ်းဖြစ်ပေါ်ခြင်းလက္ခဏာမှ ကင်းလျက် ပရမတ္ထသဘောတရားအားဖြင့် ထင်ရှားရှိနေခြင်းကြောင့် အဗ္ဘုတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အစ္ဆရိယဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဗ္ဘုတဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အစ္ဆရိယဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်ကို အစ္ဆရိယဟု ခေါ်ဆိုအပ်သနည်းဟူမူ—အခါခပ်သိမ်းဖြစ်ပေါ်ခြင်းလက္ခဏာမှ ကင်းလျက် မရေမတွက်နိုင်သော အုံ့ဩဘုယ်ဂုဏ်တို့နှင့် ပြည့်စုံလျက် ပရမတ္ထအားဖြင့် ထင်ရှား ရှိနေ၏။ ထိုသို့ ရှိနေခြင်းကြောင့် ၎င်းနိဗ္ဗာန်တရားတော်ကို အလွန် အုံ့ဩ၍ မကုန်နိုင်၍ လက်ဖျစ်ကို တီးခြင်းငှါ သင့်သော တရားသာလျှင် ဖြစ်ပေ၏။ ထိုသို့ဖြစ်သည်၏အဖြစ်ကြောင့် အစ္ဆရိယဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် သင္ဃာယတနသံယုတ်အဋ္ဌကထာ၊ အသင်္ခတသံယုတ်၊ အစ္ဆရိယအဖွင့်၌—

ဝိမှာပနိယဋ္ဌေန အစ္ဆရံ ပဟရိတဗ္ဗယုတ္တကန္တိ အစ္ဆရိယံ·ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဝိမှာပနိယဋ္ဌေန၊ အုံ့ဩ၍မကုန်နိုင်သော သဘော၏အဖြစ်ကြောင့်။ အစ္ဆရံ၊ လက်ဖျစ်ကို။ ပဟရိတဗ္ဗယုတ္တကံ၊ တီးခြင်းငှါ သင့်လှသော သဘောတရားပေတည်း။ ဤတိတသ္မာ၊ ထိုသို့ အုံ့ဩ၍ မကုန်နိုင်သောသဘောဖြစ်၍ လက်ဖျစ်ကို တီးခြင်းငှါသင့်သော သဘောတရားဖြစ်သောသတ္တိကြောင့်။ အစ္ဆရိယံ၊ အစ္ဆရိယမည်၏။

ဤသို့ဖြင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကိုထောက်၍ အံ့သြ၍ မကုန်နိုင်သောဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် လက်ဖျစ်ကို တီးခြင်းငှါ သင့်သော တရား၏အဖြစ်ကြောင့် အစ္ဆရိယဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သင်္ဃာယ-တနသံယုတ်ပါဠိတော်၊ အသင်္ခတသံယုတ်၌—

ကတမဉ္စ ဘိက္ခဝေ အစ္ဆရိယံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါ-သက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အစ္ဆရိယံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ အစ္ဆရိယံ၊ အစ္ဆရိယ မည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သော်လျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရား တော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထ အာဒိဖြင့် ထင်ရှား ရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအာဒိဖြင့် ထင်ရှား ရှိသော ရာဂ, ဒေါသ, မောဟတရားတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတ-ဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အစ္ဆရိယံ၊ အစ္ဆရိယ မည်၏ဟူ၍။ ဝုစ္စတိ၊ ဆို အပ်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အစ္ဆရိယံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတ-ဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အံ့သြ၍မကုန်နိုင်သော ဂုဏ်တို့နှင့် ပြည့်စုံခြင်း ကြောင့် လက်ဖျစ်ကို တီးခြင်းငှါသင့်သော တရား၏အဖြစ်ကြောင့် အစ္ဆရိယဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ၌ အစ္ဆရိယံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အစ္ဆရိယံ၊ အံ့သြ၍ မကုန်နိုင်သော ဂုဏ်ထူးနှင့် ပြည့်စုံခြင်းကြောင့် လက်ဖျစ် တီးခြင်းငှါ သင့်သော သဘောနိဗ္ဗာန်။

ဤသို့ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အံ့သြ၍မကုန်နိုင်သော ဂုဏ်

ထူးနှင့် ပြည့်စုံခြင်းကြောင့် လက်ဖျစ်ကို တီးခြင်းငှါသင့်သောတရား၏ အဖြစ်ကြောင့် အစ္ဆရိယဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို ဥတ္တရဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဌင်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အစ္ဆ-ရိယဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဥတ္တရဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ဌင်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဥတ္တရဟု ခေါ်ဆိုအပ်သနည်းဟူမူ–သင်္ခတတရားဟု ဆိုအပ်သော အလုံးစုံသော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရလောကမှ လွန်မြောက်၍ တည်နေသော သဘော တရား၏အဖြစ်ကြောင့် ဥတ္တရဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် နေတ္တိအဋ္ဌကထာရှင်သည် ဝေဝစနဟာရအဖွင့်၌ သဗ္ဗလောကံ ဥတ္တရိတ္ဝာ ဌိတန္တိ ဥတ္တရံ-ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ယံ နိဗ္ဗာနံ၊ အကြင် နိဗ္ဗာန်သည်။ သဗ္ဗလောကံ၊ သင်္ခတတရားဟု ဆိုအပ်သော အလုံးစုံသော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရလောကကို။ ဥတ္တရိတ္ဝာ၊ လွန်မြောက်၍။ ဌိတံ၊ တည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ သင်္ခတတရားဟု ဆိုအပ်သော အလုံးစုံသော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရလောကကို လွန်မြောက်၍ တည်နေသည်၏အဖြစ်ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ဥတ္တရံ၊ ဥတ္တရ မည်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍ ဌင်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သင်္ခတတရားဟု ဆိုအပ်သော အလုံးစုံသော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော စိတ်, စေတသိက် ရုပ်တည်းဟူသော သင်္ခါရလောကကို လွန်မြောက်၍ တည်နေသည်၏အဖြစ်ကြောင့် ဥတ္တရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိပါဠိတော်၊ ဝေဝစန-ဟာရ၌ ဥတ္တရံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား——

ဥတ္တရုံ၊ သခ်ၤတဓမ္မဟု ဆိုအပ်သော အလုံးစုံသော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရလောကကို လွန်မြောက်၍ တည်သော သဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သော နေကွတ်ပါဠိတော်၏ စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဏောဓသစ္စာနိဗ္ဗာန်ကို သခ်ၤတဓမ္မတည်းဟူသော အလုံးစုံသော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရလောကကို လွန်မြောက်၍ တည်နေသည်၏အဖြစ်ကြောင့် ဥတ္တရဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို လောကုတ္တရဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဏောဓသစ္စာနိဗ္ဗာန်ကို ဥတ္တရဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ လောကုတ္တရဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဏောဓသစ္စာနိဗ္ဗာန်ကို လောကုတ္တရဟု ခေါ်ဆိုအပ်သနည်းဟူမူ – သင်္ခတဓမ္မတည်းဟူသော အလုံးစုံသော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရလောကကို လွန်မြောက်၍ အမြဲတည်နေသောကြောင့် လောကုတ္တရဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် အဘိဓမ္မတ္ထသင်္ဂဟမည်သော သင်္ဂြိဟ်ကျမ်း နိဗ္ဗာန်ကို ပြရာအခ၏း၌——

> နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂညာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာလမ္မဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

ဟူ၍ ပြဆိုအပ်လေသည်။

မြန်မာပြန်ကား——

ပန၊ ရုပ်မှတပါး နိဗ္ဗာန်ကို ဆိုဦးအံ့။ နိဗ္ဗာနံ၊ မီး ၁၁-ပါး၏ငြိမ်းကြောင်း ဖြစ်ထသော။ လောကုတ္တရ သင်္ခါတံ၊ လောကုတ္တရာဟု ဆိုအပ်ထသော။ ဝါ၊ တနည်းကား။ လောက-လောကံ၊ ပျက်စီးတတ်သော အလုံးစုံသောစိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရ လောကကို။ ဝါ၊ တနည်းကား။ လောက-လောကတော၊ ပျက်စီးတတ်သော အလုံးစုံသောစိတ် စေတသိက် ရုပ်တည်းဟူသော သင်္ခါရလောကမှ။ ဥတ္တရသင်္ခါတံ၊ လွန်မြောက်၍ တည်သော တရားဟု

ဆိုအပ်ထသော။ စတုမဂ္ဂဉာဏ်ကောန၊ လေးပါးသော မဂ်ဉာဏ်ဖြင့်။ သစ္စိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်ထသော။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တရားတို့၏။ အာလမ္ဗဏဘူတံ၊ ဆဲကိုင်ရာအာရုံဖြစ်၍ဖြစ်သော အသင်္ခတဓာတ်သဘောကို။ ဝါနသင်္ခါတာယ၊ ဘဝကြီးငယ်ကို ဖွဲ့တတ် ချုပ်စပ်တတ်သည်၏ အဖြစ်ကြောင့် ဝါနဟု ခေါ်ဆိုအပ်သော။ တဏှာယ၊ တဉှာတာကပ်ငြိတတ်သော တဏှာမှ။ နိက္ခန္တိတ္တာ၊ ထွက်မြောက်တတ်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပ၊အပြားအားဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သော သင်္ဂြိဟ် ကျမ်းဌီလာသော စကားတော် တို့တွင် လောကုတ္တရ ဟူသောစကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သင်္ခတဓမ္မဟုဆိုအပ်သော အလုံးစုံသော ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ် တည်းဟူသော သင်္ခါရလောကကို လွန်မြောက်၍ အမြဲတည်နေသောကြောင့် လောကုတ္တရာ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ပြီးသော သင်္ဂြိဟ်ကျမ်းဌီလာသော စကားတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ၎င်းသင်္ဂြိဟ်ကျမ်း၏ အဖွင့်ဖြစ်သော ပေါရာဏ ဋ္ဌီကာ နိဗ္ဗာန် အဖွင့်ဌီ—

> နိဗ္ဗာနံ ပန အနာသဝဘာဝေန တေဘူမကဝဋ္ဋသင်္ခါတာ လောကာ ဥတ္တရဏတော အတိက္ကမနတော လောကုတ္တရံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိဗ္ဗာနံ ပန၊ မဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်ကား။ ဝါ၊ နိဗ္ဗာန်သည်သာလျှင်။ အနာသဝဘာဝေန၊ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ကြောင့်။ တေဘူမကဝဋ္ဋသင်္ခါတာ၊ ဘုံသုံးပါး၌ ထပ်တလဲလဲဖြစ်သော ဝဋ်တရားဟု ဆိုအပ်သော။ လောကာ၊ ပျက်စီးတတ်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရလောကကို။ ဥတ္တရဏတော အတိက္ကမနတော၊ လွန်မြောက်တတ်သောကြောင့်။ ဝါ၊ လွန်မြောက်၍တည်နေသောကြောင့်။ လောကုတ္တရံ၊ လောကုတ္တရမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော ပေါရာဏ ဋ္ဌီကာရှင်၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သင်္ခတဓမ္မဟု ခေါ်ဆိုအပ်သော အလုံးစုံသော ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော ဘုံသုံးပါး၌ မပြတ်ဖြစ်နေသော ပျက်စီးတတ်

သော သဘောရှိသော သခ်ါရလောကကို လွန်မြောက်၍ အမြဲတည်နေသည်၏ အဖြစ်ကြောင့် လောကုတ္တရဟု ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို နိဿရဏဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဂုဏ်မက်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို လောကုတ္တရဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ နိဿရဏဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ဂုဏ်မက်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နိဿရဏဟု ခေါ်ဆိုအပ်သနည်းဟူမူ – ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော သခ်ၤတတရားမှ ထွက်မြောက်နေသော ဝါ၊ လွန်မြောက်နေသော သဘော၏ အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဣတိဝုတ်အဋ္ဌကထာရှင်သည် ဒုကနိပါတ် ဒုတိယဝဂ် အဇာတသုတ္တအဖွင့် စာမျက်နှာ (၁၅၇)၌—

> တသ နိဿရဏန္တိ ဇာတံ ဘူတန္တိအာဒိနာ ဝုတ္တဿ သင်္ခတဿ နိဿရဏံ နိဂ္ဂမော။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

> တသ နိဿရဏန္တိ၊ တသ နိဿရဏံ ဟူသည်ကား။ ဇာတံ ဘူတန္တိ-အာဒိနာ၊ ဇာတံ ဘူတံ ဣတိသို့ အစရှိသည်ဖြင့်။ ဝုတ္တဿ၊ ဆိုအပ်သော။ သင်္ခတဿ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော သခ်ၤတတရားမှ။ နိဿရဏံ နိဂ္ဂမော၊ ထွက်မြောက်နေသော နိဗ္ဗာန်တရားတော်သည်။

ဣတိသို့ဖွင့်ဆိုအပ်သော ဣတိဝုတ်အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍ ဂုဏ်မက်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော သခ်ၤတတရားမှ ထွက်မြောက်နေသော သဘော၏အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဣတိဖွင့်ဆိုအပ်သောအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဣတိဝုတ်ပါဠိတော်၊ ဒုကနိပါတ်၊ စတုတ္ထဝဂ် ခြောက်ခုမြောက်သုတ်၌ တသ နိဿရဏံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား——

တဿ၊ ထိုပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော သန်တတရားမှ။ နိဿရဏံ၊ ထွက်မြောက်နေသော အသန်တခေတ်-နိရောဓသစ္စာနိဗ္ဗာန်သဘောသည်။

ဤသို့ဟောတော်မူအပ်သော ကွတိဝုတ်ပါဠိတော်၌လာသော နိဿရဏံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသန်တခေတ်နိရောဓသစ္စာနိဗ္ဗာန်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းဟုဆိုအပ်သော သန်တတရားမှ ထွက်မြောက်နေသော သဘောတရား၏အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဂ်ုတ္တရပါဠိတော်၊ တိကနိပါတ်၊ မဟာဝဂ် ခြောက်ခုမြောက်သုတ်၌——

အတ္ထိ ကွမဿ ပဠာဂတဿ ဥတ္တရိ နိဿရဏန္တိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား——

ကွမဿ ပဠာဂတဿ၊ ဤပြဿနာအရာ၌တည်သော သစ္စာသုံးပါးထက်။ ဥတ္တရိ၊ လွန်မြောက်၍တည်သော။ နိဿရဏံ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော သန်တတရားမှ ထွက်မြောက်နေသော အသန်တခေတ် နိရောဓသစ္စာနိဗ္ဗာန်သဘောသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ကွတိဝေါ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်၌လာသော စကားတော်တို့တွင် နိဿရဏံဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တခေတ်နိရောဓသစ္စာနိဗ္ဗာန်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော သန်တတရားမှ ထွက်မြောက်နေသော သဘော၏အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ တိကအဂ်ုတ္တရအဋ္ဌကထာ၊ မဟာဝဂ်၊ ဆဋ္ဌသုတ်အဖွင့်၌——

နိဿရဏံ နာမ နိဗ္ဗာနံ၊ တမတ္ထံတိ ကွမိနာ နိရောဓသစ္စံ ဒသ္သေတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိဗ္ဗာနံ၊ မီး ၁၁-ပါး‌တို့၏ ငြိမ်းကြောင်းဖြစ်သော အာသခ််တဓာတ်နိရောဓ-သစ္စာနိဗ္ဗာန်သည်။ နိဿရဏံ နာမ၊ နိဿရဏ မည်၏။ ဝါ၊ သခ််တတရားမှ ထွက်မြောက်နေသည်၏အဖြစ်ကြောင့် နိဿရဏ မည်၏။ တံ၊ ထို နိဿရဏ မည်သော အာသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိတိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟူသော။ ဣမိနာ၊ ဤစကားတော်ဖြင့်။ နိရောဓသစ္စံ၊ အာသခ််တ-ဓာတ်နိရောဓသစ္စာကို။ ဒဿေတိ၊ ပြတော်မူ၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာ၏ စကားတော်တို့တွင် နိဿရဏံ နာမ နိဗ္ဗာနံ ဟူသော စကားတော်ကို ထောက်၍လည်း၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အာသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော သခ််တတရားမှ ထွက်မြောက်နေသော သဘော၏အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ယုဂနဒ္ဓဝဂ်၊ သစ္စကထာ၌—

> ဥဘိန္နမ်ပိ နိဿရဏံ နိရောဓသစ္စံ-ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ ပါရာဇိကဏ်အဋ္ဌကထာ၊ အဇ္ဈတ္တိကနိဒါန်း၊ ဝေရဉ္ဇကဏ္ဍ၌ ဥဘိန္နမ်ပိ နိဿရဏံ နိရောဓသစ္စံ-ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

ဥဘိန္နမ်ပိ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာဟု ဆိုအပ်ကုန်သော နှစ်ပါးကုန်သော သခ််တတရားတို့မှလည်း။ နိဿရဏံ၊ ထွက်မြောက်နေသော အာသခ််တဓာတ်နိဗ္ဗာန် သဘောသည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာ မည်၏။ ဤကား ပဋိသမ္ဘိဒါမဂ် ပါဠိတော်၏ မြန်မာပြန်တည်း။ ပါရာဇိကဏ် အဋ္ဌကထာပါဠိ၏ မြန်မာပြန်လည်း နည်းတူသာတည်း။

ဤသို့ ပြဆိုအပ်ကုန်ပြီးသော ပါဠိတော်အဋ္ဌကထာတို့၌လာသော နိဿရဏံ ဟူသော စကားတော်ကို ထောက်၍လည်း၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အာသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး အပေါင်းဟု ဆိုအပ်သော သခ််တတရားမှထွက်မြောက်နေသော သဘော၏ အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊တိကအဂ်ုံတ္တရ ပါဠိတော်၊ တတိယပဏ္ဏာသက သမ္မောဓဝဂ်-ပဌမသုတ်၌—

နိဿရဏဉ္စ နိဿရဏတော ယထာဘူတံ အဇ္ဈညာသိ ဟူ၍ ဟော တော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိဿရဏဉ္စ၊ ဒုက္ခသစ္စာ သမုဒယသစ္စာဟု ဆိုအပ်ကုန်သော နှစ်ပါးစုံသော သင်္ခတတရားတို့မှ ထွက်မြောက်နေသော အသင်္ခတဓာတ် နိဗ္ဗာန်ကိုလည်း။ နိဿရဏတော၊ ထွက်မြောက်နေသော သဘောတရားအားဖြင့်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ အဇ္ဈညာသိ၊ ထိုးထွင်း၍ သိတော်မူပြီ။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်တို့တွင် နိဿရဏံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးတည်းဟူသော သင်္ခတတရားမှ ထွက်မြောက်နေသော သဘော၏အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ တိကအဂ်ုံတ္တရ အဋ္ဌကထာ တတိယပဏ္ဏာသ့က သမ္မောဓဝဂ် ပဌမသုတ် အဖွင့်၌—

ဣဒံ လောကနိဿရဏန္တိ ဣဒံ နိဗ္ဗာနံ လောကတော နိဿဋ္ဌတ္တာ လောကနိဿရဏန္တိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဣဒံ လောကနိဿရဏန္တိ၊ ဣဒံ လောကနိဿရဏံဟူသည်ကား။ ဣဒံ နိဗ္ဗာနံ၊ ဤမီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနကိုလည်း။ လောကတော၊ ပျက်စီးတတ်သော သဘောရှိသော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရလောကမှ။ နိဿဋ္ဌတ္တာ၊ ထွက်မြောက် နေသည်၏ အဖြစ်ကြောင့်။ လောကနိဿရဏန္တိ၊ လောကနိဿရဏ ဟူ၍။ ဝါ၊ ပျက်စီးတတ်သော သဘောရှိသော စိတ်, စေတသိက်, ရုပ် တည်းဟူသော သင်္ခါရလောကမှ ထွက်မြောက်နေသော သဘောတရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်တို့တွင် နိဿရဏံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ

ငါးပါး အပေါင်းဟု ဆိုအပ်သော သန်တတရားမှ ထုက်မြောက်နေသောသဘော၏အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ နကုလပိတုဝဂ္ဂ ပဌမသုတ်အဖွင့်၌—

ယံ သဗ္ဗသန်တ နိဿဋ္ဌတ္တာ ပဟီနသဗ္ဗသန်တံ နိဗ္ဗာနံ၊ တေံ နိဿရဏပဟာနံ နာမ ဟူ၍လည်းကောင်း၊ အဋ္ဌသာလိနီ အဋ္ဌကထာ နိက္ခေပကဏ္ဍ ဒဿနေနပဟာတဗ္ဗတိက် အဖွင့်၌ ယံ သဗ္ဗသန်တနိဿဋ္ဌတ္တာ ပဟီနသဗ္ဗသန်တံ နိဗ္ဗာနံ၊ တေံ နိဿရဏပဟာနံ နာမ ဟူ၍ လည်းကောင်း ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သဗ္ဗသန်တနိဿဋ္ဌတ္တာ၊ အလုံးစုံသော ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သန်တတရားမှ ထုက်မြောက်သည်၏ အဖြစ်ကြောင့်။ ပဟီနသဗ္ဗသန်တံ၊ ပယ်စွန့်အပ်ပြီးသော အလုံးစုံသော သန်တ တရားရှိသော။ ဝါ၊ အလုံးစုံသော သန်တတရားကို စွန့်ပယ်၍ တည်သော။ ယံ နိဗ္ဗာနံ၊ အကြင် မိုး ၁၁·ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသန်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့်ထင်ရှားရှိ၏။ တေံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော အလုံးစုံသော သန်တတရားတို့ကို ပယ်စွန့်၍ တည်နေသော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ နိဿရဏပဟာနံ နာမ၊ နိဿရဏပဟာန မည်၏။

ဤပြဆိုအပ်ကုန်သော အဋ္ဌကထာ စကားတို့တွင် ယံ နိဗ္ဗာနံ ဟူသော ပါဠိဖြင့် အသန်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အနိယမ အားဖြင့် ပြဆိုတော်မူအပ်၏။ (သဗ္ဗသန်တ နိဿဋ္ဌတ္တာ)ဟူသော ပါဠိဖြင့် ၎င်းအသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် အလုံးစုံကုန်သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သန်တတရားတို့မှ ထုက်မြောက်, လွန်မြောက်နေသည်၏အဖြစ်ကို ပြဆိုတော်မူအပ်၏။ (ပဟီနသဗ္ဗသန်တံ)ဟူသောပါဠိဖြင့် ၎င်းသန်တတရားတို့မှ လွန်မြောက်နေသော အသန်တဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည် အလုံးစုံကုန်သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သန်တတရားတို့ကို ပယ်စွန့်၍ ၎င်းတို့နှင့် မရောမယှက် တဘက်စီပြု၍ တည်ရှိသည်၏အဖြစ်ကို ပြဆိုတော်မူအပ်၏။ တေံဟူသောပါဠိဖြင့် ထိုသန်တတရားတို့ကို စွန့်လွှတ်၍ တဘက်စီပြု၍ တည်နေသော ၎င်းအသန်တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ထပ်မံ၍ နိယမအားဖြင့် ပြဆိုတော်မူအပ်၏။ (နိဿရဏ)ဟူသော

ပါဠိဖြင့် ထိုသခ်ၤတရားတို့ကို စွန့်လွှတ်၍ တဘက်စီပြု၍ တည်နေသော ၎င်း အသခ်ၤတမောတ်နိရောဓသစ္စာနိဗ္ဗာန်သည် အလုံးစုံကုန်သော သခ်ၤတရားတို့မှ ထွက်မြောက်နေသည်၏ အဖြစ်ကြောင့် နိဿရဏ မည်သည်၏အဖြစ်ကို ပြဆို တော်မူအပ်၏။ ပဟာနံ ဟူသောပါဠိဖြင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတမောတ်နိရောဓသစ္စာနိဗ္ဗာန်သည် အလုံးစုံကုန်သော သခ်ၤတရားတို့ကို ပယ်စွန့်၍တည်သည်၏အဖြစ်ကြောင့် ပဟာန မည်သည်၏အဖြစ်ကိုလည်း ပြဆို တော်မူအပ်၏။ (နိဿရဏ,ပဟာနံ နာမ)ဟူသော နှစ်ပုဒ်တို့၏ အစွမ်းအားဖြင့် ကား ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတမောတ်နိရောဓသစ္စာနိဗ္ဗာန်သည် အလုံးစုံကုန်သော သခ်ၤတရားတို့မှ ထွက်မြောက်သည်၏ အဖြစ်ကြောင့်လည်း ကောင်း၊ အလုံးစုံကုန်သော သခ်ၤတရားတို့ကို စွန့်လွှတ်၍ တဘက်စီပြု၍ တည် နေသည်၏အဖြစ်ကြောင့်လည်းကောင်း နိဿရဏ,ပဟာန မည်သည်၏အဖြစ်ကို လည်း ပြဆိုတော်မူအပ်၏။

ထိုသို့ပြဆိုအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတမောတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော သခ်ၤတရားတို့မှ ထွက်မြောက်နေသည်၏အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ထိုမှတပါးလည်း ပဟာနဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ နိဿရဏပဟာနဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကိုလည်းကောင်း ထင်ရှား သိကြလေကုန်။

ဤပြဆိုအပ်ပြီးသော ပါဠိတော်, အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ် သေး၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ပဌမအုပ် ၁-သုတမယဉာဏနိဒ္ဒေသအဖွင့် စာမျက်နှာ ၁၁၃-၌—

သော ဧဝ သဗ္ဗသခ်ၤတော နိဿဋတ္တာ တဿ သခ်ၤတဿ နိဿရဏံ နာမ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သော ဧဝ၊ ထိုနိရောဓသစ္စာနိဗ္ဗာန်သည်သာလျှင်။ သဗ္ဗသခ်ၤတတော၊ အလုံးစုံ သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော သခ်ၤတတရားမှ။ နိဿဋတ္တာ၊ ထွက်မြောက် နေသည်၏အဖြစ်ကြောင့်။ တဿ သခ်ၤတဿ၊ ထိုသခ်ၤတတရား၏။ နိဿရဏံ နာမ၊ နိဿရဏ မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ဖွင့်ပြအပ်သော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာရှင်၏ စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော ခန္ဓာငါးပါးတည်းဟူသော သင်္ခတတရားမှ ထွက်မြောက်နေသည်၏အဖြစ်ကြောင့် နိဿရဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အစလဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို နိဿရဏ စသည်ဖြင့်သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အစလဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အစလဟု ခေါ်ဆိုအပ်သနည်းဟူမူ–၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည် အခါခပ်သိမ်း ဇာတိ, ဇရာ, မရဏ အစရှိကုန်သော တရားတို့ဖြင့် တုန်လှုပ်ခြင်းမရှိသည်၏ အဖြစ်ကြောင့် အစလဟု ခေါ်ဆိုအပ်လေသည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ထေရအပဒါန်ပါဠိတော် သာရိပုတ္တထေရအပဒါန် ၌ အသင်္ခတံ ဂဝေသန္တော၊ နိဗ္ဗာနံ အစလံ ပဒံ။ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား —

အသင်္ခတံ၊ အကြောင်းတရားတို့သည် မပြုပြင်အပ်ထသော။ ဝါ၊ ပြုပြင်အပ်ဖသော သင်္ခတတရား၏ ဆန့်ကျင်ဘက်ဖြစ်ထသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါး၏ငြိမ်းကြောင်းဖြစ်ထသော။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဝိပဿနာဉာဏ်တို့ဖြင့် ရောက်အပ်ထသော။ အစလံ၊ ဇာတိ, ဇရာ, မရဏ စသည်တို့ဖြင့် အခါခပ်သိမ်း တုန်လှုပ်ခြင်း မရှိသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ဂဝေသန္တော၊ ရှာမှီးသည်ဖြစ်၍။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အစလံဟူသော စကားတော်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိ ဇရာ မရဏစသည်တို့ဖြင့် အခါခပ်သိမ်း တုန်လှုပ်ခြင်းမရှိသည်၏အဖြစ်ကြောင့် အစလ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ထေရိအပဒါန်ပါဠိတော် ကေ့ုပေါသထိကဝဂ်-ပဇာပတိဂေါတမီ အပဒါန်၌—

ပညာပေတုံ ဂတိ ံ နတ္ထိ၊ ပတ္တာနံ အစလံ သုခံ။ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

သုခံ၊ ချမ်းသာလှစွာသော။ အစလံ၊ ဇာတိ, ဇရာ, မရဏာ စသော တရားတို့ဖြင့် အခါခပ်သိမ်း တုန်လှုပ်ခြင်းမရှိသော အသင်္ခတဓာတ် နိဗ္ဗာန်သို့။ ပတ္တာနံ၊ အရဟတ္တဖိုလ်ဖြင့်ရောက်ကုန်ပြီးသော ရဟန္တာတို့၏။ ဂတိံ၊ လားရာဂတိကို။ ပညာပေတုံ၊ ပညတ်ခြင်းငှါ။ နတ္ထိ၊ မရှိ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် အစလံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ဇာတိ, ဇရာ, မရဏစသည်တို့ဖြင့် အခါခပ်သိမ်း တုန်လှုပ်ခြင်းမရှိသည်၏အဖြစ်ကြောင့် အစလဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ပညာဝဂ် ဝိပဿနာကထာ၌—

> ပဥ္စန္နံ ခန္ဓာနံ နိရောဓော အစလံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ-
> နိယာမံ သြက္ကမတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော သဘောတရားသည်။ အစလံ၊ ဇာတိ, ဇရာ, မရဏ စသည်တို့ဖြင့် တုန်လှုပ်ခြင်း မရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုနိဗ္ဗာန်ကို။ ပဿန္တော၊ ရှုမြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မဂ္ဂနိယာမသို့။ သြက္ကမတိ၊ သက်ဝင်လေ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အစလံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိ, ဇရာ, မရဏစသော တရားတို့ဖြင့် အခါခပ်သိမ်း တုန်လှုပ်ခြင်းမရှိသည်၏အဖြစ်ကြောင့် အစလဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဒိသာဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အစလဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ ဒိသာဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓ

သစ္စာနိဗ္ဗာန်ကို ဒိသာ ဟူ၍ ခေါ်ဆိုအပ်သနည်း ဟူမူ-အလုံးစုံကုန်သော သခ်ါရတရားတို့၏ ငြိမ်းကြောင်း အစရှိသည်ဖြင့် ညွှန်ပြအပ်သောကြောင့် ဒိသာဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ပဥ္စကအင်္ဂုတ္တရ အဋ္ဌကထာရှင်သည် တတိယပဏ္ဏာသက ရာဇဝင်သောတသုတ္တအဖွင့် စာမျက်နှာ (၅၀) ၌—

ယာ သာ ဒိသာတိ သဗ္ဗသခ်ါရသမထာဒိဝသေန ဒိဿတိ အပဒိဿတိတိ နိဗ္ဗာနံ ဒိသာတိ ဝေဒိတဗ္ဗံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ သိကြလေကုန်။

မြန်မာပြန်ကား—

ယာ သာ ဒိသာတိ၊ ယာ သာ ဒိသာ ဟူသည်ကား။ သဗ္ဗ သခ်ါရ သမထာဒိဝသေန၊ အလုံးစုံကုန်သော သခ်ါရတရာတို့၏ ငြိမ်းကြောင်း အစရှိသည်တို့၏ အစွမ်းဖြင့်။ဒိဿတိ အပဒိဿတိ၊. ညွှန်ပြ အပ်၏။ ဤတိတသွာ၊ ထိုသို့ အလုံးစုံကုန်သော သခ်ါရတရားတို့၏ ငြိမ်းကြောင်းအစရှိသည်တို့၏ အစွမ်းဖြင့် ညွှန်ပြအပ်သော သတ္တိကြောင့်။ နိဗ္ဗာနံ၊ မီး (၁၁)ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ဒိသာတိ၊ ဒိသာ ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤသို့ ဖွင့်ပြအပ်သော အင်္ဂုတ္တရာရှင်၏ စကားတော်ကိုထောက်၍ ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ံတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံကုန်သော သခ်ါရတရားတို့၏ ငြိမ်းကြောင်း အစရှိသည်တို့ဖြင့် ညွှန်ပြအပ်သောကြောင့် ဒိသာဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအင်္ဂုတ္တရာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပဥ္စကနိပါတ် အင်္ဂုတ္တရပါဠိတော် ရာဇဝင် သောတသုတ္တအဖွင့် စာမျက်နှာ (၁၄၅) ၌—

ကုဓ ဘိက္ခဝေ ဘိက္ခု ယာ သာ ဒိသာ အဂတပုဗ္ဗာ ဣမိနာ အဒ္ဓုနာ ယဒိဒံ သဗ္ဗသခ်ါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာ-ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ၊ တံ ခိပ္ပညေဝ ဂန္တွာ ဟောတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းသည်။ ဒိဿေန၊ ရှည်လွန်းစွာသော။ ဣမိနာ အဒ္ဓုနာ၊ ဤသံသရာ အဓွန့်ဖြင့်။ အဂတပုဗ္ဗာ၊ အိပ်မက်ဖြင့်သော်လည်း ရှေးရှေး၌

မရောက်ဘူးအပ်သော။ ယာ သာ ဒိသာ၊ အကြင် သံ၏ရ တရားတို့၏ ငြိမ်းကြောင်းစသည်ဖြင့် ညွှန်ပြအပ်သော။ ဝါ၊ ညွှန်ပြခြင်းငှါထိုက်သော အသင်္ခတာဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ယဒိဒံ ယာ သော ဒိသာ၊ အကြင် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဒိသာဟူ ဆိုအပ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ သဗ္ဗသံ၏ရသမထော၊အလုံးစုံကုန်သော သံ၏ရတရားတို့၏ငြိမ်းကြောင်းလည်း ဖြစ်ပေ၏။သဗ္ဗုပဓိပဋိနိဿဂ္ဂါ၊ အလုံးစုံကုန်သော ဥပဓိတရားတို့ကို စွန့်ကြောင်းလည်းဖြစ်ပေ၏။တဏှာက္ခယော၊ တဏှာ၏ ကုန်ကြောင်းလည်း ဖြစ်ပေ၏။ ဝိရာဂေါ၊ ဒေလုံးစုံကုန်သော ရာဂစသော တရားတို့၏ ကင်းကြောင်းလည်းဖြစ်ပေ၏။ နိရောဓော၊ အလုံးစုံကုန်သော ရာဂစသောတရားတို့၏ နောင်ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံလည်းဖြစ်ပေ၏။ နိဗ္ဗာနံ၊ မီး (၁၁) ပါးတို့၏ ငြိမ်းကြောင်းလည်း ဖြစ်ပေ၏။ တံ ဒိသံ၊ ထိုအလုံးစုံကုန်သော သံ၏ရတရားတို့၏ ငြိမ်းကြောင်း စသည်ဖြင့် ညွှန်ပြအပ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ဂန္ဆာ၊မဂ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်စကားတော်တို့တွင် ဒိသာ ဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံကုန်သော သံ၏ရတရားတို့၏ ငြိမ်းကြောင်း စသည်ဖြင့် ညွှန်ပြအပ်သောကြောင့် ဒိသာဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဟောတော်မူအပ်သော ပါဠိတော် စကားရပ်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဓမ္မပဒပါဠိတော်၊ နာဂဝဂ်-ဟတ္ထာစရိယပုဗ္ဗကဘိက္ခုဝတ္ထုဠ်—

နံ ဟိ ဇေတဟိ ယာနေဟိ၊ ဂဗ္ဘေယျ အဂတံ ဒိသံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဇေတဟိ ယာနေဟိ၊ ထို ဆင်ယာဉ် မြင်းယာဉ် အစရှိကုန်သော ယာဉ်တို့ဖြင့်။ အဂတံ၊ အိပ်မက်ဖြင့်သော်လည်း မရောက်ဘူးသော။ ဒိသံ၊ အလုံးစုံ ကုန်သော သံ၏ရတရားတို့၏ ငြိမ်းကြောင်းစသည်ဖြင့် ညွှန်ပြအပ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ နံ ဟိ ဂဗ္ဘေယျ၊ မရောက်နိုင်သည်သာလျှင်တည်း။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်တို့တွင် ဒိသံဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော သံ၏ရတရားတို့၏ ငြိမ်းကြောင်း

စသည်ဖြင့် ညွှန်ပြအပ်သောကြောင့် ဒိသာဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ပါဠိတော်ပါဠိတော် ကေနိပါတ် ဇာတ်တလပတ္တဇာတ်၌ ပတ္ထယာနော ဒိသံ အဂတပုဗ္ဗံ ဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

အဂတပုဗ္ဗံ၊ အိပ်မက်ဖြင့်သော်လည်း ရှေးရှေး၌ မရောက်စဘူးသော။ ဒိသံ၊ အလုံးစုံကုန်သော သစ်ရိရတရားတို့၏ ငြိမ်းကြောင်းစသည်ဖြင့် ညွှန်ပြအပ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ပတ္ထယာနော၊ တောင့်တသော ပုဂ္ဂိုလ်သည်။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားရပ်တို့တွင် ဒိသံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အလုံးစုံကုန်သော သစ်ရိရ တရားတို့၏ ငြိမ်းကြောင်းစသည်ဖြင့် ညွှန်ပြအပ်သောကြောင့် ဒိသာဟု ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဓမ္မပဒ အဋ္ဌကထာ၊ ဒုတိယ အုပ် နာဂဝဂ် ဟတ္ထာစရိယပုဗ္ဗက ဘိက္ခုဝတ္ထုအဖွင့် စာမျက်နှာ (၃၁၀) ၌—

> ကောစိ ပုဂ္ဂလော သုပိနန္တေနပိ အဂတပုဗ္ဗတ္တာ အဂတန္တိ သင်္ခါတံ နိဗ္ဗာနဒိသံ ယထာ ဂစ္ဆယျ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊

ကေနိပါတ် ဇာတ်အဋ္ဌကထာ၊တေလပတ္တဇာတ်အဖွင့် စာမျက်နှာ(၄၂၅)၌–

> တဥ္စိ ခယံ ဝိရာဂန္တိအာဒီဟိ ဒိဿတိ အပဒိဿတိ၊ တသ္မာ ဒိသာတိ ဝုစ္စတိ။ အနမတဂ္ဂေ ပန သံသာရေ ကေနစိ ဗာလပုထုဇ္ဇနေန သုပိနေနပိ အဂတပုဗ္ဗတာယ အဂတပုဗ္ဗဒိသာ နာမာတိ ဝုတ္တံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

ကောစိ၊ တစုံတယောက်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သုပိနန္တေနပိ၊ အိပ်မက်ဖြင့်သော်လည်း။ အဂတပုဗ္ဗတ္တာ၊ ရှေးရှေး၌ မရောက်ဘူးအပ်သည်၏ အဖြစ်ကြောင့်။ အဂတန္တိ၊ အဂတဟူ၍။ သင်္ခါတံ၊ ခေါ်ဆိုအပ်သော။ နိဗ္ဗာန-ဒိသံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အလုံးစုံကုန်သော သစ်ရိရတရားတို့၏ ငြိမ်းကြောင်း စသည်ဖြင့် ညွှန်ပြအပ်သော အသင်္ခတဓာတ်နိရောဓသစ္စာ-

နိဗ္ဗာန်သို့။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဂစ္ဆယျ၊ ရောက်နိုင်ရာ၏။ ဤကား ဓမ္မပဒအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဟိ၊ ထိုစကား မှန်၏။ တံ၊ ထိုမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္ဆာနိဗ္ဗာန်ကို။ ခယံ ဝိရာဂန္တိအာဒီဟိ၊ ခယံ, ဝိရာဂံ ဤသို့ အစရှိသည်တို့ဖြင့်။ ဝါ၊ ရာဂ စသည်တို့၏ ကုန်ကြောင်း, ကင်းကြောင်း–ဤသို့ အစရှိသည်တို့ဖြင့်။ ဒိဿတိ အပဒိဿတိ၊ ညွှန်ပြအပ်၏။ တသ္မာ၊ ထိုသို့ ညွှန်ပြအပ်သော သတ္တိကြောင့်။ ဒိသာတိ၊ ဒိသာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ ထိုစကားကို ဆက်၍ ဆိုဦးအံ့။ အနမတဂ္ဂေ၊ ဘုရားဉာဏ်ဖြင့် အစဉ်လျှောက်၍ ဘယ်လိုပင် ကြည့်လေရှာသော်လည်း မသိအပ်သော အစရှိသော။ သံသာရေ၊ ခန္ဓာစသည်တို့၏ အဆက်မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သော သံသရာ၌။ ကေနစိ၊ တစုံတယောက်သော။ ဗာလပုထုဇ္ဇနေန၊ မိုက်သော ပုထုဇဉ်သည်။ သုပိနေနပိ၊ အိပ်မက်ဖြင့်လည်း။ အဂတပုဗ္ဗတာယ၊ ရှေးရှေး၌ မရောက်ဘူးအပ်သည်၏အဖြစ်ကြောင့်။ အဂတပုဗ္ဗဒိသာ နာမာတိ၊ အဂတပုဗ္ဗဒိသာ မည်၏ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဤကား ကေနိပါတ် ဇာတ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားရပ်တို့တွင် ဒိသာဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို အလုံးစုံကုန်သော သင်္ခါရတရားတို့၏ ငြိမ်းကြောင်းစသည်ဖြင့် ညွှန်ပြအပ်သောကြောင့် ဒိသာဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို ဒီပဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို ဒိသာဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဒီပဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္ဆာနိဗ္ဗာန်ကို ဒီပဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ–သံသရာ ရေအယဉ်ဖြင့် မျောကုန်သော အရိယာသူတော်ကောင်းတို့၏ တည်ရာဖြစ်သည်၏အဖြစ်ကြောင့် ဒီပဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ၊ နိဗ္ဗာန်အမည်အဖွင့်၌—

> ယထာ ပကတိ ဒီပေါ နဒီသောတေန ဝုယ္ဘမာနာနံ ပတိဋ္ဌာ ဟောတိ၊ ဧဝမိဒမ္ပိ နိဗ္ဗာနံ သံသာရမဟောဃေန ဝုယ္ဘမာနာနံ ပတိဋ္ဌာတိ ဒီပေါ-ဝိယာတိ ဒီပေါ။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ပကတိ၊ ပြကတ္တေသော။ ဒီပေါ၊ ကျွန်းသည်။ နဒီသောတေန၊ မြစ်ရေအယဉ် ဖြင့်။ ဝုယ္ဟမာနာနံ၊ မျောကူန်သောသူတို့၏။ ပတိဋ္ဌာ၊ တည်ရာသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣဒမ်ပိ နိဗ္ဗာနံ၊ ဤအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်လည်း။ သံသာရမဟောဃေန၊ သံသရာတည်းဟူသော ရေအယဉ်ဖြင့်။ ဝုယ္ဟမာနာနံ၊ မျောကူန်သော သူတော်ကောင်းတို့၏။ ပတိဋ္ဌာ၊ တည်ရာသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ တည်ရာဖြစ်သည်၏အဖြစ်ကြောင့်။ ဒီပေါ ဝိယ၊ ပြကတ္တေ တည်ရာဖြစ်သောကျွန်းနှင့် တူသည်တည်း။ ဣတိတသ္မာ၊ ထိုသို့ ပြကတ္တေ တည်ရာကျွန်းနှင့် တူသည်၏အဖြစ်ကြောင့်။ ဒီပေါ၊ ဒီပ မည်၏။

ဤအဘိဓာန်ဋီကာနည်းအတူ အဘိဓာနပဒီပိကာသူစီကျမ်း ဒီပအဖွင့်၌ လည်း ပြဆိုအပ်လေသည်သာလျှင်တည်း။ ဤသို့ပြဆိုအပ်သော ဋီကာရှင်တို့၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာန်ကို သံသရာရေအယဉ်ဖြင့် မျောကူန်သော သူတော်ကောင်းတို့၏ တည်ရာဖြစ်သည်၏အဖြစ်ကြောင့် ဒီပဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဋီကာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဒ္ဒါယတနသံယုတ်အဋ္ဌကထာ၊ အသင်္ခတသံယုတ်အဖွင့်၌ ပတိဋ္ဌဋ္ဌေန ဒီပံ-ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍ လည်း သိလေဦး။

မြန်မာပြန်ကား—

ပတိဋ္ဌဋ္ဌေန၊ သူတော်ကောင်းတို့၏ တည်ရာဟူသော အနက်ကြောင့်။ ဒီပံ၊ ဒီပ မည်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာ ရေအယဉ်ဖြင့် မျောကူန်သော သူတော်ကောင်းတို့၏ တည်ရာဖြစ်သည်၏ အဖြစ်ကြောင့် ဒီပဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဒ္ဒါယတနသံယုတ်ပါဠိတော်၊ အသင်္ခတသံယုတ်၌—

ကတမဉ္စ ဘိက္ခဝေ ဒီပံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒီပံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ဒီပံ၊ ဒီပမည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ဒီပံ၊ ဒီပ မည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာရေအယဉ်ဖြင့် မျောကုန်သော သူတော်ကောင်းတို့၏ တည်ရာဖြစ်သည်၏အဖြစ်ကြောင့် ဒီပဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အဘိဓာနပ္ပဒီပိကာကျမ်းနိဗ္ဗာန်အမည်၌ ဒီပေါဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ၌ ဒီပေါဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

ဒီပေါ၊ သံသရာရေအယဉ်ဖြင့် မျောကုန်သော သူတော်ကောင်းတို့၏ တည်ရာဖြစ်သော သဘောနိဗ္ဗာန်။

ဤသို့ပြဆိုအပ်သော ကျမ်းဂန်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာရေအယဉ်ဖြင့် မျောကုန်သော သူတော်ကောင်းတို့၏ တည်ရာဖြစ်သည်၏အဖြစ်ကြောင့် ဒီပဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

တနည်းကား–၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဘယ်ကြောင့် ဒီပဟု ခေါ်ဆိုအပ်သနည်းဟူမူ–အရိယာတို့၏ ဉာဏ်စက္ခုအားသာလျှင် ထင်ရှားပြတတ်သည်၏ အဖြစ်ကြောင့် ဒီပဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ၊ နိဗ္ဗာန်အမည်အဖွင့်၌ ဒီပတို ဝါ အရိယာနံ ဉာဏစက္ခုဿေဝ ပကာသေတီတိ ဒီပေါ-ဟူ၍လည်းကောင်း၊

ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော် မူလိုသောကြောင့် နေတို့အဋ္ဌကထာရှင်သည် ဝေဝစနဟာရအဖွင့်၌—

သမဃ သဒိသဃ အဘာဝေန အသမံ။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား —

သမဃ သဒိသဃ၊မိမိနှင့်တူသော တရား၏။အဘာဝေန၊ မရှိခြင်းကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဒ္ဒေသစ္စာနိဗ္ဗာန် သည်။ အသမံ၊ အသမမည်၏။

ဤသို့ အဋ္ဌကထာရှင် ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဒ္ဒေသစ္စာနိဗ္ဗာန်ကို မိမိနှင့် တူသော တစုံတခုသော တရားမရှိသည်၏ အဖြစ်ကြောင့် အသမဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတို့ပါဠိတော် ဝေဝစနဟာရ၌ အသမံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား —

အသမံ၊ မိမိနှင့်တူသော တစုံတခုသောတရားမရှိသော နိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဒ္ဒေသစ္စာ နိဗ္ဗာန်ကို မိမိနှင့် တူသော တစုံတခုသော တရားမရှိသည်၏ အဖြစ်ကြောင့် အသမဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဧဇ္ဇ ဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဒ္ဒေသစ္စာနိဗ္ဗာန်ကို အသမ ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဧဇ္ဇ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဒ္ဒေသစ္စာနိဗ္ဗာန်ကို ဧဇ္ဇဟု ခေါ်ဆိုအပ်သနည်းဟူမူ- ချီးမွမ်းအပ်ကုန်သော စျာန်မဂ်ဖိုလ်တရားတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော တရားသဘော၏ အဖြစ်ကြောင့် ဧဇ္ဇဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် နေတို့ အဋ္ဌကထာရှင်သည် ဝေဝစနဟာရအဖွင့်၌ ပါသံသတမတ္တာ ဝါ ဧဇ္ဇံ ဟူ၍ ဖွင့်ဆို အပ်လေသည်။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ပါသံသတမတ္တာ၊ ချီးမွမ်းအပ်ကုန်သော စျာန်, မဂ်, ဖိုလ် တရားတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော တရားသဘော၏အဖြစ်ကြောင့်။ ဇေဋ္ဌံ၊ ဇေဋ္ဌ မည်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို ချီးမွမ်းအပ်ကုန်သော စျာန်, မဂ်, ဖိုလ်တရားတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော တရားသဘော၏အဖြစ်ကြောင့် ဇေဋ္ဌဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး။ နေတို့ပါဠိတော်၊ ဝေဝစနဟာရ၌ ဇေဋ္ဌံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဇေဋ္ဌံ၊ ချီးမွမ်းအပ်ကုန်သော စျာန်, မဂ်, ဖိုလ်တရားတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သောသဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို ချီးမွမ်းအပ်ကုန်သော စျာန်, မဂ်, ဖိုလ်တရားတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော တရားသဘော၏အဖြစ်ကြောင့် ဇေဋ္ဌဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို ကေဝလဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို ဇေဋ္ဌဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ကေဝလဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို ကေဝလဟု ခေါ်ဆိုအပ်သနည်းဟူမူ – အလုံးစုံကုန်သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သင်္ခတတရားဟု ဆိုအပ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရတရားတို့နှင့် မရောမနှောသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ၎င်းသင်္ခါရတရားတို့နှင့် ယှဉ်ခြင်း မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ကေဝလဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် အာဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ၊ နိဗ္ဗာန်အမည်အဖွင့်၌—သင်္ခါရေဟိ အသမ္မိဿတာယ ဝိသံ-ယောဂတာယ စ ကေဝလံ-ဟူ၍လည်းကောင်း၊အာဘိဓာနပ္ပဒီပိကာသူစိ၊ ကေဝလ

အဖွင့် စာမျက်နှာ ၁၆၀-၌— သံသာရေဟိ အသမ္မိဿတာယ ဝိသံယော-ဂတာယ စ ကေဝလံ-ဟူ၍လည်းကောင်း ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

သခ်ါရေဟိ၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သခ်ၤတတရားဟု ဆိုအပ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့နှင့်။ အသမ္မိဿတာယ စ၊ မရောမနှောသည်၏အဖြစ်ကြောင့်လည်းကောင်း။ ဝိသံယောဂတာယ စ၊ ထိုသခ်ါရတရားတို့နှင့် ယှဉ်ခြင်းမရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ကေဝလံ၊ ကေဝလ မည်၏။ ဤကား အဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။

သံသာရေဟိ၊ သံသရာ၌ မပြတ်မလပ်ဖြစ်ကုန်သော သခ်ၤတဟု ဆိုအပ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့နှင့်။ အသမ္မိဿတာယ စ၊ မရောမနှောသည်၏အဖြစ်ကြောင့်လည်းကောင်း။ ဝိသံယောဂတာယ စ၊ သံသရာ၌ မပြတ်မလပ်ဖြစ်ကုန်သော သခ်ါရတရားတို့နှင့် ယှဉ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ကေဝလံ၊ ကေဝလ မည်၏။ ဤကား အဘိဓာနပဉ္စိကာသူစိပါဋ်၏ မြန်မာပြန်တည်း။

ဤသို့ဖွင့်ဆိုအပ်သော ဋီကာရှင်တို့၏ စကားကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သခ်ၤတဟုဆိုအပ်ကုန်သော စိတ် စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့နှင့် မရောမနှော, ယှဉ်ခြင်းမရှိဘဲ သက်သက် အသီးအခြားနေသော သဘောနိဗ္ဗာန်။

ဤသို့ပြဆိုအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သခ်ၤတဟုဆိုအပ်ကုန်သော စိတ် စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့နှင့် မရောမနှော, ယှဉ်ခြင်းမရှိဘဲ သက်သက် အသီးအခြားနေသော သဘောနိဗ္ဗာန်။

ဤသို့ပြဆိုအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သခ်ၤတဟုဆိုအပ်ကုန်သော စိတ် စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့နှင့် မရောမနှော, ယှဉ်ခြင်းမရှိဘဲ သက်သက် အသီးအခြားနေသော သဘောနိဗ္ဗာန်။

မြန်မာပြန်ကား—

ကေဝလံ၊ အလုံးစုံကုန်သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သခ်ၤတဟုဆိုအပ်ကုန်သော စိတ် စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့နှင့် မရောမနှော, ယှဉ်ခြင်းမရှိဘဲ သက်သက် အသီးအခြားနေသော သဘောနိဗ္ဗာန်။

ဤသို့ပြဆိုအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့

ကုန်သော သခ်ၤတဟုဆိုအပ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ၤါရတရားတို့နှင့် မရောမနှောသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ယှဉ်ခြင်း မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း ကေဝလဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အပဝဂ္ဂဟူ၍ ခေါ်ဆိုအပ်ကြောင်း

ဂုဏ်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကေဝလဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အပဝဂ္ဂဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ဂုဏ်းမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အပဝဂ္ဂဟု ခေါ်ဆိုအပ်သနည်းဟူမူ – အလုံးစုံကုန်သော သခ်ၤတတရားဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ၤါရတရားတို့၏ ဆုတ်နစ် ဖဲရာသဘော၏အဖြစ်ကြောင့် အပဝဂ္ဂဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် အာဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ၊ နိဗ္ဗာန်အမည်အဖွင့်၌ အပဝဂ္ဂန္တိ သခ်ၤါရာ ဇေတသွာတိ အပဝဂ္ဂေါ-ဟူ၍လည်းကောင်း၊ အာဘိဓာနပ္ပဒီပိကာသူစိကျမ်းဆရာသည် အပဝဂ္ဂအဖွင့် စာမျက်နှာ ၃၃-၌ အပဝဂ္ဂန္တိ သခ်ၤါရာ ဇေတသွာတိ အပဝဂ္ဂေါ-ဟူ၍လည်းကောင်း ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဇေတသွာ၊ ထိုမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်မှ။ သခ်ၤါရာ၊ သခ်ၤတတရားဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ၤါရတရားတို့သည်။ အပဝဂ္ဂန္တိ၊ ဆုတ်နစ်သောအားဖြင့် ဖဲကြလေကုန်၏။ ဣတိတသွာ၊ ထိုသို့ သခ်ၤါရတရားတို့၏ ဆုတ်နစ်ဖဲရာသဘောဖြစ်သော သတ္တိကြောင့်။ သော ဓမ္မော၊ ထိုမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်။ အပဝဂ္ဂေါ၊ အပဝဂ္ဂ မည်၏။ ဤကား အာဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။

ဇေတသွာ၊ ထိုမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်မှ။ သခ်ၤါရာ၊ သခ်ၤတတရားဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ၤါရတရားတို့သည်။ အပဝဂ္ဂန္တိ၊ ဆုတ်နစ်သောအားဖြင့် ဖဲလေကုန်၏။ ဣတိတသွာ၊ ထိုသို့ သခ်ၤါရတရားတို့၏ ဆုတ်နစ်ဖဲရာသဘော၏အဖြစ်ကြောင့်။ သော ဓမ္မော၊ ထိုမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်။ အပဝဂ္ဂေါ၊ အပဝဂ္ဂ မည်၏။ ဤကား အာဘိဓာနပ္ပဒီပိကာသူစိပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော ဦးကာရဏ်တို့၏ စကားကို ထောက်၍ ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သင်္ခတတရား ဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရတရားတို့၏ ဆုတ်နစ်ဖဲရာသဘော၏အဖြစ်ကြောင့် အပဝဂ္ဂဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤဦးကာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အာဘိဓာနပွဒီပိကာကျမ်း၊ နိဗ္ဗာန်အမည်ကို ပြရာ၌ အပဝဂ္ဂါဟု၍ ပြဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

အပဝဂ္ဂါ၊ သင်္ခတတရားဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရတရားတို့၏ ဆုတ်နစ်ဖဲရာသဘောနိဗ္ဗာန်။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သင်္ခတဖြစ်ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရတရားတို့၏ ဆုတ်နစ်ဖဲရာသဘော၏ အဖြစ်ကြောင့် အပဝဂ္ဂဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို ဝိဝဋ္ဋဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အပဝဂ္ဂဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဝိဝဋ္ဋဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဝိဝဋ္ဋဟု ခေါ်ဆိုအပ်သနည်းဟူမူ – ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့၏ မရှိရာသဘော၏ အဖြစ်ကြောင့် ဝိဝဋ္ဋဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် အဘိဓာန်ဦးကာရဏ်သည် သဂ္ဂကဏ္ဍ၊ နိဗ္ဗာန်အမည်အဖွင့်၌ ကိလေသကမ္မဝိပါကဝဋ္ဋာနမဘာဝတော ဝိဝဋ္ဋံ-ဟူ၍လည်းကောင်း၊ အဘိဓာနပွဒီပိကာသူစိကျမ်း၊ ဝိဝဋ္ဋအဖွင့် စာမျက်နှာ ၅၆၃-၌ ကိလေသကမ္မဝိပါကဝဋ္ဋာနံ အဘာဝတော ဝိဝဋ္ဋံ-ဟူ၍လည်းကောင်း ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ကိလေသကမ္မဝိပါကဝဋ္ဋာနံ၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တရားတို့၏။ အဘာဝတော၊ မရှိရာသဘော၏ အဖြစ်ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ဝိဝဋ္ဋံ၊ ဝိဝဋ္ဋ မည်၏။ ဤကား အဘိဓာန်ဦးကာပါဠ်၏ မြန်မာပြန်တည်း။ အဘိဓာနပွဒီပိကာသူစိပါဠ်၏ မြန်မာပြန်လည်း နည်းတူသာတည်း။

ဤသို့ ဖွင့်ဆိုအပ်သော ဋ္ဌိကာရှင်တို့၏စကားကိုထောက်၍ ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့၏ မရှိရာသဘော၏အဖြစ်ကြောင့် ဝိဝဋ္ဋ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤဋ္ဌိကာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဘိဓာန်ကျမ်း နိဗ္ဗာန်အမည်ကို ပြုရာ၌ ဝိဝဋ္ဋဟူ၍ ပြဆိုအပ်သည်ကိုထောက်၍ လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဝိဝဋ္ဋ၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့၏ မရှိရာသဘောဖြစ်သော နိဗ္ဗာန်။

ဤသို့ ပြဆိုအပ်သော အဘိဓာန်ကျမ်းဆရာ၏ စကားတော်ကို ထောက်၍ လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တရားတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့် ဝိဝဋ္ဋဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို နိဗ္ဗုတိဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သောအသင်္ခတဓာတ် နိဗ္ဗာန်ကို ဝိဝဋ္ဋဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ နိဗ္ဗုတိဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို နိဗ္ဗုတိဟု ခေါ်ဆိုအပ်သနည်းဟူမူ- သံသရာမှ ထွက်မြောက်ခြင်းကို မပေးမူ၍ ပိတ်ပင်တားဆီး ကွယ်ကာ တတ်သောကြောင့် ဝုတိဟု ခေါ်ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့် နိဗ္ဗုတိ ဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် အဘိဓာန် ဋ္ဌိကာ သဂ္ဂကဏ္ဍ နိဗ္ဗာန် အမည်အဖွင့်၌—

> အာဝုဏောတိ သံသာရတော နိက္ခန္တုမပ္ပဒါနဝသေနာတိ ဝုတိ၊ တဏှာ။ တတော နိက္ခန္တတ္တာ နိဗ္ဗုတိ ဟူ၍ လည်းကောင်း၊ အဘိဓာနပ္ပဒီပိကာသူစိကျမ်း နိဗ္ဗုတိ အဖွင့် (၃၃၆) မျက်နှာ၌ ဝုဏောတိ အာဝုဏောတိ သံသာရတော နိက္ခန္တုမပ္ပဒါနဝသေနာတိ ဝုတိ၊ တဏှာ။ တတော နိက္ခန္တတ္တာ နိဗ္ဗုတိ ဟူ၍ လည်းကောင်း ဖွင့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

သံသာရတော၊ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်မလပ်ဖြစ်ခြင်းဟုဆိုအပ်သော သံသရာမှ။ နိက္ခန္တုံ၊ ထွက်မြောက်ခြင်းငှါ။ အပ္ပဒါနဝသေန၊ မပေးသည်၏

အစ္ဆမ်းဖြင့်။ အာဝုဏ္ဏောတိ၊ ပိတ်ပင်တားဆီး ကွယ်ကာတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ပိတ်ပင်တားဆီး ကွယ်ကာတတ်သော သတ္တိကြောင့်။ ဝုတိ၊ ဝုတိမည်၏။ တဏှာ၊ တဏှာကို။ လဗ္ဘတိ၊ ရအပ်၏။ တတော၊ ထို ဝုတိ မည်သော တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သည်၏အဖြစ်ကြောင့်။ နိဗ္ဗုတိ၊ နိဗ္ဗုတိ မည်၏။ ဤကား အဘိဓာန်ဋီကာပါဠိ၏ မြန်မာပြန်တည်း။ အဘိဓာနပွဒီပိကာသူစိပါဠိ၏ မြန်မာပြန်လည်း နည်းတူသာတည်း။

ဤသို့ဖွင့်ဆိုအပ်သော ဋီကာရှင်တို့၏ စကားတော်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္ဆာနိဗ္ဗာန်ကို သံသရာမှ ထွက်မြောက်ခြင်းကို မပေးမူ၍ ပိတ်ပင်တားဆီး ကွယ်ကာ တတ်သောကြောင့် ဝုတိဟု ခေါ်ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့် နိဗ္ဗုတိဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဋီကာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဘိဓာနပွဒီပိကာကျမ်း နိဗ္ဗာန်အမည်ကိုပြရာ၌ နိဗ္ဗုတိ ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိဗ္ဗုတိ၊ သံသရာမှ ထွက်မြောက်ခြင်းကို မပေးမူ၍ ပိတ်ပင်တားဆီး ကွယ်ကာတတ်သောကြောင့် ဝုတိဟုခေါ်ဆိုအပ်သောတဏှာမှ ထွက်မြောက်တတ်သော သဘောနိဗ္ဗာန်။

ဤသို့ပြဆိုအပ်သော အဘိဓာနပွဒီပိကာကျမ်းဆရာ၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္ဆာနိဗ္ဗာန်ကို သံသရာမှ ထွက်မြောက်ခြင်းကို မပေးမူ၍ ပိတ်ပင်တားဆီး ကွယ်ကာတတ်သောကြောင့် ဝုတိဟု ခေါ်ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သည်၏အဖြစ်ကြောင့် နိဗ္ဗုတိဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်းကား–၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာနသစ္ဆာ နိဗ္ဗာန်ကို ဝုတိ တဏှာမှ ထွက်မြောက်သည်၏ အဖြစ်ကြောင့်သာ နိဗ္ဗုတိဟူ၍ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အလုံးစုံကုန်သော ကိလေသာ အစရှိကုန်သော ပူပန်စေတတ်ကုန်သောတရားတို့၏ မရှိရာသဘောဖြစ်၍ ဧမြခြင်းရှိသည်၏ အဖြစ်ကြောင့်လည်း နိဗ္ဗုတိ ဟူ၍ ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် ထေရဂါထာ အဋ္ဌကထာ ကေနိပါတ်၊ စတုတ္ထဝဂ်၊ သုပ္ပိယမထေရ်ဂါထာအဖွင့်၌—

နိဗ္ဗုတိန္တိ ယထာဝုတ္တသန္တာပါဘာဝတော နိဗ္ဗုတသဘာဝံ။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

နိဗ္ဗုတိန္တိ၊ နိဗ္ဗုတိ ဟူသည်ကား။ ယထာဝုတ္တသန္တာပါဘာဝတော၊ အကြင် အကြင် ဆိုအပ်ကုန်ပြီးသော ကိလေသာ အစရှိကုန်သော ပူပန်စေတတ်ကုန်သော တရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့်။ နိဗ္ဗုတသဘာဝံ၊ မြေခြင်းရှိသော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သဘောကို။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ကိလေသာ အစရှိကုန်သော ပူပန်စေတတ်ကုန်သော တရားတို့ မရှိရာသဘောဖြစ်၍ မြေခြင်းရှိသည်၏အဖြစ်ကြောင့် နိဗ္ဗုတိဟု ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ထေရဂါထာပါဠိတော်၊ ကေနိပါတ်၊ စတုတ္ထဝဂ်၊ သုပ္ပိယမထေရ်ဂါထာ၌ နိဗ္ဗုတိ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

နိဗ္ဗုတိ၊ မြေခြင်းရှိသော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သဘောကို။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ကိလေသာ အစရှိကုန်သော ပူပန်စေတတ်ကုန်သောတရားတို့ မရှိရာသဘောဖြစ်၍ မြေခြင်းရှိသည်၏အဖြစ်ကြောင့် နိဗ္ဗုတိဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အနင်္ဏဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သောအသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို နိဗ္ဗုတိဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အနင်္ဏဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အနင်္ဏဟု ခေါ်ဆိုအပ်သနည်းဟူမူ– သတ္တဝါတို့ကို ယုတ်ညံ့စေသည်၏အဖြစ်သို့ ရောက်စေတတ်သော ကိလေသာတည်းဟူသော အင်္ဏတရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အနင်္ဏဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် နေတို့အဋ္ဌကထာရှင်သည် ဝေဝစနဟာရအဖွင့်၌ အင်္ဏာဘာဝေန အနင်္ဏံ-ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

အင်္ဂါဘာဝဝေန၊ သတ္တဝါတို့ကို ယုတ်ညံ့စေသည်၏အဖြစ်သို့ ရောက်စေတတ်သော ကိလေသာတည်းဟူသော အင်္ဂါတရားတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့်။ အနင်္ဂံ၊ အနင်္ဂ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော နေတ္တိအဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သတ္တဝါတို့ကို ယုတ်ညံ့စေသည်၏အဖြစ်သို့ ရောက်စေတတ်သော ကိလေသာတည်းဟူသော အင်္ဂါတရားမရှိသည်၏အဖြစ်ကြောင့် အနင်္ဂဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ၌ အနင်္ဂံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အနင်္ဂံ၊ သတ္တဝါတို့ကို ယုတ်ညံ့စေသည်၏အဖြစ်သို့ ရောက်စေတတ်သော ကိလေသာတည်းဟူသော အင်္ဂါတရားမရှိရာသဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သော နေတ္တိပါဠိတော်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သတ္တဝါတို့ကို ယုတ်ညံ့စေသည်၏အဖြစ်သို့ ရောက်စေတတ်သော ကိလေသာတည်းဟူသော အင်္ဂါတရားတို့မရှိသည်၏အဖြစ်ကြောင့် အနင်္ဂဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အရဏဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အနင်္ဂဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အရဏဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အရဏဟု ခေါ်ဆိုအပ်သနည်းဟူမူ—သတ္တဝါတို့ ငိုကြွေးကြောင်းဖြစ်ကုန်သော ရာဂ အစရှိကုန်သော ကိလေသာတည်းဟူသော ရဏတရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အရဏဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် နေတ္တိအဋ္ဌကထာရှင်သည် ဝေဝစနဟာရ၊ အရဏအဖွင့်၌ ရဏာဘာဝေန အရဏံဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ရဏာဘာဝေန၊ သတ္တဝါတို့ ငိုကြွေးကြောင်းဖြစ်ကုန်သော ရာဂ အစရှိကုန်သော ကိလေသာတည်းဟူသော ရဏ တရားတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့်။ အရဏံ၊ အရဏမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော နေတို့ အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သတ္တဝါတို့ ငိုကြွေးကြောင်းဖြစ်ကုန်သော ရာဂအစရှိကုန်သော ကိလေသာတည်းဟူသော ရဏ တရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အရဏဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ နေတို့ ပါဠိတော် ဝေဝစန ဟာရ၌ အရဏံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အရဏံ၊ သတ္တဝါတို့ ငိုကြွေးကြောင်း ဖြစ်ကုန်မသော ရာဂအစရှိကုန်သော ကိလေသာ တည်းဟူသော ရဏ တရားမရှိရာ ဖြစ်သော သဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သော နေတို့ ပါဠိတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သတ္တဝါတို့ ငိုကြွေးကြောင်းဖြစ်ကုန်သော ရာဂအစရှိကုန်သော ကိလေသာတည်းဟူသော ရဏတရားတို့ မရှိရာသဘော၏အဖြစ်ကြောင့် အရဏဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အပပမာဏဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အရဏဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အပပမာဏဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အပပမာဏဟူ၍ ခေါ်ဆို အပ်သနည်း ဟူမူ- သတ္တဝါတို့ကို အချင်းချင်း နှိုင်းယှဉ်စေခြင်းကို ပြုတတ်ကုန်သော ကိလေသာ တည်းဟူသော ပမာဏတရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အပပမာဏဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် နေတို့ အဋ္ဌကထာရှင်သည် ဝေဝစနဟာရအဖွင့်၌—

ပမာဏကရဓမ္မာဘာဝတော အပပမာဏံ ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ပမာဏကရဓမ္မာဘာဝတော၊ သတ္တဝါတို့ကို အချင်းချင်း နှိုင်းယှဉ်စေခြင်းကို ပြုတတ်ကုန်သော ကိလေသာတည်းဟူသော ပမာဏ တရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့်။ အပ္ပမာဏံ၊ အပ္ပမာဏ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍ ၎င်းမင်္ဂုိလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သတ္တဝါတို့ကို အချင်းချင်း နှိုင်းယှဉ်စေခြင်းကို ပြုတတ်ကုန်သော ကိလေသာတည်းဟူသော ပမာဏ တရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အပ္ပမာဏ ဟု ခေါ်ဆို အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ နေတ္တိပါဠိတော် ဝေဝစန ဟာရ၌ အပ္ပမာဏံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အပ္ပမာဏံ၊ သတ္တဝါတို့ကို အချင်းချင်း နှိုင်းယှဉ်စေခြင်းကို ပြုတတ်ကုန်သော ကိလေသာတည်းဟူသော ပမာဏတရားတို့၏ မရှိရာသဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သော နေတ္တိ ပါဠိတော်ကို ထောက်၍လည်း ၎င်းမင်္ဂုိလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သတ္တဝါတို့ကို အချင်းချင်း နှိုင်းယှဉ်စေခြင်းကိုပြုလုပ်တတ်ကုန်သော ကိလေသာ တည်းဟူသော ပမာဏတရားတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့် အပ္ပမာဏဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အကာစဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂုိလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အပ္ပမာဏ ဟူ၍သာ ခေါ်ဆို အပ်သည် မဟုတ်သေး၊ အကာစ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏၊ အဘယ်ကြောင့် ၎င်းမင်္ဂုိလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကာစဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ အလုံးစုံကုန်သော အပြစ်ဒေါသ တရားဟူသမျှတို့၏ မရှိသည်၏အဖြစ်ကြောင့် အကာစဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် နေတ္တိအဋ္ဌကထာရှင်သည် ဝေဝစနဟာရအဖွင့်၌—

နိဒ္ဒေါသတာယ အကာစံ။ ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

နိဒ္ဒါသတာဃ၊ အပြစ်ဒေါသ ဟူသမျှတို့၏မရှိသည်၏ အဖြစ်ကြောင့်။ အကာစံ၊ အကာစ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သည်ကိုထောက်၍ ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော အပြစ်ဒေါသ ဟူသမျှတို့၏ မရှိသည်၏ အဖြစ်ကြောင့် အကာစဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ နိဗ္ဗာန်ပရိယာယ်၌ အကာစံ-ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အကာစံ၊ အပြစ်ဒေါသ ဟူသမျှတို့၏ မရှိသော သဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သော နေတ္တိပါဠိတော်၏စကားကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော အပြစ်ဒေါသ ဟူသမျှတို့၏ မရှိသည်၏အဖြစ်ကြောင့် အကာစဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို ဝိမလဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကာစဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဝိမလဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဝိမလဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ – အလုံးစုံကုန်သော ရာဂအစရှိကုန်သော အညစ်အကြေးဟူသမျှတို့မှ ကင်းစင်သည်၏ အဖြစ်ကြောင့် ဝိမလဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် နေတ္တိအဋ္ဌကထာရှင်သည် ဝေဝစနဟာရ၊ ဝိမလ အဖွင့်၌ ရာဂါဒိမလာပဂမေန ဝိမလံ-ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ရာဂါဒိမလာပဂမေန၊ ရာဂ အစရှိကုန်သော အညစ်အကြေးဟူသမျှတို့မှ ကင်းစင်သည်၏အဖြစ်ကြောင့်။ ဝိမလံ၊ ဝိမလ မည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍ ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ရာဂအစရှိကုန်သော အညစ်အကြေးဟူသမျှတို့မှ ကင်းစင်သည်၏အဖြစ်ကြောင့်

ဝိမလဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ၊ နိဗ္ဗာန်ပရိယာယ်၌ ဝိမလံ-ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သလေဉ်း။

မြန်မာပြန်ကား—

ဝိမလံ၊ ရာဂ အစရှိကုန်သော အညစ်အကြေးဟူသမျှတို့မှ ကင်းစင်နေသော သဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ရာဂ အစရှိကုန်သော အညစ်အကြေးဟူသမျှတို့မှ ကင်းစင်သည်၏အဖြစ်ကြောင့် ဝိမလဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အကိဉ္စနဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဝိမလဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အကိဉ္စနဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အကိဉ္စနဟု ခေါ်ဆိုအပ်သနည်းဟူမူ – ရာဂအစရှိသော ဖွဲ့နှောင်တတ်သောတရား, ရာဂအစရှိသော သိမ်းဆည်းတတ်သောတရားတို့ မရှိရာသဘော၏အဖြစ်ကြောင့် အကိဉ္စနဟု ခေါ်ဆိုအပ်လေသည်။ ထို့ကြောင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် နေတ္တိအဋ္ဌကထာရှင်သည် ဝေဝစနဟာရ၊ အကိဉ္စနအဖွင့်၌ ရာဂါဒိကိဉ္စနာဘာဝေန ပရိဂ္ဂဟာဘာဝေန စ အကိဉ္စနံ-ဟူ၍ ဖွင့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ရာဂါဒိကိဉ္စနာဘာဝေန စ၊ ရာဂအစရှိကုန်သော ဖွဲ့နှောင်တတ်ကုန်သော တရားတို့၏မရှိရာသဘော၏ အဖြစ်ကြောင့်လည်းကောင်း။ ပရိဂ္ဂဟာဘာဝေန စ၊ ရာဂအစရှိကုန်သော တရားတို့၏ သိမ်းဆည်းခြင်းမရှိရာသဘော၏အဖြစ်ကြောင့်လည်းကောင်း။ အကိဉ္စနံ၊ အကိဉ္စန မည်၏။

ဤသို့ဖွင့်ပြအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကိုထောက်၍ ၎င်း မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ရာဂအစရှိသော ဖွဲ့နှောင်တတ်သောတရား, ရာဂအစရှိသော သိမ်းဆည်းတတ်သော တရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် အကိဉ္စနဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား

သိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိပါဠိ-တော်၊ ဝေဝစနဟာရ၊ နိဗ္ဗာန်ပရိယာယ်၌ အကိဉ္စန်-ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အကိဉ္စန်၊ ရာဂအစရှိသော ဖွဲ့နှောင်တတ်သောတရား, ရာဂအစရှိသော သိမ်းဆည်းတတ်သောတရားတို့၏ မရှိရာ သဘောနိဗ္ဗာန်။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံ ဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ရာဂအစရှိသော ဖွဲ့နှောင်တတ်သောတရား, ရာဂအစရှိသော သိမ်းဆည်းတတ်သော တရားတို့၏ မရှိရာ သဘော၏အဖြစ်ကြောင့် အကိဉ္စနဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို နိပ္ပပဉ္စဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကိဉ္စနဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ နိပ္ပပဉ္စဟူ၍လည်း ခေါ်ဆို အပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နိပ္ပပဉ္စဟု ခေါ်ဆိုအပ်သနည်းဟူမူ—သံသရာကို ခွဲထွင်တတ်ကုန်သော တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် နိပ္ပပဉ္စဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် သဋ္ဌာယတနသံယုတ်-အဋ္ဌကထာ၊ အသင်္ခတသံယုတ်အဖွင့်၌ တဏှာမာနဒိဋ္ဌိပပဉ္စာန အဘာဝေန နိပ္ပပဉ္စံ-ဟူ၍လည်းကောင်း၊

နေတ္တိအဋ္ဌကထာရှင်သည် ဝေဝစနဟာရ၊ နိဗ္ဗာန်ပရိယာယ်အဖွင့်၌ ရာဂါဒိ-ပပဉ္စာဘာဝေန နိပ္ပပဉ္စံ-ဟူ၍လည်းကောင်း ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

တဏှာ မာန ဒိဋ္ဌိပပဉ္စာနံ၊ မူတ်သိပ်တတ်သော တဏှာ, ထောင်လွှားတတ်သော မာန, အမြင်မှားတတ်သော မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်ကုန်သော သံသရာကို ခွဲထွင်တတ်ကုန်သော ပပဉ္စတရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့်။ နိပ္ပပဉ္စံ၊ နိပ္ပပဉ္စ မည်၏။ ဤကား သံယုတ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ ရာဂါဒိ၊ ရာဂအစရှိကုန်သော။ ပပဉ္စာဘာဝေန၊ သံသရာကို ခွဲထွင်တတ်ကုန်သော ပပဉ္စ တရားတို့၏ မရှိရာသဘော၏ အဖြစ်ကြောင့်။ နိပ္ပပဉ္စံ၊ နိပ္ပပဉ္စ မည်၏။ ဤကား နေတ္တိအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ဖြင့်ဆိုအပ်ကုန်သော အဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာကို ခဲ့ထွင်တတ်ကုန်သော တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် နိပ္ပပဉ္စဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သဋ္ဌာယတနသံယုတ် ပါဠိတော် အသခ်္ခတသံယုတ်၌—

ကတမဉ္စ ဘိက္ခဝေ နိပ္ပပဉ္စံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခ-ယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ နိပ္ပပဉ္စံ-ဟူ၍လည်းကောင်း၊

နေတ္တိပါဠိတော်၊ ဝေဝစနဟာရ၊ နိဗ္ဗာန်ပရိယာယ်၌ နိပ္ပပဉ္စ-ဟူ၍ လည်းကောင်း ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ နိပ္ပပဉ္စံ၊ နိပ္ပပဉ္စမည်သော တရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခ-ယော၊ အကြင် ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်း ကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟ တရားတို့၏ကုန်ကြောင်းဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ နိပ္ပပဉ္စံ၊ နိပ္ပပဉ္စ မည်သော သဘောတရားဟူ၍။ ပုစ္ဆတိ၊ ဆိုအပ်၏။ ဤကား သံယုတ် ပါဠိတော်၏ မြန်မာပြန်တည်း။

နိပ္ပပဉ္စံ၊ သံသရာကို ခဲ့ထွင်တတ်ကုန်သော တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားတို့၏ မရှိရာသဘောနိဗ္ဗာန်။ ဤကား နေတ္တိပါဠိတော်၏ မြန်မာ ပြန်တည်း။

ဤသို့ ဟောတော်မူအပ်ကုန်သော ပါဠိတော်တို့၏ စကားတော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ်နိရောဓသစ္စာ-နိဗ္ဗာန်ကို သံသရာကို ခဲ့ထွင်တတ်ကုန်သော တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားတို့၏ မရှိရာသဘော၏အဖြစ်ကြောင့် နိပ္ပပဉ္စဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

နိဗ္ဗာန်ကို အကတဟူ၍ ခေါ်ဆိုအပ်ကြောင်း

ငင်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို နိပ္ပပဉ္စဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အကတဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ငင်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အကတဟု ခေါ်ဆိုအပ်သနည်းဟူမူ–တစုံတခုသောအကြောင်းတရားသည် မပြုပြင်အပ်သည်၏အဖြစ်ကြောင့် အကတဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် နေတ္တိအဋ္ဌကထာ၊ ဝေဝစနဟာရအဖွင့်၌ နကေနစိ ပစ္စယေန ကတန္တိ အကတံ-ဟူ၍လည်းကောင်း၊ အဘိဓာန်ဋီကာ၊ သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည်အဖွင့်၌ ပစ္စယေဟိ အကတတ္တာ အကတံဟူ၍လည်းကောင်း၊ အဘိဓာနပဒီပိကာသူစီအကတ အဖွင့် မျက်နှာနုပါတ် ၃-၌ ပစ္စယေဟိ နကတန္တိ အကတံ ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူအပ်လေသည်။

ယံ နိဗ္ဗာနံ၊ အကြင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ကေနစိ၊ တစုံတခုသော။ ပစ္စယေန၊ အကြောင်းတရားသည်။ နကတံ၊ မပြုပြင်အပ်။ ဣတိတဿဝါ၊ ထိုသို့ မပြုပြင်အပ်သော သတ်တိကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အကတံ၊ အကတမည်၏။ ဣဂိကား နေတ္တိအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ပစ္စယေဟိ၊ အကြောင်းတရားဟူသမျှတို့သည်။ အကတတ္တာ၊ မပြုပြင်အပ်သည်၏ အဖြစ်ကြောင့်။ အကတံ၊ အကတမည်၏။ ဣဂိကား အဘိဓာနဋီကာပါဠိ၏ မြန်မာပြန်တည်း။ ယံ နိဗ္ဗာနံ၊ အကြင်မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ပစ္စယေဟိ၊ အကြောင်းတရား ဟူသမျှတို့သည်။ နကတံ၊ မပြုပြင်အပ်။ ဣတိတဿဝါ၊ ထိုသို့ အကြောင်းတရားဟူသမျှတို့ မပြုပြင်အပ်သည်၏အဖြစ်ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အကတံ၊ အကတမည်၏။ ဣဂိကား အဘိဓာနပဒီပိကာသူစီပါဠိ၏ မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား—ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတ တရားတို့ကိုသာလျှင် အကြောင်း တရားတို့သည် အခါခပ်သိမ်း ပြုပြင်အပ်ကုန်၏။ ငင်းအကြောင်းတရားတို့ ပြုပြင်အပ်သော သင်္ခတတရား၏ ဆန့်ကျင်ဘက်ဖြစ်လျက် တဘက်စီပြု၍ အမြဲတည်ရှိနေသော မဖြစ်မပျက်သော လက္ခဏာရှိသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မူကား အဘယ်မှာ အကြောင်းတရားတို့ ပြုပြင် အပ်ပါအံ့နည်း။ စင်စစ် မပြုပြင်

အပ်သည် သာလျှင်တည်း။ ထိုသို့ အကြောင်းတရားတို့ မပြုပြင်အပ်သည်၏ အဖြစ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကတဟု ခေါ်ဆိုအပ်သည်ဟူလို။ ဤကား အဋ္ဌကထာ ဋီကာရှင်တို့၏ အလိုတော် အဓိပ္ပါယ်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာ ဋီကာရှင်တို့၏အလိုတော်ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တစုံတခုသော အကြောင်းတရားသည် မပြုပြင်အပ်သည်၏ အဖြစ်ကြောင့် အကတဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာဋီကာရှင်တို့၏ စကားကို ထောက်၍သာ သိအပ်သည် မဟုတ်သေး၊ နေတ္တိပါဠိတော် ဝေဝစနဟာရ နိဗ္ဗာန်ပရိယာယ်ကိုပြရာ၌ အကတံဟူ၍ လည်းကောင်း၊ အဘိဓာနပ္ပဒီပိကာ နိဗ္ဗာန်အမည်ကိုပြရာ၌ အကတံ ဟူ၍ လည်းကောင်း မိန့်ဆိုတော်မူအပ်သည်တို့ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

အကတံ၊ အကြောင်းတရားတို့သည် အခါခပ်သိမ်း မပြုပြင်အပ်သော သဘောနိဗ္ဗာန်။

ဤသို့ ပြဆိုအပ်ကုန်သော နေတ္တိပါဠိတော် အဘိဓာနပ္ပဒီပိကာကျမ်းတို့၏ စကားတော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကြောင်းတရားဟူသမျှတို့သည် အခါခပ်သိမ်း မပြုပြင်အပ်သည်၏ အဖြစ်ကြောင့် အကတ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤကျမ်းတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဥဒါန်းပါဠိတော် ပါဠလိဂါမဝဂ် သုံးခုမြောက် ဥဒါန်း၌–အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ–ဟူ၍လည်းကောင်း၊ ဣတိဝုတ်ပါဠိတော် ဒုကနိပါတ် ဒုတိယဝဂ် ခြောက်ခုမြောက်သုတ်၌–အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ–ဟူ၍လည်းကောင်း ဟောတော်မူအပ်သည်တို့ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ နိဗ္ဗာန်သဘောကိုမသိကုန်သော ချစ်သားရဟန်းတို့။ အဇာတံ၊ ဖြစ်ပေါ်သော လက္ခဏာရှိသော ဇာတိတရား၏ ဆန့်ကျင်ဘက် ဖြစ်သော မဖြစ်ပေါ်သော သဘောလက္ခဏာမျှသာ ရှိထသော။ အဘူတံ၊ ဖြစ်ပေါ်သော လက္ခဏာမှ အခါခပ်သိမ်း ကင်းသည်သာလျှင်ဖြစ်ထသော။အကတံ၊အကြောင်းတရားတို့သည် အခါခပ်သိမ်း မပြုပြင်အပ်ထသော။ အသင်္ခတံ၊ ပြုပြင် အပ်ကုန်

သော သခ်ၤတဂရားတို့၏ ဆန့်ကျင်ဘက်ဖြစ်လျက် တည်နေသော အသခ်ၤဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိပရမတ္ထအားဖြင့် ထင်ရှားရှိနေ၏။

ဤသို့ ဟောတော်မူအပ်ကုန်သော ပါဠိတော်တို့၏ စကားရပ်တို့တွင် အကတံ ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တစုံတခုသော အကြောင်းတရားသည် အခါခပ်သိမ်း မပြုပြင်အပ်သည်၏အဖြစ်ကြောင့် အကတဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို သစ္ဆဟု၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အကတ ဟု၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ သစ္ဆ ဟု၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သစ္ဆဟု ခေါ်ဆိုအပ်သနည်းဟူမူ– အခါခပ်သိမ်း ရာဂ အစရှိကုန်သော တရားတို့၏ ကုန်ခြင်း၏အကြောင်းခံအဖြစ်ဖြင့် မချုတ်မယုင်း မှန်ကန်သောသဘော၏ အဖြစ်ကြောင့်လည်းကောင်း၊ လေးပါးသော အရိယာသစ္စာတရား၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်လည်းကောင်း သစ္ဆဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော် မူလိုသောကြောင့် အဘိဓာန်ဋီကာရှင်သည် သဂ္ဂကဏ္ဍ နိဗ္ဗာန်အမည်အဖွင့်၌—

> ရာဂက္ခယဟေတုဘာဝေန အဝိပရီတတ္တာ, စတုသစ္စပရိယာပန္နတ္တာ ဝါ သစ္ဆံ။ ဟု၍ လည်းကောင်း၊ အဘိဓာနပ္ပဒီပိကာသူဋီ၊ သစ္ဆ အဖွင့် (၅၀၅) မျက်နှာ၌ ရာဂက္ခယဟေတုဘာဝေန အဝိပရီတတ္တာ စတုသစ္စ-ပရိယာပန္နတော ဝါ သစ္ဆံ။ ဟု၍ လည်းကောင်း ဖွင့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ရာဂက္ခယဟေတုဘာဝေန၊ ရာဂကုန်ခြင်း၏ အကြောင်းခံ၏အဖြစ်ဖြင့်။ အဝိ-ပရီတတ္တာ ဝါ၊ မချုတ်မယုင်း မှန်ကန်သောသဘော၏ အဖြစ်ကြောင့် လည်း-ကောင်း။ စတုသစ္စပရိယာပန္နတ္တာ ဝါ၊ လေးပါးသော အရိယာ သစ္စာတရား၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သစ္ဆံ၊ သစ္ဆ မည်၏။ ဤကား အဘိဓာန်ဋီကာပါဠိ၏မြန်မာပြန်တည်း။ ရာဂက္ခယဟေတုဘာဝေန၊ ရာဂကုန်ခြင်း၏ အကြောင်းခံ၏ အဖြစ်ဖြင့်။ အဝိပရီတတ္တာ ဝါ၊ မချုတ်မယုင်း မှန်ကန်သော သဘော၏ အဖြစ်ကြောင့် လည်းကောင်း။ စတုသစ္စပရိယာပန္နတော ဝါ၊

လေးပါးသော အရိယာ သစ္စာတရား၌ အကျုံးဝင်သောကြောင့်လည်းကောင်း။ သစ္စံ၊ သစ္စမည်၏။ ဤကား အဘိဓာနပဒီပိကာသူစိပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော ဋီကာရှင်တို့၏ စကားကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို အခါခပ်သိမ်းရာဂ အစရှိသော တရားတို့၏ ကုန်ခြင်း၏အကြောင်းခံ အဖြစ်ဖြင့် မချုတ်မယွင်း မှန်ကန်သော သဘော၏အဖြစ်ကြောင့် လည်းကောင်း၊ လေးပါးသော အရိယာသစ္စာတရား၌ အကျုံးဝင်သည်၏အဖြစ်ကြောင့်လည်းကောင်း သစ္စ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤဋီကာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဋ္ဌာယတနသံယုတ်ပါဠိတော်အသင်္ခတသံယုတ်၌ —

> ကတမဉ္စ ဘိက္ခဝေ သစ္စံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သစ္စံ ဟူ၍လည်းကောင်း၊ နေတ္တိပါဠိတော်၊ ဝေဝစနဟာရ နိဗ္ဗာန်ပရိယာယ်၌ သစ္စံ ဟူ၍ လည်းကောင်း၊ အဘိဓာနပဒီပိကာကျမ်း နိဗ္ဗာန် အမည်၌ သစ္စံ ဟူ၍ လည်းကောင်း ဟောတော်မူအပ်သည်တို့ကို ထောက်၍လည်း သိကြလေဦး။

ဘိက္ခဝေ၊ ရဟန်းတို့။ သစ္စံ၊ သစ္စမည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ယော ရာဂက္ခယော၊ အကြင် ရာဂ၏ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတရားတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်တရားတော်ကို။ သစ္စံ၊ သစ္စမည်သော သဘောတရားဟူ၍။ ဝါ၊ မချုတ်မယွင်း မှန်ကန်သော သဘောတရားမည်၏ ဟူ၍။ ဝါ၊ လေးပါးသော အရိယာသစ္စာတရား၌ အကျုံးဝင်သော သဘောတရားမည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကား သဋ္ဌာယတနသံယုတ် ပါဠိတော်၏ မြန်မာပြန်တည်း။ သစ္စံ၊ ရာဂ အစရှိကုန်သော တရားတို့၏ ကုန်ကြောင်း၏ အဖြစ်ဖြင့် မချုတ် မယွင်း မှန်ကန်သော သဘောနိဗ္ဗာန်။ ဝါ၊ လေးပါးသော အရိယာသစ္စာတရား၌ အကျုံးဝင်သော သဘောနိဗ္ဗာန်။ ဤကား နေတ္တိပါဠိတော်, အဘိဓာနပဒီပိကာပါဠ်တို့၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော် မူအပ်ကုန်သော ပါဠိတော်တို့၏ စကားတော်တို့ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတမာတ် နိဗ္ဗာန-သစ္ဆာနိဗ္ဗာန်ကို ရာဂ အစရှိကုန်သော တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ အဖြစ်ဖြင့် မချုတ်မယွင်း မှန်ကန်သော သဘော၏အဖြစ်ကြောင့်လည်းကောင်း၊ လေးပါးသော အရိယာသစ္စာ တရား၌ အကျုံးဝင်သည်၏အဖြစ်ကြောင့် လည်းကောင်း သစ္ဆ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်သော ပါဠိတော်တို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သဠာယတန သံယုတ် အဋ္ဌကထာ၊ အသင်္ခတသံယုတ် သစ္ဆအဖွင့်၌ ပရမတ္ထသစ္ဆ-တာယ သစ္ဆံ ဟူ၍ လည်းကောင်း၊ နေတ္တိအဋ္ဌကထာ ဝေဝစနဟာရ နိဗ္ဗာန်ပရိယာယ်အဖွင့်၌ အဝိပရီတသဘာဝတ္တာ သစ္ဆံ ဟူ၍ လည်းကောင်း ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ပရမတ္ထသစ္ဆတာယ၊ မြတ်သော မိမိဟူသော့ မှတ်ကြောင်း လက္ခဏာအားဖြင့် မချုတ်မယွင်း မှန်ကန်သော သဘော၏ အဖြစ်ကြောင့်။ သစ္ဆံ၊ သစ္ဆမည်၏။ ဤကား သံယုတ် အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ အဝိပရီတ-သဘာဝတ္တာ၊ ရာဂအစရှိကုန်သော တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံ အဖြစ်ဖြင့် မချုတ်မယွင်းမှန်ကန်သော သဘော၏ အဖြစ်ကြောင့်။ သစ္ဆံ၊ သစ္ဆမည်၏။ ဤကား နေတ္တိအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ပြဆိုအပ်ကုန်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍ လည်း ၎င်းမင်္ဂိုလ်တို့၏အာရုံဖြစ်သော အသင်္ခတမာတ် နိဗ္ဗာနသစ္ဆာနိဗ္ဗာန်ကို ရာဂ အစရှိကုန်သော တရားတို့၏ ကုန်ခြင်း၏ အကြောင်းခံအဖြစ်ဖြင့် မချုတ်မယွင်း မှန်ကန်သော သဘော၏ အဖြစ်ကြောင့်လည်းကောင်း၊ ပရမတ္ထ သစ္ဆာဖြစ်၍ လေးပါးသော အရိယာသစ္စာ၌ အကျုံးဝင်သည်၏အဖြစ်ကြောင့် လည်းကောင်း သစ္ဆဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဥဒါန်းအဋ္ဌကထာ၊ ပါဠိလင်္ကာမဝဂ် ဒုတိယသုတ် စာမျက်နှာ ၃၅၆-သစ္ဆအဖွင့်၌—

သစ္ဆန္တိ နိဗ္ဗာနံ။ တံ ဟိ ကေနစိ ပရိယာယေန အသန္တသဘာဝါ-ဘာဝတော ကေန္တေနေဝ သန္တတ္တာ အဝိပရီတဋ္ဌေန သစ္ဆံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သစ္စန္တိ၊ သစ္စံ ဟူသည်ကား။ နိဗ္ဗာန်၊ မီး (၁၁) ပါးတို့၏ ငြိမ်းကြောင်း ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သာလျှင်တည်း။ ဟိ၊ ထိုစကား မှန်၏။ တံ၊ ထိုအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သဘောသည်။ ကေနစိ ပရိယာယေန၊ တစုံတခုသော အကြောင်းဖြင့်။ အသန္တသဘာဝါဘာဝတော၊ ထင်ရှားမရှိသော သဘော၏ မဟုတ်သည်၏ အဖြစ်ကြောင့်။ ဧကန္တနေဝ၊ စင်စစ်အားဖြင့်သာလျှင်။ သန္တတ္တာ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏အဖြစ်ကြောင့်။ အဝိပရီတဋ္ဌေန၊ မချွတ်မယွင်း မှန်ကန်သော အနက်ကြောင့်။ ဝါ၊ မချွတ်မယွင်း မှန်ကန်သောသဘောကြောင့်။ သစ္စံ၊ သစ္စမည်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏စကားကို ထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ရာဂ အစ ရှိကုန်သော တရားတို့၏ ကုန်ခြင်း၏အကြောင်းခံအဖြစ်ဖြင့် မချွတ်မယွင်း မှန်ကန်သော သဘော၏ အဖြစ်ကြောင့်လည်းကောင်း၊ ပရမတ္ထသစ္စာဖြစ်၍ လေးပါးသော အရိယာသစ္စာတရားဌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်လည်း ကောင်း သစ္စ ဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အနတ ဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သစ္စဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ အနတ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အနတ ဟု ခေါ်ဆို အပ်သနည်း ဟူမူ အာရုံပြုသော အားဖြင့် ညှတ်တတ်သော တဏှာတည်းဟူသော နတ–တရား မရှိရာ သဘော၏ အဖြစ်ကြောင့် အနတဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆို အပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဥဒါန်းအဋ္ဌကထာရှင်သည် ပါဠိလိင်္ဂါမဝဂ် ဒုတိယဥဒါန်း အနတ အဖွင့်၌ နတ္ထိ ဇ္ဈော နတန္တိ အနတံ။ ဟူ၍ လည်းကောင်း သဋ္ဌာယတန သံယုတ် အဋ္ဌကထာရှင်သည် အသင်္ခတသံယုတ် အနတ အဖွင့်၌ တဏှာနတိယာ အဘာဝေန အနတံ။ ဟူ၍လည်းကောင်း ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဇ္ဈော၊ ဤ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌။ နတံ၊ အာရုံပြုသောအားဖြင့် ညှတ်တတ်သော တဏှာသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ အာရုံပြုသော အားဖြင့် ညှတ်တတ်သော တဏှာ၏ မရှိရာသဘောဖြစ်သော သတ္တိကြောင့်။

တံ နိဗ္ဗာနံ၊ ထိုမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အနတံ၊ အနတ မည်၏။ ဤကား ဥဒါန်းအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

တဏှာနတိယာ၊ တဏှာဟူဆိုအပ်သော အာရုံသို့ညွတ်တတ်သောတရား၏။ အဘာဝေန၊ မရှိရာသဘော၏ အဖြစ်ကြောင့်။ အနတံ၊ အနတမည်၏။ ဤကား သံယုတ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ဖွင့်ဆိုအပ်ကုန်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍လည်း ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ညွတ်တတ်သောတဏှာတည်းဟူသော နတ-တရား မရှိရာသဘော၏ အဖြစ်ကြောင့် အနတဟူ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဥဒါန်းပါဠိတော် ပါဠိလိုဂါမဝဂ်၊ ဒုတိယဥဒါန်း၌ ဒုဒ္ဒသံ အနတံ နာမ။ ဟူ၍လည်းကောင်း၊ သဋ္ဌာယတန သံယုတ် ပါဠိတော်၊ အသင်္ခတသံယုတ်၌—

ကတမဉ္စ ဘိက္ခဝေ အနတံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အနတံ။

ဟူ၍လည်းကောင်း ဟောတော်မူအပ်သည်တို့ကို ထောက်၍လည်း သိလေဦး။

အနတံ နာမ၊ အနတမည်သော နိဗ္ဗာန်သည်။ ဝါ၊ အာရုံပြုသောအားဖြင့် ညွတ်တတ်သော တဏှာ၏ မရှိရာဖြစ်သော သဘောမည်သော နိဗ္ဗာန်သည်။ဒုဒ္ဒသံ၊ မြင်နိုင်ခဲသော သဘောတရားပေတည်း။ ဝါ၊ ငြိုငြို ငြင်ငြင် မြင်အပ်သော သဘောတရားပေတည်း။ ။ဤကား ဥဒါန်းပါဠိတော်၏ မြန်မာပြန်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ အနတံ၊ အနတမည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ တို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန် တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ အနတံ၊ အနတမည်သော သဘောတရားဟူ၍။ ဝါ၊ အာရုံပြုသော

အားဖြင့် ညွတ်တတ်သော တဏှာနတ မရှိရာသဘော၏ အဖြစ်ကြောင့် အနတ မည်သော သဘောတရားမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား သဋ္ဌာယတန သံယုတ် ပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော် မူအပ်ကုန်သော ပါဠိကော်တို့၏ စကားရပ်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ညွတ်တတ်သော တဏှာတည်းဟူသော နတတရားမရှိရာသဘော၏ အဖြစ်ကြောင့် အနတဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို အနိဒဿနဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အနတဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး။ အနိဒဿနဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အနိဒဿနဟု ခေါ်ဆိုအပ်သနည်းဟူမူ စက္ခုဝိညာဏ်ဖြင့်လည်းကောင်း၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့်လည်းကောင်း မသိမမြင်အပ်, မကပ်မရောက်အပ်သော သဘော၏ အဖြစ်ကြောင့် အနိဒဿနဟု ခေါ်ဆိုအပ်လေသည်။

ထိုသို့ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော် မူလိုသောကြောင့် သဋ္ဌာယတနသံယုတ် အဋ္ဌကထာရှင်သည် စက္ခုဝိညာဏေန အပဿိတဗ္ဗတ္တာ အနိဒဿနံ။ ဟူ၍လည်းကောင်း၊ သုတ်သီလကွန် အဋ္ဌကထာရှင်သည် ကေဝဋ္ဋ သုတ်-အနိဒဿနအဖွင့်၌ တဒေတံ နိဒဿနာဘာဝတော အနိဒဿနံ။ ဟူ၍ လည်းကောင်း၊ နေတ္တိအဋ္ဌကထာ ရှင်သည် ဝေဝစနဟာရ-နိဗ္ဗာန်အဖွင့်၌ မံသ-စက္ခုနာ ဒိဗ္ဗစက္ခုနာ စ အပဿိတဗ္ဗတ္တာ အနိဒဿနံ။ ဟူ၍လည်းကောင်း၊ မူလ ပဏ္ဏာသ အဋ္ဌကထာရှင်သည် ဗြဟ္မနိမန္တနိယသုတ်အဖွင့်၌ အနိဒဿနန္တိ စက္ခု-ဝိညာဏဿ အနုပဂမနတော အနိဒဿနံ နာမ။ ဟူ၍လည်းကောင်း ဖွင့်ဆိုအပ်လေသည်။

စက္ခုဝိညာဏေန၊ စက္ခုပသာဒကိုမှီ၍ ဖြစ်သော စက္ခုဝိညာဏ်စိတ်ဖြင့်။ အပဿိတဗ္ဗတ္တာ၊ မမြင်အပ်သောသဘော၏ အဖြစ်ကြောင့်။ အနိဒဿနံ၊ အနိ-ဒဿနမည်၏။ ဤကား သံယုတ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ ။ တဒေတံ တံ တေ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ နိဒဿနာဘာဝတော၊ မံသစက္ခုဟုဆိုအပ်သော စက္ခုဝိညာဏ်, ဒိဗ္ဗစက္ခုဟု ဆိုအပ်သော အဘိညာဉ်တို့ဖြင့် မြင်အပ်သော သဘောမရှိသည်၏ အဖြစ်ကြောင့်။ အနိဒဿနံ၊ အနိဒဿန မည်၏။ ဤကား သုတ်သီလကွန် အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ မံသစက္ခုနာ စ၊ မံသစက္ခု

ဟု ခေါ်ဆိုအပ်သော စက္ခုဝိညာဏ်ဖြင့်လည်းကောင်း။ ဒိဗ္ဗစက္ခုနှ စ၊ ဒိဗ္ဗ-စက္ခုဟု ခေါ်ဆိုအပ်သော အဘိညာဉ်ဖြင့်လည်းကောင်း။ အပဿိတဗ္ဗတ္တာ၊ မမြင်အပ်သောသဘော၏ အဖြစ်ကြောင့်။ အနိဒဿနံ၊ အနိဒဿန မည်၏။ ဤကား နေတ္တိအဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။ အနိဒဿနန္တိ၊ အနိဒဿနံ ဟူသည်ကား။ စက္ခုဝိညာဏဿ၊ စက္ခုပသာဒကို မှီ၍ဖြစ်သော စက္ခုဝိညာဏ်သည်။ အနုပဂမနတော၊ အာရုံပြုသောအားဖြင့် မကပ်မရောက်အပ်သောကြောင့်။ အနိဒဿနံ နာမ၊ အနိဒဿန မည်၏။ ဤကား မူလပဏ္ဏာသ အဋ္ဌ-ကထာပါဠ်၏ မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား——ၵင်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန သစ္စာနိဗ္ဗာန်၌ ပြီးပြီးပြတ်ပြတ် လက်လက်ပြောင်ပြောင် အစရှိသော အရောင်အဆင်းသည် အခါခပ်သိမ်း မရှိသည်၏အဖြစ်ကြောင့် စက္ခုဝိညာဏ်စိတ်ဖြင့်လည်းကောင်း ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်လည်းကောင်း မသိမမြင်အပ်သောသဘောတရား ဖြစ်၏။ ထိုသို့ စက္ခုဝိညာဏ်စိတ်ဖြင့်လည်းကောင်း ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်လည်းကောင်း မသိမမြင်အပ်သောကြောင့် ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အနိဒဿနဟု ခေါ်ဆိုအပ်သည် ဟူလို။ ဤကား အဋ္ဌကထာရှင်တို့၏ အလိုတော် အဓိပ္ပါယ်တို့တည်း။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍ ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို စက္ခုဝိညာဏ်စိတ်ဖြင့်လည်းကောင်း ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်လည်းကောင်း မသိမမြင်အပ်, မကပ်မရောက်အပ်သည်၏ အဖြစ်ကြောင့် အနိဒဿနဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ သုတ်သီလကွန်ပါဠိတော်၊ ကေဝဋ္ဋသုတ်၌လည်းကောင်း မူလပဏ္ဏာသပါဠိတော်၊ ဗြဟ္မနိမန္တနိယသုတ်၌လည်းကောင်း–ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ နေတ္တိပါဠိတော်၊ ဧဝံစနဟာရ၌ အနိဒဿနံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊ သဋ္ဌာယတနသံယုတ်ပါဠိတော်၊ အသင်္ခတသံယုတ်၌——

ကတမဉ္စ ဘိက္ခဝေ အနိဒဿနံ၊ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အနိဒဿနံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

သဗ္ဗတော၊ ခပ်သိမ်းသောအဘို့ အားဖြင့်။ ပဘံ၊ အညစ်အကြေး ဟူသမျှတို့မှ သန့်ရှင်းစင်ကြယ် ဖြူစင်နေထသော။ ဝါ၊ တနည်းကား။ ပဘံ၊ အလုံးစုံ

သော အညစ်အကြေး ဟူသမျှတို့မှ ဖြူစင်သန့်ရှင်းသော ဂုဏ်တို့ဖြင့် တောက်ပနေထသော။ အနန္တံ၊ ဖြစ်ခြင်း, ပျက်ခြင်း အပိုင်းအခြားမှ ကင်းထသော။ ဝါ၊ ဖြစ်ခြင်း, ပျက်ခြင်း, တပါးသော အဖြစ်ဟု ဆိုအပ်သော ဇရာဖြင့် ဖောက်ပြန်ခြင်းလည်း မရှိထသော။ ဝိညာဏံ၊ အရိယာတို့၏ ဉာဏ်ဖြင့်သာ သိအပ်ထသော။ အနိဒဿနံ၊ မံသစက္ခု, ဒိဗ္ဗစက္ခုတို့ဖြင့် မသိမမြင်အပ်သော အသံခ်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိ၏။ ဤကား သုတ်သိလက္ခန် ပါဠိတော်,မူလပဏ္ဏာသ ပါဠိတော်ပါဠ်တို့၏ မြန်မာပြန်တည်း။

အနိဒဿနံ၊ စက္ခုဝိညာဏ်, ဒိဗ္ဗစက္ခု အဘိညာဉ်တို့ဖြင့် မသိမမြင်အပ်, မကပ်မရောက်အပ်သော အသံခ်တဓာတ်နိရောဓသစ္စာနိဗ္ဗာန်။ ဤကား နေတ္တိ-ပါဠိတော်၏ မြန်မာပြန်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ အနိဒဿနံ၊ အနိဒဿနမည်သော သဘောတရားသည်။ ကတမဉ္စ၊ အဘယ်သည်သာလျှင်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ ယော မောဟက္ခယော၊ အကြင် မောဟ၏ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်တရားတော်သည်လည်းကောင်း။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရာဂ, ဒေါသ, မောဟ တို့၏ ကုန်ကြောင်းဖြစ်သော အသံခ်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ အနိဒဿနံ၊ အနိဒဿန မည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား သံယုတ်ပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော်မူအပ်ကုန်သော ပါဠိတော်တို့၏ စကားရပ်တို့တွင် အနိဒဿနံဟူသော စကားတော်ကိုထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသံခ်တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို စက္ခုဝိညာဏ်ဖြင့် လည်းကောင်း၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် လည်းကောင်း မသိမမြင်အပ်, မကပ်မရောက်အပ်သည်၏အဖြစ်ကြောင့် အနိဒဿနဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဝိသခ်ါရဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသံခ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အနိဒဿန ဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဝိသခ်ါရဟူ၍လည်း ခေါ်ဆိုအပ်သေး၏၊ အဘယ်ကြောင့် ၎င်းနိဗ္ဗာန်ကို ဝိသခ်ါရဟု ခေါ်ဆိုအပ်သနည်း ဟူမူ သခ်ါရတရားတို့မှ ကင်းလွတ်၍ တည်နေသောကြောင့် ဝိသခ်ါရဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော် မူလို

သောကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ၊ အဋ္ဌကဝဂ် ဂုဟဋ္ဌကသုတ် အဖွင့် စာမျက်နှာ (၈၈) ၌—

ဝိသခ်ါရဂတာနန္တိ သခ်ါရာရမ္မဏံ ဟိတ္ဝာ ဝိဂတသခ်ါရံ နိဗ္ဗာနံ အာရမ္မဏဝသေန ဥပဂတာနံ။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ဝိသခ်ါရဂတာနန္တိ၊ ဝိသခ်ါရဂတာနံ ဟူသည်ကား။ သခ်ါရာရမ္မဏံ၊ သခ်ါရာရုံကို။ ဟိတ္ဝာ၊ စွန့်၍။ ဝိဂတသခ်ါရံ၊ ကင်းသော သခ်ါရရှိသော။ ဝါ၊ သခ်ါရဟူသမျှမှ ကင်းလွတ်ခြင်းသို့ ရောက်၍တည်နေသော။ နိဗ္ဗာနံ၊ မီးတဆယ့် တပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ်တဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို။ အာရမ္မဏဝသေန၊ အာရုံ၏ အစွမ်းဖြင့်။ ဥပဂတာနံ၊ ရောက်ကုန်သောသူတို့၏။

ဤသို့ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ ထိုမှ တပါးလည်း ဓမ္မပဒပါဠိတော်၊ အာနန္ဒပုစ္ဆိတ ဥဒါနဝတ္ထု၌—

ဝိသခ်ါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဟူ၍ ဟောတော်မူအပ်သေး၏။

မြန်မာပြန်ကား—

ဝိသခ်ါရံ၊ စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ါရတို့မှ ကင်းလွတ်၍ တည်နေသော အသခ်တဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်သို့။ မေ၊ ငါဘုရား၏။ (ထည့်) စိတ္တံ၊ စိတ်တော်သည်။ ဂတံ၊ အာရုံပြုသောအားဖြင့် ဝင်ရောက်ပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။ အဇ္ဈဂါ၊ ရောက်တော်မူပြီ။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်တဓာတ် နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို သခ်တ တရားတို့မှ ကင်းလွတ်၍ တည်နေသောကြောင့် ဝိသခ်ါရ ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဓမ္မပဒအဋ္ဌကထာ၊ ဇရာဝဂ်၊ ၎င်းအာနန္ဒထေရ ဥဒါနဝတ္ထုအဖွင့်၌ ဝိသခ်ါရဂတံ စိတ္တန္တိ ဣဒါနိ မမ စိတ္တံ ဝိသခ်ါရံ နိဗ္ဗာနံ အာရမ္မဏကရဏဝသေန ဂတံ အနုပဝိဋ္ဌံ။ ဟူ၍ လည်းကောင်း၊ ပါရာဇိကဏ်အဋ္ဌကထာ၊ ဗာဟိရနိဒါန်း၌၊ ဝိသခ်ါရဂတံ စိတ္တံ။ ဟူ၍လည်းကောင်း၊ သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာပဒါန သုတ်အဖွင့်၌

လည်းကောင်း၊ သုတ်သီလက္ခန် အဋ္ဌကထာ နိဒါန်းအဖွင့်၌ လည်းကောင်း၊ ဝိသခ်ါရဂတံ စိတ္တံ။ ဟူ၍ လည်းကောင်း၊ သာရတ္ထဒီပနီဋီကာ၊ ဗာဟိရနိဒါန်းအဖွင့် (၆၅) မျက်နှာ၌ လည်းကောင်း၊ သုတ်သီလက္ခန် ဋီကာဟောင်း နိဒါန်းအဖွင့် မျက်နှာ (၁၆) ၌လည်းကောင်း၊ ဝိသခ်ါရံ နိဗ္ဗာနံ အာရမ္မဏကရဏဝသေန ဂတံ အနုပဝိဋ္ဌံ။ ဟူ၍လည်းကောင်း ပြဆိုအပ်သည်တို့ကို ထောက်၍ လည်း သိကြလေဦး။

ဝိသခ်ါရဂတံ စိတ္တန္တိ၊ ဝိသခ်ါရဂတံ စိတ္တံ ဟူသည်ကား။ ဣဒါနိ၊ ယခုအခါ၌။ မမ၊ ငါဘုရား၏။ စိတ္တံ၊ စိတ်တော်သည်။ ဝိသခ်ါရံ၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့မှ ကင်းလွတ်၍ တည်သော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်းဖြင့်။ ဂတံ အနုပဝိဋ္ဌံ၊ ဝင်ရောက်တော်မူပြီ။ ဤကား ဓမ္မပဒအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဝိသခ်ါရံ၊ သခ်ါရတရားတို့မှ ကင်းလွတ်၍တည်နေသော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့။ မေ၊ ငါဘုရား၏။ စိတ္တံ၊ စိတ်တော်သည်။ ဂတံ၊ အာရုံပြုသောအားဖြင့် ရောက်ပြီ။ ဤကား ပါရာဇိကဏ်အဋ္ဌကထာ, သုတ်မဟာဝါအဋ္ဌကထာ, သုတ်သီလက္ခန် အဋ္ဌကထာပါဠိတို့၏ မြန်မာပြန်တည်း။

ဝိသခ်ါရံ၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့မှ ကင်းလွတ်၍ တည်နေသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သို့။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်းဖြင့်။ ဂတံ အနုပဝိဋ္ဌံ၊ ဝင်ရောက်ပြီ။ ဤကား သာရတ္ထဒီပနီဋီကာ, သုတ်သီလက္ခန် ဋီကာဟောင်း ပါဠိတို့၏ မြန်မာပြန်တည်း။

ဤသို့ ပြဆိုအပ်ကုန်ပြီးသော အဋ္ဌကထာ, ဋီကာရှင်တို့၏ စကားတော်တို့ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သခ်ါရတရားတို့မှ ကင်းလွတ်၍ တည်နေသောကြောင့် ဝိသခ်ါရဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို သဗ္ဘိဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဝိသခ်ါရဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ သဗ္ဘိဟူ၍လည်း ခေါ်ဆိုအပ်

သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂလိုတို့ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာန်ရောဓသစ္စာနိဗ္ဗာန်ကို သဗ္ဗညုတ ခေါ်ဆိုအပ်သနည်းဟူမူ သံသရာ၌ နစ်မြုပ်စေတတ်သော သဘောရှိကုန်သော ကိလေသာတို့၏ ပျက်စီးခြင်း၏အကြောင်းခံဖြစ်သောကြောင့် သဗ္ဗညုတ ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ကောသလသံယုတ်၊ ဇရာမရဏသုတ်အဖွင့် စာမျက်နှာ (၁၂၇)၌—

ယသ္မာ ဝါ နိဗ္ဗာနံ အာဂမ္မ သီဒနသဘာဝါ ကိလေသာ ဘိဇ္ဇန္တိ၊ တသ္မာ တံ သဗ္ဗညုတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဝါ၊ တနည်းကား။ ယသ္မာ၊ အကြင်ကြောင့်။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာနကို။ အာဂမ္မ၊ အကြောင်းခံအစွဲပြု၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ သီဒနသဘာဝါ၊ သံသရာ၌ နစ်မြုပ်စေတတ်ကုန်သော သဘောရှိကုန်သော။ ကိလေသာ၊ ကိလေသာတရားတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်စီးကုန်၏။ တသ္မာ၊ ထိုသို့သံသရာ၌ နစ်မြုပ်စေတတ်ကုန်သော သဘောရှိကုန်သော ကိလေသာတို့၏ ပျက်စီးခြင်း၏အကြောင်းခံဖြစ်သော သကြောင့်။ တံ နိဗ္ဗာနံ၊ ထိုအသခ်္ခတဓာတ် နိဗ္ဗာနကို။ သဗ္ဗညုတိ၊ သဗ္ဗညုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏စကားကိုထောက်၍ ၎င်းမင်္ဂလိုတို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိဗ္ဗာနကို သံသရာ၌ နစ်မြုပ်စေတတ်ကုန်သော သဘောရှိကုန်သော ကိလေသာတို့၏ ပျက်စီးခြင်း၏အကြောင်းခံဖြစ်သောကြောင့် သဗ္ဗညုတ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ ခေါ်ဆိုအပ်သည်မဟုတ်သေး။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ကောသလသံယုတ်၊ ပဌမဝဂ်-တတိယသုတ်၌ သန္တော ဟဝေ သဗ္ဗဉ် ပဝေဒယန္တိ ဟူ၍လည်းကောင်း။ ဓမ္မပဒပါဠိတော်၊ ဇရာဝဂ်-မလ္လိကာဒေဝီဝတ္ထု၌လည်း သန္တော ဟဝေ သဗ္ဗဉ် ပဝေဒယန္တိ ဟူ၍လည်းကောင်း ဟောတော်မူအပ်သည်တို့ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သန္တော၊ ကိလေသာတို့ကို ငြိမ်းစေတတ်ကုန်သော ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည်။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အခါခပ်သိမ်း ဆွေးမြေ့ပျက်စီးခြင်းမရှိသော အသခ်္ခတဓာတ် နိဗ္ဗာနသစ္စာ

နိဗ္ဗာန်ကို။ (ထည့်) ဟဝေ-ကေန္တေန၊ စင်စစ်အားဖြင့်။ သဗ္ဗဿ၊ သံသရာဌ္ဌ နစ်မြုပ်စေတတ်ကုန်သောသဘောရှိကုန်သော ကိလေသာတို့၏ ပျက်စီးကြောင်းဖြစ်သောတရားဟူ၍။ ပဝေဒယန္တိ၊ အပြားအားဖြင့် သိစေကြကုန်၏။ ဝါ၊ အပြားအားဖြင့် ဟောပြောကြကုန်၏။

ဤသို့ဟောတော်မူအပ်သော ဘုရားရှင်၏စကားတော်ကို ထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သံသရာဌ္ဌ နစ်မြုပ်စေတတ်ကုန်သော သဘောရှိကုန်သော ကိလေသာတို့၏ ပျက်စီးခြင်း၏ အကြောင်းခံဖြစ်သောကြောင့် သဗ္ဗဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို သဗ္ဗဂန္ထပမောစနဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သဗ္ဗဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး။ သဗ္ဗဂန္ထပမောစနဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သဗ္ဗဂန္ထပမောစနဟု ခေါ်ဆိုအပ်သနည်းဟူမူ အလုံးစုံကုန်သော ဂန္ထတရားတို့၏ လွတ်ကြောင်းဖြစ်သောကြောင့် သဗ္ဗဂန္ထ-ပမောစနဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ယက္ခသံယုတ်၊ ပုနဗ္ဗသုသုတ်အဖွင့် စာမျက်နှာ ၂၀၄-၌ နိဗ္ဗာနံ အာဂမ္မ သဗ္ဗေ ဂန္ထာ ပမုစ္စန္တိ၊ တသ္မာ တံ သဗ္ဗဂန္ထပ္ပမောစနန္တိ ဝုစ္စတိ-ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

သဗ္ဗဂန္ထပ္ပမောစနန္တိ၊ သဗ္ဗဂန္ထပ္ပမောစနံ-ဟူသည်ကား။ နိဗ္ဗာနံ၊ မီး ၁၁-ပါး တို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံ အစွဲပြု၍။ ဝါ၊ မင်္ဂဖြင့် ရောက်၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဂန္ထာ၊ ထုံးဖွဲ့ရစ်ပတ်တတ်ကုန်သော ဂန္ထတရားတို့သည်။ ပမုစ္စန္တိ၊ သတ္တဝါတို့၏ စိတ်အစဉ်မှ လွတ်ကုန်၏။ တသ္မာ၊ ထိုသို့ အလုံးစုံကုန်သော ဂန္ထတရားတို့၏ လွတ်ကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ သဗ္ဗဂန္ထပ္ပမောစနန္တိ၊ သဗ္ဗဂန္ထပ္ပမောစနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍ ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော

ဂန္ဆတရားတို့၏ လှုတ်ကြောင်းဖြစ်သောကြောင့် သဗ္ဗဂန္ဆပမောစနဟု ခေါ်ဆို အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ယက္ခသံယုတ်၊ ဣန္ဒကဝဂ် ခုနစ်ခုမြောက်သုတ်၌—

နိဗ္ဗာနံ ဘဂဝါ အာဟ၊ သဗ္ဗဂန္ဆပမောစနံ။

ဟူ၍ လာရှိသည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

သဗ္ဗဂန္ဆပမောစနံ၊ အလုံးစုံကုန်သော ဂန္ဆတရားတို့၏ လှုတ်ကြောင်း ဖြစ်သော။ နိဗ္ဗာနံ၊ မိုး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးရှိတော်မူသော ဘုရား ရှင်သည်။ အာဟ၊ ဟောတော်မူ၏။

ဤသို့ ပြဆိုအပ်သော သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော ဂန္ဆတရားတို့၏ လှုတ်ကြောင်းဖြစ်သော ကြောင့် သဗ္ဗဂန္ဆပမောစနဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြ လေကုန်။

နိဗ္ဗာန်ကို အန္တဟ္ဂု၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သဗ္ဗဂန္ဆပမောစနဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အန္တ ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အန္တ ဟု ခေါ်ဆိုအပ်သနည်းဟူမူ ဇာတိ, ဇရာ, မရဏသဘောရှိသော ပျက်စီးတတ်သော သင်္ခါရဒုက္ခတရား၏ အဆုံးဌာန ဝါ၊ တပါးသောအဘိဌာန တည်သည်၏အဖြစ်ကြောင့် အန္တ ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဥဒါန်းပါဠိတော်၊ ပါဋလိဂါမဝဂ်-ပဌမသုတ်၌ ဧသေဝန္တော ဒုက္ခဿ ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဧသေဝ ဧသော ဝေ၊ ဤအာရုံကို မသိတတ်သော မဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်သာလျှင်။ ဒုက္ခဿ၊ အလုံး

စုံသော သခ်ါရဒုက္ခတရား၏။ အန္တော၊ ဆုံးရာ၌ တည်သော။ ဝါ၊ အဆုံး၌ တည်သော။ ဝါ၊ တပါးသော အဘို့၌တည်သော တရားပေတည်း။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် အန္တော ဟူသော ပုဒ်ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိ, ဇရာ, မရဏသဘောရှိသော ပျက်စီးတတ်သော သခ်ါရဒုက္ခတရား၏ အဆုံး၌ တည်သည်၏အဖြစ်ကြောင့် အန္တ ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ဤပါဠိတော်၏ အဖွင့်ဖြစ်သော ဥဒါန်းအဋ္ဌကထာ၊ ပါဠလိဂါမိယဝဂ် ဇသေဝန္တော ဒုက္ခဿ-ဟူသော ဝါကျ၏အဖွင့်၌—

ဇသေဝန္တော ဒုက္ခဿာတိ ။ပ။ ဇသော ဇဝ သကလဝဋ္ဋဒုက္ခဿ အန္တော ပရိယောသာနံ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သုတ်သီလကွန်အဋ္ဌကထာ၊ ဗြဟ္မဇာလသုတ်အဖွင့်၌—

ဇသေဝန္တော ဒုက္ခဿာတိအာဒီသု ပရဘာဂေ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိလေဦး။

မြန်မာပြန်ကား—

ဇသေဝန္တော ဒုက္ခဿာတိ၊ ဇသေဝန္တော ဒုက္ခဿ ဟူသည်ကား ။ပ။ ဇသော ဇဝ၊ ဤဆိုအပ်ခဲ့ပြီးသော ဂုဏ်နှင့်ပြည့်စုံသော အနာရမ္မဏတရားဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်သာလျှင်။ သကလဝဋ္ဋဒုက္ခဿ၊ အလုံးစုံသော ဘုံသုံးပါး၌ ထပ်တလဲလဲဖြစ်ပေါ်နေသော သခ်ါရတည်းဟူသော ဒုက္ခတရား၏။ အန္တော ပရိယောသာနံ၊ ဆုံးရာ၌တည်သော။ ဝါ၊ အဆုံး၌တည်သော သဘောတရားပေတည်း။ ဤကား ဥဒါန်းအဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဇသေဝန္တော ဒုက္ခဿာတိအာဒီသု၊ ဇသေဝန္တော ဒုက္ခဿ ဤသို့ အစရှိသည်တို့၌။ အန္တသဒ္ဒါ၊ အန္တသဒ္ဒါသည်။ ပရဘာဂေ၊ တပါးသော အဘို့ဟူသောအနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ဤကား သုတ်သီလကွန်ပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိ, ဇရာ, မရဏသဘောရှိသော ပျက်စီးတတ်သော သခ်ါရဒုက္ခတရားတို့၏ ဆုံးရာ၌ ဝါ၊ အဆုံး၌ ဝါ၊ တပါးသောအဘို့၌ တည်သည်၏ အဖြစ်ကြောင့် အန္တဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤအဋ္ဌကထာ

တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသပါဠိတော်၊ အဋ္ဌကဝဂ်-သုဒ္ဓဋ္ဌကသုတ္တနိဒ္ဒေသ၌ ဇာတိဇရာမရဏာဿ အန္တိကတော အန္တိပဟ္ဂော ဟူ၍ လည်းကောင်း၊ စူဠနိဒ္ဒေသပါဠိတော်၊ ပါရာယနဝဂ်၊ မေတ္တဂုပဉ္ဇာဒ်၌ ဇာတိ-ဇရာမရဏာဿ အန္တိကတော အန္တိပဟ္ဂော-ဟူ၍လည်းကောင်း ဟောတော်မူ အပ်သည်တို့ကိုထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဇာတိဇရာမရဏာဿ၊ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းရှိသော သင်္ခါရ ဒုက္ခ တရား၏။ အန္တ-အန္တံ၊ အဆုံးဌိတည်သော။ ဝါ၊ တပါးသော်အဘိုဌ်တည်သော အသင်္ခတဓာတ်နိဗ္ဗာန်သို့။ ဂတော၊ မဂ်ဖြင့် ရောက်တော်မူပြီ။ အန္တ-အန္တံ၊ အဆုံးဌိတည်သော။ ဝါ၊ တပါးသောအဘိုဌ်တည်သော အသင်္ခတ-ဓာတ်နိဗ္ဗာန်သို့။ ပတ္တော၊ ဖိုလ်ဖြင့် ရောက်တော်မူပြီ။ ဤကား မဟာနိဒ္ဒေသပါဠိ၏ မြန်မာပြန်တည်း။ စူဠနိဒ္ဒေသပါဠိ၏ မြန်မာပြန်လည်း နည်းတူသာတည်း။

ဤသို့ ဟောတော်မူအပ်သော စကားတော်တို့တွင် အန္တိဟ္ဂုသော ပါဠိကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာနဿစ္စာ-နိဗ္ဗာန်ကို ဇာတိ, ဇရာ, မရဏာသဘောရှိသော သင်္ခါရဒုက္ခတရား၏အဆုံးဌိ ဝါ၊ တပါးသောအဘိုဌ် တည်သည်၏အဖြစ်ကြောင့် အန္တိဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ မဟာနိဒ္ဒေသအဋ္ဌကထာ၊ အဋ္ဌကဝဂ်၊ ကာမသုတ္တနိဒ္ဒေသအဖွင့်စာမျက်နှာ ၇၁-၌—

အန္တိကတောတိ မဂ္ဂေန သင်္ခါရလောကန္တံ ဂတော၊ အန္တိပဟ္ဂောတိ တမေဝ လောကန္တံ ဖလေန ပတ္တော။

ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

အန္တိကတောတိ၊ အန္တိကတော-ဟူသည်ကား။ သင်္ခါရလောကန္တံ၊ အကြောင်း တရားတို့သည် ပြုပြင်အပ်သော စိတ်, စေတသိက်, ရုပ်ဟုဆိုအပ်သော သင်္ခါရ-လောကတည်းဟူသော ဒုက္ခတရား၏ အဆုံးဌိတည်သော။ ဝါ၊ တပါးသော အဘိုဌ်တည်သော အသင်္ခတဓာတ်နိဗ္ဗာန်သို့။ မဂ္ဂေန၊ မဂ်ဖြင့်။ ဂတော၊ ရောက်တော်မူပြီ။ အန္တိပဟ္ဂောတိ၊ အန္တိပဟ္ဂော-ဟူသည်ကား။ တမေဝ လောကန္တံ၊ ထိုအကြောင်းတရားတို့သည် ပြုပြင်အပ်သော စိတ်, စေတသိက်, ရုပ်ဟု ဆိုအပ်သော သင်္ခါရလောကတည်းဟူသော ဒုက္ခတရား၏ အဆုံးဌိ တည်

သော။ ဝါ၊ တပါးသော အဘိုဥ္ဒ် တည်သော အသန်တဓာတ်နိရောဓသစ္စာနိဗ္ဗာန် သို့သာလျှင်။ ဖလေန၊ ဖိုလ်ဖြင့်။ ပတ္တော၊ ရောက်တော်မူပြီ။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဇာတိ, ဇရာ, မရဏသဘောရှိသော သင်္ခါရဒုက္ခတရား၏အဆုံးဥဒ် ဝါ၊ တပါးသောအဘိုဥ်ဒ် တည်သည်၏အဖြစ်ကြောင့် အနန္တဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဝိဝေကဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အနန္တဟူ၍သာ ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ဝိဝေကဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ဝိဝေကဟု ခေါ်ဆိုအပ်သနည်းဟူမူ – အလုံးစုံကုန်သော သင်္ခတတရားတို့မှ ဆိတ်ရာ, ကင်းရာသဘော၏အဖြစ်ကြောင့် ဝိဝေကဟု ခေါ်ဆိုအပ်လေသည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် မူလပဏ္ဏာသအဋ္ဌကထာ၊ သဗ္ဗာသဝသုတ်အဖွင့် စာမျက်နှာ ၈၉-၌ နိဗ္ဗာနံယေဝ သဗ္ဗသင်္ခတေဟိ ဝိဝိတ္တတ္တာ ဝိဝေကော ဟူ၍လည်းကောင်း၊ သုတ်ပါဌေယျအဋ္ဌကထာ၊ သင်္ဂီတိသုတ်အဖွင့် မျက်နှာနံပါတ် ၂၀၂-၌ နိဗ္ဗာနဉ္စိ ဥပဓိ-ဝိဝေကတ္တာ ဝိဝေကော-ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

နိဗ္ဗာနံယေဝ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်သာလျှင်။ သဗ္ဗသင်္ခတေဟိ၊ အလုံးစုံကုန်သော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတတရားတို့မှ။ ဝိဝိတ္တတ္တာ၊ ဆိတ်ရာသဘော၏အဖြစ်ကြောင့်။ ဝါ၊ ကင်းရာ သဘော၏အဖြစ်ကြောင့်။ ဝိဝေကော၊ ဝိဝေက မည်၏။ ဤကား မူလပဏ္ဏာသအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဟိ၊ ထိုစကား မှန်၏။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ ဥပဓိဝိဝေကတ္တာ၊ ကာမူပဓိ, ကိလေသူပဓိ, အဘိသင်္ခါရူပဓိ, ခန္ဓူပဓိ-ဟုဆိုအပ်ကုန်သော အလုံးစုံကုန်သော သင်္ခတတရားတို့မှ ဆိတ်ရာဖြစ်သည်၏အဖြစ်ကြောင့်။ ဝါ၊ ကင်းရာဖြစ်သည်၏အဖြစ်ကြောင့်။ ဝိဝေကော၊ ဝိဝေကမည်၏။ ဤကား သုတ်ပါဌေယျအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကို ထောက်၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော သင်္ခတတရားတို့မှ ဆိတ်ရာ, ကင်းရာသဘော၏ အဖြစ်ကြောင့် ဝိဝေကဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည် မဟုတ်ကုန်သေး။ မူလပဏ္ဏာသ ပါဠိတော် သဗ္ဗာသဝသုတ်၌—

ကိမဓ ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါ ယောနိသော သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ။

ဟူ၍လည်းကောင်း၊

သုတ်ပါဌေယျပါဠိတော် သဒ္ဓိတိသုတ် စတုက္ကနိဒ္ဒေသ၌—

ကိမာဝုသော ဘိက္ခု သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ။

ဟူ၍လည်းကောင်း ဟောတော်မူအပ်သည်တို့ကို ထောက်၍လည်း သိကြလေကုန်ဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ကိမ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သံသရာဘေးကို ရှုတတ်သောရဟန်းသည်။ ယောနိသော၊ အသင့်အားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါ-ယ၊ ပညာဖြင့် ဆင်ခြင်၍။ ဝိဝေကနိဿိတံ၊ အလုံးစုံကုန်သော သင်္ခတတရားတို့မှ ဆိတ်ရာသဘောဖြစ်သော။ ဝါ၊ ကင်းရာသဘောဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မှီသော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ ပွါး၏။ ဤကား မူလပဏ္ဏာသ ပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

အာဝုသော၊ ငါ့ရှင်တို့။ ကိမ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ ဝိဝေကနိဿိတံ၊ အလုံးစုံကုန်သော သင်္ခတတရားတို့မှ ဆိတ်ရာသဘောဖြစ်သော။ ဝါ၊ ကင်းရာသဘောဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မှီသော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ ပွါး၏။ ဤကား သုတ်ပါဌေယျပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော်မူအပ်ကုန်သော ပါဠိတော်၌လာသော စကားတော်တို့ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော သင်္ခတတရားတို့မှ ဆိတ်ရာသဘော၏ အဖြစ်ကြောင့် ဝါ၊ ကင်းရာသဘော၏ အဖြစ်ကြောင့် ဝိဝေကဟု ခေါ်ဆိုအပ်သည်၏

အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်တို့ဖြင့် သာ သိအပ်သည် မဟုတ်ကုန်သေး။ ဓမ္မပဒပါဠိတော် ပဏ္ဍိတဝဂ် ပဉ္စသတ အာဂန္တုကဝတ္ထု စာမျက်နှာ(၂၆)၌—

ဝိဝေကော ယတ္ထ ဒူရမံ။ ။တတြာဘိရတိမိစ္ဆေယျ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေကုန်ဦး။

မြန်မာပြန်ကား—

ဝိဝေကော၊ အလုံးစုံကုန်သော သင်္ခတတရားတို့မှ ဆိတ်ရာဖြစ်သော။ဝါ၊ ကင်းရာဖြစ်သော။ ယတ္ထ၊အကြင်အသင်္ခတဓာတ်နိဗ္ဗာန်၌။ ဒူရမံ၊ အာရုံပြုသောအားဖြင့် မွေ့လျော်နိုင်ခဲ၏။ ။တတြ၊ ထိုမွေ့လျော်နိုင်ခဲသော အသင်္ခတဓာတ်နိဗ္ဗာန်၌။ အဘိရတိံ၊ အလွန်မွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏စကားတော်တို့တွင် ဝိဝေကော ဟူသော စကားတော်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အလုံးစုံကုန်သော သင်္ခတတရားတို့မှ ဆိတ်ရာ,ကင်းရာသဘော၏အဖြစ်ကြောင့် ဝိဝေကဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

တနည်း—၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အဘယ်ကြောင့် ဝိဝေကဟူ၍ ခေါ်ဆိုအပ်သနည်းဟူမူ ၎င်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့ လေးပါးသော မဂ်, လေးပါးသော ဖိုလ်တို့ဖြင့် အာရုံပြု၍ ရောက်ကုန်သော သတ္တဝါတို့အား အလုံးစုံကုန်သော ဝဋ်ဒုက္ခတရားတို့၏ ကင်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဝိဝေကဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ ဒေဝတာသံယုတ် ဒုတိယသုတ်အဖွင့်၌—

နိဗ္ဗာနံ ပတ္တာ သတ္တာနံ သဗ္ဗဒုက္ခံ ဝိဝိစ္စတိ။ တသ္မာ နိဗ္ဗာနံ ဝိဝေကောတိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့။ ပတ္တာ၊ အာရုံပြုသောအားဖြင့် လေးပါးသောမဂ်, လေးပါးသော ဖိုလ်တို့ဖြင့်ရောက်၍။သတ္တာနံ၊ သတ္တဝါတို့အား။ သဗ္ဗဒုက္ခံ၊ အလုံးစုံသော နောင်ဖြစ်ပေါ်လတ္တံ့သော ဝဋ်ဆင်းရဲဟူသမျှသည်။ ဝိဝိစ္စတိ၊ နောင်အဆက်

ဆက် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကင်း၏။ တသမ္မာ၊ ထိုသို့ သတ္တဝါတို့အား နောင်အဆက်ဆက် ဖြစ်ပေါ်လတ္တံ့သော ဝဋ်ဆင်းရဲဟူသမျှ၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကင်းခြင်း၏အကြောင်းခံဖြစ်သောကြောင့်။ နိဗ္ဗာနံ၊ မီး ၁၁-ပါး၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ဝိဝေကောတိ၊ ဝိဝေကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍လည်း ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို လေးပါးသောမင်္ဂ, လေးပါးသော ဖိုလ်တို့ဖြင့် အာရုံပြု၍ရောက်ကုန်ပြီးသော သတ္တဝါတို့အား အလုံးစုံကုန်သော ဝဋ်ဒုက္ခတရားတို့၏ ကင်းခြင်း၏ အကြောင်းခံဖြစ်သောကြောင့် ဝိဝေကဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

နိဗ္ဗာန်ကို ဝိရဇဟူ၍ ခေါ်ဆိုအပ်ကြောင်း

၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဝိဝေကဟူ၍သာ ခေါ်ဆိုအပ်သည်မဟုတ်သေး၊ ဝိရဇဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ အဘယ်ကြောင့် ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဝိရဇဟု ခေါ်ဆိုအပ်သနည်းဟူမူ တပ်တတ်သောရာဂစသည်တို့၏ ကင်းရာဖြစ်သောကြောင့် ဝိရဇ ဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဣတိဝုတ် အဋ္ဌကထာရှင်သည် ဒုကနိပါတ်-ဒုတိယဝဂ် ခြောက်ခုမြောက် သုတ်အဖွင့် စာမျက်နှာ ၁၅၇-၌—

ဝိဂတရာဂါဒိ ဇ္ဈောတိ ဝိရဇံ။ ဟူ၍ ဖွင့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဇ္ဈော၊ ဤမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၌။ ဝိဂတရာဂါဒိ၊ ကင်းသော ရာဂအစရှိသည်သည်။ အတ္ထိ၊ ရှိ၏။ ဤတိတသ္မာ၊ ထိုသို့ကင်းသောရာဂ စသည်တို့၏ ရှိရာဖြစ်သောကြောင့်။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ ဝိရဇံ၊ ဝိရဇမည်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားကိုထောက်၍ ၎င်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို တပ်တတ်သော ရာဂစသည်တို့၏ ကင်းရာဖြစ်သောကြောင့် ဝိရဇဟူ၍ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

ထိုမှတပါး ပြဆိုရန် နိဗ္ဗာန်၏ ဂုဏ်ပုဒ်တွေ များစွာ ရှိသေးသော်လည်း ကျမ်းကျယ်လွန်းမည်ကို စိုး၍ ဤမျှဖြင့် သိမ်းလိုက်ရတော့သည်။ ဤပြဆိုအပ်

သော အသခ််တဓာတ် နီရောဓသစ္စာနီဗ္ဗာန်သည် တပါးတည်းပင် ဖြစ်သော်လည်း သခ််တပဋိပက္ခ၏ အစ္ဓမ်းဖြင့် များစ္ဓာသောဂုဏ်တို့ကိုစဲ့၍ များစ္ဓာသော အမည်တို့သည် ဖြစ်ကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်သည်၏ အဖြစ်ကိုလည်း ဤကျမ်းဌ်ပြဆိုအပ်ပြီးသော အမည်တို့ကိုထောက်၍ သိကြလေကုန်။

ထိုသို့များစ္ဓာသော အမည်တို့ကိုရသော ၎င်းအသခ််တဓာတ်နီရောဓသစ္စာနီဗ္ဗာန်တပါးတည်းသည်သာလျှင် စင်စစ် ဂေါတြဘူဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နီရောဓသစ္စာနီဗ္ဗာန် တရားအမှန် ဖြစ်သည်ဟု တကယ်စင်စစ် ယုံကြည်သောအားဖြင့်မှတ်ယူ၍ အာရုံပြုကြလေ။ ထိုသို့အာရုံပြုသောအခါဌ် ပြဆိုအပ်ပြီးသော သဘောလက္ခဏာကိုသာလျှင် စင်စစ် ထင်မြင်အပ်၏။ ထိုသို့ထင်မြင်မှသာလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်နိုင်၏။ ထိုသို့ပြဆိုအပ်ပြီးသော သဘောလက္ခဏာမှတပါး ၎င်းနီဗ္ဗာန်ကို ရှုပ်ထူး, နာမ်းထူးရှိသော အနေအားဖြင့်လည်း အာရုံမပြုအပ်။ အကယ်၍ အာရုံပြု၍ ထင်မြင်နေခဲ့သည်ရှိသော် ထိုသို့ထင်မြင်လေသမျှသည် စင်စစ် မိစ္ဆာအမြင်သာဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့မှ အလွန်အဝေးကြီး ဝေးလေတော့၏။ အဘယ်ကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့မှ အဝေးကြီး ဝေး၍ မိစ္ဆာအမြင်ဖြစ်လေသနည်းဟူမူ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ်နီရောဓသစ္စာ နီဗ္ဗာန်သဘော်ဌ် နဂိုရင်းကပင် မပျက်မစီးသော ရုပ်ထူး, မပျက်မစီးသော ဝေဒနာစသောနာမ်းထူးတို့သည် စင်စစ် မတည်မရှိကုန်သည်သာတည်း။ ထိုသို့မတည်မရှိသည်၏ အဖြစ်ကို ထင်စ္ဓာပြဦးအံ့။

ရုပ်ထူး နာမ်ထူးသည် နီဗ္ဗာန်မဟုတ်၊ ထိုရုပ်ထူး နာမ်ထူးကို နီဗ္ဗာန်ဟုအာရုံပြု၍ မဂ္ဂဝိထိ ဖြစ်မှုမရှိပုံကို ပြခြင်း

အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နီရောဓသစ္စာနီဗ္ဗာန်ဌ်မပျက်မစီးသောရုပ်ထူးမရှိလေသနည်းဟူမူ ၎င်းရုပ်ဟူသော အမည်ကို ရကုန်သော ပထဝီအစရှိကုန်သော သဘောတရားဟူသမျှတို့သည် စင်စစ် မပျက်မစီးသော ရုပ်တရားရှိ၏ဟူ၍ ဘုရားရှင်သည်လည်း ပိဋကတ်သုံးပုံနိကာယ် ငါးကျမ်းတို့ဌ် အလျှင်းပင် ဟောတော်မမူလေ။ ဘုရားရှင်သာ ဟောတော်မမူသည် မဟုတ်သေး။ ဘုရားရှင်၏ တပည့်ဖြစ်ကုန်သော အရှင်မဟာကဿပ, အရှင်မဟာဥပါလိ အစရှိကုန်သော သင်္ဃာယနာတင် အဋ္ဌကထာ ဆရာတို့သည်လည်း စင်စစ် ဟောတော်မမူအပ်ကုန်သည်သာလျှင်တည်း။ အဘယ်ကြောင့် ဘုရားရှင်နှင့်တကွ သင်္ဃာယနာတင် အဋ္ဌကထာရှင် ဆရာတို့သည် မဟောမပြောအပ်ကုန်လေသနည်း ဟူမူ ၎င်းရုပ်အမည်ကို ရကုန်သော ပထဝီစသော သဘောတရားတို့သည် စင်စစ် ဖြစ်ပေါ်ကြကုန်လျှင် ပျက်စီးခြင်းသဘောသို့ ရောက်တတ်

ကုန်သော သဘော အလေ့ရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အသခ်ၵာတခၢတ် နိရောဓသစ္စာ နိဗ္ဗာန်နှင့် သခ်ၵာတရားဖြစ်သော ၎င်းရုပ်သည် စင်စစ်ဆန့်ကျင်ဘက် ပဋိပက္ခကြီး ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း မတည်မရှိနိုင်ဟုမှတ်။ ထိုစကားကို ထင်စ္ဘာပြဉီးအုံ့။ ရုပ်တို့မည်သည် အဘယ်ကာလၨ်မဆို အကြောင်းပစ္စည်းကိုရ၍ ဖြစ်ပေါ်သောခဏာၨ်ပင် ရင့်ရော်ပျက်စီးတတ်ကုန်သော သဘောသည်သာလျှင် မုချဖြစ်ကုန်၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဘုရားရှင်သည် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နကုလပိတုဝင် နဝမသုတ် စာမျက်နှာ (၁၇) ၌—

ရူပံ ဘိက္ခဝေ အနိစ္စံ အတီတာနာဂတံ၊ ကော ပန ဝါဒေါ ပစ္စုပ္ပန္နဿ။

ဟူ၍လည်းကောင်း၊

ဝေဒနာ ဘိက္ခဝေ အနိစ္စာ အတီတာနာဂတာ၊ ကော ပန ဝါဒေါ ပစ္စုပ္ပန္နာယ။

ဟူ၍လည်းကောင်း၊

ဝိညာဏံ မဟာဝါပါဠိတော်၊ အနတ္တလက္ခဏသုတ် ပဉ္စဝဂ္ဂိယကထာ စာမျက်နှာ (၁၉) ၌—

ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ဟူ၍လည်းကောင်း၊ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ။ ဟူ၍လည်းကောင်း ဟောတော်မူအပ်လေသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ အတီတာနာဂတံ၊ အတိတ်,အနာဂတ်ၨ်ဖြစ်သော။ ဝါ၊ ဖြစ်ပြီး, ဖြစ်လတ္တံ့သော။ ရူပံ၊ပထဝီစသော ရုပ်တရားသည်။ အနိစ္စံ၊ အမြဲမတည်မူ၍ ပျက်စီးတတ်သော သဘောရှိ၏။ ပစ္စုပ္ပန္နဿ၊ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ရုပ်၏ကား။ ကော ပန ဝါဒေါ၊ အဘယ်မှာ ဆိုဘွယ်ရာရှိအုံ့နည်း။ ဧကန္တအနိစ္စမေဝ၊ စင်စစ် မမြဲတတ်သော သဘောရှိသည်သာလျှင်တည်း။ (ထည့်)။ ဤကား ပဌမပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

သဗ္ဗံ၊ အလုံးစုံသော။ ရူပံ၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော ပထဝီစသော ရုပ်ဟူသမျှသည်။ အနိစ္စံ၊ အမြဲမတည်သော သဘောရှိ၏။ ဒုက္ခံ၊ ဆင်းရဲသော သဘောရှိ၏။ ဝိပရိဏာမဓမ္မံ၊ ဇရာ, မရဏတို့ဖြင့် အမြဲဖောက်ပြန်တတ်သော သဘောရှိ၏။ ဣတိ၊ ဤသို့။ ဇေတံ၊ ထိုပထဝီစသော ရုပ်တရားကို။ ဧဝံ၊

ဤဆိုအပ်ပြီးသောနည်းဖြင့်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မဖောက်မပြန် အမှန်ကို သိတတ်သောပညာဖြင့်။ ပဿတော၊ ရှုသောသူအား။ ဤကား ဒုတိယပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

ရှုပံ၊ ပထဝီစသော ရုပ်တရားသည်။ နိစ္စံ ဝါ၊မြဲသောသဘော ရှိလေသလော။ အနိစ္စံ ဝါ၊ မမြဲသောသဘော ရှိလေသလော။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အနိစ္စံ၊ မမြဲသော သဘောရှိပါ၏။ ဤကား အနတ္တလက္ခဏသုတ် ပဌမပါဠ်၏ မြန်မာပြန်တည်း။

ယံ ပန၊ အကြင် ပထဝီစသော ရုပ်တရားသည်ကား။ အနိစ္စံ၊ မမြဲသော သဘောရှိ၏။ ဒုက္ခံ၊ ဆင်းရဲသောသဘော ရှိ၏။ ဝိပရိဏာမဓမ္မံ၊ ဇရာ, မရဏတို့ဖြင့် အမြဲ ဖောက်ပြန်ခြင်းသဘော ရှိ၏။ ဤကား အနတ္တ လက္ခဏသုတ်-ဒုတိယပါဠ်၏ မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား—အစမထင် သံသရာကပင် ဖြစ်ပေါ်ခဲ့ပြီးသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ သာဝက, နတ်လူ, ဗြဟ္မာ သတ္တဝါဟု ခေါ်ဝေါ်အပ်သော ရုပ်ဟူသမျှလည်း အမြဲမတည် စင်စစ် ဖောက်ပြန်ပျက်စီးကွယ်ချုပ်ကြလေသည် သာတည်း။ နောင်အခါ ဖြစ်ပေါ်လတ္တံ့သော ရုပ်ဟူသမျှသည်လည်း စင်စစ် အမြဲမတည် ဖြစ်ရာဌာန ဘုံဘဝတို့ဌာပင် ဖောက်ပြန်ပျက်စီး ကွယ်ချုပ်လတ္တံ့သည်သာတည်း။ ယခု ဖြစ်ဆဲဖြစ်ကုန်သော ရုပ်ည့်, ရုပ်ထူး ဟူသမျှတို့သည်လည်း စင်စစ် ဆိုဘွယ်ရာမရှိကုန်။ မရုပ်မစဲ ဖောက်ပြန်ပျက်စီးလေကုန်သော တရား သဘောတို့သည်သာလျှင် ဖြစ်ကုန်၏ဟူလို။ ဤကား ဘုရားရှင်၏ အလိုတော်အဓိပ္ပါယ်တည်း။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်တို့ကို ထောက်၍လည်း အလုံးစုံသော ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတ္တံ့သော ရုပ်ည့်,ရုပ်ထူး,ရုပ်မြတ် ဟူသမျှပင် စင်စစ် အမြဲမတည် ဖောက်ပြန်ပျက်စီးတတ်သော သဘောအမှန် ဖြစ်သည်၏ အဖြစ်ကို ပညာရှင်တို့ ထင်ရှားသိကြလေကုန်။ ဤပါဠိတော်တို့ဖြင့်သာ ၎င်းပထဝီစသော ရုပ်ဟူသမျှတို့ ဖောက်ပြန်ပျက်စီးတတ်သော သဘော၏ အဖြစ်ကို ထင်ရှားသိကြရသည် မဟုတ်ကုန်သေး။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မဟာဝဂ်၊ ဉာဏကထာ သမ္မသနဉာဏနိဒ္ဒေသ စာမျက်နှာ (၅၁) ၌—

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေကုန်ဦး။

မြန်မာပြန်ကား—

အတိတ်ကာနာဂတပစ္စုပ္ပန်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော။ ၀ါ။ ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲဖြစ်သော။ ရူပံ၊ ရူပ်ထူး, ရူပ်မြတ်, ရူပ်ညံ့, ရူပ်ဆိုး ဟူသမျှသည်။ အနိစ္စံ၊ အမြဲမတည်မူ၍ စင်စစ်ပျက်စီးတတ်သော သဘောရှိ၏။ သခ််တံ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်၏။ ပဋိစ္စသမုပ္ပန်၊ အကြောင်းကို စဲ၍ ဖြစ်ပေါ်တတ်သောသဘော ရှိ၏။ ခယမံ၊ ကုန်တတ်သော သဘော ရှိ၏။ ၀ယမံ၊ ပျက်စီးတတ်သော သဘောရှိ၏။ ဝိရာဂမံ၊ ကင်းတတ်သော သဘောရှိ၏။ နိရောဓမံ၊ ချုပ်ကွယ်တတ်သော သဘောရှိ၏။

အဓိပ္ပါယ်ကား— မိမိသန္တာန်၌ ဖြစ်စေ၊ မိမိမှ တပါးသော သတ္တ၀ါတို့ သန္တာန်၌ ဖြစ်စေ၊ ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲဖြစ်သော ရူပ်ထူး, ရူပ်မြတ်, ရူပ်ညံ့, ရူပ်ဆိုး ဟူသမျှပင် စင်စစ် အမြဲမတည်, ကုန်တတ်, ပျက်တတ်, ကင်းတတ်, ချုပ်တတ်သော သဘော အမှန်မုချ ရှိ၏ဟူလို။ ဤကား အဓိပ္ပါယ်တည်း။

ဤသို့ ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကို ထောက်၍လည်း အလုံးစုံသော ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော ပထ၀ီ စသော ရူပ်ဟူသမျှပင် စင်စစ် မမြဲတတ်, ကုန်တတ်, ပျက်တတ်, ကင်းတတ်, ချုပ်တတ်သော သဘော ရှိသည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ၀ိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒုတိယအုပ် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဖွင့် သမ္မသနဉာဏကထာ စာမျက်နှာ (၂၄၅)၌—

> ယံ အတီတံ ရူပံ၊ တံ ယသ္မာ အတီတေယေ၀ ခီဏံ၊ နယိမံ ဘ၀ံ သမ္ပတ္တန္တိ အနိစ္စံ ခယဋ္ဌေန။ ယံ အနာဂတံ အနန္တရဘ၀ေ နိပ္ပတ္တိသတိ၊ တမ္ပိ တတ္ထေ၀ ခီယိသတိ၊ န တတော ပရံ ဘ၀ံ ဂမိသတီတိ အနိစ္စံ ခယဋ္ဌေန။ ယံ ပစ္စုပ္ပန်ံ ရူပံ၊ တမ္ပိ ဣဓေ၀ ခီယတိ၊ န ဣတော ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။

ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

အတီတံ၊ ဖြစ်၍ ကုယ်လွန်လေပြီးသော။ ယံ ရူပံ၊ အကြင်ရူပ်ဟူသမျှသည်။ အတ္ထိ၊ ရှိ၏။ တံ ရူပံ၊ ထို ရူပ်ဟူသမျှသည်။ ယသ္မာ၊ အကြင်ကြောင့်။ အတီတေယေ၀၊ လွန်လေပြီးသော အတိတ်ကာလ, အတိတ်ဘ၀၌သာလျှင်။ ခီဏံ၊ ကုန်လေသည်။ ဟောတိ၊ ဖြစ်၏။ ဣမံ ဘ၀ံ၊ ဤပစ္စုပ္ပန်ဘ၀သို့။ န သမ္ပတ္တံ၊

မရောက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ အနာဂတံ၊ အနာဂတ်၌ ဖြစ်လတ္တံ့သော။ ယံ ရူပံ၊ အကြင် ရူပ်သည်။ အနန္တရဘဝေ၊ အခြားမဲ့သော ဘဝ၌။ နိဗ္ဗတ္တိဿတိ၊ ဖြစ်လတ္တံ့။ တမ်ပိ၊ ထိုအခြားမဲ့ ဘဝ၌ ဖြစ်လတ္တံ့သော အနာဂတ် ရူပ်သည်လည်း။ တတ္ထဝေ၊ ထို ဖြစ်လတ္တံ့သော ဘဝ၌သာလျှင်။ ခီယိဿတိ၊ ကုန်လတ္တံ့။ တတော၊ ထို ဖြစ်လတ္တံ့သော ဘဝမှ။ ပရံ၊ နောက်ဖြစ်လတ္တံ့သော။ ဘဝံ၊ ဘဝသို့။ နဂမိဿတိ၊ မသွားလတ္တံ့။ ဣတိ တသ္မာ၊ ထိုကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ပစ္စုပ္ပန္နံ၊ ဖြစ်ဆဲဖြစ်သော။ ယံ ရူပံ၊ အကြင် ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ်ပိ ရူပံ၊ ထိုရူပ်သည်လည်း။ ဣဓေဝ၊ ဤဖြစ်ဆဲဘဝ၌သာလျှင်။ ခီယတိ၊ ကုန်လေ၏။ ဣတော၊ ဤဖြစ်ဆဲဘဝမှ။ ပရံ၊ နောက်ဖြစ်လတ္တံ့သော။ ဘဝံ၊ ဘဝသို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ တသ္မာ၊ ထိုကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။

အဓိပ္ပါယ်ကား– အတိတ်ဘဝ၌ ဖြစ်ခဲ့ပြီးသော ရူပ်ဟူသမျှသည်ပင် ဤပစ္စုပ္ပန်ဘဝသို့ မကူးမပြောင်း မရောက်လာဘဲ ထိုထိုသို့သော အတိတ်ဘဝတို့၌သာလျှင် မိမိဖြစ်ရာဘဝ၌ ချုပ်ကွယ်လေတော့၏။ အနာဂတ်၌ ဖြစ်လတ္တံ့သော ရူပ်ဟူသမျှသည်လည်း ၎င်းဖြစ်လတ္တံ့သော ဘဝ၌သာလျှင် တဘဝမှ တဘဝသို့ မရောက်မူ၍ ထိုဖြစ်ရာဘဝတိုင်း၌ပင် ချုပ်ကွယ်လတ္တံ့။ ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲဖြစ်သော ရူပ်ဟူသမျှသည်လည်း အနာဂတ်ဘဝသို့ မကူးမပြောင်းဘဲ ဤ ပစ္စက္ခမျက်မှောက်ဘဝ၌သာလျှင် ချုပ်ကွယ် ပျောက်လေတော့၏။ ထိုသို့ တဘဝမှ တဘဝသို့ မကူးမပြောင်းဘဲ ဖြစ်ရာဘဝတိုင်း၌ပင် ချုပ်ကွယ်တတ်သော အလေ့သဘော ရှိသည်၏အဖြစ်ကြောင့် အနိစ္စသဘောသာ မုချဖြစ်လေတော့၏ ဟူလို။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍လည်း ရူပ်ဟူသမျှသည် ဘယ်လိုပင် ထူးသော်လည်း စင်စစ် အမြဲမတည်။ ချုပ်တတ်, ပျက်တတ်သော သဘောသာလျှင် အမှန်ဖြစ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

၎င်းပြဆိုအပ်ပြီးသော ရူပ်တို့သည် တဘဝမှ တဘဝသို့ မကူးမပြောင်းကုန်ဘဲ ချုပ်ကုန်သည် မဟုတ်သေး၊ ၎င်းရူပ်တို့ဖြစ်ရာ ဘဝတို့၌လည်း ရှင်လန်းဝမ်းမြောက် ခံစားခိုက်၌ဖြစ်သော ရူပ်သည် နှလုံးမသာမယာ ခံစားခိုက်သို့ မရောက်ဘဲသာလျှင် ချုပ်ကွယ်လေ၏။ နှလုံးမသာမယာ ခံစားခိုက်၌ဖြစ်သော ရူပ်သည် ရှင်လန်းဝမ်းမြောက် ခံစားခိုက်သို့ မရောက်ဘဲသာလျှင် ချုပ်ကွယ်လေ၏။ ထိုသို့ ချုပ်ကွယ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဝိသုဒ္ဓိ-မဂ်အဋ္ဌကထာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကထာ ဒုတိယအုပ်စာမျက်နှာ ၂၅၉-၌–

သေမနသိတကာလေ ပဝတ္တံ ရူပံ ဒေါမနသိတကာလံ အပ္ပတ္ဝာ ဧတ္ထေဝ နိရုဇ္ဈတိ။ ဒေါမနသိတကာလေ ပဝတ္တံ ရူပံ သေမနသိတကာလံ အပ္ပတ္ဝာ ဧတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တမ္မိ အနိစ္စံ။ ဟူ၍ မိန့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား——

သေမနသိတကာလေ၊ ဝမ်းမြောက်ဝမ်းသာ ခံစားသောအခါ၌။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ပထဝီစသောရုပ်သဘောသည်။ ဒေါမနသိတကာလံ၊ နှလုံးမသာမယာ ခံစားသောအခါကာလသို့။ အပ္ပတ္ဝာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤဝမ်းမြောက်ဝမ်းသာခံစားသော အခါကာလ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်ကွယ်လေ၏။ ဒေါမနသိတကာလေ၊ နှလုံးမသာမယာခံစားသောအခါ၌။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ပထဝီစသော ရုပ်သဘောသည်။ သေမနသိတကာလံ၊ ဝမ်းမြောက်ဝမ်းသာ ခံစားသောအခါကာလသို့။ အပ္ပတ္ဝာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤနှလုံးမသာမယာ ခံစားသော အခါကာလ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်ကွယ်လေ၏။ တသ္မာ၊ ထို့ကြောင့် ထိုသို့ချုပ်ကွယ်တတ်သည်၏ အဖြစ်ကြောင့်။ တမ္မိ၊ ထိုပထဝီစသော ရုပ်သဘောသည်လည်း။ အနိစ္စံ၊ အနိစ္စမည်၏။ ဝါ၊ မမြဲသော သဘောမည်၏။

အဓိပ္ပါက်ကား——တဘဝ, တဘဝ၌ ရှင်လန်းဝမ်းမြောက် သာသာယာယာ ခံစားသောအခါ၌ဖြစ်သော ရုပ်ဟုခေါ်အပ်သော ပရမတ္ထသဘောသည် နှလုံးမသာမယာ ခံစားသောအခါကာလသို့ မရောက်ဘဲ ထို ရှင်လန်းဝမ်းမြောက် သာသာယာယာ ခံစားသောကာလ၌ပင် ချုပ်ကွယ်ခြင်းသို့ ရောက်လေတော့၏။ နှလုံးမသာမယာ ခံစားသောအခါကာလ၌ဖြစ်သော ရုပ်ဟုခေါ်အပ်သော ပရမတ္ထသဘောသည် ရှင်လန်းဝမ်းမြောက် သာသာယာယာခံစားသော အခါကာလသို့ မရောက်မူ၍ ထိုနှလုံးမသာမယာအခိုက်၌သာလျှင် ချုပ်ကွယ်လေတော့၏။ ထိုသို့ချုပ်ကွယ်တတ်သည်၏ အဖြစ်ကြောင့် ထိုရုပ်ဟူသမျှသည်ပင် မမြဲတတ်သော အနိစ္စသဘောဖြစ်လေတော့၏ဟူလို။ ဤသို့ပြဆိုအပ်သည်ကို ထောက်၍လည်း ရုပ်အမည်ကိုရသော ပထဝီစသော သဘောအပေါင်းသည် ဘယ်လိုပင် ထူးမြတ်လေပါသော်လည်း စင်စစ် မမြဲတတ်သော သဘောအမှန် ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤသောမနသ, ဒေါမနသအခိုက်၌ ဖြစ်ကြကုန်သောရုပ်တို့တွင်လည်း အကြင်အကြင် သောမနသိတအခါကာလ၌ဖြစ်သော ရုပ်သဘောသည် ဒေါမနသိတအခါကာလသို့သာ မရောက်သည်မဟုတ်သေး။ ၎င်းသောမနသိတ အခါကာလအတွင်း၌ပင် စိတ္တက္ခဏ ၁၇-ချက်မျှသာ အသက်ရှိသည်ဖြစ်၍ အစဉ်ချုပ်ပျောက်လေ၏။ ဒေါမနသိတ

အခါကာလအတွင်း၌ဖြစ်သော ရုပ်သဘောလည်း ထိုနည်းအတူသာလျှင်တည်း။ ထို့ကြောင့် အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌ပင်—

> ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန ခဏတ္တယံ ကေစိတ္တက္ခဏံ နာမ။ တာနိ ပန သတ္တရသစိတ္တက္ခဏာနိ ရူပဓမ္မာနမာယူ။

ဟု မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန၊ ဥပါဒ်အခါဟူ ဆိုအပ်သော ဖြစ်ဆဲ, ဋ္ဌိအခါဟူ ဆိုအပ်သော တည်ဆဲ, ဘင်အခါဟူဆိုအပ်သော ပျက်ဆဲတို့၏အစွမ်းဖြင့်။ ခဏတ္တယံ၊ ခဏငယ် သုံးခုတို့၏အပေါင်းသည်။ ကေစိတ္တက္ခဏံ နာမ၊ တခုသော စိတ္တက္ခဏမည်၏။ ဝါ၊ တခုသောစိတ်၏ ဖြစ်ဆဲ, တည်ဆဲ, ပျက်ဆဲခဏမည်၏။ ပန၊ စိတ်သက်မှတပါး ရုပ်သက်ကိုဆိုဦးအံ့။ တာနိ၊ ထိုသို့သဘောရှိကုန်သော။ သတ္တရသ၊ ၁၇-ချက်ကုန်သော။ စိတ္တက္ခဏာနိ၊ စိတ်တို့၏ ခဏကဲ့သို့သော ခဏတို့သည်။ ရူပဓမ္မာနံ၊ ဝိညတ်ဒွေး, လက္ခဏရုပ်လေးခုတို့သည် ကြဉ်အပ်ကုန်သော ပထဝီစသော နှစ်ဆယ့်နှစ်ပါးကုန်သောရုပ်တို့၏။အာယူ၊အသက်တို့တည်း။

အဓိပ္ပါယ်ကား—ပထဝီစသော ရုပ်တို့သည် စိတ် ၁၇-ချက်ခန့်မျှအတွင်း၌ သာလျှင် ဖြစ်ကုန်၍၊ ၎င်း ၁၇-ချက်ခဏ၌ပင် ကွယ်ချုပ်ကြလေကုန်၏ဟူလို။ ဤသို့ပြဆိုအပ်သည်ကိုထောက်၍လည်း အလုံးစုံကုန်သော အယုတ်, အမြတ်, အထူးအကဲဖြစ်ကုန်သော ပထဝီစသောရုပ်တို့သည် စင်စစ် ဘယ်ဌာန, ဘယ်ဘုံ၌မဆို ဖြစ်ကြသော်လည်း အလွန်အကြာဆုံး စိတ္တက္ခဏ ၁၇-ချက်ခန့်သာ ဖြစ်ကုန်၍ ဘင်ခဏ၌ပင် ကွယ်ချုပ်ကြကုန်သည်၏အဖြစ်ကို အမှန်မုချ သိကြလေကုန်။

ဤသို့သိကြလျှင်လည်း ထိုကဲ့သို့ မမြဲခြင်းသဘောရှိသော ရုပ်ဟူသမျှသည် နိဗ္ဗာန်တည်းဟူသော အသင်္ခတဓာတ်၌ တည်ရှိနိုင်အံ့လော, မတည်ရှိနိုင်အံ့လော ဟု ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ ကြည့်ကြလေကုန်။ ထိုကဲ့သို့ စုံစမ်းဆင်ခြင်ကြလျှင် စင်စစ် ၎င်းအသင်္ခတဓာတ်နိဗ္ဗာန်၌ မတည်မရှိနိုင်သည်၏အဖြစ်ကို ထင်ရှားသိကြလိမ့်မည်။ သိပုံမှာ–၎င်းပြဆိုအပ်ခဲ့ပြီးသော ရုပ်အမည်ကိုရသော ပထဝီစသော ရုပ်သဘောဟူသမျှသည် ဘယ်ကာလ, ဘယ်ဌာန၌ပင် ဖြစ်သော်လည်း စင်စစ် မြဲသော ရုပ်ဟူ၍ မုချမရှိနိုင်။ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့လည်း မြဲသော ရုပ်ရှိ၏ ဟူ၍လည်း စင်စစ် မဟောမပြောခဲ့ကုန်။ စင်စစ် ဟောပြောအပ်သည်မှာ ရှေးက ပြဆိုခဲ့သည့်အတိုင်း ပျက်စီးတတ်, ကုန်တတ်, ကင်းတတ်, ဖောက်ပြန်တတ်သော သဘော၏အဖြစ်ကိုသာ ဟောတော်မူအပ်လေသည်။

ဟောတော်မူအပ်တိုင်းလည်း မရပ်မစဲ ပျက်စီးတတ်, ကုန်တတ်, ဖောက်ပြန်တတ်သော သဘောသာ အမှန်ဖြစ်သည်၏အဖြစ်ကို ရှေးက ပြဆိုခဲ့သည့်အတိုင်း ဉာဏ်ဖြင့် စုံစမ်းကြည့်ရှု ဆင်ခြင်ကြလတ်သော် မုချထိုးထွင်း သိမြင်ကြလိမ့်မည်သာတည်း။

နိဗ္ဗာန်ဆိုအပ်သော တရားမျိုးကား ပျက်စီးခြင်း, ဖောက်ပြန်ခြင်းသည် အဲ့လျှင်းမရှိမူ၍ စင်စစ် နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ သဘောသာလျှင် ဖြစ်ပေ၏။ ထိုသို့ ဖြစ်သည်၏အဖြစ်ကိုလည်း ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် မုချဟောပြောအပ်ပေ၏။ ဟောပြောအပ်သည်၏အဖြစ်ကိုလည်း စူဠနိဒ္ဒေသပါဠိတော်၌—

နိဗ္ဗာနံ နိစ္စံ ဓုဝံ သဿတံ အဝိပရိဏာမဓမ္မံ။

ဟူ၍ **ဟော**တော်မူအပ်သည်။

ထိုသို့ ဟောတော်မူအပ်တိုင်းလည်း ၎င်းနိဗ္ဗာန်သဘောသည် စင်စစ် မိမိတည်မြဲတိုင်းသော **သ**ဘောမှ တရံတဆစ်မျှ ဖွဲ့ချလျော့ပျက်စီးခြင်း မရှိမူ၍ တည်မြဲတိုင်းသော သဘောအတိုင်းသာလျှင် တည်နေ၏။ ထိုသို့တည်နေသည်၏အဖြစ်ကိုလည်း ရုပ်စသော သင်္ခတတရားတို့၏ မရပ်မစဲ ပျက်စီးနေသော သဘောကို ကောင်းစွာ ဉာဏ်ဖြင့်မြင်ကုန်သော ပညာရှင်တို့သည် နိဗ္ဗာန်သဘောမြဲသည်၏အဖြစ်ကို စင်စစ် ဉာဏ်ဖြင့် သိမြင်လိမ့်မည်။ ထိုသို့ ဉာဏ်ဖြင့် သိမြင်ကြလျှင်လည်း ၎င်းမရပ်မစဲ ပျက်စီးတတ်သော သင်္ခတဖြစ်သော ပထဝီ စသော ရုပ်သဘောတို့သည် အနိစ္စသဘောမှ ကင်းလွတ်၍ နိစ္စသဘော၏အဖြစ်ဖြင့် အမြဲတည်ရှိနေသော အသင်္ခတဓာတ်နိဗ္ဗာန်သဘော၌ အဘယ်မှာ တည်ရှိနိုင်အံ့နည်း။ စင်စစ် မတည်မရှိနိုင်သည်သာတည်း။ အဘယ်ကြောင့် မတည်မရှိနိုင်သနည်း ဟူမူ **သ**င်္ခတတရားနှင့် **အ**သင်္ခတတရားသည် စင်စစ် ပဋိပက္ခ ဆန့်ကျင်ဘက်ဖြစ်ခြင်းကြောင့်တည်း။ ထိုကြောင့် ဘုရားရှင်သည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဏ္ဍာနသစ္စာနိဗ္ဗာန်၌ ဘယ်ရုပ်မျိုးမျှသော်လည်း မတည်မရှိသည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဥဒါန်းပါဠိတော်၊ ပါဠလိဂါမိယဝဂ် ပဌမနိဗ္ဗာနပဋိသံယုတ္တသုတ် စာမျက်နှာ(၁၇၇)၌—

ယတ္ထ နေဝ ပထဝီ န အာပေါ န တေဇော န ဝါယော။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ယတ္ထ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဏ္ဍာနသစ္စာနိဗ္ဗာန်၌။ ပထဝီ၊ ပထဝီဟုခေါ်ဆိုအပ်သော ရုပ်သဘောသည်လည်း။ နေဝ အတ္ထိ၊

မရှိသည်သာလျှင်တည်း။ အာပေါ၊ အာပေါဟု ခေါ်ဆိုအပ်သော ရုပ်သဘော သည်လည်း။ နအတ္ထိ၊ မရှိသည်သာလျှင်တည်း။ တေဇော၊ တေဇောဟု ခေါ်ဆိုအပ်သော ရုပ်သဘောသည်လည်း။ နအတ္ထိ၊ မရှိသည်သာလျှင်တည်း။ ဝါယော၊ ဝါယောဟု ခေါ်ဆိုအပ်သော ရုပ်သဘောသည်လည်း။ နအတ္ထိ၊ မရှိသည်သာလျှင်တည်း။

အဓိပ္ပါယ်ကား – မင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားတော်၌ ပထဝီ, အာပေါ, တေဇော, ဝါယော ဟူ ခေါ်ဆိုအပ်သော ရုပ်သဘောမျိုးသည် စင်စစ် အထူးအထေ့ ဝိသေသဖြစ်၍သော်လည်း အခါခပ်သိမ်း မတည်မရှိနိုင်ဟူလို။ ဤအရာ၌ မဟာဘုတ်လေးပါး မတည်မရှိသည်၏ အဖြစ်ကို ဟောတော်မူလျှင် ၎င်းမဟာဘုတ်လေးပါးကို အမှီပြု၍ဖြစ်သော ဥပါဒါရုပ်ဟူသမျှလည်း စင်စစ် မတည်မရှိနိုင်သည်၏ အဖြစ်ကို အဝုတ္တာသိဒ္ဓိနည်းဖြင့် ဟောတော်မူရာ ရောက်လေတော့၏ဟု မှတ်လေကုန်။ ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ၎င်းမင်္ဂိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်၌ စင်စစ် ဘယ်လိုရုပ်မျိုးမျှသော်လည်း မုချမရှိကြောင်းကို ဘုရားရှင် ဟောတော်မူတိုင်း သိကြလေကုန်။

ဤပြဆိုအပ်သော ပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝတာသံယုတ် သတ္တိဝင် သရသုတ် စာမျက်နှာ(၁၅)၌—

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။

ဟူ၍လည်းကောင်း၊

ဥဒါန်းပါဠိတော်၊ ဗောဓိဝင် ၁၀-ခုမြောက် ဗာဟိယသုတ် စာမျက်နှာ(၈၆)၌—

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။

ဟူ၍လည်းကောင်း၊

သုတ်သီလကွန်ပါဠိတော်၊ ကေဝဋ္ဋသုတ် စာမျက်နှာ(၂၁၃)၌—

ဇတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ဇတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။

ဟူ၍လည်းကောင်း ဟောတော်မူအပ်သည်တို့ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ယတ္ထ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဝတ် နိဗ္ဗာန်ဒ္ဍ။ အာပေါ စ၊ အာပေါဝတ်ဟု ဆိုအပ်သော ရုပ်သည်လည်းကောင်း။ ပထဝီ စ၊ ပထဝီဝတ်ဟု ဆိုအပ်သော ရုပ်သည်လည်းကောင်း။ တေဇော စ၊ တေဇောဝတ်ဟု ဆိုအပ်သော ရုပ်သည်လည်းကောင်း။ ဝါယော စ၊ ဝါယောဝတ်ဟု ဆိုအပ်သော ရုပ်သည်လည်းကောင်း။ န ဂါဓတိ၊ မတည်နိုင်။ ဤကား သံယုတ်ပါဠိတော်,ဥဒါန်းပါဠိတော်ပါဠ္ဍတို့၏ မြန်မာပြန်တည်း။

ဤ၌ တသို့ နိဗ္ဗာန၊ ထိုအသခ်ၤတဝတ် နိဗ္ဗာန်ဒ္ဍ။ ဒီဃဥ္ဍ၊ အရှည်သဏ္ဌာန်ဟု သမုတ်အပ်သော ဘူတရုပ်, ဥပါဒါရုပ်တို့၏ အစုအပေါင်းမျှသာ ဖြစ်သော ရုပ်သည်လည်းကောင်း။ ရဿဥ္ဍ၊ အတိုသဏ္ဌာန်ဟု သမုတ်အပ်သော ဘူတရုပ်, ဥပါဒါရုပ်တို့၏ အစုအပေါင်းမျှသာဖြစ်သော ရုပ်သည်လည်းကောင်း။ အဏုဥ္ဍ၊ အလွန်မမြင်နိုင်အောင် သိမ်မွေ့နေသော ဘူတရုပ်, ဥပါဒါရုပ်တို့၏ အစုအပေါင်းမျှသာဖြစ်သော ရုပ်သည်လည်းကောင်း။ ထူလဥ္ဍ၊ ထင်မြင်လွယ်အောင် ရှုနှုရင်းကြမ်းတမ်းကြီးမားသည်ဟု သမုတ်အပ်သော ဘူတရုပ်, ဥပါဒါရုပ်တို့၏ အစုအပေါင်းမျှသာဖြစ်သော ရုပ်သည်လည်းကောင်း။ သုဘဥ္ဍ၊ အလှန် ထွန်းတောက်သော။ ဝါ၊ ကောင်းစွာထွန်းတောက်သော။ ဝါ၊ တင့်တယ်သော ရုပ်သည်လည်းကောင်း။ အသုဘဥ္ဍ၊ မထွန်းတောက်သော ရုပ်သည်လည်းကောင်း။ ဝါ၊ မတင့်တယ်သော ရုပ်သည်လည်းကောင်း။ န ဂါဓတိ၊ မတည်နိုင်။ ဤကား သုတ်သီလကွန်ပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော်မူအပ်ကုန်သော ပါဠိတော်တို့၏ စကားကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဝတ် နိဗ္ဗာန်ဒ္ဍ ပထဝီ,အာပေါ,တေဇော,ဝါယောဟု ဆိုအပ်သော ဘူတရုပ်သည်လည်းကောင်း၊ အရှည်, အတို, အကြီး, အငယ်ဟု သမုတ်အပ်သော ဘူတရုပ်, ဥပါဒါရုပ်တို့၏ အစုအပေါင်းမျှသာဖြစ်သော ရုပ်သည်လည်းကောင်း၊ အလွန် ထွန်းတောက်သော ရုပ်, အလွန်တင့်တယ်သောရုပ်, မတောက်ထွန်းသောရုပ်, မတင့်တယ်သောရုပ်သည်လည်းကောင်း စင်စစ် မရှိသည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်တို့ကို ထောက်၍သာ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဝတ် နိဗ္ဗာန်ဒ္ဍ ရုပ်မရှိကြောင်းကို ထင်ရှားသိအပ်သည် မဟုတ်သေး၊ နေတ္တိပါဠိတော်ဒ္ဍလည်း ရူပသခ်ၤယေ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ရူပသန်ယေ၊ ရုပ်ဟူသမျှတို့ ကုန်ရာဖြစ်သော အသန်တဓာတ် နိဗ္ဗာန်၌။ ဤသို့ ပြဆိုအပ်သော ပါဠိတော်ကို ထောက်၍လည်း စင်စစ် အသန်တဓာတ် နိဗ္ဗာန်၌ ရုပ်ထူးရုပ်ဝိသေသဟူသမျှပင် မုချ မတည်မရှိကြောင်းကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ဓမ္မသင်္ဂဏိပါဠိတော် စာမျက်နှာ (၂၂၀)၌ စုဠန္တရ ရူပိနောဒုက်ကို ဝေဘန်၍ ဟောတော်မူရာ၌လည်း အသန်တဓာတ်ကို ရူပိနောပုဒ်၌ မဟော။ အရူပိနောပုဒ်၌သာ ဟောတော်မူအပ်လေသည်။ ဟောတော်မူအပ်သည်၏ အဖြစ်ကိုလည်း—

> ကတမေ ဓမ္မာ ရူပိနော။ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာ-ဘူတာနံ ဥပါဒါယ ရူပံ။ ဣမေ ဓမ္မာ ရူပိနော။
>
> ကတမေ ဓမ္မာ အရူပိနော။ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါ-ရက္ခန္ဓော ဝိညာဏက္ခန္ဓော အသန်တာ စ ဓာတု။ ဣမေ ဓမ္မာ အရူပိ-နော။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ ရူပိနော၊ ရုပ်တရားမည်ကုန်သနည်း။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ စ၊ မဟာဘူတ်တို့သည်လည်းကောင်း။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘူတ်တို့ကို။ ဥပါဒါယ၊ စွဲ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပဥ္စ၊ ရုပ်သည်လည်း ကောင်း။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ရူပိနော၊ ရုပ်တရားမည်ကုန်၏။ ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ အရူပိနော၊ ရုပ်မရှိကုန်သော တရားတို့ မည်ကုန်သနည်း။ ဝေဒနာက္ခန္ဓော စ၊ ဝေဒနာက္ခန္ဓာ သည်လည်းကောင်း။ သညာက္ခန္ဓော စ၊ သညာက္ခန္ဓာသည်လည်းကောင်း။ သင်္ခါရက္ခန္ဓော စ၊ သင်္ခါရက္ခန္ဓာသည်လည်းကောင်း။ ဝိညာဏက္ခန္ဓော စ၊ ဝိညာဏ-က္ခန္ဓာသည်လည်းကောင်း။ အသန်တာ စ ဓာတု၊ အသန်တဓာတ်ဖြစ်သော နိဗ္ဗာန်သည်လည်းကောင်း။ ဤဆိုအပ်ကုန်ပြီးသော တရားငါးပါး တို့သည်။ အရူပိနော၊ ရုပ်မရှိကုန်သော တရားတို့ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်-ကုန်၏။

အဓိပ္ပါယ်ကား–မဟာဘုတ်လေးပါး၊ ၎င်းမဟာဘုတ်လေးပါးကို မှီ၍ ဖြစ်-ကုန်သော ဥပါဒါရုပ်၊ ဤရုပ်တို့သည်သာလျှင် စင်စစ် ရုပ်မည်ကုန်သော တရား-တို့တည်း။ ထိုမှကြွင်းသော ခံစားတတ်သော ဝေဒနာ၊ မှတ်တတ်သော သညာ၊

ပြုပြင်တတ်သော သခ်ါရ၊ သိတတ်သော ဝိညာဏ်၊ အသခ်ၵဓာတ်ဖြစ်သော နိဗ္ဗာန် ဤတရားငါးပါးတို့သည် စင်စစ် ရှုပ်မရှိ။ ရှုပ်မှ ကင်းကုန်သော တရားတို့ မည်ကုန်သည် ဟူလို။ ဤသို့ ပြဆိုအပ်သော ပါဠိတော်စကားရပ်တို့တွင် အသခ်ၵဓာတ်နိဗ္ဗာန်ကို ရှုပိနော-ပုဒ်၌ မဟောဘဲ အရှုပိနော-ပုဒ်၌သာ ဟောတော်မူခြင်းသည် စင်စစ် အသခ်ၵဓာတ်နိဗ္ဗာန်၌ ဘယ်လို ရုပ်ဝိသေသသော် လည်း မရှိ။ စင်စစ် ရုပ်ဟူသမျှမှပင် ကင်းလွတ်၍တည်သော တရားသာ ဧကန် ဖြစ်ကြောင်းကို သိစေတော်မူလို၍ ဟောတော်မူအပ်သည်ဟု မှတ်။ ဤသို့ ဟောတော်မူအပ်သောပါဠိတော်ကို ထောက်၍လည်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၵဓာတ်နိဗ္ဗာန်၌ စင်စစ် ရုပ်ထူး, ရုပ်မြတ်, ရုပ်ဝိသေသဟူသမျှပင် မုချ မရှိသည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤမျှဖြင့် နိဗ္ဗာန်၌ ရုပ်မရှိသည်၏ အဖြစ်ကို ဖော်ပြချက်သည် ပြီး၏။

အသခ်ၵဓာတ်၌ နာမ်ထူးမရှိကြောင်း

ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်ၵဓာတ်နိဗ္ဗာန်၌ ရုပ်ဝိသေသသာ မရှိသည် မဟုတ်သေး။ ခံစားတတ်သော ဝေဒနာ၊ မှတ်တတ်သော သညာ၊ ပြုပြင်တတ်သော သခ်ါရ၊ သိတတ်သော ဝိညာဏ်-ဟု ဆိုအပ်ကုန်သော နာမက္ခန္ဓာတရားတို့လည်း အထူးဖြစ်၍ တည်ရှိသည် မဟုတ်ကုန်။ အဘယ်ကြောင့် မတည်မရှိကုန်သနည်းဟူမူ ၎င်းနာမ်တရားလေးပါးတို့သည် ဘယ်လိုပင် သိမ်မွေ့နူးညံ့ထူးခြုန်သော်လည်း စင်စစ် ပျက်စီးတတ်သော အနိစ္စတရား သဘောမျိုးသာ ဖြစ်၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကိုလည်း ဘုရားရှင်သည် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌—

ဝေဒနာ အနိစ္စာ အတီတာနာဂတာ။ ကော ပန ဝါဒေါ ပစ္စုပ္ပန္နာယ
။ပ။ သညာ အနိစ္စာ အတီတာနာဂတာ။ ကော ပန ဝါဒေါ ပစ္စုပ္ပန္နာယ
။ပ။ သခ်ါရာ အနိစ္စာ အတီတာနာဂတာ။ ကော ပန ဝါဒေါ ပစ္စုပ္ပန္နာနံ
။ပ။ ဝိညာဏံ အနိစ္စံ အတီတာနာဂတံ။ ကော ပန ဝါဒေါ ပစ္စုပ္ပန္နဿ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိကြလေကုန်။

မြန်မာပြန်ကား—

အတီတာ၊ ဖြစ်၍ ကွယ်လွန်လေပြီးသော။ ဝေဒနာ၊ ဝေဒနာဟူ ခေါ်ဆိုအပ်သော ခံစားတတ်သော ပရမတ္ထသဘောသည်လည်းကောင်း။ အနာဂတာ၊ နောင်ဖြစ်ပေါ်လတ္တံ့သော။ ဝေဒနာ၊ ဝေဒနာဟူ ခေါ်ဆိုအပ်သော ခံစားတတ်သော ပရမတ္ထသဘောသည်လည်းကောင်း။ အနိစ္စာ၊ အမြဲမရှိ ပျက်စီးတတ်သော သဘော ရှိ၏။ ပစ္စုပ္ပန္နာယ၊ ဖြစ်ဆဲဖြစ်သော။ ဝေဒနာယ၊ ဝေဒနာဟူ

ခေါ်ဆိုအပ်သော ခံစားတတ်သော ပရမတ္ထသဘော၏ကား။ ကော ပန ဝါဒေါ၊ အဘယ်မှာ ဆိုဘွယ်ရာရှိအံ့နည်း။ ကေန္တအနိစ္စာဝ၊ စင်စစ် မမြဲတတ်-ပျက်စီးတတ်သော သဘောရှိသည်သာလျှင်တည်း။ အတတာ၊ သော။ သညာ၊ သညာဟု ခေါ်ဆိုအပ်သော မှတ်တတ်သော ပရမတ္ထသဘောသည်။ အနိစ္စာ၊ ၏။ အနာဂတာ၊ သော။ သညာ၊ သည်။ အနိစ္စာ၊ ၏။ ပစ္စုပ္ပန္နာယ၊ သော။ သညာယ၊ သညာဟု ခေါ်ဆိုအပ်သော ပရမတ္ထသသော၏ကား။ ကော ပန ဝါဒေါ၊ နည်း။ ကေန္တအနိစ္စာဝ၊ တည်း။ အတီတာ၊ ကုန်သော။ သခ်ါရာ၊ တွေ့ခြင်း, စေ့ဆော်ခြင်း အစရှိသည်ကို ပြုတတ်ကုန်သော သခ်ါရဟု ခေါ်ဆိုအပ်ကုန်သော ၅၀ ကုန်သော ပရမတ္ထသဘောတရားတို့သည်။ အနိစ္စာ၊ မမြဲကုန်-ပျက်စီးတတ်သော သဘောရှိကုန်၏။ အနာဂတာ၊ ကုန်သော။ သခ်ါရာ၊ တို့သည်။ အနိစ္စာ၊ ကုန်၏။ ပစ္စုပ္ပန္နာနံ၊ ကုန်သော။ သခ်ါရာနံ၊ သခ်ါရတရားတို့၏ကား။ ကော ပန ဝါဒေါ၊ နည်း။ ကေန္တအနိစ္စာဝ၊ ကုန်သည်သာတည်း။ အတီတံ၊ သော။ ဝိညာဏံ၊ ဝိညာဏ်ဟု ခေါ်ဆိုအပ်သော အာရုံကိုသိတတ်သော ပရမတ္ထသဘောသည်။ အနိစ္စံ၊ ၏။ အနာဂတံ၊ သော။ ဝိညာဏံ၊ သည်။ အနိစ္စံ၊ ၏။ ပစ္စုပ္ပန္နဿ၊ ဖြစ်ဆဲဖြစ်သော ဝိညာဏ်၏ကား။ ကော ပန ဝါဒေါ၊ အဘယ်မှာ ဆိုဘွယ်ရာ ရှိအံ့နည်း။ ကေန္တအနိစ္စမေဝ၊ စင်စစ် မမြဲတတ်-ပျက်စီးတတ်သော သဘောရှိသည်သာလျှင်တည်း။

အဓိပ္ပါယ်ကား–အစမထင် သံသရာကစ၍ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော ဝေဒနာဟုခေါ်ဆိုအပ်သော ခံစားတတ်သော ပရမတ္ထသဘောတရားများ၏။ သညာဟု ခေါ်ဆိုအပ်သော မှတ်တတ်သော ပရမတ္ထသဘောတရားများ၏။ သခ်ါရဟု ခေါ်ဆိုအပ်ကုန်သော တွေ့ခြင်း, စေ့ဆော်ခြင်း အစရှိကုန်သော ပရမတ္ထသဘောတရားများတို့။ ဝိညာဏ်ဟုခေါ်ဆိုအပ်သော အာရုံကိုသိတတ်သောပရမတ္ထသဘောတရားများ၏။ ဤဆိုအပ်ခဲ့ကုန်ပြီးသော ပရမတ္ထသဘောတရားများတို့သည် စင်စစ် ကာလသုံးပါးတို့တွင် ဘယ်အခါကာလ၌ပင် ဖြစ်ကုန်သော်လည်း အမြဲမတည်ကုန်။ စင်စစ် ပျက်စီးတတ်ကုန်သော အနိစ္စသဘောများသာ ကေန် ဖြစ်ကုန်၏ဟူလို။ ဤသို့ ဘုရားရှင်ဟောတော်မူအပ်သည်ကို ထောက်၍လည်း စင်စစ် ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ်ဟုဆိုအပ်သော နာမက္ခန္ဓာတရားတို့သည် စင်စစ်အမြဲမတည်။ ပျက်စီးတတ်ကုန်သော အနိစ္စသဘောတရားများတို့သာ ကေန်ဖြစ်ကုန်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ။ထိုကဲ့သို့ပျက်စီးတတ်ကုန်သော ဝေဒနာစသော နာမ်တရားတို့သည် အဘယ်မျှကာလတည်ကုန်၍ ပျက်စီးကြသနည်းဟူမူ ၎င်းတို့ဖြစ်ပေါ်စတည်းဟူသော ဥပါဒ်အခိုက်၊ အားယုတ်လျော့၍ တည်မှုတည်းဟူသော ဌိအခိုက်။ ဤနှစ်ချက်သော အခိုက် အတန့်ကာလမျှသာတည်၍ ချုပ်ခြင်းတည်းဟူသော ဘင်အခိုက်သို့သာရောက်

ကြလေတော့၏။ ထိုသို့ရောက်သော ဥပါဒ်အခိုက်, ဌီအခိုက်, ဘင်အခိုက်ကိုပင် စိတ္တက္ခဏတချက်ဟု ခေါ်ဆိုအပ်သည်။ ထိုစိတ္တက္ခဏတချက်ခန့်မျှသာ ဖြစ်,ပျက်ချုပ်လျက် တဘဝ,တဘဝ၌ အကြင်မျှလောက် အကြောင်းသည် မကုန်သေး။ ထိုမျှလောက် ဆက်ကာ ဆက်ကာ ဖြစ်, ချုပ်ကြလေ၏။ ကမ္မာရှစ်သောင်း, လေးထောင် အဓွန့်တည်သော နေဝသညာနာသညာယတနဘုံ၌ဖြစ်သော နာမ်တရားသည်လည်း စိတ္တက္ခဏတချက်မျှသာဖြစ်ပေ၏။ စင်စစ် နှစ်ချက်ခန့်သို့ မရောက်ဟု မှတ်ကြလေကုန်။ ထိုသို့မှတ်အပ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ဒုတိယတဲ့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဖွင့် စာမျက်နှာ ၂၆၀-၌—

ဇီဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေဝလာ။
ကေစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။
စုလ္လာသီတိ သဟဿာနိ၊ ကပ္ပံ တိဋ္ဌန္တိ ယေ မရူ။
န တေဝ တေပိ တိဋ္ဌန္တိ၊ ဒ္ဝိဟိ စိတ္တေဟိ သမောဟိတာ။

ဟူ၍ မိန့်တော်မူအပ်သည်ကို ထောက်လေ။

မြန်မာပြန်ကား—

ဇီဝိတဥ္စ၊ သဟဇာတ် တရားတို့ကို စောင့်ရှောက်ခြင်း သဘောလက္ခဏာရှိသော ဇီဝိတိန္ဒြေသည်လည်းကောင်း။ အတ္တဘာဝေါ စ၊ ဇီဝိတ, ဝေဒနာတို့ကြဉ်သော ကျန်သော ပရမတ္ထတရားသည်လည်းကောင်း။ သုခဒုက္ခာ စ၊ သုခဝေဒနာ, ဒုက္ခဝေဒနာဟု ခေါ်ဆိုအပ်ကုန်သော ခံစားတတ်ကုန်သော ပရမတ္ထသဘောတို့သည်လည်းကောင်း။ ကေဝလာ၊ ပုဂ္ဂိုလ် သတ္တဝါဟု ခေါ်ဆိုအပ်သော အတ္တနှင့်လည်းကောင်း, မြဲခြင်းတည်းဟူသော နိစ္စနှင့်လည်းကောင်း မရောမယှက် သက်သက်ဖြစ်ကုန်၍။ ကေစိတ္တသမာယုတ္တာ၊ တခု,တခုသော စိတ္တက္ခဏနှင့်သာလျှင် ယှဉ်သည်၏ အဖြစ်ကြောင့်။ လဟုသော၊ အလွန်တိုသည်ဖြစ်၍ လျင်ခြင်းရှိသော။ ခဏော၊ ခံစားခြင်းစသောခဏသည်။ ဝတ္တတေ၊ ဖြစ်၏။ ။ယေ မရူ၊ အကြင်နေဝသညာနာသညာယတနဘုံ၌ဖြစ်သော အရူပဗြဟ္မာတို့သည်လည်း။ စုလ္လာသီတိ သဟဿာနိ ကပ္ပံ၊ ရှစ်သောင်း လေးထောင် အတိုင်းအရှည်ရှိသော ကမ္ဘာတို့ပတ်လုံး။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တေပိ၊ ထို ဗြဟ္မာတို့သည်လည်း။ ဒ္ဝိဟိ စိတ္တေဟိ၊ စိတ္တက္ခဏနှစ်ချက်တို့နှင့်။ သမောဟိတာ၊ တကွဖြစ်ကုန်၍။ န တေဝ တိဋ္ဌန္တိ၊ မတည်ကုန်သည်သာလျှင်တည်း။

အဓိပ္ပါယ်ကား–အသက်ဟုခေါ်ဆိုအပ်သော စောင့်ရှောက်တတ်သော ပရမတ္ထသဘောတရားသည်လည်းကောင်း၊ ခံစားတတ်ကုန်သော ဝေဒနာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားတို့သည်လည်းကောင်း၊ ထိုမှကြွင်းသော အတ္တဘောဟုခေါ်ဝေါ်ပညတ်အပ်သောပရမတ္ထသဘောအစုသည်လည်းကောင်း

ၵၢင်းပရမတ္ထသဘောတရားတို့သည် စင်စစ် ငါ, သူ သတ္တဝါကောင်ဟု ဆိုအပ်သော အတ္တလည်းမဟုတ်။ စင်စစ် မြဲခြင်းတည်းဟူသော နိစ္စတရားမျိုးလည်းမဟုတ်။ ထိုအတ္တ, နိစ္စစသည်တို့နှင့် မရောမယှက် သက်သက်သော ပရမတ္ထတရား အစုသာ ဖြစ်၏။ ထိုပရမတ္ထတရားအစုသည် စင်စစ် ဥပါဒ်, ဌိ, ဘင် တည်းဟူသော စိတ္တက္ခဏတချက်မျှသာ ဖြစ်သက်ရှိပေ၏။ တချက်ကလွန်၍ မတည်ကုန်။ ကမ္ဘာရှစ်သောင်း လေးထောင် ကာလပတ်လုံး တည်ကုန်သော အရူပဗြဟ္မာတို့သည်လည်း ဥပါဒ်, ဌိ, ဘင် တည်းဟူသော စိတ္တက္ခဏ တချက်မျှသာ ဖြစ်ခြင်းရှိကုန်၏။ စင်စစ် စိတ္တက္ခဏ တချက်မှ ကူးပြောင်း၍ စိတ္တက္ခဏန္ဒစ်ချက်ခန့်သို့မရောက်ကုန်ဟူလို။

ဤသို့ပြဆိုအပ်သည်ကို ထောက်၍ ခံစားခြင်း, မှတ်ခြင်းစသော ကိစ္စတို့ကို ဆိုင်ရာ, ဆိုင်ရာ ပြုလုပ်တတ်ကုန်သော နာမ်တရားတို့သည် အစမထင် သံသရာကစ၍ ရဟန္တာစုတိစိတ်ကျသည်တိုင်အောင် တခုသော စိတ္တုပ္ပါဒ် ဖြစ်, ချုပ်ပြီးမှ တခုသော စိတ္တုပ္ပါဒ်သည် ပေါ်လာ၏။ ၎င်းပေါ်လာသော စိတ္တုပ္ပါဒ် ချုပ်ပြန်လျှင် ၎င်းနောက်တဖန် စိတ္တုပ္ပါဒ်တခုသည် ဖြစ်ပေါ်ပြန်၏။ ဤသို့လျှင် မရပ်မစဲ တခုပြီး, တခု၊ ဖြစ်, ချုပ် ဖြစ်, ချုပ်နေသော သန္တတသဘောတရားမျိုးသာ အမှန်ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ထိုသို့ ဖြစ်, ပျက် ချုပ်ကွယ်တတ်သော သန္တတသဘော တရားမျိုးဖြစ်သော ဝေဒနာစသော နာမ်တရားမျိုးသည် စင်စစ် မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံပြုရာဖြစ်သော အသန္တတခေတ် နိရောဓသစ္စာ နိဗ္ဗာန်၌ မတည်မရှိ။ ထိုကဲ့သို့ မတည်မရှိသည်၏ အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည် ဥဒါန်းပါဠိတော်၊ ပါဠလိ-ဂါမိယဝဂ်-ပဌမသုတ် စာမျက်နှာ (၁၇၇) ၌—

အနာရမ္မဏမေဝေတံ။ သေဝန္တော ဒုက္ခဿ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

တေံ၊ ဤ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန္တတခေတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အနာရမ္မဏံ၊ အာရုံ ၆-ပါးကို အခါခပ်သိမ်း ယူခြင်းမရှိသော အနာရမ္မဏ သဘောပေတည်း။ သေဝ-သော၀၊ ဤ အာရုံ ၆-ပါးကို ယူခြင်းမရှိသော အနာရမ္မဏ သဘောဖြစ်သော အသန္တတခေတ်သည်သာလျှင်။ ဒုက္ခဿ၊ အလုံးစုံသော ဝဋ်ဒုက္ခ၏။ အန္တော၊ ဆုံးရာသဘောပေတည်း။ ဝါ၊ အဆုံးဌိတည်သော သဘောပေတည်း။

အဓိပ္ပါယ်ကား – မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန္တတခေတ် နိရောဓသစ္စာ နိဗ္ဗာန်သည် ရုပ်မှကင်းသော အရူပတရားမျိုးပင် ဖြစ်သော်လည်း ဝေဒနာ

စသော အရူပတရားမျိုးကဲ့သို့ အာရုံခြောက်ပါးကို အာရုံပြု၍ ခံစားတတ်, မှတ်တတ်သော တရားမျိုးစသည်မဟုတ်၊ အခါခပ်သိမ်း အာရုံခြောက်ပါးကို အာရုံပြုခြင်းမရှိသော တရားမျိုးသာ ဧကန် ဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်း အသခ်ၤတဝတ် နိဗ္ဗာန်၌ အာရုံကို အာရုံပြု၍ ခံစားခြင်း စသည်ကို ပြုလုပ်တတ်သော ဝေဒနာစသော နာမ်တရားမျိုးသည် စင်စစ် မုခ္ဂ မတည်မရှိပေ။ ထို ဝေဒနာစသော တရားမျိုး မတည်မရှိသော ၎င်း အသခ်ၤတဝတ် နိဗ္ဗာန သစ္စာ နိဗ္ဗာန်သည်သာလျှင် အလုံးစုံသော ကိလေသဝဋ်၌, ကမ္မဝဋ်၌, ဝိပါကဝဋ်၌ တည်းဟူသော ဝဋ်သုံးပါးတရားတို့၏ ဆုံးရာဌာန သဘာဝတရားမျိုးသာ ဧကန် အမှန်ဖြစ်ပေ၏ဟူလို။ ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း အာရုံကို ယူခြင်းနှင့်တကွဖြစ်သော ဝေဒနာစသော သာရမ္မဏ သခ်ၤတတရားမျိုးသည် စင်စစ် အသခ်ၤတဝတ် နိဗ္ဗာန်၌ မတည်မရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ၎င်း အသခ်ၤတဝတ် နိဗ္ဗာန်သည် စင်စစ် ဝေဒနာစသော တရားမျိုးကဲ့သို့ အာရုံကိုယူခြင်း မရှိသည်၏အဖြစ်ကိုလည်းကောင်း ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်ဖြင့်သာ ထင်ရှားသိအပ်သည် မဟုတ်သေး၊ ၎င်း ပါဠိတော်၏ အဖွင့်ဖြစ်သော ဥဒါန်းအဋ္ဌကထာ စာမျက်နှာ (၃၅၅) ၌လည်း—

> အရူပသဘာဝတ္တေပိ ဝေဒနာဒယော ဝိယ ကာသစိ အာရမ္မဏာသာ အနာလမ္ဗဏတော။ပ။အနာရမ္မဏမေဝ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

အရူပသဘာဝတ္တေပိ၊ အရူပသဘောပင် ဖြစ်သော်လည်း။ ဝါ၊ ရုပ်မှကင်းသော။ ဝါ၊ ရုပ်မရှိသော သဘောပင် ဖြစ်သော်လည်း။ ဝေဒနာဒယော ဝိယ၊ ဝေဒနာ အစရှိသည်တို့ကဲ့သို့။ ဝါ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကဲ့သို့။ ကာသစိ၊ တစုံတခုသော။ အာရမ္မဏာသာ၊ အာရုံကို။ အနာလမ္ဗဏတော၊ အာရုံပြုခြင်း မရှိသည်၏ အဖြစ်ကြောင့်။ပ။ အနာရမ္မဏမေဝ၊ အနာရမ္မဏာသဘော မည်သည်သာလျှင်တည်း။

အဓိပ္ပါယ်ကား—နိဗ္ဗာန် တရားသည် ရုပ်မှကင်းသည်၏ အဖြစ်ကြောင့် အရူပတရားသဘောပင် ဖြစ်သော်လည်း ဝေဒနာစသော အရူပနာမ်မျိုးကဲ့သို့ အာရုံကို ခံစားခြင်း,အာရုံကိုမှတ်ခြင်း စသည်တို့၏ အစွမ်းဖြင့် အာရုံပြုခြင်းမရှိ။ စင်စစ် အာရုံကို မယူတတ်သော အနာရမ္မဏ သဘောတရားသာ ဖြစ်လေတော့သည် ဟူလို။

ဤသို့ ပြဆိုအပ်သော အဌကထာကို ထောက်၍လည်း အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် စင်စစ် အာရုံကို မယူတတ်သော သဘောတရား၏ အဖြစ်ကြောင့် ၎င်း နိဗ္ဗာန်၌ ခံစားတတ်သော ဝေဒနာစသော နာမ်ထူးတရား တို့ မရှိနိုင်သည်၏ အဖြစ်ကို စင်စစ် သိကြလေကုန်။ ဤ ပါဠိတော်, အဌကထာ တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဓမ္မသင်္ဂဏီပါဠိတော်၊ သာရမ္မဏဒုက် စာမျက်နှာ(၂၃၈)၌လည်း အာရုံကို မယူတတ်သော အနာရမ္မဏတရားမျိုးသာ ဖြစ်သည်၏ အဖြစ်ကိုလည်း—

ကတမေ ဓမ္မာ အနာရမ္မဏာ။ သဗ္ဗဉ္စ ရူပံ အသခ််တာ စ ဓာတု။
ဣမေ ဓမ္မာ အနာရမ္မဏာ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အနာရမ္မဏာ၊ အနာရမ္မဏတရားတို့ မည်ကုန်သနည်း။ ဝါ၊ အာရုံခြောက်ပါးကို ယူခြင်းမရှိသော တရားတို့မည်ကုန်သနည်း။ သဗ္ဗဉ္စ ရူပံ၊ အလုံးစုံသောရုပ်သည် လည်းကောင်း။ အသခ််တာ စ ဓာတု၊ အသခ််တဓာတ်သည်လည်းကောင်း။ ဣမေ ဓမ္မာ၊ ဤဆို အပ်ကုန်ပြီးသော သဘောတရားတို့သည်။ အနာရမ္မဏာ၊ အနာရမ္မဏ တရားတို့ မည်ကုန်၏။ ဝါ၊ အာရုံကိုယူခြင်းမရှိကုန်သော တရားတို့ မည်ကုန်၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း အသခ််တဓာတ် နိရောဓ သစ္စာ နိဗ္ဗာန်သည် ဝေဒနာစသော တရားမျိုးကဲ့သို့ အာရုံခြောက်ပါးကို ယူ တတ်သော သဘောတရားမျိုး မဟုတ်သည်၏ အဖြစ်ကို လည်းကောင်း၊ ၎င်း အသခ််တဓာတ် သဘောဌ အာရုက္ခဟုတတသော ဝေဒနာစသော နာမတရား တို့သည် အခါခပ်သိမ်း မရှိသည်၏ အဖြစ်ကိုလည်းကောင်း သိကြလေကုန်။ ဤ မျှသော စကားအစဉ်ဖြင့် အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားတော်၌ နာမ်တရားတို့ မတည်မရှိနိုင်သည်၏အဖြစ်ကို ပြဆိုချက်သည် ပြီး၏။

အသခ််တဓာတ်၌ ရုပ်ထူး နာမ်ထူး မရှိကြောင်း

၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၌ ပထဝီ စသော ရုပ်၊ စိတ်, စေတသိက် တည်းဟူသော နာမ်။ ဤတရား နှစ်ပါး တို့သည် အခါခပ်သိမ်း ဖြစ်မှုမရှိကုန်သည်သာလျှင်တည်း။ ထိုသို့ ဖြစ်မှုမရှိသည် ၏အဖြစ်ကိုလည်း သုတ်သီလကွန် ပါဠိတော်၊ ကေဝဋ္ဋသုတ်၌—

ဏ္ဍေ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ထို၊ ဤ အသခ်ၤတဝတ် နိဗ္ဗာန်ဉ်။ နာမဉ္စ၊ အာရုံသို့ ရှေးရှု အာရုံပြု၍ ညွတ်တတ်သော စိတ်, စေတသိက် တည်းဟူသော နာမ်တရားသည်လည်းကောင်း။ ရူပဉ္စ၊ ပထဝီ အစရှိသော ၂၈-ပါးသော ရုပ်သည်လည်းကောင်း။ အသေ့သံ၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဥပရုဇ္ဈတိ-နု ပဝတ္တတိ၊ ဖြစ်မှုမရှိ။

ဤသို့ ဟောတော်မူအပ်သော စကားတော်တို့တွင် ထို ဟူသော စကားတော်ဖြင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဝတ်နိဗ္ဗာန်ကို ဝေနေယျတို့အား သိစေတော်မူအပ်၏။ နာမဉ္စ ဟူသော စကားတော်ဖြင့် အာရုံပြုသော အားဖြင့် ညွတ်တတ်သော စေတသိက်ဟု ဆိုအပ်သော ဝေဒနာ, သညာ, သခ်ၤခါရ, ဝိညာဏ် တည်းဟူသော နာမ်ခန္ဓာတရားလေးပါးကို သိစေတော်မူအပ်၏။ ရူပဉ္စ ဟူသော စကားတော်ဖြင့် ပထဝီ အစရှိသော ၂၈-ပါးသော ရုပ်တရားကို သိစေတော်မူအပ်၏။ ဥပရုဇ္ဈတိ ဟူသော စကားတော်ဖြင့် ထို ရုပ်, နာမ် နှစ်ပါးသည် ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဝတ်နိဗ္ဗာန်ဉ် အခါခပ်သိမ်း ဖြစ်မှုမရှိသည်၏ အဖြစ်ကို ဝေနေယျတို့အား သိစေတော် မူအပ်၏။ ထို့သို့ သိစေတော်မူအပ်သည်ကို ထောက်၍လည်း ဂုဏ်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဝတ် နိဗ္ဗာန်ဉ် မပျက်မစီးသော ရုပ်ထူး, မပျက်မစီးသော ဝေဒနာစသော နာမ်ထူး နှစ်ပါးစုံလုံးပင် စင်စစ် ဖြစ်မှု မရှိသည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ဤ ပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ သုတ္တန်ပါတ် ပါဠိတော်၊ ပါရာယနဝဂ်-အဇိတပဉ္ဉာကို ဖြေဆိုရာ၌—

ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ယတ္ထ ယသ္မိ ံ နိဗ္ဗာနေ၊ အကြင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဝတ် နိဗ္ဗာန်ဉ်။ နာမဉ္စ၊ အာရုံပြုသောအားဖြင့် အာရုံသို့ ညွတ်တတ်သော နာမကွန္ဓာ တည်းဟူသော စိတ်, စေတသိက် ဟု ဆိုအပ်သော နာမ်တရားသည်လည်းကောင်း။ ရူပဉ္စ၊ ထင်ရှား ဖောက်ပြန်တတ်သော ပထဝီ စသော ၂၈-ပါးသော ရုပ်တရားသည်လည်းကောင်း။ အသေသံ၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဥပရုဇ္ဈတိ - နု ပဝတ္တတိ၊ ဖြစ်မှုမရှိ။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်၌ မပျက်မစီးသော ရုပ်ထူး, မပျက်မစီးသော ဝေဒနာ စသော နာမ်ထူး နှစ်ပါးစုံလုံးပင် စင်စစ် ဖြစ်မှုမရှိသည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ဣတိ ဝုတ်ပါဠိတော်၊ စတုက္ကနိပါတ်-လေးခုမြောက် သုတ်၌—

ယတ္ထ စ သဗ္ဗသော ဒုက္ခံ၊ အသေသံ ဥပရုဇ္ဈတိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ယတ္ထ စ ယသ္မိံ နိဗ္ဗာနေ စ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ-ဓာတ် နိဗ္ဗာန်၌ကား။ သဗ္ဗသော၊ ခပ်သိမ်းသော အပြားအားဖြင့်။ ဝါ၊ ခပ်သိမ်းသော အဘိုအားဖြင့်။ ဒုက္ခံ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်သော သင်္ခတတရား,-သင်္ခါရတရားဟုဆိုအပ်သော စိတ်,စေတသိက်, ရုပ်တည်းဟူသော ဒုက္ခတရားဟူသမျှသည်။ အသေသံ၊ အကြွင်းအကျန်မရှိသောအားဖြင့်။ ဥပ-ရုဇ္ဈတိ နှ ပဝတ္တတိ၊ ဖြစ်မှုမရှိ။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ယတ္ထ-ဟူသော စကားတော်ဖြင့် မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာနဿစ္စနိဗ္ဗာန်ကို သိစေတော်မူအပ်၏။ သဗ္ဗသော ဒုက္ခံ-ဟူသော စကားတော်တို့ဖြင့် အလုံးစုံသောအဘိုအားဖြင့်ဖြစ်သော ဖြစ်, ပျက်ခြင်း၏ အနှိပ်စက်ကိုခံရသော သင်္ခတ သင်္ခါရတရားမျိုးသာဖြစ်သော စိတ်, စေတသိက်, ရုပ်ဟုဆိုအပ်သော ဒုက္ခ သာလျှင် အမှန်ဖြစ်သော နာမ်,ရုပ်တရားကို သိစေတော်မူအပ်၏။ အသေသံ ဥပရုဇ္ဈတိ ဟူသော စကားတော်ဖြင့် ၎င်းနာမ်ရုပ်နှစ်ပါးတည်းဟူသော ဒုက္ခတရား သည် ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်၌ တစုံတခု အကြွင်း အကျန်မရှိသောအားဖြင့် ဖြစ်ပေါ်မှုမရှိလေဟူသော အဓိပ္ပါယ်ကို သိစေတော်မူ အပ်၏။ ဤသို့ သိစေတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်၌ မပျက်မစီးသော ပထဝီစသော ရုပ်ထူး, ဝေဒနာစသော နာမ်ထူးမရှိသည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိ-တော်ဖြင့်သာ သိအပ်သည်မဟုတ်သေး။ ဥဒါန်းပါဠိတော်၊ ပါဠလိဂါမိယဝဂ် ပဌမသုတ် စာမျက်နှာ ၁၇၇-၌—

အတ္ထိ ဘိက္ခဝေ တဒါယတနံ ယတ္ထ နေဝ ပထဝီ နှ အာပေါ နှ တေဇော နှ ဝါယော၊ နှ အာကာသာနဉ္စာယတနံ နှ ဝိညာဏဉ္စာယတနံ နှ အာကိဉ္စညာယတနံ နှ နေဝသညာနာသညာယတနံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ-တဲ့ ကာရဏံ၊ ထိုမင်ဉာဏ်,ဖိုလ်ဉာဏ်တို့၏ ဖြစ်ပေါ်ခြင်းအကြောင်းခံဖြစ်သော အာရုံတရားသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။ ယတ္ထ၊ အကြင်မင်ဖိုလ်တို့၏ ဖြစ်ကြောင်းဖြစ်သော အာရုံတရားနိဗ္ဗာန်ဒ္ဉ်။ ပထဝီ၊ ပထဝီဓာတ်သည်လည်း။ နေဝ အတ္ထိ၊ မရှိသည်သာလျှင်တည်း။ အာပေါ၊ အာပေါဓာတ်သည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်တည်း။ တေဇော၊ တေဇောဓာတ်သည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်တည်း။ ဝါယော၊ ဝါယောဓာတ်သည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်တည်း။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနဘုံဒ္ဉ်ဖြစ်သော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တည်းဟူသော နာမ်တရားမျိုးသည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်တည်း။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတနဘုံဒ္ဉ်ဖြစ်သော ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်တည်းဟူသော နာမ် တရားမျိုးသည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်တည်း။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတနဘုံဒ္ဉ်ဖြစ်သော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တည်းဟူသော နာမ်တရားမျိုးသည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်တည်း။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတနဘုံဒ္ဉ်ဖြစ်သော အလွန်သိမ်မွေ့၍ မထင်မမြင်နိုင်အောင်နေသော ဝေဒနာစသော နာမ်တရားမျိုးသည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်တည်း။

ဤသို့ဟောတော်မူအပ်သော ဘုရားရှင်၏စကားတော်တို့တွင် အတ္ထိ ဘိက္ခဝေ တဒါယတနံ-ဟူသော စကားတော်တို့ဖြင့် ၎င်းမင်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ်နိဗ္ဗာန်သည် စိတ်,စေတသိက်,ရုပ်တည်းဟူသော သခ်ၤတ-သင်္ခါရ တရားတို့နှင့် မရောမယှက်မူ၍ အသီးအခြား ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကို ဝေနေယျတို့အား သိစေတော်မူအပ်၏။ ယတ္ထ နေဝ ပထဝီ န အာပေါ န တေဇော န ဝါယောဟူသော စကားတို့ဖြင့် ၎င်းမင်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ဒ္ဉ် ပထဝီ, အာပေါ, တေဇော, ဝါယောဟူဆိုအပ်သော ရုပ်ထူး, ရုပ်မြတ်, ရုပ်ညံ့, ရုပ်ဆိုးဟူသမျှပင် မရှိသည်၏အဖြစ်ကို ဝေနေယျတို့အား သိစေတော်မူအပ်၏။ န အာကာသာနဉ္စာယတနံ န ဝိညာဏဉ္စာယတနံ န အာကိဉ္စညာယတနံ န နေဝသညာနာသညာယတနံ ဟူသော စကားတို့ဖြင့် ရုပ်တို့မှကင်း၍ ဖြစ်ရာဖြစ်သော အာရုပလေးဘုံဒ္ဉ်ဖြစ်နေသော ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်တည်းဟူသော နာမ်တရားမျိုးမရှိသည်၏အဖြစ်ကို ဝေနေယျတို့အား ထင်ရှားသိစေတော်မူအပ်၏။ ဧဝသဒ္ဒါဖြင့်ကား ၎င်းမင်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ၤတဓာတ်နိဗ္ဗာန်ဒ္ဉ် ၎င်းရုပ်နာမ်တရားသည် အထူးအထွေ တမျိုးတဖုံဖြစ်၍ရှိ၏ဟူသော အယူဝါဒကို နှစ်စေသောအားဖြင့်

သိစေတော်မူအပ်၏။ ဤသို့ ဘုရားရှင် သိစေတော်မူအပ်သည်ကို ထောက်၍လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌ မပျက်မစီးသော ပထဝီစသော ရုပ်ထူး, မပျက်မစီးသောဝေဒနာစသော နာမ်ထူးသည် စင်စစ် မရှိသည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ထို့သို့ သိကြကုန်လျှင် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုရာ၌ မပျက်မစီးသော ပထဝီစသော ရုပ်ထူး, မပျက်မစီးသော ဝေဒနာစသော နာမ်ထူး တရားတို့ရှိနေသော အနေအားဖြင့် အဘယ်မှာ အာရုံပြုနိုင်တော့အံ့နည်း။ စင်စစ် အာရုံမပြုနိုင်သည်သာလျှင်တည်း။ အကယ်၍ ရုပ်ထူး, နာမ်ထူး အနေအားဖြင့် အာရုံပြုခဲ့လျှင် စင်စစ် ဘုရားအလိုတော်နှင့် မညီမညွတ် ဆန့်ကျင်ဘက်ဖြစ်သော မှားသော နှလုံးသွင်းသာဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်မှုမှ အဝေးကြီး ဝေးကြလေ၏ဟု မှတ်ကြလေကုန်။ အဘယ်ကြောင့် အဝေးကြီး ဝေးကြလေသနည်းဟူမူ–မဂ္ဂဝီထိဖြစ်ရာ၌ ဝုဋ္ဌာနဂါမိနိဝိပဿနာ အနုလုံဇောသည် သင်္ခတ-သင်္ခါရဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကို အနိစ္စအားဖြင့်လည်းကောင်း၊ ဒုက္ခအားဖြင့်လည်းကောင်း၊ အနတ္တအားဖြင့်လည်းကောင်း တပါးပါးသောအနေအားဖြင့် အာရုံပြုခဲ့သည်ရှိသော် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ၎င်းသင်္ခတ-သင်္ခါရတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုရာ၌ နိစ္စသဘော, သုခသဘော, အသိုးအခြား ပရမတ္ထသဘော-အနေဟု ဆိုအပ်သော သုံးပါးတို့တွင် တပါးပါးသော အနေအားဖြင့် အာရုံပြုမှုမှတပါး ရုပ်ထူး, နာမ်ထူးရှိသော အနေအားဖြင့် အာရုံပြုမှုသည် အလျှင်းပင် ပါဋ္ဌိတော်, အဋ္ဌကထာတို့၌ မလာ မရှိလေ။ ထိုကြောင့် ၎င်းနိဗ္ဗာန်ကို အာရုံပြုရာ၌ ရုပ်ထူး, နာမ်ထူးရှိသော အနေအားဖြင့် အာရုံပြုမှု, နှလုံးသွင်းမှုသည် မှားသော အားဖြင့် နှလုံးသွင်းမှုသာဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်မှုမှ အဝေးကြီး ဝေးကြလေ၏ဟု မှတ်ကြလေကုန်။ ဤမျှသော စကားအစဉ်ဖြင့် ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုရာ၌ မပျက်မစီးသော ပထဝီစသော ရုပ်ထူး, မပျက်မစီးသော ဝေဒနာစသော နာမ်ထူးရှိသော အနေဖြင့် အာရုံမပြုအပ်သည်၏အဖြစ်ကို ဖော်ပြချက်သည် ပြီး၏။

နိဗ္ဗာန်ကို ဂေါတြဘူ, မဂ်တို့ ပြိုးပြိုးပြက်ပြက်စသော အရောင်အဆင်းဖြင့် အာရုံမပြု၊ ထိုကဲ့သို့ အာရုံပြု၍ မဂ္ဂဝီထိဖြစ်မှု မရှိပုံကို ပြခြင်း

၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဂေါတြဘူ, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့အာရုံပြုရာ၌ ပြိုးပြိုးပြက်ပြက်အရောင်အလင်းအဆင်းအားဖြင့် ထင်မြင်မှု ရှိ၏ဟူသော အယူမျိုးကိုလည်း မယူအပ်သည်သာ

တည်း။ အကယ်၍ ထိုကဲ့သို့ အယူမျိုးကို ယူ၍ စိတ်ကူးသောအားဖြင့် ပြိုးပြိုး ပြက်ပြက် အရောင်အလင်း အဆင်း ထင်မြင်မှုကို မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရသည်ဟု ယူခဲ့လျှင် ထိုအယူမျိုးသည်လည်း အလွန် မှားသော အယူဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မှ အဝေးကြီး ဝေးလေတော့၏။ အဘယ်ကြောင့် ဝေးလေသနည်း ဟူမူ–ဝုဋ္ဌာနဂါမိနိ ဝိပဿနာဇောသည် အကယ်၍ သင်္ခတ-သင်္ခါရဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကို မမြဲသောအားဖြင့် အာရုံပြုခဲ့သည်ရှိသော် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ၎င်းသင်္ခတ-သင်္ခါရဖြစ်သော မမြဲတတ်ကုန်သော ရုပ်နာမ်တရားတို့၏ စင်စစ် ဆန့်ကျင်ဘက်ဖြစ်လျက် အသိုးအခြား ပရမတ္ထ အားဖြင့်ရှိနေသော အသင်္ခတဓာတ် နိဗ္ဗာန်ကို နိစ္စအနေအားဖြင့် အာရုံပြု၍ မြင်ကြ, ရောက်ကြရကုန်၏။ ထိုသို့ နိစ္စသဘော အားဖြင့် မြင်ခြင်းသို့ ရောက်သော ဉာဏ်အစဉ်သည်သာလျှင် စင်စစ် ဂေါတြဘူ-ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်နိုင်လေသည်။

ထိုသို့ အာရုံပြု၍ မြင်မှုမှတပါး သင်္ခတ-သင်္ခါရတည်းဟူသော ရုပ်နာမ်တရားတို့ကို မဂ္ဂင်္ဂဝိထိအစဉ်၌ဖြစ်သော အနုလုံဇောသည် အနိစ္စအားဖြင့် အာရုံပြုသည်ရှိသော် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ၎င်းအသင်္ခတဓာတ် နိဗ္ဗာန်ကို နိစ္စအနေအားဖြင့် အာရုံမပြုကုန်ဘဲ ပြိုးပြိုးပြက်ပြက် အရောင်အလင်း အဆင်းအားဖြင့် အာရုံပြု၍ မြင်ကြ, ရောက်ကြရကုန်သည်ဟူ၍ လည်းကောင်း၊ ထိုသို့ မြင်ကြ, ရောက်ကြ၍ မဂ္ဂင်္ဂဝိထိဖြစ်သည်ဟူ၍လည်းကောင်း ပါဠိတော်, အဋ္ဌကထာတို့၌ အလျှင်းပင် မလာ မရှိလေ။ အဘယ်ကြောင့် မလာ မရှိသနည်းဟူမူ–၎င်းပြိုးပြိုးပြက်ပြက် အရောင်အလင်း အဆင်း ဟူသမျှသည် စင်စစ် ဝဏ္ဏဓာတ်သဘောသာတည်း။ ထိုဝဏ္ဏဓာတ်ဖြစ်သော ပြိုးပြိုးပြက်ပြက် အရောင်အလင်း အဆင်းဟူသမျှသည် အဘယ်မှာ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်၌ ရှိနိုင်အံ့နည်း၊ စင်စစ် မရှိနိုင်သည်သာတည်း။ ထိုသို့ မရှိသည်၏အဖြစ်ကို သမ္ပပ္ပါဒနိရောဓဂကျမ်း၊ ပဌမပိုင်း၌ အကျယ်ခဲ့၍ ပြထားအပ်ခဲ့ပြီ။ ထိုကျမ်း၌ ကြည့်ရှု၍ ယူကြလေ။

အကယ်၍ ဝုဋ္ဌာနဂါမိနိဝိပဿနာဇောသည် သင်္ခတ-သင်္ခါရဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကို ဇရာ, မရဏတို့ နှိပ်စက်သည်၏အဖြစ်ကြောင့် ဒုက္ခအားဖြင့် အာရုံပြုခဲ့သည်ရှိသော် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ၎င်းသင်္ခတ-သင်္ခါရဖြစ်ကုန်သော မသက်သာ ဆင်းရဲတတ်ကုန်သော ရုပ်, နာမ်တရားတို့၏ စင်စစ် ဆန့်ကျင်ဘက်ဖြစ်လျက် အသိုးအခြား ပရမတ္ထအားဖြင့် ရှိနေသော အသင်္ခတဓာတ် နိဗ္ဗာန်ကို သုခသဘောအားဖြင့် မြင်ခြင်းသို့ရောက်သော ဉာဏ်အစဉ်သည်သာလျှင် စင်စစ် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်နိုင်သည်။ ထိုသို့ မြင်မှုမှတပါး သင်္ခတ-သင်္ခါရတည်းဟူသော ရုပ်နာမ်တရား

တို့ကို မဂ္ဂဝီထိအစဉ်၌ဖြစ်သော အနုလုံဇောသည် ဒုက္ခအားဖြင့် အာရုံပြုသည် ရှိသော် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် သုခအနေအားဖြင့် အာရုံ မပြုဘဲ ပြီးပြီးပြက်ပြက် အရောင်အလင်း အဆင်းအားဖြင့် အာရုံပြု၍ မြင်ကြ, ရောက်ကြရကုန်သည်ဟူ၍လည်းကောင်း၊ ထိုသို့ မြင်ကြ, ရောက်ကြရကုန်၍ မဂ္ဂဝီထိဖြစ်သည်ဟူ၍လည်းကောင်း ပါဠိတော်, အဋ္ဌကထာတို့၌ အလျှင်းပင် မလာမရှိဟူ၍ မှတ်ကြလေကုန်။

အကယ်၍ ဝုဋ္ဌာနဂါမိနိဝိပဿနာဇောသည် သန်တ-သန်ါရဖြစ်ကုန်သော ရုပ်, နာမ်တရားတို့ကို သတ္တဝါမဟုတ်, အသက်မဟုတ်သော နိစ္စ, သုခ မရှိသော ပရမတ္ထဓမ္မသဘောအနေအား ဖြင့် အာရုံပြုခဲ့သည်ရှိသော် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ၎င်းသန်တ-သန်ါရဖြစ်သော နိစ္စ, သုခ မရှိသော ပရမတ္ထဓမ္မသဘော၏ စင်စစ် ဆန့်ကျင်ဘက်ဖြစ်လျက် နိစ္စ, သုခ ရှိသော အသီး အခြား ထင်ရှားတည်ရှိသော ပရမတ္ထသဘောအနေအား ဖြင့် အာရုံပြု၍ မြင်ကြ, ရောက်ကြရကုန်၏။ ထိုသို့ ထင်ရှားရှိသော ပရမတ္ထသဘောကို ပရမတ္ထသဘော အားဖြင့် မြင်ခြင်းသို့ရောက်သော ဉာဏ်အစဉ်သည်သာလျှင် စင်စစ် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်နိုင်သည်။ ထိုသို့ အာရုံပြု၍ မြင်မှုမှတပါး သန်တသန်ါရတည်းဟူသော ရုပ်နာမ်တရားတို့ကို မဂ္ဂဝီထိအစဉ်၌ဖြစ်သော အနုလုံဇော သည် အနတ္တအားဖြင့် အာရုံပြုသည်ရှိသော် ဂေါတြဘူဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ် တို့သည် ၎င်းအသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နိစ္စ, သုခနှင့် ပြည့်စုံသော အသီးအခြား ပရမတ္ထသဘောတရား ထင်ရှားရှိနေသည်၏အဖြစ်ဖြင့် အာရုံမပြု ကုန်ဘဲ ပြီးပြီးပြက်ပြက် အရောင်အလင်းအဆင်းအားဖြင့် အာရုံပြု၍ မြင်ကြ, ရောက်ကြရကုန်သည်ဟူ၍လည်းကောင်း၊ ထိုသို့ မြင်ကြ, ရောက်ကြရကုန်၍ မဂ္ဂဝီထိဖြစ်သည်ဟူ၍လည်းကောင်း ပါဠိတော်, အဋ္ဌကထာတို့၌ အလျှင်းပင် မလာမရှိဟူ၍ မှတ်ကြလေကုန်။

စင်စစ် လာရှိသည်မှာ သန်တ-သန်ါရဖြစ်ကုန်သော ရုပ်, နာမ်တရား ခန္ဓာငါးပါးတို့ကို ဝိပဿနာဇောသည် အနိစ္စအားဖြင့် ရှုမြင်ခဲ့လျှင် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နိစ္စသဘောအားဖြင့် အာရုံပြု၍ မြင်ကြ, ရောက်ကြရ ကုန်၏။ ထိုသို့မြင်ကြ, ရောက်ကြကုန်သည်ရှိသော် မဂ္ဂဝီထိဖြစ်၍ မဂ်သို့ သက်ဝင် နိုင်၏။ ထိုသို့ မဂ္ဂဝီထိဖြစ်၍ မဂ်သို့ သက်ဝင်နိုင်သည်၏အဖြစ်ကို ထင်ရှားသိစေ တော်မူလိုသောကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ စာမျက်နှာ (၄၁၁)၌—

ပဥ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ "ပဥ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာန"န္တိ ပဿန္တော သမ္မတ္တနိယာမံ သြကြမတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ပဥ္စ၊ ငါးပါးကုန်သော။ ခန္ဓေ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲသောသဘောအားဖြင့်။ ပဿန္တော၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္တိံ၊ တရားကို နှစ်သက်တတ်သော ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော သင်္ခတ-သင်္ခါရ ဖြစ်ကုန်သော ရုပ်, ဝေဒနာအစရှိကုန်သော ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ်သဘောသည်။ နိစ္စံ၊ မြဲသောသဘော ရှိသော။ နိဗ္ဗာနန္တိ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်တရားဟူ၍။ ပဿန္တော၊ ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ သမ္မတ္တ-သမ္မတ်၊ မဖောက်မပြန်သော သဘောရှိသော။ နိယာမံ၊ မိမိ၏အခြားမဲ့၌ အကျိုးပေးသော အားဖြင့်မြဲသော လောကုတ္တရာ သောတာပတ္တိမဂ်သို့။ သြကြမတိ၊ သက်ဝင်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ပဥ္စက္ခန္ဓေ အနိစ္စတော ပဿန္တော ဟူသောစကားတော်တို့ဖြင့် ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သင်္ခတ-သင်္ခါရတရားဖြစ်ကုန်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးတရားတို့ကို အနိစ္စအားဖြင့် ရှုမြင်နေသော ယောဂါဝစရပုဂ္ဂိုလ်ကို သိစေတော်မူအပ်၏။ (ပဥ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော) ဟူသော စကားတော်တို့ဖြင့် နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ခန္ဓာငါးပါးတို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နိစ္စသဘောအနေအားဖြင့် ထိုးထွင်း၍ သိမြင်နေမှုကို သိစေတော် မူအပ်၏။ သမ္မတ္တနိယာမံ သြကြမတိ ဟူသောစကားတော်တို့ဖြင့် ထိုသို့ နိစ္စသဘောအားဖြင့် မြင်ခြင်းသို့ရောက်သော ယောဂါဝစရပုဂ္ဂိုလ်သည်သာလျှင် ဖောက်ပြန်ခြင်းမရှိသော ဝါ၊ မဖောက်မပြန်ခြင်းသဘောရှိသော လောကုတ္တရာသောတာပတ္တိမဂ်သို့ သက်ဝင်ရောက်သည်၏ အဖြစ်ကို သိစေတော်မူအပ်၏။

ထိုသို့သိစေတော်မူအပ်သည်ကို ထောက်၍လည်း ဝုဋ္ဌာနဂါမိနိဝိပဿနာအနုလုံဇောသည် သင်္ခတ-သင်္ခါရဖြစ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို

အနိစ္စ သဘောအားဖြင့် ရှုမြင်ခဲ့သည်ရှိသော် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် အသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို နိစ္စသဘောအားဖြင့် ထိုးထွင်း၍ သိမြင်ရကုန်၏။ ထို့သို့ သိမြင်လျှင် စင်စစ် လောကုတ္တရာမဂ်သို့ သက်ဝင်ရောက်နိုင်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

အကယ်၍ ဝိပဿနာဇောသည် သန်တ-သန်ဂါရုဖြစ်ကုန်သော ရုပ်,နာမ်တရားခန္ဓာငါးပါးတို့ကို ဒုက္ခအားဖြင့် ရှုမြင်ခဲ့သည်ဖြစ်အံ့။ ထိုအခါ ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ၎င်းအသန်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သုခသဘောအားဖြင့် အာရုံပြု၍ မြင်ကြ, ရောက်ကြရကုန်၏။ ထို့သို့ မြင်ကြ, ရောက်ကြကုန်သည်ရှိသော် မဂ္ဂဝီထိဖြစ်၍ မဂ်သို့ သက်ဝင်နိုင်၏။ ထို့သို့ မဂ္ဂဝီထိဖြစ်၍ မဂ်သို့ သက်ဝင်နိုင်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ စာမျက်နှာ (၄၁၁) ၌—

ပဋ္ဌကဉ္စေ ဒုက္ခတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ "ပဋ္ဌန်ဒံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာန"န္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ပဋ္ဌ၊ ငါးပါးကုန်သော။ ခန္ဓေ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ ဝါ။ ဇရာ, မရဏတရားတို့သည် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် မသက်သာသော သဘောအားဖြင့်။ ပဿန္တော၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္တိံ၊ တရားကို နှစ်သက်တတ်သော ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဋ္ဌန်ဒံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော သင်္ခတ-သင်္ခါရ ဖြစ်ကုန်သော ရုပ်, ဝေဒနာအစရှိကုန်သော ခန္ဓာတရားတို့၏။ နိရောဓော၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသန်တဓာတ် သဘောတရားသည်။ သုခံ၊ ချမ်းသာသော သဘောရှိသော။ နိဗ္ဗာနန္တိ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်တရားဟူ၍။ ပဿန္တော၊ ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ သမ္မတ္တ-သမ္မတ္တံ၊ မဖောက်မပြန်သော သဘောရှိသော။ နိယာမံ၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးသောအားဖြင့် မြဲသော လောကုတ္တရာ သောတာပတ္တိမဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်စာရေးရပ်တို့တွင် ပဋ္ဌကဉ္စေ ဒုက္ခတော ပဿန္တော ဟူသောစကားတော်တို့ဖြင့် ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သင်္ခတ-သင်္ခါရ တရားဖြစ်ကုန်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်

တည်းဟူသော ခန္ဓာငါးပါးတရားတို့ကို ဒုက္ခအားဖြင့် ရှုမြင်နေသော ယောဂါဝစရ ပုဂ္ဂိုလ်ကို သိစေတော်မူအပ်၏။ ပဥ္စန္နံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော-ဟူသောစကားတော်တို့ဖြင့် နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ခန္ဓာငါးပါးတရားတို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို သုခသဘော အနေအားဖြင့် ထိုးထွင်း၍ သိမြင်နေမှုကို သိစေတော်မူအပ်၏။ သမ္မတ္တနိယာမံ ဩက္ကမတိ ဟူသောစကားတော်တို့ဖြင့် ထိုသို့သုခသဘောအားဖြင့် မြင်ခြင်းသို့ရောက်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်သာလျှင် မဖောက်မပြန်ခြင်း သဘောရှိသော လောကုတ္တရာ သောတာပတ္တိမဂ်သို့ သက်ဝင်ရောက်သည်၏ အဖြစ်ကို သိစေတော်မူအပ်၏။

ထိုသို့ သိစေတော်မူအပ်သည်ကို ထောက်၍လည်း ဝုဋ္ဌာနဂါမိနိ ဝိပဿနာ အနုလုံဇောသည် သင်္ခတ-သင်္ခါရ ဖြစ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဒုက္ခသဘောအားဖြင့် ရှုမြင်ခဲ့သည်ရှိသော် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့သည် အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သုခသဘောအားဖြင့် ထိုးထွင်း၍ သိမြင်ရကုန်၏။ ထိုသို့ သိမြင်လျှင် စင်စစ် လောကုတ္တရာမဂ်သို့ သက်ဝင်ရောက်နိုင်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ အကယ်၍ ဝိပဿနာဇောသည် သင်္ခတ-သင်္ခါရ ဖြစ်ကုန်သော ရုပ်နာမ်တရား ခန္ဓာငါးပါးတို့ကို သတ္တဝါ, အသက်မဟုတ်သော နိစ္စ, သုခ မရှိသော အနတ္တဓမ္မ သဘောအနေအားဖြင့် ရှုမြင်ခဲ့သည်ဖြစ်အံ့။ ထိုအခါ ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့သည် ၎င်း အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို နိစ္စ, သုခရှိသော အသီးအခြား ထင်ရှားတည်ရှိသော ပရမတ္ထသဘော အနေအားဖြင့် အာရုံပြု၍ မြင်ကြရောက်ကြရကုန်၏။ ထိုသို့ မြင်ကြ ရောက်ကြကုန်သည်ရှိသော် မဂ္ဂဝီထိဖြစ်၍ မဂ်သို့ သက်ဝင်နိုင်၏။ ထိုသို့ မဂ္ဂဝီထိ ဖြစ်၍ မဂ်သို့ သက်ဝင်နိုင်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ စာမျက်နှာ (၄၁၃) ၌—

> ပဥ္စက္ခန္ဓေ အနတ္တတော ပဿန္တော အနုလောမိကံ ခန္တိ ံ ပဋိလဘတိ၊ “ပဥ္စန္နံ ခန္ဓာနံ နိရောဓော ပရမတ္ထံ နိဗ္ဗာန” န္တိ ပဿန္တော သမ္မတ္တ-နိယာမံ ဩက္ကမတိ။
>
> ဟူ၍ ဟောတော်မူအပ်လေသည်။
>
> မြန်မာပြန်ကား—
>
> ပဥ္စ၊ ငါးပါးကုန်သော။ ခန္ဓေ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို။ အနတ္တတော၊ သတ္တဝါ, အသက်မဟုတ်သော

နိုစ့, သုခမရှိသော သဘောတရား အနေအားဖြင့်။ ပဿန္တော၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္ဓိ ံ၊ တရားကို နှစ်သက်တတ်သော ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန့်၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော သန်တ-သန်ါရ ဖြစ်ကုန်သော ရုပ်, ဝေဒနာ အစရှိကုန်သော ခန္ဓာတရားတို့၏။ နိုရောဓော၊ နောင် အဆက်ဆက် ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သော အသန်တဓာတ် သဘောသည်။ ပရမတ္ထံ၊ မဖြစ်, မပျက်ဘဲ အမြဲတည်ရှိသော မြတ်သော သဘော တရားသာလျှင် ဖြစ်သော။ နိုဗ္ဗာနန္တိ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော နိုဗ္ဗာန်တရားဟူ၍။ ပဿန္တော၊ ရှုမြင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ သမ္မတ္တ-သမ္မတ္တံ၊ မဖောက်မပြန်သော သဘောရှိသော။ နိယာမံ၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးသောအားဖြင့် မြဲသော လောကုတ္တရာသောတာပတ္တိမဂ်သို့။ သြက္ကမတိ၊ သက်ဝင်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် ပဉ္စက္ခန္ဓေ အနုတ္တတော ပဿန္တော ဟူသော စကားတော်တို့ဖြင့် ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သန်တ-သန်ါရတရား ဖြစ်ကုန်သော ရုပ်, ဝေဒနာ, သညာ, သန်ါရ, ဝိညာဏ် တည်းဟူသော ခန္ဓာငါးပါးတရားတို့ကို နိုစ့, သုခမရှိသော-သတ္တဝါ, အသက် မဟုတ်သော အနုတ္တမမှသဘောတရား အနေအားဖြင့် ရှုမြင်နေသော ယောဂါဝစရ ပုဂ္ဂိုလ်ကို သိစေတော်မူအပ်၏။ (ပဉ္စန့် ခန္ဓာနံ နိုရောဓော ပရမတ္ထံ နိုဗ္ဗာနန္တိ ပဿန္တော) ဟူသော စကားတော်တို့ဖြင့် နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ခန္ဓာငါးပါး တရားတို့၏ နောင် အဆက်ဆက် ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သော အသန်တဓာတ် နိုရောဓသစ္စာ နိုဗ္ဗာန်ကို သန်တပရမတ္ထတရားတို့နှင့် မရောမယှက် တဘက်စီပြုလျက် မဖြစ်, မပျက်ဘဲ အမြဲတည်ရှိနေသော ပရမတ္ထသဘောတရား အနေအားဖြင့် ထိုးထွင်း၍ သိမြင်နေမှုကို သိစေတော်မူအပ်၏။ သမ္မတ္တနိယာမံ သြက္ကမတိဟူသော စကားတော်တို့ဖြင့် ထိုသို့ ပရမတ္ထသဘောတရား အနေအားဖြင့် မြင်ခြင်းသို့ရောက်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်သာလျှင် မဖောက်မပြန်ခြင်း သဘောရှိသော လောကုတ္တရာသောတာပတ္တိမဂ်သို့ သက်ဝင်ရောက်သည်၏ အဖြစ်ကို သိစေတော်မူအပ်၏။

ထိုသို့ သိစေတော်မူအပ်သည်ကို ထောက်၍လည်း ဝုဋ္ဌာနဂါမိနိဝိပဿနာ အနုလုံဇောသည် သန်တ-သန်ါရ ဖြစ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သတ္တဝါ, အသက်မဟုတ်သော နိုစ့, သုခမရှိသော ပရမတ္ထမမှသဘော အနေအားဖြင့် အာရုံပြုခဲ့သည်ရှိသော် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည်ပင်း အသန်တဓာတ် နိုရောဓသစ္စာ နိုဗ္ဗာန်ကို ပင်း သန်တ-သန်ါရ ဖြစ်သော နိုစ့, သုခမရှိသော ပရမတ္ထမမှသဘာဝ၏ စင်စစ် ဆန့်ကျင်ဘက်ဖြစ်လျက်

နိစ္စ, သုခရှိသော အသီးအခြား ထင်ရှားတည်ရှိသော ပရမတ္ထသဘောအနေ အား‌ဖြင့် အာရုံပြု၍ မြင်ကြ, ရောက်ကြရ ကုန်၏။ ထိုသို့ ထင်ရှားရှိသော ပရမတ္ထသဘောတရားကို ပရမတ္ထသဘောအား‌ဖြင့် ထိုးထွင်း၍ သိမြင်လျှင် စင်စစ် လောကုတ္တရာမဂ်သို့ သက်ဝင်ရောက်နိုင်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ထိုမှ တပါးလည်း ပဋိသန္ဓေဒါမဂ် ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ၌ ၉-ပါးသော အခြင်းအရာအား‌ဖြင့် သင်္ခတ-သင်္ခါရ ဖြစ်ကုန်သော ခန္ဓာငါးပါး တရားတို့ကို အမျိုးမျိုးသော အနိစ္စအား‌ဖြင့် ရှုခဲ့သည် ရှိသော် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို အမျိုးမျိုးသော နိစ္စအနေအား‌ဖြင့် ပဋိပက္ခပြု၍ ရှုမြင်အပ်ပုံကို လည်းကောင်း၊ ၂၄-ပါးသော အခြင်းအရာအား‌ဖြင့် သင်္ခတ-သင်္ခါရ ဖြစ်ကုန်သော ခန္ဓာငါးပါး တရားတို့ကို အမျိုးမျိုးသော ဒုက္ခဖြစ်ပုံ အခြင်းအရာတို့‌ဖြင့် ရှုပြီး၍ ၎င်းမဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာနိဗ္ဗာန်ကို အမျိုးမျိုးသောဒုက္ခသဘော ၏ ဆန့်ကျင်ဘက်ဖြစ်၍ တည်ရှိနေသော အခြင်းအရာဖြင့် ရှုမြင်အပ်ပုံကိုလည်း ကောင်း၊ လေးပါးသော အခြင်းအရာအား‌ဖြင့် သင်္ခတ-သင်္ခါရ ဖြစ်ကုန်သော ခန္ဓာငါးပါးတရားတို့ကို အနတ္တမမှအနေအား‌ဖြင့် ရှုပြီး၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်ကို အသီးအခြား ပရမတ္ထ ဓမ္မ အနေအား‌ဖြင့် ပဋိပက္ခပြု၍ ရှုမြင်အပ်ပုံကို လည်းကောင်း ဟောဆိုတော်မူအပ် လေသေး၏။ ထိုသို့ ဟောဆိုတော်မူအပ်သော အကျယ်ကို ၎င်းပဋိသန္ဓေဒါမဂ် ပါဠိတော်၊ ပညာဝဂ်-ဝိပဿနာကထာ၌ ယူကြလေ။

ဤသို့ အကျယ်အား‌ဖြင့် ဟောပြောအပ်ရာ၌လည်း ပြုံးပြုံးပြက်ပြက် အရောင် အလင်း ထင်မြင်မှုသည် လည်းကောင်း၊ ထိုသို့ ထင်မြင်၍ မဂ်ဖြစ်မှုသည် လည်း ကောင်း အလျှင်းပင် မလာမရှိလေ။ အဘယ်ကြောင့် မလာမရှိသနည်းဟူမူ— သင်္ခတ-သင်္ခါရတရားတို့ကို အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော အား‌ဖြင့် ရှုမြင်ခဲ့သည်ရှိသော် ၎င်းတို့မှလွန်မြောက်သော နိဗ္ဗာန်သဘောကို နိစ္စ, သုခ, ဓမ္မ-အား‌ဖြင့် မမြင်မူ၍ ပြုံးပြုံးပြက်ပြက် အရောင်လက်၍ ထင်မြင်နေမှုသည် အလျှင်းပင်မသင့်သောအရာ၏ အဖြစ်ကြောင့်လည်းကောင်း၊ ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သစ္စာ နိဗ္ဗာန်၌ ပြုံးပြုံးပြက်ပြက် လက် လက် ပြောင်ပြောင် အရောင်အဆင်း မရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း မဟောမပြောအပ်ပေ။ ထိုသို့ မဟောမပြောအပ်သည်၏ အဖြစ်ကြောင့် မဂ္ဂဝီထိ ဖြစ်ရာတို့၌ အခါခပ်သိမ်း ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ၎င်း ပြုံးပြုံးပြက်ပြက် အရောင်အဆင်းတို့ကို အာရုံပြု၍ မဂ္ဂဝီထိဖြစ်မှုသည် အလျှင်း ပင် မလာမရှိဟု မှတ်ကြလေ။ ထိုသို့ ကျမ်းဂန်တို့၌ မလာမရှိသော အယူဝါဒ

တို့ကို မယူကြကုန်မူ၍၊ ကျမ်းဂန်တို့၌ လာရှိသော မဂ်ဖြစ်ကြောင်း ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန် သဘောအမှန်ကိုသာ စဉ်းစားဆင်ခြင်၍ ယူကုန်ရာသည်။

ဤမျှသော စကားအစဉ်ဖြင့် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်သော အခါ၌ ပြီးပြီးပြက်ပြက် လက်လက် ပြောင်ပြောင် အရောင်အဆင်း အားဖြင့် အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သဘော၏ မထင်နိုင်သည်၏ အဖြစ်ကို လည်းကောင်း၊ ထိုသို့ထင်မြင်၍ မဂ္ဂဝီထိ မဖြစ်နိုင်သည်၏အဖြစ်ကိုလည်းကောင်း ဖော်ပြချက်သည် ပြီး၏။

ဂေါတြဘူ, မဂ်တို့သည် ရဟန္တာစုတိနောင်ဖြစ်ပေါ်လာသော နိဗ္ဗာန်ကို အာရုံမပြု၊ ထိုကဲ့သို့ အာရုံပြု၍ မဂ္ဂဝီထိဖြစ်မှုမရှိပုံကို ပြခြင်း

ဂဉ်းအသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသောအခါ ရဟန္တာတို့၏ ခန္ဓာ ချုပ်ပြီးမှသာ ဖြစ်ပေါ်လာ၍ အမြဲတည်ရှိနေသော သဘောအားဖြင့်လည်း အာရုံမပြုအပ်။ အကယ်၍ အာရုံပြုခဲ့လျှင် စင်စစ် ဘုရားအလိုတော်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ မှားသော အမြင်သာ ဖြစ်လေ၏။ ထိုသို့ အမြင်မှားခဲ့သည်ရှိသော် မဂ်ဖိုလ်မှ အဝေးကြီး ဝေးလေတော့၏။ ထိုကဲ့သို့ အမြင်မှား၍ မဂ်ဖိုလ်မှ ဝေးပုံကိုသိလွယ်ရန် ကျမ်းဂန်ဖြင့် အနည်းငယ်ဖော်ပြဦးအံ့။ အကယ်၍ ဂဉ်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် ရှေးရှေးကလည်း မရှိစဘူးသေး၊ ရဟန္တာတို့ ခန္ဓာရှိစဉ်လည်း မရှိသေး။ ရဟန္တာတို့ ခန္ဓာချုပ်ပြီးမှသာ ဖြစ်ပေါ်လတ္တံ့ သည် ဖြစ်အံ့။ ဂဉ်းဖြစ်ပေါ်လတ္တံ့သော နိဗ္ဗာန်သည် အနာဂတ်ကာလ၌ အတ္တဉ်းဝင်သော တရားသာ ကေန် ဖြစ်ဘိရာ၏။ ဂဉ်းရဟန္တာတို့ ခန္ဓာအစဉ်၌ ဖြစ်သော ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဂဉ်းအနာဂတ်ဖြစ်သော နိဗ္ဗာန် အာရုံကိုသာ အာရုံ ပြုရာလည်း ရောက်လေ ကုန်ရာ၏။ ထိုသို့ ရောက်ခဲ့သည် ရှိသော် ဂဉ်းအယူဝါဒသည် ဘုရားရှင် အလိုတော်နှင့် အလွန် ဆန့်ကျင်သော အယူဝါဒ ဖြစ်၏။ အဘယ်ကြောင့် ဆန့်ကျင်ဘက်ဖြစ်သနည်းဟူမူ ဘုရားရှင်သည် ၄၅-ဝါ ကာလပတ်လုံး ဟောပြောရာတိုင်းဌပင် ဂဉ်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ကာလသုံးပါးဖြင့် ဝေဘန်၍ ဟောတော်မမူအပ်သည့်အပြင် ကာလသုံးပါးဖြင့် မပြောမဆိုအပ်သည်၏အဖြစ်ကိုသာ ဟောပြောတော်မူအပ်ခဲ့၏။ ထိုသို့ ဟောပြောတော်မူအပ်သည်၏ အဖြစ်ကို ဓမ္မသင်္ဂဏီပါဠိတော်၊ အဋ္ဌကထာကဏ္ဍ-အတိတတိက် စာမျက်နှာ(၂၇၂)၌—

နိဗ္ဗာနံ နာ ဝတ္တဗ္ဗံ အတီတန္တိပိ, အနာဂတန္တိပိ, ပစ္စုပ္ပန္နန္တိပိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိကြလေကုန်။

မြန်မာပြန်ကား—

နိဗ္ဗာနံ၊ မီး ၁၁-ပါး၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန သစ္စာနိဗ္ဗာန်ကို။ အတီတန္တိပိ၊ အတိတ်တရားဟူ၍လည်း။ ဝါ၊ ကွယ်လွန်ခြင်းသို့ ရောက်လေပြီးသော တရားဟူ၍လည်း။ နု ဝတ္တာဗ္ဗံ၊ မဆိုအပ်။ အနာဂတန္တိပိ၊ အနာဂတ်တရားဟူ၍လည်း။ ဝါ၊ ယခုဖြစ်ဆဲ မရှိသေးဘဲ နောင်ဖြစ်ပေါ်လတ္တံ့သော တရားဟူ၍လည်း။ နု ဝတ္တာဗ္ဗံ၊ မဆိုအပ်။ ပစ္စုပ္ပန္နန္တိပိ၊ ပစ္စုပ္ပန်တရားဟူ၍လည်း။ ဝါ၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ဆဲရှိသော တရားဟူ၍လည်း။ နု ဝတ္တာဗ္ဗံ၊ မဆိုအပ်။

အဓိပ္ပါယ်ကား – ၎င်းအသင်္ခတဓာတ်နိဗ္ဗာနသစ္စာနိဗ္ဗာန်သည် ဖြစ်ပေါ်ခြင်း လက္ခဏာရှိသော ဇာတိတရား၏လည်းကောင်း၊ ထိုဖြစ်ပေါ်ခြင်း ဇာတိနှင့် မကင်းသော စိတ်, စေတသိက်, ရုပ် တည်းဟူသော သင်္ခတ တရား၏လည်းကောင်း၊ စင်စစ် ဆန့်ကျင်ဘက်ဖြစ်လျက် တဘက်စီပြု၍ မဖြစ်, မပျက်သော သဘောလက္ခဏာအားဖြင့် အမြဲတည်ရှိနေသော ပရမတ္ထတရားတပါး ဖြစ်နေသည်၏အဖြစ်ကြောင့် ၎င်းဖြစ်မှုမှကင်းသော အသင်္ခတဓာတ်နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို ဖြစ်၍ ကွယ်လွန်ပြီးသော တရားဟူ၍လည်းကောင်း၊ ဖြစ်ပေါ်လတ္တံ့သော တရားဟူ၍လည်းကောင်း၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ဆဲရှိသော တရားဟူ၍လည်းကောင်း စင်စစ် မဆိုအပ်, မပြောအပ်ဟူလို။ ဤကား ဘုရားရှင်၏ အလိုတော်အဓိပ္ပါယ်တည်း။ ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကိုထောက်၍ ၎င်းမင်္ဂလိတို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာနသစ္စာနိဗ္ဗာန်ကို ကာလသုံးပါးဖြင့် မဆိုအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ်သေး။ ဝိဘင်းပါဠိတော်၊ အာယတနဝိဘင်း-ပဥ္စပုစ္ဆက စာမျက်နှာ(၇၆)၌—

> ဓမ္မာယတနံ သိယာ အတီတံ၊ သိယာ အနာဂတံ၊ သိယာ ပစ္စုပ္ပန္နံ၊ သိယာ နု ဝတ္တာဗ္ဗံ "အတီတ"န္တိပိ "အနာဂတ"န္တိပိ "ပစ္စုပ္ပန္န"န္တိပိ။

ဟူ၍လည်းကောင်း၊

ဌာနဝိဘင်းပါဠိတော်၊ ဓာတုဝိဘင်း-ပဥ္စပုစ္ဆက စာမျက်နှာ(၉၅)၌—

> ဓမ္မဓာတု သိယာ အတီတာ၊ သိယာ အနာဂတာ၊ သိယာ ပစ္စုပ္ပန္နာ၊ သိယာ နု ဝတ္တာဗ္ဗာ "အတီတာ"တိပိ "အနာဂတာ"တိပိ "ပစ္စုပ္ပန္နာ"တိပိ။

ဟူ၍လည်းကောင်း၊

ဎင်းဝိဘင်းပါဠိတော်၊ သစ္စဝိဘင်း-ပဉ္စဝပုစ္ဆက စာမျက်နှာ(၁၂၀)၌—

နိရောဓသစ္စံ နု ဝတ္တာပ့ံ "အတီတ"န္တိပိ "အနာဂတ"န္တိပိ "ပစ္စုပ္ပန္န"န္တိပိ။

ဟူ၍လည်းကောင်း ဟောတော်မူအပ်သည်တို့ကို ထောက်၍လည်း သိကြလေဦး။

သိယာ၊ အခ္ခါသေ။ ဓမ္မာယတနံ၊ ကုယ်လုနှ်ခဲ့ပြီးသော ဓမ္မာယတန တရားကို။ အတီတံ၊ အတီတ်တရားဟူ၍။ ဝတ္တာပ့ံ၊ ဆိုအပ်၏။ သိယာ၊ အခ္ခါသေ။ ဓမ္မာယတနံ၊ နောင်ဖြစ်ပေါ်လတ္တံ့သော ဓမ္မာယတနတရားကို။ အနာဂတံ၊ အနာဂတ်တရားဟူ၍။ ဝတ္တာပ့ံ၊ ဆိုအပ်၏။ သိယာ၊ အခ္ခါသေ။ ဓမ္မာယတနံ၊ ဖြစ်ဆဲ ဖြစ်သော ဓမ္မာယတနတရားကို။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်တရားဟူ၍။ ဝတ္တာပ့ံ၊ ဆိုအပ်၏။ သိယာ၊ အခ္ခါသေ။ ဓမ္မာယတနံ၊ အသင်္ခတဓာတ်နိရောဓ သစ္စာနိဗ္ဗာန်တည်းဟူသော ဓမ္မာယတနတရားကို။ အတီတန္တိပိ၊ အတိတ်တရားဟူ၍လည်း။ နု ဝတ္တာပ့ံ၊ မဆိုအပ်။ အနာဂတန္တိပိ၊ အနာဂတ်တရားဟူ၍လည်း။ နု ဝတ္တာပ့ံ၊ မဆိုအပ်။ ပစ္စုပ္ပန္နန္တိပိ၊ ပစ္စုပ္ပန်တရားဟူ၍လည်း။ နု ဝတ္တာပ့ံ၊ မဆိုအပ်။ ဤကား အာယတနဝိဘင်းပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

သိယာ၊ အခ္ခါသေ။ ဓမ္မဓာတု၊ ကုယ်လုနှ်လေပြီးဓသာ ဓမ္မဓာတ် တရားကို။ အတီတာ၊ အတိတ်တရားဟူ၍။ ဝတ္တာပ့ာ၊ ဆိုအပ်၏။ သိယာ၊ အခ္ခါသေ။ ဓမ္မာဓာတု၊ နောင်ဖြစ်ပေါ်လတ္တံ့သော ဓမ္မဓာတ်တရားကို။ အနာဂတာ၊ အနာဂတ်တရားဟူ၍။ ဝတ္တာပ့ာ၊ ဆိုအပ်၏။ သိယာ၊ အခ္ခါသေ။ ဓမ္မဓာတု၊ ဖြစ်ဆဲ ဖြစ်သော ဓမ္မဓာတ်တရားကို။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်တရားဟူ၍။ ဝတ္တာပ့ာ၊ ဆိုအပ်၏။ သိယာ၊ အခ္ခါသေ။ ဓမ္မဓာတု၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသော ဓမ္မဓာတ်တရားကို။ အတီတာတိပိ၊ အတိတ်တရားဟူ၍လည်း။ နု ဝတ္တာပ့ာ၊ မဆိုအပ်။ အနာဂတာတိပိ၊ အနာဂတ်တရားဟူ၍လည်း။ နု ဝတ္တာပ့ာ၊ မဆိုအပ်။ ပစ္စုပ္ပန္နာတိပိ၊ ပစ္စုပ္ပန်တရားဟူ၍လည်း။ နု ဝတ္တာပ့ာ၊ မဆိုအပ်။ ဤကား ဓာတုဝိဘင်းပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

နိရောဓသစ္စံ၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အတီတန္တိပိ၊ အတိတ်တရားဟူ၍လည်း။ နု ဝတ္တာပ့ံ၊ မဆိုအပ်။ အနာဂတန္တိပိ၊ အနာဂတ်တရားဟူ၍လည်း။ နု ဝတ္တာပ့ံ၊ မဆိုအပ်။ ပစ္စုပ္ပန္နန္တိပိ၊ ပစ္စုပ္ပန်တရားဟူ၍လည်း။ နု ဝတ္တာပ့ံ၊ မဆိုအပ်။ ဤကား သစ္စဝိဘင်းပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်တို့ကို ထောက်၍လည်း ဎင်းမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဖြစ်၍ကုယ်လုနှ်လေပြီးသော တရားဟူ၍လည်းကောင်း၊ နောင်ဖြစ်ပေါ်လတ္တံ့

သော တရားဟူ၍လည်းကောင်း၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ဆဲရှိသော တရားဟူ၍လည်းကောင်း စင်စစ် ကာလသုံးပါးအားဖြင့် မဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ဤသို့ သိကြလျှင်လည်း ၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ရဟန္တာတို့ ခန္ဓာချုပ်မှ ဖြစ်ပေါ်၍ အမြဲရှိလတ္တံ့သော တရားဟူ၍ အဘယ်မှာ ဆိုနိုင်ပါတော့အံ့နည်း။ စင်စစ် မဆိုနိုင်သည်၏အဖြစ်ကို နဝတ္တဗ္ဗံ အနာဂတန္တိပိ ဟူသော စကားတော်ဖြင့်ပင် ပံ့ပိုးပြသထားတို့ ထင်ရှား သိနိုင်ကြကုန်သည်သာလျှင်တည်း။

၎င်းမင်္ဂုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု ဆိုအပ်သော ကာလသုံးပါးဖြင့်သာ မဆိုအပ်သည် မဟုတ်သေး၊ ၎င်းအသင်္ခတဓာတ် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ကုန်သော ဂေါတြဘူ, မဂ်, ဖိုလ် အစရှိကုန်သော အာရမ္မဏိက တရားတို့ကိုလည်း အတိတ်အာရုံကို အာရုံပြုကုန်သော တရားတို့ဟူ၍လည်းကောင်း၊ အနာဂတ် အာရုံကို အာရုံပြုကုန်သော တရားတို့ဟူ၍လည်းကောင်း၊ ပစ္စုပ္ပန်အာရုံကို အာရုံပြုကုန်သော တရားတို့ဟူ၍လည်းကောင်း စင်စစ် မဆိုအပ်ကုန်။ အဘယ်ကြောင့် မဆိုအပ်ကုန်သနည်းဟူမူ—၎င်းဂေါတြဘူ, မဂ်, ဖိုလ်စသည်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော အာရုံမဟုတ်သည်၏ အဖြစ်ကြောင့် မဆိုအပ်ကုန်။ ထိုသို့ မဆိုအပ်ကုန်သည်၏အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဘုရားရှင်သည် အာယတနဝိဘင်း၊ပဥ္စာပုစ္ဆက စာမျက်နှာ(၇၆)၌—

ဒ္ဝါယတနာ။ပ။ သိယာ နဝတ္တဗ္ဗာ "အတီတာရမ္မဏာ"တိပိ၊ "အနာဂတာရမ္မဏာ"တိပိ၊ "ပစ္စုပ္ပန္နာရမ္မဏာ"တိပိ ဟူ၍လည်းကောင်း၊

၎င်း ဝိဘင်းပါဠိတော်၊ ဓာတုဝိဘင်း-ပဥ္စာပုစ္ဆက စာမျက်နှာ (၉၅)၌—

ဒ္ဝေ ဓာတုယော။ပ။ သိယာ နဝတ္တဗ္ဗာ "အတီတာရမ္မဏာ" တိပိ၊ "အနာဂတာရမ္မဏာ"တိပိ၊"ပစ္စုပ္ပန္နာရမ္မဏာ"တိပိ ဟူ၍လည်းကောင်း၊

၎င်း ဝိဘင်းပါဠိတော်၊ သစ္စဝိဘင်း-ပဥ္စာပုစ္ဆက စာမျက်နှာ(၁၂၀)၌—

မဂ္ဂသစ္စံ နဝတ္တဗ္ဗံ "အတီတာရမ္မဏာ"န္တိပိ၊ "အနာဂတာရမ္မဏာ"န္တိပိ၊ "ပစ္စုပ္ပန္နာရမ္မဏာ"န္တိပိ ဟူ၍လည်းကောင်း၊

၎င်း ဝိဘင်းပါဠိတော်၊ ဣန္ဒြိယဝိဘင်း-ပဥ္စာပုစ္ဆက စာမျက်နှာ (၁၃၃-၄)၌

တီဏိန္ဒြိယာ နဝတ္တဗ္ဗာ "အတီတာရမ္မဏာ"တိပိ၊ "အနာဂတာရမ္မဏာ" တိပိ၊ "ပစ္စုပ္ပန္နာရမ္မဏာ"တိပိ ဟူ၍လည်းကောင်း ဟော တော်မူအပ်လေသည်။

မြန်မာပြန်ကား——

သိယာ၊ အခွျိကုန်သော။ ဒွိယတနာ၊ အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ကုန်သော မနာယတန, ဓမ္မာယတန ၂-ပါးတို့ကို။ပ။ အတီတာရမ္မဏာတိပိ၊အတိတ်တရားသာလျှင် အာရုံရှိကုန်သော တရားတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ အနာဂတာရမ္မဏာတိပိ၊ အနာဂတ်တရားသာလျှင် အာရုံရှိကုန်သော တရားတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ ပစ္စုပ္ပန်တ့ရားသာလျှင် အာရုံရှိကုန်သော တရားတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ ဤကား အာယတနဝိဘင်းပါဠိတော်ပါဠိ၏ မြန်မာပြန်တည်း။

သိယာ၊ အခွျိကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ ဓာတုယော၊ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ပေါ်ကုန်သော မနောဝိညာဏဓာတ်, ဓမ္မဓာတ်တို့ကို။ပ။ အတီတာရမ္မဏာတိပိ၊ အတိတ်တရားသာလျှင် အာရုံရှိကုန်သော တရားတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ အနာဂတာရမ္မဏာတိပိ၊ အနာဂတ်တရားသာလျှင် အာရုံရှိကုန်သော တရားတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ ပစ္စုပ္ပန်တရားသာလျှင် အာရုံရှိကုန်သော တရားတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်။ အနာဂတာရမ္မဏာတိပိ၊ အနာဂတ်တရားသာလျှင် အာရုံရှိသော တရားဟူ၍လည်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ အနာဂတာရမ္မဏာတိပိ၊ အနာဂတ်တရားသာလျှင် အာရုံရှိသောတရားဟူ၍လည်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ ပစ္စုပ္ပန်တရားသာလျှင် အာရုံရှိသောတရားဟူ၍လည်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ဤကား သစ္စဝိဘင်းပါဠိတော်ပါဠိ၏ မြန်မာပြန်တည်း။

သိယာ၊ အခွျိကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ ဓာတုယော၊ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော မဂ္ဂသစ္စာကို။ အတီတာရမ္မဏန္တိပိ၊ အတိတ်တရားသာလျှင် အာရုံရှိသော တရားဟူ၍လည်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ အနာဂတာရမ္မဏန္တိပိ၊ အနာဂတ်တရားသာလျှင် အာရုံရှိသောတရားဟူ၍လည်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ပစ္စုပ္ပန္နာရမ္မဏန္တိပိ၊ ပစ္စုပ္ပန်တရားသာလျှင် အာရုံရှိသောတရားဟူ၍လည်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ဤကား သစ္စဝိဘင်းပါဠိတော်ပါဠိ၏ မြန်မာပြန်တည်း။

တိဏိ၊ သုံးပါးကုန်သော။ ဣန္ဒြိယာ၊ အသခ််တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ပေါ်ကုန်သော အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညတာဝိန္ဒြေတို့ကို။ အတီတာရမ္မဏာတိပိ၊ အတိတ်တရားသာလျှင် အာရုံရှိကုန်သော တရားတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ အနာဂတာရမ္မဏာတိပိ၊ အနာဂတ်တရားသာလျှင် အာရုံရှိကုန်သော တရားတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ ပစ္စုပ္ပန်တရားသာလျှင် အာရုံရှိကုန်သော တရားတို့ဟူ၍လည်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ ဤကား ဣန္ဒြိယဝိဘင်းပါဠိတော်ပါဠိ၏ မြန်မာပြန်တည်း။

ဤသို့ ဟောတော်မူအပ်ကုန်သော ဘုရားရှင်၏ စကားတော်တို့ကိုထောက်၍ ၎င်းမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံ

ပြု၍ဖြစ်ကုန်သော ဂေါတြဘူ, မင်္ဂ, ဖိုလ်အစရှိကုန်သော အာရမ္မဏိကတရားတို့ကိုလည်း အတိတ်အာရုံကို အာရုံပြုကုန်သော တရားတို့ဟူ၍လည်းကောင်း၊ အနာဂတ်အာရုံကိုအာရုံပြုကုန်သော တရားတို့ဟူ၍လည်းကောင်း၊ ပစ္စုပ္ပန်အာရုံကို အာရုံပြုကုန်သော တရားတို့ဟူ၍လည်းကောင်း မဆိုအပ်ကုန်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ဤပါဠိတော်တို့ဖြင့်သာ သိအပ်သည် မဟုတ်ကုန်သေး။ ဝိဘင်းပါဠိတော်၊ ပဋိသမ္ဘိဒါဝိဘင်း စာမျက်နှာ ၃၂၀-၌—

အတ္ထပဋိသမ္ဘိဒါ။ပ။ သိယာ နု ဝတ္တဗ္ဗာ "အတီတာရမ္မဏာ"တိပိ၊ "အနာဂတာရမ္မဏာ"တိပိ၊ "ပစ္စုပ္ပန္နာရမ္မဏာ"တိပိ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း၊

သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ခန္ဓဝိဘင်း၊ ပဉ္စာပုစ္ဆကအဖွင့် စာမျက်နှာ ၄၁-၌—

ပညတ္တိ ဝါ နိဗ္ဗာနံ ဝါ ပစ္စဝေက္ခန္တဿ နဝတ္တဗ္ဗာရမ္မဏာ ဟောန္တိ။

ဟူ၍လည်းကောင်း၊

ဂင်းသမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဋိသမ္ဘိဒါဝိဘင်း၊ ပဉ္စာပုစ္ဆကအဖွင့် စာမျက်နှာ ၃၇၈-၌—

လောကုတ္တရံ ပရမတ္ထံ ပစ္စဝေက္ခန္တဿ နဝတ္တဗ္ဗာရမ္မဏာ။

ဟူ၍လည်းကောင်း၊

ဂင်းသမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ကုန္ဒြိယဝိဘင်း၊ ပဉ္စာပုစ္ဆက အဖွင့် စာမျက်နှာ ၁၂၂-၌—

တတ္ထ ဒေါမနဿိန္ဒြိယံ ပဏ္ဏတ္တိ ဘာရဇ္ဇ ပဝတ္တိကာလေ နဝတ္တဗ္ဗာရမ္မဏံ၊ သေသာနိ နိဗ္ဗာနပစ္စဝေက္ခဏကာလေပိ။

ဟူ၍လည်းကောင်း၊ ဖွင့်ဆိုအပ်သည်တို့ကို ထောက်၍လည်းကောင်း၊

အဋ္ဌသာလိနီအဋ္ဌကထာ၊ အဋ္ဌကထာကဏ္ဍ၊ စာမျက်နှာ ၄၄၃-၌—

ပဏ္ဏတ္တိနိဗ္ဗာနပစ္စဝေက္ခဏေ နဝတ္တဗ္ဗာရမ္မဏာ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိကြလေဦး။

သိယာ၊ အခ္ခါသော။ အတ္ထပဋိသမ္ဘိဒါ၊ အသခ်္ခတမဟာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ပေါ်သော အတ္ထပဋိသမ္ဘိဒါကို။ အတီတာရမ္မဏာတိပိ၊ အတိတ်

တရားသာလျှင် အာရုံရှိသောတရားဟူ၍လည်း။ နှ ဝတ္တာပဗ္ဗာ၊ မဆိုအပ်။ အနာဂတာရမ္မဏာတိပိ၊ အနာဂတ်တရားသာလျှင် အာရုံရှိသောတရား ဟူ၍လည်း။ နှ ဝတ္တာပဗ္ဗာ၊ မဆိုအပ်။ ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ ပစ္စုပ္ပန်တရားသာလျှင် အာရုံရှိသောတရားဟူ၍လည်း။ နှ ဝတ္တာပဗ္ဗာ၊ မဆိုအပ်။ ဤကား ပဋိသမ္ဘိဒါဝိဘင်းပါဠိတော်ပါဠ်၏ မြန်မာပြန်တည်း။

ပညတ္တိ• ဝါ၊ ပညတ်တရားကိုလည်းကောင်း။ နိဗ္ဗာနံ ဝါ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုလည်းကောင်း။ ပစ္စဝေက္ခဏ္ဏာဿ၊ ဆင်ခြင်သောသူအား။ နှ ဝတ္တာပဗ္ဗာရမ္မဏာ၊ ကာလသုံးပါးဖြင့် မဆိုအပ်သော အာရုံရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား ခန္ဓဝိဘင်းအဖွင့်ပါဠ်၏ မြန်မာပြန်တည်း။

လောကုတ္တရံ၊ စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရလောကမှ လွန်မြောက်နေသော။ ဝါ၊ လွန်မြောက်၍ အမြဲတည်နေသော။ ပရမတ္ထံ၊ ပရမတ္ထတရားဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ပစ္စဝေက္ခဏ္ဏာဿ၊ ဆင်ခြင်သော ပုဂ္ဂိုလ်အား။ နှဝတ္တာပဗ္ဗာရမ္မဏာ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလသုံးပါးဖြင့် မဆိုအပ်သော အာရုံရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား ပဋိသမ္ဘိဒါဝိဘင်းအဖွင့်ပါဠ်၏ မြန်မာပြန်တည်း။

တတ္ထ၊ ထိုဤနှစ်တို့တွင်။ ဒေါမနဿိန္ဒြိယံ၊ ဒေါမနဿိန္ဒြေသည်။ ပဏ္ဏတ္တိ•၊ ပညတ်တရားကို။ အာရဗ္ဘ-အာရမ္မဏံ ကတ္ဝာ၊ အာရုံပြု၍။ ပဝတ္တိကာလေ၊ ဖြစ်သောကာလ၌။ နဝတ္တာပဗ္ဗာရမ္မဏံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလသုံးပါးဖြင့် မဆိုအပ်သော အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ သေသာနိ၊ ဒေါမနဿိန္ဒြေမှ ကြွင်းကုန်သော နာမ်ဣန္ဒြေတို့သည်။ နိဗ္ဗာနပစ္စဝေက္ခဏကာလေပိ၊ နိဗ္ဗာန်ကို အာရုံပြု၍ ဆင်ခြင်သောအခါ၌လည်း။ နဝတ္တာပဗ္ဗာရမ္မဏာနိ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးဖြင့် မဆိုအပ်သော အာရုံတရားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား ဣန္ဒြိယဝိဘင်းအဖွင့် အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ပဏ္ဏတ္တိနိဗ္ဗာနပစ္စဝေက္ခဏေ၊ပညတ်,နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၌၊နဝတ္တာပဗ္ဗာရမ္မဏာ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ သုံးပါးဖြင့် မဆိုအပ်သော အာရုံရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား အဋ္ဌသာလိနီ အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဤပြဆိုအပ်ကုန်ပြီးသော ပါဠိတော်, အဋ္ဌကထာတို့ကိုထောက်၍လည်း ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ကုန်သော ဂေါတြဘူ,မဂ်,ဖိုလ်အစရှိကုန်သော အာရမ္မဏိကတရားတို့ကိုလည်း အတိတ်အာရုံကို အာရုံပြုကုန်သော တရားတို့ဟူ၍လည်းကောင်း၊ အနာဂတ်

ဂေါတြဘူမဂ်ဖိုလ်တို့သည် ကိလေသာကုန်မှုနိဗ္ဗာန်ကို အာရုံမပြုကြောင်း ၄၅၉

အာရုံကို အာရုံပြုကုန်သော တရားတို့ဟူ၍လည်းကောင်း၊ ပစ္စုပ္ပန်အာရုံကို အာရုံပြုကုန်သော တရားတို့ဟူ၍လည်းကောင်း စင်စစ် မဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

ထိုသို့သိကြလျှင်လည်း ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ကုန်သော ဂေါတြဘူ, မဂ်, ဖိုလ်အစရှိကုန်သော အာရမ္မဏိကတရားတို့ကို ရဟန္တာတို့ခန္ဓာချုပ်မှ ဖြစ်ပေါ်လတ္တံ့သော အနာဂတ်နိဗ္ဗာန်ကို အာရုံပြုကုန်သော တရားတို့ဟူ၍ အဘယ်မှာဆိုနိုင်အပ်ကုန်အံ့နည်း။ စင်စစ် မဆိုနိုင်ကုန်သည်၏ အဖြစ်ကို နဝတ္တဗ္ဗာ အနာဂတာရမ္မဏာတိပိ ဟူသော ဘုရားစကားတော်ဖြင့်လည်းကောင်း၊ နဝတ္တဗ္ဗာရမ္မဏာ ဟူသော အဋ္ဌကထာစကားဖြင့်လည်းကောင်း ထင်ရှားသိနိုင်ကြသည်သာတည်း။ ထိုသို့သိကြလျှင်လည်း ရဟန္တာတို့ ခန္ဓာချုပ်မှ နိဗ္ဗာန်ဖြစ်ပေါ်လာ၏ ဟူသော အယူမျိုးကိုယူ၍ အာရုံမပြုကုန်ဘဲ၊ ဖြစ်ပြီး,ဖြစ်ဆဲ, ဖြစ်လတ္တံ့ကုန်သော သင်္ခတတရားတို့မှ လွှဲမြောက်နေသော အတိတ်, အနာဂတ်, ပစ္စုပ္ပန်အားဖြင့် မဆိုအပ်သော မဖြစ်, မပျက်သောသဘောလက္ခဏာဖြင့် အမြဲတည်ရှိနေသော အသင်္ခတဓာတ် နိဗ္ဗာန်အမှန်ကိုသာလျှင် ဟုတ်တိုင်းမှန်စွာ အာရုံပြုကြလေကုန်။ ဤမျှသော စကားအစဉ်ဖြင့် အသင်္ခတဓာတ် နိဗ္ဗာန်သည် ရဟန္တာတို့ စုတိစိတ်ချုပ်မှ ဖြစ်ပေါ်လာသောတရားမဟုတ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ဂေါတြဘူ, မဂ်ဉာဏ်, ဖိုလ်ဉာဏ်စသည်တို့သည် ၎င်းရဟန္တာတို့ ခန္ဓာချုပ်မှဖြစ်ပေါ်လာသော အနာဂတ်ဖြစ်သော နိဗ္ဗာန်ကို အာရုံပြုမှုမရှိသည်၏ အဖြစ်ကိုလည်းကောင်း ဖော်ပြချက်သည်ပြီး၏။

ဂေါတြဘူ, မဂ်တို့သည် ကိလေသာကုန်မှု, ခန္ဓာကုန်မှုနိဗ္ဗာန်ကို အာရုံမပြု ထိုကဲ့သို့ အာရုံပြု၍ မဂ္ဂဝီထိဖြစ်မှု မရှိပုံကို ပြခြင်း

မဂ္ဂဝီထိ၌ ဖြစ်ကုန်သော ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် တဏှာစသော ကိလေသာတို့၏ ချုပ်မှု, ကုန်မှုဖြစ်သော နိဗ္ဗာန်ကို အာရုံပြုကုန်၏ဟု အကယ်၍ အယူရှိခဲ့သည်ဖြစ်အံ့။ ထိုအယူသည်လည်း စင်စစ် မှားသော အယူသာ ဖြစ်လေ၏။ အဘယ်ကြောင့် မှားသောအယူဖြစ်လေသနည်း ဟူမူ- ထိုမဂ်ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်၏ ခန္ဓာအစဉ်၌ ဖြစ်သော မဂ္ဂဝီထိ၌ ဂုဋ္ဌာနဂါမိနိဝိပဿနာအနုလုံဇောသည် သင်္ခတ-သင်္ခါရတရားတို့ကို အနိစ္စအားဖြင့်ဖြစ်စေ, ဒုက္ခအားဖြင့်ဖြစ်စေ, အနတ္တအားဖြင့်ဖြစ်စေ- အာရုံပြု၍ တိက္ခပုဂ္ဂိုလ်အား ဥပစာ,အနုလုံဟူသော ကာမဇောန့စ်ကြိမ်၊ မန္ဒပုဂ္ဂိုလ်အား ပရိကံ,ဥပစာ, အနုလုံ ဟူသော ကာမဇောသုံးကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ဂေါတြဘူဉာဏ်သည် ၎င်းသင်္ခတ-သင်္ခါရတရားတို့မှ လွှဲမြောက်၍ အမြဲတည်နေသော အသင်္ခတဓာတ်

နိရောဓသစ္စာ နိဗ္ဗာန်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်၏။ ထိုဖြစ်ပေါ်သော ဂေါတြဘူခဏဌ် ဒိဋ္ဌ, ဝိစိကိစ္ဆာစသော ကိလေသာတို့သည် စင်စစ် မကုန်ကြသေး။ ကုန်လတ္တံ့သာ ဖြစ်ကုန်၏။ ထိုသို့ကုန်လတ္တံ့ဖြစ်သည်၏ အဖြစ်ကိုလည်း သဋ္ဌာယတနသံယုတ်အဋ္ဌကထာ၊ ဇမ္ဗုခါဒက သံယုတ်အဖွင့် စာမျက်နှာ (၁၂၇)၌ ဂေါတြဘုဉာဏက္ခဏော ကိလေသာ။ပ။ ခီဏာတိ ဝါ ခီယန္တီတိ ဝါ န ဝတ္တဗ္ဗာ။ ခီယိဿန္တီတိ ဝတ္တဗ္ဗာတိ ဟူ၍ လည်းကောင်း၊ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၊ အာယတနဝိဘင်း-ခမ္မာယတနနိဒ္ဒေသ စာမျက်နှာ (၅၀)၌ ဂေါတြဘုက္ခဏော ကိလေသာ။ပ။န ခီဏာ, န ခီယန္တိ၊အပိ စ ခေါ ခီယိဿန္တိတိ ဟူ၍လည်းကောင်း ပြဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဂေါတြဘုဉာဏက္ခဏော၊ အသန်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်ဆဲဖြစ်သော ဂေါတြဘူ ဉာဏ်ခဏဌ်၌။ ကိလေသာ၊ ဒိဋ္ဌ, ဝိစိကိစ္ဆာစသော ကိလေသာတို့သည်။ ခီဏာတိ ဝါ၊ ကုန်ကုန်ပြီးဟူ၍လည်းကောင်း။ ခီယန္တိ ဝါ၊ ကုန်ကုန်ဆဲဟူ၍လည်းကောင်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်။ ခီယိဿန္တိတိ၊ ကုန်ကုန်လတ္တံ့ဟူ၍။ ဝတ္တဗ္ဗာ၊ ဆိုအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ ဤကား သဋ္ဌာယတနသံယုတ်အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဂေါတြဘုက္ခဏော၊ အသန်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်ဆဲဖြစ်သော ဂေါတြဘူဉာဏ်ခဏဌ်။ ကိလေသာ၊ ဒိဋ္ဌ,ဝိစိကိစ္ဆာစသော ကိလေသာတို့သည်။ န ခီဏာ၊ ကုန်ပြီးလည်းမဟုတ်ကုန်။ န ခီယန္တိ၊ ကုန်ဆဲလည်း မဟုတ်ကုန်။ အပိ စ ခေါ၊ စင်စစ်သော်ကား။ ခီယိဿန္တိ၊ ကုန်ကုန်လတ္တံ့သာတည်း။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုလေရာ၏။ ဤကား သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏စကားတော်ကိုထောက်၍ အသန်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်ဆဲဖြစ်သော ဂေါတြဘူဉာဏ်ခဏဌ် ဒိဋ္ဌ, ဝိစိကိစ္ဆာစသော ကိလေသာတို့သည် ကုန်ပြီးလည်းမဟုတ်ကုန်သေး။ ကုန်ဆဲလည်းမဟုတ်ကုန်သေး။ ကုန်လတ္တံ့သာဖြစ်ကုန်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ထိုသို့သိကြလျှင် ၎င်းဂေါတြဘူဉာဏ်သည် မိမိဖြစ်ပေါ်ဆဲ ခဏဌ် ကိလေသာမကုန်သေးသည်အတွက် ကိလေသာကုန်ပြီးဖြစ်သော နိဗ္ဗာန်ကို အဘယ်မှာ အာရုံပြုနိုင်ပါအံ့နည်း။စင်စစ်မပြုနိုင်သည်သာတည်း။ ထိုသို့ မပြုနိုင်သည်ကိုပင် ကိလေသာမကုန်ခင်ကပင် ကိလေသာကုန်ပြီးပြု၍ အာရုံပြုရမည်ဟူသောအယူသည် ရောက်နေ၏။ ထိုသို့ရောက်နေခြင်းကြောင့် ၎င်းအယူသည်အလွန်မှားသောအယူပင် ဖြစ်လေတော့၏ဟု မှတ်ယူကြလေကုန်။

ထိုမှတပါး ဂေါတြဘူနောက်၌ အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်သော သောတာပတ္တိမဂ်ဓဏ၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာ စသော ကိလေသာတို့သည် ၎င်းသောတာပတ္တိမဂ်သည် မိမိဖြစ်ပေါ်သောဓဏ၌ ပယ်ဆဲ ဖြစ်သည်၏အဖြစ်ကြောင့် ကုန်ဆဲသာရှိနေကုန်သေး၏။ ကုန်ပြီးမဟုတ်လေကုန်။ ထိုသို့ ကုန်ဆဲဖြစ်သည်၏ အဖြစ်ကို သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၊ ဇမ္မုခါဒကသံယုတ်အဖွင့် စာမျက်နှာ ၁၂၇-၌—

မဂ္ဂက္ခဏေပိ ဟိ ကိလေသာ နခိဏာ ခိယန္တိတိ ပန ဝုစ္စတိ။

ဟူ၍ လည်းကောင်း၊

သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ အာယတနဝိဘင်းအဖွင့် စာမျက်နှာ ၅၀-၌—

မဂ္ဂက္ခဏေ ကိလေသာ ခဏာ ခယန္တိ ခယဿန္တိတ။ ဇာနမာနော ဝက္ခတိ ခိဏာတိ ဝါ ခိယိဿန္တိတိ ဝါ ဝတ္တုံ နဝဋ္ဋတိ၊ ခိယန္တိတိ ဝတ္တုံ ဝဋ္ဋတိတိ။

ဟူ၍လည်းကောင်း ပြဆိုတော်မူအပ်လေသည်။

ဟိ၊ ထိုစကားသည် မှန်၏။ မဂ္ဂက္ခဏေပိ၊ အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်ဆဲဖြစ်သော မဂ်ဓဏ၌။ ကိလေသာ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ စသောကိလေသာတို့သည်။ နခိဏာ၊ ကုန်ပြီးမဟုတ်ကုန်။ ခိယန္တိတိ ပန၊ ကုန်ဆဲဖြစ်ကုန်၏ဟူ၍ကား။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား သဋ္ဌာယတနသံယုတ် အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။

မဂ္ဂက္ခဏေ၊ အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ပေါ်ဆဲရှိသောမဂ်ဓဏ၌။ ကိလေသာ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာစသော ကိလေသာတရားတို့သည်။ ခိဏာ၊ ကုန်ကုန်ပြီးလေလော။ ခိယန္တိ၊ ကုန်ကုန်ဆဲလေလော။ ခိယိဿန္တိ၊ ကုန်ကုန်လတ္တံ့လေလော။ ဤတိ၊ ဤသို့။ သော၊ ထိုကိလေသာကုန်ပြီးသော နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ အာရုံပြု၏ဟူ၍ အယူရှိသော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ သော၊ ထိုဝိတဏ္ဍဝါဒီပုဂ္ဂိုလ် သည်။ ဇာနမာနော၊ သိသည်ရှိသော်။ ဝက္ခတိ၊ ပြောဆိုလတ္တံ့။ ကိံ ဝက္ခတိ၊ အဘယ်သို့ပြောဆိုလတ္တံ့နည်းဟူမူ။ ခိဏာတိ ဝါ၊ကုန်ကုန်ပြီးဟူ၍လည်းကောင်း။ ခိယိဿန္တိတိ ဝါ၊ ကုန်ကုန်လတ္တံ့ဟူ၍လည်းကောင်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နဝဋ္ဋတိ၊ မသင့်။ ခိယန္တိတိ၊ ကုန်ကုန်ဆဲဟူ၍သာလျှင်။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဤတိ၊ ဤသို့။ ဝက္ခတိ၊ ဆိုလတ္တံ့။ ဤကား သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠ်၏မြန်မာပြန်တည်း။

မဂ္ဂက္ခဏေ၊ အသခ််တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ပေါ်ဆဲရှိသောမဂ်ဓဏ၌။ ကိလေသာ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာစသော ကိလေသာတရားတို့သည်။ ခိဏာ၊ ကုန်ကုန်ပြီးလေလော။ ခိယန္တိ၊ ကုန်ကုန်ဆဲလေလော။ ခိယိဿန္တိ၊ ကုန်ကုန်လတ္တံ့လေလော။ ဤတိ၊ ဤသို့။ သော၊ ထိုကိလေသာကုန်ပြီးသော နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ အာရုံပြု၏ဟူ၍ အယူရှိသော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ သော၊ ထိုဝိတဏ္ဍဝါဒီပုဂ္ဂိုလ် သည်။ ဇာနမာနော၊ သိသည်ရှိသော်။ ဝက္ခတိ၊ ပြောဆိုလတ္တံ့။ ကိံ ဝက္ခတိ၊ အဘယ်သို့ပြောဆိုလတ္တံ့နည်းဟူမူ။ ခိဏာတိ ဝါ၊ကုန်ကုန်ပြီးဟူ၍လည်းကောင်း။ ခိယိဿန္တိတိ ဝါ၊ ကုန်ကုန်လတ္တံ့ဟူ၍လည်းကောင်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နဝဋ္ဋတိ၊ မသင့်။ ခိယန္တိတိ၊ ကုန်ကုန်ဆဲဟူ၍သာလျှင်။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဤတိ၊ ဤသို့။ ဝက္ခတိ၊ ဆိုလတ္တံ့။ ဤကား သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠ်၏မြန်မာပြန်တည်း။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားတော်ကိုထောက်၍လည်း အသခ်္ဓတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်ဆဲဖြစ်သော မဂ်-ခဏ၌ ဒိဋ္ဌ, ဝိစိကိစ္ဆာ စသော ကိလေသာတို့သည် ကုန်ပြီးလည်း မဟုတ်ကုန်။ ကုန်လတ္တံ့လည်း မဟုတ်ကုန်။ စင်စစ် ကုန်ဆဲသာရှိနေသည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ထို့သို့ သိကြလျှင်လည်း ၎င်းမဂ်ဉာဏ်သည် မိမိဖြစ်ပေါ်ဆဲ ခဏ၌ ကိလေသာကုန်ပြီး မရှိသေးသည်အတွက် အဘယ်ကိလေသာကုန်ပြီး နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်ပြီးလျှင် အာရုံမဟုတ်သော အဘယ်ကိလေသာကို ပယ်ဆဲ, စွန့်ဆဲ ပြုပါအုံးနည်း ဟူ၍ စဉ်းစားဆင်ခြင်ကြလျှင် စင်စစ် ကိလေသာကုန်ပြီးဖြစ်သော နိဗ္ဗာန်သည် ထင်ရှားမရှိသေးသည်အတွက် မဂ်၏ အာရုံပြုအပ်စရာ အာရုံမရှိသည်၏ အဖြစ်ကို ထင်ရှား သိကြလိမ့်မည်သာတည်း။ ထို့ကြောင့် ၎င်းအယူမျိုးသည် အလွန် ချော်ချွတ် မှားယွင်းသော သာသနာတော်၏ ငြောင့်တံသင်းဖြစ်သော အယူမျိုးသာ ဖြစ်လေတော့၏။ ထို့ကြောင့် အဋ္ဌကထာရှင်တို့သည် ထိုအယူမျိုးကိုယူသော ပုဂ္ဂိုလ်ကို ဝိတဏ္ဍဝါဒီ ဟူ၍ ခေါ်ဆိုတော်မူအပ်သည်။ ထို့သို့ ခေါ်ဆိုအပ်သည်၏အဖြစ်ကို ဝိတဏ္ဍဝါဒီ ပနာဟ စသည်ဖြင့် ရှေး မျက်နှာနံပါတ် (၁၄၂)၌ ပြဆိုအပ်ခဲ့ပြီ။

ဤသို့ ဖော်ပြအပ်ပြီးသော မှားသောအယူဖြစ်သော ကိလေသာချုပ်ခြင်း, ကွယ်ခြင်းကို ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ဟူ၍ မယူကြကုန်မူ၍ ကိလေသာ, ခန္ဓာတည်းဟူသော သခ်္ခတတရားတို့နှင့် မရောမယှက် တဘက်စီပြု၍ အမြဲတည်ရှိနေသော အသခ်္ခတမဟတ်ကိုသာလျှင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာနိဗ္ဗာန် အမှန်ဖြစ်၏ဟူ၍ အာရုံပြုကြလေကုန်။ ဤမျှသော စကားအစဉ်ဖြင့် ကိလေသာကုန်ပြီးသော အဘာဝပညတ်ဖြစ်သော နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ အာရုံပြု၍ မဖြစ်နိုင်သည်၏ အဖြစ်ကို ဖော်ပြချက်သည် ပြီး၏။

မဂ်လေးပါးကြောင့် နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ကိလေသာတို့သည် ဖြစ်ပေါ်ခြင်းမရှိကုန်ဘဲ ကုန်လေသည် တပြိုင်နက် နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော ခန္ဓာတို့သည်လည်း အဆက်ဆက်ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကွယ်ငြိမ်းကင်းပျောက်လေကုန်သည်သာတည်း။ ထို့သို့ အနာဂတ်၌ ဖြစ်ပေါ်လတ္တံ့ကုန်သော ခန္ဓာတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ငြိမ်း ကင်းပျောက်မရှိခြင်း တည်းဟူသော အဘာဝ တရားကိုပင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ဟု အကယ်၍ အယူရှိခဲ့သည် ဖြစ်အုံ။ ထိုအယူဟူသမျှ သည်လည်း စင်စစ် မှားသောအယူသာ ဖြစ်လေ၏။ အဘယ်ကြောင့် မှားလေသနည်းဟူမူ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော ခန္ဓာတရားတို့သည် စင်စစ် ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းနှင့် မကင်းကုန်သော တရားမျိုးသာဖြစ်ကုန်၏။ ထို့သို့ ဖြစ်သည်၏

ဂေါတြဘူမဂ်ဖိုလ်တို့သည် ခန္ဓာချုပ်မှု နိဗ္ဗာန်ကို အာရုံမပြုကြောင်း ၄၆၃ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ဘုရားရှင်သည် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ နတုမှာကဝဂ် ၃၃-မျက်နှာ၊ ခြောက်ခုမြောက်သုတ်၌—

ယံ ဓေါ အာနန္ဒ ရူပံ အဇာတံ အပါတုဘူတံ၊ တဿ ဉပ္ပါဒေါ ပညာယိဿတိ၊ ဝယော ပညာယိဿတိ၊ ဌိတဿ အညထတ္တံ ပညာယိဿတိ။ ယာ ဝေဒနာ။ ယာ သညာ။ ယေ သင်္ခါရာ။ ယံ ဝိညာဏံ အဇာတံ အပါတုဘူတံ၊ တဿ ဉပ္ပါဒေါ ပညာယိဿတိ။ ဝယော ပညာယိဿတိ၊ ဌိတဿ အညထတ္တံ ပညာယိဿတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အာနန္ဒ၊ အာနန္ဒာ။ ယံ ဓေါ ရူပံ၊ အကြင်အနာဂတ်၌ ဖြစ်ပေါ်လတ္တံ့သော ရုပ်တရားသည်။ အဇာတံ၊ ဖြစ်ပေါ်မှုမရှိသေး။ အပါတုဘူတံ၊ ထင်ရှားစွာ ဖြစ်ပေါ်မှုမရှိသေး။ တဿ၊ ထို ဖြစ်ပေါ်မှုမရှိသေးသော အနာဂတ် ဖြစ်သောရုပ်၏။ ဝါ၊ ရုပ်အား။ ဉပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ ပညာယိဿတိ၊ ထင်လတ္တံ့။ ဝယော၊ ပျက်ခြင်းသည်။ ပညာယိဿတိ၊ ထင်လတ္တံ့။ ဌိတဿ၊ တည်နေသော ရုပ်၏။ အညထတ္တံ၊ တပါး၏အဖြစ်ဟု ဆိုအပ်သော ဖောက်ပြန်သည်၏အဖြစ်သည်။ ပညာယိဿတိ၊ ထင်လတ္တံ့။ ယာ ဝေဒနာ၊ အကြင်ခံစားတတ်သော ဝေဒနာ တရားသည်။ ယာ သညာ၊ အကြင်မှတ်တတ်သော သညာတရားသည်။ ယေ သင်္ခါရာ၊ အကြင်ပြုပြင်တတ်ကုန်သော သင်္ခါရတရားတို့သည်။ ယံ ဝိညာဏံ၊ အကြင် သိတတ်သော ဝိညာဏ်တရားသည်။ အဇာတံ၊ ဖြစ်မှုမရှိသေး။ အပါတုဘူတံ၊ ထင်ရှားစွာ ဖြစ်ပေါ်မှုမရှိသေး။ တဿ၊ ထိုဖြစ်မှုမရှိသေးသော အနာဂတ် တရား၏။ ဝါ၊ တရားအား။ ဉပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ ပညာယိဿတိ၊ ထင်လတ္တံ့။ ဝယော၊ ပျက်ခြင်းသည်။ ပညာယိဿတိ၊ ထင်လတ္တံ့။ ဌိတဿ၊ တည်နေသော တရား၏။ အညထတ္တံ၊ တပါး၏ အဖြစ်ဟုဆို အပ်သော ဖောက်ပြန်သည်၏ အဖြစ်သည်။ ပညာယိဿတိ၊ ထင်လတ္တံ့။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော အနာဂတ်တရားတို့သည် စင်စစ် ဖြစ်မှု, ရင့်မှု, ပျက်မှုရှိသော တရားတို့သာ ကောန်ဖြစ်ကုန်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ထို ဖြစ်မှု, ရင့်မှု, ပျက်မှုရှိကုန်သော အနာဂတ် တရားတို့သည် စင်စစ် သင်္ခတတရားတို့သာလျှင် ဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်၏ အဖြစ်ကိုလည်း မြတ်စွာဘုရားရှင်သည် တိကအင်္ဂုတ္တရ ပါဠိတော်၊ စုဠဝဂ္ဂစာမျက်နှာ ၁၅၀-၌—

တီဏိမာနိ ဘိက္ခဝေ သဒ်္ဓတဿ သဒ်္ဓတလက္ခဏာနိ။ ကတမာနိ တီဏိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ သဒ်္ဓတဿ သဒ်္ဓတလက္ခဏာနိတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား——

ဘိက္ခဝေ၊ ရဟန်းတို့။ သဒ်္ဓတဿ၊ သဒ်္ဓတတရား၏။ သဒ်္ဓတလက္ခဏာနိ၊ ဤကား သဒ်္ဓတတရားပေတည်းဟု သိအပ်သော မှတ်ကြောင်းလက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား။ ဥပ္ပါဒေါ၊ ဥပါဒ်ဟုဆိုအပ်သော ဖြစ်ပေါ်မှုလက္ခဏာသည်။ ပညာယတိ၊ ထင်၏။ ဝေါ၊ တနည်းကား။ ဥပ္ပါဒေါ၊ ကို။ ပညာယတိ၊ သိအပ်၏။ ဝယော၊ ဘင်ဟု ဆိုအပ်သော ပျက်မှုသည်။ ပညာယတိ၊ ထင်၏။ ဝေါ၊ တနည်းကား။ ဝယော၊ ကို။ ပညာယတိ၊ သိအပ်၏။ ဌိတဿ၊ သဒ်္ဓတဌိဟု ဆိုအပ်သော မိမိတို့၏ သဘောလက္ခဏာဖြင့် ထင်ရှားတည်ဆဲဖြစ်သော သဒ်္ဓတတရား၏။ အညထတ္တံ၊ တပါး၏အဖြစ်ဟု ဆိုအပ်သော ရင့်ရော်ဖောက်ပြန်သည်၏ အဖြစ်သည်။ ပညာယတိ၊ ထင်၏။ ဝေါ၊ ကား။ ဌိတဿ၊ ၏။ အညထတ္တံ၊ ကို။ ပညာယတိ၊ သိအပ်၏။ ဘိက္ခဝေ၊ တို့။ သဒ်္ဓတဿ၊ သဒ်္ဓတတရား၏။ သဒ်္ဓတလက္ခဏာနိ၊ ဤကား သဒ်္ဓတတရားပေတည်းဟု မှတ်ကြောင်းလက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့ပေတည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ဖြစ်မှု, ရင့်မှု, ပျက်မှု ရှိသော နောင်ဖြစ်ပေါ်လတ္တံ့သော အနာဂတ်တရားဟူသမျှသည် သဒ်္ဓတတရားသာ ဖြစ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

ထိုအနာဂတ်၌ ဖြစ်လတ္တံ့ကုန်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တရားတို့ကို ဖြစ်လတ္တံ့တရားတို့ဟူ၍သာလျှင် ခေါ်ဆိုအပ်ကုန်၏။ ထင်ရှားရှိသော တရားတို့ဟူ၍ မခေါ်မဆိုအပ်ကုန်။ ထိုသို့ မခေါ်မဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ မဇ္ဈိမပဏ္ဏာသက ဥပယပဌမဝဂ် ၁၀-ခုမြောက်သုတ် စာမျက်နှာ ၅၉-၌——

ဘဝိဿတီတိ တဿ သင်္ခါ၊ ဘဝိဿတီတိ တဿ သမညာ၊ ဘဝိဿတီတိ တဿ ပညတ္တိ၊ နု တဿ သင်္ခါ အတ္ထီတိ၊ နု တဿ သင်္ခါ အဟောသီတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

ဂေါတြဘူမဂ်ဖိုလ်တို့သည် ခန္ဓာချုပ်မှု နိဗ္ဗာန်ကို အာရုံမပြုကြောင်း ၄၆၅

မြန်မာပြန်ကား—

တဿ၊ ထိုဖြစ်မှုမရှိသေးသော အနာဂတ်တရားအား။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့ဟူ၍သာလျှင်။ သခ်ါ၊ ခေါ်ဝေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုဖြစ်မှုမရှိသေးသော အနာဂတ်တရားအား။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့ဟူ၍သာလျှင်။ သမညာ၊ အမည်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုဖြစ်မှုမရှိသေးသော အနာဂတ်တရားအား။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့ဟူ၍သာလျှင်။ ပညတ္တိ၊ ပညတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုဖြစ်မှုမရှိသေးသော အနာဂတ်တရားအား။ အတ္ထီတိ၊ ရှိ၏ဟူသော။ သခ်ါ၊ ခေါ်ဝေါ်ခြင်းသည်။ နဟောတိ၊ ဖြစ်မှုမရှိ။ တဿ၊ ထိုဖြစ်မှုမရှိသေးသော အနာဂတ်တရားအား။ အဟောသီတိ၊ ဖြစ်ဘူးပြီဟူသော။ သခ်ါ၊ ခေါ်ဝေါ်ခြင်းသည်။ နဟောတိ၊ ဖြစ်မှုမရှိ။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ဖြစ်မှုမရှိသေးသော အနာဂတ်တရားကို ဖြစ်ပေါ်လတ္တံ့သောတရားဟူ၍သာလျှင် ခေါ်ဝေါ်အပ်သည်၏အဖြစ်ကိုလည်းကောင်း၊ ထင်ရှား ရှိနေ၏ဟူ၍ မခေါ်မဆိုအပ်သည်၏အဖြစ်ကိုလည်းကောင်း သိကြလေကုန်။

စင်စစ် ရှိသည်ဟု ခေါ်ဆိုအပ်သောတရားမှာ ဖြစ်ပေါ်ဆဲတရားကိုသာ ထင်ရှား ရှိသည်ဟု ဆိုအပ်၏။ ထိုသို့ ဆိုအပ်သည်၏အဖြစ်ကို ၎င်းခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ ဥပယဝဂ်၊ နိရုတ္တိပထသုတ်၊ စာမျက်နှာ ၆၀-၌—

> ယံ ဘိက္ခဝေ ရူပံ ဇာတံ ပါတုဘူတံ၊ အတ္ထီတိ တဿ သခ်ါ၊ အတ္ထီတိ တဿ သမညာ၊ အတ္ထီတိ တဿ ပညတ္တိ၊ နဟောတိ တဿ သခ်ါ အဟောသီတိ။
>
> နဟောတိ တဿ သခ်ါ ဘဝိဿတီတိ။

စသည်ဖြင့် ဟောတော်မူအပ်သည်ကို ထောက်၍ သိကြလေကုန်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ ရူပံ၊ အကြင် ရုပ်တရားသည်။ ဇာတံ၊ ဖြစ်ပေါ်ဆဲဖြစ်၏။ ပါတုဘူတံ၊ ထင်ရှားစွာ ဖြစ်ပေါ်ဆဲ ဖြစ်၏။ တဿ၊ ထိုဖြစ်ပေါ်ဆဲဖြစ်သောရုပ်အား။ အတ္ထီတိ၊ ထင်ရှားရှိ၏ဟူသော။ သခ်ါ၊ ခေါ်ဝေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုဖြစ်ပေါ်ဆဲဖြစ်သော ရုပ်အား။ အတ္ထီတိ၊ ရှိ၏ဟူသော။ သမညာ၊ အမည်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုဖြစ်ပေါ်ဆဲဖြစ်သော ရုပ်အား။ အတ္ထီတိ၊ ရှိ၏ဟူသော။ ပညတ္တိ၊ ပညတ်ခြင်းသည်။ ဝါ၊ သိစေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်ရုပ်အား။ အဟောသီတိ၊ ဖြစ်ဘူးပြီဟူသော။ သခ်ါ၊ ခေါ်ဝေါ်ခြင်းသည်။ နဟောတိ၊ ဖြစ်မှုမရှိ။ တဿ၊ ထိုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်ရုပ်အား။

ဘဝိဿတီတိ၊ ဖြစ်ပေါ်လတ္တံ့ဟူသော။ သခ်ါ၊ ခေါ်ဝေါ်ခြင်းသည်။ နဟောတိ၊ ဖြစ်မှုမရှိ။

ထိုမှတပါး ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်း ဤရုပ်နည်းတူပင် ဟောတော်မူအပ်ကုန်သည်၏အဖြစ်ကို ၎င်းပါဠိတော်၌ ယူကြလေ။ ဤသို့ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်ကို ထောက်၍လည်း ပစ္စုပ္ပန်ဖြစ်၍ဖြစ်ဆဲဖြစ်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တရားကိုသာလျှင် ထင်ရှားရှိသော တရားဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

ထိုအနာဂတ်၌ ဖြစ်ပေါ်လတ္တံ့သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တရားဟူသမျှသည် ထင်ရှားမရှိသေး။ ဖြစ်ပေါ်သောအခါ၌သာ ထင်ရှားရှိလတ္တံ့သော တရားဖြစ်၏။ ထိုအနာဂတ်၌ ဖြစ်လတ္တံ့သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တည်းဟူသော သန္တတရားဟူသမျှသည် ၎င်းတို့မှလွန်မြောက်၍ တဘက်၌ အမြဲတည်ရှိနေသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အကယ်၍ အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့် မြင်ခဲ့သည်ရှိသော် ကိုလေသာ, ကံ, သင်္ခါရဟူသော အကြောင်းခံတရားကုန်လေခြင်းကြောင့် ဖြစ်ပေါ်ခြင်းမရှိဘဲ ကုန်ခန်းကွယ်ပျောက် မရှိခြင်းသို့ရောက်လေတော့၏။ ထိုအနာဂတ်၌ဖြစ်လတ္တံ့သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တည်းဟူသော သန္တတရားဟူသမျှတို့၏ ကုန်ခန်းကွယ်ပျောက် မရှိခြင်းသို့ ရောက်ရခြင်းသည် ၎င်းမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ပရမတ္ထအားဖြင့် အမြဲထင်ရှားရှိနေသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော မဂ်ကြောင့်ပင် ဖြစ်ပေ၏။ ထိုသို့ ဖြစ်သည်၏အဖြစ်ကိုလည်း စူဠ-နိဒ္ဒေသပါဠိတော်၊ ပါရာယနဝဂ်-အဇိတပဉ္ဉာနိဒ္ဒေသ စာမျက်နှာ(၃၃)၌——

သောတာပတ္တိမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏဿ နိရောဓေန သတ္တ ဘဝေ ဌပေတ္ဝာ အနမတဂ္ဂေ သံသာရေ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ တေဿေတေ နိရုဇ္ဈန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပဿမ္ဘန္တိ။

သကဒါဂါမိမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏဿ နိရောဓေန ဒွေ ဘဝေ ဌပေတ္ဝာ ပဉ္စသု ဘဝေသု ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ တေဿေတေ နိရုဇ္ဈန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပဿမ္ဘန္တိ။

အနာဂါမိမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏဿ နိရောဓေန ကေဝံ ဘဝံ ဌပေတ္ဝာ ရူပဓာတုယာ ဝါ အရူပဓာတုယာ ဝါ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ တေဿေတေ နိရုဇ္ဈန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပဿမ္ဘန္တိ။

အရဟာတ္တမဂ္ဂဉာဏ်ကနေ အဘိသခ်ါရဝိညာဏ်ဟာ နိရောဓနေ ယေ ဥပပဇ္ဇေယျုံ နာမဥ္စ ရူပဥ္စ၊ ဇတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပဇ္ဇိသ္သန္တိ။ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန်ကား—

သောတာပတ္တိမဂ္ဂဉာဏ်ကနေ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့်။ အဘိသခ်ါရဝိညာဏ်ဟာ၊ နောက်နောက်ဘဝ၌ ဖြစ်လတ္တံ့သော ဝိပါက်ခန္ဓာဟု ဆိုအပ်သော နာမ်, ရူပ်တရားကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်စေတနာနှင့်ယှဉ်သော အဘိသခ်ါရဝိညာဏ်စိတ်၏။ နိရောဓနေ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိသော အားဖြင့် ကုန်လေခြင်းကြောင့်။ သတ္တဘဝေ၊ နောင်ဖြစ်လတ္တံ့ကုန်သော ခုနစ်ဘဝတို့ကို။ ဌပေတွာ၊ ချန်ထား၍။ အနမတဂ္ဂေ၊ အစဉ်လျှောက်၍ မသိအပ်သော အစရှိသော။ သံသာရေ၊ မပြတ်မလပ် ခန္ဓာစသည်တို့၏ အဆက်ဆက် ဖြစ်ခြင်းတည်းဟူသော သံသရာ၌။ နာမဥ္စ၊ အာရုံသို့ ရှေးရှုညွတ်တတ်သော စိတ်, စေတသိက်တည်းဟူသော နာမ်လည်းကောင်း။ ရူပဥ္စ၊ ပထဝီအစရှိသော ရုပ်လည်းကောင်း။ ယေ၊ အကြင် နာမ်, ရုပ်တရားနှစ်ပါးတို့သည်။ ဥပပဇ္ဇေယျုံ၊ ဖြစ်လေကုန်ရာ၏။ ဧတေ၊ ထိုဖြစ်လတ္တံ့ကုန်သော နာမ်ရုပ်တရားတို့သည်။ ဧတ္ထ၊ ဤသောတာပတ္တိမဂ်ဉာဏ်၌။ နိရုဇ္ဈန္တိ နု ပဝတ္တန္တိ၊ ဖြစ်မှုမရှိကုန်။ ဝူပသမ္မန္တိ၊ ငြိမ်းလေကုန်၏။ အတ္ထံ၊ ကွယ်ပျောက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်လေကုန်၏။ ပဋိပဇ္ဇိသ္သန္တိ၊ နောင်တဖန် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းလေကုန်၏။

သကဒါဂါမိမဂ္ဂဉာဏ်ကနေ၊ သကဒါဂါမိမဂ်ဉာဏ်ဖြင့်။ အဘိသခ်ါရဝိညာဏ်ဟာ၊ နောက်နောက်ဘဝ၌ ဖြစ်လတ္တံ့သော ဝိပါက်ခန္ဓာဟု ဆိုအပ်သော နာမ်ရုပ်တရားကို ဖြစ်စေတတ်သော ကုသိုလ်စေတနာနှင့်ယှဉ်သော အဘိသခ်ါရဝိညာဏ်စိတ်၏။ နိရောဓနေ၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကုန်လေခြင်းကြောင့်။ ဒွေ၊ နှစ်ပါးကုန်သော။ ဘဝေ၊ နောင်ဖြစ်လတ္တံ့ကုန်သော ဘဝတို့ကို။ ဌပေတွာ၊ ချန်ထား၍။ ပဥ္စသု၊ ငါးပါးကုန်သော။ ဘဝေသု၊ သုဂတိဘဝတို့၌။ နာမဥ္စ၊ အာရုံသို့ ရှေးရှုညွတ်တတ်သော စိတ်, စေတသိက်တည်းဟူသော နာမ်လည်းကောင်း။ ရူပဥ္စ၊ ပထဝီအစရှိသော ရုပ်လည်းကောင်း။ ယေ၊ အကြင် ဆိုအပ်ပြီးသော နာမ်ရုပ်တရားနှစ်ပါးတို့သည်။ ဥပပဇ္ဇေယျုံ၊ ဖြစ်လေကုန်ရာ၏။ ဧတေ၊ ထိုငါးဘဝ၌ ဖြစ်လတ္တံ့ကုန်သော နာမ်ရုပ်တရားတို့သည်။ ဧတ္ထ၊ ဤသကဒါဂါမိမဂ်ဉာဏ်၌။ နိရုဇ္ဈန္တိ နု ပဝတ္တန္တိ၊ ဖြစ်မှုမရှိကုန်။ ဝူပသမ္မန္တိ၊ ငြိမ်းလေကုန်၏။ အတ္ထံ၊ ကွယ်ပျောက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်လေကုန်၏။ ပဋိပဇ္ဇိသ္သန္တိ၊ နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းလေကုန်၏။

အနာဂါမိမဂ္ဂဉာဏေန၊ အနာဂါမိမဂ်ဉာဏ်ဖြင့်။ အဘိသခ်ါရဝိညာဏဿ၊ နောင်တဘဝအထက်၌ ဖြစ်လတ္တံ့သော ဝိပါက်ခန္ဓာဟုဆိုအပ်သော နာမ်ရုပ်တရားကို ဖြစ်စေတတ်သော ကုသိုလ်စေတနာနှင့်ယှဉ်သော အဘိသခ်ါရဝိညာဏ်စိတ်၏။ နိရောဓေန၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကုန်လေခြင်းကြောင့်။ ကံ ဘဝံ၊ တဘဝကို။ ဌပေတွာ၊ ချန်ထား၍။ ရူပဓာ-တုယာ ဝါ၊ ရူပဓာတ်၌ဌင်း။ အရူပဓာတုယာ ဝါ၊ အရူပဓာတ်၌ဌင်း။ နာမဉ္စ၊ အာရုံသို့ ရှေးရှုညွတ်တတ်သော စိတ်, စေတသိက်တည်းဟူသော နာမ်လည်းကောင်း။ ရူပဉ္စ၊ ပထဝီစသော ရုပ်လည်းကောင်း။ ယော၊ အကြင်ဆိုအပ်ကုန်ပြီးသော နာမ်ရုပ်တရား နှစ်ပါးတို့သည်။ ဥပပဇ္ဇေယျုံ၊ ဖြစ်လေကုန်ရာ၏။ ဇတော၊ ထိုဖြစ်လတ္တံ့ကုန်သော နာမ်ရုပ်တရားနှစ်ပါးတို့သည်။ တတ္ထ၊ ဤအနာဂါမိမဂ်ဉာဏ်၌။ နိရုဇ္ဈန္တိ-န ပဝတ္တန္တိ၊ ဖြစ်မှုမရှိကုန်။ ဝူပသမ္မန္တိ၊ ငြိမ်းလေကုန်၏။ အတ္ထံ၊ ကွယ်ပျောက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်လေကုန်၏။ ပဋိပဿမ္ဘန္တိ၊ နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းလေကုန်၏။

အရဟတ္တမဂ္ဂဉာဏေန၊ အရဟတ္တမဂ်ဉာဏ်ဖြင့်။ အဘိသခ်ါရဝိညာဏဿ၊ နောင်ရုပ, အရူပဘုံ၌ဖြစ်လတ္တံ့သော ဝိပါက်ခန္ဓာဟုဆိုအပ်သော နာမ်ရုပ်တရားကို ဖြစ်စေတတ်သော ရုပ, အရူပကုသိုလ်စေတနာနှင့်ယှဉ်သော အဘိသခ်ါရဝိညာဏ်စိတ်၏။ နိရောဓေန၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှု မရှိသော အားဖြင့် ကုန်ခြင်းကြောင့်။ နာမဉ္စ၊ အာရုံသို့ ရှေးရှုညွတ်တတ်သော စိတ်, စေတသိက်တည်းဟူသော နာမ်လည်းကောင်း။ ရူပဉ္စ၊ ပထဝီစသော ရုပ်လည်းကောင်း။ ယော၊ အကြင်ဆိုအပ်ခဲ့ပြီးသော နာမ်,ရုပ်တရား နှစ်ပါးတို့သည်။ ဥပပဇ္ဇေယျုံ၊ ဖြစ်လေကုန်ရာ၏။ ဇတော၊ ထိုဖြစ်လတ္တံ့ကုန်သော နာမ်,ရုပ်နှစ်ပါးတို့သည်။ တတ္ထ၊ ဤအရဟတ္တမဂ်ဉာဏ်၌။ နိရုဇ္ဈန္တိ-န ပဝတ္တန္တိ၊ ဖြစ်မှုမရှိကုန်။ ဝူပသမ္မန္တိ၊ ငြိမ်းလေကုန်၏။ အတ္ထံ၊ ကွယ်ပျောက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်လေကုန်၏။ ပဋိပဿမ္ဘန္တိ၊ နောင်ဖြစ်ပေါ်မှုမရှိသောအားဖြင့် ငြိမ်းလေကုန်၏။

ဤဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင် သောတာပတ္တိမဂ်-ဉာဏေန ဟူသောပါဠိဖြင့် ယောဂါဝစရပုဂ္ဂိုလ် ခန္ဓာအစဉ်၌ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်မှုရှိသည်ကို သိစေတော်မူအပ်၏။ အဘိသခ်ါရဝိညာဏဿ နိရောဓေန ဟူသောပါဠိတို့ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာအစရှိသော ကိလေသာ, သုဂတိခုနစ်ဘဝ အထက်၌ ဖြစ်လတ္တံ့ကုန်သော ဝိပါက် နာမကွန်ဓာ ကဋတ္တာ ရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ် အဘိသခ်ါရ စေတနာကံ,ထိုစေတနာကံနှင့် ယှဉ်သောအဘိသခ်ါရဝိညာဏ်။ ဤ ပြဆိုအပ်ပြီးသော တရားတို့သည် နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိသည်၏အဖြစ်ကို သိစေတော်မူအပ်၏။ (သတ္တဘဝေ

ဌပေတွာ အနမတဂ္ဂေ သံသာရေ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပဿမ္ဘန္တိ) ဟူသောပါဠိတို့ဖြင့် ထိုကိလေသာ, ကံ, အဘိသင်္ခါရဝိညာဏ်-တည်းဟူသော အကြောင်းတရားတို့ဖြစ်ပေါ်မှုမရှိဘဲ ကုန်လေခြင်းကြောင့် ကာမသုဂတိ ခုနစ်ဘဝ၌ ဖြစ်လတ္တံ့ကုန်သော ခန္ဓာတို့ကိုချန်ထား၍ အစမထင်သံသရာ၌ ဖြစ်လတ္တံ့ကုန်သော နာမ်ရုပ်တရားနှစ်ပါးတို့သည် နောင်ဖြစ်ပေါ်မှုမရှိကုန်ဘဲ ငြိမ်းခြင်း, ကွယ်ခြင်း, မရှိခြင်းသို့သာ ရောက်လေကုန်တော့၏ ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ထိုသို့ နောင်ဖြစ်ပေါ်လတ္တံ့ကုန်သော နာမ်ရုပ်တရားတို့၏ နောင် အဆက်ဆက် ဖြစ်ပေါ်မှုမရှိဘဲ ငြိမ်းခြင်း, ကွယ်ခြင်း, မရှိခြင်းသို့ ရောက်ရခြင်းသည်လည်း အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ပေါ်သော သောတာပတ္တိမဂ်ကြောင့်သာ ဖြစ်ပေ၏ ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေတော်မူအပ်၏။။

ထိုသို့သိစေအပ်သည်ကို ထောက်လျှင် သောတာပတ္တိမဂ်ဉာဏ်၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကား တခြားတရားသာဖြစ်၏။။ ၎င်းနိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်ပေါ်သော သောတာပတ္တိမဂ်ဖြင့် ကုန်ခန်းလေကုန်သော နာမ်ရုပ်တရားတို့၏ ငြိမ်းမှု, ကွယ်မှု, မရှိမှုကား တခြားတရားသာ ဖြစ်၏။။ အဘယ်ကြောင့် ဆိုသော် အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကား ထိုနာမ်ရုပ်တို့နှင့်မစပ်သော မဖြစ်မပျက်သော လက္ခဏာဖြင့် ထင်ရှား အမြဲရှိနေသော တရားသာ ဖြစ်၏။။ ထိုအသခ်္ခတဓာတ်နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်ပေါ်သော သောတာပတ္တိမဂ်ဖြင့် ဖြစ်ပေါ်လတ္တံ့ကုန်သော သခ်္ခတတရားဖြစ်ကုန်သော အနာဂတ်ဖြစ်ကုန်သော နာမ်ရုပ်တရားတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ငြိမ်းမှု, ကွယ်မှု, မရှိမှုသို့ ရောက်ခြင်းသည်ကား အဘာဝပညတ်တရား သာလျှင် ဖြစ်၏။။ ထိုကြောင့် တခြားစီ ဆိုလိုသည်။ ဤကား သောတာပတ္တိမဂ်နှင့် စပ်၍ ဖြစ်သော အဓိပ္ပါယ်စကား တရပ်တည်း။။

သကဒါဂါမိမဂ္ဂဉာဏေန ဟူသော ပါဠိဖြင့် ယောဂါဝစရပုဂ္ဂိုလ် ခန္ဓာအစဉ်၌ သကဒါဂါမိမဂ်ဉာဏ်ဖြစ်ပေါ်သည်ကို သိစေတော်မူအပ်၏။။ အဘိသင်္ခါရဝိညာဏဿ နိရောဓေနေန ဟူသော ပါဠိတို့ဖြင့် ထို သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ကာမရာဂ, ဗျာပါဒစသော ကိလေသာ, နှစ်ဘဝမှ အထက်ဖြစ်သော သုဂတိဘဝတို့၌ ဖြစ်စေတတ်သော ကုသိုလ်အဘိသင်္ခါရ စေတနာကံ, ထို စေတနာကံနှင့် ယှဉ်သော အဘိသင်္ခါရဝိညာဏ်။။ ဤ ပြဆိုအပ်ပြီးသော တရားတို့သည် နောင် အဆက်ဆက် ဖြစ်ပေါ်မှုမရှိသော အားဖြင့် ကုန်ခန်းခြင်းသို့ ရောက်ကုန်သည်၏ အဖြစ်ကို သိစေတော်မူအပ်၏။။ (ဒ္ဝေ ဘဝေ ဌပေတွာ ပဋိသု ဘဝေသု ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပဿမ္ဘန္တိ)ဟူသော ပါဠိတို့ဖြင့် ကိလေသာ,

ကံ့ အဘိသခ်ါရ ဝိညာဏ်-တည်းဟူသော အကြောင်းတရားတို့ ဖြစ်ပေါ်မှုမရှိဘဲ ကုန်လေခြင်းကြောင့် သုဂတိ နှစ်ဘဝတို့၌ ဖြစ်လတ္တံ့ကုန်သော နာမ်, ရုပ်တို့ကို ချန်ထား၍ ကျန် ငါးဘဝတို့၌ ဖြစ်ပေါ်လတ္တံ့ကုန်သော နာမ်,ရုပ်တရား နှစ်ပါးတို့သည် နောင် အဆက်ဆက် ဖြစ်ပေါ်မှု မရှိကုန်ဘဲ ငြိမ်းခြင်း, ကွယ်ခြင်း, မရှိခြင်းသို့သာ ရောက်လေကုန်တော့၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ထိုသို့ ဖြစ်ပေါ်လတ္တံ့ကုန်သော နာမ်ရုပ်တရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ငြိမ်းခြင်း, ကွယ်ခြင်း, မရှိခြင်းသို့ ရောက်ရခြင်းသည်လည်း အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်သော သကဒါဂါမိမဂ်ကြောင့်သာ ဖြစ်ပေ၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေတော်မူအပ်၏။

ထိုသို့ သိစေတော်မူအပ်သည်ကို ထောက်လျှင် သကဒါဂါမိ မဂ်ဉာဏ်၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကား တခြားတရားသာ ဖြစ်၏။ ၎င်း နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်သော သကဒါဂါမိမဂ်ဖြင့် ကုန်ခန်းလေသော နာမ်ရုပ်တရားတို့၏ ငြိမ်းမှု, ကွယ်မှု, မရှိမှုကား တခြားတရားသာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကား ထို နာမ်ရုပ်တို့နှင့် မစပ်သော မဖြစ်မပျက်သော လက္ခဏာဖြင့် ထင်ရှား အမြဲရှိနေသော တရားသာ ဖြစ်၏။ ထို အသခ််တဓာတ် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်သော သကဒါဂါမိမဂ်ဖြင့် သုဂတိ ငါးဘဝတို့၌ ဖြစ်ပေါ်လတ္တံ့ကုန်သော သခ််တတရားဖြစ်ကုန်သော နာမ်ရုပ်တရားတို့၏ ဖြစ်ပေါ်မှု မရှိဘဲ၊ ငြိမ်းမှု, ကွယ်မှု, မရှိမှုသို့ ရောက်ခြင်းသည်ကား အဘာဝပညတ်တရားသာလျှင် ဖြစ်၏။ ထိုကြောင့် တခြားစီဟု ဆိုလိုသည်။ ဤကား သကဒါဂါမိမဂ်နှင့်စပ်၍ ဖြစ်ပေါ်သော အဓိပ္ပါယ်စကားတရပ်တည်း။

အနာဂါမိမဂ္ဂဉာဏေန ဟူသော ပါဠိဖြင့် ယောဂါဝစရပုဂ္ဂိုလ် ခန္ဓာအစဉ်၌ အနာဂါမိမဂ်ဉာဏ် ဖြစ်ပေါ်သည်ကို သိစေတော်မူအပ်၏။ (အဘိသခ်ါရ-ဝိညာဏသဿ နိရောဓေန) ဟူသော ပါဠိတို့ဖြင့် ထို အနာဂါမိမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂ, ဗျာပါဒစသော ကိလေသာ, တဘဝ အထက်၌ ဝိပါက်-နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော အဘိသခ်ါရကုသိုလ်စေတနာကံ, ထို စေတနာကံနှင့်ယှဉ်သော အဘိသခ်ါရဝိညာဏ်။ ဤ ဆိုအပ်ပြီးသော တရားတို့သည် နောင် အဆက်ဆက် ဖြစ်ပေါ်မှုမရှိသောအားဖြင့် ကုန်ခန်းခြင်းသို့ ရောက်ကုန်သည်၏ အဖြစ်ကို သိစေတော်မူအပ်၏။ (ကေ ဘဝံ ဌပေတ္ဝာ ရူပ-ဓာတုယာ ဝါ အရူပဓာတုယာ ဝါ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ တေဿေတေ နိရုဇ္ဈန်တိ ဝူပသမ္မန်တိ အတ္ထံ ဂစ္ဆန်တိ ပဋိပဿဒ္ဓိပဿဒ္ဓာတိ) ဟူသော ပါဠိတို့ဖြင့် ကိလေသာ, ကံ, အဘိသခ်ါရ ဝိညာဏ် တည်းဟူသော အကြောင်းတရားတို့ ဖြစ်ပေါ်မှုမရှိဘဲ ကုန်လေခြင်းကြောင့် များသောအားဖြင့် တဘဝ၌ ဖြစ်လတ္တံ့ကုန်သော နာမ်-

ရုပ်တို့ကို ချန်ထား၍ အလုံးစုံသော ဘုံဘဝတို့၌ ဖြစ်ပေါ်လတ္တံ့ကုန်သော နာမ်ရုပ်တရား နှစ်ပါးတို့သည် နောင် ဖြစ်ပေါ်မှုမရှိဘဲ ငြိမ်းခြင်း, ကုဿ်ခြင်း, မရှိခြင်းသို့သာ ရောက်လေတော့၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ထို့သို့ နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော နာမ်ရုပ်တရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ငြိမ်းခြင်း, ကုဿ်ခြင်း, မရှိခြင်းသို့ ရောက်ရခြင်းသည်လည်း အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်သော အနာဂါမိမဂ်ကြောင့်သာ ဖြစ်ပေ၏ဟူသော အဓိပ္ပါယ်ကို လည်းကောင်း သိစေတော်မူအပ်၏။

ထို့သို့ သိစေတော်မူအပ်သည်ကို ထောက်လျှင် အနာဂါမိမဂ်ဉာဏ်၏ အာရုံဖြစ်သော အသခ်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကား တခြားတရားသာ ဖြစ်၏။ ၎င်းနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော အနာဂါမိမဂ်ဖြင့် ကုန်ခန်းလေသော နာမ်ရုပ်တရားတို့၏ ငြိမ်းမှု,ကုဿ်မှု, မရှိမှုကား တခြားတရားသာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အသခ်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကား ထို နာမ်ရုပ်တို့နှင့် မစပ်သော မဖြစ်မပျက်သော လက္ခဏာဖြင့် ထင်ရှားအမြဲရှိနေသော တရားသာဖြစ်၏။ ထို အသခ်္ခတဓာတ်နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်သော အနာဂါမိမဂ်ဖြင့် ဖြစ်ပေါ်လတ္တံ့ကုန်သော သခ်္ခတတရားဖြစ်ကုန်သော နာမ်ရုပ်တရားတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ငြိမ်းမှု, ကုဿ်မှု, မရှိမှုသို့ ရောက်ခြင်းသည်ကား အဘာဝပညတ်တရားသာလျှင် ဖြစ်၏။ ထို့ကြောင့် တခြားစီ ဆိုလိုသည်။ ဤကား အနာဂါမိမဂ်နှင့်စပ်၍ ဖြစ်သော အဓိပ္ပါယ်စကားတရပ်တည်း။

အရဟတ္တမဂ္ဂဉာဏ်ကား ပါဠိဖြင့် ယောဂါဝစရ ပုဂ္ဂိုလ်ခန္ဓာအစဉ်၌ အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်သည်ကို သိစေတော်မူအပ်၏။ အဘိသခ်ါရဝိညာဏသည နိရောဓေန ဟူသော ပါဠိတို့ဖြင့် ထို အရဟတ္တမဂ်ဖြင့် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ စသော ကိလေသာ, ရူပ အရူပဘုံတို့၌ ဝိပါက် နာမကွန္ဓာ ကဋတ္တာ ရုပ်တို့ကို ဖြစ်စေတတ်သော ရူပအရူပကုသိုလ် အဘိသခ်ါရ စေတနာကံ, ထိုစေတနာကံနှင့် ယှဉ်သော အဘိသခ်ါရဝိညာဏ်။ ဤ ဆိုအပ်ပြီးသော တရားတို့သည် နောင် အဆက်ဆက်ဖြစ်ပေါ်မှုမရှိသော အားဖြင့် ကုန်ခန်းခြင်းသို့ ရောက်ကုန်သည်၏အဖြစ်ကို သိစေတော်မူအပ်၏။ ယေ ဥပပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ တေဍေတေ နိရုဇ္ဈန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပဿမ္ဘန္တိ ဟူသောပါဠိတို့ဖြင့် ကိလေသာ, ကံ, အဘိသခ်ါရဝိညာဏ် တည်းဟူသော အကြောင်းတရားတို့ ဖြစ်ပေါ်မှုမရှိဘဲ ကုန်လေခြင်းကြောင့် အလုံးစုံသော ဘုံဘဝတို့၌ ဖြစ်ပေါ်လတ္တံ့ကုန်သော နာမ်ရုပ် နှစ်ပါးတို့သည် နောင် အဆက်ဆက် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ငြိမ်းခြင်း, ကုဿ်ခြင်း, မရှိခြင်းသို့သာ ရောက်လေကုန်တော့၏ဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊ ထို့သို့ နောင် ဖြစ်ပေါ်လတ္တံ့ကုန်သော နာမ်ရုပ်တရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ငြိမ်းခြင်း, ကုဿ်ခြင်း, မရှိခြင်းသို့

ရောက်ရခြင်းသည်လည်း အသခ််တဓာတ် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်ပေါ်သော အရဟတ္တမဂ်ကြောင့်သာ ဖြစ်ပေ၏ဟူသော အဓိပ္ပါယ်ကို လည်းကောင်း သိစေတော်မူအပ်၏။

ထိုသို့ သိစေတော်မူအပ်သည်ကို ထောက်လျှင် အရဟတ္တမဂ်ဉာဏ်၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကား တခြားတရားသာဖြစ်၏။ ၎င်းနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်သော အရဟတ္တမဂ်ဖြင့် ကုန်ခန်းလေသော နာမ်ရုပ်တရားတို့၏ ငြိမ်းမှု, ကွယ်မှု, မရှိမှုကား တခြားတရားသာ ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကား ထိုနာမ်ရုပ်တို့နှင့် မစပ်သော မဖြစ်မပျက်သော လက္ခဏာဖြင့် ထင်ရှားအမြဲရှိနေသော တရားသာ ဖြစ်၏။ ထို အသခ််တဓာတ်နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်သော အရဟတ္တမဂ်ဖြင့် ဖြစ်ပေါ်လတ္တံ့ကုန်သော သခ််တ တရားဖြစ်ကုန်သော အနာဂတ် ဖြစ်ကုန်သော နာမ်ရုပ်တရားတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ငြိမ်းမှု, ကွယ်မှု, မရှိမှုသို့ ရောက်ခြင်းသည်ကား အဘာဝပညတ်တရားသာလျှင် ဖြစ်၏။ ထိုကြောင့် တခြားစီ ဆိုလိုသည်။ ဤကား အရဟတ္တမဂ်နှင့် စပ်၍ဖြစ်သော အဓိပ္ပါယ် စကားတရပ်တည်း။

ဤသို့ ဟောတော်မူအပ်သော စူဠနိဒ္ဒေသ ပါဠိတော်ကို ထောက်၍လည်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်ကား တခြားသာလျှင် ဖြစ်သည်၏အဖြစ်ကို လည်းကောင်း၊ ၎င်းအသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြု၍ မဂ်လေးတန်ဖြင့် အနာဂတ်၌ ဖြစ်ပေါ်လတ္တံ့ကုန်သော သခ််တ တရားဖြစ်ကုန်သော နာမ်ရုပ်တရားတို့၏ နောင် ဖြစ်ပေါ်မှုမရှိဘဲ ငြိမ်းမှု, ကွယ်မှု, မရှိမှု အဘာဝပညတ်သည်ကား တခြားသာလျှင် ဖြစ်သည်၏အဖြစ်ကိုလည်းကောင်း ထင်ရှားသိနိုင်ကြသည်သာလျှင်တည်း။ ထိုသို့သိကြလျှင် အဘယ်မှာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်သောမဂ်တို့ဖြင့် အနာဂတ်၌ ဖြစ်လတ္တံ့ကုန်သော သခ််တ ဖြစ်ကုန်သော ရုပ်နာမ် ခန္ဓာတရားတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကုန်ခန်းမှု, ငြိမ်း, ကွယ်, မရှိမှု တည်းဟူသော အဘာဝပညတ်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဂေါတြဘူဉာဏ်တို့သည် အာရုံပြုသော နိဗ္ဗာန်တရားဟူ၍ အဘယ်မှာ ယူနိုင်ပါအံ့နည်း။ စင်စစ် မယူနိုင်သည်သာတည်း။ ထိုသို့ မယူနိုင်သည်ကို ယူခဲ့လျှင် ထိုအယူသည်လည်း စင်စစ် မှားသော အယူသာ ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ထိုသို့ သိကုန်သော သူတော်ကောင်းတို့သည် မှားသောအယူကို စွန့်ကုန်၍ မှန်ကန်သော အယူကို ယူပြီးလျှင် အသခ််တဓာတ် နိရောဓသစ္စာ နိဗ္ဗာန်အမှန်ကို အဖန်တလဲလဲ ဆင်ခြင်စဉ်းစားပြီးလျှင် အာရုံပြု၍ ရောက်နိုင်ကြ စေကုန်သတည်း။

ဤမျှသော စကားအစဉ်ဖြင့် မင်္ဂလေးပါးတို့ကြောင့် နောင်ဖြစ်ပေါ်လတ္တံ့သော ကိလေသာတို့သည် ဖြစ်ပေါ်ခြင်းမရှိဘဲ ကုန်ခန်းလေသည် တပြိုင်နက် နောင်ဖြစ်ပေါ်လတ္တံ့သော ခန္ဓာတို့သည်လည်း အဆက်ဆက် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကွယ်ငြိမ်းကင်းပျောက်ကြလေကုန်သည်သာတည်း။ ထို့သို့ အနာဂတ်၌ ဖြစ်ပေါ်လတ္တံ့သော ခန္ဓာတို့၏ ကွယ်ငြိမ်း ကင်းပျောက် မရှိခြင်းတည်းဟူသော ဒုဘာဝတရားကိုပင် မင်္ဂဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတခေတ်နိဗ္ဗာန်ရောဓသစ္စာ-နိဗ္ဗာန်ဟု မယူထိုက်သည်၏အဖြစ်ကို ဖော်ပြချက်သည် ပြီး၏။

လကို ကြည့်၍ လထဲ၌ ဘုရားထင်ခြင်းကြောင့် မဂ္ဂဝီထိဖြစ်မှုမရှိပုံကို ပြခြင်း

လကို ကြည့်၍ လထဲ၌ ဘုရားသဏ္ဌာန် ထင်မြင်ခြင်းကြောင့် မင်္ဂဖိုလ်ရ၍ သောတာပန် စသည်ဖြစ်သည်ဟူ၍ အကယ်၍ ယူခဲ့သည်ဖြစ်အံ့။ ထိုအယူမျိုးသည် ဗုဒ္ဓဘာသာတရားတော်မှ အပဖြစ်သော မိစ္ဆာဒိဋ္ဌိအယူမျိုးသာလျှင် စင်စစ် ဖြစ်လေ၏။ အဘယ်ကြောင့်ဆိုသော် ယခု ထင်မြင်ရသော လသည် လဗိမာန်တည်း၊ ထိုလဗိမာန်သည် အဖြောင့် ၄၉-ယူဇနာ၊ အဝန်း ၁၄၇-ယူဇနာ ရှိသည်။ ထို့သို့ ရှိသည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသောကြောင့် သုတ်ပါထေယျအဋ္ဌကထာရှင်သည် အဂ္ဂညသုတ်အဖွင့် စာမျက်နှာ ၅၁-၌—

ပမာဏတော စန္ဒော ဥဇုကံ ဧကူနပညာသယောဇနော။ ပရိမဏ္ဍလ-တော တိဟိ ယောဇနေဟိ ဥနဒိယဗုသတယောဇနော။

ဟူ၍ ဖွင့်ဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ပမာဏတော၊ အတိုင်းအရှည်အားဖြင့်။ စန္ဒော၊ လသည်။ ဥဇုကံ-ဥဇုကေန၊ အဖြောင့်အားဖြင့်။ ဧကူနပညာသယောဇနော၊ တခုယုတ်ယူဇနာ ၅၀-ရှိသည်။ ဝါ၊ ၄၉-ယူဇနာ ရှိသည်။ ဟောတိ၊ ၏။ ပရိမဏ္ဍလတော၊ အဝန်းအားဖြင့်။ တိဟိ ယောဇနေဟိ၊ သုံးယူဇနာတို့ဖြင့်။ ဥနဒိယဗုသတယောဇ-နော၊ အခဲနှင့် ယူဇနာ ၂၀၀-ရှိသည်။ ဝါ၊ ၁၅၀-ယူဇနာ ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ လဗိမာန်သည် အဖြောင့်အားဖြင့် ၄၉-ယူဇနာ၊ အဝန်းအားဖြင့် ၁၄၇-ယူဇနာရှိသည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ထိုလဗိမာန်သည် အတွင်း၌ ပဉ္စမြားဖြင့် ပြီး၏။ ပြင်ပ၌ ငွေဖြင့် ခြုံရုံအပ်၏။ ထိုပဉ္စမြားဗိမာန်အတွင်း၌ လနတ်သား နေ၏။ ထိုအကြောင်းကို

ထင်ရှား သိစေတော်မူလိုသောကြောင့် သုတ်ပါဌေယျ အဋ္ဌကထာရှင်သည် အဂ္ဂညသုတ်အဖွင့်၌—

တေသု စန္ဒော အန္ဓော မဏ္ဍိဝိမာနေ ဝသတိ။ တံ ဗဟိ ရဇတေန ပရိက္ခိတ္တံ။ ဥဘယဿ သတလမေဝ အဟောသိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

တေသု၊ ထို လ, နေ နှစ်ပါးတို့တွင်။ စန္ဒော၊ လ-ဟု ဆိုအပ်သော နတ်သားသည်။ အန္ဓော၊ အတွင်း၌။ မဏ္ဍိဝိမာနေ၊ ပတ္တမြားဖြင့်ပြီးသော ဗိမာန်၌။ ဝသတိ၊ နေ၏။ တံ၊ ထိုအတွင်း၌ ပတ္တမြားဖြင့်ပြီးသောဗိမာန်ကို။ ဗဟိ၊ အပ၌။ ရဇတေန၊ ငွေသည်။ ပရိက္ခိတ္တံ၊ ရံအပ်၏။ ဥဘယံ၊ အတွင်း၌ ပတ္တမြား, အပ၌ ငွေဟူသော နှစ်ပါးစုံသည်။ သိတလမေဝ၊ အေးသည်သာလျှင်။ အဟောသိ၊ ဖြစ်ပြီ။

ဤသို့ မိန့်ဆိုအပ်သော အဋ္ဌကထာရှင်၏စကားကို ထောက်၍လည်း လ-နတ်သားနေသော လဗိမာန်သည် အတွင်း၌ ပတ္တမြားဖြင့် ပြီးသည်၏အဖြစ်, ပြင်ပ၌ ငွေဖြင့် ခြံရံအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။ ထိုလဗိမာန်၌ နတ်သမီးအခြံအရံနှင့်တကွဖြစ်သော လနတ်သား နေသည်မှတပါး မပျက်မစီးသော မြဲသော ရုပ်နာမ်ရှိသော ပရိနိဗ္ဗုတဘုရား ရှိသည်ဟူ၍ ပိဋကတ်သုံးပုံပါဠိတော်, အဋ္ဌကထာတို့၌ အလျှင်းပင် မလာ မရှိဟူ၍ မှတ်လေ။ အကယ်၍ လဗိမာန်၌ မပျက်မစီးသော ဘုရားရှိ၏ဟူ၍လည်းကောင်း၊ ထိုလကိုကြည့်၍ စိတ်ထဲ၌ ထင်မြင်ရသော ဘုရားသည်သာလျှင် ဘုရားအစစ် မှန်သည် ဂေါတမဘုရားကား ဘုရားစစ် မဟုတ်၊ တရားဟောဆရာသာ ဖြစ်သည်ဟူ၍လည်းကောင်း စဲ့ယူလေသမျှသော အယူသည် စင်စစ် မိစ္ဆာအယူသာတည်း။ ထို အယူမျိုးသည် စင်စစ် ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ လာရှိသော အယူမျိုးမဟုတ်။ ထိုအယူမျိုးကို ဗုဒ္ဓဘာသာလူမျိုးတို့ များစွာ ရှောင်ကြည်အပ်သင့်သည်သာတည်း။ အကယ်၍ လဗိမာန်၌သာ မပျက်မစီးသော ရုပ်နာမ်ရှိသော ဘုရား ရှိခဲ့သည် ဖြစ်အံ့။ ရာဟုအသုရိန်နတ်သည် မဖမ်း မယူနိုင်လေရာ။ စင်စစ် ဖမ်းယူနိုင်သည်မှာ ဘုရားမရှိ၊ လနတ်သားသာ ရှိသောကြောင့် တရံတခါ ဖမ်းယူလေသတည်း။ ထိုသို့ ဖမ်းယူသည်၏အဖြစ်ကိုလည်း သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝပုတ္တသံယုတ် စာမျက်နှာ ၄၈-၌—

သာဝတ္ထိယံ ဝိဟရတိ။ တေန ခေါ ပန သမယေန စန္ဒိမာ ဒေဝ-ပုတ္တော ရာဟုနာ အသုရိန္ဒေန ဂဟိတော ဟောတိ။ အထ ခေါ စန္ဒိမာ

ဒေဝပုတ္တော ဘဂဝန္တံ အနုဿရမာနော တာယံ ဝေလာယံ ဣမံ ဂါထံ အဘာသိ။

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာဓပဋိပန္နော သို့၊ တဿ မေ သရဏံ ဘဝါတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရတိ၊ နေတော်မူ၏။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ စန္ဒိမာ ဒေဝပုတ္တော၊ လနတ်သားကို။ ရာဟုနာ၊ ရာဟုအမည်ရှိသော။ အသုရိန္ဒေန၊ အသုရိန်သည်။ ဂဟိတော၊ ဖမ်းယူအပ်သည်။ ဟောတိ၊ ဖြစ်၏။ အထ ခေါ၊ ထိုအခါ၌။ စန္ဒိမာ ဒေဝပုတ္တော၊ လနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အနုဿရမာနော၊ အောက်မေ့လျက်။ တာယံ ဝေလာယံ၊ ထို ဖမ်းသော အခါ၌။ ဣမံ ဂါထံ၊ ဤဂါထာကို။ အဘာသိ၊ ရွတ်ဆို၏။ ကိံ အဘာသိ၊ အဘယ်သို့ ရွတ်ဆိုသနည်း။

ဝီရ၊ ကြီးသောလုံလရှိတော်မူသော။ ဗုဒ္ဓ၊ မြတ်စွာဘုရား။ တေ၊ အရှင်ဘုရား အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တုံ၊ အရှင်မြတ်ဘုရား သည်။ သဗ္ဗဓိ၊ အလုံးစုံသော ခန္ဓာ, အာယတန, စသည်ဘို့၌။ ဝိပ္ပမုတ္တော၊ လွတ်သောစိတ်ရှိတော်မူသည်။ အသိ၊ ဖြစ်ပြီ။ အဟံ၊ အကျွန်ုပ်သည်ကား။ သမ္မာဓပဋိပန္နော၊ကျင့်မြောင်းခြင်းသို့ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ တဿ မေ၊ ထို အကျွန်ုပ်၏။ သရဏံ၊ ကိုးကွယ်ရာသည်။ ဘဝ၊ ဖြစ်ပါစေလော။ ဣတိ၊ ဤသို့။ အဘာသိ၊ ရွတ်ဆို၏။

ဤသို့ပြဆိုအပ်သော သဂါထာဝဂ္ဂသံယုတ် ပါဠိတော်ကိုထောက်၍ နတ်သား နှင့်တကွ လဗိမာန်ကို ရာဟု အသုရိန် ဖမ်းယူသည်၏ အဖြစ်ကိုလည်းကောင်း၊ ထိုသို့ ဖမ်းယူခိုက် ဂေါဘမရှင်တော်ဘုရားကို အောက်မေ့၍ ရွတ်ဆိုသည်၏အဖြစ် ကိုလည်းကောင်း ထင်ရှားသိကြလေကုန်။ ထိုသို့ ရွတ်ဆိုသောအခါ ဂေါတမ နွယ်ဘွား ရှင်တော် ဘုရားသည် ထင်ရှား သိတော်မူ၍ ရာဟု အသုရိန်ကို နတ်သားနှင့်တကွဖြစ်သော လဗိမာန်ကို ဖမ်းယူခြင်းမှ လွှတ်စေခြင်းငှါ ဂါထာ ဖြင့် ဆိုတော်မူ၏။ ထိုသို့ ဆိုသည်၏ အဖြစ်ကိုလည်း ၎င်း သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ဒေဝပုတ္တသံယုတ်-၎င်းသုတ်၌—

အထ ခေါ ဘဂဝါ စန္ဒိမံ ဒေဝပုတ္တံ အာရဗ္ဘ ရာဟုံ အသုရိန္ဒံ ဂါထာယ အဇ္ဈဘာသိ။

တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာတိ။

ဟူ၍ ဟောတော်မူလေသည်။

မြန်မာပြန်ကား—

အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ စန္ဒိမံ ဒေဝပုတ္တံ၊ လနတ်သားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ရာဟုံ၊ ရာဟု အမည်ရှိသော။ အသုရိန္ဒံ၊ အသုရိန်ကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ရွတ်ဆို၏။ ကိံ အဇ္ဈဘာသိ၊ အဘယ်သို့ ရွတ်ဆိုသနည်း။

အရဟန္တံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ တထာဂတံ၊ ငါဘုရားကို။ စန္ဒိမာ၊ လနတ်သားသည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ ရာဟု၊ ရာဟု အသုရိန်နတ်။ တုံ၊ သင်သည်။ စန္ဒံ၊ လနတ်သားကို။ ပမုဉ္စဿု၊ လွှတ်လော။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ လောကာနုကမ္ပကာ၊ လူ, နတ် တို့ကို အစဉ်သနားတော်မူကုန်၏။ ဣတိ၊ ဤသို့။ အဇ္ဈဘာသိ၊ ရွတ်ဆို၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဘုရားရှင်သည် ရာဟု အသုရိန်ကို လကို ဖမ်းယူသည်မှ လွှတ်စေရန် ဂါထာဖြင့် ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ထိုသို့ ဘုရားရှင် ရွတ်ဆိုသောအခါ လဗိမာန်နှင့်တကွ နတ်သားကို လွှတ်ပြီး၍ အဆောတလျင် အသုရာပြည်ကို အစိုးရသော ဝေပစိတ္တိ အသုရာမင်းရှိရာသို့ ထိတ်ထိတ်လန့်လန့်ဖြင့် သွားရောက်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ရပ်နေ၏။ ထိုသို့ ရပ်နေသောအခါ ရာဟု အသုရိန်ကို ဝေပစိတ္တိ အသုရာက လကိုလွှတ်၍ လာခဲ့သော အကြောင်း အတ္ထုပ္ပတ္တိကို မေးမြန်းလေ၏။ ထိုအခါ ရာဟု အသုရိန်သည်လည်း ပြန်ပြောလေ၏။ ထို အကြောင်းကို ထင်ရှားသိစေတော် မူလိုသောကြောင့် ၎င်း သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ၎င်း သုတ်၌ပင်—

အထ ခေါ ရာဟု အသုရိန္ဒော စန္ဒိမံ ဒေဝပုတ္တံ မုဉ္စိတွာ တရမာန-
ရူပေါ ယေန ဝေပစိတ္တိ အသုရိန္ဒော တေနုပသင်္ကမိ ဥပသင်္ကမိတွာ
သံဝိဂ္ဂေါ လောမဟဋ္ဌာတော ကေမန္တံ အဋ္ဌာသိ။ ကေမန္တံ ဋ္ဌိတံ ခေါ
ရာဟုံ အသုရိန္ဒံ ဝေပစိတ္တိ အသုရိန္ဒော ဂါထာယ အဇ္ဈဘာသိ။

ကိံ နု သန္တရမာနော၀၊ ရာဟု စန္ဒံ ပမုဉ္စသိ။
သံဝိဂ္ဂရူပေါ အာဂမ္မ၊ ကိံ နု ဘီတော၀ တိဋ္ဌသီတိ။

သတ္တဝေ မေ ဖလေ မုဒ္ဓါ။ ဇီဝန္တော နု သုခံ လဘေ။
ဗုဒ္ဓဂါထာဘိ ဘိတောမ့်၊ နော စေ မုဥ္ဆေယျ စန္ဒိမန္တိ။

ဟူ၍ ပြဆိုတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အထ ခေါ၊ ထိုအခါ၌။ ရာဟု၊ ရာဟုအမည်ရှိသော။ အသုရိန္ဒော၊ အသုရိန်သည်။ စန္ဒိမံ ဒေဝပုတ္တံ၊ လနတ်သားကို။ မုဥ္ဆိတ္ဝာ၊ လွှတ်၍။ တရမာန-ရူပေါ၊ လျင်သော အသွင်ရှိသည်ဖြစ်၍။ ယေန၊ အကြင် အရပ်၌။ ဝေပစိတ္တိ-အသုရိန္ဒော၊ ဝေပစိတ္တိအသုရာသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထို အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတ္ဝာ၊ ကပ်လေပြီး၍။ သံဝိဂ္ဂါ၊ ထိတ်လန့်သည်ဖြစ်၍။ လောမဟဋ္ဌာတော၊ ကြက်သီးမွေးညှင်း ထခြင်းရှိသည်ဖြစ်၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ ဌိတံ ခေါ၊ ရပ်ပြီးသော။ ရာဟု၊ ရာဟုအမည်ရှိသော။ အသုရိန္ဒံ၊ အသုရိန်ကို။ ဝေပစိတ္တိအသုရိန္ဒော၊ ဝေပစိတ္တိ အသုရာမင်းသည်။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ရွတ်ဆို၏။ ကိံ အဇ္ဈဘာသိ၊ အဘယ်သို့ ရွတ်ဆိုသနည်း။

ရာဟု၊ ရာဟုအသုရိန်။ ကိံ နု၊ အဘယ်ကြောင့်။ သန္တရမာနော၀၊ အဆော တလျင်ကဲ့သို့။ စန္ဒံ၊ လနတ်သားကို။ ပမုဥ္စသိ၊ လွှတ်ခဲ့သနည်း။ သံဝိဂ္ဂရူပေါ၊ ထိတ်လန့်သော်အသွင်ရှိသည်ဖြစ်၍။ ကိံ နု၊ အဘယ်ကြောင့်။ ဘီတော၀၊ ကြောက်သည်ဖြစ်၍သာလျှင်။ တိဋ္ဌတိ၊ တည်သနည်း။ ဣတိ၊ ဤသို့။ အဇ္ဈ-ဘာသိ၊ ရွတ်ဆို၏။

ဝေပစိတ္တိ အသုရိန္ဒ၊ ဝေပစိတ္တိ အသုရာမင်း။ အဟံ၊ ငါသည်။ ဗုဒ္ဓဂါထာ၊ ဘုရားမြတ်စွာ ရွတ်ဆိုတော်မူသောဂါထာမှ။ အဘိ၊ အလွန်။ ဘီတော၊ ကြောက်သည်။ အမ့်၊ ဖြစ်၏။ စန္ဒိမံ၊ လနတ်သားကို။ နော စေ မုဥ္ဆေယျ၊ အကယ်၍ မလွှတ်သည်ဖြစ်အုံ့။ မေ၊ ငါ၏။ မုဒ္ဓါ၊ ဦးခေါင်းသည်။ သတ္တဓာ၊ ခုနစ်စိတ်။ ဖလေ-ဖလေယျ၊ ကွဲရာ၏။ ဇီဝန္တော၊ အသက်ရှင်သော ငါသည်။ သုခံ၊ ချမ်းသာကို။ နု လဘေ၊ မရရာ။ ဣတိ၊ ဤသို့။ အဘာသိ၊ ရွတ်ဆို၏။

ဤသို့ ပြဆိုအပ်သော သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ကို ထောက်၍ ဂေါတမနွယ်ဘွား ရှင်တော်ဘုရားသည် လဗိမာန်နှင့်တကွ လနတ်သားကို လွှတ်စေရန် ဂါထာဖြင့် ပြောဆိုအပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ရာဟုအသုရိန်သည် ထိတ်လန့်၍ လဗိမာန်နှင့်တကွ လနတ်သားကို လွှတ်၍ ဝေပစိတ္တိအသုရာမင်းထံသို့သွား၍ ထိတ်လန့်တုန်လှုပ်လျက် နေသည်၏ အဖြစ်ကိုလည်းကောင်း၊ ဝေပစိတ္တိအသုရာမင်းသည် ရာဟုကို မေးမြန်း၍ ပြန်ပြောဆိုသည်၏ အဖြစ်ကို လည်းကောင်း ထင်ရှားသိကြလေကုန်။

ထိုကဲ့သို့သိကြလျှင် အဘယ်မှာ လထဲ၌ မပျက်မစီးသော အမြဲနေသော ပရိနိဗ္ဗုတဘုရားရှိပါအံ့နည်း။ စင်စစ် မရှိသည်သာတည်း။ အကယ်၍ ရှိခဲ့လျှင် အဘယ်မှာ ရာဟုအသုရိန်သည် ဖမ်းနိုင်အံ့နည်း။ ဂေါတမမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေ၍ ဂါထာရွတ်ချုံမျှဖြင့် ရာဟုအသုရိန်ထွက်ပြေးရသည်ကို ထောက်လျှင် တကယ် ပရိနိဗ္ဗုတဘုရားထင်ရှားရှိလျှင် အဘယ်မှာ ရာဟုကပ်နိုင်အံ့နည်း။ စင်စစ် မကပ်နိုင်သည်သာတည်း။ ထိုကြောင့် လ၌ မပျက်မစီးသော ရုပ်နာမ်ဖြင့် အမြဲတည်နေသော ပရိနိဗ္ဗုတဘုရားမရှိသည်၏အဖြစ်ကို သိကြလေကုန်။ အကယ်၍ ပရိဝါပါဋိတော်၌—

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဂမမ္မာနံ၊ နာမမတ္တံ နနာယတိ။

ဟူ၍လာရှိသောပါဋိတို့တွင် ဗုဒ္ဓစန္ဒေ ဟု ဘုရားကို လနှင့်တူသည်၏အဖြစ်ကို အလင်္ကာဆင်၍ သင်္ဂါယနာတင် အရှင်မြတ်တို့ ပြအပ်သည်ကို လထဲ၌ ဘုရားရှိသည်ဟု မဟုတ်မဟတ် လှည့်ပတ်၍ ပြောဆိုခဲ့လျှင် ထိုပြောဆိုမှုသည်လည်း အလွန်မှားသော အယူဖြင့် ပြောဆိုမှုသာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဂေါတမနွယ်ဘွား မြတ်ဘုရားခန္ဓာသည်လည်း လဗိမာန်, လနတ်သားမဟုတ်၊ လဗိမာန်, လနတ်သားသည်လည်း ဂေါတမနွယ်ဘွား မြတ်ဘုရား၏ ခန္ဓာမဟုတ်၊ လနတ်သား, လဗိမာန်ကို ရာဟုအသုရိန်ဖမ်းနိုင်၏။ ဂေါတမမြတ်စွာဘုရားကို ရာဟုအသုရိန် ဖမ်းမည်ကို ထားဘိဦး။ ၎င်းရာဟုအသုရိန်သည် ကိုးကွယ်ဆည်းကပ်ခြင်းကို ပြုလုပ်ရ၏။ ဂါထာဖြင့် ရွတ်၍ ပြောဆိုကာမျှဖြင့် ရာဟုအသုရိန်ထွက်ပြေးရသည်၏ အဖြစ်ကို ထင်ရှားသိကြလေလျှင် ၎င်းလထဲ၌ ပရိနိဗ္ဗာန်စံပြီးသော ပရိနိဗ္ဗုတဖြစ်သော ရှေးရှေးဘုရားဖြစ်စေ၊ ယခုပရိနိဗ္ဗာန်စံပြီးသော ဂေါတမမြတ်စွာဘုရားဖြစ်စေ အဘယ်မှာ လထဲ၌ မပျက်မစီးသော ရုပ်နာမ်တရားဖြင့် ဖြစ်လျက် ရှိနိုင်အံ့နည်း။ စင်စစ် မရှိသည်သာတည်းဟူမှတ်။

ဤဗုဒ္ဓစန္ဒေ ဟူသော ဂါထာ၏အရကား လောက၌ မှောင်မိုက်၍နေသော အခါ ထိုထိုဝတ္ထုကို မြင်နိုင်လောက်သော အကြောင်းခံစက္ခုပသာဒရှိပါလျက် လ၏ အဆောင်အလင်း, နေ၏အဆောင်အလင်းကို မရခဲ့လျှင် စင်စစ် မြင်ခြင်းသို့ မရောက်ဘဲ အကန်းကဲ့သို့သာ ဖြစ်နိုင်၏။ အကယ်၍ လောက၌ -လ, နေ ပေါ်လာသည်ရှိသော် အလင်းကိုရကြ၍ စင်စစ် ထိုထိုဝတ္ထုကို သိကြ, မြင်ကြရပေသကဲ့သို့ ထိုနည်းအတူ လောက၌ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ကို သိ၍ မဂ်ဖိုလ်ရခြင်းငှါ ထိုက်သော အကြောင်းတရားနှင့် ပြည့်စုံပါလျက်လည်း အလုံးစုံသော တရားတို့ကို အကြွင်းမဲ့ သိတတ်သော သဗ္ဗညုတညာဏ်နှင့် ပြည့်စုံသော ဘုရားဟု သမုတ်အပ်သော ခန္ဓာဘော်သည် လောက၌ ဖြစ်ပေါ်မှုမရှိခဲ့သော် ဘုရားဉာဏ်တော်တည်းဟူသော အရောင်အလင်းကို မရကြ၍ ခန္ဓာ,

အာယတန, ဓာတ်, သစ္စာတို့ကို မသိမမြင်ကြကုန်ဘဲ အကန်းအတိသာ ဖြစ်နေကြကုန်၏။

လောကၠ ဘုရားဟု သမုတ်အပ်သော သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူသော ပရမတ္ထခန္ဓာတော်သည် ထင်ရှား ဖြစ်ပေါ်လာ၍ တရားဟောပြောခဲ့သည်ရှိသော် ပညာစက္ခုရှိသောသူတို့သည် သဗ္ဗညုတဉာဏ်တော်တည်းဟူသော အရောင်အလင်းကို မှီ၍ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း သိမြင်ကြကုန်၍ မင်္ဂိုကိစ္စ, ဗိုလ်ကိစ္စကို ပြီးစေနိုင်ကုန်၏။ ထိုသို့ ပြီးစေနိုင်ရန် ဉာဏ်အလင်းကို ပေးတတ်သောကြောင့် ဘုရားရှင်တို့ကို ဝါ၊ ဘုရားဟု သမုတ်အပ်သော ခန္ဓာတော်တို့ကို လန့်တူသည်၏အဖြစ်, နေနှင့်တူသည်၏ အဖြစ်ကို ဥပမာပြု၍ အလင်္ကာနည်းဖြင့် ပြဆိုမှုသာ ဖြစ်၏။ ထိုသို့ ပြဆိုအပ်သည်ကို ဟုတ်တိုင်းမှန်စွာ မယူမူ၍ ဗုဒ္ဓစန္ဒေဟု ကျမ်းဂန်တို့၌ လာရှိသည်ဆိုပြီးလျှင် လၠ ဘုရားရှိသည်ဟု လှည့်ပတ်ပြောဆိုမှုသည်လည်း အလွန် မှားသော ပြောဆိုမှုပင် ဖြစ်၏။ လကို ကြည့်၍ စိတ်၌ ဘုရားထင်မြင်မှုကို မင်္ဂဉာဏ်, ဗိုလ်ဉာဏ်ကို ရ၍ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သည်ဟု ယူလေသမျှ အယူဟူသမျှတို့သည်လည်း ဗုဒ္ဓဘာသာ သာသနာတော်မှအပဖြစ်သော မိစ္ဆာဒိဋ္ဌိအယူတို့ဟူ၍သာလျှင် ထင်ရှား သိကြလေကုန်။

ဤမျှလောက်သော စကားအစဉ်ဖြင့် လၠ ဘုရားမရှိသည်၏အဖြစ်ကိုလည်းကောင်း၊ လကို ကြည့်၍ စိတ်၌ ဘုရားပုံသဏ္ဌာန် ထင်မြင်ခြင်းကြောင့် မင်္ဂိုလ် မရနိုင်သည်၏အဖြစ်ကိုလည်းကောင်း ထိုအယူမျိုးသည် မှားသော အယူသာ ဖြစ်သည်၏ အဖြစ်ကိုလည်းကောင်း သိသာရန်ဖော်ပြချက်သည် ပြီး၏။

ဤမျှလောက် အစ, အဆုံးတိုင်အောင် ပြဆိုအပ်ခဲ့ပြီးသော စကား အစဉ်အဆက်ဖြင့် သမုပ္ပါဒနိရောဓကျမ်း၏ ဒုတိယပိုင်းသည် အပြီးသို့ ရောက်သတည်း။

နတ်, လူ သာဓု ခေါ်စေသောဝ်။

သာသနာတော် ၂၄၇၉-နှစ်။

ကောဇာသကၠရာဇ် ၁၂၆၇-နှစ်။

သမုဒ္ဒပါဒနိဒါနရောဓကျမ်း

မြတ်သဒ္ဒေါယ် အကျွန်ုရောဓဉ်

အကျွန်ုရောစဉ်	စာမျက်နှာ
[အ]	
အကတာကို နိဗ္ဗာန်ခေါ်ပုံ	၄၀၃
အကာစကို နိဗ္ဗာန်ခေါ်ပုံ	၃၉၈
အကိဉ္စနကို နိဗ္ဗာန်ခေါ်ပုံ	၄၀၀
အကွဲရကို နိဗ္ဗာန်ခေါ်ပုံ	၃၀၉-၃၁၂
အချမ်းသာဆုံးတရား	၃၄၀
အစလကို နိဗ္ဗာန်ခေါ်ပုံ	၃၂၈-၉
အစ္စုတကို နိဗ္ဗာန်ခေါ်ပုံ	၂၈၉-၂၉၃
အဇရကို နိဗ္ဗာန်ခေါ်ပုံ	၂၇၅-၂၇၈
အဇဋ္ဌရကို နိဗ္ဗာန်ခေါ်ပုံ	၂၇၈-၂၈၀
အဇာတိကို နိဗ္ဗာန်ခေါ်ပုံ	၂၇၀-၁
အနင်္ဂနကို နိဗ္ဗာန်ခေါ်ပုံ	၃၉၅
အနတကို နိဗ္ဗာန်ခေါ်ပုံ	၄၀၈-၄၁၀
အနန္တကို နိဗ္ဗာန်ခေါ်ပုံ	၄၁၇-၄၂၀
အနန္တကို နိဗ္ဗာန်ခေါ်ပုံ	၃၀၅-၃၀၈
အနာလယကို နိဗ္ဗာန် ခေါ်ပုံ	၁၇၈-၁၈၁
အနိဒဿနကို နိဗ္ဗာန်ခေါ်ပုံ	၄၁၀-၄၁၂
အနိတိကကို နိဗ္ဗာန်ခေါ်ပုံ	၃၁၃-၃၁၆
အနိတိကဓမ္မကို နိဗ္ဗာန်ခေါ်ပုံ	၃၁၆-၃၁၉
အနုတ္တရကို နိဗ္ဗာန်ခေါ်ပုံ	၃၄၀-၃၄၂

အကျွန်ုရောစဉ်	စာမျက်နှာ
[အ]	
အနုပသဂ္ဂကို နိဗ္ဗာန်ခေါ်ပုံ	၃၂၁-၃၂၂
အနုပဒ္ဒဝကို နိဗ္ဗာန်ခေါ်ပုံ	၃၁၉-၃၂၁
အပလောဘိနကို နိဗ္ဗာန်ခေါ်ပုံ	၃၀၁
အပလောကိယကို နိဗ္ဗာန် ခေါ်ပုံ	၃၀၃
အပါယ်ဘုံ၌ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ	၄-၃၅
အပါယ်လေးဘုံ၌ ပဝတ္တိဝိညာဏ် သည် အတူဖြစ်သော နာမ် ရုပ်အား အကြောင်းခံပုံ	၅၇-၆၁
အပါယ်ဘုံ၌ ပဋိသန္ဓေဝိညာဏ် သည် အတူဖြစ်သော နာမ် ရုပ်အား အကြောင်းခံဖြစ်ပုံ	၄
အပွမာဏကို နိဗ္ဗာန်ခေါ်ပုံ	၃၉၇
အပဝဂ္ဂကို နိဗ္ဗာန်ခေါ်ပုံ	၃၉၁
အပွဝတ္ထကို နိဗ္ဗာန်ခေါ်ပုံ	၂၇၂-၂၇၄
အပွဝတ္ထုပုဒ် ဉာဿကောက်	၂၇၄
အပွဝတ္ထုပုဒ် ဝိဂြိုဟ်	၂၇၃
အပ္ပဋိတကို နိဗ္ဗာန်ခေါ်ပုံ	၃၆၅-၃၆၇
အဗျာဓိကို နိဗ္ဗာန်ခေါ်ပုံ	၃၀၈-၉
အဘိသင်္ခါရ ဝိညာဏ်သည် အသညသတ် ရုပ်အား အကြောင်းခံပုံ	၈၂

အက္ခရာစဉ် စာမျက်နှာ

[ဒ-ဓ]

ဒေါသကုန်ခြင်းသည်သာ
နိဗ္ဗာန်ဟု ယူမိချေက
ချွတ်ချော်သောအယူသာ
ဖြစ်၏ ၁၄၂-၁၅၄
ဒေါသကုန်ကြောင်းတရားသည်
နိဗ္ဗာန်မည်ပုံ ၁၃၆-၁၅၄
ဓမ္မ(သဘောတရား)ခေါ်ဝေါ်ပုံ ၁၀၄

[န]

နိစ္စကို နိဗ္ဗာန်ခေါ်ပုံ ၂၉၃-၂၉၆
နိပုဏ္ဏကို နိဗ္ဗာန်ခေါ်ပုံ ၂၅၄-၂၅၉
နိပုဏ္ဏပုဒ် ဉာဿကောက် ၂၅၉
နိပုဏ္ဏပုဒ် ဝိဂြိဟ် ၂၅၉
နိဗ္ဗာန်၏ ရာဂစသော ကိလေသာ
ကုန်ခြင်း, ကင်းခြင်းကို
ဥပမာဖြင့် ပြပုံ ၁၇၀-၁
နိဗ္ဗာန်၌ နာမ်ထူးမရှိ ၄၃၅-၄၄၀
နိဗ္ဗာန်၌ ရုပ်ထူးမရှိပုံ ၄၂၄-၄၃၅
နိဗ္ဗာန်ကို အစ္ဆရိယခေါ်ပုံ ၃၆၇-၃၆၉
နိဗ္ဗာန်ကို အဇာတဟုခေါ်ပုံ ၂၆၉-၂၇၀
နိဗ္ဗာန်ကို အပလောကိတခေါ်ပုံ ၃၀၂
နိဗ္ဗာန်ကို အဗျာပဇ္ဇခေါ်ပုံ ၃၁၂-၃
နိဗ္ဗာန်ကို အဘယခေါ်ပုံ ၃၂၃-၃၂၅
နိဗ္ဗာန်ကို အမတဟူ၍ ခေါ်ပုံ ၂၈၀-၉
နိဗ္ဗာန်ကို အရောင်အဆင်းဖြင့်
အာရုံမပြုနိုင် ၄၄၄
နိဗ္ဗာန်ကို ဇာတိမရဏသဒ်ယ
ခေါ်ပုံ ၂၄၁-၂၄၃
နိဗ္ဗာန်ကို ဒုပ္ပဿခေါ်ပုံ ၂၆၄-၅

အက္ခရာစဉ် စာမျက်နှာ

[နှ]

နိဗ္ဗာန်ကို ဓုဝ ခေါ်ပုံ ၂၉၆-၃၀၀
နိဗ္ဗာန်ကို နိဗ္ဗာနဟု ခေါ်ပုံ ၁၁၆
နိဗ္ဗာန်ကို နိဿရဏခေါ်ပုံ ၃၂၂-၃၂၈
နိဗ္ဗာန်ကို ပဏီတဟု ခေါ်ပုံ ၃၄၂-၃၄၅
နိဗ္ဗာန်ကို ပရာယဏခေါ်ပုံ ၃၆၁-၃၆၅
နိဗ္ဗာန်ကို ပါရဟု ခေါ်ပုံ ၂၄၃-၂၅၄
နိဗ္ဗာန်ကို ယောဂက္ခေမ
ခေါ်ပုံ ၁၉၀-၃
နိဗ္ဗာန်ကို ယာဉ်ဖြင့် မသွား
ရောက်နိုင်ကြောင်း ၃၈၁
နိဗ္ဗာန်ကို လဏခေါ်ပုံ ၃၄၈-၃၅၃
နိဗ္ဗာန်ကို လောကုတ္တရ
ခေါ်ပုံ ၃၃၀-၃၃၂
နိဗ္ဗာန်ကို သင်္ခါရူပသမခေါ်ပုံ ၂၂၂
နိဗ္ဗာန်ကို သဗ္ဗဂန္ထပမောစန
ခေါ်ပုံ ၄၁၆
နိဗ္ဗာန်ကို သဗ္ဗသင်္ခါရသမထ
ခေါ်ပုံ ၁၃၁-၁၃၆
နိဗ္ဗာန်ကို သုဗ္ဗူပဓိ ပဋိနိဿဂ္ဂ
ခေါ်ပုံ ၁၇၄-ဂ
နိဗ္ဗာန်တရားကို အသင်္ခတ
ခေါ်ပုံ ၁၀၅
နိဗ္ဗာန် နာမ် မည်ပုံ ၇
နိဗ္ဗာန်သည် ပရမတ္ထအားဖြင့်
ထင်ရှားရှိကြောင်း ၉၉-၁၀၂
နိဗ္ဗာန်သည် သင်္ခတတရားတို့၏
ဆန့်ကျင်ဘက်အားဖြင့်
အမည် များစွာရှိကြပုံ ၁၁၅-၆

အကွာရာစဉ် စာမျက်နှာ

[မ-ရ]

မီး ၁၁-ပါးတို့ ငြိမ်းခြောင်း
ဖြစ်၍ နိဗ္ဗာန်မည်ပုံ ၁၁၇-ဂ
မုတ်ဆိုးကို နိဗ္ဗာန်ခေါ်ပုံ ၁ဂ၁-၆
မုတ်ဆိုးပုဒ်ဉာဿ်ကောက် ၁ဂ၅
မောက္ခကို နိဗ္ဗာန်ခေါ်ပုံ ၁ဂ၇-၁၉၀
မောဟကုန်ကြောင်းတရား
နိဗ္ဗာန်မည်ပုံ ၁၃၆-၁၅၄
မောဟကုန်ခြင်းကို နိဗ္ဗာန်
မခေါ်ထိုက် ၁၄၂-၁၅၄
ရတနတ္တယ ပဏာမ ၁-၂
ရဿ သဘော လက္ခဏာ ၁၆
ရဟန္တာတို့ ခန္ဓာချုပ်မှ နိဗ္ဗာန်
ဖြစ်လာသည် မဟုတ် ၄၅၃-၄၅၅
ရာဂကုန်ကြောင်း တရားသည်
နိဗ္ဗာန်မည်ပုံ ၁၃၆-၁၅၄
ရာဂကုန်ခြင်းကို နိဗ္ဗာန်
မခေါ်ထိုက် ၁၄၂-၁၅၄
ရူပဘုံ၌ ဝိညာဏ်ကြောင့်
နာမ်ရုပ်ဖြစ်ပုံ ၄၃-၄၇
ရူပ ၁၅ ဘုံ-၌ ပဋိသန္ဓေ ဝိညာဏ်
သည် နာမ်ရုပ်အား
အကြောင်းခံဖြစ်ပုံ ၄၃
ရူပါဝစရ ၁၀-ဘုံ၌ ပဝတ္တိ
ဝိညာဏ်သည် နာမ်ရုပ်
အား အကြောင်းခံဖြစ်ပုံ ၆၉-၇၂

[လ]

လကိုကြည့်၍ ဘုရားထင်ခြင်း
ကြောင့် မဂ္ဂဝီထိမဖြစ်
နိုင်ပုံ ၄၇၃-၄၇၉

အကွာရာစဉ် စာမျက်နှာ

[နှ]

နိဗ္ဗုတိကို နိဗ္ဗာန်ခေါ်ပုံ ၃၉၃
နိရောဓကို နိဗ္ဗာန်ခေါ်ပုံ ၁၁၉-၁၂၇
နိရောဓသစ္စာ၌ ပုဒ်ခဲ့ကိုပြပုံ ၁၂၀

[ပ]

ပဋိနိဿဂ္ဂကို နိဗ္ဗာန်ခေါ်ပုံ ၁၇၁-၄
ပတိဋ္ဌာကို နိဗ္ဗာန်ခေါ်ပုံ ၃၀၆
ပထဝီဓာတ်သဘော ၁၀-၁၁
ပဒကို နိဗ္ဗာန်ခေါ်ပုံ ၃၃၀-၃၃၄
ပပဉ္စတရားတို့၏ မရှိရာ နိပ္ပ-
ပဉ္စကို နိဗ္ဗာန်ခေါ်ပုံ ၄၀၁-၂
ပိပါသဝိနယကို နိဗ္ဗာန်ခေါ်ပုံ
၁၉၉-၂၀၂
ပိပါသဝိနယပုဒ်ဉာဿ်ကောက် ၂၀၂
ပိပါသဝိနယပုဒ် ဝိဂြိုဟ် ၂၀၁
ပုဗ္ဗာဝဒဿကကလာပ် ၂၉

[ဖ-မ]

ဖဿစသောတရား ၅၂-ပါး
နာမ်မည်ပုံ ၅-၆
ဖိုလ်ဧော ၂-ကြိမ် ၃-ကြိမ်
စောပုံ ၉၅
မဂ်ဖိုလ်တို့သည် ကာလဝိမုတ်
နိဗ္ဗာန်ကို အာရုံပြုကြောင်း
၄၅၅-၄၅၉
မဒနိမ္မဒနကို နိဗ္ဗာန်ခေါ်ပုံ
၂၀၃-၂၁၁
မဒနိမ္မဒနပုဒ်ဉာဿ်ကောက် ၂၁၁
မဒနိမ္မဒနပုဒ် ဝိဂြိုဟ် ၂၁၁

အက္ခရာစဉ် စာမျက်နှာ

[ဝ]

ဝဠာပစ္ဆေဒကို နိဗ္ဗာန်ခေါ်ပုံ ၁၉၄-၁၉၉
ဝဠာပစ္ဆေဒပုဒ်ဉာဿ်ကောက် ၁၉၈
ဝဠာပစ္ဆေဒပုဒ်ဝိုဂ္ဂိုဟ် ၁၉၈
ဝဏ္ဏသဘော ၁၅
ဝတ္ထုဒဿကကလာပ် ၃၁
ဝါယောဓာတ်သဘောလက္ခဏာ ၁၄-၁၅
ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ ၃-၈၀
ဝိညာဏ်, နာမ်ရုပ်တရားတို့ကို ဝိပဿနာရှုရှု၍ရဟန္တာဖြစ်ပုံ ၈၄-၉၈
ဝိညာဏ် နာမ်ရုပ်မှတပါး သတ္တဝါ ပုဂ္ဂိုလ်မရှိ ၅၀-၅၇
ဝိညာဏ်နှစ်ပါး ၃
ဝိညာဏ်သည် နာမ်ရုပ်အား ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူး ပြုပုံ ၀၂
ဝိမလကို နိဗ္ဗာန်ခေါ်ပုံ ၃၉၉
ဝိမုတ္တိကို နိဗ္ဗာန်ခေါ်ပုံ ၁၈၆-၁၈၇
ဝိရဇကို နိဗ္ဗာန်ခေါ်ပုံ ၄၂၃
ဝိရာဂကို နိဗ္ဗာန်ခေါ်ပုံ ၁၆၂-၁၇၁
ဝိဝဋ္ဋကို နိဗ္ဗာန်ခေါ်ပုံ ၃၉၂
ဝိဝေကကို နိဗ္ဗာန်ခေါ်ပုံ ၄၂၀-၄၂၃
ဝိသခ်ၤါရကို နိဗ္ဗာန်ခေါ်ပုံ ၄၁၂-၄၁၄
ဝဋ္ဋသုံးပါး ၁၉၆
ဝဋ္ဋသုံးပါး ပြတ်ပုံ ၁၉၆-၁၉၇

အက္ခရာစဉ် စာမျက်နှာ

[သ]

သံယောဇနက္ခယကို နိဗ္ဗာန်ခေါ်ပုံ ၁၉၄
သန်တကအပြစ်ကိုရှုပြီးအသန်တကို အာရုံပြု၍ ရဟန္တာဖြစ်ပုံ ၁၀၇
သန်တ, အသန်တ တရားတို့၏ တရားကိုယ်သဘော ၁၀၂-၁၀၄
သန်တခေါ်ဝေါ်ပုံ ၁၀၄
သန်တ တရားတို့ ဝမ္မမည်ပုံ ၁၀၄
သန်တ တရား၌ လက္ခဏာသုံးပါး ၁၀၅-၁၀၆
သန်ၤါရတရားတို့ ကွယ်ငြိမ်းခြင်း၏ အကြောင်းခံဖြစ်သော "သန္တိ" သဘောကို နိဗ္ဗာန် ခေါ်ပုံ ၁၂၃-၁၃၁
သန်ၤါရုပသမကို နိဗ္ဗာန်ခေါ်ပုံ ၂၂၀-၂၂၄
သန်ၤါရုပသမပုဒ်ဉာဿ်ကောက် ၂၂၃
သန်ၤါရုပသမပုဒ်ဝိုဂ္ဂိုဟ် ၂၂၃
သစ္စာကို နိဗ္ဗာန်ခေါ်ပုံ ၄၀၅-၄၀၈
သန္တကို နိဗ္ဗာန်ခေါ်ပုံ ၂၁၁-၂၂၀
သန္တပုဒ်ဝိုဂ္ဂိုဟ် ၂၁၆
သဗ္ဗသခ်ၤါရသမထပုဒ် ဉာဿ်ကောက် ၁၃၆
သဗ္ဗသခ်ၤါရသမထပုဒ်ဝိုဂ္ဂိုဟ် ၁၃၅
သဗ္ဗိကို နိဗ္ဗာန်ခေါ်ပုံ ၄၁၄-၄၁၆
သရဏကို နိဗ္ဗာန်ခေါ်ပုံ ၃၅၈-၃၆၁

အကွာရာစဉ်	စာမျက်နှာ
[သ]	
သုဒ္ဓါဝါသ ငါးဘုံဌဲ့ ပဝတ္တိ ဝိညာဏ်သည် နာမ်ရုပ်အား အကြောင်းခံပုံ	၂၂-၂၅
သုဒ္ဓိကို နိဗ္ဗာန်ခေါ်ပုံ	၃၅၅-၃၆၈
သောတဒသကကလာပ်	၂၁
သဿတကို နိဗ္ဗာန်ခေါ်ပုံ	၂၉၆
သိဝကို နိဗ္ဗာန်ခေါ်ပုံ	၃၂၅-၃၃၀
သုခကို နိဗ္ဗာန်ခေါ်ပုံ	၃၃၄-၃၄၀
သုဒဿဿကို နိဗ္ဗာန်ခေါ်ပုံ	၂၆၁-၂၆၄